

အလကားလူ
မြသန်းတင့်
The Life of
Useless Man
by
Maxim Gorky
WHISPER OF WORDS

မြသန်းတင့် (မြန်မာပြန်)

THE LIFE OF A USELESS MAN (MAXIM GORKI)

ပင်လယ်မှ ပေးစာတစ်စောင်

ခေတ္တ - သိန်းအေးကြည်စက်လှေ၊

မြိတ်နှင့် ကော့သောင်းကြား ပင်လယ်ပြင်။

၁၉-၁-၇၈

မိုးဝေ အယ်ဒီတာသို့

မိုးဝေ နှစ်ပတ်လည်အထူးထုတ် မဂ္ဂဇင်းအတွက် ရေးပို့မယ်လို့ ပြောတဲ့အတိုင်း စာအတိုအထွာ ကလေးတစောင် ရေးလိုက်တယ်။ ဒီစာကို သိန်းအေးကြည်ဆိုတဲ့ စက်လှေကြီးပေါ်က ရေးလိုက်တာ ပဲ။ ကော့သောင်းနဲ့ မြိတ်ကြား ပင်လယ်ပြင်တနေရာမှာ ခုတ်မောင်းနေတုန်း စက်လှေပေါ်က ရေးလိုက်တဲ့ အဏ္ဏဝါထဲက စာတစောင် ဆိုပါတော့။

ကျွန်တော်ရယ်၊ တင်မိုးရယ်၊ မင်းကျော်ရယ် ဇန်နဝါရီ ၈ ရက်နေ့က မြိတ်ကို ထွက်ခဲ့ကြတယ်။ မြိတ်က စာဆိုတော်ကော်မတီရဲ့ ဖိတ်ကြားချက်အရ လာခဲ့ကြတာပဲ။ မြိတ်မှာ စာဆိုတော်ပွဲ ၅ ပွဲ၊ တနင်္သာရီမှာ ၁ ပွဲ၊ ကော့သောင်းမှာ ၁ ပွဲ၊ အားလုံးပေါင်း ၇ ပွဲ လုပ်ခဲ့ကြရတယ်။

ရုတ်တရက်ကြည့်ရင်တော့ လမ်းပန်းအဆက်အသွယ်ခေါင်တဲ့အရပ်၊ စီးပွားရေးလုပ်တဲ့အရပ်ဖို့ စာဖတ်ပရိသတ် အားနည်းမယ်လို့ ထင်ကောင်းထင်ကြမယ်။ ကျွန်တော်တို့လည်း ဒီအတိုင်း ထင်ခဲ့တယ်။ ဒါပေမဲ့ ပရိသတ်ဟာ ကျွန်တော်တို့ထင်တာထက် ပိုအားကောင်းတယ်။

ကျွန်တော်တို့ ဟောပြောပွဲတွေကို လာကြတဲ့ ပရိသတ်တွေထဲမှာ သုံးမျိုး သုံးစားရှိတယ်။ တမျိုးက ကျွန်တော်တို့ရဲ့စာဖတ်ပရိသတ်။ ကျွန်တော်တို့ရဲ့စာတွေကို နှစ်ခြိုက်တဲ့ ပရိသတ်။ သူတို့က ကျွန်တော်တို့ကို တွေ့ချင်လို့၊ ဆွေးနွေးချင်လို့၊ ကျွန်တော်တို့ ဟောတာပြောတာကို နားထောင်ချင်လို့ လာကြတာ။ ဒုတိယအမျိုးက ကျွန်တော်တို့ရဲ့စာဖတ်ပရိသတ် မဟုတ်သော်လည်း အခြား စာရေးဆရာတွေရဲ့ စာတွေကိုဖတ်ပြီး စာပေဟောပြောတာကို နားထောင်ဖို့ လာကြတဲ့ ပရိသတ်။ တတိယအမျိုးအစားကတော့ ကျွန်တော်တို့ စာတွေကိုလည်း မဖတ်ဖူး၊ တခြား စာရေးဆရာတွေရဲ့ စာပေတွေကိုလည်း မဖတ်ဖူး၊ စာပေဟောပြောပွဲဆိုတာကိုလည်း နားမလည်ကြဘူး၊ စာရေးဆရာ ဆိုတဲ့လူတွေ ဘာများပြောပြီး ဘာတွေများ ထူးခြားမှာလဲဆိုတဲ့ သိချင်စိတ်နဲ့ အပျင်းပြေ

လာကြတဲ့ ပရိသတ်။

ဒါပေမဲ့ ဒီသုံးမျိုးစလုံးဟာ ကျွန်တော်တို့ ဟောပြောပွဲတွေကို ပြီးသည်အထိ စိတ်ဝင်တစား နားထောင်ကြတယ်။

၁၈ နေ့ည။ ကော့သောင်းမှာ ဟောပြောပွဲလုပ်တယ်။ အခမ်းအနား လုပ်နေတုန်း မြိတ် စာဆိုတော် ကော်မတီက (ဦး) သိန်းဖေမြင့် ဆုံးတဲ့အကြောင်း ကျွန်တော်တို့ဆီ ကြေးနန်းရောက်လာတယ်။ ကျွန်တော်တို့က (ဦး) သိန်းဖေမြင့်ရဲ့သတင်းကို သိချင်လို့ မှာပစ်ခဲ့တဲ့အတွက် ကြေးနန်းရိုက် အကြောင်းကြားတာပါ။

ဟောပြောပွဲ နိဂုံးချုပ်မိန့်ခွန်းကျတော့ သဘာပတိက ဝမ်းနည်းစရာ သတင်းတခု ပြောရဦးမယ်ဆိုပြီး ဒီသတင်းကို ကြေညာပေးပါတယ်။ ဟောပြောပွဲလုပ်နေတုန်း တိုက်တိုက်ဆိုင်ဆိုင် ကြေးနန်း ရောက်လာတော့ ပရိသတ်လည်း တခါတည်း သိသွားရတာပေါ့။

ဒီခရီးမှာ ကော့သောင်းကိုရောက်တော့ စိတ်ဝင်စားစရာ လူတယောက်ကို တွေ့ခဲ့ရတယ်။ ဝတ္ထုတပုဒ် အတွက် ဇာတ်ဆောင်တဦးကို ဖန်တီးဖို့ ကုန်ကြမ်းတခု ဆိုပါတော့။ အဲဒီလူက အကောက်အရာရှိ တဦးပဲ။ သူက သူ့ဘဝဇာတ်လမ်းကို ပြောပြတယ်။

သူဟာ ၁၉၆၅ ခုနှစ်ကတည်းက ပက်သဒင်း စွဲခဲ့တယ်။ စွဲစမှာ တနေ့ကို ၅၀ မီလီဂရမ် ထိုးတယ်။ နောက် မီလီဂရမ် ၁၀၀ ထိုးတယ်။ နောက် မီလီဂရမ် ၃၀၀ ထိုးတယ်။ ဒါတောင် မလောက်လို့ မီလီဂရမ် ၃၀၀ ကို တနေ့ ဆယ်ကြိမ်ထိုးရတယ်။ ၁၉၇၀ ခုနှစ်ကျတော့ အကောက်ဌာန တာဝန်နဲ့ ရှမ်းပြည်ရောက်သွားပြီး ဘိန်းရှူတယ်။ ဘိန်းစွဲသွားတယ်။ ဒီလိုနဲ့ ဒီလူရဲ့ဘဝက ပျက်စီးပြီး လူလုံးမလှ ဖြစ်ခဲ့တယ်။ မိန်းမကလည်း တရားဝင် ယူခဲ့တာချည်း ရှစ်ယောက်လောက်ရှိတယ်။ ဒါပေမဲ့ တပြိုင်နက်ယူတာတော့ မဟုတ်ဘူး။ တယောက်နဲ့ကွဲပြီးမှ နောက်တယောက် ယူတာမျိုးပါ။

ဒီလိုနဲ့ တေပေနေလိုက်တာ နောက်ဆုံးကျတော့ ယောက်ကော်ဆရာတော်၊ မြစိမ်းတောင် ဆရာတော်၊ မုတ်ကျွန်းဆရာတော် စတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ပြီး အကျွတ်တရား ရသွားတယ်။

ခု ကော့သောင်းမြို့စွန် ပါချန်မြစ်လယ်က မွေတောင်မှာ ဘုရားတည်နေလေရဲ့။ သူတည်နေတဲ့ ဘုရားကို လိုက်ပြလို့ ကြည့်ခဲ့ရသေးတယ်။ ဘုရားက ရှင်ဥပဂုတ်ကိုယ်တော်နဲ့ စေတီကိုးဆူရှိတယ်။

ကော့သောင်းကို စက်လှေဝင်လာတယ်ဆိုရင်ပဲ သူ့ဘုရားကို အဝေးကြီး ဖူးမြော်နိုင်တယ်။ အရင်တုန်း က ဆိုးခဲ့သမျှ ခုမှ အကျွတ်တရားရပြီး ကုသိုလ်ကောင်းမှု ပြုနေဟန်တူရဲ့။

ကျွန်တော်လည်း စက်လှေပေါ်မှာ ပျင်းရင် စကားပြောလိုက်၊ ခင်ဗျားတို့ မဂ္ဂဇင်းကိုပေးမယ့် ဂေါ်ကီရဲ့ 'အလကားလူ' ဆိုတဲ့ဝတ္ထုကို ဖတ်လိုက်နဲ့ အချိန်ဖြုန်းလာရတာပဲ။

ဂေါ်ကီရဲ့ ဒီဝတ္ထုကိုတော့ ကျွန်တော် တော်တော်ကလေး သဘောကျတယ်။ ဂေါ်ကီရဲ့ ဝတ္ထုနောက်ခံ က ၁၉၀၅ ခု၊ ရုရှား-ဂျပန် စစ်ပွဲဖြစ်နေချိန်၊ ရုရှား-ဂျပန် စစ်ပွဲကို မကျေနပ်တဲ့အတွက် ပြည်တွင်းမှာ လက်နက်ကိုင် ပုန်ကန်နေကြတဲ့အချိန်။ ဇာဘုရင်ရဲ့ သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြောင်းလဲပေးဖို့ တောင်းဆိုနေချိန်။ ဒီလိုနဲ့ ဇာဘုရင်အစိုးရဟာ ပြည်သူတွေရဲ့တောင်းဆိုချက်ကို လိုက်လျောခဲ့ရတယ်။ ဒါပေမဲ့ ဇာဘုရင်အစိုးရဟာ အခွင့်အရေးတွေ ကို ခဏသာ လိုက်လျောပြီး နောက်ကျတော့ ရုပ်သိမ်းပစ်လိုက်တယ်။ ဂေါ်ကီက အဲဒီအချိန်ကို နောက်ခံထားပြီး ဒီဝတ္ထုကိုရေးတာ ဖြစ်တယ်။

ဒီဝတ္ထုကို ၁၉၀၇ ခုနှစ်မှာရေးပြီး ရုရှားမဂ္ဂဇင်းတစောင်မှာ အခန်းဆက်ရေးတယ်။ ဒါပေမဲ့ အစိုးရက နောက်ထပ်ရေးခွင့်မပြုဘဲ ပိတ်ပစ်လိုက်တယ်။ ၁၉၁၄ ခုနှစ်ကျတော့ လုံးချင်းစာအုပ် ရိုက်တယ်။ ဒါပေမဲ့ ထုတ်ဝေခွင့်မရလို့ မထုတ်ခဲ့ရဘူး။ ၁၉၁၇ ခု၊ တော်လှန်ရေးအောင်တော့မှ အပြည့်အစုံ ထုတ်ဝေခွင့်ရခဲ့တယ်။ ၁၉၇၁ ခုနှစ်မှ အင်္ဂလိပ်ဘာသာနဲ့ ပထမဆုံး ထုတ်ဝေတယ်။ ဒါကတော့ 'အလကားလူ' ဝတ္ထုရဲ့သမိုင်းအကျဉ်းချုပ်ကလေးပါ။ ခု ကျွန်တော် ဖတ်ပြီးသွားပြီ။ လဆန်း ပြန်ရောက်ရင် ခင်ဗျားတို့အတွက် ပေးနိုင်လိမ့်မယ် ထင်ပါရဲ့...။

ကျန်းမာပါစေ။

* * * * *

ဆရာမြနှင့် ကျွန်တော်

စာမူလွှဲပြောင်းပေးခဲ့သူ၏ အမှာစာ

၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့၌ ဆရာဇန်းမော်တင်အောင်နှင့် ဆရာမြသန်းတင့်တို့ နှစ်ယောက်ကို အင်းစိန်ထောင်မှ လွှတ်ပေးရာသို့ အောင်ချမ်းသာပုံနှိပ်တိုက်နှင့် သင့်စာပေ ထုတ်ဝေရေးမှ ဦးလေးနီက သွားရောက်ကြိုဆိုသည်။ ဦးလေးနီသည် ရှုမဝ မဂ္ဂဇင်းမိသားစုနှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်သည်။ ဆရာဇန်းမော်တင်အောင်၊ ဆရာမြသန်းတင့်၊ ဆရာကျော်အောင် တို့နှင့်လည်း ရင်းနှီးကျွမ်းဝင်သည်။ အကျဉ်းစံဘဝမှ လွတ်မြောက်လာသော စာရေးဆရာကြီး နှစ်ယောက်တို့၏ ကျန်းမာရေးနှင့် နေထိုင်စားသောက်ရေးတို့ကို ဦးလေးနီက လိုလေသေးမရှိအောင် အကူအညီပေးပါသည်။ ၂၃-၁၀-၁၉၇၈ ခုနှစ်တွင် ဆရာဇန်းမော်တင်အောင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ချိန်အထိ ဦးလေးနီသည် အနီးကပ် ပြုစုသွားသည်။ ဦးလေးနီသည် ဆရာမြသန်းတင့်ထက် စော၍ ကွယ်လွန်သွားသည်။

ထိုစာရေးဆရာကြီး နှစ်ယောက်တို့၏ စာအုပ်အသစ်များ ရေးသား၍ မထွက်ရှိနိုင်သေးမီ စာအုပ် ဟောင်းများကို သင့်စာပေ ဦးလေးနီက ပြန်လည်ထုတ်ပေးသည်။ ၁၉၇၂ ခုနှစ်၊ ဇွန်လ၌ ထွက်ရှိလာ သော ဆရာဇန်းမော်တင်အောင်၏ 'ရိုးမတိုက်ပွဲ'ဝတ္ထုစာအုပ်၌

'စာရေးဆရာများသည် စာပြန်ရေးနိုင်လောက်အောင် ခွန်အားမပြည့်သေးသော်လည်း နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အဆက်ပြတ်နေသော၊ ၎င်း၏မိတ်ဆွေ စာဖတ်သူများကို နှုတ်ဆက်ရန် အာသာဆန္ဒ ရှိလိမ့်မည်ဟု ထုတ်ဝေသူများ အားလုံးကပင် မျှော်လင့်လျက် ရှိကြသည်။ ကျန်းမာရေး မကောင်းသေးသဖြင့် စာအသစ်များ မရေးပေးနိုင်စေကာမူ ယခင်ထုတ်ဝေပြီး စာမူဟောင်းများထဲမှ ကောင်းနိုးရာရာ ဝတ္ထုတပုဒ်တလေဖြင့် စာဖတ်သူများနှင့် ပြန်လည်ဆုံတွေ့ရန် ဝိုင်းဝန်း တိုက်တွန်း ကြသည်' ဟူ၍ ဒုတိယအကြိမ် ထုတ်ဝေခြင်းစာအုပ် အမှာစာ၌ ထုတ်ဝေသူက ရေးသားခဲ့သည်။ ဆရာမြသန်းတင့်၏ နေထွက်သောည၊ နွံထဲကကြာ၊ ထားကျွန်မလင် စာအုပ်များကို ပြန်လည် ထုတ်ဝေသည်။ ယခင် ပုဂံစာအုပ်တိုက်မှ ထုတ်ဝေခဲ့ပြီးသော စစ်နှင့်ငြိမ်းချမ်းရေး စာအုပ် ၁၂ အုပ်ကို စုပေါင်း၍ စာအုပ်ကြီးတအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ ထို့ပြင် အရွှယ်မတိုင်မီ၊ ဘုံလယ် တခွင်ဝယ်၊ ဘဝတက္ကသိုလ် ဘာသာပြန်စာအုပ်များကိုလည်း စုပေါင်း၍ ဘဝတက္ကသိုလ် အမည်ဖြင့် စာအုပ်ကြီး ထုတ်ဝေခဲ့သည်။

ထိုစာရေးဆရာကြီးနှစ်ယောက်ကား ကျွန်တော်၏အိပ်မက်ဖြစ်သည်။ ကျွန်တော်၏ အထက်တန်း ကျောင်းသားဘဝတွင် ထိုဆရာကြီးတို့၏စာများကို တွေ့မရှောင် ဖတ်သည်၊ ရှာဖတ်သည်။ ပထမဆုံး ၁၉၅၁ ခုနှစ်တွင် မြသန်းအမည်ဖြင့် မာလ်ဗာနှင့် အခြားဝတ္ထုတိုများ၊ ၁၉၅၂ ခုနှစ်၌ ဂေါ်ကီ စာအုပ်၊ ၁၉၅၆ ခုနှစ်၌ ဘုံလယ်တခွင်ဝယ်၊ ဘဝတက္ကသိုလ်၊ အရွယ်မတိုင်မီ ဘာသာပြန်စာအုပ်များ အပြင် မှော်က်စ်ဝါဒနှင့် ရေသောက်မြစ်သုံးသွယ်၊ မှော်က်စ်ဝါဒနှင့် တွေးခေါ်မြော်မြင်ရေး၊ သမိုင်းဆိုင်ရာ ရုပ်ဝါဒ၊ အနုပဋိလောမရုပ်ဝါဒ စသည့် နိုင်ငံရေးစာအုပ်များကို ဖတ်သည်။

ဆရာဇန်းမော်တင်အောင်၏ ပထမဆုံး ကျွန်တော်ဖတ်ရသောစာအုပ်မှာ ပြည်တော်သာ ခင်ခင်ဦး ဝတ္ထုရှည်ကြီးဖြစ်သည်။ ထို့နောက် အမေ၊ သူပုန်ကြီး၊ ဒေါက်တာရေချမ်း၊ မုန်တိုင်းထဲကလူ၊ လွမ်းရစ်တော့ သက်လှယ်ရယ်၊ မုန်တိုင်းကထန် စသည့် စာအုပ်များကို ကျွန်တော်တို့ ကျောင်းသား တွေ ဖတ်ကြသည်။ ထိုဆရာကြီးတို့၏စာအုပ်များမှ ကျွန်တော်တို့ ကျောင်းသားများသည် နိုင်ငံရေး အသိများကို စတင်၍ ရှိလာခြင်းဖြစ်သည်။ အုပ်ချုပ်သူလူတန်းစား၊ အအုပ်ချုပ်ခံလူတန်းစား၊ အလုပ်သမားလူတန်းစား၊ လယ်သမားလူတန်းစား၊ အရင်းရှင်၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီ ဆန့်ကျင်ရေး၊ ဒီမိုကရေစီပညာရေး၊ ဒီမိုကရေစီရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာစစ်တားဆီးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်တွင်းစစ် ရပ်စဲရေး အသိတို့ကို သိလာရသည်။ ထိုစာတွေကိုဖတ်၍ လူဖြစ်ကြီးပြင်းလာရခြင်းဖြစ်သည်။

၁၉၇၂ ခုနှစ်၌ သင့်စာပေ ဦးလေးနီသည် ဆရာဇန်းမော်တင်အောင်နှင့် ဆရာမြသန်းတင့်တို့၏ စာအုပ်အသစ်များကို စတင်၍ ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိလာပါတော့သည်။ ဆရာဇန်းမော်တင်အောင် ၏ ထူးခြားသောလက်ရေးကို ကောင်းစွာ ဖတ်တတ်သူက ဖတ်၍ လက်နှိပ်စက်ရိုက်ပြီးသော စာမူကို စာစီခန်းသို့ ချပေးရသည်။ ထိုဆရာကြီး၏ လက်ရေးကိုဖတ်၍ လက်နှိပ်စက် ရိုက်ပေးနေကျ အမျိုးသမီးက မရှိတော့ပြီ။ ထိုအခါ ဦးလေးနီက ကျွန်တော့်ကို အကူအညီတောင်းသည်။ ဆရာ ဇန်းမော်တင်အောင်က လက်ရေးကို ဖတ်တတ်အောင် ပြပေးသည်။ ကျွန်တော်က လက်နှိပ်စက် ရိုက်၍ ပေးရသည်။ ရုပ်ကမ္ဘာသဘာဝသိပ္ပံ၊ အိန်စတိုင်းနှင့် သူ၏ဓမ္မတရား၊ ပန်းဝေဝေ၊ ဟောဝန်ပန်းမြိုင်နှင့် ပုဂံရွှေပြည် စာအုပ်ကြီးများ ဖြစ်သည်။

ဆရာဇန်းမော်တင်အောင်၏ လက်ရေးက အဖတ်ရခက်သကဲ့သို့ ဆရာမြသန်းတင့်၏ လက်ရေးက လည်း အလွန်မလွယ်ကူပေ။ သင့်စာပေမှ 'ခေါင်းတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' စာအုပ် ကို ၁၉၇၃ ခုနှစ်၌ ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေသည်။ ပန်းချီဆရာကြီး ဦးဘရင်ကလေး၏ ပန်းချီ

လက်ရာအဖုံးနှင့် ဖြစ်သည်။ ခေးတောင်ကို ဘယ်လိုသဘောရသလဲ... ဟု ဆရာမြက ကျွန်တော့်ကို မေးတော့ ကျွန်တော့်မှာ အံ့အားသင့်နေသည်။ ကျွန်တော့်မှာ ဆရာမြက သဘောထား မေးလောက် အောင် အရည်အချင်းမရှိဟု ကျွန်တော့်ကိုယ်ကျွန်တော် ထင်သည်။ ဆရာမြ၏အမေးကို ဖြေမဝံ့၊ ဖြေမရဲ ဖြစ်နေပါသည်။

"ကျွန်တော် မပြောတတ်ဘူး ဆရာ.."

"ပြောချင်တာပြော၊ ကိစ္စမရှိဘူး.."

ဆက်လက်၍ ဆရာမြသန်းတင့်၏ 'တောင်များ၏ တောင်ဘက်မှ ပင်လယ်များ၏ မြောက်ဘက်သို့၊ မီးလောင်မြေ၊ မာယာဘုံ' စာအုပ်သစ်များ ထွက်ရှိလာသလို ဆရာဇန်းမော်တင်အောင်၏ စာအုပ်သစ် များဖြစ်သည့် 'ဟောဝန်ပန်းမြိုင်၊ ပန်းဝေဝေ၊ ကျနော်၊ မြစ်ရောပေါ်ဝယ်၊ ရုပ်ကမ္ဘာ၊ ပုဂံရွှေပြည်၊ အိန်စတိုင်းနှင့် သူ၏ ဓမ္မတရားတို့ ထုတ်ဝေသည်။

တခါသော် ဆရာမြသန်းတင့်အား 'ဆရာ့ဘာသာပြန်တွေမှာ ဘယ်စာအုပ်ကို လက်အတွေ့ဆုံး ဖြစ်ပါသလဲ...' ဟု ကျွန်တော်က မေးသောအခါ 'အလကားလူ' ဟု ဆရာက ပြောသည်။ ထိုစာအုပ်၏ မူရင်းစာရေးဆရာကြီးမှာ ဆရာမြ အလွန်လေးစားသော ပြည်သူ့စာရေးဆရာကြီး မက္ကဇင် ဂေါ်ကီ ဖြစ်သည်။ ထိုစာအုပ်ကို ဆရာမြ ကော့သောင်းဘက်သို့ ခရီးထွက်စဉ် စက်လှေပေါ်၌ စတင်၍ မြန်မာပြန်ဆိုသည်ဟု သိရပါသည်။ ထိုမြန်မာပြန်စာမူကြီး သင့်စာပေ ဦးလေးနီထံသို့ ရောက်ရှိလာ သောအခါ ထုတ်ဝေခွင့်ရရန် ကြိုးစားသည်။ ယင်းနှင့်အတူ တချိန်တည်းမှာပဲ ဆရာဇန်းမော် တင်အောင်၏ 'လူ' အမည်ရှိသော ကျမ်းကိုလည်း ထုတ်ဝေခွင့်ရရန် ကြိုးစားသည်။ ထုတ်ဝေခွင့် မရကြပေ။ ထိုစာမူကြီးနှစ်ခုသည် ဦးလေးနီ၏လက်ဝယ် ရှိနေပါသည်။ ဦးလေးနီ ကွယ်လွန်သွား သောအခါ 'အလကားလူ' စာမူနှင့်ပတ်သက်၍ အကြောင်းကြောင်းကြောင့် ဆရာမြအား ကျွန်တော် မပြောဖြစ်ပါ။ ဦးလေးနီ၏ မိသားစုသဘောထားကြောင့်လည်း မပြောဖြစ်ပါ။ ထိုစာမူနှစ်ခုကို ကျွန်တော်က မပျောက်မပျက်ရန်သာ ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။

သည်လိုနှင့် ကျွန်တော့်အနေဖြင့် နိုင်ငံရေးနှင့်ပတ်သက်၍ အန္တရာယ်က ချဉ်းကပ်နေပြီ။ ဆရာကြီး နှစ်ဦး၏ စာမူရတနာနှစ်ပါးကို အပျက်အစီး မခံနိုင်ပါ။ အန္တရာယ်နှင့် အဝေးဆုံး၊ ကျွန်တော်နှင့် အနီးကပ်ဆုံး ဖြစ်နိုင်မည့်နေရာတွင် ယင်းတို့ကို စောင့်ရှောက်ထား ရှိသည်။ အကယ်၍ ကျွန်တော့် တွင် တစုံတရာ ကြုံခဲ့သည်ရှိသော် ထိုရတနာနှစ်ပါး နေရာမှန်ရောက်ရန် စီစဉ်ထားသည်။ ပရိသတ် ရှေ့မှောက် ရောက်စေချင်တာ ဖြစ်သည်။

၁၉၉၀ အောက်တိုဘာလမှာ စစ်ထောက်လှမ်းရေးက ကျွန်တော့်အိမ်သို့ ရုတ်တရက် ဝင်ရောက်၍ မွှေနှောက်ရှာဖွေကြသည်။ စာအုပ်တွေ၊ စာရွက်တွေ၊ စာမူတွေ၊ ကက်ဆက်တိပ်ခွေများနှင့် အခြား လိုချင်တာတွေကို ယူသွားသည်။ ကလေးကစားစရာ ပလတ်စတစ် အဝေးကြည့်မှန်ပြောင်းကလေး ကိုပါ ယူသွားသည်။ ဆရာကြီးတို့၏ စာမူများကား ဘေးမသီရန်မခခဲ့ပါ။

ကျွန်တော် ထောင်သွင်း အကျဉ်းကျနေစဉ် ၁၉၉၈၊ ဖေဖော်ဝါရီလ၌ ဆရာမြ ကွယ်လွန်ကြောင်း သိရသည်။ သာယာဝတီထောင် အကျဉ်းတိုက်ထဲ၌ စာရေးဆရာကြီးမြသန်းတင့် အမှတ်တရကို သိုသိပ်စွာပဲ ကျင်းပဖြစ်သည်။ ကိုဌေးကြွယ်က ဆရာမြ၏ ဘာသာပြန် 'လေရူးသုန်သုန်' ဝတ္ထုရှည် ကြီး၏ 'စကားလက် အိုဟာရာ' ဇာတ်ကောင်စရိုက်အကြောင်း ပြောသည်။ ကျွန်တော်က 'အလကား လူ' ဝတ္ထုကြီး၏ 'ကလင်းကော့' အမည်ရှိ အဓိကဇာတ်ကောင် စရိုက်အကြောင်းပြောသည်။

၂၀၀၁ ခုနှစ်တွင် ကျွန်တော် ထောင်မှလွတ်သည်။ ဆရာမြသန်းတင့်၏ 'အလကားလူ' ဘာသာပြန် စာမူကြီးနှင့်ပတ်သက်၍ ကျွန်တော့်မှာ လုပ်ပိုင်ခွင့်ရသည့်အခြေအနေ ဖြစ်နေပါပြီ။ ဆရာ မြသန်းတင့် ၏အဖိုးတန်ရတနာကို မွေခံထိုက်သူမှာ ဆရာ၏မိသားစုဖြစ်ပါသည်။ ဘယ်သူတွေဟာ အလကားလူ တွေလဲဆိုတာကို စာဖတ်ပရိသတ်အား သိစေ၊ ဖတ်စေချင်သောဆန္ဒ ဆရာမြမှာ ရှိသည်။ သို့ဖြစ်သော ကြောင့် 'အလကားလူ' ကို ဆရာ့မိသားစုအား ပေးအပ်လိုက်ပါသည်။

ခင်မြင့်အောင်

၂၃-၅-၂၀၁၅။

* * * * *

ဆရာမြသန်းတင့်၏ တကြိမ်တခါမှ ပုံမနှိပ်ဖူးသေးသည့် ယခုစာမူကို စာအုပ်အဖြစ် ထွက်ရှိလာနိုင် ရေးအတွက် မူလသိမ်းဆည်း ယူဆောင်လာပေးသူ ဆရာ (ဦး) ခင်မြင့်အောင်မှ အစပြုကာ ကူညီ ဆောင်ရွက်ပေးသူ ဆရာ လေးကိုတင်အပါအဝင် ခွင့်ပြုပေးသူ ဆရာ မြသန်းတင့်မိသားစုတို့သို့ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း ပြုအပ်ပါသည်။

စိတ်ကူးချိုချိုစာအုပ်တိုက်

ဆရာမြသန်းတင့်၏ ယခုစာမူအား ထုတ်ဝေခွင့်ပြုခဲ့သည့် ဆရာ့မိသားစုနှင့် စာမူအား စောင့်ရှောက် ပေးခဲ့သူ ဆရာခင်မြင့်အောင်၊ ထုတ်ဝေဖြစ်အောင် တိုက်တွန်းခဲ့သူ ဆရာလေးကိုတင်တို့အား လေးလေးစားစား ကျေးဇူးမှတ်တမ်းပြုပါသည်။

စိတ်ကူးချိုချိုစာအုပ်တိုက်

အလကားလူ

(၁)

ယက်ဆီကလင်းကော့ လေးနှစ်အရွယ်တွင် သူ့အဖေသည် တောအုပ်လက်ချက်ဖြင့် သေနတ်ပစ်ခံရ၍ သေခဲ့သည်။ သူ အသက်ခုနစ်နှစ်အရောက်၌ အမေသည် လယ်ထဲတွင် ကောက်ရိတ်နေရာမှ ရုတ်တရက် လဲကျပြီး သေသည်။ အမေသေပုံက ထူးဆန်းလွန်းသဖြင့် အမေ့အလောင်းကို မြင်သည့် အခါတွင် ကြောက်ရ၊ လန့်ရမှန်းပင် မသိ။

သူ့ဘထွေး ပန်းပဲဆရာ ပြိုရုံတာက ကလင်းကော့ခေါင်းကို လက်ဖြင့်ပုတ်ရင်း ‘ကဲ.. ဘယ့်နှယ်လုပ် ကြမလဲ’ ဟု ညည်းသည်။

ကလင်းကော့က အခန်းထောင့်တန်းလျားပေါ်တွင် တင်ထားသည့် အမေ့အလောင်းကို လှမ်းကြည့်ပြီး ‘ကျွန်တော်လည်း မသိဘူး...’ ဟု ဖြေသည်။

ပန်းပဲဆရာက အင်္ကျီလက်ဖြင့် သူ့မျက်နှာမှ ချွေးတွေကို သုတ်နေသည်။ အတန်ကြာ တိတ်ဆိတ်နေ ပြီးမှ သူ့တူ ကလင်းကော့၏ခေါင်းကို ပုတ်ရင်း...

“ခုတော့ ငါနဲ့ပဲ နေပေါ့ကွာ။ မင်းကို ငါ ကျောင်းထားပေးရမှာပေါ့။ အိမ်မှာနေရင် မင်း ရှုပ်နေမှာပဲ။ အင်း.. ကောင်အိုလေး... ကောင်အိုလေး”

ထိုနေ့မှစ၍ ကလင်းကော့ကို ‘ကောင်အိုလေး’ ဟုခေါ်ကြသည်။ ထိုနာမည်သည် ကလင်းကော့နှင့် လည်း လိုက်သည်။ သူ့ခန္ဓာကိုယ်က အသက်နှင့်မလိုက်အောင် သေးကွေးသည်။ သူ့အမူအရာက လေးကန်သည်။ အသံက သေးသည်။ ရှည်ငေါငေါထွက်နေသည့် မျက်နှာနှင့် ငှက်နှုတ်သီးသဏ္ဌာန် နှာခေါင်းသည် ထင်းထင်းကြီး ပေါ်နေသည်။ ပြာလဲ့လဲ့ မျက်လုံးပြူးပြူးကြီးများက မှိတ်တုတ် မှိတ်တုတ် ဖြစ်နေသည်။ ကျောင်းရောက်လျှင် သူငယ်ချင်းတွေက သူ့ကို လှောင်ကြသည်၊ ဝိုင်းထိုးကြ သည်။ ဇီးကွက်နှင့်တူသည့် သူ့မျက်နှာသည် မြူးထူးရွှင်လန်းနေကြသည့် အခြား အကောင်ငယ်များ ၏ အလယ်တွင် မုန်းစရာ၊ လှောင်စရာ ဖြစ်နေသည်။ ကလင်းကော့သည် ကျောင်းတွင် မည်သူနှင့်မျှ အပေါင်းအသင်းမလုပ်၊ ခပ်မှောင်မှောင် ချောင်တချောင်ထဲတွင် တယောက်တည်း ကုပ်နေသည်။ ထိတ်လန့်နေသည်။ ပက်ကျိသည် ပြင်ပကမ္ဘာလောကကြီးကို လှမ်းကြည့်သလိုလို အမှောင်ထဲမှနေ၍ သူ့ပတ်ဝန်းကျင်ကို စူးစိုက်ကြည့်သည်။ မျက်စိညောင်းလာလျှင် မျက်စိကိုမှိတ်ပြီး သေးကွေးကြုံလှီ သည့် ခန္ဓာကိုယ်ကို ယိမ်းလှုပ်နေတတ်သည်။

အိမ်ရောက်တော့လည်း ကလင်းကော့သည် ခပ်ကုပ်ကုပ် နေချင်သည်။ သို့ရာတွင် နေ၍မရ။ ထမင်း စားလျှင် တအိမ်လုံး ဝိုင်းဝန်းစားကြရသည်။ ထမင်းဝိုင်းတွင် ထိုင်လျှင် သူ့ဘထွေး၏ သားအငယ်ဆုံး ဝဝတုတ်တုတ် ပါးနီနီနှင့် ယာကွတ်က သူ့ကို အမျိုးမျိုး စတတ်သည်၊ ပြောင်တတ်သည်။ မျက်နှာကို မဲ့ပြသည်၊ လျှာထုတ်ပြသည်၊ ပေါင်ကိုဆိတ်သည်။ သူ့ကို ရယ်အောင် အမျိုးမျိုး လုပ်ပြသည်။ သို့ရာတွင် ကလင်းကော့က မရယ်မိ။ သူ့ကိုဆိတ်လျှင် ကလင်းကော့က အလန့်တကြား ထခုန်တတ် သည်။ ဝါဖျော့ဖျော့ သူ့မျက်နှာက ပြာမွဲလျက်။ မျက်လုံးက ပြူးလျက်။ ဇွန်းကိုင်ထားသည့်လက်က တဆတ်ဆတ်တုန်လျက်။

"ကောင်အိုလေး ဘာဖြစ်ပြန်ပြီလဲ"

ဘထွေးပြုံရ်တာက မေးသည်။

"ယာကွတ်ရယ် ခင်ဗျ"

ကလင်းကော့က တုန်တုန်ယင်ယင်ဖြင့် ဖြေသည်။ ဘထွေးပြုံရ်တာက သူ့သားနားရွက်ကို ဆွဲလိမ် လျှင် ဆံပင်ကို ဆွဲလျှင် သူ့မယား အမ္မာဖီယာက မျက်နှာကို ရှုံ့မဲ့ကာ 'အသေကောင်ကလေး၊ သင်း ဂြိုဟ်မွှေနေတာ' ဟု ဆိုသည်။

လူကြီးတွေ ကွယ်ရာရောက်လျှင် ယာကွတ်က သူ့ကို ရက်ရက်စက်စက် ထိုးသည်။ ကလင်းကော့ သည် လုပ်သမျှကို ကြိတ်မှိတ်သည်းခံသည်။ သွားတိုင်၍မဖြစ်။ သူတိုင်လျှင် ဘထွေးက ယာကွတ်ကို ရိုက်သည်။ ယာကွတ်ကိုရိုက်လျှင် သူ့အမေက သူ့ကို ပြုစုမာန်မဲဦးမည်။ ဒေါ်လေး အမ္မာဖီယာ၏ ပြုစုခြင်းကို ခံရသည်နှင့်စာလျှင် ယာကွတ်၏လက်သီးဒဏ်ကို ခံရသည်က တော်သေးသည်။ ထို့ကြောင့် ယာကွတ်က သူ့ကို ထိုးတော့မည်ပြုလျှင် ကလင်းကော့သည် မြေကြီးပေါ် လှဲချလိုက် သည်။ ဒူးကို ရင်ခေါင်းအထိ ဆွဲသွင်းပြီး မျက်နှာနှင့် ခေါင်းကို လက်နှစ်ဖက်ဖြင့် ကာထားပြီး ခံရန် အသင့်ပြင်သည်။ ယာကွတ်က လက်သီးဖြင့်ထိုးလျှင် သူ့နံဘေးနှင့် ကျောကို တလှည့်စီ ပေး၍ ခံသည်။ သူက ကြိတ်မှိတ်ခံလေလေ ယာကွတ်က စိတ်ဆိုးဆိုးဖြင့် ထိုးလေလေ။ တစ်ခါတရံတွင်မူ ယာကွတ်က မကျေမနပ်ဖြင့် ငိုသည်ရော၊ အော်သည်ရောလုပ်ကာ သူ့ကို တဗုန်းဗုန်းကန်သည်။

"ဟေ့ကောင် အော်လေကွာ၊ အော်ပါလား..." ဟု ဆိုသည်။

တခါတွင် ကလင်းကော့ မြင်းခွာသံတချောင်း ကောက်ရလာသဖြင့် ယာကွတ်ကို ပေးသည်။ သူ့ကို မပေးလျှင်လည်း သူ့ဆီက အနိုင်ကျင့်၍ လုယူမည့်အတူတူ ကိုယ်က ဦးအောင်ပေးလိုက်သည်က တော်လိမ့်ဦးမည်။ ယာကွတ် သူ့အပေါ်တွင် စိတ်ဆိုးပြေသွားပုံရသည်။

"မနေ့က ငါထိုးတာ တော်တော်နာသလားဟင်"

"နာတာပေါ့ကွာ"

ယာကွတ်က အတန်ကြာ ငေးနေပြီး ခေါင်းကို ကုတ်နေသည်။ အတန်ကြာမှ 'ကိစ္စမရှိပါဘူးကွာ။ ခဏကြာရင် ပျောက်သွားမှာပါ'

ယာကွတ်က ထွက်သွားသည်။ သို့ရာတွင် သူ့စကားများသည် ကလင်းကော့၏ရင်ထဲတွင် ပဲ့တင်ထပ် ကျန်ရစ်ခဲ့သည်။ ကလင်းကော့သည် သူ့စကားများကို တဖွဖွ ရွတ်ဆိုနေမိသည်။

"ခဏကြာရင် ပျောက်သွားမှာပါတဲ့"

တခါတွင် မယ်သီလရှင်တသိုက် ခြေနာသဖြင့် ခြေထောက်များကို ဖက်ယားရွက်များဖြင့် ပွတ်နေ သည်ကို ကလင်းကော့ မြင်ရသည်။ ကလင်းကော့က သူတို့လုပ်သလို သူ့ခြေထောက်ကို ဖက်ယား ကိုင်းများဖြင့် ပွတ်သည်။ ပေါင်တွေ၊ ခြေသလုံးတွေ ဖက်ယားဆူး စူးသဖြင့် ပွန်းပဲ့ကုန်သည်။ သို့ရာတွင် သူ့စိတ်ထဲတွင် အကိုက်အခဲ သက်သာသည်ဟု ထင်သည်။ ထို့နောက်မှစ၍ ကလင်းကော့ သည် သူ့ဒဏ်ရာဒဏ်ချက်တွေကို ဖက်ယားရွက်များဖြင့် ပွတ်တော့သည်။

ကလင်းကော့သည် ကျောင်းတွင်လည်း စာအလွန်ညံ့သည်။ မညံ့ဘဲ နေပါ့မည်လား။ ကျောင်းသွား ရမည် ဆိုကတည်းက အရိုက်အနှက်၊ အထိုးအကြိတ် ခံရတော့မည်ဟု တွေးကာ ကျောင်းကို နည်းနည်းမျှ မတက်ချင်။ ကျောင်းက ပြန်လာလျှင် အစော်ကားခံရ၍ ပြန်လာရသည်ချည်း။ အစော်ကားခံရမည်ကို စိုးရိမ်ကြောက်လန့်သည့် အမူအရာသည် သူ့မျက်နှာတွင် အထင်းသား ပေါ်နေသည်။ ထိတ်လန့်နေသည့် သူ့မျက်နှာ အမူအရာကိုက အခြားလူများ စော်ကားချင်စရာ ဖြစ်နေသည်။ သို့ဖြင့် ကောင်အိုလေးသည် ပို၍ အစော်ကားခံရသည်။ အနိုင်ကျင့်ခံရသည်။

ကလင်းကော့က အသံကောင်းသည်။ ဤအသံကို ဓမ္မာရုံဝတ်အသင်း ခေါင်းဆောင်က သတိထားမိ သည်။ ထို့ကြောင့် သူ့ကို ဓမ္မာရုံတွင် ဝတ်ရွတ်စဉ် တိုင်စေသည်။ ကလင်းကော့သည် အိမ်တွင် နေလေ့ မရှိ။ အားလျှင် ဓမ္မာရုံသို့သွားကာ ဝတ်ရွတ်စဉ် တိုင်ပေးနေတတ်သည်။ သို့ရာတွင် ဓမ္မာရုံ၌လည်း ကလင်းကော့ မသက်သာပါ။ ဓမ္မာရုံသို့လာ၍ ဝတ်တက်ကြသည့် သူငယ်ချင်းများ၏ အနိုင်ကျင့်ခြင်း ကို ခံရပါသေးသည်။ သူတို့ အနိုင်ကျင့်ပုံကလည်း ယာကွတ်ထက် မလျော့ပါ။

သို့တိုင်အောင် သူတို့ရွာက ဓမ္မာရုံကို ကလင်းကော့ သဘောကျသည်။

ဓမ္မာရုံထောင့် ချောင်ကလေး တွေက မှောင်ရီရီ၊ နွေးထွေးတိတ်ဆိတ်နေသည်။ ကလင်းကော့သည် တိတ်ဆိတ်နွေးထွေးသည့် အခန်းထောင့်မှောင်မှောင်ကို အမြဲတမ်း ငေးကြည့်နေတတ်သည်။ ထိုအခန်းထောင့် မှောင်မှောင်ထဲ တွင် နိုပါတ်တော်တို့ ရေးထားသည့် ပုံတော်ကားတွေရှိသည်။ ပန်းချီကားတွေက နှစ်ပရိစ္ဆေဒ ကြာညောင်းသဖြင့် ဖုန်မှုန့်တွေ၊ ကျပ်ခိုးတွေ အလိမ်းလိမ်း ကပ်နေကြသည်။ ပုံတော်ကားတွင် ပါသည့် မျက်နှာတော်များက သနားကြင်နာဟန် ရှိသော်လည်း ဣန္ဒြေသိက္ခာရှိသည်။ ဘထွေး ပြိုရ်တာ၏ မုတ်ဆိတ်ထူလပျစ် နှင့် မျက်နှာကြီးကို သတိရစေသည်။

သို့ရာတွင် ထိုပုံတော်ကားများကို ကလင်းကော့ မမြင်။ ထိုမှောင်ရီရီ ထောင့်ထဲတွင် ရှားပါး ကောင်းမွန်သည့် အရာတခု၊ သူ့ကို လွှမ်းခြုံရစ်စေမည့် အရာတခု၊ သူ့ကို အမေလို ပွေ့ပိုက် ထွေးယူကာ နူးညံ့ချိုသာစွာ စကားပြောမည့် အရာတခု ရှိလေမည်လောဟု အမှတ်မထင် မျှော်လင့်မိ သည်။

ဓမ္မာရုံအဝင်ဝတွင် ရဟန်းတော်တပါး၏ ပုံတော်တခုရှိသည်။ မာရ်နတ်ကို လက်ဖြင့် ဖမ်းဆုပ်၍ ဆုံးမနေသည့်ဟန် ပန်းချီရေးထားသည်။ ရဟန္တာမထေရ်က အရပ်တော်မြင့်မြင့်၊ အသားတော်ညိုညို၊ ခန္ဓာကိုယ်က ပိန်လှီ၍ လက်ချောင်းများက သေးသွယ်ရှည်လျားသည်။ မာရ်နတ်က အသားနီနီ၊ သေးသေးမြောင်မြောင်။ ဆိတ်တကောင်၏အသွင်ကို ဆောင်ထားသည်။ ကလင်းကော့သည် ထိုမာရ်နတ်ရုပ်ပုံကို မကြည့်မိအောင် သတိထားသည်။ မာရ်နတ်၏ ရုပ်ပုံကိုမြင်လျှင် တံတွေးဖြင့် ထွေးချင်သည်။ သို့ရာတွင် နောင်၌မူ မာရ်နတ်ကို သနားလာသည်။ လူသူကင်းရှင်းလျှင် ရုပ်ပုံထဲက ဆိတ်လည်ပင်းလို အစ်နေသော မာရ်နတ်၏ ပေါင်တွေကို ပွတ်သပ်ကြည့်သည်။

ရွာက ဓမ္မာရုံကို ကလင်းကော့ သဘောကျသည့် အချက်တချက် ရှိသေးသည်။ ဓမ္မာရုံရောက်လျှင် ရွာတွင် အဆိုးဆုံးဆိုသည့် လူမကျန် သူသူငါငါ တိုးတိုးတိတ်တိတ်၊ ညင်ညင်သာသာ ပြုမူပြောဆိုကြ သည်။ ကလင်းကော့က စကားကျယ်ကျယ်ပြောလျှင် ကြောက်တတ်သည်။ ထိတ်လန့်တုန်လှုပ် သည့် မျက်နှာနှင့် ကျယ်လောင်သည့် စကားသံကို ကလင်းကော့ လန့်သည်။ တခါက ဈေးနေ့တွင် တောက လယ်သမားတွေ ဆူဆူညံညံ စကားပြောသည်ကို တွေ့ဖူးသည်။ တယောက်နှင့်တယောက် အော်ကြီးဟစ်ကျယ်ပြောကာ တိုးကြ၊ ဝှေ့ကြသည်။ ဓားဝီတုတ်ကြီးဖြင့် ဝှေ့ယမ်းနေသဖြင့် လူတယောက် ခေါင်းကွဲသွားသည်။ အော်ကြဟစ်ကြ၊ ပြေးကြလွှားကြဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ သည်။ သူ့ကိုလည်း တယောက်က ကုပ်ဆွဲ၍ ပစ်လိုက်သဖြင့် ဗွက်ထဲတွင် မှောက်လျက်ကျသွား သည်။ ဗွက်ထဲက အထတွင် တောသားလယ်သမား တုတ်တုတ်ခိုင်ခိုင်ကြီးတယောက် လက်ကို ဝှေ့ယမ်းကာ

သူ့ဆီ ပြေးလာသည်ကို မြင်ရသည်။ သူ့မျက်နှာတခုလုံး သွေးတွေ ရဲနေသည်။ ကလင်းကော့ ကြောက်လိုက်သည်မှာ ဆိုဖွယ်မရှိတော့။ ကြောက်သဖြင့် အသံကုန်အော်သည်။ ထို့နောက် သတိမေ့သွားကာ နှာနှတ်ယူရသည်။

ကလင်းကော့သည် အရက်မူးသမားများကိုလည်း ကြောက်သည်။ အရက်မူးသမားဆိုသည်မှာ ဖုတ်ဝင်နေသည်ဟု အမေက တခါက ပြောဖူးသည်။ ဖုတ်ဆိုသည်ကို ကလင်းကော့ မမြင်ဖူးဘူး။ သို့ရာတွင် ဖုတ်ကောင်သည် ဖြူကောင်လို ဆူးတွေ ထိုးထိုးထောင်ထောင်၊ ဖားလို စိုစိစိ၊ အရက်မူး သမား ဝမ်းထဲသို့ ယခု ထိုဖုတ်ကောင် ဝင်မိပြီဆိုလျှင် လူကောင်းပကတိက အဟိတ်တိရစ္ဆာန် ဖြစ်တော့သည်ဟု ကလင်းကော့ ထင်သည်။

ဓမ္မာရုံကို ကလင်းကော့ သဘောကျသည့် အခြားအကြောင်းများလည်း ရှိသေးသည်။ ဓမ္မာရုံက အေးချမ်းသည်၊ တိတ်ဆိတ်သည်။ အလင်းရောင်လည်း လင်းလင်းကျင်းကျင်းကြီး မဟုတ်။ မှိုးတိုးမှောင်တောင်၊ မှုန်မှုန်ပျပျ။ ထိုအရာများကို ကလင်းကော့ သဘောကျသည်။ ထိုမျှမက ဝတ်တက်ရသည်ကိုလည်း သဘောကျသည်။ ဝတ်ရွတ်စဉ်တိုင်လျှင် ကလင်းကော့သည် မျက်လုံးများ ကို မှိတ်သည်။ သူ၏အသံကို ဝတ်ရွတ်သံတွေကြားမှ စူးမထွက်ဘဲ တသံတည်းဖြစ်အောင် သတိထား ၍ ဆိုသည်။ ဈာန်သမာပတ်မှ ထလာသည့် ပုဂ္ဂိုလ်တဦးကဲ့သို့ သန္တိသုခကို ခံစားရသည်။ ထိုအချိန်၌ ကလင်းကော့သည် လူ့ဘုံမှ ထွက်ခွာကာ အေးချမ်းငြိမ်သက်သည့် နတ်ဘုံ၊ ဗြဟ္မာဘုံ တခုထဲတွင် လွင့်မျောနေသည်ဟု သူ့ကိုယ်သူ ထင်မှတ်သည်။

တခါတွင် စိတ်ကူးရသဖြင့် သူ့ဘထွေး ပန်းပဲဆရာကို မေးကြည့်သည်။

“ဘထွေး၊ သူများတွေက ကိုယ့်ကို မမြင်ရဘဲ ကိုယ်က သူများတွေကို အားလုံးမြင်နိုင်ပြီး ကိုယ်သွားချင်ရာ သွားနိုင်တဲ့ လူမျိုးရယ်လို့ ရှိသလား ဟင်…”

“ဘာလဲ၊ သိဒ္ဓိမြောက်ပြီး ပထမံပေါက်သွားတဲ့ ဟာမျိုးလား..”

ဘထွေးက ခဏစဉ်းစားနေသည်။ “ရှိမယ် မထင်ပါဘူးကွာ…”

ရွာသားတွေက သူ့ကို ‘ကောင်အိုလေး’ ဟု ခေါ်တတ်သည်။ ဘထွေးကမူ သူ့ကို ‘တကောင်ကြွက်’ ဟု ခေါ်သည်။ ကလင်းကော့သည် သူ့ဘထွေးကို အကုန်ပြောပြသည်။ ဘထွေးက သူသိချင်တိုင်း နားထောင်တတ်သော်လည်း အားရပါးရ ရယ်ခဲလှသည်။ ဘထွေးက စကားပြောလျှင် ဖြည်းဖြည်း ဆေးဆေး ပြောတတ်သည်။ လေးလေးနက်နက် ပြောတတ်သည်။ သူ့အနားတွင် ကလင်းကော့ ရှိသည်ဆိုလည်း သတိထားမိဟန်မတူ။ (ကလင်းကော့ကမူ ဤသို့ သတိမထားမိသည်ကိုပင် သဘော ကျနေတတ်သည်။) ဘထွေးသည်

တယောက်တည်း စကားပြော၊ တယောက်တည်းညည်း၊ တယောက်တည်း ငေါက်ငမ်းနေသည့်နှယ် ရှိသည်။

'နင်ရင်လည်း သေပါတော့ဟယ်' ဘထွေးက ညည်းသည်။ သို့ရာတွင် သူ့ညည်းသံသည် ပေါ့ဆသံမပါ။ 'နင်ဟာ တော်တော်လောဘကြီးတဲ့ သတ္တဝါ။ ငါ့မှာဖြင့် နင့်အတွက် လုပ်လိုက်ရတာ။ ပန်းပဲထုရတာ မျက်စိတွေလည်း ပူကျိန်းစပ်နေပြီ။ ဘယ်နေ့ စုံလုံးကန်းမလဲ မသိဘူး။ နင်က ဘာများဖြစ်ချင်သေးလို့လဲ။ တို့ဘဝဟာ ကျွန်လို ရုန်းနေရတဲ့ဘဝ၊ ကျိန်စာမိနေတဲ့ဘဝ။ ဘာများ ပျော်စရာရှိသလဲ၊ ဘာများ မက်စရာရှိသလဲ'

ဘထွေး၏အသံသည် ဂီတသံပေါက်နေသည်။ ဘထွေးသည် တယောက်တည်း ညည်းနေခြင်း ဖြစ်သည့်တိုင် တစုံတယောက်ကို ပြောနေသကဲ့သို့ ထင်ရသည်။

"ဘထွေး ဘယ်သူနဲ့ စကားပြောနေတာလဲ ဟင်..."

"ဘယ်သူနဲ့ ပြောရမလဲကွ။ ငါ့စိတ်နဲ့ စကားပြောတာပေါ့။ မိုက်တွင်းနက်တဲ့ ငါ့ဘဝနဲ့ စကားပြောနေ တာပေါ့..."

ဘထွေးက ပြုံး၍ပြောသည်။

သို့ရာတွင် သူတို့ တူဝရီးနှစ်ယောက် စကားပြောခွင့် ကြုံဖို့ဆိုသည်မှာ အလွန်ခဲယဉ်းပါသည်။ ဘထွေး၏ပန်းပဲဖိုသည် အမြဲ လူရှုပ်နေတတ်သည်။ ယာကွတ်သည် ဂျင်တလုံးလို နေရာအနှံ့ ရောက်လာတတ်သည်။ တူထုသံမီးဖိုမှ မီးသွေးများ တဖျစ်ဖျစ်မြည်သံတို့ကို လွှမ်းသွားအောင် အော်ကျယ်ဟစ်ကျယ် စကားပြောတတ်သည်။ ပန်းပဲဖိုသို့ ယာကွတ် ရောက်လာပြီဆိုလျှင် ကလင်းကော့ မသွားရဲတော့။

ဘထွေး၏ပန်းပဲဖိုက ရွာပြင်ဘက် ရိုးကလေးတခု၏ထိပ်တွင် ရှိသည်။ ရာသီဥတုကောင်းလျှင် ကလင်းကော့သည် ရိုးထဲက မိုးမခပင်တွေဘက်သွားပြီး ကစားနေတတ်သည်။ ရိုးထဲက မိုးမခပင်များ အောက်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ဓမ္မာရုံထဲ ဝင်ရသလို အေးချမ်းသည်။ ငှက်ကလေးတွေက တေးသီကြသည်။ ပျားများက တဝီဝီမြည်ကြသည်။ ကလင်းကော့သည် မျက်လုံးကိုမှိတ်ကာ ကိုယ်ကို ဘယ်ညာယိမ်းပြီး ထိုင်နေတတ်သည်။ သို့မဟုတ်လျှင် ချုံတွေထဲ လျှောက်တိုးရင်း ပန်းပဲဖိုမှ ထုသံနှက်သံများကို နားထောင်တတ်သည်။ ပန်းပဲဖိုတွင် လူရှင်းပြီဟုထင်သည်နှင့် တပြိုင်နက် ရိုးထဲမှ တက်ပြီး ဘထွေးထံ ရောက်လာတတ်သည်။

"ဘာလဲဟေ့ တကောင်ကြွက်ကလေး"

ဘထွေးက မီးခိုးသဖြင့် မျက်ရည်ထွက်နေသည်။ မျက်ပေါက်ကျဉ်းကျဉ်းကလေးများကို မှေးကြည့်၍ မေးသည်။

"ည၊ ည ဓမ္မာရုံထဲက မကောင်းဆိုးဝါးတွေ ထွက်လာတတ်တယ်ဆိုတာဟုတ်သလားဟင် ဘထွေး..."

ပန်းပဲဆရာက အတန်ကြာ စဉ်းစားနေသည်။

"ရှိတာပေါ့။ မကောင်းဆိုးဝါးဆိုတာ ဘယ်ကိုဖြစ်ဖြစ် သွားလို့ရတာပေါ့။ ကြောက်စရာ မဟုတ်ပါဘူး ကွာ"

ကလင်းကော့က ပခုံးကို ချီပြသည်။ မျက်လုံးအဝိုင်းသားဖြင့် မှောင်ရီရီ ပန်းပဲဖိုထောင့်သို့ လှမ်းကြည့် သည်။

"မကောင်းဆိုးဝါးဆိုတာ ကြောက်စရာ မဟုတ်ပါဘူးကွ"

ကလင်းကော့က သက်ပြင်းချရင်း "ကျွန်တော် မကြောက်ပါဘူး"

"မင်းကို အန္တရာယ်မပေးနိုင်ပါဘူးကွ"

ပန်းပဲဆရာက ကျပ်ခိုးတွေ ပေနေသောလက်ဖြင့် သူ့မျက်လုံးများကို ပွတ်ရင်းပြောသည်။

"ဘုရားကကော"

"ဘုရားက ဘာဖြစ်သလဲ..."

"ဘုရားက ဘာဖြစ်လို့ ဓမ္မာရုံထဲကို မကောင်းဆိုးဝါးတွေ အဝင်ခံရတာလဲ"

"ဒါတော့ ဘုရားအပေါ် တည်တာပေါ့ကွ။ ဘုရားက ဓမ္မာရုံစောင့်တဲ့ လူမှ မဟုတ်ဘဲ..."

"ဓမ္မာရုံထဲမှာ မနေဘူးလား"

"ဘယ်သူလဲ၊ ဘုရားလား။ ဓမ္မာရုံထဲမှာ ဘာဖြစ်လို့ နေရမှာလဲ။ ဘုရားဆိုတာ နေရာတကာမှာ ရှိတာပေါ့။ ဓမ္မာရုံဆိုတာ လူတွေအတွက် လုပ်ထားတာ"

"ဒါဖြင့် လူတွေကကော။ လူတွေက ဘာဖြစ်လို့ အသက်ရှင်နေကြတာလဲ"

"အင်း လူတွေကတော့ အကြောင်းအမျိုးမျိုးကြောင့် ရှိနေကြတာပေါ့။ အေးလေ။ ဒါက ငါထင်တာ ပြောတာပါ။ လူတွေမရှိရင် မင်းလည်း နေလို့ ဘယ်ဖြစ်ပါ့မလဲ။ ဒါတော့ နိယာမပဲ..."

"လူတွေက ဘုရားအတွက် ရှင်နေကြတာလား"

ဘထွေးက ကလင်းကော့ကို သက်ာမကင်းဟန်ဖြင့် ကြည့်သည်။ ကျပ်ခိုးတွေ ပေနေသောလက်ကို အင်္ကျီစဖြင့် သုတ်ရင်း ဖားဖိုထဲတွင် တရဲရဲတောက်နေသည့် မီးတောက်များကို ကြည့်နေသည်။

"ဒါပေါ့၊ ငါလည်း ဘုရားအကြောင်း၊ တရားအကြောင်းတွေကို သိပ်တော့ နားမလည်ဘူးကွာ။ မင်းတို့ကျောင်းက ဆရာကို မေးကြည့်ပေါ့။ ဒါမှမဟုတ်လည်း ဘုန်းကြီးကို လျှောက်ကြည့်ပေါ့..."

ကလင်းကော့က အင်္ကျီလက်ဖြင့် နှာခေါင်းကို သုတ်သည်။

"မမေးရဲဘူးဗျ။ ကြောက်တယ်..."

"အကောင်းဆုံးကတော့ ဒီအကြောင်းတွေမပြောတာ အကောင်းဆုံးပဲကွ။ မင်း ခုမှ ငယ်ငယ်လေး ရှိသေးတာပဲ၊ ဒီအချိန်မှာ ဒါတွေမတွေးနဲ့၊ ဒီအချိန်မှာ ကစားရမယ်၊ ပျော်ပျော်နေရမယ်၊ ခွန်အားဗလ ကောင်းအောင် လုပ်ရမယ်၊ အသက်ရှည်ရှည်နေချင်ရင် ကျန်းမာအောင်လုပ်ရမယ်၊ ခွန်အားဗလ မတောင့်တင်းရင် အလုပ်မလုပ်နိုင်ဘူး၊ အလုပ်မလုပ်ရင်အသက်မရှင်နိုင်ဘူး၊ ငါသိတဲ့ ပညာဗဟုသုတ ကတော့ ဒါလောက်ပဲသိတယ်။ ဘုရားအကြောင်း၊ တရားအကြောင်းတွေကိုတော့ ငါ သိပ်နားမလည် ဘူး..."

ဘထွေးက စကားရပ်ပြီး မီးတောက်တွေကို ကြည့်နေသည်။

"ငါက ဘာမှသိတဲ့ကောင် မဟုတ်ဘူး၊ ဘာမှ နားလည်တဲ့ကောင် မဟုတ်ဘူး၊ ပညာဆိုတာ ဘုရားက ပေးတာလို့ လူတွေက ပြောကြတာပဲ၊ ဒါပေမဲ့ ဘုရားမှာ ဖယောင်းတိုင်ကြီးကြီး ပူဇော်နိုင်မှ လူ့အဖိုးတန်ဖြစ်တာ မဟုတ်ပါဘူးကွာ၊ ဘုရားကို ဖယောင်းတိုင်ကြီးကြီး ပူဇော်နိုင်သလား၊ မပူဇော် နိုင်ဘူးလား ဆိုတဲ့အချက်က လူတယောက်ရဲ့တန်ဖိုးကို ဆုံးဖြတ်တာ မဟုတ်ပါဘူး.."

ဘထွေးက ပန်းပဲဖိုကို လှမ်းကြည့်သည်။ သူ့မျက်လုံးများသည် မှောင်ထဲတွင် ကုပ်နေသည့် ကလင်းကော့ဆီသို့ ရောက်လာကြသည်။

"ဘာဖြစ်လို့ မှောင်ထဲမှာ ကုပ်နေသလဲ။ သွား.. အပြင်ဘက်မှာ ကစားချေ။ ပန်းပဲဖိုဆီက မီးပွားစဉ်လို့ မျက်လုံးကိုထိရင် မျက်စိတဖက်ကန်းဖြစ်နေဦးမယ်။

မျက်စိတဖက်ကန်းတဲ့လူကို ဘယ်သူက ခိုင်းစားချင်မလဲ…”

အမေ မသေခင်တုန်းကဆိုလျှင် အမေက ညညတွင် ပုံပြင်တွေ ပြောပြတတ်သည်။ ဆောင်းတွင်း နှင်းမုန်တိုင်းတွေကျသည့်ညဆိုလျှင် လေဒဏ်၊ နှင်းဒဏ်ကြောင့် သူတို့အိမ်ကလေးသည်း သိမ့်သိမ့်ခါ နေတတ်သည်။ လေပြင်းနှင့် မုန်တိုင်းသည် အိမ်ခေါင်မိုးပေါ်တွင် ပြေးလွှားနေတတ်သည်။ တစုံတရာ ကို အပန်းတကြီး ရှာဖွေနေသည့်နှယ် တွေ့သမျှကို ခပ်ကြမ်းကြမ်း တိုးဝှေ့တိုက်ခတ်သွားတတ် သည်။ ထို့နောက် မီးခိုးခေါင်းတိုင်ထဲသို့ စွတ်ဝင်လာပြီး ခေါင်းတိုင်ထဲမှ အချိန်အတန်ကြာ ထွက်သွားခြင်း မပြုဘဲ အသံမျိုးစုံဖြင့် ညည်းတွားနေတတ်သေးသည်။ ထိုအချိန်မျိုးတွင် အမေသည် အေးဆေးတည်ငြိမ်သည့်အသံဖြင့် သူ့ကို ပုံပြင်တွေ ပြောပြသည်။ တစ်ခါတရံ အမေ၏အသံသည် တိမ်ဝင်သွားကာ သဲသဲကွဲကွဲ မကြားရတော့။ အမေက စကားတလုံးကို ထပ်ခါထပ်ခါ ပြောတတ် သည်။ အမေသည် သူပြောပြသည့်ပုံပြင်ထဲက အရာခပ်သိမ်းကို ကိုယ်တိုင်ကိုယ်ကျ မြင်ရလေမလား ဟု သူ ထင်မိသည်။

ဘထွေးနှင့် စကားပြောသည့်အခါတွင် ကလင်းကော့သည် အမေ၏ပုံပြင်များကို အမှတ်ရမိတတ် သည်။ သူ့ဘထွေး ပန်းပဲဆရာသည်လည်း ပန်းပဲဖိုမှ မီးတောက်ထဲတွင် ဘုရားသခင်နှင့် မာရ်နတ်ကို လည်းကောင်း၊ လူ့ဘဝ၏ ကြောက်မက်ဖွယ်တို့ကိုလည်းကောင်း မြင်မိပုံရသည်။ ထို့ကြောင့် သူ့ဘထွေးသည် အမြဲတစေ မျက်ရည်လည်နေခြင်း ဖြစ်ကောင်းဖြစ်မည်။

ကလင်းကော့သည် သူ့ဘထွေးစကားကို နားထောင်ရင်း အမေ့ပုံပြင်များကို သတိရနေသည်။ သူ့ရင်သည် တသိမ့်သိမ့်ခုန်နေသည်။ သူလည်း သူ့အမေလို၊ သူ့ဘထွေးလို တမူထူးခြားသည့် ဘဝ တခုကို မြင်ရလိမ့်မည်ဟု သူ မျှော်လင့်သည်။ အရက်မူးနေသည့် တောသားလယ်သမား၊ အော်ကြီး ဟစ်ကျယ် ရန်ဖြစ်တတ်သည့် လယ်သူမ၊ ဆူညံသောင်းကျန်းသည့် ကလေးငယ် စသည့် သူ နေ့စဉ် မြင်တွေ့နေရသူများ မဟုတ်ဘဲ တည်ငြိမ်၍ ချစ်ခင်နှစ်လိုဖွယ်ရှိသော အရာတို့ကို မြင်ရလိမ့်မည်ဟု သူ ထင်သည်။

သူတို့ အိမ်နီးချင်းတယောက်တွင် တန်ညာဆိုသည့် မျက်မမြင် ကလေးငယ်တယောက်ရှိသည်။ ကလင်းကော့နှင့် တန်ညာသည် သူငယ်ချင်းတွေ ဖြစ်လာကြသည်။ ကလင်းကော့က တန်ညာကို ဆွဲ၍ ရွာထဲတွင် လမ်းလျှောက်ခေါ်သည်။ ရွာထဲသို့သွားလျှင် တန်ညာကို ဂရုတစိုက်တွဲသည်။ စကားတွေ တသွင်သွင်ပြောသည်။ သူတို့သူငယ်ချင်းနှစ်ယောက် ချစ်ကြပုံကို ရွာသားတွေက ကြည့်၍ ကျေနပ်ကြသည်။ ဝမ်းသာကြသည်။ သို့ရာတွင် တန်ညာ၏အမေက ဘထွေးထံ ပေါက်လာပြီး တိုင်သည်။ ကလင်းကော့သည်

သူ့သမီးကို ကြောက်စရာ၊ လန့်စရာတွေကို ပြောတတ်ကြောင်း၊ ယခုဆိုလျှင် တန်ညာမှာ တယောက်တည်း မနေရဲတော့ကြောင်းဖြင့် ပြောပြသည်။ တန်ညာ တယောက် မကြာခဏ နိုးနေပြီး၊ ညညဆိုလည်း အိပ်မပျော်ကြောင်း၊ အိပ်လျှင်လည်း ကယောင် ချောက်ချားတွေ အိပ်မက်မက်ပြီး ထအော်တတ်ကြောင်း၊ ကလင်းကော့က ဘာတွေ ပြောသည်ကို လည်း သူ့ထံမှမေးမရကြောင်း၊ တစ္ဆေသရဲများအကြောင်း၊ ကောင်းကင်ကြီးထဲ မှောင်ပြီး ကောင်းကင် တွင် အပေါက်တွေရှိကြောင်း၊ ထိုအပေါက်များမှ မီးများကို မြင်ရကြောင်း၊ မီးတောက်များထဲတွင် တစ္ဆေသရဲများက ထိုင်နေတတ်ကြောင်း စသည်တို့ကို ပြန်ပြောတတ်သည်ဟု တိုင်သည်။ ကလေး ငယ်များကို ထိတ်လန့်စရာစကားတွေ မပြောပါစေနှင့်ဟု ဘထွေးကို တိုင်တန်းသည်။

'ဟော့ကောင် လာစမ်း' ဘထွေးပြုံရုံတာက သူ့ကိုခေါ်သည်။

ကလင်းကော့ သူ့အနားသို့ ရောက်လာသည့်အခါတွင် ပန်းပဲဆရာ သူ့ဘထွေးက ကြမ်းတမ်းတုတ်ခိုင် သည့် လက်ကြီးဖြင့် သူ့ခေါင်းကို ပွတ်ရင်း

"မင်းက တစ္ဆေသရဲအကြောင်းတွေ သွားပြောသလား"

"ဟုတ်တယ်၊ ကျွန်တော် ပြောလိုက်တယ်"

"ဘာဖြစ်လို့ပြောတာလဲ"

"မသိဘူး"

ဘထွေးက သူ့ခေါင်းကို ကိုင်လှုပ်၍ မျက်နှာကို မော့ယူလိုက်ပြီးနောက်

"အဲဒီတုန်းက ကောင်းကင်ကြီးက မည်းနေသလား"

"မျက်စိကန်းနေတာပဲ။ သူ ဘာမြင်ရမှာတဲ့လဲ"

ကလင်းကော့က ခပ်တိုးတိုးပြောလိုက်၏။

"ဘယ်သူလဲ"

"တန်ညာပေါ့"

"ဒါတော့ ဟုတ်တာပေါ့။ နေပါဦး၊ မီးဟာ အနက်ရောင်လို့ ဘာဖြစ်လို့ မင်းက လုပ်ကြံပြီး သွားပြောရ တာလဲ"

ကလင်းကော့က ခေါင်းငုံ့ထားသည်။ မည်သို့မျှ မဖြေ။

“ပြောလေ၊ မင်းကို ဘယ်သူကမှ မရိုက်ပါဘူး။ ဘာဖြစ်လို့ ကောင်မလေးကို အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောရတာလဲ”

“ကျွန်တော် သူ့ကို သနားလို့ ဘထွေး”

ကလင်းကော့က လေသံကလေးဖြင့် ပြောသည်။ ဘထွေးက သူ့ကို အသာဘေးသို့ တွန်းဖယ်လိုက်၏။

“မင်း နောက်ကို ကောင်မလေးနဲ့ စကားမပြောရဘူး၊ ဟုတ်လား။ ကဲ စိတ်ချပါ အဒေါ်၊ နောင်မှာ ကလေးမလေးနဲ့ စကားမပြောစေရပါဘူး”

“တကယ်ကတော့ မင်းတူကို နာနာလေး ရိုက်ဆုံးမဖို့ကောင်းတယ်ကွဲ့။ ငါ့သမီးလောက် အေးတာ တယောက်မှမရှိဘူး။ ဘယ်သူ့ကိုမှ ဒုက္ခပေးတာ မဟုတ်ဘူး။ ခုတော့ ကလေးကို တယောက်တည်း ထားဖို့တောင် ခပ်ခက်ခက်ရယ်”

အဒေါ်ကြီး ထွက်သွားပြီးနောက် ဘထွေးက ကလင်းကော့ကို အိမ်နောက်ဖေးသို့ ခေါ်လာခဲ့သည်။ ပါးစပ်က မည်သို့မျှမပြော။

“ကဲ ပြောစမ်းပါဦး။ မင်း ဘာဖြစ်လို့ ကောင်မလေးကိုသွားပြီး ခြောက်ရ လှန့်ရတာလဲ”

ဘထွေး၏အသံက မာဆတ်ဆတ်။ သို့ရာတွင် ကျယ်လောင်ခြင်းမရှိ။ ကလင်းကော့က ကြောက်ကြောက်ဖြင့် ရှင်းပြသည်သူ့အသံက တုန်ယင်လျက်။

“ကျွန်တော် ကျွန်တော် သူ့.. သူ့ကို မခြောက်ဘူး ဘထွေး။ သူ.. သူက ငါ့မျက်စိထဲမှာ ဘာမှ မမြင်ရ ဘူးတဲ့။ မှောင်ပိန်းနေတာပဲတဲ့။ နင်တို့ကတော့ အားလုံးမြင်ရတယ်တဲ့။ ဒါနဲ့ ကျွန်... ကျွန်တော်က မထူးပါဘူးဟာ၊ အားလုံး အနက်တွေချည်းပါပဲလို့ သူ စိတ်သက်သာရာရအောင် ပြောတာပါ။ သူ့ကို ခြောက်တာမဟုတ်ပါဘူး”

ကလင်းကော့သည် စိတ်မကောင်းဖြစ်သဖြင့် ရှိုက်ငိုချလိုက်သည်။ ဘထွေးက ပြုံးလိုက်ပြီး

“မင်း တော်တော်နုံတဲ့ကောင်ပဲကွ။ ကောင်မလေးက မျက်စိမမြင်တာ ဘာကြာသေးလို့လဲ။ သုံးနှစ် လောက်ပဲ ရှိသေးတာ။ မွေးတုန်းက အကောင်းပဲ။ နောက်ကျမှ ကျောက်ပေါက်လို မျက်စိကွယ်တာ။ ဒီတော့ အရောင်တွေကို သူ ကောင်းကောင်းသိတာပေါ့။ မင်း တော်တော်နုံတဲ့ကောင်ပဲ”

“ကျွန်တော် မနုံပါဘူး ဘထွေး"

“ကဲ... တော်တော့ကွာ။ နောက်တော့ သူ့ဆီကို သွားမလည်နဲ့တော့။ ကြားလား”

“ဟုတ်ကဲ့”

“မင်း ငိုတော့ ကောင်းတာပေါ့ကွာ။ မင်းကို ရိုက်နှက်ဆုံးမတယ်လို့ သူတို့ ထင်သွားတာပေါ့။ တူဝရီး နှစ်ယောက်ကတော့ ကိုက်လည်း ကိုက်တယ်ကွာ။ နှစ်ယောက်စလုံး လူလိမ်ချည်းပဲ”

ဘထွေးက သူ့ကို တံတောင်ဖြင့် အသာတွက်၍ ပြုံးရင်း ပြောလိုက်သည်။

ကလင်းကော့သည် ဘထွေး၏ ကိုယ်လုံးကြီးကိုမှီရင်း အသံကလေးတုန်တုန်ဖြင့်

“လူတွေအားလုံးက ကျွန်တော့်ကို ဘာဖြစ်လို့ မုန်းကြတာလဲဟင် ဘထွေး"

“မပြောတတ်ပါဘူးကွာ”

ဘထွေးက အတန်ကြာ စဉ်းစားနေပြီးမှ ဖြေသည်။ လူတွေက သူ့ကို မုန်းကြသည်၊ အနိုင်ကျင့်ကြ သည်။ ခံရဖန်များသည့်အခါတွင် ကလင်းကော့၏စိတ်တွင် နာကြည်းစပြုလာလေသည်။ သူသည် သူများနှင့်မတူ၊ တမူထူးနေသည်ဟု ကလင်းကော့ ထင်သည်။ ထို့ကြောင့် သူ့ကို လူတွေက မုန်းကြခြင်းလော မဆိုနိုင်။

ကလင်းကော့တို့ရွာက တောင်ကမူကလေးတခုပေါ်တွင် ရှိသည်။ မြစ်တဖက်ကမ်းတွင် ဖျိုက်တော ကြီး တခုရှိသည်။ နွေညများတွင်ဆိုလျှင် မြူငွေ့တွေ ဝေနေတတ်သည်။ အဝေးတောရိပ်ပေါ်မှ လဝန်းနီသည် တငြိမ့်ငြိမ့် တက်လာတတ်သည်။ ဖျိုက်တောပေါ်မှ ဖြတ်သန်း တိုက်ခတ်လာသည့် လေက ပုပ်ဟောင်နေသည်။ ခြင်တွေက အုပ်ဖွဲ့ကာ ရွာဘက်သို့ ပျံလာကြသည်။ လေထဲတွင် ခြင်ကောင်တွေ တဝီဝီမြည်နေကြသည်။ အငြိမ်နေ၍ မရ။ ခြင်ကို မောင်းနေရသည်။ ကုတ်ရခြစ်ရ သဖြင့် ပွန်းပဲ့ကုန်သည်။ သို့တိုင်အောင် သူတို့ စိတ်မပျက်ကြ။ ပျော်လိုက်ပါးလိုက်၊ ဟေးလားဝါးလား နေလိုက်ဖြင့် အချိန်ကုန်နေကြသည်။ ရန်ဖြစ်လိုက်၊ သတ်လိုက်ပုတ်လိုက်ဖြင့် အချိန်ကုန်နေကြ သည်။

ကလင်းကော့ မှတ်မိသေးသည်။

တညတွင် မြေရှင် ဗီရီတင်နီကော့၏ စပါးကျီကို မီးလောင်သည်။ ကလင်းကော့သည် ရွာအပြင်ဘက် က သစ်သီးခြံထဲသို့ ပြေးထွက်လာကာ မိုးမခပင်တပင်ပေါ်တက်ပြီး မီးကြည့်သည်။

မီးခိုးလိုမည်းနက်ပြီး မီးလျှံလို နူတ်သီးရှိသည့် ကြောက်ဖွယ်ငှက်တကောင်သည် ကောင်းကင်တွင် ပျံဝဲနေသည်ဟု ထင်ရသည်။ ထိုငှက်ကြီးသည် နီရဲ၍ မီးလျှံထနေသည့် ခေါင်းကြီးကို မြေကြီးသို့ စိုက်လာပြီးနောက် ချွန်ထက်သောသွားများဖြင့် သက်ငယ်များကိုက်ဖြတ်ပစ်သည်။ သစ်၊ ဝါးတို့ကို ဝါးစားပစ်သည်။ မည်းနက်သောကောင်းကင်တွင် မီးခိုးတွေ အူထွက်နေသောကိုယ်ကြီးကို တွန့်လိမ်ချည်၊ စန့်ချည်ပြုကာ ရွာတရွာလုံးကို ထိုးသုတ်သည်။ အိမ်မိုးများပေါ်သို့ ရှပ်တိုက်ပျံသန်း သည်။ ထို့နောက် ကောင်းကင်သို့ ထိုးတက်သွားပြန်ကာ ရွာကို နောက်တဖန် ထိုးသုတ်သည်။ မီးလျှံတောက်နေသည့် ခေါင်းကြီးဖြင့် မြေကြီးသို့ ထိုးစိုက်ဆင်းလာပြီး ကြမ်းကြုတ်ခက်ထန်သော အာခေါင်ကြီးကို ကျယ်သည်ထက်ကျယ်အောင် ဖြဲလာပြန်သည်။

မီးတောက်ကြီးနှင့်ယှဉ်လျှင် လူများသည် တကယ့်ပီပီသေးသေးကလေးတွေ ဖြစ်နေသည်။ အချို့က မီးကို ရေနှင့်ပက်ကြ၏။ မီးတောက်ကြီးကို ဝါးလုံးများဖြင့် ထိုးကြ၏။ မီးငှက်ကြီး၏ အာခေါင်ထဲမှ မီးစွဲနေသော အရာများကို ထိုးချကာ မြေကြီးပေါ်သို့ ချနင်းသတ်ကြသည်။ မီးခိုးလုံးကြီးတွေကြောင့် ချောင်းဆိုးသူဆိုး၊ နှာချေသူချေ၊ မျက်ရည်ကျသူကျ ဖြစ်ကုန်ကြသည်။ တယောက်ကိုတယောက် လှမ်းအော်ကြသည်၊ မာန်မဲကြသည်။ သူတို့အသံများသည် မီးဝါးသံ ဂျိုးဂျိုးဂျွမ်းဂျွမ်း မြည်သံတို့နှင့် ရောနေသည်။ ထို့နောက် မီးနားသို့ တဖြည်းဖြည်း ကပ်လာကြကာ မီးငှက်ကြီး၏ခေါင်းကို ဝိုင်းထား ကြသည်။ နီရဲသော မီးတောက်ဘေးတွင် မည်းမည်းသဏ္ဌာန်တွေ ဝိုင်းအုံလာနေပုံသည် နီရဲသော ခေါင်းကြီး၊ ခေါင်းကြီးတလုံးကို တင်းကျပ်စွာ စွပ်တော့မည့် ကြိုးကွင်းကြီးတကွင်းနှင့် တူတော့သည်။ တနေရာ၊ နှစ်နေရာတွင် ကြိုးကွင်းသည် ပြတ်သွားတတ်သော်လည်း မကြာမီ ပြန်ဆက်မိသွားကာ တင်းကျပ်သည်ထက် တင်းကျပ်စွာ ရစ်ပတ်လာသည်ဟု ထင်ရသည်။ မီးတောက်များသည် မြွေကြီး များလို တွန့်လိမ်ကာ ကောင်းကင်သို့ ခုန်ပေါက်နေကြ၏။ သူ့ခေါင်းကို မြေကြီးပေါ်သို့ ချနင်းမည့် လူများလက်မှ အလွတ်ရုန်းနေသကဲ့သို့ ရှိ၏။ မီးတောက်များသည် မောပန်းကုန်ခန်းသွားသည့်နှယ် အနီးက စပါးကျီများပေါ်သို့ လဲကျသွားပြီးနောက် သစ်သီးခြံများဘက်သို့ လျှောထွက်သွားသည်။ နောက်ဆုံးတွင် တဖြည်းဖြည်း အားပျော့သွားကာ ပျောက်ကွယ်သွားလေသည်။

“ငြိမ်းသွားပြီဟေ့၊ ငြိမ်းသွားပြီ”ဟု အော်သူက အော်ကြ၏။

“ရေသယ်ကြပါ၊ ရေသယ်ကြပါ” ဟု အမျိုးသမီးတွေက အော်ကြသည်။

မီးလောင်ကွင်းမှ မြစ်ကမ်းနားအထိ လူတန်းကြီး ဆက်နေတော့သည်။ မိတ်ဆွေ၊ ရန်သူ၊ လူစိမ်း လူကျက်မရွေး အားလုံးပါ၏။ တယောက်လက်မှ တယောက် ရေပုံးများကို လက်ဆင့်ကမ်းကြသည်။

“ကဲ၊ ကြီးဒေါ်တို့၊ အစ်မတို့၊ ညီမတို့ မြန်မြန်ဗျ၊ ခပ်သွက်သွက်ကလေးလုပ်ကြ”

မီးကို ငြိမ်းသတ်ရာတွင် စည်းစည်းလုံးလုံး အလုပ်လုပ်ကြပုံကို ကြည့်ရသည်မှာ အားတက်ဖွယ်လည်း ကောင်း၏။ ဝမ်းသာစရာလည်း ကောင်းလေသည်။ တယောက်ကိုတယောက် အားပေးကြသည်။ တယောက် ကျွမ်းကျင်မှုကို တယောက် ချီးကျူးကြသည်။ တယောက်၏ခွန်အားကို တယောက် အမွှမ်းတင်ကြသည်။ ရယ်ရယ်မောမောဖြင့် တယောက်ကိုတယောက် ကျိန်ဆဲကြသည်။ သူတို့အော်သံ၊ သူတို့ ကျိန်ဆဲသံထဲတွင် ဒေါသမရှိ၊ အာဃာတမပါ၊ မစ္ဆရိယမနှော။ အရေးကြီးတော့ သွေးစည်းကြသည်။ အရေးကြုံတော့ တယောက်ကိုတယောက် ပုံကြသည်။ မီးငြိမ်းသွားသည့်အခါ တွင် ရွာသားများသည် ပို၍ စိတ်ဓာတ်တက်ကြွလာကြကာ သီချင်းတွေ ဆိုကြ၏။ ရယ်ကြ၏။ မိမိတို့၏အောင်မြင်မှုအတွက် ဂုဏ်ယူကြ၏။ တယောက်ကိုတယောက် နောက်ပြောင်ကျီစယ်ကြ၏။ လူကြီးတွေက မောမောဖြင့် အရက်သောက်ကြသည်။ လူငယ်တွေက တညလုံး မအိပ်ကြဘဲ မိုးထိန်ထိန်လင်းသည်အထိ လမ်းလျှောက်၍ သီချင်းတွေ ဆိုကြသည်။ အရာအားလုံးသည် အိပ်မက်တခုထဲကလို ချစ်စရာ ကောင်းနေသည်။

တယောက်ကိုတယောက် အငြိုးတကြီးဖြင့် အော်သံမျိုးကို တသံမှ မကြားရ။ အမျက်ဒေါသထွက်နေ သည့် မျက်နှာဆို၍ တခုကိုမျှ မမြင်ရ။ မီးလောင်နေစဉ်အတွင်းတွင် မည်သူမျှ စိတ်ဆိုးရမှန်း နာကြည်းရမှန်း မသိကြ။ တိရစ္ဆာန်၏ဟိန်းဟောက်သံလို လူသတ်တော့မည့်နှယ် ဒေါသ အမျက် ခြောင်းခြောင်းဖြင့် ဟိန်းဟောက်သံမျိုးကို တသံမျှ မကြားရ။

နောက်တနေ့တွင် ကလင်းကော့က

“မနေ့ညတုန်းက သိပ်အံ့သြစရာ ကောင်းတာပဲနော် ဘထွေး” ဟု သူ့ ဘထွေးကို ပြောသည်။

“အေး၊ ဟုတ်တယ်။ မင်းပြောတာ မှန်တယ်။ နည်းနည်းများ နောက်ကျသွားရင် ရွာလုံးကျွတ်ပဲ"

“ကျွန်တော်ပြောတာက လူတွေဟာ သိပ်အံ့သြဖို့ ကောင်းတာပဲလို့၊ တယောက်နဲ့တယောက် မိတ်ဆွေတွေလို ကူညီလို့၊ ရိုင်းပင်းလို့။ ဒီလိုသာ မီးတွေ အမြဲလောင်နေရင် လူတွေလည်း ဒီလို အမြဲ တယောက်ကိုတယောက် ကူညီနေကြမှာပဲနော် ဘထွေး”

ဘထွေးက အတန်ကြာ စဉ်းစားနေသည်။

“ဘာလဲကွ။ မင်းပြောတဲ့အတိုင်းဆိုရင် အမြဲမီးလောင်ပေးရမယ့်ပုံ ဖြစ်နေပြီ။ မင်း တော်တော် လူတတ်လုပ်ချင်တဲ့ကောင်ပဲ။ သတိထားနော် ကောင်လေး၊ ကြီးကြီးကျယ်ကျယ်တွေ သိပ်တွေးမနေ နဲ့။ ဘယ့်နှယ်ဗျာ၊ မီးလောင်တာ ပျော်စရာကောင်းရတယ်လို့ပဲ။ ကြားပဲ ကြားဖူးပေါင်”

မူလတန်းကျောင်းက အောင်တော့ ဘထွေးက-

“ကဲ၊ ပြီးတော့ ဘာလုပ်မလဲ။ ဒီရွာမှာတော့ မင်း ဘာမှလုပ်စရာ ကိုင်စရာ ရှိမှာမဟုတ်ဘူး။ ဒီတော့ မြို့ကိုသွား။ ငါလည်း မြို့တက်ပြီး ဖားဖို ဝယ်ရမယ်။ ငါနဲ့လိုက်ခဲ့”

“ဘာ၊ လိုက်ခဲ့ရမယ် ဟုတ်လား"

“ဒါပေါ့၊ မင်းက ရွာက မခွာချင်ဘူးလား”

“ဟင့်အင်း၊ ရွာကိုတော့ မလွမ်းပါဘူး၊ ဘထွေးကိုပဲ လွမ်းတာပါ”

ဘထွေးက ဖားဖိုထဲသို့ သံချောင်းများကိုထည့်ကာ ညှပ်ကြီးတလက်ဖြင့် မီးကျီးခဲများကို ဆွနေသည်။ သူ့အတွေးနှင့်သူ ငိုင်နေသည်။

“ငါ့ကိုလည်း လွမ်းစရာ မလိုပါဘူးကွာ။ ငါက ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျ ဖြစ်ပါတယ်။ တောသား လယ်သမားပဲ၊ သူများလိုပေါ့"

“ဒါပေမဲ့ ဘထွေးက သူများနဲ့ မတူပါဘူး”

ကလင်းကော့က တိုးတိုးလေး ပြောသည်။

ဘထွေးက သူ့စကားများကို ကောင်းကောင်းမကြား။ ဖားဖိုထဲက ရဲနေသည့် သံချောင်းကြီးကို ဆွဲထုတ်လိုက်သည်။ မျက်လုံးများကို မှေးပြီး မီးဖုတ်ထားသည့် သံချောင်းကြီးကို ပေပေါ်တွင်တင်၍ ထုနေသည်။ မီးပွားများသည် သူ့ဘေးတွင် တဖွားဖွား လွင့်နေကြလေသည်။ ထို့နောက် တူထုရာမှ ရပ်၍ ပြုံးကြည့်ရင်း

“တကယ်ကတော့ ငါက မင်းကို ဆုံးမရမှာ။ ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ဘာညာပေါ့”

ကလင်းကော့သည် ဘထွေး၏ ဆုံးမဩဝါဒကို နားစွင့်၏။ ဘထွေးသည် သံချောင်းကို ဖားဖိုထဲသို့ ထိုးထည့်ပြီး ပါးပြင်မှ မျက်ရည်တွေကိုသုတ်ရင်း ဖားဖိုကို ငေးကြည့်နေလေသည်။ အနီးတွင်ရှိသည့် သူ့တူကိုပင် အမှတ်မရတော့။ လယ်သမားတယောက်က လှည်းပတ်သံထုရန် လာအပ်သဖြင့် ကလင်းကော့သည် ရွာဘေးက လှိုဏ်ထဲသို့ ဆင်းလာခဲ့သည်။ လှိုဏ်ထဲက ချုံပုတ်တွေထဲ ဝင်ထိုင်ကာ ပန်းပဲဖိုတွင် လူရှင်းအောင် စောင့်နေသည်။ သို့ရာတွင် ပန်းပဲဖိုတွင် လူပြတ်သည်ဟူ၍ မရှိ။

ရွာက သူထွက်လာခဲ့သည့်နေ့ကို ကလင်းကော့ ကောင်းကောင်း မမှတ်မိတော့။ ရွာက လှည်းဖြင့် ထွက်လာပြီး လယ်ကန်သင်းရိုးတွေထဲ ဖြတ်မောင်းသည့်အခါတွင် မိုးစင်စင်မလင်းတတ်သေး။ လေငြိမ်သဖြင့် ပူလောင်အိုက်စပ်နေသည်။ ခယောင်းတောထဲတွင် လှည်းက တဂျိုင်းဂျိုင်း ဆောင့်သည်။ ဘေးက သစ်ပင်မည်းမည်းကြီးတွေက မလှုပ်မယှက်ရပ်လျက်။ ရွာက ဝေးလာလေလေ ကမ္ဘာကြီးက ကျယ်လာလေလေ။ ဘထွေးက စကားတလုံးမျှ မပြောဘဲ တလမ်းလုံး ငြိမ်လိုက်လာ သည်။ သူမေးသည့် မေးခွန်းများကိုပင် ကောင်းကောင်းမဖြေ။ တလုံးစ၊ နှစ်လုံးစသာ ဖြေသည်။

တနေ့လုံး မောင်းခဲ့ပြီးနောက် ရွာကလေးတရွာတွင် စခန်းချကြသည်။ ညကျတော့ လက်ဆွဲဘာဂျာ ဆွဲသံတခု ကြားရသည်။ မိန်းမတယောက်၏ ငိုသံနှင့် ယောကျ်ားတယောက်၏ ကျိန်ဆဲသံကိုလည်း ကြားရ၏။

နောက်တနေ့ညတွင်လည်း တူဝရီးနှစ်ယောက် ခရီးဆက်ခဲ့ကြသည်။ ခွေးနှစ်ကောင်သည် သူတို့ လှည်းနောက်က ဆော့လိုက်၊ ပြေးလိုက်၊ ဟောင်လိုက်ဖြင့် လိုက်လာကြသည်။ လှည်းထွက်၍ မကြာမီ လမ်း၏လက်ဝဲဘက် တောထဲမှ တစ်တီတူးတကောင် စူးစူးဝါးဝါးမြည်သံကို ကြားရသည်။

"ဖွဟဲ့၊ လွဲပါစေဖယ်ပါစေ" ဟု ဘထွေးက ရွတ်သည်။

ကလင်းကော့ကား မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။ ဘထွေးက တံဖျားနှင့် ခြေထောက်ကို ထိုးမှ နိုးတော့သည်။

"ကောင်အိုလေး ထတော့ ရောက်ပြီ"

ကလင်းကော့သည် အိပ်မှုန်စုံမွှားဖြင့် မြို့ကိုကြည့်သည်။ သူ့စိတ်တွင် မြို့ကြီးသည် အပြောကျယ်လှ သည့် ဂျုံခင်းကြီးတခုနှင့် တူနေလေသည်။ အိမ်တွေက ပူးကပ်နေကြသည်၊ မျှော်၍မဆုံးနိုင်။ ဓမ္မာရုံများမှ စုလစ်မွမ်း ချွန်များသည် တောပန်းပွင့်ဝါဝါတွေလို မိုးသို့ မျှော်နေကြသည်။ လမ်းတွေက လယ်ကန်သင်းတွေနှင့် တူနေသည်။

ကလင်းကော့သည် မြို့ကြီးကို ကြည့်ပြီး တအံ့တသြ ဖြစ်နေသည်။ အနားရောက်တော့ မြို့ကြီးသည် ပို၍ အသွေးအရောင်စုံဖြင့် တောက်နေ၏။ နေရောင်၊ ဖန်ရောင်၊ မှန်ရောင်တို့ကြောင့် စိမ်းစိမ်း၊ နီနီ၊ ရွှေရွှေ အရောင်သည် ပို၍ ပြိုးပြက်နေကြ၏။ ထိုအရာတို့သည် သူ့စိတ်တွင် အမျိုးအမည် ခွဲခြားမရ သော မျှော်လင့်ချက်များကို ဖြစ်ပေါ်စေ၏။

"အဲဒါ မင်းနေရမယ့်မြို့ပဲ။ ခိုင်းတာကို ကောင်းကောင်းမွန်မွန်လုပ်၊

ကြားလား။ ပြီးတော့ ဘယ်သူနဲ့မှ အပေါင်းအသင်း မလုပ်နဲ့။ လူမိုက်ကို ရှောင်၊ လူမိုက်ဆယ်ယောက်မှာ တယောက်ပဲ ကြီးပွားသတဲ့။ ကိုးယောက်က ဒုက္ခတွေ့သတဲ့”

ဘထွေးက ဝိုးတိုးဝါးတား ပြောသည်။ သူပြောသည့်စကားများကို သူကိုယ်တိုင်လည်း ယုံကြည်ခြင်း ရှိပုံမရ။ ကလင်းကော့ကမူ စိတ်ပါလက်ပါ နားထောင်၏။ ဘဝသစ်တွင် တွေ့ရမည့် အန္တရာယ်များနှင့် ပတ်သက်၍ သူ့ဘထွေးက ဆုံးမစကား ပြောလိမ့်မည်ဟု မျှော်လင့်သည်။

ဘထွေးက သက်ပြင်းကြီးတချက် ချလိုက်ပြီးနောက် ပီသပြတ်သားစွာဖြင့်

“တခါတုန်းက ခရိုင်ဝန်ရုံးထဲမှာပေါ့ကွာ။ ငါ့ကို သံတုတ်ကြီးတွေနဲ့ ဝိုင်းရိုက်လိုက်ကြတာ ကံကောင်း လို့ မသေတယ်။ အဲဒီတုန်းက ငါကလည်း မင်္ဂလာဆောင်တော့မယ့်ဆဲဆဲကြီး။ မြို့သားဆိုတဲ့ကောင် တွေဟာ မကောင်းပါဘူးကွာ။ နည်းနည်းမှ ကိုယ်ချင်းစာတရား ရှိတဲ့ကောင်တွေ မဟုတ်ဘူး။ တခါတုန်းကလည်း ထောင်ထဲမှာ သုံးလခွဲလောက် အချုပ်ခံခဲ့ရသေးတယ်။ ခရိုင်ဝန်ဆီတောင် လျှောက်လွှာတင်မယ် စိတ်ကူးသေးတယ်။ အဲဒီတုန်းကလည်း အရိုက်ခံလိုက်ရတာ သွေးတွေ ဘာတွေကို အန်ယူတာပဲ။ မျက်ခမ်းစပ်ပြီး မျက်ရည်တွေ တစိုစိုနဲ့ဖြစ်တာ။ အဲဒီတုန်းက ဖြစ်ခဲ့တာ ပေါ့။ အဲဒီထဲက ဆံပင်နီနီနဲ့ ခပ်ပုပု ပုလိပ်တယောက် ဆိုးလိုက်ပုံများ မပြောပါနဲ့တော့ကွာ"

“ဒီအကြောင်းတွေ မပြောပါနဲ့တော့ ဘထွေးရာ”

“ဒီအကြောင်းမပြောလို့ ဘယ်အကြောင်း ပြောရဦးမှာလဲကွ”

ကလင်းကော့သည် စိတ်ပျက်ကာ ခေါင်းငိုက်စိုက်ကျနေသည်။

သူတို့သည် အိမ်တန်းတွေရှေ့မှ မောင်းလာခဲ့ကြသည်။ အိမ်တွေက ညစ်ပတ်သည်။ အနံ့အသက်တွေ က ဆိုးလိုက်သည်မှာလည်း ဆိုဖွယ်မရှိတော့။ သူတို့အားလုံး၏ ကိုယ်ထဲသို့ စိမ့်ဝင်သွားသည်ဟုပင် ထင်ရသည်။ ခေါင်းတိုင်ကြီးများသည် အမိုးစိမ်းစိမ်းနီနီကြီးများပေါ်မှ မှဲ့သီးကြီးများလို ထိုးထိုး ထောင်ထောင် ဖြစ်နေကြသည်။ ပြာမှိုင်းမှိုင်း မီးခိုးများကို မှုတ်ထုတ်နေကြသည်။ အချို့ မီးခိုး ခေါင်းတိုင်များမှာ မြေပြင်မှ တန်းတန်းမတ်မတ်ကြီး ထိုးထွက်ကာ မည်းမှောင်သော မီးခိုးလုံးကြီး များကို မှုတ်ထုတ်နေကြသည်။ မြေကြီးသည် မည်းနက်သောဆီတို့ဖြင့် စိုစွတ်လျက်ရှိ၏။ ကြောက်စရာ စက်သံများကို ကြားရလေသည်။ သံဘီးကြီးများ၏ လည်ပတ်သံ၊ ပွတ်တိုက်သံ၊ တရှီရှီ မြည်သံများသည် ဆူညံလျက်ရှိကြ၏။

“မြို့ထဲမရောက်သေးဘူးကွ၊ ဒါက စက်ရုံတွေ” ဘထွေးက ပြောသည်။

အိမ်တွေစီတန်းနေသည့် လမ်းကျယ်ကြီးတခုသို့ ရောက်လာကြ၏။ အိမ်တွေက ဆေးရောင်စုံတွေ သုတ်ထားကြသည်။ အိုလှဟောင်းလှပြီ။ တချို့အိမ်တွေက အိမ်ရှေ့တွင် ပန်းခြံကလေးတွေရှိသဖြင့် လှပနေသည်။

“ရောက်တော့မှာကွ။ ဘာမှမကြောက်နဲ့နော်”

ဘထွေးက လှည်းကို လမ်းကျဉ်းကလေးတခုထဲသို့ ချိုးဝင်လိုက်သည်။

အိမ်ကြီးတလုံးရှေ့သို့ ရောက်သည့်အခါတွင် ဘထွေးက လှည်းကို ရပ်လိုက်သည်။ ထို့နောက် လှည်းပေါ်မှ ခုန်ဆင်းပြီး အိမ်ဝင်းကြီးထဲသို့ ဝင်သွားလေသည်။ အိမ်ကြီးက အိုမင်းလှပြီ။ အရပ်က လည်း ဆိုးလှ၏။ ညစ်ပတ်ပေရေလျက်ရှိသည့် ဝင်းကျယ်ကြီးတွင် လှည်းတွေ ရပ်ထားသည်ကို တွေ့ရသည်။ လယ်သမားလေးယောက်သည် မြင်းဖြူကြီးတကောင်ကို ဝိုင်းကြည့်ရင်း စကားပြောနေ ကြသည်။ တယောက်က ခေါင်းပြောင်ပြောင် မျက်နှာနီနီ၊ ဝါကြန့်ရှည်လျားသည့် မုတ်ဆိတ်များရှိပြီး ဘထွေးကို မြင်သည့်အခါတွင် ဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်သည်။

မည်းမှောင်သည့် အခန်းကျဉ်းကလေးထဲတွင် ထိုင်၍ လက်ဖက်ရည် သောက်ကြသည်။ ခေါင်းပြောင်ပြောင်နှင့်လူကား အရယ်လည်း သန်သည်။ စကားလည်း အမျှင်မပြတ် ပြောနိုင်သည်။ အခန်းထဲတွင် မွန်းနေပြီး ပေါင်မုန့်ဖုတ်သည့်အနံ့ လွှမ်းနေ၏။ ကလင်းကော့ အိပ်ချင်လှပြီ။ အခန်းထောင့်က ခုတင်ကြီးကိုသာ လှမ်းကြည့်နေမိသည်။ ယင်တွေက နဖူးပေါ်လာနားပြီး မျက်နှာပေါ်တွင် လျှောက်သွားနေကြသည်။ ချွေးထွက်ရသည့်အထဲ ယင်ကောင်တွေက မျက်နှာပေါ် လျှောက်သွားနေသဖြင့် အခံရခက်လှ၏။ သို့တိုင်အောင် ကလင်းကော့သည် ယင်တွေကို ခြောက်ဖို့ သတိမရ။

“ကောင်လေး နေဦးနော်၊ မင်းဖို့ နေရာရှာရဦးမယ်။ နာတာလျာ မက်ဗေးကော မလာသေးဘူးလား”

ခေါင်းပြောင်ပြောင်နှင့် လူကြီးက ပြောသည်။

“ရှင်မေးတာ ဘယ်နှခါရှိပြီလဲ”

နာတာလျာဆိုသည့် မိန်းမကြီးက ဝဝကြီး။ မျက်ခုံးမွေးထူထူ၊ ပါးစပ်ပေါက်ကျဉ်းကျဉ်း၊ ရင်အုံ ကြီးကြီးနှင့်ဖြစ်သည်။

“ဗျို့.. ပြုံရံတာ၊ ကြည့်စမ်းပါဦးဗျ။ ပျားသလက်ကြီးနဲ့ မတူဘူးလား။

အရည်ရွှမ်းရွှမ်း”

ခေါင်းပြောင်နှင့် လူကြီးက အော်ကျယ်ဟစ်ကျယ်နှင့် ပြောသည်။

ဘထွေး ပြုံရုံတာက မိန်းမကြီးကို မကြည့်ရဲဟန်ဖြင့် ကျိတ်၍ရယ်သည်။ မိန်းမကြီးက ဒိန်ချဉ် ဆမ်းထားသည့် ဂျုံမုန့်ပူပူတလုံးကို ကလင်းကေ့ာရှေ့သို့ ထိုးပေးလိုက်ပြီး

“ဟဲ့ကောင်လေး စားဦးလေ၊ တော်ပြီလား။ တို့မြို့မှာ နင်တို့တောလို မဟုတ်ဘူး။ စားစရာတွေ ပေါတယ်”

‘ဟဲ့ ကောင်လေး၊ စားလေ’ ခေါင်းပြောင်နှင့်လူကြီးက ဘထွေးနှင့် စကားပြောနေရာမှ ကလင်းကေ့ာ ဘက်သို့ လှည့်ပြောလိုက်သည်။ ‘အင်း.. ကံကောင်းလို့ မသေတာပေါ့ဗျာ။ ကောင်လေး မြင်းကန်ခံရ တာ ဘာကြာသေးလို့လဲ။ မင်းဆိုင်သွားပြီး ရေနွေးသွားတောင်းတာလေ’

လူတယောက် ဝင်လာသည်ကို မည်သူမျှ သတိမထားလိုက်မိကြ။ ထိုလူမှာ ခေါင်းပြောင်ပြောင်၊ သေးကွေးကြုံလှီပြီး မေးပေါ်တွင် မုတ်ဆိတ် မွေးဖြူဖြူတွေ ပေါက်နေသည်။ မျက်မှန်နက်ကြီးသည် ကြီးမားသော နှာခေါင်းကြီးပေါ်သို့ လျှောကျလျက်ရှိ၏။

“ဒီလူတွေ ဘာတွေဖြစ်နေကြတာလဲ”

ခေါင်းပြောင်နှင့် အိမ်ရှင်သည် ကုလားထိုင်မှ ဖြုန်းခနဲ ထရပ်လိုက်သည်။ အာမေဋိတ်သံ ပြုလိုက်ပြီး နောက် ခပ်ကျယ်ကျယ် ရယ်လိုက်၏။ ကလင်းကေ့ာကား လန့်နေလေပြီ။

အိမ်ရှင်နှင့် သူ့ဘထွေးတို့ကို ‘ဒီလူတွေ’ ဟု သူခေါ်လိုက်ပုံမှာ သူ့ကိုယ်သူ တမူထူးခြားသွားအောင် လုပ်လိုက်သကဲ့သို့ရှိ၏။ ထိုလူသည် စားပွဲနှင့် ခပ်လှမ်းလှမ်းတွင် ဝင်ထိုင်လိုက်ပြီး နောက်အတန်ကြာ သောအခါ ဘထွေးနှင့် ဝေးသည်ထက်ဝေးအောင် ပြောင်းထိုင်ပြန်သည်။ ခြောက်သွေ့ရှုံ့တွကာ သေးလှီသည့်လည်ပင်းပေါ်မှ ခေါင်းကို ဘယ်ညာလှည့်၍ ကြည့်သည်။ လက်ယာဘက်မျက်လုံး အထက် နဖူးပြင်ပေါ်တွင် အသီးကြီးတခု ထွက်လျက်ရှိ၏။ သေးငယ်၍ ချွန်းနေသော နားရွက်များ သည် ရှုံ့တွချပ်ရပ်ကာ ဖြူဖွေးနေသည့် နားပန်းဆံများအောက်တွင် ပုန်းခိုနေကြသည့်နှယ် ရှိ၏။ သူ့တကိုယ်လုံးသည် ဖုန်တွေ ပေနေသကဲ့သို့ စုတ်ပြတ်ညိုးနွမ်းနေသည်။ ကလင်းကေ့ာသည် မျက်မှန်နက်ကြီးအောက်မှ ထိုလူကြီး၏ မျက်လုံးများကို ကြိုးစား၍ကြည့်သည်။ သို့ရာတွင် ဘာကိုမျှ မမြင်ရ။

"ဟဲ့ကောင်လေး၊ ငါပြောတာ နားလည်ရဲ့လား"

ခေါင်းပြောင်ပြောင်နှင့် အိမ်ရှင်က မေးသည်။

"အင်း၊ ကံကြီးလို့ မသေတာပေါ့"

နဖူးတွင် အသီးကြီးနှင့်လူက ပြောသည်။ မည်းနက်သည့်လက်များကို ဒူးချွန်ချွန်ကြီးပေါ်သို့ တင်ထား ရင်း တိတ်ဆိတ်စွာ ထိုင်နေသည်။

"ဒါဖြင့် ကိစ္စပြီးသွားပြီပေါ့"

နဖူးတွင် အသီးကြီးနှင့်လူက ပြောသံကို ကလင်းကော့ ကြားလိုက်ရသည်။

"ကဲ ကောင်အိုလေး၊ မင်း အလုပ်လုပ်ရတော့မယ်။ အဲဒါ မင်းအလုပ်ရှင်ပဲ"

ဘထွေးက ပြောသည်။

နဖူးတွင် အသီးကြီးနှင့်လူက မျက်မှန်နက်ကြီးကို မြှင့်တင်လိုက်ပြီး ကလင်းကော့ကို ကြည့်သည်။

"မှတ်ထား၊ ငါ့နာမည် မက်ဗေး မက်ဗီယစ်ချ်တဲ့"

ထိုလူသည် လက်ဖက်ရည်တခွက်ကိုယူပြီး အသံမမြည်အောင် သောက်နေလေသည်။ ထို့နောက် ထ၍ ခေါင်းညိတ်နှုတ်ဆက်ပြီး ထွက်သွားလေသည်။

ကလင်းကော့သည် ဘထွေးနှင့်အတူ ဝင်းထဲသို့ထွက်လာပြီး မြင်းဇောင်းနားတွင် ထိုင်ကြသည်။ ဘထွေးသည် သူနားမလည်သည့်အကြောင်းတခုကို ပြောသလို ကလင်းကော့ကို စကားတွေ တတွတ်တွတ် ပြောနေသည်။

"ဒီလူဆီ အလုပ်လုပ်ရတာ မင်းလည်းသဘောကျမှာပါ။ လူက လူအေးကြီးပါ။ အရင်တုန်းကတော့ သိပ်ပေတဲ့လူပေါ့။ ခုတော့ ကောင်းကောင်းမွန်မွန် နေရှာပါပြီ။ အစာဝတဲ့ ကြောင်များလို ခပ်ကုပ်ကုပ် ပဲ နေတော့တယ်"

"သူက အောက်လမ်းဆရာကြီးလားဟင်"

'ကြံကြံဖန်ဖန် ဘယ်ကလာအောက်လမ်းဆရာရမှာလဲ။ မြို့မှာ အောက်လမ်းဆရာ မရှိတော့ပါဘူးကွ' ဘထွေးက အတန်ကြာ စဉ်းစားနေသည်။ 'အေးလေ၊ မင်းအဖို့တော့ အောက်လမ်းဆရာလို ဖြစ်ချင် ဖြစ်နေမှာပေါ့။

တကယ်ကတော့ အောက်လမ်းဆရာဆိုတာလည်း သူလိုကိုယ်လို လူပါပဲ။ ဒါပေမဲ့ မင်း တခုတော့မှတ်ထား။ မြို့ကြီးပြကြီးဆိုတာ အင်မတန် အန္တရာယ်များတယ်။ လူကို ဖျက်ဆီးတတ် တယ်။ တခါတုန်းက လူတယောက်ရဲ့မိန်းမဟာ ဘုရားဖူးသွားတယ်။ ဒီတော့ ဒီလူက ထမင်းချက် မိန်းမကို မယားငယ်ယူလိုက်တယ်။ ဒါမျိုးကို အတုမခိုးရဘူး။ ဒါပေမဲ့ ဒီလူကတော့ ဒီလို လူစားမျိုး မဟုတ်ပါဘူး။ ဒါကြောင့် သူနဲ့ဆိုရင် အဆင်ပြေမှာလို့ မင်းကို ပြောတာပေါ့။ သူနဲ့နေရင် အစစအရာရာ စိတ်ချရတယ်'

"သူသေသွားရင်ကော"

ကလင်းကော့က စိတ်ပျက်လက်ပျက် မေးသည်။

"တော်တော်နဲ့ မသေသေးပါဘူးကွာ။ ဆံပင်ထိုးထိုးထောင်ထောင် မဖြစ်စေချင်ရင် အုန်းဆီ လိမ်းရသလို ပိပိပြားပြား ဖြစ်ချင်ရင် ပိပိပြားပြားနေတဲ့လူကို အတုခိုးရတယ်"

အိမ်ရှင်များကို နှုတ်ဆက်ရန် ဘထွေးက ခိုင်း၏။ တူဝရီးနှစ်ယောက် မြို့လယ်သို့ ပြန်လာခဲ့ကြသည်။ ကလင်းကော့သည် သူ့ဘထွေးဘေးမှ ကပ်လိုက်လာရင်း မြင်မြင်သမျှကို ဇီးကွက်မျက်လုံးဖြင့် ကြည့်သည်။ ဆိုင်တံခါးကြီးတွေက ဂျိန်းခနဲ မြည်၍ ပိတ်သွားကြသည်။ ပတ္တာကြီးတွေက တကျွီကျွီ မြည်နေကြသည်။ ရထားတွေက မြင်းခွာသံ တဖြောက်ဖြောက် မြည်နေကြသည်။ လှည်းတွေက တကျွီကျွီ မြည်နေကြသည်။ ဈေးသည်တွေက တကြော်ကြော်။ ခြေသံတွေက တရှပ်ရှပ်။ ထိုအသံများ သည် သူ့နားထဲတွင် ရောထွေးကာ မွန်းကျပ်နေသည့် ဖုန်လုံးကြီးတလုံးလို ဖြစ်နေလေသည်။ လူတွေက ရေးကြီးသုတ်ပျာ သွားနေကြသည်။ လှုပ်ရှားရုန်းကန်ရသည်တို့ကို မြင်ရလွန်းသဖြင့် သူ့မျက်စိများသည် ညောင်းညာနေကြ၏။ ကလင်းကော့သည် မူးဝေလာသဖြင့် မျက်လုံးကို မကြာခဏ မှိတ်ထားရသည်။ မြန်မြန်သွားရန် သူ့ဘထွေးကို ပူဆာရသည်။

ဆူညံအိုက်စပ်ခြင်းမရှိသည့် ချောင်ကလေးတခုထဲတွင် အေးအေးသက်သာ သွားနေချင်သည်။ နောက်ဆုံးတွင် ကွက်လပ်ကလေးတခုသို့ ရောက်သွားကြသည်။ ကွက်လပ်ကလေးအလယ်တွင် ရေပန်းတခု ရှိသည်။ ထိုနေရာတွင် ဘာသံမျှ မကြားရ။ အသံဗလံတွေအားလုံး ငြိမ်သက်နေသည်။

"ဘထွေး၊ ဒီနားကအိမ်တွေက ဝင်းထရံတွေဘာတွေ မရှိဘူးနော်"

ဘထွေးက သက်ပြင်းချလိုက်ပြီး

“ဆိုင်းဘုတ်တွေကို ဖတ်စမ်းပါကွယ်။ ပေါ့ပေါ့ရဲ့ဆိုင် ဘယ်နားမှာလဲလို့”

သူတို့နှစ်ယောက် ကွက်လပ်ကလေး အလယ်ကောင်သို့ လျှောက်လာကာ ရေပန်းကလေးနားသို့ လာခဲ့ကြသည်။ ဆိုင်းဘုတ်တွေက အများကြီး အိမ်တိုင်းအိမ်တိုင်းတွင် ဆိုင်းဘုတ်တွေ အစီအရီ ချိတ်ထားသည်မှာ သူတောင်းစားအင်္ကျီတွင် ဖာရာတွေ ပြည့်နေသကဲ့သို့ရှိသည်။ ကလင်းကောဲသည် သူ့ဘထွေး အရှာခိုင်းသည့် ဆိုင်းဘုတ်ကို သွားတွေ့သည်။ သူ့ဘထွေးကို ဘာမျှမပြောသေးဘဲ ဆိုင်းဘုတ်ကို သေသေချာချာ ဖတ်နေသည်။ ဆိုင်းဘုတ်က သေးသေးကလေး၊ သံချေးတက်နေပြီ။ ဆိုင်းဘုတ်တပ်ထားသည့် တံခါးမှ ဆင်းသွားလျှင် မြေတိုက်ဆိုင်ခန်းတခုသို့ ရောက်သည်။ ဆိုင်ရှေ့ ပလက်ဖောင်းမှာ အပေါက်ကြီးဖြစ်နေသဖြင့် ဘေးပတ်ပတ်လည်တွင် ခြံခတ်ထားသည်။ ဆိုင်က သုံးထပ်တိုက်ကြီးတခု၏ အောက်ဆုံးအထပ်တွင်ရှိသည်။ တိုက်ကြီးက အိုအို၊ အမြင်ကိုက ကြောက်စရာ။

ကျောက်တုံး လှေကားထစ်တွေအတိုင်း ဆင်းလာခဲ့ကြသည်။ လှေကားထစ် ငါးခုရှိသည်။ ဘထွေးက ဦးထုပ်ကို အပေါ်သို့ မြှင့်ဆောင်းလိုက်ပြီး ဆိုင်ထဲသို့ လှမ်းကြည့်လိုက်သည်။

“ဝင်ခဲ့လေ”

ကြည်လင်ပြတ်သားသည့် အသံတသံကို ကြားရသည်။

ဆိုင်ရှင်သည် ပြတင်းပေါက်နားက စားပွဲတလုံးတွင် ထိုင်၍ လက်ဖက်ရည်သောက်နေသည်။ ခေါင်းတွင် ပိုးပျော့ဦးထုပ်အနက်တလုံးကို ဆောင်းထား၏။

“ထိုင်လေ၊ လက်ဖက်ရည်လေးဘာလေး သောက်ပါဦး။ ဟဲ့ကောင်လေး စင်ပေါ်က ဖန်ခွက်တလုံး သွားယူချည်”

ဆိုင်ရှင်က အခန်းမှောင်မှောင်ဘက်သို့ ညွှန်ပြသည်။ ကလင်းကောဲ လှမ်းကြည့်လိုက်သည့်အခါတွင် မည်သူ့ကိုမျှ မတွေ့ရ။ ဆိုင်ရှင်က ကလင်းကောဲကို လှမ်းကြည့်ပြီး

“သွားလေ၊ နင်က ကောင်လေး မဟုတ်ဘူးလား”

“လုပ်ကိုင်နေကျ မရှိသေးလို့ပါ”

ဘထွေးက ခပ်တိုးတိုးပြောသည်။

“သွား၊ ဟောဟိုဘက်က ဒုတိယစင်ပေါ်မှာရှိတယ်။ အရိပ်ပြရင်

အကောင်ထင်ရတယ်ကွ”

ပန်းပဲဆရာက သက်ပြင်းချသည်။ ကလင်းကေ့ာသည် မှောင်ရီရီအလင်း ရောင်ထဲတွင် ဖန်ခွက်ကို လိုက်ရှာသည်။ ဖန်ခွက်ကို ဆိုင်ရှင်သို့ လှမ်းပေးမည်အပြုတွင် ကြမ်းပေါ်၌ ပုံထားသည့် စာအုပ်ပုံကြီး ကို ခလုတ်တိုက်မိသည်။

“စားပွဲပေါ်တင်ထား၊ ပန်းကန်ပြားကော”

“ဒီကောင်လေး တော်တော်ခက်တဲ့ ကောင်လေးပဲ၊ ပန်းကန်ပြားပါ ယူခဲ့မှပေါ့ကွ”

ဘထွေးက ဆူသည်။

“ဒီကောင်ကို တော်တော်သင်ယူရဦးမှာပါ။ သွား ဆိုင်ထဲသွားပြီး ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ ကြည့်ထား”

ဆိုင်ရှင်က ဘထွေးကိုကြည့်၍ ပြောသည်။

တစုံတရာသည် သူ့ကိုယ်တွင်းသို့ ဝင်ရောက်လာကာ သူ့ကို စေခိုင်းနေသည်ဟု ထင်ရ၏။ ကလင်းကေ့ာသည် ခပ်ကုပ်ကုပ်ကလေး ထသွားကာ ဆိုင်ထဲကို လှျောက်ကြည့်သည်။ ဆိုင်ရှင် ပြောသည့် စကားကို ကြားရအောင် နားစွင့်ထားရသည်။ ဆိုင်ထဲတွင် မှောင်ရီ၍ အေးမြနေသည်။ ဘေးတဖက်တချက်တွင် စာအုပ်စင်တွေ စီထားသဖြင့် အခန်းသည် ကျဉ်းမြောင်းရှည်လျားနေသည်။ အခန်းအဆုံးတွင်လည်း ကြမ်းပြင်တွင် ပုံထားသည့် စာအုပ်ပုံကြီးများကို တွေ့ရ၏။ နောက်ဘက်က နံရံကိုပင် မမြင်ရ။ စာအုပ်ပုံကြီးက မျက်နှာကြက်ထိအောင် ဟည်းနေသည်။ စာအုပ်ပုံတွင်မက လှေကားတခု၊ ထီးတလက်၊ နှင်းကာမျက်မှန်အချို့နှင့် လက်ကိုင်မပါသည့် အိုးဖြူဖြူတလုံးကိုလည်း တွေ့ရသည်။ ဖုန်နံ့နံနေသည်ကိုထောက်လျှင် အခန်းထဲတွင် ဖုန်တော်တော်ထူနေသည်ဟု ခန့်မှန်းရ၏။

“ကျုပ်က တကိုယ်ရေတကာယသမားပါ။ အကယ်၍ ကျုပ်သဘောကျတယ်ဆိုရင် သူ့ကို ပျော်အောင် ထားရမှာပေါ့။ ကျုပ်နေတာက ရိုးရိုးရှင်းရှင်းရယ်။ ကျုပ်လည်း ခပ်ရိုးရိုးနေတယ်။ မရိုးသားတဲ့လူ ဆိုရင်တော့ ကျုပ်နဲ့မဖြစ်ဘူး။ အဲ ကျုပ်ဆီမှာနေတုန်း မရိုးမသားတွေ့ရင်တော့ ကျုပ်က ပုလိပ် အပ်လိုက်မှာပဲ။ ခုခေတ်မှာ ကလေးတွေကိုလည်း ထောင်ချတာပဲ။ ကလေးထောင်ဆိုပြီး သတ်သတ် ဖွင့်ထားတယ်။ သူခိုးအငယ်စားကလေးတွေအတွက် သတ်သတ်ဖွင့်ထားတာ ဆိုပါတော့”

ဆိုင်ရှင်က လေသံတပြေးတည်းဖြင့် ပြောနေသည်။ ကလင်းကော့သည် ထိုလူကြီး၏ စကားများကို နားထောင်ရင်း အလိုလို ရှိုက်လာသည်။

"ကဲ သွားပေတော့၊ ကောင်လေးတော့ အလုပ်စခိုင်းရမယ်"

ဘထွေးက သက်ပြင်းတချက်ချပြီး ထိုင်ရာမှ ထသည်။

"ကဲ ကောင်အိုလေး၊ မင်း ဒီမှာနေရစ်ခဲ့ရမယ် ဟုတ်လား။ မင်း ဆရာ့စကားကို နားထောင်။ မင်းကို ကောင်းကောင်းမွန်မွန် ထားလိမ့်မယ် ကြားလား။ ဘာမှအားမငယ်နဲ့ သိလား"

"သိတယ်ဗျ"

"ဗျလို့ မပြောရဘူး၊ ခင်ဗျလို့ ပြောရတယ်"

"ဟုတ်ကဲ့ခင်ဗျ"

"ကဲ သွားမယ်ဟေ့"

ဘထွေးက သူ့လက်ကြမ်းကြမ်းကြီးကို ပခုံးပေါ်သို့ တင်လိုက်သည်။ ထို့နောက် သူ့တူကို အသာကိုင်ပြီး ထွက်သွားသည်။

ကလင်းကော့ ရင်ထဲတွင် ဟာနေသည်။ တံခါးပေါက်နားသို့ လျှောက်ခဲ့၏။ ထို့နောက် ပြန်လှည့်လာ ပြီး သူ့အလုပ်ရှင်၏ ဝါကြန့်ကြန့်မျက်နှာကို ငေးကြည့်နေလေသည်။ ဆိုင်ရှင်သည် မှတ်ဆိတ်ဖြူဖြူ များကို ငုံ့ကြည့်ပြီး လိမ်နေလေသည်။ မျက်မှန်မည်းကြီးအောက်က ပြူးကျယ်သော မျက်လုံးကြီးများ ကို မြင်ရသည်ဟု သူ့စိတ်တွင် ထင်နေသည်။ သူတို့နှစ်ယောက်သည် စကားမပြောဘဲ အတန်ကြာ ရပ်နေကြသည်။ ကလင်းကော့၏ ရင်ထဲတွင် တစုံတရာကို ကြောက်နေ၏။

လူကြီးက စာအုပ်စင်မှ စာအုပ်တအုပ်ကို ဆွဲယူလိုက်ပြီး အဖုံးကို ပြသည်။

"ဒီဂဏန်းကို ဖတ်တတ်ရဲ့လား"

"၁၈၇၃"

"ဟုတ်ပြီ" လူကြီးက ခြောက်သွေ့နေသည့် လက်ချောင်းများဖြင့် ကလင်းကော့၏ မေးကို တို့လိုက်ပြီး

"ငါ့ကိုကြည့်စမ်း"

ကလင်းကေ့ာက မော့၍ကြည့်လိုက်ရင်း

"ကျွန်တော် ဦးကြီးစကားကို အမြဲ နားထောင်ပါ့မယ်ခင်ဗျ"

ကလင်းကော့သည် အားငယ်လာသည်။ သူ့မျက်လုံးကလည်း ဘာကိုမျှမမြင်ရတော့။

"ဒီကိုလာစမ်း"

အဘိုးကြီးက ကုလားထိုင်တွင်ထိုင်ရင်း လက်နှစ်ဖက်ကို ဒူးပေါ်သို့ တင်ထားသည်။ ဦးထုပ်ကို ချွတ်လိုက်ပြီးနောက် ခေါင်းပြောင်ကြီးကို လက်ကိုင်ပဝါဖြင့် သုတ်သည်။ နှာခေါင်းပေါ်သို့ လျှောကျနေသည့် မျက်မှန်ပေါ်မှ ကျော်၍ ကလင်းကော့ကို ငေးကြည့်နေသည်။ မျက်မှန်ကို ချွတ်လိုက်တော့ သူ့မျက်လုံးများကို ပကတိအတိုင်း မြင်ရသည်။ သူ့မျက်လုံးကလေးတွေက သေးသေးကျဉ်းကျဉ်း။ မျက်ခမ်းတွေက နီရဲနေသည်။

"အရင်တုန်းက ခဏခဏ အရိုက်ခံရဖူးသလား"

"ဟုတ်ကဲ့ ခင်ဗျ"

"ဘယ်သူက ရိုက်တာလဲ"

"ကောင်လေးတွေက ခင်ဗျ"

အဘိုးကြီးက မျက်မှန်ကို ပြန်တပ်လိုက်သည်။ နှုတ်ခမ်းကို တပျတ်ပျတ်လျက်ရင်း

"ကောင်လေးတွေကတော့ ဒီမှာလည်း ဒီလိုပဲ။ သူတို့နဲ့ အပေါင်းအသင်း မလုပ်နဲ့ ကြားလား"

"ဟုတ်ကဲ့ ခင်ဗျ"

"အမြဲ သတိထား။ ဒီက ကောင်လေးတွေက သူခိုးတွေ၊ ကလေကချေတွေ။ မင်းသိထားဖို့က မင်းကို ကောင်းအောင်သွန်သင်ဆုံးမဖို့ ငါ့မှာ ဝတ္တရားရှိတယ်။ ငါဟာ လူကောင်း၊ ဒီတော့ မင်း ငါ့ကို သဘောကျလာမှာပဲ။ ငါ သဘောကျအောင်နေရင် မင်းလည်း ကြီးပွားမှာပဲ၊ နားလည်ရဲ့လား"

"ဟုတ်ကဲ့ ခင်ဗျ"

အဘိုးကြီး၏မျက်နှာသည် ပြန်တည်သွား၏။ ထိုင်ရာမှ ထကာ ကလင်းကော့၏လက်ကိုဆွဲပြီး ဆိုင်ခန်းတဖက်သို့ ခေါ်သွားသည်။

“ဒီစာအုပ်တွေကို မင်းမြင်တယ် မဟုတ်လား။ စာအုပ်တိုင်းမှာ နေ့စွဲတွေ ရိုက်ထားတယ်။ ဒါတွေကို အစီအစဉ်ကျကျစီပါ။ ဘယ်လိုစီမလဲ၊ စီတတ်ပါ့မလား”

ကလင်းကော့က အတန်ကြာ စဉ်းစားနေသည်။ ပြီးမှ ကြောက်ကြောက်ရွံ့ရွံ့ဖြင့်

“ကောင်းကောင်း မစီတတ်ဘူးခင်ဗျ”

“ကောင်းပြီ။ မင်းဘာသာစီကြည့်၊ စာအုပ်မှာပါတဲ့ နေ့စွဲတွေကို ကြည့်ပြီး မင်းဘာသာစီ"

သူ၏ ခြောက်သွေ့သည့်အသံသည် ကလင်းကော့ကို ကြိမ်နှင့် ရိုက်သကဲ့သို့ရှိ၏။ ကလင်းကော့သည် မျက်ရည်များကို အနိုင်နိုင်ချုပ်တည်းကာ စာအုပ်များကို ဖြေသည်။ ကြမ်းပေါ်သို့ စာအုပ် ကျသွားတိုင်း ကြောက်ကြောက်လန့်လန့်ဖြင့် ပတ်ဝန်းကျင်ကို လှမ်းကြည့်သည်။ ဆိုင်ရှင်သည် စားပွဲတွင်ထိုင်ပြီး စာရေးလျက်ရှိ၏။ လမ်းမှ လူတွေ ဖြတ်လျှောက်သွားသည့်အခါတွင် သူတို့ခြေထောက်များကို လှမ်းမြင်ရသည်။ အရိပ်များသည် ပြတင်းပေါက်ပေါ်သို့ ထိုးကျလာတတ်၏ သူ့မျက်လုံးမှ မျက်ရည်တွေ တပေါက်ပေါက် ကျလာသည်။ ဖုန်တွေပေနေသည့် လက်များဖြင့် မျက်ရည်များကို သုတ်၏။ ကလင်းကော့သည် အထိတ်ထိတ် အလန့်လန့်ဖြင့် စာအုပ်များကို ရွေးနေသည်။

ပထမတွင် ခက်သလိုလိုရှိသော်လည်း နောက်တွင် တဖြည်းဖြည်းနှင့် လွယ်သွား၏။ အစော်ကားခံ၊ အရိုက်ခံရပြီးသည့်နောက် ချောင်ကလေးတချောင်ထဲတွင် တိတ်ဆိတ်စွာ အလုပ်လုပ်ရသည်ကို သဘောကျသလိုလို ရှိလာသည်။ သူ့မျက်လုံးများသည် စာအုပ်ပေါ်က နေ့စွဲများပေါ်သို့ တန်းတန်းမတ်မတ် ရောက်သွားကြသည်။ သူ့လက်များကလည်း အလိုလို စီပြီးသား ဖြစ်နေတတ် သည်။ သူ့စိတ်သည် ဝီထိကျသလို တည်ငြိမ်နေသည်။ ထိုအခါမျိုး၌ ဖြစ်တတ်သည့်အတိုင်း မျှော်လင့်ချက်သစ်၊ ခံစားချက်သစ်တို့သည် ရင်ထဲတွင် တဖွားဖွား ပေါ်ပေါက်လာ၏။ ‘ဒီလိုပဲ အမြဲဖြစ်နေမှာ မဟုတ်ပါဘူး’ ဆိုသည့် စကားလုံးများသည် ရင်ထဲမှ အလိုလို ပေါ်လာကြ၏။

သို့တွေးလိုက်သည့်အခါတွင် သူ့ရင်သည် နွေးသွား၏။ သူ့လက်များသည် သွက်လက်သည်ထက် သွက်လာကြ၏။ အချိန်ကုန်သွားသည်ကိုပင် သတိမရလိုက်တော့။

“အင်း၊ မင်း ကောင်းကောင်းလုပ်တတ်သားပဲကွ”

ဆိုင်ရှင်အဘိုးကြီးက ပြောသည်။ ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်၍ အဘိုးကြီး ရောက်လာသည်ကို မသိလိုက်။ သူ့အသံကြောင့် ကလင်းကော့ လန့်သွားသည်။

"ဟုတ်တယ်မဟုတ်လား ဦးကြီး"

"အေး၊ ဟုတ်တယ်။ မင်း လက်ဖက်ရည်သောက်ဦးမလား"

"မသောက်တော့ဘူးခင်ဗျ"

"ကျေးဇူးတင်ပါတယ်၊ မသောက်တော့ဘူးလို့ ပြောရတယ်ကွ"

အဘိုးကြီးသည် တဖက်သို့ ပြန်လျှောက်သွားသည်။ ကလင်းကော့သည် သူ့ကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ထိုစဉ် ဆိုင်ထဲသို့ တုတ်ကောက်ကိုင်ထားသည့် အဘိုးကြီးတယောက် ဝင်လာသည် ကို မြင်လိုက်ရသည်။ ထိုလူကြီးတွင် မုတ်ဆိတ်မွေးလည်း မရှိ၊ နှုတ်ခမ်းမွေးလည်း မရှိ။ ဦးထုပ် ဝိုင်းဝိုင်းကြီးတလုံးကို နောက်သို့လှန်၍ ဆောင်းထားသည်။ ထိုလူကြီးသည် စားပွဲတွင် ဝင်ထိုင်လိုက် ပြီးနောက် နက်နက်နှင့် ဖြူဖြူ အရာဝတ္ထုများကို စားပွဲပေါ်တွင် စီနေလေသည်။ ကလင်းကော့က သူ့အလုပ်ကိုသူ ဆက်လုပ်နေစဉ် သူတို့နှစ်ယောက်ဆီမှ အသံများကို ကြားလိုက်ရသည်။

"ရထား"

"ဘုရင်"

လမ်းမပေါ်မှ အသံဗလံများသည် ဆိုင်ထဲသို့ ပျံ့လွင့်လာကြ၏။ ဆိုင်ထဲမှ ထူးထူးဆန်းဆန်း စကားလုံးများသည် မိုးပေါက်သံတွေကြားမှ ဖားအော်သံလို စူးထွက်လာသည်။

အဘိုးကြီးတွေ ဘာများ လုပ်နေတာပါလိမ့်ဟု ကလင်းကော့ စဉ်းစားသည်။ သူ တွေ့သမျှ၊ သူ မြင်သမျှ၊ သူကြားသမျှသည် အသစ်အဆန်းတွေချည်း ဖြစ်နေသည်။ သို့ရာတွင် သူထင်သလို ကြောက်စရာကောင်းသော အရာများ မဟုတ်ကြ။ ဖုန်တွေက မျက်လုံးထဲ၊ နှာခေါင်းထဲသို့ ဝင်သည်။ ပါးစပ်ထဲသို့လည်း ဝင်သည်။

တဖြည်းဖြည်း မှောင်လာပြီ။

"ခွေ"

ဧည့်သည်က အသံအောအောကြီးဖြင့် ပြောသည်။ ဆိုင်ရှင်အဘိုးကြီးသည် လျှာနှင့် နှုတ်ခမ်းကို ကလပ်ကလပ်မြည်အောင်လုပ်ပြီး 'ဟော့ကောင်လေး၊

ဆိုင်ပိတ်လိုက်တော့ပေ့’ ဟု လှမ်းပြောလိုက် သည်။

ဆိုင်ရှင်အဘိုးကြီးမှာ သုံးထပ်တွင် အခန်းကျဉ်းကလေးနှစ်ခန်းကို ငှားနေသည်။ တခန်းတွင် ပြတင်းပေါက်တပေါက်ရှိပြီး အခန်းထဲတွင် သေတ္တာကြီးတလုံးနှင့် အဝတ်ဗီရိုကြီးတလုံးရှိသည်။

“ကောင်လေး၊ ဟောဒီအခန်းထဲမှာ အိပ်”

နောက်တခန်းတွင် ပြတင်းပေါက်နှစ်ပေါက်ရှိပြီး လမ်းမဘက်ကို မျက်နှာမူထားသည်။ ပန်းနုရောင် ကောင်းကင်နှင့် အမိုးနိမ့်နိမ့်များကို မြင်ရလေသည်။ အခန်းထောင့် ဘုရားစင်ရှေ့တွင် ဘုရားမီး ပူဇော်ထားသည်။ တဖက် ထောင့်တထောင့်တွင် စောင်နီကြီး လွှမ်းထားသည့် ခုတင်တလုံးရှိသည်။ နံရံပေါ်တွင် တောက်တောက်ပပ ရေးခြယ်ထားသည့် ဓာတ်ပုံရင်နှင့် စစ်ဗိုလ်ချုပ်ကြီးများ၏ ပုံများကို ချိတ်ဆွဲထားသည်။ အခန်းက လုံနေသော်လည်း သန့်ရှင်းသပ်ရပ်သည်။ ဓမ္မာရုံတခုက အနံ့မျိုး ထွက်နေသည်။ ကလင်းကော့သည် အခန်းဝတွင် ရပ်၍ သူ့ဗိမာန်သစ်ကို ကြည့်သည်။ ဆိုင်ရှင် အဘိုးကြီးက သူ့အနားရောက်လာပြီး

“အခန်းထဲက ထားတာသိုတာတွေကို ကြည့်ထားနော်။ နေရာမယွင်းစေနဲ့။ သူ့နဂိုအတိုင်းပဲ ရှိပါစေ”

နံရံနားတွင် ဆိုဖာနက်ကြီးတလုံး ရှိသည်။ ခပ်လှမ်းလှမ်းတွင် စားပွဲဝိုင်းတလုံးနှင့် ကုလားထိုင် သုံးလုံးလည်း ရှိသည်။ အားလုံး အနက်၊ ဆိုဖာကလည်း အနက်၊ ကုလားထိုင်တွေကလည်း အနက်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် သိုးငယ်လို မျက်လုံးများရှိသည့် မိန်းမတယောက် အခန်းထဲသို့ ဝင်လာသည်။

“ညစာပြင်လိုက်ရတော့မလား အစ်ကိုကြီး”

“အေး၊ ဒီကိုယူခဲ့ ရာယစ်ဇာ”

“နောက်ကောင်လေးတယောက်လား”

“ဟုတ်တယ်။ နာမည်က ကလင်းကော့တဲ့”

မိန်းမ ပြန်ထွက်သွားသည်။

“သွား၊ တံခါးသွားပိတ်ချေဦး”

ဆိုင်ရှင်က ခိုင်းသဖြင့် ကလင်းကော့ တံခါးကို သွားပိတ်သည်။

"အဲဒီမိန်းမက အိမ်ရှင်မိန်းမကွ။ အခန်းက သူ့အခန်း။ သူ့ဆီမှာပဲ ထမင်းလခပေးစားတယ်၊ နားလည်ရဲ့လား"

"နားလည်ပါတယ်ခင်ဗျ"

"ဒါပေမဲ့ မင်းသိထားဖို့က မင်းမှာ အလုပ်ရှင်တယောက်ပဲရှိတယ်နော်။ ငါ့အမိန့်ကိုပဲ နားထောင်ရမယ် နားလည်လား"

"လည်ပါတယ် ခင်ဗျ"

"ကဲ၊ ဒါပဲ။ ငါ့အမိန့်ကို နားထောင်သွား၊ ရေချိုးချေ"

မီးဖိုထဲတွင် ရေချိုးရင်း ကလင်းကော့သည် အိမ်ရှင်အမျိုးသမီးကို တစေ့တစောင်း အကဲခတ်ခွင့် ရသည်။ အိမ်ရှင်မိန်းမသည် ပန်းကန်တွေ၊ ဇွန်းတွေ၊ ခားတွေနှင့် ညစာ ပြင်နေသည်။ မျက်နှာက ဝိုင်းသလောက် မျက်ခုံးမွေးတွေက သေးသေးလေးတွေ၊ ကြည့်ရသည်ကတော့ သနားကြင်နာတတ်ပုံ ရသည်။ ဆံပင်ကို ပြောင်လက်နေအောင် ဆီလိမ်းထားပြီး သေသပ်စွာ ဖြီးထားသည်။ ပြူးကျယ်သည့် မျက်လုံးများနှင့် ပြားချပ်သည့်နှာခေါင်းကို ကြည့်ကာ သိမ်မွေ့နူးညံ့ပုံရသည်ဟုလည်း စိတ်ထဲက တွေးမိသည်။

အိမ်ရှင်အမျိုးသမီးက ပါးလွှာနီရဲသည့် နှုတ်ခမ်းများကို တင်းတင်းစေ့ကာ သူ့ကို ကြည့်နေသည်ကို မြင်ရသည့်အခါတွင် ကလင်းကော့ မနေတတ် မထိုင်တတ်ဖြစ်ကာ ရေတွေ ကြမ်းပြင်ပေါ်သို့ ဖိတ်ကုန်သည်။

"သုတ်လိုက်ဦးလေ၊ ကုလားထိုင်အောက်မှာ အဝတ်ရှိတယ်"

သူ့အသံက ဒေါသသံမပါ၊ သိမ်မွေ့သည်။

ရေချိုးပြီး ပြန်လာသည့်အခါတွင် ဆိုင်ရှင်အဘိုးကြီးက

"မင်းကို ဘာတွေပြောတာလဲ"

ကလင်းကော့က မည်သို့မှ မဖြေရသေးမီ အမျိုးသမီးက လင်ပန်းကို ကိုင်၍ ရောက်လာသည်။

"ကျွန်မသွားမယ်နော်။ လိုတာရှိရင် ခေါ်လိုက်"

"ကောင်းပြီ၊ ကောင်းပြီ"

အမျိုးသမီးက လက်ကိုမြှောက်၍ ဆံပင်များကို သပ်နေသည်။ သူ့လက်ချောင်းများက သေးသွယ်ပြီး အဖျားသို့ ရှူးသွားသည်။

ဆိုင်ရှင်အဘိုးကြီးနှင့် ကလင်းကော့သည် ညစာထိုင်စားကြသည်။ အဘိုးကြီးက ခပ်ဖြည်းဖြည်း စားသည်။ ပါးစပ်က တပျတ်ပျတ်မြည်နေသည်။ တချီတချီတွင်လည်း စားရင်း သက်ပြင်းကြီး ချနေသည်။ အသားစဉ်းကောကြော်ကို စားသည့်အခါတွင်

"စားလို့ကောင်းရဲ့လားကွ။ ငါက အစားအသောက်ဆိုရင်လည်း ကောင်းကောင်းမှ စားတတ်တာ"

ညစာစားပြီးနောက် ပန်းကန်များကို မီးဖိုသို့ အပို့ခိုင်းသဖြင့် သွားပို့ရသည်။ ထို့နောက် မီးထွန်းပုံကို ပြသဖြင့် ကြည့်ရသေးသည်။

"ကဲ၊ အိပ်တော့။ ဗီရိုထဲမှာ အိပ်ရာခင်းရှိတယ်၊ စောင်နဲ့ ခေါင်းအုံးလည်း ရှိတယ်၊ အဲဒါ မင်းအပိုင်ပဲ။ မနက်ဖြန်ကျမှ မင်းဖို့ အဝတ်အစား ဝယ်ပေးမယ်။ ကဲ အိပ်တော့"

တနေ့လုံး အလုပ်လုပ်ခဲ့ရသဖြင့် မောမောနှင့် အိပ်ပျော်မည့်ဆဲဆဲတွင် ဆိုင်ရှင်အဘိုးကြီး ရောက်လာ ပြန်ကာ

"ဘယ့်နှယ်လဲ၊ သက်သောင့်သက်သာ ရှိရဲ့လား"

အောက်က မွေ့ရာခင်းထားသည့်တိုင် သေတ္တာကြီးက မာကျောကာ ခိုးလိုးခုလု ဖြစ်နေသည်။ သို့ရာတွင် ကလင်းကော့က 'ကောင်းပါတယ် ခင်ဗျ' ဟု ဖြေသည်။

"အိုက်ရင် ပြတင်းပေါက်ကို ဖွင့်လိုက်လေ"

ကလင်းကော့က ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ တဖက်က အိမ်မိုးနိမ့်နိမ့်ကို မြင်ရ၏။ မီးဖိုခေါင်းတိုင်များကို ရေကြည့်နေလေသည်။ အားလုံး လေးတိုင်၊ ဆင်တူတွေချည်း။ လှောင်အိမ်ထဲ ရောက်နေသည့် ကြောက်ရွံ့နေသော တိရစ္ဆာန်တကောင်လို ကြယ်ပွင့်များကို ငေးကြည့်နေမိသည်။ သို့ရာတွင် ကြယ်ပွင့်များသည် သူ့နှလုံးသားကို မဆွဲငင်နိုင်။ သူသည် အိပ်ရာပေါ်သို့ ပစ်လှဲကာ မျက်လုံးကို စုံမှိတ်ပြီး စောင်ကို ခေါင်းမြီးခြုံလိုက်သည်။ မွန်းလာသဖြင့် မျက်နှာကို လှပ်လိုက်ပြီး မျက်လုံးမှိတ်လျက်က အသံဗလံ များကို နားထောင်သည်။

အဘိုးကြီးအခန်းဘက်မှ ဘုရားရှိခိုးသံကို ကြားရ၏။

"အို ထာဝရဘုရား၊ မတော်မူပါ။ အကျွန်ုပ်၏ ဘုရားသခင်၊ ကျွန်ုပ်ကို

ကယ်မတော်မူပါ”

အဘိုးကြီးသည် ဆာလံကျမ်းကို ရွတ်နေခြင်းဖြစ်ကြောင်း ကလင်းကော့ သိသည်။ သူကြားဖူးနေကျ ဒါယိဒ်မင်းကြီး၏ ဆုတောင်းကို ရွတ်ဆိုနေခြင်း ဖြစ်သည်။ ကလင်းကော့သည် ဘုရားရှိခိုးသံကို နားထောင်ရင်း အိပ်ပျော်ခြင်းသို့ ရောက်လေသတည်း။

(၃)

ကလင်းကော့၏ဘဝသည် ချောမွေ့နေသည်၊ ဖြောင့်ဖြူးနေသည်။ အစားရ အနေရချောင်အောင် သူ့အလုပ်ရှင်က သူ့ကို ကျေနပ်စေချင်သည်။ သူ့သခင်၏အရိပ်အခြည်ကို အမြဲကြည့်နေသည်။ သခင့်အလိုကျ လုပ်ပေးသည်။ သို့ရာတွင် စိတ်ပါလက်ပါ မရှိလှ၊ စေတနာမရှိလှ။ ကလင်းကော့သည် လူမှန်သမျှကို ကြောက်နေသည်။ လူတွေကို ကြောက်သဖြင့် လူတွေအလိုကျအောင် လိုက်လုပ်သည်။ သူ့ကို စော်ကားမည် ကြောက်သဖြင့် လူတွေကျေနပ်အောင်လုပ်ရန် အမြဲအဆင်သင့် ဖြစ်နေသည်။ အန္တရာယ်ကို အမြဲကြောက်နေသဖြင့် သူ့တွင် ပင်ကိုရှိသည့် အစွမ်းအစတွေ တုံးကုန်သည်။ လူတွေကို မြင်လျှင် သူ့ကို ရန်ပြုမည်လောဟု သံသယဖြင့် ကြည့်တတ်လာသည်။

သူ့အိမ်ကဘဝကို သူ လေ့လာသော်လည်း သူ ကောင်းကောင်းနားမလည်။ သူတို့နေသည့် သုံးထပ် တိုက်တွင် မြေအောက်ထပ်မှ အမိုးထိ လူငှားတွေပြည့်နေသည်။ ခြင်းတောင်းကြီးတခုထဲက ပုစွန်လုံးများလို အိမ်ကြီးထဲတွင် ပွတ်သိပ်နေသည်။ မြို့ကလူတွေက တောကလူတွေထက် အလုပ်ပိုလုပ်ရသည်ကို သူသတိထားမိသည်။ တောကလူတွေထက် ကိုယ်ချင်းစာတရား ခေါင်းပါးသည်ကို သူ သတိပြုမိသည်။ မြို့ကလူတွေကို ကြည့်ရသည်မှာ သုတ်သီးသုတ်ပျာ၊ ဆူဆူညံညံ။ နောက်က ကျားလိုက်သလို အပြေးအလွှား လုပ်နေကြရသည်။ ကလင်းကော့သည် သူတို့ကို ကြည့်၍ နည်းနည်းမျှ စိတ်မချမ်းသာ။ ‘ဒီလိုပဲ အမြဲ ဖြစ်နေတော့မှာလား’ ဟု သူ့ကိုယ်သူ မေးသည်။

သူတို့တတွေ သုတ်သီးသုတ်ပျာ လုပ်ပြီးလျှင် အေးအေးဆေးဆေး နေရသည့်တနေ့ကိုတော့ ရောက်လာလိမ့်မည်ဟု ကလင်းကော့ တွေးသည်။ သို့ရာတွင် ထိုတနေ့သည် ဘယ်တော့မျှ ရောက်မလာ။

လူတွေက တယောက်နှင့်တယောက် ငြူစူကြသည်၊ ရန်ဖြစ်ကြသည်။ တစ်ခါတရံ သတ်ကြပုတ်ကြ သည်။ ရန်မဖြစ်သည့်နေ့၊ ငြူစုစောင်းမြောင်းခြင်း မပြုသည့်နေ့ဆို၍ တနေ့မျှမရှိ။

မနက်လင်းလျှင် အဘိုးကြီးက ဆိုင်သို့ထွက်သွားပြီး ကလင်းကော့က အိမ်ကို လှည်းကျင်းသန့်ရှင်း၍ ကျန်ရစ်ခဲ့သည်။ ထို့နောက် ရေမိုးချိုးကာ လက်ဖက်ရည်ဆိုင်သို့သွားပြီး ရေနွေးတောင်းရသည်။ ထိုကိစ္စပြီးလျှင် ဆိုင်လိုက်သွားသည်။ ဆိုင်ရောက်မှ အဘိုးကြီးနှင့်အတူ နံနက် လက်ဖက်ရည် သောက်ရသည်။

'ဘာထူးသလဲဟေ့' ဟု အဘိုးကြီးက အမြဲမေးတတ်သည်။

"ဘာမှမထူးပါဘူးခင်ဗျ"

"တခုခုတော့ ထူးရမှာပေါ့ကွ"

တစ်ခါတရံတွင်လည်း ကလင်းကော့သည် ယောင်၍ ထွက်သွားတတ်သည်။

"နာရီပြင်ဆရာက အထည်ဆိုင်က မိန်းမကြီးကို ပြောနေသံကြားရတယ်ခင်ဗျ။ ဦးကြီးဟာ ခိုးရာပါ ပစ္စည်းတွေကို လက်ခံနေတယ်တဲ့"

သူ့ပါးစပ်က မည်သို့ထွက်သွားလိုက်သည် မသိ။ ကလင်းကော့သည် သူ့ကိုယ်သူ အံ့သြနေသည်။ သူ့စကားမှားသွားသဖြင့် တုန်နေသည်။ အဘိုးကြီး၏မျက်နှာကိုလည်း မကြည့်ရဲတော့ပေ၊ ခေါင်းကို ငုံ့ထားရသည်။ အဘိုးကြီးက ခပ်တိုးတိုးရယ်လိုက်ရင်း

"အလကားကောင်၊ ခွေးမသား။ အေး အေး မင်း ပြောပြလို့ သိရတဲ့အတွက် ကျေးဇူးတင်တယ်"

အဘိုးကြီး၏အသံတွင် ဒေါသသံမပါ။

ထို့နောက်မှစ၍ ကလင်းကော့သည် သူများပြောသည့် စကားများကို နားစိုက်ထောင်ကာ ကြားခဲ့သမျှ ကို အဘိုးကြီးအား ပြန်ပြောတတ်သည်။ တနေ့တွင်မူ အခန်းကိုရှင်းရင်း တကျပ်တန်ငွေစက္ကူတချပ် ကို ကောက်ရသည်။ ဆိုင်ရောက်၍ အဘိုးကြီးက 'ဘာထူးသေးသလဲဟေ့' ဟု မေးသည့်အခါတွင်

"တကျပ်တန်တရွက် ကောက်ရတယ်ခင်ဗျ" ဟု ဖြေသည်။

"အေး၊ မင်း တကျပ်တန်တရွက် တွေ့တယ်ဆိုရင် ငါက ရွှေတုံးတတုံး တွေ့တာပေါ့ကွ" ဟု ရယ်၍ ပြော၏။

တခါတွင်လည်း ကလင်းကော့သည် ဆိုင်ပေါက်ဝမှ နှစ်ဆယ်တန်စက္ကူတရွက် ကောက်ရသည်။ ထိုပိုက်ဆံကိုလည်း အဘိုးကြီးကိုပင် ပေးသည်။ အဘိုးကြီးက မျက်မှန်ကို နှာခေါင်းပေါ်သို့ လျှောချကာ ငွေစက္ကူကို စိုက်ကြည့်နေသည်။ ထို့နောက် ကလင်းကော့ကို အတန်ကြာ စိုက်ကြည့်နေ သည်။

"ဥပဒေအရဆိုရင်တော့ တွေ့တဲ့လူက သုံးပုံတစ်ပုံ ပိုင်တယ်ကွ။ ခုဆိုရင် ခြောက်ကျပ်ပိုင်တာပေါ့ကွာ။ အင်း မင်းဟာ တော်တော်ထူးဆန်းတဲ့ ကောင်လေးပဲ"

သို့ရာတွင် ကလင်းကော့သည် သူ့ထံမှ တပြားမျှမရ။

ကလင်းကော့သည် ဧီးကွက်မျက်လုံးမျိုးဖြင့် လူတွေကို လိုက်ကြည့်နေတတ်သည်။ သူကြည့်နေသည် ကို လူတွေမြင်သွားလျှင် သူတို့ကျေနပ်အောင် ကျိုးနွံပြသည်။ တကယ်တော့ လူတွေကလည်း သူစိုက်ကြည့်နေသည်ကို သတိမပြုမိကြ။ သတိပြုမိသည်ဆိုလျှင်လည်း မေ့မေ့ပျောက်ပျောက် နေလိုက်ကြသည်။

ကလင်းကော့ စိတ်အဝင်စားဆုံးမှာ သူတို့အိမ်ရှင် အမျိုးသမီး ရာယစ်ဇာ ဖြစ်သည်။ ရာယစ်ဇာက စကားနည်းသည်၊ အေးဆေးသည်။ ညနေတိုင်လျှင် ပိုးအင်္ကျီနက်၊ ဦးထုပ်နက်တို့ကို ဝတ်ဆင်ကာ အပြင်သို့ ထွက်သွားတတ်သည်။ မနက်လင်း၍ သူ့အခန်းကို လှည်းကျင်းနေသည့်အချိန်ထိ ရာယစ်ဇာ မနိုးသေး။ တနေ့လုံး အိပ်လိုက်သည်မှာ ညစာစားချိန်ရောက်မှ သူ့ကို မြင်ရတော့သည်။ ရာယစ်ဇာ၏ ဘဝက လျှို့ဝှက်ဆန်းကြယ်သယောင် ထင်ရသည်။ မျက်နှာက ဖြူဖြူ မျက်လုံးက လှုပ်ရှားခြင်းမရှိ။ စကားကလည်း နည်းသည်။ သူ့မျက်စိထဲတွင် ရာယစ်ဇာသည် တမူထူးခြားနေလေသည်။ သူများထက် အနေအထိုင် သပ်ရပ်သည်၊ ဗဟုသုတလည်း ကြွယ်ပုံရသည်။ ကလင်းကော့သည် သူ့ကို စိတ်ဝင်စားနေသည်။ တနေ့ထက် တနေ့ ပိုလှလာသည်ဟုလည်း ထင်မိလေသည်။

တနေ့တွင် အရက်တက်လောက်နိုးလာပြီး ရေငတ်သဖြင့် မီးဖိုထဲသို့ ဝင်လာခဲ့သည်။ ထိုစဉ် အိမ်ရှေ့ခန်းမှ ခြေသံတသံ ကြားရသဖြင့် အိပ်ရာသို့ ပြန်ပြေးလာပြီး အိပ်ချင်ယောင်ပြု၍ နေလိုက် သည်။ ခြေသံသည် မီးဖိုဘက်သို့ရောက်သွား၏။ အဝတ်သံ တရွှမ်းရွှမ်းနှင့်အတူ ရာယစ်ဇာ၏အသံကို ကြားနေရသည်။

ကလင်းကော့သည် အိပ်ရာမှ ခြေဖျားထောက်၍လာပြီး မီးဖိုထဲသို့ လှမ်းကြည့်လိုက်သည်။ ရာယစ်ဇာသည် ပြတင်းပေါက်တွင်ထိုင်ရင်း ရှိုက်ကြီးတငင်ငိုလျက်ရှိ၏။ သူ့တကိုယ်လုံး သိမ့်သိမ့်တုန် နေသည်။

"သိပါတယ်၊ ဒါ သူ့ဉာဏ်တွေပါ" ဟု တယောက်တည်း ပြောနေသည်။

အဘိုးကြီး၏အိပ်ခန်းဘက်မှ ခြေသံကို ကြားရသဖြင့် ကလင်းကော့သည် သူ့အိပ်ခန်းသို့ ပြန်ပြေးလာ ခဲ့ကာ စောင်ကို ခေါင်းမြီးခြုံ၍ အိပ်လိုက်သည်။

'ဘာများဖြစ်သလဲ မသိဘူး' ဟု တွေးရင်း ရာယစ်ဇာ မျက်ရည်ကျသည်ကို တွေး၍ ဝမ်းသာနေသည်။

ခဏကြာတော့ သူ့ဘေးမှ ခြေဖျားထောက်၍ လူတစ်ယောက် ဖြတ်သွားသံကို ကြားလိုက်ရသည်။

'သွား၊ မလာခဲ့နဲ့' ဟူသော အမျိုးသမီး၏အသံကို ကြားလိုက်ရသဖြင့် ကလင်းကော့ အိပ်ရာမှ ငေါက်ခနဲ ထထိုင်မိသည်။

အဘိုးကြီးသည် မီးဖိုထဲမှ ခပ်သုတ်သုတ် ထွက်လာ၏။ ငုတ်တုတ်ထိုင်နေသည့် ကလင်းကော့ကို မြင်သည်တွင် 'ဟဲ့ ကောင်လေး၊ အိပ်လေ၊ ဘာလုပ်နေတာလဲ' ဟု ပြောပြီး သူ့အိပ်ရာသို့ ခပ်သုတ်သုတ် ပြန်သွားသည်ကို တွေ့ရသည်။

နောက်တနေ့မနက် ဆိုင်သို့ ဆင်းလာသည့်အခါတွင် အဘိုးကြီးက

"ဟေ့ ကောင်လေး၊ မနေ့ည လန့်သွားသလား"

"ဟုတ်တယ် ခင်ဗျ"

"မနေ့ညက အမျိုးသမီး အရက်မူးလာတယ်ကွ။ တစ်ခါတလေ ဒီလိုပဲ မူးတတ်တယ်"

ကလင်းကော့က အမျိုးသမီးအကြောင်းကို မေးလိုက်ချင်သည်။ သို့ရာတွင် မမေးရဲ။ ညညတွင် ပျောက်ချက်သားကောင်းသည့် ထိုအမျိုးသမီး၊ လျှို့ဝှက်၍ အသိရခက်သည့် ထိုအမျိုးသမီး အကြောင်းကို သူ သိချင်သည်။

"မင်း သူ့ကို တော်တော်စိတ်ဝင်စားနေသလား"

"ဟုတ်ကဲ့ခင်ဗျ"

အဘိုးကြီးက မျက်နှာထားတည်တည်ဖြင့်

"မင်းသိထားဖို့က ဒီမိန်းမဟာ တော်တော်ဉာဏ်များတယ်။ စကားနည်းသလောက်လည်း ကောက်ကျစ်တယ်။ အပျက်မပါကွာ၊ စန္ဒရားလည်း တီးတတ်တယ်။ မကောင်းတဲ့အိမ်ဆိုတာကိုကော မင်း ကြားဖူးရဲ့လား"

အထည်ဆိုင်က လူကြီးပြောသဖြင့် မကောင်းသည့်အိမ်အကြောင်းကို ကလင်းကော့ ကြားဖူးသည်။ သို့ရာတွင် အဘိုးကြီးပြောသည်ကို နားထောင်လိုသဖြင့်

'မကြားဖူးဘူးခင်ဗျ' ဟု ဖြေ၏။

အဘိုးကြီးက ဖုံးဖုံးကွယ်ကွယ်ပြောသော်လည်း ကလင်းကော့၏ မျက်စိထဲတွင် ထိုအိမ်အကြောင်းကို အကွင်းလိုက် မြင်လာသည်။ အဘိုးကြီးကပြောပြရင်း မျက်မှောင်ကြီးကုတ်လိုက်၊ တံတွေးထွေးလိုက် ဖြင့် စိတ်အားထက်သန်စွာ ပြောနေသည်။ သူ့မျက်နှာသည် ထိုအကြောင်းကို

ပြောရသည့်အတွက် စက်ဆုပ်ဟန်ပေါက်နေ၏။ ကလင်းကျော့သည် သူ့ကို စိုက်ကြည့်နေသည်။ မကောင်းသည့်အိမ် အကြောင်းကိုပြောသည့် အဘိုးကြီး၏ စကားများကို ယုံသော်လည်း သူ စက်ဆုပ်ရွံရှာခြင်းဖြစ်သည် ဆိုခြင်းကိုမူ ကလင်းကျော့ မယုံ။

"ဒီမိန်းမက အဲဒီမှာ ညတိုင်း စန္ဒရားတီးရတယ်။ မကောင်းတဲ့မိန်းမတွေက ကကြ ခုန်ကြတာပေါ့။ ယောက်ျားတွေနဲ့ တရုန်းရုန်းပေါ့။ အဲဒီကိုလာတဲ့ ယောက်ျားတွေကလည်း လူရမ်းကားတွေ၊ လူသောင်းကျန်းတွေချည်းပဲ။ လူသတ်သမားလည်း ပါတယ်၊ လူဆိုးသူခိုးလည်း ပါတာပဲ။ မင်း သူ့ကို မယုံနဲ့နော်၊ ကြားလား။ မိန်းမက ကောက်လည်းကောက်ကျစ်တယ်၊ စေတနာလည်း ယုတ်တယ်"

အဘိုးကြီးက ထိုအမျိုးသမီးအကြောင်း မကောင်းပြောလေလေ၊ ကလင်းကျော့သည် ထိုအဘိုးကြီးကို အယုံအကြည် ကင်းမဲ့လာလေလေ ဖြစ်နေသည်။ ရာယစ်ဇာကိုလည်း အထင်ကြီးသည်ထက် ကြီးလာ သည်။

ကလင်းကျော့ စိတ်ဝင်စားသူတယောက် ရှိသေးသည်။ ပြတင်းမှန်တပ်သမား ကိုဇင်၏ဆိုင်တွင် ခပ်ပိန်ပိန်၊ နှာခေါင်းပြားပြား၊ ဆံပင်ဖရိုဖရဲနှင့် အနာတိုးဆိုသည့် ကောင်လေးတယောက်ရှိသည်။ အမြဲတမ်း နောက်ပြောင် ပျော်ရွှင်ကာ သူ့ကိုယ်မှ ပေါလစ်နံ့ အမြဲထွက်နေတတ်သည်။ ပြတင်းပေါင် တပ်တယ်၊ မှန်တပ်တယ်၊ ဆေးသုတ်တယ်ဟု အသံလွင်လွင်နှင့် အော်ပုံကို ကလင်းကျော့ သဘောကျ ၏။

အနာတိုးကစ၍ သူ့ကို စကားပြောခြင်းဖြစ်သည်။ တနေ့ ကလင်းကျော့က လှေကားပေါ်တွင် တံမြက်စည်းလှည်းနေစဉ် အနာတိုးက အောက်မှ လှမ်း၍

'သူငယ်ချင်း မင်းက ဘယ်ဇာတိလဲကွ' ဟု လှမ်းမေးသည်။

"ဒီခရိုင်ကပဲ"

"ငါက ကော်စထရိုမာက၊ မင်း အသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်သုံးနှစ်"

"ဒီလိုဆို ငါနဲ့ ရွယ်တူပေါ့၊ ငါနဲ့လိုက်ခဲ့ပါလား"

"ဘယ်ကိုလဲ"

"မြစ်ဆိပ်ကိုလေ။ ရေသွားချိုးမယ်"

"ငါက ဆိုင်ထိုင်ရဦးမှာကွ"

"ဒီနေ့ တနင်္ဂနွေနေ့ပဲကွ"

"တနင်္ဂနွေလည်း မအားဘူးကွ"

"အို အလကားပါကွာ"

အနာတိုးသည် မြစ်ဆိပ်သို့ ဆင်းသွားသည်။ အနာတိုးသည် မှန်သေတ္တာကြီးကိုပိတ်၍ တနေ့လုံး မြို့ထဲတွင် လျှောက်သွားနေလေသည်။ သူတို့ဆိုင်ပိတ်ခါနီးတော့မှ ပြန်ရောက်လာတတ်သည်။ ရောက်သည်ဆိုလျှင်ပင် အသံလွင်လွင်ဖြင့် စကားပြောသံ၊ လေချွန်သံ၊ သီချင်းဆိုသံကို ကြားရတတ် သည်။ လူတိုင်းက သူ့ကို မာန်ကြ၊ မဲကြသည်။ ဆူကြငေါက်ကြသည်။ သို့ရာတွင် အနာတိုးနှင့် နေရသည်ကို သဘောကျကြသည်။ အနာတိုး၏ပြက်လုံးများကို သဘောကျကြသည်။ အနာတိုးသည် လူကြီးများကို ကြောက်ရွံ့ခြင်းမရှိ၊ ရဲရဲတင်းတင်း ဆက်ဆံသည်။ တန်းတူလို သဘောထား၍ ပေါင်းသည်။ ကလင်းကော့သည် အနာတိုး၏ ရဲတင်းသည့်ဆက်ဆံပုံကို ကြည့်၍ အံ့အားသင့်နေ သည်။ သို့ရာတွင် ရွှေချည်ထိုး လက်ကိုင်ပဝါကလေးတွေ ဖဲကြိုးကလေးတွေ ရောင်းသည့် ကောင်မလေးများက အနာတိုးကို ဝိုင်းဝိုင်းလည်ဖြစ်နေကြသည်ကို ကြည့်၍လည်း မနာလိုဖြစ်မိ သည်၊ အားကျမိသည်။ အနာတိုးသည် ကလင်းကော့၏အမြင်တွင် သူရဲကောင်းကြီး ဖြစ်နေသည်။ သူ့ကို ဆွဲဆောင်သည့် သံလိုက်ခဲတတ်ဖြစ်နေသည်။ တည်ငြိမ်အေးချမ်းသည့် အနာဂတ်ကို အိပ်မက် မက်ကြည့်သည့်အခါတွင် အမွေးထူထူနှင့် ရဲတင်းသွက်လက်သည့် အနာတိုးကိုလည်း နေရာတနေရာ ပေးထားလေသည်။

ညစာစားပြီးလျှင် ကလင်းကော့က

"ကျွန်တော် အောက်ဆင်းပြီး ဝင်းထဲမှာ ကစားရမလား ဦးကြီး" ဟု ဆိုင်ရှင် အဘိုးကြီးကို မေးသည်။

"အောက်ဆင်းကစားတာ မကောင်းပါဘူးကွာ" ဟု ဆိုကာ ခပ်အင်အင်ဖြင့် လိုက်လျောလိုက်သည်။

ကလင်းကော့သည် လှေကားကို ခပ်သုတ်သုတ် ပြေးဆင်းလာခဲ့သည်။ ပြီးနောက် အရိပ်တခုထဲတွင် ထိုင်၍ အနာတိုးကို စောင့်ကြည့်သည်။ သူတို့ဝင်းပတ်ပတ်လည်တွင် အိမ်တွေ အစီအရီ ဆောက်ထား ကြသည်။ ဝင်းထရံနားက သေတ္တာကြီးများပေါ်တွင် အလုပ်သမားကြီးတွေ အလုပ်သမကြီးတွေ ထိုင်နေတတ်ကြ၏။ အနာတိုးကား ဝင်းလယ်တွင်ရပ်၍ နောက်ပြောင်နေလေသည်။

"ဟောဒါက အထည်သည် ဇဗာရီကင် ဘုရားရှိခိုးကျောင်း သွားတဲ့ပုံ"

အနာတိုးသည် အထည်သည်လုပ်သလို အောက်နှုတ်ခမ်းကြီးကို ရှေ့သို့ ထော်ထားပြီး မျက်မှောင်ကြီး ကုတ်ထား၏။ ဗိုက်ကြီးကို ရှေ့ကော့ထားပြီး ခေါင်းကို တဖက်သို့ စောင်းထားသည်။ ပရိသတ်က သူ့လုပ်ပုံကို ကြည့်၍ သြဘာပေးကြ၏။

"ဟောဒါက အထည်သည် ဘုံဆိုင်က ပြန်လာတာခင်ဗျ"

အနာတိုးက ဝင်းထဲတွင် ယိုင်တီးယိုင်တိုင် လျှောက်ပြသည်။ ခြေတဖက်ကဆွဲပြီး လက်တဖက်က တွဲလောင်းကြီးချထား၏။ မျက်လုံးကြီးကိုလည်း ပြူးထားပြီး ပါးစပ်ကြီးကိုလည်း ရွဲ့ပြထားလေ သည်။ ထို့နောက် ရင်ဘတ်ကို တဘုန်းဘုန်းမြည်အောင် ထုလိုက်ပြီး

"အင်း၊ ဘုရား တရား ဂုဏ်ကျေးဇူးကြောင့် လောကကြီး တယ်အဆင်ပြေပါ့ကလား။ ဘုရား ကိုယ်တော်မြတ်ကြီးဘုရား၊ တပည့်တော်ကို ကြည့်ရှုစောင့်ရှောက်တော်မူပါဘုရား။ မှန်ပြတင်း တပ်တဲ့သူ ကိုဇင်ဟာ တိတ္ထိပါ ဘုရား။ ဒုစရိုက်ကောင်ပါ ဘုရား"

ပရိသတ်က လက်ခုပ်သြဘာပေးကြသည်။ သို့ရာတွင် ကလင်းကော့ မရယ်၊ အံ့သြစိတ်နှင့် အားကျစိတ်သည် သူ့ရင်ထဲတွင် ရောထွေးလျက်ရှိ၏။ အနာတိုးတယောက် ကြောက်လန့်သွားစေချင် ၏။ သူ့ကို သူတပါးက လှောင်ပြောင်လိုက်စေချင်၏။ တပြိုင်တည်းမှာပင် အနာတိုး၏ နောက်ထပ် ပြက်လုံးများကို ကြားချင်၊ မြင်ချင်နေလေသည်။ လူကို ကြောက်စရာကောင်းအောင် လုပ်မပြဘဲ ရယ်စရာ သတ္တဝါတဦးဖြစ်အောင် လုပ်ပြနေသဖြင့် အနာတိုးကို မကျေမနပ် ဖြစ်နေလေသည်။

"ဟောဒီမှာ ပြတင်းမှန်တပ်တဲ့ ကိုဇင်ခင်ဗျ"

သူလုပ်ပြသဖြင့် အမြဲတမ်း အရက်မူးနေသည့် ခပ်ပိန်ပိန်၊ ဆံပင်နီနီနှင့် ကိုဇင်ကို မြင်ယောင်လာရ သည်။ အနာတိုးသည် ကိုဇင်လုပ်သလို အင်္ကျီညစ်ထပ်ထပ်ကို လက်မောင်းပေါ်သို့ တင်လိုက်၏။ လက်ယာဘက်လက်ကို ရင်ဘတ်ထဲသို့ ထိုးထည့်ထားသည်။ ကျန်လက်တဖက်ဖြင့် မုတ်ဆိတ်မွေးကို ပွတ်ပြီး စဉ်းစားဟန်လုပ်ပြသည်။ ထို့နောက် မျက်မှောင်ကုတ်ပြီး စောင်းငန်းငန်းဖြင့် လျှောက်ပြ၏။

"ဟေ့ ကိုဇင်တဲ့ကွ၊ တစ်ဇင်တည်းရှိတယ်။ ဘယ်လူမှ ခွေးမထင်ဘူး၊ သိလား"

ခဏကြာလျှင် အနာတိုး တစ်မျိုးလုပ်ပြပြန်သည်။

“ဟော ခုဟာက ကပ်စေးနဲ့ကော်တရာကြီးပေါ့ခင်ဗျ”

ကလင်းကော့၏ ဆိုင်ရှင် အဘိုးကြီး လမ်းသွားသလို ခြေဖျားကလေးဖြင့် လမ်းလျှောက်ပြသည်။ နှာခေါင်းကို တရှုပ်ရှုပ် လုပ်ပြသည်။ မုတ်ဆိတ်မွေးဖြူဖြူကလေးကို ပွတ်ကာ ပွတ်ကာဖြင့် ခေါင်းတညိတ်ညိတ် လုပ်ပြ၏။ ကြည့်ရသည်က ရွံစရာကောင်းသော်လည်း ရယ်တော့ ရယ်ရသည်။ တကယ်တော့ သူ့ဆိုင်ရှင် အဘိုးကြီးသည် သူလုပ်ပြသလောက်တော့ ရုပ်ပျက်ဆင်းပျက် မဟုတ်ပါ။

အနာတိုးသည် ပွဲကြည့်ပရိသတ်ကိုလည်း ချမ်းသာမပေးသူ့ကို ကြည့်နေသည့် ပရိသတ်ထဲက လူတွေကို ပြောင်ပြပြန်သည်။ သို့ဖြင့် ညဥ့်သန်းခေါင်သန်းလွဲအထိ မမောနိုင် မပန်းနိုင် လူတွေကို တယောက်ပြီးတယောက် လိုက်လှောင်သည်။ ပရိသတ်ကလည်း ပွဲကျကာ တအုန်းအုန်း ဖြစ်နေ သည်။ တစ်ခါတရံတွင် မခံနိုင်သူက လိုက်သဖြင့် အနာတိုးတယောက် ဝင်းထဲတွင် ပတ်ချာလှည့်၍ ပြေးနေရသည်။ ထိုအခါတွင်လည်း ကလင်းကော့သည် အားကျကာ သက်ပြင်းချမိလေသည်။

ကလင်းကော့အနားသို့ ရောက်လာသည့်အခါတွင် အနာတိုးသည် သူ့ကို ကွင်းလယ်ကောင်သို့ ဆွဲခေါ်လာပြီးနောက် ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

“ဟောဒီမှာခင်ဗျ၊ ကပ်စေးနဲ့ကော်တရာကြီး ဦးပေါ့ပေါ့ရဲ့ ဒူးမနာသားလေး”

အနာတိုးက ကလင်းကော့၏ ကိုယ်ခန္ဓာသေးသေးသွယ်သွယ်ကလေးကို လှည့်ပြသည်။ သူ့ဆိုင်ရှင် အဘိုးကြီးအကြောင်းကို ရယ်စရာဖြစ်အောင် ပြောသည်။ ကလင်းကော့ကိုလည်း ချမ်းသာမပေး။

“ဟေ့ကောင်။ ငါသွားမယ်ကွာ၊ မလုပ်နဲ့ကွာ”

ကလင်းကော့ ရုန်းသည်။ ကြောက်သည်ရော၊ ရှက်သည်ရော စုံနေသည်။ သူက အတင်းရုန်းလေ အနာတိုးက အတင်းဆွဲလေ။ နောက်ဆုံးတွင် သူ့ကို သနားကြသဖြင့် ‘မလုပ်ပါနဲ့ဟယ်၊ လွှတ်လိုက်ပါ’ ဟု ပြောကြသည်။

ဘာကြောင့်မှန်းမသိ။ သူ့ဘက်က ဤသို့ ကူပြောသည်ကို ကလင်းကော့ မခံနိုင်။ အနာတိုးကလည်း အရွဲ့တိုက်၍ အတင်းဆွဲသည်။ ထို့နောက် ဆောင့်တွန်းလိုက်ပြီး နားရွက်ကို တံတွေးဆွတ်သည်၊ ရန်စသည်။

“ချကွာ၊ ဆော်ကွာ” ဟု ကောင်လေးတွေက မြှောက်ပေးကြသည်။ အလုပ်သမကြီးတွေက ဖျန်ဖြေ ပေးကြ၏။ သို့ရာတွင် ဤသို့ ဖျန်ဖြေပေးသည်ကိုလည်း ကလင်းကော့ မကြိုက်။

နောက်ဆုံးတွင် အနာတိုးက ဆဲဆိုပြီး သူ့ကို တွန်းလွှတ်လိုက်သည်။

ဤသို့ ရန်ဖြစ်ပြီး နောက်တနေ့တွင် လမ်း၌ အနာတိုးကို သွားတွေ့သည်။ သူ့လက်တွင် ပြတင်းပေါက် တပ်ရန် မှန်တွေကို ကိုင်ထားသည်။

"မင်း ဘာဖြစ်လို့ ငါ့ကို လှောင်လှောင်နေရတာလဲ"

ကလင်းကော့၏ ပါးစပ်မှ အလိုလို ထွက်သွားသည်။

"လှောင်တော့ ဘာဖြစ်သလဲ"

ကလင်းကော့ မည်သို့ဖြေရမှန်း မသိ။

"ဘာလဲ ဟော့ကောင်၊ ချချင်လို့လား။ သတ္တိရှိရင် ငါတို့ဆိုင်နား လိုက်ခဲ့။ ဒါမှမဟုတ်ရင်လည်း ညကျရင် စောင့်နေ"

အနာတိုးက အရေးမကြီးသလို ပြောသည်။

"ငါက ချချင်လို့ ပြောတာ မဟုတ်ပါဘူး"

ကလင်းကော့က လေအေးအေးကလေး ပြန်ပြော၏။

"အေး၊ မင်းက မချချင်ပေမဲ့ ငါကတော့ ချရမှာပဲ။ ဒါပဲ"

ကလင်းကော့သည် သက်ပြင်းကိုသာ ချမိသည်။ သူသည် အနာတိုးကို နားလည်ချင်သည်။ သို့ရာတွင် နားမလည်နိုင်။

"ငါ့ကို ဘာဖြစ်လို့ ရယ်စရာဖြစ်အောင် လုပ်သလဲလို့ မေးတာပါကွာ"

အနာတိုးသည် ရှက်သွားပုံရ၏။ မျက်တောင်ကို ပုတ်ခတ်ခတ် လုပ်နေသည်။ အတန်ကြာမှ --

"ဟော့ကောင် သိပ်စကားများမနေနဲ့ကွာ။ လုပ်တော့ ဘာဖြစ်သလဲ၊ ကဲ"

ကလင်းကော့သည် ဆိုင်သို့ ပြေးလာခဲ့သည်။ အခြောက်တိုက် အစော်ကားခံရလေခြင်းဟု တနေ့လုံး တနွံ့နွံ့ ဖြစ်နေသည်။ သို့တိုင်အောင် အနာတိုးကို သူရဲကောင်းဟု ထင်သည့်စိတ်သည် ပျောက်မသွား။ သို့ရာတွင် အနာတိုးနှင့်ကား မျက်နှာချင်းမဆိုင်တော့ချေ။ ကွင်းပြင်ထဲသို့ အနာတိုး ရောက်လာသည် နှင့် ပြန်ထွက်လာခဲ့သည်။ သူ၏ အနာဂတ်စိတ်ကူးကမ္ဘာမှလည်း အနာတိုးကို ဖျောက်ပစ်လိုက်သည်။

သို့ဖြင့် လူတယောက်ကို နားလည်ရန် ကလင်းကော့၏ ပထမဆုံးသော

ကြိုးပမ်းချက်သည် အရာမထင် ဖြစ်ခဲ့ရသည်။

သို့ဖြစ်ပြီး နောက်မကြာမီ တညနေတွင် သူ့အလုပ်ရှင် အဘိုးကြီး၏ အခန်းထဲမှ စကားပြောသံများ ကြောင့် အိပ်ရာမှ လန့်နိုးလာခဲ့သည်။ နားစွင့်ထောင်သည့်အခါတွင် ရာဃစ်ဇာ၏အသံဖြစ်ကြောင်း သိရ၏။ ကလင်းကော့သည် သေချာအောင် ခြေဖျားထောက်ကာ တံခါးနားသို့ ကပ်၍ နားထောင်ကြည့်လိုက်သည်။ သော့ပေါက်ကလည်း ချောင်း၍ကြည့်လိုက်သည်။

မျက်လုံးက ဖယောင်းတိုင်မီးတောက်ပေါ်သို့ ရောက်သွားသဖြင့် ရုတ်တရက် ဘာကိုမျှ သဲကွဲစွာ မမြင်ရ။ သေသေချာချာကြည့်သည့်အခါ ဆိုဖာအနက်ကြီးပေါ်တွင် ပက်လက်လှန်အိပ်နေသည့် အမျိုးသမီးကို မြင်ရသည်။ သူ့ကိုယ်တွင် အဝတ်အစားမရှိတော့။ ရာဃစ်ဇာ၏ဆံပင်များက ရင်အုံ ပေါ်သို့ ကျနေသည်။ လက်တဖက်ဖြင့် ဆံပင်များကို ကျစ်နေလေသည်။ ဖယောင်းတိုင်မီးရောင်သည် ဖြူဖွေးသည့် သူ့ကိုယ်ပေါ်သို့ ဖြာကျနေ၏။ သူ့ခန္ဓာကိုယ်သည် ဖြူစင်သန့်ရှင်းကာ တိမ်တိုက်တခုလို ပေါ့ပါးနေသည်။ သူသည် ကြည့်ကောင်းကောင်းနှင့် ကြည့်နေသည်။ ရာဃစ်ဇာသည် စကား ပြောလျက် ရှိသော်လည်း သူ့စကားများကို သဲသဲကွဲကွဲ မကြားရ။ ပင်ပန်းနွမ်းနယ်၍ ကူချွဲသံ ပေါက်နေသည်ကိုသာ သတိပြုမိသည်။ အဘိုးကြီးက ညဝတ်အင်္ကျီကြီးကို ဝတ်ထားပြီး ဆိုဖာဘေး က ကုလားထိုင်တလုံးပေါ်တွင် ထိုင်နေသည်။ တုန်တုန်ယင်ယင်ဖြင့် အရက်ငှဲ့လျက်ရှိသည်။ လက်ကသာမဟုတ်။ မုတ်ဆိတ်မွေးဖြူဖြူ ပေါက်နေသည့် သူ့မေးကလည်း တဆတ်ဆတ် တုန်လျက် ရှိသည်။ မျက်မှန်ချွတ်ထားသဖြင့် သူ့မျက်နှာကြီးသည် မုန်းစရာ ကောင်းနေသည်။

"အင်း၊ မိန်းမကတော့ တကယ့်မိန်းမပဲ"

အဘိုးကြီးက ပြောသည်။

ကလင်းကော့သည် တံခါးမှ ခွာလိုက်၏။ ထို့နောက် အိပ်ရာပေါ်တွင် လှဲရင်း သူတို့ညားနေကြပြီဟု တွေးနေလေသည်။

သူသည် ရာဃစ်ဇာကို သနားနေသည်။ သူ့အကြောင်းကို မကောင်းပြောသည့် လူကြီး၏ မယား အဖြစ် အဘယ်ကြောင့် အရောက်ခံသနည်း။ ဆိုဖာပေါ်တွင် ကိုယ်လုံးတီးလှဲနေရလျှင် မည်မျှ ချမ်းလိုက်မည်နည်း။ ထိုမိန်းမနှင့်ပတ်သက်၍ အဘိုးကြီးပြောသည့်စကားများကို အမှတ်ရလာသော် လည်း ကလင်းကော့သည် လက်မခံဘဲ ထိုအတွေးများကို မောင်းထုတ်ပစ်နေသည်။

နောက်တနေ့ညနေတွင် ရာဃစ်ဇာက ထမင်းလာပို့ရင်း "ကျွန်မ သွားမယ်နော်" ဟု ပြောသည်။

အဘိုးကြီးက ခါတိုင်းလို မထုံတက်သေး လေသံဖြင့် ပြန်ပြောသည်။ သူတို့နှစ်ယောက်ကြားတွင် ဘာမျှ ထူးခြားဟန်မတူ။ ကလင်းကော့သည် ထိုရှူခင်းကို မေ့ဖျောက်ပစ်၏။ ရာယစ်ဇာ၏ ကိုယ်လုံးတီးပုံကို အိပ်မက်ထဲတွင် မြင်ခဲ့ရခြင်းဖြစ်သည်ဟု သဘောထားလိုက်သည်။ တခါတွင် ဘာသံ မကြား၊ ညာသံမကြားဖြင့် ဘထွေးပြုံရုံတာ သူ့ဆီသို့ ရောက်လာလေသည်။ ဘထွေးသည် ခါတိုင်းထက် ပိုပုရှုံ၊ ခါတိုင်းထက် ပိုမည်းပြီး၊ ခါတိုင်းထက် ပိန်သွားသည်ဟု ထင်ရ၏။

'ဟော့ ကောင်အိုလေး ငါလည်း မျက်စိကွယ်တော့မယ်ကွ' ဘထွေးက ပန်းကန်ပြားထဲက လက်ဖက်ရည်ကို တပျတ်ပျတ်မြည်အောင်သောက်ရင်း ပြောသည်။ 'အလုပ်လည်း ကောင်းကောင်း မလုပ်နိုင်တော့ဘူး။ တောင်းရမ်းစားရတော့မှာပေါ့ကွာ။ ငါ့သား ယာကွတ်ကလည်း ငါနဲ့ မနေချင်တော့ဘူးတဲ့၊ မြို့ကိုသွားမယ် တကဲကဲလုပ်နေတယ်။ ငါက ခွင့်မပြုရင်လည်း ဒီကောင် ထွက်ပြေးမှာ ပဲ။ ဒီကောင်လည်း မစွံပါဘူးကွာ'

ဘထွေးပြောသည့် စကားများက တချက်မျှ စိတ်ချမ်းသာစရာ မရှိ။ ကလင်းကော့သည် သူတို့ ဆွေကြောင်းမျိုးကြောင်းတွေကို ဆိုင်ရှင်အဘိုးကြီးရှေ့တွင် ပြောရသဖြင့် မလုံမလဲ ဖြစ်နေလေသည်။ ဘထွေးပြန်သွားတော့ တံခါးပေါက်အထိ လိုက်သွားကာ ငွေသုံးကျပ်ကို လက်ထဲသို့ ထည့်လိုက် သည်။ စိတ်သက်သာရာလည်း ရသွား၏။

ထို့နောက်တွင်မူ ကလင်းကော့သည် စာအုပ်ဆိုင်တွင် မပျော်တော့။ သေနေသည့် စာအုပ်တွေကို လှောင်ထားရာ သင်္ချိုင်းဂူကြီးတခုလို အောက်မေ့မိလေသည်။ စာအုပ်တွေက စုတ်ပြတ်လျက်။ ကိုင်ဖန်များသဖြင့် နွမ်းကြေလျက်၊ မှိုစော်နံလျက်။ စာအုပ်ကလည်း များများစားစား မရောင်းရ၊ အရောင်းအလွန်ထိုင်းသည်။ ဤသည်ကိုလည်း သူ မအံ့သြ။ ဆိုင်ရှင်အဘိုးကြီးက စာအုပ်များနှင့် စာအုပ်ဝယ်သူများအပေါ် သဘောထားပုံကိုမူ အံ့သြမိသည်။

အဘိုးကြီး စာအုပ်ကိုင်လျှင် ရွရွကလေးကိုင်တတ်သည်။ စာရွက်လှန်တော့လည်း ဖြည်းဖြည်းကလေး လှန်တတ်သည်။ တစ်ခါတရံတွင် လက်မည်းမည်းကြီးများဖြင့် စာအုပ်ဖုံးကိုကိုင်ကာ ပွတ်သပ်ပြီး ခေါင်းတဆတ်ဆတ် လုပ်နေတတ်သည်။ သူ စာအုပ်ကိုင်ပုံမှာ သက်ရှိသတ္တဝါတဦးကို ချော့မြူယုယ နေသည့်နှယ်၊ ကြောင်ကလေးတကောင်၊ ခွေးကလေးတကောင်နှင့် ကစားနေသည့်နှယ်။ တစ်ခါတရံ တွင်လည်း စာဖတ်ရင်း စာအုပ်နှင့် စကားပြောနေတတ်သည်။ သူလုပ်နေပုံသည် ဘထွေးတယောက် ပန်းပဲဖိုကြီးနှင့် စကားပြောပုံမျိုးဖြစ်သည်။ စာအုပ်တွေကိုကိုင်ရင်း တခါတခါ ခေါင်းညိတ်သည်၊ တခါတခါ ပြုံးသည်။ တခါတခါ ပါးစပ်က တတွတ်တွတ်ရွတ်သည်။

'ကောင်လေး မှတ်ထား။ စာအုပ်တွေကို ဘယ်တော့မှမဖတ်နဲ့' တခါတွင် အဘိုးကြီးက ပြောဖူးသည်။ 'စာအုပ်ဆိုတာ တဏှာပေမကို အားပေးတယ်။ စာအုပ်ဆိုတာ ပြည့်တန်ဆာစိတ်ဓာတ်တခုကို မွေးထုတ်ပေးလိုက်တာ ဖြစ်တယ်။ တွေ့ရာတွေ လျှောက်ရေးပြီး ဆူဆူပူပူဖြစ်အောင် လှုံ့ဆော်ပေး တယ်။ မဟုတ်တဲ့စိတ်ကူးတွေကို နှိုးဆွပေးတယ်။ ဟိုတုန်းကတော့ ကောင်းတဲ့ ရာဇဝင်စာအုပ်တွေ၊ ဝတ္ထုစာအုပ်တွေ ရှိခဲ့ပါရဲ့။ လူကောင်းတွေက အတိတ်အကြောင်းကို ရေးခဲ့ကြတာကိုး၊ ဒါပေမဲ့ ခုခေတ်မှာတော့ စာကောင်းပေကောင်း မရှိတော့ဘူး။ စာအုပ်တိုင်းဟာ လူတွေရဲ့စိတ်ဓာတ်ကို ပျက်စီးအောင် လုပ်နေကြတာ။ စာအုပ်ကိုမဖတ်ရင် လူတယောက်ဟာ ကိုယ်စိတ် နှလုံးကောင်းမယ်။ စာအုပ်ဆိုတာ ငယ်ငယ်မှာ မဖတ်ရဘူး။ ငယ်ငယ်ရွယ်ရွယ်မှာ စာအုပ်တွေဖတ်ရင် လူပျက်စီးတယ်၊ ကြီးမှဖတ်ရတယ်'

သူ့စကားများကို ကလင်းကော့ ကောင်းကောင်းနားမလည်။ စိတ်ထဲတွင်မူ မှတ်ထားလိုက်သည်။ သူ့အလုပ်ရှင် အဘိုးကြီးဘဝကလည်း ခပ်ဆန်းဆန်းဟု အောက်မေ့မိသည်။ အဘိုးကြီးသည် စာအုပ် တအုပ်ရောင်းပြီးတိုင်း နှမြောနေပုံရသည်။

စာအုပ်ဝယ်သူလာလျှင် မျက်မှန်ကြီးကို ပင့်တင်ပြီး ဝယ်သူမျက်နှာကို စိန်းစိန်းကြီး စိုက်ကြည့်နေ တတ်သည်။ ကျောင်းသားတယောက် စာအုပ်ဝယ်သွားလျှင် တံခါးဝအထိ လိုက်သွားကာ ပြုံးပြုံးကြီး ကြည့်ကျန်ရစ်ခဲ့တတ်သည်။ တခါက ကျောင်းသားလေးတယောက် စာအုပ်ဝယ်ပြီး ပြန်အသွားတွင် လက်သီးတထောင်ထောင်ဖြင့် ကျန်ရစ်ခဲ့သည်။ အများအားဖြင့် စာအုပ်ဝယ်သူများမှာ ကျောင်းသား များ ဖြစ်ကြ၏။ တစ်ခါတရံတွင်လည်း အဘိုးကြီးတွေ လာဝယ်တတ်သည်။ သူတို့လာလျှင် စာအုပ်ပုံ တွေကို အကုန် လျှောက်ဖွပြီး အော်ကြီးဟစ်ကျယ် စျေးဆစ်တတ်ကြသည်။

စာအုပ်ဆိုင်သို့ နေ့တိုင်းလာသည့် လူတယောက် ရှိသေးသည်။ ထိုလူမှာ ဦးထုပ်မြင့်မြင့်ကြီးကို ဆောင်းထားပြီး ညာဘက်လက်တွင် စိန်လက်စွပ်ကြီးတကွင်း ဝတ်ထား၏။ မုတ်ဆိတ်ကောင်းစွာ ရိတ်ထားသည့် မျက်နှာပေါ်တွင် နှာခေါင်းပြားပြားကြီးသည် ထင်းထင်းကြီး ပေါ်လျက်ရှိ၏။ ထိုလူကြီးမှာ လူးကစ်ဆိုသူဖြစ်သည်။ သူသည် ဆိုင်ရှင်အဘိုးကြီးနှင့် မကြာမကြာ စစ်တုရင် ကစားတတ်သည်။ စစ်တုရင်ကစားရင်းလည်း နှာ ခဏခဏချေပြီး နားရွက်ကို ဆွဲနေတတ်သည်။ စာအုပ်များနှင့် အထုပ်များကို လည်း ယူလာတတ်၏။ ဆိုင်ရှင်အဘိုးကြီးက ခေါင်းတညိတ်ညိတ်နှင့် ယူပြီးနောက် ဆိုင်နောက်ဖေး ဗီရိုထဲတွင်သော်လည်းကောင်း၊ စားပွဲအံဆွဲထဲတွင်သော်လည်းကောင်း ဝှက်ထားတတ်သည်။ အဘိုးကြီးက စာအုပ်ဖိုး ပေးသည်ကို မမြင်ရ။ သို့ရာတွင်

ကလင်းကော့ကို အရောင်းခိုင်းသည့်အခါတွင်မူ သေသေချာချာ စောင့်ကြည့်လေ့ရှိသည်။

ကျောင်းသားတယောက်မှာ ဆိုင်သို့ မကြာခဏ လာတတ်၏။ ကျောင်းသားက အရပ်မြင့်မြင့်၊ မျက်လုံးပြာပြာ၊ မုတ်ဆိတ်နီနီ။ နဖူးကျယ်ကျယ်ကြီးပေါ်တွင် ကက်ဦးထုပ်ကို နောက်လှန်၍ ဆောင်းတတ်သည်။ စကားပြောလျှင် ခပ်မြန်မြန်ပြောလေ့ရှိပြီး စာနယ်ဇင်းဟောင်းများကို ဝယ်လေ့ ရှိ၏။

တနေ့တွင် ဆိုင်ရှင်အဘိုးကြီးသည် လူးကစ်ယူလာသည့် စာအုပ်တအုပ်ကို ထိုကျောင်းသားအား ရောင်းလိုက်သည်။ ကျောင်းသားက စာအုပ်ကို လှန်ကြည့်နေစဉ်တွင် အနားကပ်၍ စကားတွေ တတွတ်တွတ် ပြောနေသည်။

"စိတ်ဝင်စားစရာကောင်းတယ်၊ ဟုတ်လား။ တော်တော်ခွကျတဲ့ အဘိုးကြီးပဲ။ မကြောက်ဘူးလား ဟင် အဘိုးကြီး"

ကျောင်းသားက ပြုံး၍မေးသည်။ အဘိုးကြီးက သက်ပြင်းချလိုက်ရင်း

"ဘာကြောက်စရာရှိသလဲကွ၊ ဒါ အမှန်တရားပဲ။ အမှန်တရားအတွက် တတ်နိုင်သလောက်တော့ ကူညီရတာပေါ့"

သူတို့နှစ်ယောက် အတန်ကြာမျှ တိုးတိုးတိုးတိုးနှင့် ပြောနေကြသည်။ နောက်ဆုံးတွင် ကျောင်းသား က 'ကဲ၊ ဒါဖြင့် ကျွန်တော့်လိပ်စာကို ယူထားလိုက်'

အဘိုးကြီးက စာရွက်ကလေးတရွက်ပေါ်တွင် ကျောင်းသား၏လိပ်စာကို ရေးထားလိုက်သည်။ နောက်အတန်ကြာ၍ လူးကစ် ရောက်လာသည့်အခါတွင် အဘိုးကြီးက စာရွက်ကိုထိုးပြပြီး 'လူသစ် တယောက်တော့ တိုးလာပြီဗျို့' ဟု ပြောသည်

"ဘာ နီကိုဒင် အာချင်ဂျဲစကီး ဟုတ်လား။ ဒီလောက် အတိအကျ မှတ်ထားဖို့ မလိုပါဘူးဗျာ။ နီကိုဒင်ဆိုရင် တော်ရောပေါ့"

ရက်အတန်ကြာ၍ သူတို့နှစ်ယောက် စစ်တုရင် ကစားကြသည့်အခါတွင် လူးကစ်က

"ခင်ဗျား နီကိုဒင်ဆိုတဲ့ကောင်ကတော့ မလွယ်ဘူးဗျို့။ ငါးဥတော်တော်များတဲ့ငါး၊ သူ့နေရာကို တက်ရှာတာ တော်တော်များများ မိလာတယ်"

"ဒါဖြင့် စာအုပ်တွေကို ကျုပ်ပြန်ပေးလေ"

“ရပါတယ်၊ ပေးတာပေါ့”

မျက်လုံးပြာပြာနှင့် ကျောင်းသား ပေါ်မလာတော့။ မုတ်ဆိတ်မွေးနက်နက်နှင့် လူငယ်ကိုလည်း မတွေ့ ရတော့။ ကလင်းကော့သည် ထိုအရာအားလုံးကို စိတ်ဝင်စားကာ သက်ဲမကင်း ဖြစ်နေသည်။ သူတို့နှစ်ဦးကြားတွင် လျှို့ဝှက်ချက် တစုံတရာ ရှိနေပြီဟု သူထင်နေသည်။

စင်စစ် ကလင်းကော့သည် စာအုပ်များကို စိတ်ဝင်စားခြင်းမရှိ။ စာအုပ်များကို ကြိုးစား၍ ဖတ်သော် လည်း သူနားမလည်။ စာအုပ်များထဲတွင် မှတ်စရာသားစရာတွေ အများကြီးပါသော်လည်း တခုကိုမျှ ကောင်းကောင်း မမှတ်မိ။ ဖတ်ထားသမျှသည် ခဏကြာလျှင် နေပူပူ ကျောက်ခဲတလုံးပေါ်တွင် ရေလောင်းချလိုက်သလို အငွေ့တွေဖြစ်ပြီး ပျောက်ကွယ်သွားကြသည်။ အလုပ်တခု လုပ်နေရာတွင် စဉ်းစားတွေးတော၍ မရတော့။ ကလင်းကော့သည် အလုပ်ကို ဖြည်းဖြည်းနှင့် တိတိကျကျလုပ်၏။ ဂရုတစိုက် လုပ်၏။ အလုပ်လုပ်နေသည့်အချိန်တွင် ကိုယ်ရေးကိုယ်တာကိုပင် စဉ်းစားခြင်း မပြုနိုင်တော့။

အလုပ်အားလျှင်မူ မလှုပ်မယှက် ထိုင်နေတော့သည်။ နှင်းမြူလို လွင့်ပါးနေသည့် အတွေးများထဲတွင် မျောနေတော့သည်။ ဘာကိုမျှ သတိမရတော့။

ထိုသို့ တွေးနေမိပြီဆိုလျှင် အချိန်ကလည်း ကုန်လွယ်ဘိခြင်း။ ဘယ်လိုကုန်သွားသည်မသိ။ သူ့ဘဝသည် ပျင်းရိခြောက်သွေ့ ငြီးငွေ့စရာ။ သူ့ဦးနှောက်သည်လည်း အလုပ်တည်းဟူသော ဖုန်မှုန့် တို့ဖြင့် ဖုံးအုပ်လျက်။ ကလင်းကော့သည် မြို့ထဲသို့လည်း ရောက်ခဲလှသည်။ မြို့ထဲသို့ သွားရသည် ကိုလည်း သူမပျော်။ လှုပ်လှုပ်ရွရွတွေကို မြင်ရလွန်းသဖြင့် မျက်စိနောက်သည်။ အသံဗလံတွေကို ကြားရလွန်းသဖြင့် ခေါင်းနောက်သည်။ မြို့ကြီးသည် ပုံပြင်ထဲက ဖုတ်ပြိတ္တာကြီးတကောင်လို ကြောက်စရာ ကောင်းသည်။ ပါးစပ်ပေါက်ကြီး တရာကို ဖြဲ၍ လည်ချောင်းတရာလောက်ဖြင့် မှုတ်နေသကဲ့သို့ ထင်ရသည်။

မနက်လင်း၍ သူ့အလုပ်ရှင် အဘိုးကြီး၏အခန်းကို ရှင်းသည့်အခါတွင် ကလင်းကော့သည် ပြတင်းပေါက်မှ ခေါင်းပြူကာ အောက်က လမ်းမကျဉ်းကျဉ်းကလေးကို ငုံ့ကြည့်မိ၏။ နေ့တိုင်း မြင်နေကျလူတွေ။ နောက်တနာရီဆိုလျှင် အလုပ်လုပ်ကြရတော့မည်။ နောက်တရက်တွင် အလုပ် လုပ်ကြရတော့မည်။ တသက်လုံး လုပ်ကြရတော့မည်။ သူ့အသိ၊ သူ့သူငယ်ချင်း ဗျပ်ထိုးခေါင်းရွက် ဈေးသည်ကလေးများ၏ အော်သံများကို ကြားရဦးတော့မည်။ ခွေးသည် ၎င်း၏ လျှောင်အိမ်ကို ပြန်ဝင်နေသကဲ့သို့ လူတိုင်းသည် ကိုယ့်အလုပ်ခွင်ကို ဝင်နေကြရသည်။ တစ်ခါတရံတွင် ထူးဆန်းသည့် အသံသစ်တမျိုးကို လှစ်ခနဲ

ကြားလိုက်ရတတ်၏။ သို့ရာတွင် သူကြားနေကျ စိတ်ပျက်စရာ၊ ရွံမုန်းစရာ၊ ငြီးငွေ့စရာအသံတွေကြားထဲတွင် ဘာသံဟု ခွဲခြားမရတော့ဘဲ ပျောက်သွားတော့သည်။

ရွာတုန်းက ဓမ္မာရုံကိုရောက်လျှင် သူ သဘောကျသော်လည်း မြို့တွင်မူ ဓမ္မာရုံသည်ပင်လျှင် ပျော်မွေ့ဖွယ် မကောင်းတော့။ မြို့က ဓမ္မာရုံတွေက သစ်လွင်လွန်းသည်၊ တောက်ပလွန်းသည်။ အမွှေးနံ့တို့က စူးရှလွန်းသည်။ ကလင်းကေ့ာသည် စူးရှသည့်အနံ့များကို မခံနိုင်။ ထိုအနံ့တွေကို ရလျှင် သူ့ခေါင်းသည် မူးနောက်လာတော့သည်။

တစ်ခါတရံ အားလပ်ရက်များတွင် ဆိုင်ရှင်အဘိုးကြီးသည် ဆိုင်ကိုပိတ်ပြီး ကလင်းကေ့ာကို မြို့ထဲ ခေါ်သွားတတ်သည်။ လမ်းတလျှောက်တွင် တွေ့ရတတ်သည့် အိမ်ကြီးအိမ်ကောင်းများကို ပြပြီး လူချမ်းသာများ၊ သူဌေးများအကြောင်းကို ပြောပြတတ်သည်။ သူပြောပြသည့်အကြောင်းများထဲတွင် လင်ငယ်နေသည့်မိန်းမတွေအကြောင်း၊ ကွယ်လွန်သွားသည့်လူများအကြောင်း၊ ကြီးကျယ်ခမ်းနား သော အသုဘများအကြောင်း စသည်တို့ ပါသည်။ အဘိုးကြီး၏အသံက ငြီးငွေ့စရာ။ သို့ရာတွင် လူသေသည့်အကြောင်းကို ပြောသည့်အခါများတွင်မူ အဘိုးကြီး၏အသံသည် အသက် ဝင်လာသည်။ လူသေသည့်အကြောင်းနှင့် ပတ်သက်သည့် ကိစ္စဟူသမျှသည် လောကတွင် အကြီးကျယ်ဆုံး၊ မင်္ဂလာ အရှိဆုံးဟုများ ထင်မှတ်နေလေသလော မဆိုနိုင်။

လမ်းလျှောက်၍ မောကြလျှင် လက်ဖက်ရည်ဆိုင်တဆိုင်သို့ ဝင်ပြီး လက်ဖက်ရည် သောက်ကြသည်။ လူတိုင်းက သူ့ကိုသိကြပြီး ကြောက်ကြောက်ရွံ့ရွံ့ ဆက်ဆံကြသည်။ မွှန်ထူနေသော မီးခိုးများနှင့် ဆူညံလှသည့် ခွက်စက်သံကြားတွင် ကလင်းကေ့ာ အနေရကျပ်ကာ ငိုက်လာသည်။ တခါသော် ဆိုင်ရှင်အဘိုးကြီးက သူ့ကို လှပသည့်ပစ္စည်းတွေ ပြည့်နေသည့် တိုက်အိမ်ကြီးတအိမ်သို့ ခေါ်သွား သည်။ လက်နက်တွေကလည်း မျိုးစုံ။ အဝတ်အထည်၊ လက်ဝတ်ရတနာတွေကလည်း မျိုးစုံ။ အမေပြောဖူးသည့်ပုံပြင်ထဲက ဥစ္စာသိုက်ကြီးကို သွား၍ အမှတ်ရသည်။ ကလင်းကေ့ာသည် တခန်းပြီးတခန်း တအံ့တသြဖြင့် လျှောက်ကြည့်သည်။ အိမ်ပြန်ရောက်တော့ ကလင်းကေ့ာက

'အဲဒီပစ္စည်းတွေက ဘယ်သူ့ဟာတွေလဲဟင်' ဟု မေးမိသည်။

"အဲဒါ နိုင်ငံတော်ပိုင်ပစ္စည်း။ ဇာဘုရင်ရဲ့ ပစ္စည်းတွေ"

အဘိုးကြီးက ခပ်ကြွားကြွား ဖြေသည်။

"အဲဒီ သိုရင်း အကျီကြီးတွေခားလွယ်ကြီးတွေကို ဘယ်သူဝတ်သလဲ ဟင်"

“ဇာတုရင်လည်း ဝတ်တယ်၊ ဝန်ကြီးတွေလည်း ဝတ်တယ်။ တခြား နန်းတော်သားတွေလည်း ဝတ်တယ်”

“ခု အဲဒီလူတွေ ရှိသေးလား”

“ဘာဖြစ်လို့ မရှိမှာလဲ။ သူတို့မရှိရင် ဘယ်ဖြစ်ပါ့မလဲ။ အဝတ်အစားသာ ဒီအဝတ်အစားကို မဝတ်တော့တာ”

“ဘာဖြစ်လို့ ဒါတွေကို မဝတ်တော့တာလဲ”

“ဒီထက် သက်သာတာကို ဝတ်ကြတော့တာပေါ့။ ဟိုတုန်းက ရုရှားပြည်ကြီး ခုထက် ချမ်းသာတယ်။ ခုတော့ သည့်ပြင်လူမျိုးတွေ လာတိုက်လို့ အရင်တုန်းကလောက် မချမ်းသာတော့ဘူး။ ရေဝတီတွေ၊ ပိုလန်လူမျိုးတွေ၊ ဂျာမန်တွေ”

မည်သူမျှ ရုရှားပြည်ကြီးကို မချစ်ကြတော့ကြောင်း၊ ရုရှားပြည်ကြီးကို လုယက်နေကြကြောင်း၊ ရုရှားပြည်ကြီးကို ပျက်စီးစေချင်နေကြကြောင်းဖြင့် အဘိုးကြီးက ရှည်လျားစွာ ပြောပြသည်။ သူ ဤမျှရှည်လျားစွာ ပြောသည့်အခါတွင် ကလင်းကော့ သူပြောသည့် စကားများကို မယုံချင်တော့။

“ကျွန်တော်တို့ကိုကော ဇာတုရင်က ပိုင်သလား”

“ပိုင်တာပေါ့။ တို့တိုင်းပြည်က ရှိသမျှ အရာတိုင်းကို ဇာတုရင် ပိုင်တယ်”

ဇာတုရင်၏ရုပ်ပုံကို သူ တွေးကြည့်သည်။ တောက်တောက်ပပ ပြိုးပြိုး ပြက်ပြက်တွေ ဝတ်ထားသည့် နန်းတော်သားတို့ကို မှန်းကြည့်သည်။ ထိုညက တော်တော်နှင့် အိပ်မပျော်။ ထိုနန်းတော်သား အလတ်တန်းစားတို့၏ အသိုက်အဝန်းထဲတွင် သူကလည်း သားရေဖိနပ်ရှည်ကြီးနှင့်၊ ခါးလွတ်ကြီး နှင့်၊ ဝတ်ရုံကြီးနှင့်။ ရာယစ်ဇာကလည်း လည်ဆွဲရတနာတွေ ပြိုးပြိုးပြက်ပြက်နှင့်။

‘ဒီလိုချည်းပဲလည်း အမြဲဖြစ်နေမှာ မဟုတ်ပါဘူး’ ဟု သူတွေးသည်။

တဖက်ခန်းမှ သူ့အလုပ်ရှင်၏ ငြီးငွေ့ဖွယ် ဘုရားရှိခိုးသံကို ကြားရလေသည်။

“ဘုရားသခင်သည် ဘုံဗိမာန်ကို တည်တော်မူ၏”

တနေ့တွင် ကလင်းကေဲ့နှင့် အဘိုးကြီးသည် ဆိုင်ပိတ်ပြီး နောက်ဘက်ကွက်လပ်ကလေးသို့ ထွက်လာခဲ့ကြ၏။ ထိုစဉ် စူးရှသော အော်သံတသံကို ကြားလိုက်ရသည်။ အနာတိုး၏ အော်သံ ဖြစ်သည်။

"ကြောက်ပါပြီခင်ဗျ။ နောက်မလုပ်တော့ပါဘူးခင်ဗျ။ ကြောက်ပါပြီ ခင်ဗျ"

ကလင်းကေဲ့သည် အသံကြားရာဆီသို့ ပြေးလာခဲ့၏။ အနာတိုး၏ ထိတ်လန့်ကြောက်ရွံ့သည့် အသံ ကို ကြားရတော့ အလိုလို ဝမ်းသာနေသည်။ လူတိုင်းက သဘောကျပြီး အမြဲတမ်း ရွှင်လန်းမြူးထူး နေသည့် အနာတိုးပါးစပ်မှ နာကျင်ထိတ်လန့်သည့် အော်သံကို ကြားရသည့်အခါတွင် နားထောင် ကောင်းလိုက်သည့်ဖြစ်ခြင်း၊ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

"ဦးကြီး၊ ကျွန်တော် ကွင်းထဲမှာ ခဏနေရစ်ခဲ့မယ်နော်"

"အင်း၊ ထမင်းစားချိန်တော့ နီးပြီကွ။ ကိစ္စမရှိဘူးလေ၊ ငါလည်း ခဏနေဦးမယ်။ ဒီသရဲကလေးကို ဆုံးမတာကို ကြည့်ရတာပေါ့"

ဆင်ဝင်တဖက်က အုတ်ပုံကြီးနားတွင် လူတွေ ဝိုင်းအုံနေကြသည်။ တဗုန်းဗုန်းရိုက်သံနှင့် အနာတိုး၏ ငိုသံကို ကြားရသည်။

"ကျွန်တော်လုပ်တာ မဟုတ်ဘူးခင်ဗျ။ နောက် မလုပ်တော့ပါဘူးခင်ဗျ။ ကြောက်ပါပြီခင်ဗျ။ ရိုကြီးခိုးပါရဲ့ နောက်မလုပ်တော့ပါဘူးခင်ဗျ"

"ကောင်းတယ်။ ဒီကောင့်ကို ဆော်ပေးမှ၊ ချ"

နာရီပြင်ဆရာ ယာကွတ်က ဆေးလိပ်ကို ဖိမ်နှင့်ဖွာရင်း ပြောသည်။

"ကောင်လေးကို ဒီလိုလုပ်ပေးမှ တော်ကာကျတယ်။ ဘယ့်နှယ်တော် ဒီလောက် ပြောင်ရသလား။ ဒီကွင်းထဲမှာ ဘယ်သူမှ အကောင်းမနေရဘူး"

မျက်လုံးစွေစွေနှင့် အပ်ချုပ်သမ ဇီနာ ဆိုသည်။

"ကောင်လေးက လူတွေကို လိုက်ပြောင်နေတာပဲဆို"

ဆိုင်ရှင်အဘိုးကြီးက ကလင်းကေဲ့ကို မေးသည်။

"ဟုတ်ပါ့တော်။ ဘယ်သူ့ကိုမှ မရှောင်ဘူး၊ လူတိုင်းကို

လိုက်ပြောင်နေတာပဲ”

အထည်သည်အိမ်က ထမင်းချက်မိန်းမကြီးက ပြော၏။

တဲကြီးထဲမှ အိတ်ကြီးတအိတ်ကို ကြမ်းပြင်တွင် အုတ်တွေပုံထားသည့် တရွတ်တိုက်ဆွဲသံမျိုး ပေါ်လာသည်။ ကိုဇင်၏အသက်ပြင်းပြင်းရှူသံနှင့် တဖြည်းဖြည်း တိမ်၍သွားသော အနာတိုး၏ ငိုသံ များကို ကြားရ၏။

“ကယ်ကြပါဗျာ၊ ကယ်တော်မူကြပါ”

သို့ရာတွင် အသံသည် ပီပီသသ ပေါ်ထွက်လာခြင်းမဟုတ်၊ ဗလုံးဗထွေးမျှသာ။ အရိုက်ခံလျှင် မည်မျှ နာသည်ကို ကိုယ်တွေ့ကြုံဖူးသဖြင့် ကလင်းကော့ ကောင်းကောင်းသိသည်။ ပွဲကြည့်ပရိသတ်၏ ဝေဖန်ချက်ကို နားထောင်ရင်း ကလင်းကော့ ဝေခွဲမရဖြစ်နေသည်။ မနေ့က အနာတိုး ပြောင်သည်ကို ကြည့်၍ သဘောကျခဲ့သည်မှာလည်း ဤပရိသတ်။

အခု အနာတိုး အရိုက်ခံရသည်ကို ကြည့်ပြီး ကျေနပ်နေသည်မှာလည်း ဤပရိသတ်။ ဟုတ်သည်။ မှုန်သိုး၍ အလုပ်ပင်ပန်းပြီး ရောဂါအမျိုးမျိုး စွဲကပ်နေကြသည့် ဤပရိသတ်ကို ကလင်းကော့ ကောင်းကောင်း နားလည်ပြီ။ သူတို့သည် လူတယောက် နှိပ်စက်ညှဉ်းပန်းခံနေရသည်ကို မျောက်ပွဲကြည့်သလို ဝိုင်းကြည့်နေကြ၏။

သနားသည့်အရိပ်အယောင်ကလေးကို ဟန်ဆောင်ပန်ဆောင်ကလေးမျှပင် မပြကြ။ ကလင်းကော့ သည် အနာတိုးကို သနားသည်။ သို့ရာတွင် သူ့ညည်းသံ၊ ငိုသံကို ကြားရတော့ သူကိုယ်တိုင်လည်း ကျေနပ်သလိုလို။

“ဒီကောင်တော့ ဝပ်သွားတော့မှာပဲ။ ငါ့ကိုလည်း အရင်တုန်းကလို သိပ်ရန်လုပ်တော့မှာ မဟုတ်တော့ ဘူး” ဟု တွေးမိသည်။

ထိုစဉ် အထည်သည် နီကိုလေ ပေါက်လာလေသည်။ နီကိုလေက ဆံပင်ကောက်ကောက်၊ လက်တံ ရှည်ရှည်။ မည်သူ့ကိုမျှ ဂရုမထားသည့်ဟန်။ လူတွေကို ဘေးသို့ အတင်းတွန်းဖယ်ပြီး တဲကြီးထဲ ဝင်သွားသည်။

“ဟော့၊ တော်တော့၊ တော်လောက်ပြီ။ မင်းလည်းသွား"

နီကိုလေက အော်သည်။ လူတွေက ဘေးသို့ ရှဲသွားကြသည်။ ကိုဇင်သည် တဲတံခါးကို ဖွင့်၍ ထွက်လာ၏။ သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ပြီး ‘ပုလိပ်ကို ခေါ်ပေးပါ’ ဟု အော်သည်။ သူ့မျက်လုံးကြီးတွေက ပြူးထွက်နေကြသည်။

“ကောင်လေး၊ သွားရအောင်။ အနိဋ္ဌာရုံတွေချည်းပဲ မြင်နေရတယ်”

အဘိုးကြီးက ခေါ်သည်။ ကလင်းကော့သည် ဆင်ဝင်ဘေးနား ချောင်လေးတချောင်ထဲတွင် ရပ်ကာ အခြေအနေကို ကြည့်နေသည်။

နီကိုလေသည် တဲထဲမှ ထွက်လာ၏။ အနာတိုးသည် သူ့လက်ပေါ်တွင် ပျော့ခွေလျက် ပါလာ၏။ အပြင်သို့ရောက်လျှင် အနာတိုးကို မြေပေါ်သို့ ချလိုက်ပြီး

"ရေလေးဘာလေး ရှာပေးကြစမ်းပါ။ ဒီဖာသည်မတွေ ဝိုင်းကြည့်နေဖို့လောက်ပဲ တတ်တယ်" ဟု အော်သည်။

ဇီနာနှင့် ထမင်းချက် မိန်းမကြီးက ပြေး၍ ရေခပ်လာကြသည်။ ကိုဇင်သည် ခေါင်းကိုမော့၍ အသက် ပြင်းပြင်းရှူရင်း

"သေသွားပြီဗျ။ ပုလိပ်ကို ခေါ်ပေးကြပါ။ ပုလိပ်ကို ခေါ်ပေးကြပါ" ဟု အော်နေသည်။

နီကိုလေက သူ့ကိုလှည့်ပြီး ဆီးစပ်ကို ပိတ်ကန်လိုက်သဖြင့် ကိုဇင် လဲကျသွားလေသည်။

"ခွေးသား၊ နင့်ကြောင့် ကလေးတယောက် သေသွားပြီ"

"ခွေးသူတောင်းစားတွေ နင်တို့ ဒီလိုကြည့်နေလို့ ကလေးတယောက် သေသွားပြီ။ ဟင်၊ ကြည့်ကောင်းလို့ ကြည့်နေကြတာလား ဟုတ်လား။ နင်တို့အားလုံးကို သတ်မယ်။ မျက်ခွက်ကို ရိုက်ခွဲပစ်မယ် သိလား"

နီကိုလေသည် မျက်ဖြူကြီးလန်အောင် အော်နေသည်။ ပရိသတ်က သူ့ကို ဆဲကြသည်။ သို့ရာတွင် သူ့အနားသို့မူ မကပ်ရဲကြ။

"ဟဲ့ ကောင်လေး၊ သွားစို့"

ဆိုင်ရှင်အဘိုးကြီးက ကလင်းကော့ကို လက်ဆွဲခေါ်သည်။ သူတို့ထွက်လာတော့ ကိုဇင် ထွက်ပြေး သွားသည်ကို မြင်လိုက်ရသည်။

တယောက်တည်းရှိသည့်အခါတွင် ကလင်းကော့သည် အနာတိုးကို မနာလိုဝန်တိုခြင်း မဖြစ်တော့။ ခေါင်းအေးအေးထား၍ ပြန်တွေးသည့်အခါ၌ လူတွေက အနာတိုးကို သဘောကျကြခြင်းမှာ သူတို့ကို ပျော်အောင် လုပ်ပေးနိုင်ခြင်းကြောင့် ဖြစ်သည်ဟု ထင်ရသည်။ သို့ရာတွင် တကယ်တော့ ထို့ကြောင့် မဟုတ်။ လူတွေသည် ရန်ဖြစ်သည်ကို သဘောကျကြသည်။ သူတပါး ရန်ဖြစ်သည်ကို ကြည့်ချင်ကြ သည်။ ရက်စက်ကြမ်းကြုတ်သည်ကို မြင်ချင်ကြသည်။ နီကိုလေက အနာတိုးကို ဝင်ကယ်ခဲ့ခြင်းမှာ သနား၍ မဟုတ်။ သူ့တပည့် ကိုဇင်ကို ရိုက်ချင်သောကြောင့်သာဖြစ်၏။ အားလပ်ရက်တိုင်းလည်း သူ့တပည့် ကိုဇင်ကို

ရိုက်ခဲ့သည် မဟုတ်လော။ နီကိုလေက သတ္တိလည်းကောင်းသည်၊ ဗလလည်း ရှိသည်။ လက်ကလည်း ယဉ်သည်။ လူတယောက်ကို အသာကလေး ကိုင်ပေါက်နိုင်သည်။ သို့ရာတွင် သူလည်း မသက်သာ။ သူ့အလှည့်ကျတော့ ပုလိပ်ရိုက်ခံရသည်။ ဤတွင် ကလင်းကော့ ဥပဒေသ တခု ရလိုက်သည်။ လောကတွင် ကြောက်ခြင်း၊ ရဲခြင်း၊ သတ္တိနည်းခြင်း၊ သတ္တိကောင်းခြင်းသည် ပဓာနမဟုတ်။ မည်သူမဆို တနေ့နေ့ တချိန်ချိန်တွင်တော့ ရိုက်နှက်ခြင်း၊ စော်ကားခြင်း ခံရသည် သာ ဖြစ်သည်ဟူသော သင်ခန်းစာဖြစ်သည်။

သို့ဖြင့် ရက်တွေကြာသွားသည်။ အနာတိုးကို ဆေးရုံတင်လိုက်ရပြီး ဆေးရုံတွင် ရူးသွားသည်ဟု သူတို့ဝင်းထဲတွင် သတင်းဖြစ်နေသည်။ သူတပါးတွေ ရယ်ရအောင် လျှောင်ပြောင်ပြခဲ့တုန်းက အနာတိုး၏မျက်လုံးများ တောက်ပဝင်းလက်နေပုံ၊ သူ့အမူအရာ ဖျတ်လတ်သွက်လက်နေပုံ၊ မျက်နှာထားအမျိုးမျိုး လုပ်တတ်ပုံ စသည်တို့ကို ကလင်းကော့ အမှတ်ရနေသည်။ အနာတိုးသည် တသက်လုံး ပြန်၍ ကောင်းမှ ကောင်းပါတော့မည်လော မဆိုနိုင်။

အတန်ကြာတော့ ကလင်းကော့သည် အနာတိုးကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားလေသည်။

ဆောင်းဦးပေါက် မိုးသည်းသည်းရွာသည့် ညများတွင်ဆိုလျှင် ကလင်းကော့၏ အခန်းပြတင်းပေါက် အောက်က ခေါင်မိုးပေါ်သို့ မိုးစက်တွေ တဖြုန်းဖြုန်း ကျတတ်သည်။ ထိုသို့ မိုးတွေ သဲသဲမဲမဲရွာပြီဆိုလျှင် ကလင်းကော့ ကြောက်တတ်သည်။ အိပ်၍မပျော်တော့။

မိုးတွေရွာနေသည့် ညတညတွင် သူ့ဆိုင်ရှင်အဘိုးကြီး၏ ဒေါသတကြီး အော်သံကို ကလင်းကော့ ကြားလိုက်ရသည်။

"အလကားကောင်မ သွား၊ ငါ့ဆီမလာနဲ့"

ရာယစ်ဇာက ထုံးစံအတိုင်း လေအေးကလေးဖြင့် ပြန်ပြောနေသံကို ကြားရသည်။

"အလကားကောင်မ၊ အောက်တန်းစားမ။ နင့်ကို ငါ ပိုက်ဆံဘယ်လောက် ပေးထားရသလဲ၊ ဟင်"

အဘိုးကြီး၏အခန်းတံခါးက ဟနေသဖြင့် အသံဗလံတွေကို ကောင်းကောင်းကြားရသည်။ မိုးက စဲစပြုပြီ။ တဖြောက်ဖြောက်အသံလောက်ကိုသာ ကြားရတော့သည်။ လေသည် နားခိုစရာ ရှာမတွေ့ သည့် ငှက်ကြီးတကောင်လို အမိုးတွေပေါ်တွင် လျှောက်ပြေးကာ ပြတင်းပေါက်မှန်တံခါးများကို တောင်ပံဖြင့် တဖျတ်ဖျတ် ရိုက်လျက်ရှိ၏။ ကလင်းကော့သည် အိပ်ရာပေါ်တွင် ဒူးနှစ်လုံးပိုက်ကာ ထထိုင်ပြီး အသံတွေကို နားစွင့်ထောင်နေသည်။ သူ့တကိုယ်လုံး ခိုက်ခိုက်တုန်လျက်။

"ပေး၊ ငါ့ငွေအစိတ်ပြန်ပေး"

"ကျွန်မ ဘာငြင်းလို့လဲ။ ဒီငွေကို လူးကစ်က ပေးတာပါလို့ ရှင့်ကိုပြောသားပဲ"

"သြော် လူးကစ်နဲ့ အိပ်လို့ရလာတဲ့ ပိုက်ဆံပေါ့။ ဟုတ်လား"

"နို့ ၊ ရှင်ပဲ လူးကစ်အကြောင်းကို ထောက်လှမ်း.."

"တိတ်၊ တိုးတိုးပြောပါကွ"

အခန်းတံခါးသည် ပိတ်သွား၏။ သို့တိုင်အောင် အဘိုးကြီး၏ အော်သံကို ကြားနေရသည်။

"ဟော့ကောင်မ၊ မှတ်ထား။ နင်ဟာ ငါ့လက်ခုပ်ထဲမှာ ရှိတယ်။ သိလား။ လူးကစ်နဲ့ ပလူးပလဲ လုပ်မယ် တော့ မကြံနဲ့။ ဒုက္ခရောက်သွားမယ်။ ဘာမှတ်နေသလဲ"

အမျိုးသမီး၏အသံက ပျော့ပျော့ပျောင်းပျောင်း၊ ညင်ညင်သာသာ၊ အဘိုးကြီးက ဒေါသကြီး သလောက် သူက အေးအေးဆေးဆေး။ ကြောင်ကလေးတကောင်လို သိမ်သိမ်မွေ့မွေ့ ။

အမျိုးသမီးက မှန်သည်ဟု ကလင်းကော့ ထင်သည်။ အမျိုးသမီး၏ ပြောပုံဆိုပုံနှင့် သူ့ဆရာ ဒေါသ ကြီးနေပုံတို့ကိုထောက်လျှင် သူ့အထင် မှန်လောက်သည်။ ကလင်းကော့ အသက် ၁၅ နှစ်ရှိပြီ။ နူးညံ့သိမ်မွေ့၍ ချောမောသည့် ရာယစ်ဇာသည် သူ့ကို လွှမ်းမိုးစပြုနေပြီ။ ရာယစ်ဇာနှင့် သူ တွေ့ရသည့်အချိန်သည် တခါတွေ့မှ တစ်မိနစ်၊ နှစ်မိနစ်ထက် မပို။ ထိုအချိန်လေးအတွင်း၌ သူသည် ရာယစ်ဇာ၏မျက်နှာကို ကြည့်၍ ကြည်နူးခြင်းဖြစ်ရသည်၊ ဝမ်းသာရသည်။ ရာယစ်ဇာသည် သူ့ကို စကားပြောလျှင် အမြဲ ချိုချိုသာသာ ပြောလေ့ရှိ၏။ ထို့ကြောင့် သူ့ကို ကလင်းကော့ ကျေးဇူးတင်သည်။ စွဲလမ်းခြင်းဖြစ်ရသည်။

ယောက်ျားနှင့် မိန်းမတို့၏ ကြမ်းတမ်းသောဆက်ဆံရေးကို တောမှာနေစဉ်ကတည်းက ကလင်းကော့ တွေ့ခဲ့ဖူးပြီ။ မြို့သည် ထိုအမှန်တရားကို ရွှံ့တို့ဖြင့်ဖုံး၍ ဗန်းတင်၏။ သို့ရာတွင် သူ့အဖို့ ဘာမျှ မထူးခြား။ ကလင်းကော့၏ပင်ကိုစရိုက်သည် ကြောက်တတ်၏။ ထို့ကြောင့် မိန်းမနှင့် ပတ်သက်သည့် စကားများကို မယုံရက်၊ မယုံရဲ။ မိန်းမနှင့် ယောက်ျားတို့၏ ဆက်ဆံရေးအကြောင်းကို ပြောသံကြားလျှင် သူ့တွင် တပ်မက်သည့်စိတ် မပေါ်။ စက်ဆုပ်ရွံရှာသည့်စိတ်သာ ပေါ်လာ၏။

ယခုတော့ အိပ်ရာထဲတွင်ထိုင်ရင်း ရာယစ်ဇာအကြောင်းကို တွေးနေမိပြီ။ သူ့အပြုံးကို မြင်နေမိပြီ။ ချိုသာနူးညံ့သည့် စကားသံကို ကြားယောင်နေပြီ။

အိပ်ရာပေါ်သို့ လှဲမည်အပြု အခန်းတံခါး ပွင့်လာကာ ရာယစ်ဇာ သူ့ရှေ့တွင် ရပ်နေသည်ကို မြင်ရ သည်။ အဝတ်အစားက ကပိုကရို။ ဆံပင်တွေက ဖရိုဖရဲ။ လက်နှစ်ဖက်ကို ပခုံးတွင် ယှက်ထားသည့် ဟန်က မခို့တရို့ ။ ကလင်းကော့ ကြောက်ကြောက်ဖြင့် တုတ်တုတ်မျှမလှုပ်ရဲ။ အမျိုးသမီးက ပြုံး၍ လက်ညှိုးဖြင့် ထောင်ပြသွားကာ သူ့အခန်းထဲသို့ ဝင်သွားသည်။ ကလင်းကော့လည်း ချက်ချင်း အိပ်ပျော်သွားသည်။

နောက်တနေ့မနက် မီးဖိုထဲဝင်၍ တံမြက်စည်းလှည်းတော့ ရာယစ်ဇာကို သူ့အခန်းဝတွင် ရပ်လျက် သား တွေ့ရသည်။ ကလင်းကော့က တံမြက်

လှည်းနေရာမှ ခါးဆန့်၍ ရပ်လိုက်သည်။

"မောင်လေး၊ အစ်မနဲ့လာပြီး လက်ဖက်ရည်သောက်ပါလား"

ပျော်လိုက်သည့်ဖြစ်ခြင်း၊ ရှက်လိုက်သည့်ဖြစ်ခြင်း။

"ခဏ၊ ကျွန်တော် မျက်နှာသစ်လိုက်ဦးမယ်"

ခဏကြာတော့ ကလင်းကော့သည် သူ့အခန်းထဲတွင် ရောက်နေသည်။ မျက်နှာဝင်းပပ၊ မျက်ခုံး သေးသွယ်သွယ်၊ မျက်လုံးရီဝေဝေ။ ထိုအရာများမှအပ အခြား ဘာကိုမျှ သူမမြင်တော့။

"အစ်မကို သဘောကျရဲ့လားဟင်"

"ကျတယ်"

"ဘာဖြစ်လို့"

"အစ်မက လှလည်းလှတယ်၊ သဘောလည်းကောင်းတယ်"

ကလင်းကော့သည် အိပ်မက်ထဲတွင် စကားပြောသူလို ဖြစ်နေသည်။ သူမေးသမျှကို နားထောင်ရ သည်က ပျော်စရာကောင်းသည်။ သူ့မျက်လုံးများသည် သူ့ဝိညာဉ်ကို ဖောက်ထွင်း၍ မြင်နိုင်သည် လော မပြောတတ်။

"မောင်လေး အလုပ်ရှင် အဘိုးကြီးကို သဘောကျရဲ့လားဟင်"

သူက ခပ်တိုးတိုးမေးသည်။

"ဟင့်အင်း"

"ဒါပေမဲ့ အဘိုးကြီးကတော့ မင်းကို ချစ်ရှာသားပဲ။ အစ်မကို ပြောဖူးတယ်"

"မဟုတ်ပါဘူး၊ အလကားပြောတာပါ"

ကလင်းကော့က ခေါင်းယမ်းသည်။

ရာယစ်ဇာက မျက်ခုံးကိုချီ၍ သူ့အနားသို့ တိုးလာကာ

"ဘာလဲ၊ အစ်မပြောတာကို မယုံဘူးလား"

"အစ်မကိုတော့ ယုံပါတယ်၊ ဒါပေမဲ့ အဘိုးကြီးကိုတော့ မယုံဘူး"

"ဘာဖြစ်လို့၊ ဘာဖြစ်လို့"

ရာယစ်ဇာက နှစ်ခွန်းဆင့်မေးကာ သူ့အနားသို့ ကပ်သည်ထက် ကပ်လာသည်။ သူ့မျက်လုံးက အရောင်သည် ကလင်းကော့၏ နှလုံးသားကို ထိုးဖောက်သွားသည်ထင်ရ၏။ သူ့နှလုံးသားသည် ပူနွေးစပြုလာသည်။ ယခင်က ဤသို့ တခါမျှ မဖြစ်စဖူး။

"ကျွန်တော် သူ့ကို ကြောက်တယ်။ အစ်မကလွဲရင် လူတိုင်းကိုလည်းကြောက်တယ်"

"ဘာဖြစ်လို့"

"အစ်မလည်း ကျွန်တော့်လို အနိုင်ကျင့်ခံရတာပဲ။ အစ်မငိုနေတာကို ကျွန်တော် မြင်ဖူးသားပဲ။ အဲဒီတုန်းက အစ်မငိုတာဟာ အရက်မူးလို့ ငိုတာ မဟုတ်ပါဘူး၊ ကျွန်တော် သိပါတယ်။ ကျွန်တော် အများကြီးသိပါတယ် အစ်မရယ်။ ဒါပေမဲ့ သိတာတွေအားလုံးကို စုပေါင်းလိုက်တော့ ကျွန်တော် နားမလည်ဘူး၊ မသိဘူး။ တခုစီကိုတော့ သိတယ်၊ နားလည်တယ်။ ဘာဖြစ်လို့လဲတော့ မသိဘူး။ တခုနဲ့တခုကို ဆက်စပ် စဉ်းစားလို့မရဘူး။ ကျွန်တော်တို့ ခုတွေ့နေရတဲ့ ဘဝအပြင် တခြားဘဝ တခုတော့ ရှိမယ် ထင်တာပဲ"

"မောင်လေး ဘာတွေပြောနေတာလဲ"

ရာယစ်ဇာက တအံ့တသြ မေးသည်။

"အမှန်တွေ ပြောနေတာပေါ့"

သူတို့နှစ်ယောက်သည် တယောက်ကိုတယောက် တိတ်ဆိတ်စွာ စိုက်ကြည့်နေမိကြသည်။ ကလင်းကော့၏ နှလုံးသည် လျင်မြန်စွာ ခုန်နေသည်။ သူ့မျက်နှာသည် ထူပူနေသည်။

"ကဲ ကဲ သွားတော့၊ တော်တော်ကြာ အဘိုးကြီး မေးနေလိမ့်မယ်။ ဘယ်သွားနေသလဲ၊ ဘာလဲနဲ့ စစ်ဆေးနေဦးမယ်။ အစ်မနဲ့ စကားပြောနေတာလို့ မပြောလိုက်နဲ့နော်၊ သိလား"

ကလင်းကော့သည် အခန်းထဲမှ ထွက်လာခဲ့သည်။ ရာယစ်ဇာ၏ ချိုသာနူးညံ့သောအသံကို နားထဲက မထွက်တော့။ နွေးထွေးသော မျက်လုံးအကြည့်ကို မျက်စိက မထွက်တော့။ သူ့စကားသံများသည် တနေ့လုံး သူ့နားတွင် ဝဲနေသည်။ သူ့အသံကို ကြားယောင်ကာ တနေ့လုံး ကြည်နူးနေသည်။

ထိုနေ့က နေ့တာရှည်လွန်းသည်ဟု အောက်မေ့မိသည်။ မည်းညိုသည့် တိမ်တိုက်တတိုက်သည် အိမ်မိုးများနှင့် ကွင်းပြင်ကြီးပေါ်တွင် တွဲလွဲချိတ်

ဆွဲလျက်ရှိ၏။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည့် နေ့သည် ရွေ့လျားကုန်ဆုံး ခြင်းမရှိ။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းခြင်းနှင့် နေ့ခင်းသည် ရောထွေးယှက် လိမ်ကာ တနေရာတည်းတွင် ကျောက်စွဲထားသကဲ့သို့ ထင်ရတော့သည်။ နေ့လယ် လက်ဖက်ရည် သောက်ပြီးချိန်လောက်တွင် ဆိုင်ထဲသို့ စာအုပ်ဝယ်သူ နှစ်ယောက် ဝင်လာသည်။ တယောက်က ပိန်ပိန်၊ ခါးကိုင်းကိုင်း၊ မုတ်ဆိတ် မွေးဖြူဖြူ၊ အခြားတယောက်က မုတ်ဆိတ်နီနီ၊ မျက်မှန်နှင့်။ နှစ်ယောက်သား စာအုပ်ပုံတွေကို အကြာကြီး မွှေနှောက်နေကြသည်။

ကလင်းကော့က သူတို့ယူရန် ရွေးထားသည့် စာအုပ်တွေကို စီပေးရင်း ဆိုင်ရှင်အဘိုးကြီးနှင့် မျက်မှန်နှင့်လူတို့ စကားပြောနေကြသည်ကို နားထောင်နေသည်။

"ဒီစာအုပ်တွေက စာကြည့်တိုက်အတွက် လာဝယ်တာလား"

ဆိုင်ရှင် အဘိုးကြီးက တမင်လုပ်ထားရသည့် ယဉ်ကျေးသိမ်မွေ့ဟန်ဖြင့် မေးသည်။

"ဟုတ်ကဲ့၊ ကျောင်းဆရာများအသင်း စာကြည့်တိုက်အတွက်ပါ၊ ဘာဖြစ်လို့လဲ"

သူ့အဘိုးကြီးသည် စာအုပ်ဝယ်သူကို မြှောက်ပင့်ပြောတော့မည်။

"စာအုပ်ရွေးပုံ သိပ်ကောင်းတာပဲခင်ဗျာ။ စာအုပ်ကောင်းဝယ်တဲ့ ဝယ်သူနဲ့တွေ့ရင် ရောင်းရတာ သိပ်စိတ်ချမ်းသာတာပဲ"

"စာအုပ်ကောင်း ဟုတ်လား"

သူ့အဘိုးကြီး ပြုံးတော့မည်။

"ဟုတ်တာပေါ့ခင်ဗျာ" အဘိုးကြီးက သွားတွေပေါ်အောင် ပြုံးသည်။ "စာအုပ်ကောင်းနဲ့ တွေ့တဲ့လူ များဟာ စာအုပ်ကို သိပ်ချစ်ကြတာပဲ။ စာအုပ်ကောင်းဆိုတာ သစ်တုံးခြောက် မဟုတ်ဘူးလေ။ တကယ့်ပညာရှိတွေက ရေးတာ။ ကိုယ့်လို စာအုပ်ချစ်တဲ့လူတွေ လာပြီး စာအုပ်ဝယ်ရင် သိပ် ဝမ်းသာ တာပဲ။ အများအားဖြင့်တော့ စာအုပ်ကောင်း မရွေးတတ်ကြဘူး။ ဝင်လာပြီး ဖတ်ကောင်းတဲ့ စာအုပ် ကလေးဘာလေး မရှိဘူးလားဆိုပြီး တွေ့ရာစာအုပ် ကောက်ဝယ်သွားတာပဲ။ သူက ပျော်ချင်တာကိုး။ အပျင်းပြေချင်တာကိုး။ ဗဟုသုတရှာဖို့မှ မဟုတ်ဘဲ။ တစ်ခါတလေကျတော့လည်း ရှိသေးတယ်ဗျ။ အစိုးရပိတ်ပင်ထားတဲ့စာအုပ်ကို လိုက်ရှာနေတဲ့လူမျိုး"

"ပိတ်ပင်ထားတယ်ဆိုတာ ဘယ်လိုဟာလဲ"

ဈေးဝယ်သူက မျက်လုံးကိုမှေး၍ စဉ်းစားရင်း မေးသည်။

"နိုင်ငံခြားမှာ ထုတ်ဝေတာ။ ဒါမှမဟုတ် ရုရှားပြည်တွင်းမှာ တိတ်တဆိတ် ထုတ်ဝေတာမျိုး ဆိုပါတော့"

"ဒီမှာကော အဲဒီလိုစာအုပ်မရှိဘူးလား"

သူ့အဘိုးကြီး အသံကိုနှိမ့်၍ တိုးတိုးပြောတော့မည်။ အဘိုးကြီးက မျက်မှန်ကိုမြှင့်လိုက်ပြီး လေသံ ကလေးဖြင့်

"ရှိပါသကောဗျာ။ တချို့များ ကျွန်တော့်ဆိုင်က ဝယ်သွားလိုက်တာ။ စာကြည့်တိုက်ကြီးတခုစာ လောက်တောင် ရှိတယ်။ ကျွန်တော့်ဆိုင်မှာ လိုချင်တဲ့စာအုပ် အကုန်ရတယ်၊ မရမရှိစေရဘူး"

"ခုကော ရမလား"

"နည်းနည်းပါးပါးတော့ ရပါတယ်"

"ဒါဖြင့် ကျွန်တော် ကြည့်ချင်တယ်"

"ဘယ်သူ့ကိုမှတော့ မပြောနဲ့နော်။ အမှန်တော့ ကျွန်တော် အကျိုးအမြတ် လိုချင်လို့ ရောင်းတာ မဟုတ်ဘူး။ မိတ်ဖြစ်ဆွေဖြစ် ရောင်းတာ"

ခါးကိုင်းကိုင်းနှင့်လူက အဘိုးကြီးကို ကြည့်နေသည်။

သူ့ဆိုင်ရှင် အဘိုးကြီးသည် ယနေ့ ပို၍ မုန်းစရာကောင်းနေသည်ဟု ကလင်းကော့ ထင်သည်။ ကလင်းကော့သည် အဘိုးကြီးကို စိတ်ဆိုးဆိုးဖြင့် စိုက်ကြည့်နေလေသည်။ အဘိုးကြီးက ဆိုင်ထောင့် တနေရာတွင် ဝှက်ထားသည့် တားမြစ်စာအုပ်များထားသောနေရာသို့ မျက်မှန်နှင့်လူကို ခေါ်သွား သည်။ ကလင်းကော့က ခါးကိုင်းကိုင်းနှင့်လူ အနားသို့ကပ်ပြီး "အဲဒီစာအုပ်တွေ မဝယ်နဲ့ဗျ" ဟု ရုတ်တရက် ပြောလိုက်၏။ သို့ရာတွင် မှားမှန်း ချက်ချင်းသိလိုက်ပြီ။ ကလင်းကော့တကိုယ်လုံး တုန်သွားကာ ကြောက်နေသည်။ ခါးကိုင်းကိုင်းနှင့်လူကြီးက သူ့ကို စူးစိုက်ကြည့်ပြီး

"ဘာဖြစ်လို့လဲ"

"ဒါတော့ ကျွန်တော်လည်းမသိဘူး" ဟု ကြိုးစား၍ဖြေသည်။

လူကြီးက မျက်မှန်ကို မြှင့်တင်လိုက်ပြီး စာအုပ်ဆိုင်ရှင် အဘိုးကြီးကို

အကဲခတ်နေသည်။ ထို့နောက် ကိုယ်ကိုမတ် ခေါင်းမော့ကာ စာအုပ်ကြည့်နေသည့်အဖော်ဆီသို့ လျှောက်သွားသည်။ အဖော်လက်ထဲ မှ စာအုပ်ကို ယူကြည့်လိုက်ပြီးနောက် စာအုပ်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ ကလင်းကော့ သည် သူ့အမူအရာကို စိုက်ကြည့်နေသည်။ တခုခုဖြစ်တော့မည်ဟု သူတို့အစား စိုးရိမ်နေသည်။ သို့ရာတွင် ခါးကိုင်းကိုင်းနှင့်လူသည် သူ့အဖော်ကို ဆွဲခေါ်ကာ "ပြန်ကြစို့" ဟု ခပ်အေးအေးပင် ပြောလိုက်၏။

"စာအုပ်မဝယ်တော့ဘူးလား"

"ဟင့်အင်း၊ ကျုပ် ဒီဆိုင်က မဝယ်တော့ဘူး"

မုတ်ဆိတ်နီနီနှင့်လူသည် သူ့အဖော်ကိုတလှည့်၊ ဆိုင်ရှင်အဘိုးကြီးကို တလှည့် ကြည့်နေ၏။

"ဘယ်လိုလဲ၊ မဝယ်တော့ဘူးလား"

ဆိုင်ရှင်က မေးသည်။ တအံ့တသြဖြစ်နေပုံလည်း ရ၏။

"ဟင့်အင်း၊ မဝယ်တော့ဘူး"

ထိုလူက ဆိုင်ရှင်ကို စိန်းစိန်းကြီးကြည့်၍ ပြောသည်။ ဆိုင်ရှင်အဘိုးကြီးသည် နောက်သို့ ဆုတ်လိုက် ၏။ ထို့နောက် တမင်ယဉ်ကျေးအောင် လုပ်ထားရသည့် အသံမျိုးဖြင့်

"ရပါတယ် ရပါတယ်။ မဝယ်ရင်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ နားမလည်တာတခုတော့ ရှိသဗျ"

"ဘာကို နားမလည်တာလဲ"

ခါးကိုင်းကိုင်းနှင့်လူက ပြုံး၍ မေးလိုက်သည်။

"နှစ်နာရီလုံးလုံး စာအုပ်တွေကိုလည်း မွှေပြီးပြီ၊ ဈေးလည်း ကြိုက်သလောက် ဆစ်ပြီးပြီ။ ခုမှ ဘာဖြစ်လို့ မဝယ်တော့ဘူး ဖြစ်သွားရတာလဲ"

"ဘာမှမဖြစ်ဘူး၊ ခင်ဗျားရဲ့ မုန်းစရာကောင်းတဲ့မျက်နှာကြီးကို ခုမှမှတ်မိလို့၊ ခင်ဗျားခုထက်ထိတောင် ဘီလူးသဘက်စိတ် မပျောက်သေးဘဲကိုး"

ထိုလူသည် စကားလုံးများကို ပီပီသသကြီး ပြောလိုက်၏။ ထို့နောက် ဣန္ဒြေရရဖြင့် ဆိုင်ထဲမှ ထွက်သွားလေသည်။

ဆိုင်ရှင်အဘိုးကြီးသည် ထိုလူကို အတန်ကြာမျှ စိုက်ကြည့်ကျန်ရစ်ခဲ့သည်။

ထို့နောက် ကလင်းကော့ ကို လှမ်းခေါ်လိုက်ပြီး

"ဟဲ့ကောင်လေး၊ သွား၊ ဒီလူ ဘယ်မှာနေသလဲ လိုက်ကြည့်ချေစမ်း၊ မင်းလိုက်ကြည့်တာကို သူမသိစေနဲ့နော်။ သွား သွား မြန်မြန်သွား"

အဘိုးကြီးက သူ့ပခုံးကိုကိုင်ကာ ခပ်တိုးတိုးပြောနေသည်။ အဘိုးကြီးကသာ ကိုင်မထားလျှင် ကလင်းကော့ ကြမ်းပေါ်သို့ ဗုန်းဗုန်းလဲကျသွားလိမ့်မည်။ အဘိုးကြီး၏စကားလုံးများသည် သူ့နား တွင် ပလုတ်တုတ်တုတ် ကပ်၍တီးနေသလို ဆူညံနေသည်။

"ဟဲ့ကောင်လေး၊ ဘာဖြစ်လို့ တုန်နေရတာလဲ"

အဘိုးကြီးက လက်ကို ပြန်ရုပ်လိုက်သည်နှင့် ကလင်းကော့သည် တံခါးပေါက်ဆီသို့ ဗွတ်ပြေးလာခဲ့ သည်။

"ဟော့ကောင်လေး နေဦးကွ၊ ဗွတ်လိုက် မနေနဲ့ဦး၊ ငါကလည်း ငါပဲ၊ နင့်ကိုမှ သွားခိုင်းမိတယ်"

ကလင်းကော့သည် အဘိုးကြီး၏အော်သံကြောင့် လန့်သွား၏။ ထို့နောက် ဆိုင်ခန်းထောင့်ကလေး ထဲသို့ ပြေးဝင်ခဲ့သည်။ သူ့အဘိုးကြီး ဤမျှ စိတ်ဆိုးသည်ကို တခါမျှ မမြင်ခဲ့စဖူး။ အဘိုးကြီး၏ အမျက်ဒေါသတွင် အကြောက်လည်း ရောနေသည်ကို သူသတိထားမိသည်။ သတိမထားမိဘဲ ရှိပါမည်လော။ အခြားခံစားချက်များကိုသာ သူ မသိဘဲ ရှိကောင်းရှိမည်။ အကြောက်ကိုမူ သူ မသိဘဲ မရှိ။ အကြောက်တရားသည် သူ့မွေးရာပါ စိတ်ဓာတ်မဟုတ်လော။ သူကိုယ်တိုင် လူတိုင်းကို ကြောက်ခဲ့ဖူးပြီ မဟုတ်လော။ ယခု သူ့အဘိုးကြီး ကြောက်နေသည်ကို မြင်သည့်အခါတွင် ကလင်းကော့သည် အကြီးအကျယ် ကျေနပ်နေလေသည်။

အဘိုးကြီးသည် ထောင်ချောက်ထဲရောက်သည့် ကြွက်တကောင်လို ထိုမှဤသို့ ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျှောက်ရှိ၏။ တံခါးဆီသို့သွားကာ လမ်းကို မျှော်ကြည့်၏။ ထို့နောက် ဆိုင်ထဲသို့ ပြန်ဝင်လာသည်။ လက်တွေက တုန်နေသည်။ သူ့အင်္ကျီအိတ်တွေထဲသို့ လက်နှိုက်ပြီး ရှာသည်၊ အံကြိတ်သည်။ ပါးစပ်က တတွတ်တွတ် ရွတ်သည်။ ခေါင်းကို သွက်သွက်ခါအောင် ယမ်းသည်။

"ခွေးသားတွေ သိကြရောပေါ့၊ ဟင်း တွေ့ကြဦးမှာပေါ့။ ဟော့ကောင်လေး၊ ဆိုင်ပိတ်လိုက်တော့"

အဘိုးကြီးသည် သူ့အခန်းသို့ ဝင်သွားပြီး ဘုရားရှိခိုးသည်။ ထို့နောက် ဆိုဖာကြီးပေါ်တွင် ပစ်လှဲ ချလိုက်သည်။ ပြောင်ချောနေသည့် သူ့မျက်နှာကြီးပေါ်တွင် ချက်ချင်း အရေတွန့်တွေ ပေါ်လာသည် ဟု ထင်ရ၏။

မျက်နှာသည် ရှုံ့တွသွားကာ ခန္ဓာကိုယ်သည်လည်း ကျုံ့ဝင်သွားသည်ဟု ထင်ရ၏။

"သွား ကောင်လေး၊ ရာယစ်ဇာကို သွားပြောချေစမ်း။ အရက်တစ်ဖန်ခွက် ပေးစမ်းလို့။ ငရုတ်ကောင်း လည်း ထည့်ခဲ့လို့"

ရာယစ်ဇာက အရက်ယူလာသည့်အခါတွင် အဘိုးကြီး ထထိုင်သည်။ အရက်ခွက်ကို တကျိုက်တည်း ဖြင့် မော့ချလိုက်သည်။ ထို့နောက် ပါးစပ်ကြီးအဟောင်းသားဖြင့် ကလင်းကော့ကို ငေးကြည့်နေ သည်။

"ဒီကောင်တွေ ငါ့ကို စော်ကားသွားတာ မြင်တယ်မဟုတ်လား"

"မြင်တယ်ခင်ဗျ"

"ဒီကောင်တွေကို ငါသိတယ်။ တနေ့တော့ သိကြရောပေါ့ကွာ"

အဘိုးကြီးက လက်သျှိုးတငေါက်ငေါက်ဖြင့် ကြိမ်းနေသည်။ အဘိုးကြီးသည် ခေါင်းစွပ်ကို ချွတ်လိုက် ပြီး သူ့ခေါင်းပြောင်ပြောင်ကြီးကို ပွတ်နေသည်။ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အကြံထုတ်သည်။ ထို့နောက် ဆိုဖာတွင် ပြန်ထိုင်သည်။

ရာယစ်ဇာက ညစာယူလာ၏။

"အစ်ကိုကြီး ပင်ပန်းနေသလား"

ထမင်းပြင်ရင်း မေးသည်။

"ငါ ဒီနေ့ သိပ်နေလို့မကောင်းဘူး၊ ဖျားချင်သလိုလိုပဲ။ ငါ့ကို နောက်ထပ် တခွက်လောက်ပေးပါဦး။ နင်လည်း ခဏထိုင်ပါဦး။ အစောကြီး ရှိသေးတာပဲ"

ရာယစ်ဇာက စားပွဲတွင် ဝင်ထိုင်သည်။ အဘိုးကြီးက မျက်မှန်ကို နဖူးသို့ မြှင့်တင်လိုက်ပြီး ရာယစ်ဇာ ကို သက်ာမကင်းဟန်ဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ထို့နောက် ထမင်းစားနေရင်းတန်းလန်းက "တော်ပြီ၊ မစားချင်တော့ဘူး" ဟုဆိုကာ ဇွန်းကိုလွှတ်ချပြီး ပန်းကန်ပြားကို ငုံ့ကြည့်နေလေသည်။

ထိုနေ့က ဆိုင်ထဲတွင် ဖြစ်ခဲ့ပုံကို နားလည်ရန် ကလင်းကော့ ကြိုးစား၍ စဉ်းစားသည်။ အဘိုးကြီးက ငိုင်နေသည့် ကလင်းကော့ကို ကြည့်ကာ

"ဟေ့ကောင်လေး ဘာစဉ်းစားနေတာလဲ"

"ဘာမှ မစဉ်းစားဘူးခင်ဗျ"

ကလင်းကော့က ကြောက်ကြောက်ဖြင့် လိမ်ပြောသည်။

“ဒါဖြင့် သွားတော့၊ ထမင်းလည်းစားပြီးပြီ၊ စားပွဲကိုသုတ်ပြီး ကိုယ့်နေရာကိုယ်ပြန်တော့”

ကလင်းကော့သည် သူ့အခန်းသို့ ပြန်လာကာ သေတ္တာကြီးပေါ်တွင် ထိုင်နေသည်။ အဘိုးကြီး ဘာတွေပြောဦးမည် မသိ။ သူ့စကားများကိုကြားအောင် ကလင်းကော့သည် တံခါးကို ဟပစ်ခဲ့သည်။

“ဟော့ကောင်လေး ဘာထိုင်ငိုင်နေပြန်တာလဲဟင်"

အဘိုးကြီးက အခန်းထဲသို့ ခေါင်းပြူဝင်လာပြီး မေးသည်။

“အိပ်ရာပေါ်လှဲပြီး အိပ်တော့”

အခန်းတံခါးကို အပြင်က ဆွဲပိတ်သွားသည်။ ကလင်းကော့သည် အဝတ်လဲကာ အိပ်ရာပေါ်သို့ လှဲချလိုက်၏။

အဘိုးကြီး၏ စကားပြောသံကို မသဲမကွဲ ကြားနေရသည်။ တစ်ခါတရံတွင် ဒေါသတကြီးဖြင့် အော်သံကို ကြားရ၏။ ထို့ကြောင့် ကလင်းကော့ ကောင်းကောင်းအိပ်မရ။

နောက်တနေ့မနက်တွင် ရာယစ်ဇာက ကလင်းကော့ကို သူ့အခန်းထဲ ခေါ်သွားသည်။

“မနေ့က စာအုပ်ဆိုင်မှာ ဘာဖြစ်ကြသလဲ မောင်လေး”

ကလင်းကော့က မနေ့က ဖြစ်ခဲ့သမျှကို အသေးစိတ် ပြောပြသည်။ ရာယစ်ဇာက သူ့စကားတွေကို ကြားတော့ သဘောကျ၍ ရယ်သည်။ ထို့နောက် မျက်နှာကို တည်လိုက်ပြီး

“ဒီအဘိုးကြီး ဘာလုပ်သလဲ သိရဲ့လား"

“ဟင့်အင်း”

“သတင်းပေး၊ သတင်းပေး။ ပုလိပ်ကို သတင်းပေးတယ် သိရဲ့လား”

မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် တိုးတိုးပြောသည်။ ကလင်းကော့သည် စကားတလုံးမျှ မပြောနိုင်။ ရာယစ်ဇာက သူ့ အနားသို့ ထလာကာ

“ငါ့မောင်က သိပ်အ,တာကိုး၊ ဘာဆိုဘာမှ နားမလည်ဘူး၊ မနေ့က

မင်းပြောတာ ဘာရယ်၊ နောက်ဘဝ တခု၊ ဟုတ်လား”

ရာဃစ်ဇာက သူ့ခေါင်းကို ပွတ်သပ်ပေးနေသည်။

သူ့စကားတွေကို ကြားတော့မှ ကလင်းကော့ အသက်ပြန်ဝင်လာသည်။ ဟုတ်သည်။ ဘဝသစ်တခု အကြောင်းကို မနေ့က သူပြောခဲ့သည်။ ထိုအကြောင်းကို ကလင်းကော့ ပြောချင်နေသည်မှာ ကြာပြီ။ ရာဃစ်ဇာ၏ မျက်နှာကို ငေးငေးကြီးကြည့်ရင်း

“ဟုတ်တယ်၊ ကျွန်တော်တို့ဘဝအပြင် တခြားဘဝတခု ရှိရမယ်။ တခြားဘဝရယ်လို့ မရှိရင် ပုံပြင် တွေ၊ ဒဏ္ဍာရီတွေဟာ ဘယ်က ပေါ်လာနိုင်မလဲ။ ပြီးတော့”

အမျိုးသမီးက ပြုံး၍ သူ့ဆံပင်များကို လက်နှင့် ဖွပေးလိုက်ရင်း

“အင်း၊ ဒီအတိုင်းဆိုရင်တော့ ငါ့မောင် တနေ့မှာ သူတို့ထောင်ချောက်ထဲ ရောက်လိမ့်မယ်။ သူတို့ သွားစေချင်တဲ့ဆီ အသွားခိုင်းပြီး၊ သူတို့ လုပ်စေချင်တဲ့အလုပ်ကို အလုပ်ခိုင်းလိမ့်မယ်”

ရာဃစ်ဇာက သက်ပြင်းတချက်ချပြီး လမ်းမကို ငေးကြည့်နေသည်။ ပြန်လှည့်လိုက်သည့်အခါတွင် ကလင်းကော့သည် အမျိုးသမီးကိုကြည့်၍ အံ့အားသင့်နေသည်။ သူ့မျက်နှာသည် နီရဲကာ သူ့မျက်လုံး များက မှုန်မှိုင်းနေကြသည်။

“မင်းက ထက်ထက်မြက်မြက်၊ ပါးပါးလျားလျား ဆိုရင်လည်း အစ်မ မင်းကို ဖွင့်ပြောပါတယ်။ ဒါပေမဲ့ ငါ့မောင်က ခပ်အအဆိုတော့ ပြောလို့မဖြစ်ဘူး။ မင်းအဘိုးကြီးကတော့ ကြိုးပေးသတ်ဖို့ပဲ ကောင်းပါ တယ်။ အစ်မပြောတဲ့စကားတွေကို မင်းအဘိုးကြီးကို ပြန်ပြောချင်ရင်လည်း ပြောပေါ့။ အစ်မ ဂရုမစိုက်ပါဘူး”

ကလင်းကော့က ထိုင်ရာမှ ထလိုက်၏။

“အစ်မအကြောင်းကို ကျွန်တော် အဘိုးကြီးကို တလုံးမှ ပြန်မပြောပါဘူး။ ဘယ်သူ့ကိုမှလည်း မပြောဘူး။ အစ်မကို ကျွန်တော်ချစ်တယ်။ အစ်မက ဒီအဘိုးကြီးကို သတ်ရင်လည်း ကျွန်တော် အစ်မကို ချစ်နေဦးမှာပဲ။ ဒါ ကျွန်တော့်စေတနာပါ”

ကလင်းကော့က အခန်းပြင်ဘက်သို့ လှည့်ထွက်သည်။ သို့ရာတွင် လက်မောင်းနှစ်ဖက်က တောင်ပံ ဖြူဖြူနှစ်ခုလို သူ့ကို ညှပ်ပြီး ဆွဲထားလိုက်သည်။

"အစ်မပြောတာ မောင်လေး စိတ်ဆိုးသလားဟင်။ အစ်မ တောင်းပန်ပါတယ်ကွယ်။ စိတ်မဆိုးပါနဲ့။ ဒီလူကြီးဟာ လူယုတ်မာကြီး။ ဒီလူကြီးကို အစ်မ သိပ်မုန်းတယ်၊ သိပ်မုန်းတယ်"

ရာယစ်ဇာက သူ့ဘက်သို့ လှည့်ယူကာ သူ့ကိုနမ်းပြီး ခေါင်းကို ရင်ခွင်တွင် အပ်ထားလိုက်သည်။

"မောင်လေး၊ အစ်မကို ချစ်တယ်နော်"

"ချစ်တယ်"

ကလင်းကော့က ရေပူတွင်းထဲသို့ ဆင်းစိမ်လိုက်ရသလို နွေးထွေးမှုမျိုးဖြင့် ပြန်ပြောသည်။

"မောင်လေး၊ မောင်လေး၊ လူမိုက်ကလေး"

ကလင်းကော့သည် အမျိုးသမီး၏ရယ်သံကို နားထောင်ရင်း လှေကားမှ ဆင်းလာခဲ့သည်။ သူ့ခေါင်း က ချာချာလည်နေသည်။ သူ့ခန္ဓာကိုယ်က ပေါ့ပါးနေသည်။ သူ့ရင်ထဲက ပျော်ရွှင်မှုတွေ ဖိတ်စဉ်ကျ မည် စိုးသည့်နှယ် မြန်မြန်မလျှောက်ရဲ၊ ခပ်ဖြည်းဖြည်းကလေး လျှောက်လာခဲ့သည်။

"ကောင်လေး ပျောက်လှချည်လား။ ဘယ်သွားနေတာလဲ" အဘိုးကြီးက မေးသည်။

"ခေါင်းကိုက်နေလို့ခင်ဗျ"

"ဟုတ်တယ်၊ ငါလည်း ခေါင်းကိုက်တယ်။ ရာယစ်ဇာကော နိုးပြီလား"

"နိုးပြီခင်ဗျ"

"မင်းနဲ့ စကား ပြောခဲ့သေးလား"

"ပြောခဲ့တယ်ခင်ဗျ"

"ဘာတွေပြောသလဲ"

အဘိုးကြီးက ခပ်သွက်သွက်မေးသည်။

ထိုမေးခွန်းသည် သူ့မျက်နှာကို ရိုက်လိုက်သကဲ့သို့ ထင်ရ၏။ သို့ရာတွင် ကလင်းကော့က အားတင်း ကာ အရေးမကြီးဟန်ဖြင့် ဖြေလိုက်သည်။

"မီးဖိုထဲမှာ ကျွန်တော် တံမြက်စည်းလှည်းတာ မစင်ဘူးတဲ့"

“ဒီမိန်းမဟာ အန္တရာယ်ကြီးတယ်နော်၊ သတိထား။ နေရာတကာ စပ်စုချင်တယ်။ နေရာတကာ သိချင် တယ်။ သူသိချင်တာတွေကို မင့်ဆီက အစ်အောက်မေးလိမ့်မယ်”

နေ့များသည် ပြွတ်သိပ်ကျပ်ခဲနေသည့် အစိုင်အခဲကြီး တခုအဖြစ် လျင်မြန်စွာ ကုန်ဆုံးသွားကြ၏။ ထိုအစိုင်အခဲကြီးနောက်တွင် ပျော်ရွှင်မှုသည် ပုန်းကွယ်စောင့်ဆိုင်းနေသကဲ့သို့ ထင်ရသည်။ သို့တိုင်အောင် ထို့နောက် ရောက်လာသည့် ရက်များသည်လည်း ပျော်ရွှင်ဖွယ်မရှိ။ တနေ့ထက်တနေ့ ပို၍ စိတ်မချမ်းသာစရာ တွေကိုချည်း တွေ့နေရသည်။

အဘိုးကြီးသည် တနေ့တခြား သုန်မှုန်လာကာ စကားနည်းလာ၏။ မျက်လုံးကို ကျီးကန်း တောင်းမှောက်ကြည့်ကာ အကြောင်းမရှိ ဒေါသကြီးတတ်သည်။ အော်သည့်အခါ အော်သည်။ ခွေးနာ တကောင်သဖွယ် ညည်းသည့်အခါ ညည်းသည်။ နေထိုင်မကောင်းဟု မကြာခဏ ညည်းတတ်သည်။ ထမင်းစားခါနီးလျှင် မသက်သာသလို ဟင်းခွက်တွေကို လိုက်၍ အနံ့ခံတတ်သည်။ ပေါင်မုန့်တွေကို ဖဲ့ကြည့်သည်။ လက်ဖက်ရည်နှင့် အရက် ယူလာလျှင် ခွက်ကို အလင်းရောင်သို့ ထောင်ကြည့်သည်။ ညညရောက်လျှင် ရာယစ်ဇာကို ပြူစူသည်။ ဒုက္ခရောက်အောင်လုပ်မည်ဟု မကြာခဏ ကြိမ်းမောင်း တတ်သည်။ ရာယစ်ဇာကမူ သူဆူပူကြိမ်းမောင်းသည်ကို တည်တည်ငြိမ်ငြိမ်ဖြင့် ရင်ဆိုင်သည်။

ကလင်းကော့သည် ရာယစ်ဇာအပေါ်တွင် သံယောဇဉ်ကြီးသည်ထက် ကြီးလာ၏။ သူ့အဘိုးကြီးကို လည်း မုန်းသည်ထက် မုန်းလာသည်။

"နင် ဘာတွေကြံစည်နေတယ်ဆိုတာ ငါ မသိဘူး ထင်နေသလား။ ငါ မကျန်းမမာဖြစ်ရတာ နင့်ကြောင့် သိရဲ့လား၊ နင့်ကြောင့်ဖြစ်ရတာ။ နင် ငါ့ကို အဆိပ်တွေခတ်ပြီး ကျွေးနေတာမဟုတ်လား၊ မှန်မှန်ပြောစမ်း"

အဘိုးကြီးက ဒေါသတကြီးဖြင့် အော်သည်။

"ကြံကြံဖန်ဖန် အစ်ကိုကြီးရယ်။ ဘယ်လိုစိတ်ကူးတွေ ပေါက်နေမှန်း မသိပါဘူး"

အမျိုးသမီး၏အသံက အေးဆေးသည်၊ တည်ငြိမ်သည်။

"အစ်ကိုကြီး အသက်ကလည်း ကြီးပြီမဟုတ်လား"

"မဟုတ်ဘူး၊ ငါ့ကို မလိမ်နဲ့"

"ပြီးတော့ စိတ်ကလည်း ကြောက်နေတော့ ရောဂါတိုးတာပေါ့"

"သောက်ကန်းမ၊ တော်တော့၊ မပြောနဲ့"

"ခု အစ်ကိုကြီး သေတဲ့အကြောင်းကိုချည်း တွေးတွေးနေတယ် မဟုတ်လား"

"ကြည့်၊ နင် ဒီစကားမျိုးကိုပဲ ကြားချင်နေတာ မဟုတ်လားဟင်၊ ဟော့ ဒီမှာ နင့်အကြောင်းကို သိတဲ့လူဆိုလို့ ငါတယောက်တည်းရှိတာ မဟုတ်ဘူး။ နင့်အကြောင်းတွေကို ငါ လူးကစ်ကို အကုန် ပြောပြပြီးပြီ။ အကုန်ပြောလိုက်ပြီးပြီ။ နင် လူးကစ်နဲ့ ညားနေတာ ငါသိတယ်။ လူးကစ်က ငါ့ကို အဆိပ်ကျွေးသတ်ဖို့ နင့်ကို ခိုင်းတယ်မဟုတ်လား။ ငါသေတော့မှ နင့်ကောင်နဲ့ ပျော်ပျော်ကြီးနေမယ် ပေါ့၊ ဟုတ်လား။ ဟင်း တသက်လုံး မနေရဘူး မှတ်ထား"

တည သူတို့နှစ်ယောက် စကားများပြီးသည့်အခါတွင် ရာယစ်ဇာသည် ဖယောင်းတိုင်တတိုင်ကို ကိုင်လျက် အဘိုးကြီးအခန်းမှ ထွက်လာ၏။ အဝတ်အစားက ဖိုသီဖတ်သီ။ အသားက မီးရောင်တွင် ဖြူဝင်းလျက်။ မျက်လုံးက ရမ္မက်ဖြင့် ရီဝေလျက်။ အိပ်မက်မက်နေရာမှ လမ်းလျှောက်သူလို လမ်းလျှောက်ပုံကလည်း ဒယီးဒယိုင်။ ခြေထောက်တွင်လည်း ဖိနပ်မပါ။ မျက်လုံးများကို မှေးထားပြီး လေထုကို ကုတ်ခြစ်သည့်နှယ် လက်တဖက်က ဇွေ့ယမ်းလျက်။ တခါတခါတွင် ဖယောင်းတိုင် မီးတောက်သည် ရင်အုံနားသို့ ယိမ်းသွားကာ အင်္ကျီကို မီးစွဲတော့မည် ထင်ရ၏။ မီးရောင်သည် တဝက်ပွင့်နေသည့် နှုတ်ခမ်းနှင့် တောက်ပသည့်သွားများကို အောက်မှ ပင့်၍ ထိုးထားသကဲ့သို့ရှိ၏။

ကလင်းကော့အနီးမှ ဖြတ်သွားသော်လည်း သူ့ကို မြင်ပုံမရ။ ကလင်းကော့သည် အလိုလို သူ့နောက် က လိုက်သွားမိသည်။ မီးဖိုနားရောက်သော် သူမြင်ရသည့်ရှုခင်းကြောင့် ကလင်းကော့ လန့်သွား သည်။ အမျိုးသမီးသည် ဖယောင်းတိုင်ကို စားပွဲပေါ်တွင် ထားခဲ့ပြီး မီးဖိုထဲမှ သားလှီးဓားကြီး တချောင်းကို ကိုင်၍ အသွားကို စမ်းကြည့်နေသည်။ ထို့နောက် နားရွက်နောက်က ဆံပင်ထဲတွင် စမ်း၍ တစုံတရာကို ရှာနေ၏။ အတန်ကြာတော့ သက်ပြင်းတချက်ချကာ ဓားကို စားပွဲပေါ်သို့ ပြန်တင်ထားလိုက်သည်။

ကလင်းကော့က တံခါးပေါင်ကို ကိုင်၍ ရပ်လိုက်သည်။ သူ့အသံကြောင့် အမျိုးသမီးက လှည့်ကြည့် လိုက်၏။

"ဘာလာလုပ်တာလဲ"

သူ့အသံက တိုးသော်လည်း ဒေါသသံ ပါနေသည်။

"အဘိုးကြီး ကြာကြာနေရတော့မှာ မဟုတ်ပါဘူး။ အစ်မ ကိုယ့်ကိုယ်ကိုယ်

ဘာဖြစ်လို့ ဒီလောက် ရက်စက်ရမှာလဲ”

“တော်တော့”

ရာယစ်ဇာသည် အားပြုသည့်နှယ် သူ့ကို လှမ်းကိုင်လိုက်၏။ ထို့နောက် အဘိုးကြီး အခန်းထဲသို့ ပြန်ဝင်သွားသည်။

နောက်များမကြာမီ အဘိုးကြီးလည်း အိပ်ရာမှ မထနိုင်တော့။ သူ့အသံက တဖြည်းဖြည်း တိမ်လာ သည်။ လည်ချောင်းထဲက ချွဲသံတွေကို ကြားနေရသည်။ သူ့မျက်နှာက တဖြည်းဖြည်း ညိုလာ၏။ ခေါင်းကိုပင် မတ်မတ် မထူနိုင်တော့။ ဆရာဝန်က နေ့တိုင်းလာကြည့်ပြီး ဆေးပေးသည်။ ရာယစ်ဇာ က ဆရာဝန်ပေးသည့်ဆေးကို တိုက်သည့်အခါတိုင်း ‘ငါ့ကို အဆိပ်ကျွေး သတ်နေတာလား’ ဟု မေးတတ်သည်။

“ဒါတော့ အစ်ကိုကြီးသဘောပေါ့၊ မသောက်ချင်ဘူးဆိုရင်လည်း သွန်ပစ်လိုက်ရုံပဲ”

“ထားခဲ့၊ ထားခဲ့။ မနက်ဖြန်ကျရင် ပုလိပ်ကိုခေါ်ပြီး နင်တို့ ငါ့ကို အဆိပ်ကျွေးသတ်နေတယ်လို့ တိုင်ရမယ်”

ကလင်းကော့သည် တံခါးပေါက်တွင်ရပ်၍ တစ်ခါတရံ ချောင်းကြည့်သည်။ တစ်ခါတရံ ချောင်းနားထောင်သည်။ စိတ်ရှည်သော ရာယစ်ဇာကိုကြည့်၍ အံ့သြသည်။ သူ့ကို သနားသည်ထက် သနားလာကာ အဘိုးကြီး မြန်မြန်သေပါစေဟု ဆုတောင်းမိသည်။

ခုတင်က တကျွီကျွီမြည်သံကို ကြားရသည်။ ထို့နောက် ဇွန်းနှင့် ဖန်ခွက်ထိသံ ပေါ်လာ၏။

“မြန်မြန်လုပ်စမ်းပါ သောက်ကောင်မရဲ့”

တနေ့တွင် သူ့ကို ဆိုဖာပေါ်သို့ပြောင်းပေးရန် ရာယစ်ဇာကို ခိုင်း၏။ ရာယစ်ဇာက ကလေးလေးကို ချီလာသလို အဘိုးကြီးကို ချီလာသည်။ သူ့ခေါင်းပြောင်ပြောင်ကြီးသည် ရာယစ်ဇာ၏ ဖြူဖွေးနူးညံ့ သည့် ပခုံးပေါ်တွင် ရောက်နေပြီး ခြေထောက်နှစ်ဖက်က ကြမ်းပြင်တွင် တရွတ်တိုက်လာ၏။

ဆိုဖာပေါ်သို့ ရောက်သည့်အခါတွင် အဘိုးကြီးသည် ပါးစပ်ကလည်း အငြိမ်မနေ။ တစ်ခါတရံတွင် ဘုရားစာကိုရွတ်ပြီး တစ်ခါတရံတွင် ‘နင် လူတယောက်ကို အဆိပ်ခတ်သတ်ခဲ့ပြီးပြီ။ နင့်ကို တသက် တကျွန်း မကျအောင် ငါ ကယ်ခဲ့ရတာ။ ခု ငါ့ကိုပါ အဆိပ်ခတ်နေပြန်ပြီ’ ဟု ပြောတတ်သည်။

ရာယစ်ဇာက အသာရှောင်ထွက်သွားသည်။ သူ့အဘိုးကြီးကို ယခုမှ ကလင်းကော့ ကောင်းကောင်း သတိထားကြည့်မိသည်။ ကိုယ်ခန္ဓာက ကြုံလှီနေပြီ။ ဝမ်းဗိုက်သည် ပိန်လိုက်ဖောင်းလိုက် ဖြစ်နေ၏။ မျက်နှာကလည်း ညှိုမည်းစပြုနေပြီ။ ပါးစပ်ကြီးကို ခပ်ရွဲ့ရွဲ့ဟကာ လေကို မဝတဝ ရှူနေသည်။ သေးငယ်သည့်လျှာ၊ အဝကျယ်သည့် ပါးစပ်ပေါက်နှင့် နက်စောက်သည့် အာခေါင်ကြီးကို မြင်ရသည်။ နဖူးနှင့်ခေါင်းတွင် ချွေးသီးတွေပြန်နေ၏။ မျက်တွင်းဟောက်ပက်ထဲမှ မျက်လုံးကြီးများက ပြူးထွက် ကာ ရာယစ်ဇာ၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေကြ၏။

"ငါ့မှာ ဆွေမျိုးသားချင်းဆိုလို့ ဘယ်သူမှမရှိဘူး၊ မိတ်ဆွေကောင်းဆိုလို့လည်း တယောက်မှ မရှိဘူး။ အလကားကောင်မ၊ ငါ့ကို အဆိပ်ခတ် မသတ်ပါဘူးဆိုတာ ဘုရားရှေ့မှာ သစ္စာဆိုပြလှည့်"

ရာယစ်ဇာက ဘုရားစင်ထက်သို့လှည့်ကာ ဘုရားဝတ်ပြုပြသည်။

"အလကားပြောတာ၊ ငါ မယုံဘူး၊ ငါ မယုံဘူး"

အဘိုးကြီးက သူ့အင်္ကျီရင်ဘတ်ကို ဆုပ်သည်။ ဆိုဖာအဖုံးကိုလည်း လက်နှစ်ဖက်နှင့် အတင်းဆုပ် သည်။

"ဆေးသောက်လိုက်ပါ အစ်ကိုကြီး။ သက်သာသွားမှာပါ"

"သက်သာသွားမယ် ဟုတ်လား။ အင်း ငါ့အချစ်ကလေး၊ ငါ့မယားလေး၊ ပြောတတ်လိုက်တာ။ အစ်ကိုကြီးအနားကို လာစမ်းပါဦး။ လိမ္မာလိုက်တာ"

အဘိုးကြီးက သေးကွေးသည့် လက်မောင်းနှစ်ဖက်ကို ဆန့်တန်း၍ ခေါ်သည်။ ထို့နောက် လက်ညှိုး ကလေး တငေါက်ငေါက်ဖြင့် အနားသို့ လာရန် လက်ပြ၏။

"တော်တော့ရှင်၊ ကျွန်မ စိတ်ညစ်လှပြီ။ တော်တော်စိတ်ပျက်ဖို့ ကောင်းတယ်"

ရာယစ်ဇာက အော်သည်။ ရာယစ်ဇာသည် အဘိုးကြီးခေါင်းအောက်က ခေါင်းအုံးကို ဆွဲယူကာ အဘိုးကြီးမျက်နှာကို ပေါက်လိုက်သည်။ ထို့နောက် အဘိုးကြီးကိုယ်ပေါ်သို့ တက်ဖိသည်။ "ကဲ၊ ဒီလောက်တောင် နှိပ်စက်လှတာ သေပေတော့" ဟု အော်သည်။

မွန်းကျပ်နေသံ၊ ရုန်းကန်သံ၊ ထုရိုက်သံများကို ကလင်းကော့ ကြားရသည်။ ရာယစ်ဇာ အဘိုးကြီးကို ခေါင်းအုံးဖြင့် ဖိသတ်နေပုံရသည်။ တဗုန်းဗုန်းအသံမှာ

အဘိုးကြီးက ဆိုဖာကို ခြေထောက်ဖြင့် ကန်နေခြင်းဖြစ်ပုံရသည်။ ကလင်းကေ့သည် ကြောက်ရွံ့ခြင်းလည်း မဖြစ်မိ၊ သနားခြင်းလည်း မဖြစ်မိ၊ မြန်မြန်သေပါစေဟုသာ ဆုတောင်းမိသည်။ ကလင်းကေ့သည် မျက်နှာကို လက်ဖဝါးဖြင့် အုပ်သည်၊ နားနှစ်ဖက်ကို ပိတ်သည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျလေသည်။

ဖြုန်းခနဲ တံခါးပွင့်လာသဖြင့် ကလင်းကေ့သည် မတ်တတ်ထလိုက်၏။ ရာယစ်ဇာသည် သူ့ရှေ့တွင် ရပ်ကာ ပခုံးပေါ်သို့ ဝဲကျနေသည့် ဆံပင်များကို ပြင်ထုံးနေသည်။

"မောင်လေး မြင်လိုက်သလားဟင်"

ရာယစ်ဇာက မောကြီးပန်းကြီးဖြင့် မေးသည်။ မျက်နှာက နီရဲနေသည်။ သို့ရာတွင် တည်ငြိမ်သည်။ လက်များကလည်း တုန်ယင်ခြင်း မရှိ။

"ဟုတ်တယ်၊ ကျွန်တော်မြင်တယ်"

"ပုလိပ်ကို တိုင်ချင်တိုင်လေ၊ မောင်လေးသဘောပဲ"

ရာယစ်ဇာက ချာခနဲလှည့်ကာ သူ့အခန်းထဲသို့ ဝင်သွားသည်။ ကလင်းကေ့သည် အခန်းတံခါးဝတွင် ငူငူကြီး ကျန်ရစ်ခဲ့သည်။ ဆိုဖာကြီးဘက်သို့လည်း လှည့်မကြည့်ရဲ။

"ဘာလဲ သေသွားပြီလားဟင်၊ တကယ်လား"

"ဟုတ်တယ်၊ သေပြီ"

အမျိုးသမီး ပြတ်ပြတ်သားသား ဖြေသည်။

ထိုအခါကျမှ ကလင်းကေ့သည် အခန်းဘက်သို့လိုက်ပြီး သူ့အဘိုးကြီး၏ ကြုံလှီသေးကွေးသည့် ခန္ဓာကိုယ်ကို ကြည့်မိသည်။ အဘိုးကြီး၏ ခန္ဓာကိုယ်သည် ဆိုဖာတွင် ကော်နှင့်ကပ်ထားသည့်နှယ် ပြားချပ်လျက်ရှိ၏။ ကလင်းကေ့သည် အလောင်းကြီးကို ကြည့်သည်။ နောက် ရာယစ်ဇာကို ကြည့်သည်။ ထို့နောက် စိတ်သက်သာရာရသွားသည့်ဟန်ဖြင့် သက်ပြင်းကြီးတချက် ချလိုက်၏။

အခန်းထောင့် တိုင်ကပ်နာရီကြီးမှ နာရီသည် တဒင်ဒင် မြည်နေသည်။ အမျိုးသမီးသည် နာရီတချက် မြည်လိုက်တိုင်း လန့်သွားသည်။ နာရီဆီသို့သွားကာ တုန်ယင်နေသည့်လက်များဖြင့် နာရီချိန်သီးကို ရပ်လိုက်သည်။ အိပ်ရာပေါ်တွင် ထိုင်လိုက်သည်။ ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ထားသည်။ ဆံပင် များသည် သူ့မျက်နှာပေါ်သို့ ဖရိုဖရဲ ကျလာကြ၏။ ကလင်းကေ့က သူ့ထံ တိတ်တဆိတ်

လျှောက်လာကာ ငုံ့ကြည့်လိုက်သည်။

"ကောင်းတယ်၊ ဒီလိုသေဖို့ပဲ ကောင်းတယ်"

"ပြတင်းပေါက်ကို ဖွင့်လိုက်စမ်းပါကွယ်။ မင်း ကြောက်သလားဟင်"

"ဟင့်အင်း"

"ဘယ်လိုသဘောရသလဲ၊ မင်းက သိပ်ကြောက်တတ်တာကိုး"

"အစ်မ,ရှိရင် ကျွန်တော် မကြောက်ပါဘူး"

"သူ့ကို သနားသလား"

"မသနားပါဘူး"

"ပြတင်းပေါက်ကို ဖွင့်လိုက်စမ်းပါ"

အေးမြသည့် ညလေသည် အခန်းထဲသို့ ဝင်လာ၏။ ခပ်ပြင်းပြင်း တချက်တိုက်လိုက်သဖြင့် ဖယောင်းတိုင် မီးတောက်သည် ငြိမ်းသွား၏။ အမျိုးသမီးက မျက်နှာပေါ်သို့ ဝဲကျနေသည့် ဆံပင်များ ကို ခေါင်းယမ်း၍ ပင့်တင်လိုက်၏။ ထို့နောက် ကြီးမားပြူးကျယ်သည့် မျက်လုံးကြီးများဖြင့် ကလင်းကော့ကို ကြည့်နေသည်။

"အစ်မဘဝ ဘာ့ကြောင့် ပျက်စီးခဲ့ရသလဲဆိုတာ သိရဲ့လား။ အစ်မအဖို့ကတော့ မထူးပါဘူး။ သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူး"

ကလင်းကော့သည် သူ့အနားသို့ ကပ်လာ၏။ အတန်ကြာမျှ တိတ်ဆိတ်နေကြသည်။ နောက်ဆုံးတွင် ရာယစ်ဇာ၏ သေးသွယ်ပျော့ပျောင်းသည့် လက်ချောင်းများသည် သူ့ခါးကို လာ၍ ရစ်ပတ်ကြ၏။

"မောင်လေး၊ သည့်ပြင်လူတွေကို လျှောက်ပြောမှာလားဟင်" ဟု တိုးတိုးမေးသည်။

"မပြောပါဘူး"

"မပြောပါနဲ့ကွယ်။ မောင်လေးကျေးဇူးကို အစ်မ မမေ့ပါဘူး။ ကဲ မောင်လေး အဝတ်အစား ထပ်ဝတ် ချည်ဦး။ အေးတယ်။ အစ်မ အခန်းကို ရှင်းလိုက်ဦးမယ်"

ရာယစ်ဇာက သူ့ပါးကို တို့၍ ပြောပြီး အခန်းပတ်ပတ်လည်ကို ကြည့်သည်။

အဝတ်အစားလဲပြီး ကလင်းကော့ ပြန်ထွက်လာသည့်အခါ၌

အဘိုးကြီး၏အလောင်းကို အဝတ် ဖုံးလျက် တွေ့ရ၏။ ရာယစ်ဇာမှာ စောစောကအတိုင်း အဝတ်အစား ဖိုသီဖတ်သီ။ ကလင်းကော့၏ မျက်စိထဲတွင် အဝတ်အစား ကပိုကရိုနှင့် ရာယစ်ဇာကို ကြည့်ရသည်မှာ တမျိုးလှနေသည် ထင်ရ၏။ သူတို့နှစ်ယောက်သား အခန်းကို သပ်ရပ်သန့်ရှင်းအောင် လုပ်ကြသည်။ မနေ့ညက ဖြစ်ခဲ့သည့် အဖြစ်အပျက်သည် သူတို့နှစ်ယောက်ကို ပို၍ရင်းနှီးလာစေ၏။ ကလင်းကော့သည် ရာယစ်ဇာအနားမှ မခွာတော့ဘဲ တပူးတွဲတွဲ ဖြစ်နေသည်။ သို့ရာတွင် သူ့အဘိုးကြီး၏ အလောင်းဘက်ကိုမူ ယောင်၍မျှ လှည့်မကြည့်မိ။ အရုဏ်ပေါ်စပြုပြီ။

"ကဲ.. မောင်လေး သွားအိပ်ချင် အိပ်ချေလေ။ ပြီးတော့ အစ်မ နှိုးမယ်။ မောင်လေး အိပ်ရာကနိုးတော့ လူးကစ်ဆီကို စာတစောင် ပို့ပေးနော်"

ရာယစ်ဇာက ပြောသည်။ ကလင်းကော့၏ အိပ်ရာကို လက်ဖြင့် စမ်းလိုက်ပြီး

"ဟင်၊ အိပ်ရာကလည်း မာလှချည်လား"

ကလင်းကော့သည် အိပ်ရာပေါ်သို့ လှဲချလိုက်၏။ ရာယစ်ဇာက သူ့ဘေးတွင် ထိုင်ပြီး နူးညံ့သော လက်များဖြင့် သူ့ဆံပင်ကို ပွတ်သပ်ပေးနေသည်။

"ဘာဖြစ်တာလဲလို့မေးရင် မသိဘူးလို့ ပြောနော်။ အဲဒီအချိန်က အိပ်ပျော်နေလို့ ဘာမှမသိဘူးလို့ သာပြော၊ သိလား"

ကလင်းကော့က အိပ်ချင်လွန်းသဖြင့် မျက်လုံးကိုပင် ကောင်းကောင်းမဖွင့်နိုင်တော့။

ရာယစ်ဇာက သူ့ကို ညွှန်ကြားချက်တွေ ပေးနေသည်။ သူ့လုပ်ပုံကြောင့် အမေ့ကို သတိရလာသည်။ ပျော်လည်းပျော်သည်။ ကလင်းကော့သည် ပြုံးလိုက်၏။

"လူးကစ်ကလည်း သတင်းပေးပဲ၊ သတိနဲ့နေ။ မောင်လေးက ဖွင့်ပြောရင် အစ်မကလည်း ဖွင့်ပြော လိုက်မှာပဲ။ ဒီကိစ္စမှာ မင်းလည်းပါတယ်လို့။ အဲဒီတော့ မင်းလည်း ထောင်ကျ။ တသက်တကျွန်း အပို့ခံရရော"

"မပြောပါဘူး အစ်မရာ၊ စိတ်ချပါ"

ကလင်းကော့က အိပ်ချင်မူးတူးဖြင့် ရာယစ်ဇာကို ကြည့်သည်။

"ကဲ၊ အိပ်ချင်ရင် အိပ်တော့။ အစ်မပြောတာတွေကို မေ့ပစ်လိုက်နော်၊ သိလား။ အင်း တော်တော် အ,တဲ့ ငါ့မောင်"

ကလင်းကော့သည် ချက်ချင်း အိပ်ပျော်သွားသည်။ သို့ရာတွင် မာကျောသည့် အသံတခုကြောင့် ပြန်နိုးလာသည်။

"ဟဲ့ကောင်လေး ထစမ်း၊ ထစမ်း၊ မြန်မြန်ထစမ်း"

ကလင်းကော့က ဖြုန်းခနဲ အိပ်ရာမှ ထလိုက်၏။ သူ့အိပ်ရာဘေးတွင် လူးကစ်သည် တုတ်ကောက် တချောင်းကို ကိုင်လျက် ရပ်နေသည်။

"ဒီလောက်တောင် အိပ်ရသလားကွ။ ဟိုမှာ မင်းအဘိုးကြီး သေနေပြီ။ မင်းက ကုလားသေ ကုလားမော အိပ်လို့"

ရာယစ်ဇာက မီးဖိုနားတွင် ရပ်နေ၏လက်က ထီးတချောင်းကို ကိုင်ထားသည်။

"သူလည်း ပင်ပန်းလို့နေမှာပေါ့။ မနေ့ညက တညလုံး မအိပ်ရဘူး"

"ဒီလောက်ကလေးနဲ့ ဘာပင်ပန်းရမှာလဲ။ ကိုယ့်ကျေးဇူးရှင်တယောက်လုံး သေနေတာတောင် ဂိုဖော် မရဘူး။ အေးအေးဆေးဆေး အိပ်နေလိုက်တာ"

လူးကစ်၏ မဲ့ပြောက်တွေထင်နေသည့် မျက်နှာသည် တင်းမာလျက်ရှိ၏။ သူ့စကားများသည် မြင်းတကောင်ကို တပ်ထားသည့် ဇက်ကြိုးများသဖွယ် ကလင်းကော့ကို ချုပ်နှောင်လျက်ရှိသည်။

"သွား၊ ပုလိပ်ဌာနကိုသွားပြီး ဒီစာကိုပေးခဲ့၊ စာလည်း လမ်းမှာ ကျမပျောက်စေနဲ့"

ကလင်းကော့သည် အဝတ်အစားလဲကာ လမ်းမသို့ ထွက်လာခဲ့သည်။ လမ်းတွင် မျက်လုံးကို အတင်း ဖွင့်၍ ပြေးလာခဲ့သည်။ လမ်းက လူတွေကို ဝင်တိုက်မိသည့် အကြိမ်ကလည်း မနည်း။

"ဒီအဘိုးကြီး အလောင်းကို မြန်မြန်မြှုပ်ပစ်လိုက်ရင် ကောင်းမယ်။ လူးကစ်က ခြောက်လှန့်မေးရင် အစ်မကလည်း လန့်ပြီး အကုန်ပြောချင် ပြောမှာ။ သူက ဖွင့်ပြောလိုက်ရင် ငါလည်း ထောင်ထဲ ရောက်တော့မှာပဲ။ သူနဲ့ နှစ်ယောက်အတူ ထောင်ကျရရင်တော့ ဟုတ်တာပေါ့။ ခုတော့ အတူလည်း နေရမှာမဟုတ်ဘူး။ ခု ငါနိုးအောင်တောင် မစောင့်တော့ဘဲ လူးကစ်ကို သူကိုယ်တိုင် သွားခေါ်ပုံ ရတယ်။ သူသိပ်ကြောက်နေပြီထင်တယ်။ ဘယ့်နှယ်လုပ်ရမလဲ"

အိမ်သို့ ပြန်ရောက်သည့်အခါတွင် ပုလိပ်တယောက်နှင့် ကုတ်အင်္ကျီရှည်ကြီး ဝတ်ထားသည့် လူကြီး တယောက်ကို တွေ့ရသည်။ လူးကစ်က ခပ်တင်းတင်းလေသံဖြင့် ပုလိပ်ကို တစုံတရာ ပြောလျက် ရှိ၏။

“ဆရာဝန်ပြောတာလည်း ခင်ဗျား ကြားပြီးပြီပဲ။ ဆရာဝန်က ကင်ဆာတဲ့။ ဟေ့ကောင်လေး ခုမှ ပြန်လာသလား။ သွား ဘီယာခြောက်ပုလင်းလောက် သွားဝယ်ချေစမ်း”

ရာယစ်ဇာက မီးဖိုထဲတွင် ကြက်ဥကြော်ပြီး ကော်ဖီဖျော်နေသည်။

“သွားဝယ်ပေးလိုက်ဦး မောင်လေး၊ ပြန်လာရင် မင်းဖို့ အစ်မ ကော်ဖီဖျော်ထားလိုက်မယ်”

ရာယစ်ဇာက ပြုံး၍ ပြောသည်။

ထိုနေ့တနေ့လုံး ကလင်းကော့ အငြိမ်မနေရ၊ ပြေးလွှားနေရသည်။ အိမ်အခြေအနေ မည်သို့ရှိမှန်း မသိ။ သို့ရာတွင် ကြည့်ရသည်ကတော့ အခြေအနေ မဆိုး။ ထိုနေ့က ရာယစ်ဇာသည် ဝတ်ကောင်း စားလှတွေ ဝတ်ထားသည်။

ညကျတော့ မောမောဖြင့် အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်မိသည်။

“သူ့ကို မျက်ခြည်ပြတ်မခံနဲ့နော်၊ ကြားလား။ ကြည့်ရတာ အတတရယ်” ဟု လူးကစ်က ရာယစ်ဇာကို ပြောနေသံ ကြားရ၏။

ထို့နောက် သူတို့နှစ်ယောက် သူ့အခန်းထဲသို့ ဝင်လာကြသည်။ လူးကစ်က အရေးတကြီး ဟန်ပန်ကို ဆောင်ထားရင်း

“ကောင်လေး။ မင်း ဘယ်လိုစိတ်ကူးသလဲ ပြောစမ်း”

“ကျွန်တော် မသိဘူးခင်ဗျ ”

“မင်းမှမသိရင် ဘယ်သူလာသိဦးမှာလဲ”

လူးကစ်၏ မျက်လုံးကြီးတွေက မှိုမောက်နေသည်။ မျက်နှာက ပြာနှမ်းနှမ်းဖြစ်နေသည်။ လေမီးဖို ကြီး မြည်သလို တရှူးရှူး အသက်ရှူနေသည်။

“အစ်မတို့နဲ့ရင် နေပါ့လား”

ရာယစ်ဇာက သနားသည့်လေသံဖြင့်ပြော၏။

“အေး၊ ကောင်းသားပဲ၊ တို့နဲ့အတူနေပေါ့၊ မင်းအတွက် အလုပ်ကောင်းကောင်းရှာပေးမယ်”

ကလင်းကော့က ဘာမျှပြန်မပြော။

“ကဲ ဘယ်လိုဖြစ်နေတာလဲ"

"ဘယ်လိုမှ မဖြစ်ပါဘူး"

"မင်း ငါ့ကို ကျေးဇူးတင်ရမယ် သိလား"

လူးကစ်က ပြောသည်။ သေးငယ်ကျဉ်းမြောင်းသည့် လူးကစ်၏မျက်လုံးများသည် သူ့ကို တနေရာ တည်းတွင် မလှုပ်မယှက်နိုင်အောင် ချုပ်နှောင်ထားသကဲ့သို့ ဖြစ်နေ၏။

"ဆွေရင်းမျိုးရင်းလို သဘောထားပေါ့ကွာ"

လူးကစ်က အဝေးသို့ လျှောက်သွားရင်း ပြောသည်။ သူ့ကိုယ်မှ ချွေးနံ့၊ ဘီယာနံ့နှင့် အမဲဆီနံ့ကြီး သည် ထောင်းထောင်းထ၍ ကျန်ရစ်ခဲ့၏။ ကလင်းကော့သည် ပြတင်းပေါက်ကို ဖွင့်လိုက်ပြီး အိပ်ပျော်စ မြို့ကြီး၏ အသံဗလံများကို နားစွင့်ကြည့်သည်။ ထိတ်လန့်ကြောက်ရွံ့သော မျက်လုံးများ ဖြင့် အမှောင်ထုကြီးကို ငေးစိုက်ကြည့်နေသည်။ ဗီရိုကြီးများနှင့် သေတ္တာကြီးများသည် အခန်းထဲတွင် ချာလပတ် လှည့်ကနေသည်ဟု ထင်ရ၏။ နံရံကြီးကို ကောင်းကောင်းမမြင်ရသော်လည်း နံရံကြီး သည် တုန်ခါနေသည်ဟု ထင်မိ၏။ ထောင်ချောက်ကြီးတခုထဲသို့ ကျသွားသည့်နှယ် ထိတ်လန့် တုန်လှုပ်နေသည်။

"ကိစ္စမရှိပါဘူးကွယ်၊ ခဏနေတော့ ပျောက်သွားမှာပါ"

လူးကစ်၏အသံကို ရာယစ်ဇာ၏ အခန်းဘက်ဆီမှ ကြားလိုက်ရသည်။

ကလင်းကော့သည် မျက်နှာကို ခေါင်းအုံးထဲသို့ မြှုပ်လိုက်သည်။ သို့ရာတွင် မွန်းကျပ်လာသဖြင့် အိပ်ရာမှ ထလိုက်၏။ သူ့အဘိုးကြီး၏ ဖော့နင်းလာသည့် ခြေသံကို ကြားသလိုလို၊ နီရဲနေသော မျက်လုံးကြီးများကို မြင်မိသလိုလို။ ကလင်းကော့သည် လန့်ဖျပ်အော်ကာ ရာယစ်ဇာ အခန်းဆီသို့ ပြေးလာခဲ့သည်။

တံခါးကို အတင်းတွန်းဖွင့်လိုက်ပြီး

"အစ်မ ကြောက်တယ်၊ ကြောက်တယ်" ဟု အော်သည်။

ဖြူဖွေးသည့် ခန္ဓာကိုယ်နှစ်ခုသည် အိပ်ရာပေါ်မှ ခုန်ဆင်းလာ၏။

"ဟဲ့ ကောင်လေး၊ ဘာလာရှုပ်တာလဲ၊ သွား"ဟု ကြောက်ဖွယ်အသံကြီး တသံက အော်သည်။

ကလင်းကော့သည် အိမ်မြောင်တကောင်သဖွယ် သူတို့ရှေ့တွင် ပက်လက် လဲကျသွားသည်။

"ကြောက်တယ်၊ ကြောက်တယ်" ဟု အသံသဲ့သဲ့ဖြင့် အော်နေသည်။

နောက်ရက်များတွင် အသုဘအတွက် အလုပ်များကြသည်။ ရာယစ်ဇာကလည်း လူးကစ်၏အခန်းသို့ ပြောင်းသွားသဖြင့် အလုပ်ရှုပ်နေသည်။ ကလင်းကော့သည် အကြောက်တိမ်တိုက်ကြီးထဲတွင် မျောပါ နေသည့် ငှက်ငယ်တကောင်နှင့် တူနေသည်။ "ငါတော့ ဒုက္ခတွေ့တော့မယ်" ဟု တွေးနေသည်။ တတ်နိုင်လျှင် လွတ်ရာကျွတ်ရာသို့ ထွက်ပြေးလိုက်ချင်သည်။ သို့ရာတွင် လူးကစ်၏အသံကြီးကို ကြားယောင်နေသည်။ သူ့အကြည့်ကို မြင်ယောင်နေသည်။

လူးကစ်၏ အမိန့်ပေးသံ၊ လူးကစ်၏အကြည့်တို့ကိုချည်း မြင်နေသည်။ ညနေရောက်သော် သူသည် မောလည်းမော၊ ဆာလည်းဆာသဖြင့် အိပ်ပျော်သွားသည်။

သို့ရာတွင် အိပ်ပျော်ရာတွင်လည်း မဖြောင့်။ ခြောက်အိပ်မက်တွေက ကြောက်စရာ၊ လန့်စရာ။ ထိုဘဝမှ နိုးလာသည့်တနေ့တွင် မျက်နှာကြက်နိမ့်နိမ့်နှင့် ခပ်မှောင်မှောင် အခန်းကျယ်ကြီးတခုထဲသို့ ရောက်နေသည်ကို ကလင်းကော့ တွေ့ရလေသည်။ သူ့ရှေ့ကစားပွဲကြီးက ခပ်ညစ်ညစ် အစိမ်းရောင် ဖယောင်းပုဆိုးကြီး ခင်းထားသည်။ တုန်ယင်နေသည့်လက်ဖြင့် ကလောင်တံတချောင်းကို ကိုင်ထား သည်။ စားပွဲပေါ်တွင် စာအုပ်ထူထူကြီးတအုပ်။ စာအုပ်တွင် မှတ်စုတွေအပြည့်။ မျဉ်းသားထားသည့် စာရွက်လွတ်အချို့လည်း ကျန်သေးသည်။ ထိုအရာတွေနှင့် သူ ဘာလုပ်ရမည်ကို ကလင်းကော့ ကောင်းကောင်းမသိ။ ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။

အခန်းထဲတွင် အခြားစားပွဲတွေလည်း ရှိသည်။ စားပွဲတလုံးလျှင် လူနှစ်ယောက် သို့မဟုတ် လေးယောက် ထိုင်နေကြသည်။ သူတို့ကို ကြည့်ရသည်က ပင်ပန်းနွမ်းနယ်နေသည့်ဟန်၊ စိတ်ဆိုးနေ သည့်ဟန်။ စားပွဲတွင် စာတွေကုန်းရေးနေကြပြီး ဆေးလိပ်ကို အဆက်မပြတ် ဖွာနေကြသည်။ တယောက်နှင့်တယောက် စကားပြောပုံကလည်း မာဆတ်ဆတ်။ မွှန်ထူနေသည့် မီးခိုးများသည် ပြတင်းပေါက်မှ အပြင်သို့ ထွက်နေ၏။ ဆူညံသည့်အသံများသည် လမ်းမဘက်မှ ပျံ့လွင့်လာသည်။ အခန်းထဲတွင် ယင်ကောင်တွေ တဝီဝီ ပျံဝဲနေကြသည်။ ယင်ကောင်များသည် ခေါင်းများပေါ်တွင် လည်းကောင်း၊ စားပွဲများပေါ်တွင်လည်းကောင်း၊ နံရံမှ ကြော်ငြာသင်ပုန်းများပေါ်တွင် လည်းကောင်း တွားသွားနေကြ၏။ အချို့ ယင်ကောင်များသည် ပြတင်းပေါက်မှန်များနှင့် တိုက်မိကာ လိမ့်ကျသွားကြသည်။ မွန်းကျပ်ညစ်ပတ်နေသည့် လှောင်အိမ်ထဲမှ လူများကို အတုခိုးနေသည့်နှယ် ယင်ကောင်များသည် လူးလာခတ်နေကြသည်။

တံခါးဝများတွင် ပုလိပ်သားများ ရပ်နေကြသည်။ လူတွေက ဝင်လိုက်ထွက်လိုက်။ တယောက်ကို တယောက် နှုတ်ဆက်ကြသည်။ အောက်ကျို့၍ပြုံးကြသည်။ သက်ပြင်းချကြသည်။ ထို့နောက် တယောက်နှင့်တယောက် ခပ်သုတ်သုတ် စကားပြောကြသည်။ သူတို့ စကားသံများထဲမှ အရာရှိများ ၏ ခက်ထန်သော အမိန့်ပေးသံများကို ကြားရတတ်သည်။

ကလင်းကော့သည် ချောင်ကလေးတချောင်ထဲတွင် ထိုင်နေ၏။ လည်ပင်းကို စားပွဲပေါ်မှ ကျော်၍ ဆန့်ထား၏။ အခန်းကိုလည်းကောင်း၊ စာရေးများကိုလည်းကောင်း သေသေချာချာကြည့်သည်။ သူတို့မျက်နှာများကို မှတ်မိအောင် မှတ်သားသည်။ သူ့အား အကူအညီပေးမည့်သူကို ရှာကြည့်သည်။ သူ့နဂိုစိတ်ဖြစ်သည့် ကြောက်စိတ်ကို တတ်နိုင်သမျှ ဖုံးဖိကာ နေရာသစ်၊ ပတ်ဝန်းကျင်သစ်နှင့် အံဝင်အောင် ကြိုးစား၏။ သူတို့အထဲတွင် မထင်မရှား မြုပ်သွားအောင် အားထုတ်၏။

စာရေးတွေက အသက်ငယ်ငယ်တွေလည်း ပါသည်။ အသက်ကြီးကြီးတွေလည်း ပါသည်။ သူတို့ အားလုံးက အဝတ်အစား မသန့်မရှင်း၊ မသပ်မရပ်။ တယောက်ကိုတယောက် အော်ဟစ်ကြသည်၊ ငြူစူကြသည်။ အများအားဖြင့် အသက်ကြီးကြီး ထိပ်ပြောင်ပြောင်လူကြီးတွေ ဖြစ်သည်။ သူတို့အထဲတွင် ထူးခြားသည့် လူနှစ်ယောက်ကို ကလင်းကော့ သတိပြုမိသည်။ တယောက်က အရပ်မြင့်မြင့်၊ ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်ထူထူ။ သင်းအုပ်ဆရာတယောက်နှင့် တူသယောင်ယောင်။ အခြား တယောက်က မျက်နှာနီနီ၊ မုတ်ဆိတ်ထူထူ၊ ခေါင်းပြောင်ပြောင်။ ကလင်းကော့ကို ချောင်ထဲတွင် နေရာချပေးပြီး စာအုပ်ထဲမှ စာများကို အကူးခိုင်းသူမှာ ထိုလူပင် ဖြစ်သည်။

အနက်ဝတ်ထားသည့် အသက်ကြီးကြီး မိန်းမတယောက်သည် ထိုလူရှေ့တွင်ရပ်ကာ တစုံတရာကို တောင်းပန်လျက်ရှိ၏။

“မအားသေးဘူးဗျာ၊ လာရှုပ်မနေနဲ့”

ထိုလူက မော့၍ပင်မကြည့်ဘဲ အော်ထုတ်သည်။ အချို့က တိုင်တန်းရန် လာကြ၏။ အချို့က တောင်းပန်ရန် လာကြ၏။ အချို့က ရှင်းလင်းထုချေရန် လာကြခြင်းဖြစ်သည်။ အချို့ကမူ သူတို့ ငေါက် တိုင်းမခံ၊ ပြန်၍ငေါက်ကြ၏။ အချို့က ဒေါသတကြီး ပြန်အော်ကြ၏။ အချို့က လှောင်ပြောင်၍ အော်ကြ၏။ အချို့က စိတ်ပျက်လက်ပျက်ဖြင့် အော်ကြ၏။ စာရွက်လှန်သံ၊ ကလောင်တံ တဂျစ်ဂျစ်မြည်သံတို့ကို ကြား ရသည်။ ထိုအသံများကြားထဲမှ မိန်းကလေးတယောက် ကျိတ်ငိုနေသံသည် ပေါ်ထွက်နေသည်။

“ဗျို့ ၊ အယ်လက္ကဇီ။ ဒီမိန်းမကို တနေရာ ခေါ်သွားစမ်းဗျာ”

မုတ်ဆိတ်ဖြူဖြူနှင့် လူက လှမ်းပြောလိုက်သည်။ ထို့နောက် ကလင်းကော့ကို မြင်သွားသဖြင့် သူ့ဆီသို့ ခပ်သုတ်သုတ် လျှောက်လာပြီး

"ဟင်း လာပြန်ပြီ တိုးတယောက်။ ဟေ့ ဇာရူဗင်၊ လာပြပေးလိုက်စမ်းကွာ"

ထိုလူသည် တခြားသို့ ထွက်သွားရင်း လှမ်းအော်သွား၏။

နဖူးကျဉ်းကျဉ်း၊ ဆံပင်ကောက်ကောက်မျက်လုံးက ကျီးကန်းတောင်းမှောက်သည့်နှယ် အငြိမ်မနေ သည့် လူငယ်တယောက် သူ့အနားသို့ ရောက်လာသည်။

"ဘာဖြစ်နေတာလဲ"

လူရွယ်က သူ့ကို တံတောင်ဖြင့်တွက်ရင်း ခပ်တိုးတိုးမေးသည်။

"ဘယ်လိုလုပ်ရမှန်း မသိလို့"

ကလင်းကော့က ကြောက်ကြောက်ဖြင့် ဖြေသည်။ လူငယ်က ဝမ်းခေါင်းသံကြီး ပေါက်သွားအောင် ချွဲရှင်းလိုက်ရင်း အလွန်လျှို့ဝှက်သည့် ကိစ္စကြီးတခုကို ပြောသည့်ဟန်မျိုးဖြင့်

"ကျုပ် ပြပေးမယ်လေ၊ ခင်ဗျား လခထုတ်ရင် ကျုပ်ကို ပြခပေးမလား၊ ဘယ့်နှယ်လဲ"

"ပေးပါ့မယ်"

လူရွယ်က စာအုပ်ကြီးထဲမှ ကူးရမည့် လူစာရင်းကို ပြသည်။

"ခင်ဗျားကူးပြီးရင် ကျုပ်ကို ခေါ်လိုက်ပေါ့။ ကူးတာ မှားသလား၊ မှန်သလား ကျုပ် ကြည့်ဦးမယ်။ ကျုပ်နာမည်က ဇာရူဗင်ပါ"

ကလင်းကော့၏ ရင်ထဲက တစုံတရာသည် ကျိုးပဲ့ပျက်စီးသွားရပြန်ပြီ။ ဇာရူဗင်သည် စားပွဲတွေ ကြားထဲမှ ဖြတ်၍ လျှောက်သွား၏။ ခါးက ကုန်းကုန်း၊ လက်မောင်းနှစ်ဖက်ကို ဘေးတွင် ကပ်ထား သည်။ မျက်လုံးကလည်း အငြိမ်မနေ။ လမ်းသွားရင်း ကျီးကန်းတောင်းမှောက် ကြည့်သွားသည်။ ကလင်းကော့သည် ဇာရူဗင်ကို အတန်ကြာအောင် စိုက်ကြည့်နေပြီး စားပွဲပေါ်သို့ ငုံ့ကာ သူ့အလုပ်ကို သူ ဆက်လုပ်နေသည်။ ထို့နောက် သူ့အလုပ်ထဲတွင် နစ်မြုပ်ကာ ပတ်ဝန်းကျင်ကို မေ့သွားသည်။

ကလင်းကော့သည် သူ့အလုပ်တွင် နေသားကျစ ပြုလာသည်။

အလုပ်ကြိုးစားသည့် ကလင်းကော့ သည် ခိုင်းတိုင်းလုပ်ရန် အဆင်သင့်ဖြစ်နေသည်။ သူ့အနားတွင် လူသူမရှိစေချင်သဖြင့် ခိုင်းသည့် အလုပ်ကို မြန်မြန်လုပ်ပေးလိုက်သည်ချည်း ဖြစ်သည်။ လူတိုင်းကို ကြောက်သည်။ လူတိုင်းကို မျက်နှာချိုသွေးသည်။ စူးစမ်းစပ်စုတတ်၍ ရက်ရက်စက်စက် လှောင်ပြောင်တတ်သည့် စာရေးများ ရန်မှ လွတ်အောင် အလုပ်ကို အမြဲလုပ်နေတတ်သည်။ အခန်းထောင့်ကလေးထဲတွင် မည်သူနှင့်မျှ စကားမပြောဘဲ အလုပ်ကို တွင်တွင်ဖိလုပ်သည်။ သူ့ပတ်ဝန်းကျင်သစ်ကို စူးစမ်းခြင်းလည်း မပြု၊ လေ့လာခြင်းလည်း မရှိ။ စာရေးများ၏ ညည်းတွားသံ၊ တယောက်ကိုတယောက် နှိမ်သံတို့ကို ကြားနေရသည်။ အချို့သူများကို ပါးရိုက်လွှတ်ကြသည်။ အချို့ကို လည်ကုပ်မှဆွဲ၍ မောင်းထုတ်ကြ သည်။ တချို့ သွေးထွက်သံယို ဖြစ်သည်အထိ အရိုက်ခံကြရသည်။ တစ်ခါတရံတွင် ပုလိပ်များက တရားခံများကို ကြိုးတုပ်၍ ခေါ်လာကြသည်၊ ရိုက်ကြသည်။ တရားခံများက အော်ကြဟစ်ကြသည်။ ခိုးမှုတရားခံဆိုလျှင် သူတို့မျက်နှာ ရက်အမ်းအမ်း။ လူတိုင်းကို ပြုံး၍ မျက်နှာချိုသွေးကြသည်။ ပြည့်တန်ဆာမတွေကလည်း လူမြင်လျှင် ပြုံးပြတတ်ကြသည်။ သူတို့အဝတ်အစားများကို မကြာခဏ ပြင်တတ်ကြသည်။ မှတ်ပုံတင်မရှိ၍ အဖမ်းခံရသည့် တရားခံများကမူ မျက်နှာထား မှန်သည်။ မျက်လွှာကို ပင့်၍ မရဲတရဲ ကြည့်တတ်ကြသည်။ နိုင်ငံရေးအကျဉ်းသမားများကား ခေါင်းကို အမြဲ မော့ထားကြလေသည်။ ပြန်၍ ငြင်းကြသည်၊ ပြန်၍ အော်ကြသည်။ မည်သူ့ကိုမှ လည်း နှုတ်ဆက်ခြင်း မပြု။ အထင်သေးသည့်ဟန်ဖြင့် တိတ်တဆိတ်နေကြသည်။ စကားပြောလျှင် လည်း ကောင်းကောင်းမွန်မွန် မပြော။ ဂျစ်တူးတူး ပြန်ပြောတတ်ကြသည်။ ထိုအကျဉ်းသမားမျိုး ဆိုလျှင် သူတို့ရုံးတွင် ပြောမဆုံးတော့။ တချို့က လှောင်ပြောကြသည်။ တချို့က ဒေါသတကြီးဖြင့် ပြောကြသည်။ သို့တိုင်အောင် သူတို့သည် နိုင်ငံရေးအကျဉ်းသမားဆိုလျှင် စိတ်ဝင်စားရုံမျှမက လေးစားသယောင်လည်း ရှိကြောင်းကို ကလင်းကော့ သတိပြုမိသည်။

သူတို့ရုံးက စာရေးများသည် နိုင်ငံရေးစုံထောက်များကို များစွာ စိတ်ဝင်စားကြသည်။ နိုင်ငံရေး စုံထောက်တို့သည် လူစားကလည်း ခပ်ဆန်းဆန်း။ မျက်နှာထားတည်တည်၊ စကားနည်းနည်း၊ လခကလည်း ကောင်းကောင်းရသည်။ ထိုလူများသည် အပ်ကျသည်ကအစ သိသည်ဟု သူတို့ထင်ကြ၏။ သူတို့မသိသည့်အရာဆို၍ လောကတွင် တခုမျှမရှိဟု ယူဆကြ၏။ တန်ခိုးကြီး လိုက်သည်မှာလည်း ဆိုဖွယ်မရှိတော့။ မည်သူတွေ ဘာတွေလုပ်ခဲ့ လုပ်ခဲ့ သူတို့မသိသည့်အရာ မရှိ။ နောက်ဆုံးတွင် သူတို့စက်ကွင်းထဲက မထွက်နိုင်။ သူတို့လက်ထဲရောက်ပြီး ထောင်ထဲသို့ တန်းဝင်ကြ ရသည်သာ ဖြစ်၏။

ကလင်းကော့သည် တစတစဖြင့် အတွေ့အကြုံ ရလာသည်။ ထုံထိုင်းသဖြင့်

ရှင်းရှင်းလင်းလင်း နိုင်သည့်တိုင် တဖြည်းဖြည်းဖြင့် ပုံပန်းသဏ္ဍာန် ပေါ်လာသည်။ တဖြည်းဖြည်း စူးစမ်းလိုစိတ်တွေ ပေါ်လာ၏။ ထိုမှုမက တစ်ခါတရံတွင် သူမတွေးရဲသည့် အတွေးများသည် ခေါင်းထဲတွင် အလိုအလျောက် ပေါ်လာကြသဖြင့် သူ့ကိုယ်သူပင် အံ့သြရသေးသည်။

သူ့အနားက လူများသည် ဘယ်သူ့ကိုမှ သနားကြင်နာခြင်း မရှိကြ။ ကလင်းကော့ကိုယ်တိုင်လည်း မည်သူ့ကိုမှ သနားခြင်းမဖြစ်။ မည်သူ့အတွက်မှ စိတ်မကောင်းခြင်းမဖြစ်။ အရိုက်ခံရသည့် လူကလည်း သနားစရာမကောင်း။ တစ်ခါတရံတွင် မနာဘဲနှင့် ဟန်ဆောင်ပန်ဆောင် အော်နေသည် ဟုပင် ကလင်းကော့ ထင်မိသည်။

ညနေပိုင်းတွင် ကလင်းကော့သည် အခန်းကျယ်ကြီးထဲတွင် တယောက်တည်းထိုင်ရင်း နေ့လယ်က တွေ့ခဲ့ရသမျှကို ပြန်စဉ်းစားနေသည်။ သူတွေ့ခဲ့ရသမျှသည် ဘာမှ အဓိပ္ပာယ်မရှိ၊ ဘာမှ အနှစ်သာရ ပါသည် မထင်၊ အပေါ်ယံတွေချည်းဖြစ်သည်ဟု ကလင်းကော့စိတ်တွင် ထင်နေသည်။ မည်သူ့ မည်သူမှ မယုံကြ။ မည်သူ့ မည်သူမှ အမှန်ကို မပြောကြ။ တယောက်ကိုတယောက် ရန်သူလို ကြည့်ကြသည်။ ဤသို့ဖြင့် သူတို့အားလုံးသည် လောကကြီးကို မကျေနပ်သမျှ ကိုယ့်ဘဝကိုယ် မကျေနပ်သမျှကို နီးရာလူအပေါ်တွင် ပုံချနေသည်ဟု ထင်မှတ်ရတော့သည်။

တစ်ခါတရံတွင် ကလင်းကော့သည် အလုပ်လုပ်ရသည်ကို ငြီးငွေ့မိသည်။ သူ့လက်ချောင်းများသည် အားအင်တွေ ကုန်ခန်းကာ ပျော့ခွေနေသည်ဟု ထင်မှတ်ရ၏။ ကလင်းကော့က ကလောင်တံကို ဘေးသို့ချပြီး စားပွဲပေါ်သို့ ခေါင်းတင်လိုက်သည်။ မှောင်ရီရီဖြစ်နေသည့် ခန်းမကြီးကို မျက်တောင် မခတ် စိုက်ကြည့်နေမိသည်။

ထိုစဉ် ခေါင်းပြောင်ပြောင်နှင့် သူ့အကြီးအကဲက

“ကလင်းကော့ ဘာဖြစ်လို့ အိပ်နေရပြန်တာလဲ” ဟု အော်သည်။ ကလင်းကော့သည် ခေါင်းကို ပြန်ထောင်လာကာ ကလောင်တံကို ကောက်ကိုင်ပြီး ရေးရပြန်သည်။ ‘ဒီလိုချည်းလည်း အမြဲဖြစ်မနေ နိုင်ပါဘူး’ ဟု သူ့ကိုယ်သူ အားပေးသည်။

စာကူးနေသော်လည်း ထိုစာများကို သူ အယုံအကြည် ရှိ၊ မရှိ သူကိုယ်တိုင် မသိ။ သူ့လုပ်ဖော် ကိုင်ဖက်များကို အယုံအကြည် ရှိ၊ မရှိကိုလည်း ကောင်းကောင်း မဝေခွဲတတ်။

ပုလိပ်ဌာနတွင် အလုပ်လုပ်နေရသည်ကမှ တော်သေးသည်။

အိမ်ပြန်ရောက်တော့ ပို၍ ငြိမ်းငွေ့စရာ ကောင်းနေသည်။ ပို၍ အနေရခက်သည်။ မနက်လင်းလျှင် ရာယစ်ဇာသည် အဝတ်အစား ကပိုကရို ဖြင့် ထွက်လာပြီးနောက် သူ့ကို ကော်ဖီတခွက် လာတိုက်သည်။ စကားတခွန်းမျှ မပြော။ သူ့မျက်လုံး က ရီဝေလျက်၊ မျက်နှာက ရှုံ့မဲ့လျက်။ လူးကစ်က အခန်းထဲတွင် ချောင်းတဟွပ်ဟွပ်ဆိုး၍ တံတွေး တပျစ်ပျစ် ထွေးလျက်။ သူ့အသံသည် ခါတိုင်းထက် ပို၍ကျယ်လောင်ကာ ခါတိုင်းထက် ပို၍ အမိန့် ပေးသံ ပါလာသည်ဟု ထင်ရ၏။ ထမင်းအတူ ဝိုင်းစားကြလျှင်လည်း လူးကစ်သည် တပျတ်ပျတ် မြည်အောင် စားသည်။ နှုတ်ခမ်းကို လျက်သည်၊ လေချဉ်တက်သည်။ အစာကို လောဘရမ္မက် ကြီးစွာဖြင့် မသကာ်သလို ကြည့်တတ်သည်။ မဲ့ပြောက်တွေ ထင်နေသည့် သူ့ပါးနီနီကြီးသည် ပြောင်နေသည်။ သေးငယ်သည့် မျက်လုံးကျဉ်းကျဉ်းကလေးနှစ်လုံးက ပိတုန်းနှစ်ကောင်လို ကလင်းကော့၏ မျက်နှာပေါ်သို့ လျှောက်သွားနေသည်။

"ဟော့၊ လောကမှာ အရေးကြီးတာနဲ့ အရေးမကြီးတာကို ခွဲခြားသိတတ် ရတယ်ကွ။ ငါနဲ့ လာနေရတာ မင်းကံကောင်းတယ် အောက်မေ့ပါ။ ခု မင့်ကို ငါအလုပ်တခု ရှာပေးပြီးပြီ။ ငါကတော့ မင်းကို ဒီထက် ကောင်းစားအောင် တွန်းတင်ပေးမှာပဲ။ ကျန်တာကတော့ မင်းအပေါ်မှာ တည်တယ်။ မင်း လိမ္မာရင် ကြီးပွားမှာပဲ"

လူးကစ်က စကားပြောရင်း သူ့ခန္ဓာကိုယ် ဖိုင့်ဖိုင့်ကြီးကို လှုပ်ယမ်းနေသည်။ သူ့အောက်က ကုလားထိုင်သည် တကျွိကျွိ မြည်လျက်ရှိ၏။ သည်ငနဲကြီးသည် သူခိုင်းချင်ပြီဆိုလျှင် သူ့ကို အတင်းအကျပ် ခိုင်းမည့် လူစားမျိုးကြီး ဖြစ်သည်ဟု ကလင်းကော့ တွေးမိသည်။

တစ်ခါတရံတွင်လည်း လူးကစ်က "ဟော့၊ ငါ့ကို ဒီနေ့ အဘိုးကြီးက ချီးကျူးတယ်ကွ။ သိရဲ့လား" ဟု ကြွားတတ်သည်။

တညနေတွင် လူးကစ်က သူ့နားရွက်ကို လိမ်ဆွဲလိုက်ပြီးနောက် "တနေ့က ငါ ပျော်ပွဲစားရုံထဲမှာ ထိုင်နေတုန်း လူတယောက် ထမင်းစားနေတာ သွားတွေ့တယ်။ လူက ဂနာမငြိမ်ဘူး။ နာရီကို ကြည့်လိုက်၊ ဘေးကိုလှမ်းကြည့်လိုက် လုပ်နေတယ်။ မင်းသိလား။ တို့က လူကောင်းတယောက်ဟာ ဘယ်တော့မှ ဟိုကြည့်ဒီကြည့် မလုပ်ဘူး။ တခြားလူတွေကိုလည်း သူ စိတ်မဝင်စားဘူး။ ဘယ်အချိန်၊ ဘယ်နှနာရီဆိုတာလည်း သူ ကောင်းကောင်းသိတယ်။ တခြားလူတွေကို ဂရုစိုက်ကြည့်တဲ့လူဟာ လုံခြုံရေးဌာနက အေးဂျင့်တွေရင်လည်း ဖြစ်ရမယ်။ ဒါမှမဟုတ် ရာဇဝတ်ကောင်တွေရင်လည်း ဖြစ်ရမယ်။ ဒီတော့ ငါလည်း အဲဒီလူကို စောင့်ကြည့်နေတာပေါ့။ ဒီတုန်း မြို့စွန်က လော်ကယ်ရထား ဝင်လာပြီး နောက်ထပ်လူတယောက် ဆိုင်ထဲ ဝင်လာတယ်။ အသားမည်းမည်း၊ မုတ်ဆိတ်မွေး

ကျိုးတိုးကျဲတဲနဲ့။ ကြည့်ရတာကတော့ ရေဝတီလူမျိုးလိုလို ဘာလိုလိုပဲ။ ကုတ်အင်္ကျီ အပေါ်အိတ်မှာ ပန်းနှစ်ပွင့် ထိုးထားတယ်။ တခုက အနီ၊ တခုက အဖြူ။ ဧကန္တ လျှို့ဝှက်တဲ့ အထိမ်းအမှတ် ဖြစ်ရမယ်။ ဆိုင်ထဲရောက်တော့ သူတို့နှစ်ယောက် မျက်လုံးနဲ့ တယောက်ကိုတယောက် နှုတ်ဆက်တာကို မြင်လိုက်ရတယ်။ ငါထင်တဲ့အတိုင်း သေချာနေပြီ။ အသားညိုညိုနဲ့လူက စားစရာ တခု မှာလိုက်တယ်။ ဆိုဒါတပုလင်း မှာပြီးသောက်တယ်။ နောက်တော့ အပြင်ကို ထွက်သွားတယ်။ ဆိုင်ထဲမှာ စောစောကရောက်နေတဲ့လူက ထလိုက်သွားတယ်။ ငါလည်း သူတို့နောက်က လိုက်သွား တာပေါ့"

လူးကစ်က ပါးကြီးနှစ်ဖက်ကို ဖောင်းထားရာမှ လေကို မှုတ်ထုတ်လိုက်သည်။ သူ့ပါးစပ်မှ ဘီယာနံ့ နှင့် အမဲသားနံ့သည် ကလင်းကော့မျက်နှာပေါ်မှ ဖြတ်သန်းသွား၏။ ကလင်းကော့သည် ကုလားထိုင် တွင် ထိုင်ရင်း မှုးရိပ်ရိပ် ဖြစ်နေသည်။ လူးကစ်သည် သူ့ကိုကြည့်၍ ရယ်နေ၏။ ထို့နောက် ကျယ်လောင်စွာ လေချဉ်တက်လိုက်ပြီး လက်ညှိုးပုတိုတိုကို လေထဲတွင် ထောင်လိုက်ရင်း

"ဒီငနဲနှစ်ယောက်နောက်ကို လိုက်လိုက်ရတာ တလနဲ့ နှစ်ဆယ့်သုံးရက် ကြာတယ်။ နောက်တော့ သူတို့အကြောင်း အထက်ကို သတင်းပို့လိုက်တယ်။ မသက်ာစရာ လူနှစ်ယောက်နောက်ကို လိုက်နေ တယ်ပေါ့။ စလိုက်ရတာဆိုတော့ မလွယ်ဘူးကွ။ ပထမ ဒီငနဲနှစ်ယောက် ဘယ်သူလဲဆိုတာ သိအောင် အရင်လုပ်ရတယ်။ ဆိုင်ထဲကို အရင်ရောက်တဲ့ငနဲကို ငါစုံစမ်းတော့ ဒါ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲတဲ့၊ ငါ့ကို ဆီးပြီးဟောက်တယ်။ ရေဝတီကတော့ သူ့နာမည်ကို အမှန်ပေးလို့ တို့ သူ့ကို ဆွဲလိုက်တယ်။ သူနဲ့အတူ မိန်းမတယောက်လည်း မိတယ်။ ဒီမိန်းမက တို့လက်ထဲရောက်တာ သုံးကြိမ်ရှိပြီ။ ဒါနဲ့ သူတို့မိတော့ သူတို့အဆက်တွေကို လိုက်ရတာပေါ့။ အဆက်အသွယ်က တော်တော်များတယ်၊ နေရာအနှံ့ပဲ။ ဒါပေမဲ့ ခက်တာက တို့မိတဲ့ အဆက်အသွယ်တွေက တို့သိပြီးသားတွေ။ အကောင်သေးသေးတွေချည်းပဲ။ အကောင်ကြီးကြီးဆိုလို့ တကောင်မှ မပါဘူး။ မနေ့ကမှ ထမင်းဆိုင်ထဲ တွေ့တဲ့ငနဲက သူ့နာမည်ရင်းကို ဖွင့်ပြောတယ်။ လက်စသတ်တော့ ဒီငနဲက ဆိုက်ဘေးရီးယားအကျဉ်းစခန်းက ထွက်ပြေးလာတဲ့ကောင်ကိုး။ တော်တော်အရေးကြီးတဲ့ အထဲက ပဲ။ အင်း ဒီနှစ် နှစ်သစ်ကူးပွဲတော်ကျရင် ဆုလေး ဘာလေးတော့ ရမယ်ထင်တာပဲ"

ရာယစ်ဇာက လူးကစ်၏ ခေါင်းပေါ်မှ ကျော်ကြည့်ပြီး နားစွင့်ထောင်နေသည်။ ပေါင်မုန့်ကို ဖဲ့၍ ဝါးလျက်ရှိ၏။

"ရှင်တို့ကတော့ ဖမ်းနေတာပဲ။ ဒါပေမဲ့ ကုန်ပဲ မကုန်နိုင်ပါလား"

လူးကစ်က ပြုံးလိုက်ပြီး ဝင့်ကြွားစွာဖြင့်

"နိုင်ငံရေးကို နင် နားမလည်ပါဘူး။ ဒါကြောင့်မို့ နင် အရမ်းတွေ လျှောက်ပြောနေတာပေါ့။ ဒီမှာ နင် မြဲမြဲမှတ်ထားဖို့က ဖမ်းစရာရှိရင် အကုန် မဖမ်းရဘူး မှတ်ထား။ ခြေရာခံလို့ရအောင် ချန်သင့် သလောက် ချန်တယ်။ မီးပွားလွင့်တာကြည့်ပြီး မီးပုံကို ရှာရတယ်လို့ တို့ဆရာကြီးက ပြောဖူးတယ်။ တို့ဆရာကြီးက ဟိုတုန်းက သူလည်း နိုင်ငံရေးအကျဉ်းသမားပဲ။ ရေဝတီလူမျိုး။ ဒီအလုပ်က သိပ်သိမ်မွေ့တဲ့ ကစားနည်းနော်"

ကလင်းကော့သည် မွန်းကျပ်နေသည့် အခန်းပတ်ပတ်လည်ကို ကြည့်မိသည်။ နံရံတွင် ဇာဘုရင်များ ၏ပုံ၊ စစ်ဗိုလ်ချုပ်များ၏ပုံများနှင့် ကိုယ်လုံးတီး မိန်းမပုံများဖြင့် ပြည့်နေသည်။ ကုလားထိုင်များသည် လူသူနှင့် ကင်းဝေးအောင် တမင်ရှောင်သည့်နှယ် နံရံနှင့် ထိကပ်လျက်ရှိကြ၏။ အခန်းတခန်းလုံး အရက်နံ့၊ အမဲသားနံ့နှင့် ဆီနံ့ နံလျက်ရှိသည်။ အစိမ်းရောင် မီးအုပ်ဆောင်းအောက်မှ မီးရောင်သည် သူတို့မျက်နှာပေါ်သို့ ဖြာကျလျက် ရှိသည်။

လူးကစ်က စားပွဲကိုကျော်၍ ကလင်းကော့၏ဆံပင်ကို လှမ်းဆွဲလိုက်ရင်း "ငါပြောတာကို ကောင်းကောင်း နားထောင် သိရဲ့လား" ဟု ဆိုသည်။

လူးကစ်သည် ကလင်းကော့ကို မကြာခဏ ရိုက်တတ်သည်။ နာကျင်ခြင်း မဖြစ်သည့်တိုင် ခံပြင်း သည်။ ကိုယ်ခန္ဓာကို ရိုက်သည်ဟု မထင်။ ဝိညာဉ်ကို ရိုက်သည်ဟု ထင်မိသည်။ လူးကစ်သည် လက်စွပ်ဝတ်ထားသည့်လက်ဖြင့် ကလင်းကော့၏ခေါင်းကို ခေါက်တတ်သည်။ သို့ ခေါက်ရသည်ကို လည်း ကျေနပ်ပုံရသည်။ လက်ချောင်းများကိုကွေးပြီး အားရပါးရ ခေါက်လိုက်လျှင် ဒေါင်ဒေါင်မြည် အောင် ခေါက်တတ်သည်။ လူးကစ်က ခေါင်းခေါက်တိုင်း ရာယစ်ဇာက မနှစ်မြို့သလိုကြည့်ကာ "ဒီလို နိုင်ထက် စီးနင်းလုပ်ဖို့တော့ မကောင်းပါဘူးရှင်" ဟု ပြောတတ်သည်။

"အံမယ် ဒီလောက်ကလေးခေါက်တာ ဘာဖြစ်သလဲကွ၊ ကျိုးပဲ့သွားတာမှတ်လို့။ ဒီကောင်ကို ဒီလောက်တော့ ပညာပေးမှ"

ရာယစ်ဇာမှာ တနေ့တခြား ပိန်ချုံးလာသည်။ မျက်ကွင်းကြီးတွေက ညိုမည်းလာသည်။ မျက်လုံး ကြည့်ပုံကလည်း ခပ်ငေးငေး။ အမူအရာကလည်း လေးလေးကွေးကွေး။ ညနေပိုင်း လူးကစ် အပြင် သို့ ထွက်သွားလျှင် ကလင်းကော့ကို အရက်ဝယ်ခိုင်းတတ်သည်။ တခွက်ပြီးတခွက် မူးအောင် သောက်တတ်သည်။ အရက်ကလေး ထွေလာပြီဆိုလျှင် စကားတွေ များလာတော့သည်။ ထို့နောက် အကျီကြယ်သီးတွေကို တလုံးပြီးတလုံး ဖြုတ်ပစ်တော့သည်။ အဝတ်အစား ကပိုကရိုဖြင့် ပက်လက် ကုလားထိုင်ပေါ်တွင်

ခြေပစ်လက်ပစ် ဖြစ်နေသည်။ နယ်ပြီးသား ဂျုံလုံးတလုံးကို ပစ်တင်ထားသည်နှင့်ပင် တူတော့သည်။

ရာယစ်ဇာက ခေါင်းကို သွက်သွက်ခါအောင် ယမ်းရင်း

"အစ်မ သိပ်ငြီးငွေ့တယ်ကွယ်။ မင်းက ဒီထက် ရုပ်ချောပြီး သည့်ထက်အသက်ကြီးရင်လည်း အကောင်းသား။ ခုတော့ မင်းကလည်း အစ်မအဖို့ဘာမှအဖော်မရ"

ကလင်းကော့က ခေါင်းငိုက်စိုက်ချ၍ နားထောင်နေသည်။ အထင်သေးခံရလေခြင်းဟု ရင်ထဲတွင် တနွံ့နွံ့ ဖြစ်နေသည်။

"ဘာဖြစ်လို့ ဒီလောက် ငိုင်တိုင်တိုင်ကြီး ဖြစ်နေရတာလဲဟင်။ တခြားကောင်လေးတွေ မင်းအရွယ် ရောက်ရင် ပိုးရပန်းရမှန်း သိကုန်ကြပြီ။ သူတို့ကြည့်ရတာ လန်းလန်းဆန်းဆန်း၊ မင့်မှာတော့"

တစ်ခါတရံ အရက်မူးပြီဆိုလျှင် ရာယစ်ဇာသည် သူ့ကို အနားသို့ ဆွဲခေါ်ကာ သူ့ခေါင်းက ဆံပင်တွေ ကို ဖွပေးတတ်သည်။ ရက်စိတ်၊ ကြောက်စိတ်၊ စူးစမ်းစိတ်စသည့် ခံစားချက်မျိုးစုံသည် သူ့ရင်ထဲ တွင် ရောထွေးပေါ်လာကြသည်။ ကလင်းကော့သည် မျက်လုံးများကို မှိတ်ရင်း အရက်ကင်းမဲ့သည့် သူ့လက်များ၏ တန်ခိုးအရှိန်အဝါကို အလျှော့ပေးထားလိုက်လေသည်။ ပျော့ညံ့သည့် သူ့စိတ်သည် မဖွယ်မရာ တစုံတခု ဖြစ်တော့မည်ကို အလိုလိုသိကာ ထိုနိမိတ်အောက်တွင် ကြေမွနေတော့သည်။

"သွားဟယ်၊ အိပ်ချည်တော့။ သွားတော့"

ရာယစ်ဇာက စိတ်မရှည်နိုင်ဟန်ဖြင့် သူ့ကို တွန်းလွှတ်လိုက်သည်။ ကလင်းကော့သည် သူအိပ်သည့် အိမ်ရှေ့ခန်းလေးထဲသို့ ထွက်လာခဲ့သည်။ သို့ဖြင့် ကလင်းကော့သည် ရာယစ်ဇာနှင့် ခပ်ကင်းကင်း ဖြစ်အောင် နေသည်။ အမျိုးအမည်မဖော်ပြတတ်သည့် သူ့ခံစားချက်သည်လည်း တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

သို့ရာတွင် မိုးမှောင်ကြီးကျ၍ မိုးတွေ သဲသဲမဲမဲရွာသည့် တညတွင် ရာယစ်ဇာသည် လူပျိုပေါက် ကလင်းကော့ထံမှ သူတောင့်တနေသည့်အရာကို အမိအရ ယူလိုက်လေသည်။

"မောင်လေးဟာ အစ်မရဲ့ချစ်သူဖြစ်ပြီနော်။ ကြည့်စမ်း၊ ဘယ်လောက်ပျော်စရာကောင်းသလဲ၊ ဟင်"

ကလင်းကျော့သည် အသက်ကိုပင် မှန်မှန်မရှူနိုင်ဘဲ ခုတင်ဘေးတွင် ရပ်နေသည်။ သူ့ဒူးက တဆတ်ဆတ်တုန်နေသည်။ နှလုံးက တဒိတ်ဒိတ် ခုန်နေသည်။ ဖွံ့ထွားအိစက်သည့် ခန္ဓာကိုယ်ကို လည်းကောင်း၊ ဝိုင်းစက်၍ ပြုံးပြုံးကြီးဖြစ်နေသည့် မျက်နှာကိုလည်းကောင်း ငုံ့၍ ကြည့်နေမိသည်။ ရက်ကြောက်ခြင်းလည်း မဖြစ်တော့။ တစုံတခုကို ဆုံးရှုံးလေပြီဟူသောအသိသည် သူ့ကို ကြီးစိုးလျက် ရှိ၏။ ဒေါသလည်း ထွက်နေသည်။ ဘာ့ကြောင့်မှန်းမသိ။ ငိုပစ်လိုက်ချင်သည်။ ဤအမျိုးသမီးသည် မိမိနှင့် မည်သို့မျှ သွေးသားမစပ်၊ မည်သို့မျှ ဆက်သွယ်ခြင်းမရှိ၊ မလိုလားအပ်သူ၊ အလိုမရှိအပ်သူဟု သူ့စိတ်တွင် အလိုလိုထင်လာသည်။ သူ့အပေါ်တွင် ထားခဲ့သည့် စေတနာ၊ သူ့အပေါ်တွင် ရှိခဲ့သော နူးညံ့သည့် တိမ်းညွတ်မှု ဟူသမျှတို့ကို ရမ္မက်ကြီးသည့် သူ့ခန္ဓာကိုယ်က ဝါးမျိုပစ်လိုက်ပြီ။ ထိုစေတနာ၊ ထိုတိမ်းညွတ်မှုတို့သည် ရွံ့အိုင်ထဲသို့ ကျသွားသည့် အကြွင်း မိုးစက်တစက်ပမာ အစတုံး ပျောက်ကွယ်သွားခဲ့ပြီ။

"မောင်လေးနဲ့ အစ်မ ဒီလိုပဲ ချစ်နေမယ်နော်။ ဟို လူးကစ်ဆိုတဲ့ ဝက်ကြီး ဆွေ့ဆွေ့ ခုန်နေအောင်ကို လုပ်လိုက်မယ်၊ လာပါ၊ အစ်မအနားကို တိုးစမ်းပါဦး"

ကလင်းကျော့ ငြင်းပယ်ခြင်းငှာ မစွမ်း။ သို့ရာတွင် ရာယစ်ဇာကို စက်ဆုပ်သည့်စိတ်သည် ပျောက်ကွယ်မသွား။ ရာယစ်ဇာသည် ကစားစရာ အရုပ်ကလေးတခုနှင့် ကစားသလို ကလင်းကျော့ နှင့် ကစားသည်။ ညစ်ညမ်းစွာ ရယ်သည်။ ထို့နောက် သူကစား၍ အားရသည့်အခါတွင် ကြုံလှီသည့် ကလင်းကျော့၏ခန္ဓာကိုယ်ကို တွန်းပစ်လိုက်ပြီး သူ့ကို ကျိန်ဆဲသည်။ ထို့နောက် အပြင်သို့ ထွက်သွား သည်။

"ဒီမိန်းမဟာ ငါ့ကို ဖျက်ဆီးတော့မယ်။ သူ့ခန္ဓာကိုယ် ဗန်းပြပြီး အနိုင်ယူတော့မယ်။ ငါ့ဘဝဆုံးပြီ" ဟု တယောက်တည်း တွေးကျန်ရစ်ခဲ့သည်။

ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်သည်။ ရုပ်ဒြပ်မဲ့သည့် ကြောက်ဖွယ် တစုံတရာသည် အမှောင်ထဲ တွင် လှုပ်ရှားနေသည်ဟု ထင်ရ၏။ ထိုအရာသည် ငိုကြွေးကာ အမင်္ဂလာ အူသံကြီးဖြင့် ပြတင်းပေါက် ကို လာ၍ တိုးဝှေ့ပြီး နံရံကိုကုတ်ခြစ်နေသည့်နှယ် ထင်ရ၏။ အမိုးပေါ်သို့ ခုန်တက်ကာ ညည်းသံကြီး နှင့်အတူ လမ်းပေါ်သို့ ကျသွားသည်။

"ငါ့အဘိုးကြီးကို သူ ခေါင်းအုံးနဲ့ဖိသတ်တာကို ဖွင့်ပြောလိုက်ရရင် ကောင်းမလား" ဟု တွေးမိသည်။ သို့ တွေးလိုက်သည်နှင့် ထိတ်လန့်တုန် လှုပ်သွားသည်။ သို့ရာတွင် ထိုအတွေးသည် သူ့ခေါင်းထဲမှ တော်တော်နှင့် မထွက်။

"ငါ့ကို တနည်းနည်းတော့ ပျက်စီးအောင် လုပ်တော့မှာပဲ" ဟု သူ့ဘာသာသူ တွေးသည်။

နောက်တနေ့မနက်ရောက်တော့ ရာယစ်ဇာကို ကြည့်ရသည်မှာ ဘာမျှ ဣန္ဒြေမပျက်။ မနေ့ညက ဘာမျှမဖြစ်ခဲ့သည့်နှယ်။ ခါတိုင်းလိုပင် သူ့ဖို့ နံနက်စာယူလာသည်။ မနေ့ညက အမူးလွန်သွားသဖြင့် ခါတိုင်းလို သုန်သုန်မှုန်မှုန်။ သူတို့နှစ်ယောက်ကြားက အဖြစ်အပျက်ကို နှုတ်မှလည်း မပြော၊ ကိုယ်အမူအရာဖြင့်လည်း မပြ။

နည်းနည်း စိတ်သက်သာသလိုရှိသည်။ ရုံးသို့ ထွက်ခဲ့၏။ ထိုနေ့မှစ၍ အိမ်သို့ စောစောမပြန်တော့။ ရုံးတွင် မိုးချုပ်အောင်နေသည်။ အိမ်သို့ နောက်ကျနိုင်သမျှ နောက်ကျရောက်အောင် ခြေကျင် လျှောက်ပြန်သည်။ ဤမိန်းမနှင့် နှစ်ယောက်တည်း ကြာကြာနေ၍မဖြစ်။ သူ့ကိုလည်း စကား ကောင်းကောင်း မပြောရဲ။ တနေ့ညက အဖြစ်အပျက်တွေကို ပြန်ပြောလျှင် သူ့စိတ်ကူးကလေးတွေ ပျက်သွားမည်စိုးသည်။ ကလင်းကော့သည် စိတ်ခါတ်ပျော့ညံ့သူပီပီ စိတ်ကူးယဉ်ရသည်ကို နှစ်သက် သည်။

ဇာရူဗင်နှင့် ကလင်းကော့၏ အထက်လူကြီး အိုင်ဗင်နိုဗစ်သည် ညဆိုလျှင် ရုံးတွင် အမြဲလိုလို ရှိတတ် သည်။ အိုင်ဗင်နိုဗစ်မှာ မုတ်ဆိတ်မွေးဖြူဖြူ၊ ကွယ်ရာတွင် သူ့ကို အဘိုးကြီးဟု ခေါ်ကြ၏။ ပြောင်တင်းနေသည့် သူ့မျက်နှာပေါ်တွင် နီမြန်းသည့် သွေးကြောမျှင်တွေ ယှက်သန်းနေသည်။ အနီးကပ်ကြည့်လျှင် သစ်ကိုင်းသေးသေးကလေးတွေ သူ့မျက်နှာပေါ်တွင် ယှက်တင်ထားသည်နှင့် တူပြီး အဝေးကြည့်လျှင် သူ့မျက်နှာသည် နှင်းဆီရောင် သန်းလျက်ရှိ၏။ ပြုံးရယ်ခြင်းမရှိသည့် သူ့မျက်လုံးများသည် ထူထဲသော မျက်ခုံးမွေးများနှင့် တွဲကျနေသော မျက်ခွံများအောက်မှာ တလက်လက် တောက်နေကြသည်။ စီးကရက်ကို မပြတ်သောက်ပြီး စကားပြောလျှင်လည်း ခပ်ဝါးဝါး ပြောတတ်သည်။ ဖြူဖွေးနေသည့် သူ့ခေါင်းပတ်ပတ်လည်တွင် မီးခိုးလုံးကြီးတွေ ရစ်ဝဲ နေတတ်သည်။

“အဘိုးကြီးက သူ့ကိုယ်သူ တော်တော်အထင်ကြီးပုံရတယ်” ဟု တခါက ဇာရူဗင်က ပြောဖူးသည်။

“အဘိုးကြီးက ခေါင်းသိပ်မကောင်းဘူး စိတ္တဇဆေးရုံမှာ တနှစ်လောက် တက်ခဲ့ဖူးတယ်”

ဆံပင်နက်နက်၊ လူပုံခပ်ညှက်ညှက်ဖြင့် ဇာရူဗင်က ပြောသည်။ တစ်ခါတရံတွင် အဘိုးကြီးသည် အိတ်ထဲမှ အိတ်ထောင်အရွယ် စာအုပ်သေးသေးကလေးကိုထုတ်ကာ မျက်နှာနှင့်ကပ်၍ ဖတ်နေ တတ်သည်။ နှုတ်ခမ်းမွေးများ လှုပ်နေသဖြင့် ပါးစပ်က အသံထွက်ဖတ်နေခြင်းဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

“ဘာလဲဗျ။ ဘုရားစာအုပ်လား”

"ဟင့်အင်း၊ ကျုပ်လည်းမသိဘူး"

ဇာရူဗင်၏ ညိုမှောင်သောမျက်နှာသည် အကြောဆွဲသဖြင့် ရှုံ့ရှုံ့သွား၏။ မျက်လုံးကျဉ်းကျဉ်းကလေး ကို ဖြဲကြည့်လိုက်ပြီး ကလင်းကော့နားနားသို့ ကပ်ကာ

"ခင်ဗျား မြာအိမ်ရောက်ဖူးသလား" ဟု မေးသည်။

"ဟင့်အင်း"

"ဘာဖြစ်လို့ မသွားတာလဲ"

"မသွားရဲလို့ပေါ့ဗျ"

ကလင်းကော့က ရှက်ရှက်ဖြင့် ဖြေသည်။

"အိုး၊ ရှော်တဲ့လူပဲ၊ ကျုပ်နဲ့လိုက်ခဲ့။ ပိုက်ဆံတပြားမှ မကုန်စေရဘူး။ အရက်ဖိုးလောက်ပဲ ကုန်မယ်။ ပုလိပ်ဘက်ကလို့ ပြောလိုက်ရင် ပိုက်ဆံ မပေးရတော့ဘူး။ ကောင်မတွေက ပုလိပ်ဆိုရင် သိပ်ကြောက်တာ။ မီးကို သေနေတာပဲ"

ဇာရူဗင်က အသံကို ပို၍ နှိမ့်လိုက်ပြီး

"ကောင်မတွေက နှိပ်တယ်နော်။ ဖြူဖြူဖွေးဖွေး၊ အိအိစက်စက်ကြီးတွေ။ မွေ့ရာကြီးပေါ် တက်အိပ်ရ သလိုပဲ။ ဗျို့လူ၊ မှတ်ထား။ လောကမှာ မိန်းမဟာ အကောင်းဆုံးဗျ။ တချို့က ကိုယ့်အမေလိုပဲ။ ခေါင်းလေးပွတ်ပြီး ချော့တောင် သိပ်လိုက်သေးတယ်။ ဘယ်လောက် ဇိမ်ရှိသလဲ"

"ခင်ဗျားအမေကော"

"ရှိတယ်။ ဒါပေမဲ့ ကျုပ်က အဒေါ်နဲ့နေတယ်။ ကျုပ်အမေက စုန်းမတဲ့။ ခုတော့ အမဲသားသည် တယောက်နဲ့ နေတယ်။ ကျုပ်သွားရင် သူ့ယောကျ်ားက မကြိုက်ဘူး။ ဒါနဲ့ ကျုပ်လည်း မသွားတော့ ဘူး"

ကြွက်နားရွက်နှင့်တူသော ဇာရူဗင်၏ နားရွက်သေးသေးကလေးများသည် တုန်နေကြသည်။ မျက်လုံးသေးသေးကလေးများက အထက်သို့ ရောက်နေကြသည်။ နှုတ်ခမ်းမွေးတပင်ကို တုန်ယင် သည့် လက်ချောင်းများနှင့် ဆွဲရင်း

"ခင်ဗျားက အေးလွန်းတယ်။ ဘာဖြစ်လို့ ဒီလောက်အေးရတာလဲ။ သွက်သွက်လက်လက်၊ ရဲရဲတင်းတင်း ရှိမှပေါ့။ ခင်ဗျား အေးပုံမျိုးနဲ့ဆိုရင်တော့ ခင်ဗျားကို အလုပ်တွေ မနိုင်မနင်း သေလုအောင် ခိုင်းလိမ့်မယ်။ ကျုပ်လည်း

အစတုန်းကတော့ ကြောက်တာပဲ။ သူတို့ကလည်း ကြောက်အောင် ခြောက်တာကိုး။ ကဲ ကိုယ့်လူ၊ ဘာမှကြောက်မနေနဲ့။ ဒီနေ့ကစ ခင်ဗျားနဲ့ ကျုပ် ရာသက်ပန် မိတ်ဆွေတွေလို့ အောက်မေ့လိုက်ပေတော့”

ကလင်းကော့သည် ဇာရူဗင်ကို မနှစ်သက်။ သုတ်သီးသုတ်ပျာနိုင်သည့် သူ့ကိုကြည့်၍ စိတ်ပျက် သည်။ သို့ရာတွင် မပယ်လှန်နိုင်။

“ကောင်းပြီလေ” ဟု အလိုက်အထိုက် ဆိုမိသည်။

“ကြိုက်ပြီ၊ မနက်ဖြန်ဆိုရင် ကျုပ်တို့ မြာအိမ်သွားမယ် ဟုတ်လား၊ လိုက်မယ်နော်”

“ဟင့်အင်း၊ ကျုပ်မလိုက်ချင်ဘူး”

ထိုစဉ် အိုင်ဗင်နိုဗစ် ဝင်လာသည်ကို သူတို့နှစ်ယောက်စလုံး သတိမထားလိုက်မိကြ။

“ဟော့၊ ဘယ်သူနိုင်သလဲကွ”

“နိုင်ရအောင် ကျွန်တော်တို့ ရန်ဖြစ်နေကြတာမှ မဟုတ်ဘဲ”

ဇာရူဗင်က ခပ်မာမာဖြေသည်။

“တော်စမ်းပါဗျာ၊ မသိရင်ခက်မယ်။ ဟော့ ကလင်းကော့၊ မင်း ဒီကောင်ကို အလျှော့မပေးနဲ့နော်။ ကြားလား”

“ကြားပါတယ် ဆရာ”

ကလင်းကော့ မတ်တတ်ရပ်၍ ပြောသည်။

ကလင်းကော့သည် သူ့ဆရာကို ကြောက်လည်းကြောက်သည်။ လေးစားလည်း လေးစားသည်။ တနေ့တွင်မူ ကလင်းကော့သည် အရဲစွန့်၍

“ဆရာ”

“ဘာလဲ ”

“ကျွန်တော် မေးချင်တာလေးတခု ရှိလို့ပါ ဆရာ”

“ဆိုစမ်း”

“လူတွေဟာ ဘာဖြစ်လို့ ဒီဘဝမှာ ကျေနပ်နေကြတာလဲလို့”

အဘိုးကြီးက မျက်ခုံးပင့်လိုက်ပြီး

"ဒါ မင်းနဲ့ဘာဆိုင်လို့တုံး"

ကလင်းကော့ လန့်သွားသည်။ မည်သို့ဖြေရမည် မသိ။ အဘိုးကြီးက အိတ်ကတ်ထဲမှ စာအုပ်ကလေးကို ဆွဲထုတ်လိုက်သည်။

"ဒါ သမ္မာကျမ်းစာသစ်။ မင်း ဖတ်ဖူးသလား"

"မဖတ်ဖူးဘူးခင်ဗျ"

"ရှာပြီးဖတ်ကြည့်စမ်း၊ ဒီစာအုပ်ကို ငါဖတ်နေတာ သုံးနှစ်ရှိပြီ၊ ငါလည်းနားမလည်ဘူး၊ ဘယ်သူမှ လည်း နားလည်မှာမဟုတ်ဘူး၊ ဒီစာအုပ်က ကလေးတွေအတွက ်စိတ်နှလုံးစင်ကြယ်သူတွေအတွက်"

သူ့စကားလုံးများကြောင့် ကလင်းကော့ အားတက်သွားသည်။ မေးခွန်းတွေ နောက်ထပ် မေးချင် သော်လည်း မည်သို့မေးရမည်မသိ။ အဘိုးကြီးက စီးကရက်တလိပ်ကို ထုတ်သောက်နေသည်။ မီးခိုးများသည် သူ့ကို ဖုံးနေသည်။ အနားတွင် ကလင်းကော့ ရှိနေသည်ကို သတိရဟန် မတူတော့။ ကလင်းကော့သည် အဘိုးကြီးကို ခင်မင်စပြုလာသည်။ သို့ရာတွင် ဇာရူဗင်ကမူ သူနှင့်မတူ။

"ဗျို့ ကလင်းကော့၊ လုံခြုံရေးဌာနမှာ နိုင်ငံရေးဘက်က စုံထောက်ဖြစ်အောင်လုပ်။ ဒီဘက်ကမှ ဇိမ်ကျတာ"

ကလင်းကော့က ငြိမ်နေသည်။ နိုင်ငံရေးစုံထောက်၏ မျက်လုံးများက ခက်ထန်တင်းမာသည်။ သူတို့ဘဝက မည်းမှောင်သည်။ သူတို့အလုပ်ကလည်း မှောင်မိုက်သည်။ သူတို့ပတ်ဝန်းကျင်က လျှို့ဝှက်ဆန်းကြယ်သည်။ ကလင်းကော့သည် သူတို့ကိုမြင်လျှင် ကြောက်နေတတ်သည်။

ကလင်းကော့တို့အိမ်တွင် ပြဿနာတခု ပေါ်လာသည်။ တညဥ့် လူးကစ်သည် မိုးချုပ်မှ အိမ်သို့ ပြန်လာသည်။ အဝတ်အစားတွေက စုတ်ပြတ်လျက်။ ဦးထုပ်လည်း မပါ။ တုတ်ကောက်လည်း မပါ။ မျက်နှာတွင် ပွန်းပဲ့လျက်၊ သွေးတွေပေနေသည်။ သူ့ခန္ဓာကိုယ်ကြီးသည် တုန်နေသည်။ မျက်ရည်များ က ပါးဖောင်းဖောင်းကြီးပေါ်သို့ စီးကျနေကြသည်။

"ဒီမှာ ဆက်နေလို့ မဖြစ်တော့ဘူး။ တနေရာရာကို ပြောင်းမှဖြစ်မယ်။ တမြို့မြို့ကို ပြောင်းမယ်။ တမြို့မြို့ကို ပြောင်းမှဖြစ်မယ်" ဟု ငိုသံပါကြီးနှင့် ပြောသည်။

ရာယစ်ဇာက အရက်နှင့်ရေစပ်ပြီး မျက်နှာသုတ်ပဝါဖြင့် မျက်နှာကို ပွတ်သပ်ဆေးကြောပေးသည်။ လူးကစ်သည် ကိုယ်ကို တွန့်လိမ်ပြီး ညည်းနေသည်။

"ဖြည်းဖြည်းလုပ်ပါဟ၊ သေရရော့ပေါ့။ ခွေးသားတွေ ငါ့ကို ဝိုင်းရိုက်လိုက်ကြတယ်။ အမယ်လေး၊ ဖြည်းဖြည်း"

ကလင်းကော့က သူ့ခြေထောက်က ဖိနပ်ကို ချွတ်ပေးသည်။ လူးကစ်၏ဒဏ်ရာများကို ကြည့်၍ လည်းကောင်း၊ မျက်ရည်တွေကို ကြည့်၍လည်းကောင်း၊ ညည်းသံများကို နားထောင်၍ လည်းကောင်း ကျိတ်၍ ဝမ်းသာနေသည်။

"ဘယ်သူတွေက ရိုက်လွှတ်လိုက်တာလဲ"

လူးကစ်ကို အိပ်ရာပေါ်သို့ တွဲပို့ရင်း ရာယစ်ဇာက မေးသည်။

"ငါ့နောက်ကို မြို့စွန်အထိ လိုက်လာတယ်၊ မဖြစ်ဘူး၊ ဒီမှာဆက်နေလို့ မဖြစ်ဘူး၊ တခြားကို ပြောင်းပေးဖို့ လျှောက်မှဖြစ်မယ်၊ ဒီမှာဆက်နေရင် ငါ သေလိမ့်မယ်"

ကလင်းတော့ သူ့အခန်းထဲသို့ ပြန်လာသည့်အခါတွင် သူတို့နှစ်ယောက် ငြင်းခုံနေသံကို ကြားနေရ သည်။

"ရှင် ပြောင်းချင်ပြောင်း၊ ကျွန်မတော့ မလိုက်ဘူး"

"ရှင်ပြောင်းချင်ရင် ပြောင်းပေါ့။ ကျွန်မတော့ မလိုက်ဘူး"

အမျိုးသမီးအသံက ခါတိုင်းနှင့်မတူ။ ခပ်ပြတ်ပြတ်၊ ခပ်မာမာ။

"သောက်စကားမများနဲ့။ ငါပြောတာ နားထောင်။ နင်မလိုက်ရင် လိုက်အောင်လုပ်မှာပေါ့"

မနက်လင်းတော့ ရာယစ်ဇာ၏မျက်နှာက တင်းမာနေသည်။ လူးကစ်က စိတ်ဆိုးနေသည်။ ဤသည်ကိုထောက်လျှင် သူတို့နှစ်ယောက် အဆင်မပြေကြသေးကြောင်း သိနိုင်သည်။ နေ့လယ် လက်ဖက်ရည်သောက်တော့ သူတို့နှစ်ယောက် ရန်ဖြစ်ကြပြန်သည်။ လူးကစ်က ဆဲသည့်ရော၊ ဆူသည့်ရော လုပ်သည်။ ပြာနှမ်းရောင်ကိုင်းနေသည့် သူ့မျက်နှာကြီးက ကြောက်စရာ ကောင်းနေသည်။ လက်ယာဘက်လက်ကို ပတ်တီးဖြင့် သိုင်း၍ ချည်ထားသည်။ လက်ဝဲဘက်လက်ဖြင့် ရာယစ်ဇာကို ရိုက်မည်ပြုသည်။ ရာယစ်ဇာ မှုန်မှိုင်းသည့်မျက်လုံးများဖြင့် သူ့လက်ကြီး ဝဲလာသည်ကို ကြည့်နေသည်။ "မလိုက်ဘူး၊ ဘယ်တော့မှမလိုက်ဘူး" ဟုလည်း ပါးစပ်က အော်နေသည်။

"ဘာဖြစ်လို့ မလိုက်ရမှာလဲ"

"မလိုက်ချင်လို့ပေါ့"

"မရဘူး၊ လိုက်ရမယ်"

"မလိုက်ဘူး။ ဘယ်တော့မှ မလိုက်ဘူး"

"မလိုက်ရင် သိကြရော့ပေါ့။ နင် ဘာကောင်မလဲဆိုတာ နင့်ကိုယ်နင် ပြန်စဉ်းစားဦး။ နင် ဘဝ မေ့နေပြီလား"

"ဘယ်လိုကောင်မဖြစ်ဖြစ်၊ မလိုက်ဘူးဆို မလိုက်ဘူးပဲ"

နေ့လယ် လက်ဖက်ရည်သောက်ပြီးသည့်အခါတွင် လူးကစ်သည် မျက်နှာထိအောင် လည်ပတ် ပတ်ပြီးနောက် တနေရာသို့ ထွက်သွား၏။ ရာယစ်ဇာက ကလင်းကော့ကို ခေါ်ပြီး အရက် ဝယ်ခိုင်းသည်။ ကလင်းကော့က အရက်တလုံးနှင့် အဖျော်ယမကာတလုံးကို ဝယ်လာသည့်အခါတွင် ရာယစ်ဇာသည် ဖန်ခွက်တခွက်တွင်စပ်ပြီး အကုန်သောက်ချလိုက်သည်။ မျက်လုံးကိုမှိတ်ပြီး အတန်ကြာအောင် ရပ်နေသည်။ "သောက်ဦးမလား" ပုလင်းကို မေးငေါ့ပြသည်။ "မောင်လေး သောက်ပါဦးလား။ ဒီအရွယ်ရောက်ရင် နည်းနည်းတော့ သောက်မှပေါ့"

ကလင်းကော့သည် သူ့ရင်အုံကို စိုက်ကြည့်နေမိသည်။ သေးငယ်သည့် ပါးစပ်နှင့် မှုန်မှိုင်းရီဝေသော မျက်လုံးများကို ငေးကြည့်နေမိသည်။ သူ့ရင်ထဲတွင် ရာယစ်ဇာကို သနားသလို ဖြစ်နေသည်။

"အင်း၊ မောင်လေးက လူကောင်းသူကောင်း သန့်သန့်ရှင်းရှင်းဆိုရင်လည်း

အကောင်းသား”

ရာယစ်ဇာ၏ နှုတ်ခမ်းများသည် တွန့်နေကြသည်။ ဖန်ခွက်ထဲသို့ အရက်ထပ်ငှဲ့လိုက်ရင်း ကလင်းကော့ကို လှမ်းပေးလိုက်သည်။

“သောက်လေ”

ကလင်းကော့က ခေါင်းယမ်းပြသည်။ ရာယစ်ဇာက ရယ်လိုက်၏။

“မင်း တော်တော်သတ္တိနည်းတာပဲ။ မင်းဘဝကလည်း မလွယ်ပါဘူးကွယ်။ အစ်မ သိပါတယ်။ ဒါပေမဲ့ မင်း ဘာရည်ရွယ်ချက်နဲ့ အသက်ရှင်နေသလဲဆိုတာကိုတော့ အစ်မ နားမလည်ဘူး။ ဘာရည်ရွယ်ချက်နဲ့ အသက်ရှင်နေတာလဲဟင်”

“ဒီလိုပါပဲ၊ ဘာရည်ရွယ်ချက်မှ မရှိပါဘူး။ ဘာရည်ရွယ်ချက်မျိုး ရှိရဦးမှာလဲ”

ရာယစ်ဇာက သူ့ကို စိုက်ကြည့်နေသည်။

“အစ်မထင်တာကတော့ တနေ့မှာ မင်းဟာ မင်းကိုယ်မင်း သတ်သေလိမ့်မယ်လို့ ထင်တာပဲ”

ကလင်းကော့သည် သူ့စကားကြောင့် စိတ်ပျက်သွားကာ သက်ပြင်းချလိုက်သည်။ ထို့နောက် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ရာယစ်ဇာက အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ မှန်ရှေ့တွင် သူ့မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ပြည့်ဖြိုး ဖြူဖွေးသည့် သူ့လည်တိုင်ကို လက်ဖြင့် စမ်းကြည့် သည်။ သူ့ပခုံးများသည် တသိမ့်သိမ့် တုန်နေကြသည်။ ထို့နောက် တင်ပါးများကို လှုပ်ယမ်းကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြန်သည်။ ပါးစပ်ကို မဖွင့်ဘဲ လည်ချောင်းသံဖြင့် သီချင်းတပုဒ်ကို ညည်းနေသည်။ သူ့အသံသည် သွားကိုက်သူညည်းသံလို ဖြစ်နေသည်။

စားပွဲပေါ်က အစိမ်းရောင် စလောင်းအုပ်ထားသည့် မီးရောင်က ခပ်လဲ့လဲ့။ ဝိုင်းစက်သော လမင်းကို ပြတင်းပေါက်မြင်ရသည်။ လရောင်ကလည်း စိမ်းနေသည်။ အခန်းထဲက အရိပ်များလိုပင် လဝန်း သည်လည်း လှုပ်ရှားခြင်း မရှိ။ အတိတ်နိမိတ်ဆိုးကို ပြနေသယောင်ယောင်။

“ကျွန်တော် အိပ်တော့မယ်” ကလင်းကော့က ကုလားထိုင်မှ ထလိုက်၏။ ရာယစ်ဇာက ဘာမျှလည်း မပြော၊ လှည့်လည်းမကြည့်။

“ကျွန်တော် အိပ်တော့မယ်နော်”

ကလင်းကော့က သူ့အခန်းဆီသို့ လှည့်လိုက်သည်။

“အိပ်ပေါ့။ မင်းကို ဘယ်သူက တားနေလို့လဲ”

ရာယစ်ဇာသည် သူ့ဘဝကို သူ နာကြည်းနေပုံရသည်။ သူ့ကို အားပေးစကားလေး တခွန်းနှစ်ခွန်း လောက် ပြောလိုက်ချင်သည်။

“ကျွန်တော် ဘာလုပ်ပေးရဦးမလဲဟင်”

ကလင်းကော့က တံခါးဝတွင်ရပ်၍ မေးလိုက်သည်။

“မလိုပါဘူး။ အပိုတွေ ပြောမနေစမ်းပါနဲ့”

ရာယစ်ဇာက အိပ်ချင်သဖြင့် ရီဝေနေသည့် မျက်လုံးများဖြင့် စိုက်ကြည့်ရင်းပြောသည်။

ရာယစ်ဇာသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်မြဲ လျှောက်နေသည်။ သူ့အဝတ်သံက တရှမ်းရှမ်း မြည်နေသည်။ ပုလင်းချင်း ထိသံက တချွင်ချွင် မြည်နေသည်။ ချောင်းကလည်း တဟွပ်ဟွပ် ဆိုးနေသည်။

“တနေ့မှာ မင်းကိုယ်မင်း သတ်သေမှာ” ဆိုသည့် သူ့စကားများသည် ကလင်းကော့၏ နားထဲတွင် စွဲနေသည်။

ညဥ့်သန်းခေါင်လောက်အရောက်တွင် လူးကစ်ရောက်လာကာ ကလင်းကော့ကို အတင်းလှုပ်နှိုးပြီး “ဟေ့ကောင်၊ ရာယစ်ဇာ ဘယ်သွားသလဲဟင်၊ ဘယ်ထွက်သွားသလဲ” ဟု မေး၏။

လူးကစ်သည် တဖက်အခန်းသို့ ကူးသွားကာ လိုက်ရှာနေသည်။ ထို့နောက် သူ့အခန်းထဲသို့ ခေါင်းပြူ ဝင်လာပြန်ကာ

“တညလုံး သူ ဘာလုပ်နေသလဲ"

“ဘာမှမလုပ်ပါဘူး”

“အရက်တွေကော သောက်သေးသလား"

“သောက်တယ်”

“အလကားကောင်၊ ဘာမှ သောက်သုံးမကျဘူး”

လူးကစ်သည် သူ့နားရွက်ကို လိမ်ဆွဲပြီး ထွက်သွား၏။ မီးခွက်က တဖျစ်ဖျစ် အသံမြည်နေသည်။ လူးကစ်သည် တယောက်တည်း ဆဲဆိုရေရွတ်ရင်း မီးခြစ်ခြစ်နေသည်။ မီးတောက်သည် အမှောင်ထဲ တွင် ဟုတ်ခနဲ တောက်လာပြီး ပြန်ငြိမ်းသွားသည်။ ခဏကြာတော့ အလင်းရောင်တန်းတခု သူ့အခန်းဘက်သို့ ဖြာကျလာသည်။ မီးရောင်သည် တစုံတရာကို ရှာဖွေနေသကဲ့သို့ ယိမ်းလှုပ်လျက် ရှိ၏။ လူးကစ်သည် လက်က မီးအိမ်ကိုကိုင်ရင်း အခန်းထဲသို့ ဝင်လာလေသည်။ မျက်လုံးတဖက်က ရောင်နေသဖြင့် ပိတ်နေသည်။ အကောင်းပကတိ ကျန်နေသည့် မျက်လုံးတဖက်က အခန်း ပတ်ပတ်လည်ကို ရွေ့လျားကာ တစုံတရာကို ရှာလျက်ရှိ၏။ ခဏကြာတော့ သူ့မျက်လုံးသည် ကလင်းကော့၏ မျက်နှာပေါ်သို့ ရောက်လာ၏။

"ရာယစ်ဇာ ဘာပြောသေးသလဲ"

"ဘာမှမပြောပါဘူး"

"အလကားကောင်

ကလင်းကော့က အိပ်ရာမှ ထထိုင်မည်ပြုသည်။

"နေ နေ၊ မထိုင်နဲ့"

လူးကစ်က ခုတင်ခြေရင်းတွင် ထိုင်လိုက်သည်။

"နောင်နှစ်လောက်ဆိုရင် မင့်ကို လုံခြုံရေးဌာနကို သွင်းပေးမယ် သိလား။ အဲဒီဘက် လခလည်း ကောင်းတယ်"

သူ့အသံသည် ထူးထူးခြားခြား ချိုသာနေသည်။

"ကောင်းဆို အကောင်းကြီးတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ မင်း အလုပ်ကြိုးစားရင် ဆုငွေတွေဘာတွေ ကောင်းကောင်းရမယ်။ သည့်ထက်လည်း အာဏာပိုရှိလာမယ်။ နေစမ်းပါဦးကွ၊ ရာယစ်ဇာက မလှဘူးလား ဟင်"

"လှတယ်"

လူးကစ်က ထူးဆန်းစွာ ပြုံးလိုက်သည်။ ထို့နောက် ခေါင်းတွင် စည်းထားသည့် ပတ်တီးကို ကိုင်နေ သည်။

"အင်း၊ မိန်းမ မိန်းမ၊ မိန်းမ၊ သောက်လေ သောက်လေ ဝတ်မပြေဆိုတဲ့ စကားလိုပေါ့၊ မိန်းမကို ဘယ်တော့မှ ငြီးငွေ့လို့မရဘူး။ မိန်းမဟာ မကောင်းမှုဒုစရိုက်ရဲ့မိခင်၊ ဖြားယောင်းသွေးဆောင်မှု အပေါင်းတို့ရဲ့ မိခင်၊

နေစမ်းပါဦး၊ သူ ဘယ်သွားတယ်ထင်သလဲ"

"ကျွန်တော်လည်း မသိဘူး"

ကလင်းကော့က ခပ်တိုးတိုးဖြေသည်။ ဖြေရင်းလည်း စိမ့်၍ ကြောက်လာသည်။

"သူ့မှာ ရည်းစားမရှိသေးဘူးကွ၊ သတိထားနော်၊ မိန်းမနဲ့ကျရင် ဘယ်တော့မှ အလျှင်မလိုနဲ့၊ လောမကြီးနဲ့၊ မိန်းမယူရတာဟာ သိပ်ပိုက်ဆံကုန်တယ်၊ ငါရခဲ့တဲ့ ပိုက်ဆံတွေဟာ နည်းသလား။ ဒါပေမဲ့ ကြည့်စမ်း၊ ခု ဘယ်ရောက်ကုန်ပြီလဲ"

သူ့ခန္ဓာကိုယ်ကြီးဟာ ဝဝဖိုင့်ဖိုင့်။ နည်းနည်းမျှ ကျက်သရေမရှိ။ သူ့ကိုယ်သည် ယိမ်းထိုးလျက်ရှိ၏။ သူ့ရှေ့တွင်ပင် ပြိုလဲကျကာ အပိုင်းအစတွေ ဖြစ်သွားတော့မည်လောဟု ထင်ရသည်။ ခြောက်ကပ် သည့် သူ့အသံက နည်းနည်းမှ နာပျော်ဖွယ်မကောင်း။ လက်ဝဲဘက်လက်က ခေါင်းနှင့် ရင်ဘတ်ကို တွန်းနေ၏။

"မိန်းမကြောင့် ငါ့မှာ အချိန်တွေလည်း ကုန်ခဲ့လှပြီ၊ မိန်းမနောက်ကို လိုက်ရတယ်ဆိုတာ အင်မတန် မောပြီး အင်မတန် အချိန်ကုန်တဲ့အလုပ်၊ ဒါပေမဲ့ ပျော်စရာကောင်းပုံကျတော့လည်း ဒီအလုပ်လောက် ပျော်စရာ ကောင်းတာ တခုမှမရှိဘူး၊ တချို့ကပြောတော့ ဖဲရိုက်တာက ပျော်စရာ ကောင်းသတဲ့။ ဒါပေမဲ့ ဘယ်ဖဲသမားကော မိန်းမနဲ့ ကင်းနိုင်လို့လဲ၊ တောပစ်ထွက်တာဟာ ပျော်စရာကောင်းတယ် ဆိုရင် ဘယ်မုဆိုးကော မိန်းမ မရှိဘဲ နေနိုင်သလဲ"

မနက်လင်းတော့ လူးကစ်သည် အဝတ်အစားပင် မလဲနိုင်ဘဲ ဆိုဖာပေါ်တွင် အိပ်ပျော်နေသည်ကို တွေ့ရသည်။ အခန်းထဲတွင် မီးခွက်က မငြိမ်းသေး။ အခန်းထဲတွင် မီးခိုးများနှင့် ရေနံဆီနံ့သည် ရောထွေးလျက်ရှိ၏။ လူးကစ်သည် ပါးစပ်ကြီးဟောင်းလောင်းဖြင့် အိပ်ပျော်လျက်ရှိ၏။ လက်တဖက် က ကြမ်းပြင်ပေါ်သို့ တွဲလောင်းကျရင်း တရှုးရှုး ဟောက်နေလေသည်။ စက်ဆုပ်ရွံမုန်းစရာလည်း ကောင်း၊ သနားဖို့လည်း ကောင်းလှ၏။ အရုဏ်လာစပြုပြီဖျော့တော့သည့် စတုရန်းပုံ ကောင်းကင်ကို မှန် ပြတင်းမှ မြင်ရသည်။ ယင်ကောင်တွေ အိပ်ရာမှ နိုးလာသဖြင့် အခန်းထဲတွင် တဝီဝီပျံနေကြ၏။ ရေနံဆီနံ့နှင့်အတူ အခန်းထဲတွင် မကောင်းသည့် အခြား အနံ့အသက်တွေလည်း ရောနေလေသည်။

ကလင်းကော့သည် မီးအိမ်ကို ငြိမ်းလိုက်ပြီး ခပ်သုတ်သုတ် မျက်နှာသစ်သည်၊ အဝတ်အစားလဲသည်။ ထို့နောက် ရုံးသို့ အစောကြီး ထွက်လာခဲ့သည်။

နေ့လယ်လောက်ရောက်သည့်အခါတွင် ဇာရှုဗင်က

"ဟေ့လူ ကလင်းကော့၊ ရာယစ်ဇာက ခင်ဗျားအဘိုးကြီးရဲ့မယားငယ်ဆို ဟုတ်လား" ဟု မေးသည်။

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"သူ့လည်ပင်းသူ ဓားနဲ့လှီးလို့ဆိုပါလား၊ ခင်ဗျား မသိဘူးလား"

ကလင်းကော့သည် ပျားတုပ်ခံလိုက်ရသည့်နှယ် ရုတ်တရက် ထ၍ ရပ်လိုက်၏။

"သူ့အိမ် မီးဖိုချောင်ထဲမှာ ဓားဒဏ်ရာတွေနဲ့ လဲနေသတဲ့၊ လာလေ သွားကြည့်ရအောင်"

"ဟင့်အင်း၊ မကြည့်ချင်ဘူးဗျာ"

ကလင်းကော့ ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။ ဇာရှုဗင်သည် စားပွဲတွေ၊ ကုလားထိုင်တွေ ကြားထဲမှ ဖြတ်ပြေးရင်း "ကျုပ်ပြောတယ် မဟုတ်လား၊ လူးကစ်ရဲ့မယားငယ်ပါလို့" ဟု အော်သွား သည်။ မယားငယ်ဆိုသည့် စကားလုံးကို အားရပါးရ မြိန်ရေရှက်ရေဖြင့် အော်သွား၏။

ကလင်းကော့သည် မျက်လုံးအကြောင်သားဖြင့် ငေးကြည့်နေမိသည်။ ဆံပင်တွေ ဖားလျားချထား သည့် ရာယစ်ဇာကို မျက်စိထဲတွင် မြင်ယောင်နေသည်။ မျက်နှာက စိမ်းပြာပြာ။ နှုတ်ခမ်းတို့က တင်းကျပ်စွာ စေ့ထားလျက်။ မျက်ကွင်းတို့က ညိုလျက်။ ရာယစ်ဇာ၏မျက်နှာကို မြင်ယောင်နေ သည်။ သူ့မျက်စိထဲမှ မောင်းထုတ်၍ မရတော့။

"မင်း လက်ဖက်ရည်သောက် မဆင်းတော့ဘူးလား"

သူ့ဆရာ အဘိုးကြီးက မေးသည်။

ရုံးထဲတွင် လူသူရှင်းလျက်ရှိ၏။ ကလင်းကော့က သက်ပြင်းရှိုက်ရင်း

"ကျွန်တော့်အိမ်ရှင်မိန်းမ သူ့ကိုယ်သူ သတ်သေလို့"

"ဟုတ်လား၊ ဒါဖြင့် တခြားပြောင်းနေပေါ့ကွ"

အဘိုးကြီးက အပြင်သို့ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။ ကလင်းကော့က ဖြုန်းခနဲ ထကာ

"ကျွန်တော့်ကို ခေါ်သွားပါ့လား"

"ဘယ်ကို ခေါ်သွားရမှာလဲ "

"ဆရာကြီးနဲ့ အတူတူ"

"အတူတူဆိုတာ ဘယ်ကိုလဲ"

"ဆရာကြီးရဲ့ အခန်းကိုပေါ့၊ ကျွန်တော် ဆရာကြီးနဲ့ အတူတူလိုက်နေမယ်"

"လာကွာ၊ နောက်မှပြောတာပေါ့၊ လက်ဖက်ရည်လေးဘာလေး သောက်လိုက်ကြဦးစို့"

လက်ဖက်ရည်ဆိုင်ထဲတွင် ကနေရီငှက်တကောင်သည် စူးစူးဝါးဝါး အော်မြည်လျက်ရှိ၏။ အဘိုးကြီး က စကားတခွန်းမျှမပြောဘဲ အာလူးကြော်များကို ဝါးနေသည်။ ကလင်းကော့၏မျက်နှာကို စူးစိုက်၍ ကြည့်နေသည်။

"ဒီလိုဆို မင်း ငါနဲ့နေမယ်ပေါ့၊ နေချင်တယ်ဆိုရင်လည်း လာနေလှည့်လေ"

ထိုစကားများကို ကြားလိုက်သည့်ခဏ၌ ကလင်းကော့ အပျော်ကြီးပျော်သည်။ ထိုစကားလုံးများ သည် သူ့ကို အားကိုးရာရစေ၏။ သက်သာရာရစေ၏။ ကလင်းကော့က အားတက်လာကာ ကျေးဇူးတင်လွန်းသဖြင့်

"ကျေးဇူးပါပဲ ဆရာကြီးရယ်၊ ဆရာကြီးရဲ့ ဖိနပ်ကို တိုက်ဆိုရင်လည်း တိုက်ပေးပါ့မယ်"

အဘိုးကြီးက စားပွဲအောက်မှ သူ့ကို ခြေထောက်ဖြင့် လှမ်းတို့လိုက်ရင်း

"ဒီလောက်တောင် လုပ်ပေးဖို့ မလိုပါဘူးကွာ၊ နေစမ်းပါဦး၊ မင်းအိမ်ရှင် အမျိုးသမီးက ဘယ်လိုလဲ၊ ကောင်းရဲ့လား"

အဘိုးကြီး၏ မျက်လုံးများက သူ့ကို စိုက်ကြည့်နေကြသည်။

"ဒါတော့ ကျွန်တော်လည်း မသိဘူး"

ကလင်းကော့က ခေါင်းကို အောက်သို့ ငုံ့ထားလိုက်သည်။ လိမ်ပြောခဲ့ပေါင်း များလှပြီဟု ပထမဆုံး အကြိမ် သဘောပေါက်လာသည်။

"တကယ်မသိဘူးလား"

"တကယ်ပါ၊ ကျွန်တော် ဘာမှမသိပါဘူး၊ ဒါပေမဲ့ သူ့နေပုံထိုင်ပုံတွေကိုတော့ ကျွန်တော် မြင်တာပေါ့ လေ။ ဒါပေမဲ့ ကျွန်တော် ဘာမှန်းမှ မသိဘူး။

နေတာထိုင်တာကိုလည်း နားမလည်ဘူး။ ကျွန်တော်တို့ အဖို့ ဒီထက် သာယာကောင်းမွန်တဲ့ဘဝတခု ရှိမှာပဲလို့တော့ ထင်တာပဲ”

“နောက်ဘဝတခု ဟုတ်လား၊ နောက်ဘဝတခု ဟုတ်လား”

“ဟုတ်တယ်၊ ဘဝတခုတော့ ရှိရဦးမယ်”

အဘိုးကြီးက ပြုံးလိုက်၏။ ထို့နောက် ဇွန်းကို စားပွဲတွင် ခေါက်လိုက်ရင်း

“ဟော့၊ နောက်ထပ် ဘီယာတလုံး ပေးဦးဟော့၊ နောက်ဘဝတခု ရှိရမယ်တဲ့။ အင်း စဉ်းတော့ စဉ်းစားစရာပဲ”

“ကျွန်တော် ဆရာကြီးနဲ့ လိုက်နေပါရစေ၊ ဒီနေ့ ပြောင်းခဲ့ရမလား"

“သဘောပဲလေ”

အဘိုးကြီးက ဘီယာကို တိတ်ဆိတ်စွာ သောက်နေသည်။ ရုံးသို့ပြန်ရောက်သည့်အခါတွင် လူးကစ်ကို တွေ့ရသည်။ လက်မောင်းတွင် သိုင်းထားသည့် ပတ်တီးက လျော့ရိလျော့ရဲ။ မျက်လုံးတဖက်က သွေးတွေပေလျက်။ ကလင်းကော့ကိုမြင်လျှင် သူ့အနားသို့ ခပ်သုတ်သုတ် လျှောက်လာပြီး လေသံကလေးဖြင့်

“ဟော့၊ မင်း ရာယစ်ဇာအကြောင်း ကြားပြီးပြီလား၊ အရက်မူးလို့ ဒီလို ဖြစ်တာကွ”

“ကျွန်တော် အဲဒီမှာ မနေတော့ဘူး၊ ကျွန်တော့်ဆရာ အဘိုးကြီးနဲ့ လိုက်နေတော့မယ်”

လူးကစ်က စိတ်ပျက်လက်ပျက်ဖြင့် ဘေးကို လှမ်းကြည့်လိုက်ရင်း

“မင်းလည်း ကောင်းကောင်းသတိထားနေနော်၊ ဒီလူက ကောင်းကောင်း စိတ်ကောင်းတာ မဟုတ်ဘူး၊ သူ့ကို သနားလို့ အလုပ်က ဖြုတ်မပစ်သေးတာ။ တနေ့မှာ မင်းကို အန္တရာယ်ပေးလာ နိုင်တယ်၊ သူ့ကို ကောင်းကောင်း သတိထား၊ တွေ့ရာကို မပြောနဲ့ အပြောအဆို ဆင်ခြင်”

လူးကစ်သည် စိတ်ဆိုးမာန်ဆိုး ဖြစ်လိမ့်မည်ဟု ကလင်းကော့ထင်၏။ ကလင်းကော့သည် ခပ်တိုးတိုး ပြောနေသည့် လူးကစ်ကိုကြည့်၍ အံ့အားသင့်နေသည်။ သူပြောသည့် စကားများကိုလည်း နားစိုက် ထောင်နေမိသည်။

“ငါလည်း ဒီမြို့က သွားတော့မယ်၊ မင်းနဲ့ငါနဲ့ လမ်းခွဲကြပြီဆိုပါစို့၊

ငါ့အထက်ကလူကို မင်းအကြောင်း ကို ပြောထားခဲ့မယ်လေ၊ နောက် လစ်လပ်တဲ့နေရာပေါ်ရင် မင်းကို ခန့်မှာပေါ့ကွာ၊ မင်းပစ္စည်းတွေကို လည်း ဒီနေ့ အဲဒီအိမ်က ပြောင်းတော့၊ ကြားလား၊ ငါလည်း ဒီနေ့ပဲ ပြောင်းမှာပဲ၊ ရော့ မင်းဖို့ ငွေငါးကျပ်၊ လိုလိုမည်မည် သုံးရတာပေါ့ကွာ၊ စကားကို ဆင်ဆင်ခြင်ခြင်ပြော”

လူးကစ်သည် တတွတ်တွတ်နှင့် စကားတွေ ပြောနေ၏။ သူ့မျက်လုံးများက ဘေးပတ်ဝန်းကျင်ကို သက်ာမကင်းသလို ကြည့်နေသည်။ တံခါးပွင့်လာလျှင် ထွက်ပြေးတော့မည့်ဟန်။ ကုလားထိုင်မှ ရုတ်တရက် ထလိုက်သည်။ သူ့ထံမှ အနာထည့်သည့် ဆေးနံ့တမျိုး ထွက်နေသည်။ သူ့ခန္ဓာကိုယ် သည် ကြုံလှီသွားကာ ပို၍ အရပ်ပုဝင်သွားသည်ဟု ထင်ရသည်။ ထိုနှင့်အတူ သူ၏အရေးပါ အရာရောက်မှုသည်လည်း သေးငယ်သွားသည်ဟု ထင်ရ၏။

သူက လက်ကို ကလင်းကော့၏ ပခုံးပေါ်သို့ တင်လိုက်ပြီး

“ကဲ သွားမယ်ဟေ့၊ သတိဝီရိယနဲ့နေ၊ ဘယ်သူ့ကိုမှ မယုံနဲ့၊ အထူးသဖြင့် မိန်းမတွေကို မယုံနဲ့၊ ငွေပိုက်ဆံရဲ့တန်ဖိုးကို ကောင်းကောင်းနားလည်။ ပိုက်ဆံကို ချွေတာသုံး။ ငွေနဲ့ဝယ်၊ ရွှေကိုစု။ ကြေးပြားကို အထင်မသေးနဲ့၊ ကိုယ့်ကိုယ်ကိုယ် သံနဲ့ကာကွယ်တဲ့၊ အဲဒါ ကော့ဆက် စကားပုံ။ ငါက ကော့ဆက်လူမျိုး မဟုတ်လားကွ”

သူ့စကားများကို နားထောင်ရသည်မှာ ငြီးငွေ့စရာ ကောင်းသည်။ သူပြောသည့်စကားများကို ကလင်းကော့ တခွန်းမျှ မယုံ။ သူ့ကို ကလင်းကော့ ကြောက်လည်းကြောက်သည်။ သူ ထွက်သွား သည့်အခါတွင်မှ ကလင်းကော့ ရင်ထဲက အလုံးကြီး ကျသွားသည်။ ကလင်းကော့သည် ရာယစ်ဇာ အကြောင်းကို မတွေးမိအောင် အလုပ်ကို အာရုံစိုက်၍လုပ်သည်။ ထိုနေ့က သူ့ရင်ထဲမှ တစုံတရာ သည် လှုပ်ရှားကာ ဘဝတခုသို့ ကူးပြောင်းသွားသည်ဟု ထင်ရသည်။ သူသည် ဘဝသစ်တခုသို့ ဝင်ရောက်နေသည်ဟု ထင်ရ၏။ ကလင်းကော့သည် တနေ့လုံး သူ့ဆရာ အဘိုးကြီးကို အကဲခတ် ကြည့်နေမိသည်။ အဘိုးကြီးသည် မီးခိုးတွေ ထောင်းထောင်းထအောင် ဆေးလိပ်သောက်ရင်း စားပွဲတွင် ထိုင်နေသည်။

“ကြည့်စမ်း၊ ဘာဖြစ်ဖြစ်၊ ဖြစ်ချင်တော့ လွယ်လွယ်ကလေးရယ်၊ ရာယစ်ဇာက သူ့ကိုယ်သူ သတ်သေ၊ ငါက ငါ”

သူကကော ဘာဖြစ်မည်နည်း။ ဘာဖြစ်မည်ဟု သူ ကောင်းကောင်း မပြောနိုင်။ သူ့အလှည့်ကို စောင့်ရဦးမည်။

ညနေပိုင်းတွင် ကလင်းကော့သည် သူ့ဆရာ အဘိုးကြီးနှင့်အတူ လမ်းလျှောက်၍ ပြန်ခဲ့ကြသည်။ လမ်းတွင် လူတွေက သူ့အဘိုးကြီးကို ကြည့်ကြ၏။

အချို့က ရပ်၍ပင်ကြည့်ကြသည်။ အဘိုးကြီး သည် ဖြည်းဖြည်းလျှောက်ခြင်း ဖြစ်သော်လည်း ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သဖြင့် ကလင်းကော့ မနည်းလိုက်ယူရသည်။ ကိုယ်ကိုယမ်း၍ ငှက်ကြီးဝံပိုလို ခေါင်းကို ရှေ့သို့ ဆန့်ထား၏။ အင်္ကျီသည် လေတိုက်တိုင်း ဘေးသို့ တဖျတ်ဖျတ် ရိုက်နေသဖြင့် တောင်ပံနှစ်ဖက်ကို ခတ်လာသည် နှင့် တူနေသည်။ လူတွေက သူ့ကို ဝိုင်းကြည့်နေသည်ကို ထောက်၍ သူ့ဆရာ အဘိုးကြီးသည် အလွန် အရေးပါသူဖြစ်ရမည်ဟု ကလင်းကော့ တွေးမိသည်။

"နာမည် ဘယ်လိုခေါ်သလဲ"

"ကလင်းကော့ပါ"

"အိုင်ဗင်ဆိုတဲ့ နာမည်ဟာ တော်တော်ကောင်းတယ်၊ ငါ့မှာ သားတယောက်ရှိခဲ့တယ်၊ သူ့နာမည်က အိုင်ဗင်တဲ့"

အဘိုးကြီးက ကြေမွနေသည့် သူ့ဦးထုပ်ကို ရှည်လျားသည့် လက်ချောင်းများဖြင့် ဖြန့်ရင်း ပြောလိုက် သည်။

"ခု သူဘယ်မလဲ"

"ဒါ မင်းနဲ့မဆိုင်ပါဘူး" အဘိုးကြီးက အေးစက်စက် ပြန်ပြောသည်။

"ငါပြောတာက ငါ့မှာရှိခဲ့တယ်လို့ ပြောတာပဲ၊ ရှိတယ်လို့ ပြောတာမှ မဟုတ်ဘဲ၊ ခုတော့ မရှိတော့ဘူး ပေါ့"

အဘိုးကြီးက အောက်နှုတ်ခမ်းကို ရှေ့သို့ ထော်လိုက်ပြီး လက်ချောင်းကလေးဖြင့် ကုတ်နေသည်။ ထို့နောက် ကလင်းကော့ကို ငုံ့ကြည့်လိုက်ရင်း

"ဒီနေ့ ငါ့ဆီကို မိတ်ဆွေတယောက် လာလိမ့်မယ်၊ ငါ့မှာ မိတ်ဆွေဆိုလို့ ရှားရှားပါးပါး တယောက်ပဲ ရှိတယ်၊ တို့ ဘာလုပ်သလဲ၊ ဘာပြောသလဲဆိုတာ မင်းနဲ့ ဘာမှမဆိုင်ဘူး၊ မင်းသိတာကို ငါမသိဘူး၊ မင်းလုပ်တာကို ငါသိဖို့လည်း မလိုဘူး၊ ငါလုပ်တာကိုလည်း မင်း သိဖို့မလိုဘူး၊ ကြားလား"

ကလင်းကော့က ခေါင်းညိတ်သည်။

"ဒါ ဘယ်ကိစ္စမှာဖြစ်ဖြစ် ဒီအတိုင်း သဘောထားပါ၊ တခြားလူတွေနဲ့ ဆက်ဆံတဲ့အခါမှာလည်း ဒီအတိုင်းလုပ်ပါ၊ မင်းအကြောင်းကို ဘယ်သူမှမသိဘူး၊ တခြားလူတွေအကြောင်းကိုလည်း မင်းသိစရာမလိုဘူး၊ လူတကာ သိလာရင် ပျက်တော့တာပဲ၊ ပျော်လာရင် မိုက်တော့တာပဲ၊ သဘော ပေါက်တယ်မဟုတ်လား"

ကလင်းကော့သည် သူ့မျက်နှာကို စိုက်ကြည့်ရင်း စူးစိုက်နားထောင်သည်။

"မင်းမှာ လူစိတ်နည်းနည်းရှိတယ်၊ အေးလေ၊ ဒါတော့ ခွေးမှာတောင် လူစိတ်နည်းနည်းတော့ ရှိသေးတာပဲ"

အဘိုးကြီးက တယောက်တည်းပြောသလို ပြောနေသည်။

ကျဉ်းမြောင်းသည့် သစ်သားလှေကားကလေးအတိုင်း ထွက်လာခဲ့ကြသည်။ အပေါ်ထပ် အထပ်ခိုး ကလေးထဲတွင် မည်းမှောင်မွန်းကျပ်လျက်ရှိပြီး ဖုန်စော်နံနေသည်။ အဘိုးကြီးက ကလင်းကော့ကို မီးခြစ်လှမ်းပေးပြီး မီးထွန်းခိုင်းသည်။ အဘိုးကြီးက စုတ်ပြတ်နေသည့် အခန်းဆီးနောက်တွင် အခန်းတံခါးမင်းတုပ်ကို စမ်း၍ ဖွင့်နေ၏။ မီးခြစ်ဆံတွင် တောက်သည့် မီးတောက်က ကုန်လုနီးပြီ။ မီးတောက်သည် ကလင်းကော့ လက်ချောင်းများသို့ ရောက်လာ၏။

အဘိုးကြီးအခန်းက ခပ်ကျဉ်းကျဉ်း၊ မြှောင်မြှောင်ကလေး။ မျက်နှာကြက်က နိမ့်သဖြင့် မသာခေါင်း တလုံးနှင့် တူနေသည်။ တံခါးနှင့် မျက်နှာချင်းဆိုင်တွင် ပြတင်းပေါက်ကြီးတခုရှိသည်။ အဝင်ဝ လက်ဝဲဘက်တွင် မီးဖိုတလုံးရှိသည်။ လက်ဝဲဘက်နံရံနှင့်ကပ်လျက် ခုတင်တလုံးရှိပြီး မျက်နှာချင်း ဆိုင်တွင် ဆိုဖာအနီကြီးတလုံးရှိသည်။ အခန်းထဲတွင် ပရုတ်လုံးနံ့နှင့် ဘယဆေးနံ့ နံနေသည်။ အဘိုးကြီးက ပြတင်းပေါက်ကို ဖွင့်လိုက်ပြီး အသက်ကို ဝဝရှူလိုက်သည်။

"လေကောင်းလေသန့် ရှူပေးရတယ်ကွ၊ မင်းကတော့ ဆိုဖာပေါ်မှာ အိပ်ပေတော့၊ မင်းနာမည်က ဘယ်သူ"

"ကလင်းကော့ပါ"

အဘိုးကြီးက မီးစာကို မြှင့်လိုက်ပြီးနောက် နံရံကို လက်ညှိုးထိုးပြရင်း

"အဲဒါ ငါ့သား အိုင်ဗင်ရဲ့ပုံပဲ"

ရုပ်ပုံက ခဲဖြင့် ဆွဲထားသည့်ပုံ။ ကားပေါင်က ခပ်သေးသေး။ နံရံပေါ် တွင် မထင်မရှားဖြစ်နေသည်။ မျက်နှာက နုနုနယ်နယ်၊ နဖူးကျယ်ကျယ်၊ နှာခေါင်းချွန်ချွန်၊ နှုတ်ခမ်းက ခပ်တင်းတင်းစေ့လျက်။ မီးရောင်သည် အဘိုးကြီး၏ လက်ထဲတွင် လှုပ်နေသည်။

"အိုင်ဗင်ဆိုတာ သူပဲကွ။ လူတယောက်ရဲ့ နာမည်ဟာ အလွန်အရေးကြီးတယ်"

အဘိုးကြီးက ခေါင်းကို အပြင်သို့ ထုတ်လိုက်ပြီး ပြင်ပလေကို အားရပါးရရှူနေသည်။ လေရှူရင်းက လက်ဖက်ရည်အိုးတည်ရန် ကလင်းကော့ကို

ခိုင်းလိုက်သည်။ ကလင်းကော့ လက်ဖက်ရည်အိုး တည်နေစဉ် အခန်းထဲသို့ ခါးကုန်းကုန်းလူတယောက် ဝင်လာပြီး ကောက်ရိုးဦးထုပ်ကို ချွတ်၍ ယပ်ခတ်နေသည်။

"ဆောင်းဦးရောက်တာတောင် မချမ်းသေးဘူး၊ အိုက်တုန်းပဲ"

သူ့အသံက စည်သည်။ သြဇာရှိသည်။

"သြော်၊ ရောက်လာပြီလား" အဘိုးကြီးက လှမ်းမေးသည်။

ပြတင်းပေါက်နားတွင် ရပ်၍ သူတို့နှစ်ယောက် တီးတိုးပြောနေကြသည်။ သူ့အကြောင်း ပြောနေမှန်း ကလင်းကော့ သိသော်လည်း သဲကွဲစွာ မကြားရ။

သူတို့သုံးယောက် စားပွဲတွင်ထိုင်၍ လက်ဖက်ရည် သောက်ကြသည်။ အဘိုးကြီးက ပထမဆုံး လက်ဖက်ရည် ငှဲ့သည်။ ကလင်းကော့သည် ဧည့်သည်ကို မကြာခဏ လှမ်းကြည့်နေသည်။ မုတ်ဆိတ်ရိတ်ထားသည့်မျက်နှာက အပြာရောင်သန်းနေသည်။ ပါးစပ်က ပြဲပြဲ၊ နှုတ်ခမ်းပါးပါး။ နက်မှောင်သည့် မျက်လုံးနှစ်လုံးက နဖူးမြင့်မြင့်ကြီးထဲတွင် မြုပ်နေကြသည်။ ခေါင်းက တခေါင်းလုံး ပြောင်နေသည်။ ပြောင်ရုံသာမက ကြီးလည်းကြီးသည်။ လေးထောင့်ပုံပေါက်နေသည်။ ဧည့်သည် သည် ရှည်လျားသည့် လက်ချောင်းများဖြင့် စားပွဲကို ဗုံတီးသလို အသာခေါက်နေလေသည်။

"ကဲ၊ ဖတ်ကြရအောင်"

ခါးကုန်းကုန်းနှင့်လူသည် အိတ်ထဲမှ စာရွက်တထပ်ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် စာရွက်ကို ဖြန့်ပြီး "ခေါင်းစဉ်တွေကိုတော့ မဖတ်တော့ဘူး" ဟုဆိုကာ စာကို အသံထွက်ဖတ်နေသည်။

"အမျိုးအမည် မထင်ရှားသော အညတရ ကျွန်တော်မျိုးတို့က ရှိခိုးသံတော်ဦး တင်ဝံ့ပါသည် ဘုရား။ အရှင်၏ခြေတော်ရင်းတွင် ဝပ်တွား၍ ကျွန်တော်မျိုးတို့ ရင်တွင် ပြင်းပြစွာ ခံစားရသော နစ်နာချက် တို့ကို ဘုန်းတော်ကြီးသော အရှင်သိတော်မူရန်အတွက် လျှောက်တင်ရခြင်းဖြစ်သည်။ ဘယ့်နှယ်လဲ"

"အင်း၊ ဆက်ဖတ်ပါဦး"

"အရှင်မင်းမြတ်သည် ရုရှားပြည်သူများ၏ ဖခင်ဖြစ်၍ ဉာဏ်ပညာအပေါင်းတို့ ခိုအောင်းရာလည်း ဖြစ်တော်မူပါသည်။ ကမ္ဘာပေါ်တွင် ဘုန်းတန်ခိုးတေဇော် အာနုဘော်တို့စုရာလည်း ဖြစ်ပါသည်"

“ဘုန်းတန်ခိုးတေဇော်၊ အာနုဘော် အရှိန်အစော်တို့ စုပေါင်းရာလည်း ဖြစ်ပါသည်… လို့ဆိုရင် ပိုကောင်းမယ်”

“နေဦး နေဦး၊ ‘တရားမျှတမှုကို စောင့်ရှောက်ထိန်းသိမ်းနိုင်သူလည်း ဖြစ်ပါသည်’ လို့ ပါတယ်။ စာစီစာကုံးက ချောနေရမယ်ဗျ”

“စကားလုံးကိုလည်း သေသေချာချာ ရွေးရမယ်နော်၊ စကားလုံးဟာ အလွန်အရေးကြီးတယ်”

အဘိုးကြီးက ခပ်မာမာပြောသည်။ ခါးကုန်းကုန်းနှင့်လူက မျက်မှန်ကို ပြင်တပ်၏။

“နောက်တခေါက် ပြန်ကြည့်သေးတာပေါ့။ ခုဟာက အကြမ်းပဲ ရှိသေးတာ၊ အမိရှုရှားပြည်ကြီးသည် ပျက်စီးယိုယွင်းလျက် ရှိပါပြီ။ မကောင်းမှုသည် နေရာအနှံ့အပြား ကြီးစိုးလျက်ရှိကာ ကြောက်လန့် စိုးရိမ်ခြင်းသည် မင်းမူလျက်ရှိပါသည်။ လူအများ ဆင်းရဲဒုက္ခရောက်လျက် နွမ်းပါးပျက်စီးကြပါသည်၊ တယောက်ကိုတယောက် ရန်ငြိုးဖွဲ့ကာ ပြူစူကြပါသည်။ စိတ်နှလုံးကောင်း၍ နူးညံ့သိမ်မွေ့သည့် ရုရှားပြည်သူများသည် ပျက်စီးလျက် ရှိကြပါသည်။ ကြောက်ဖွယ်လောဘကို ဖုံးအုပ်၍ ကရုဏာ တရား ကင်းမဲ့သည့် လူမျိုးတမျိုးအသွင်သို့ ရောက်လျက်ရှိပါသည်။ ဝံပုလွေကဲ့သို့ ရက်စက်ကြမ်းကြုတ်သော လူမျိုးတမျိုးအဖြစ်သို့ ပြောင်းလျက်ရှိပါသည်။ ယုံကြည်ခြင်းတရားဟူ၍လည်း မရှိကြတော့ဘဲ ဘာသာတရား၏အဆုံးအမနှင့် ကင်းဝေးလျက် ရှိကြပါသည်။ စိတ်နှလုံး ဆိုးယုတ်သူ တို့သည် အကာအကွယ်မဲ့ ပြည်သူများအား အရှင်မင်းမြတ်၏ဩဝါဒများကို ချိုးဖောက်ရန် မာရ်နတ် ၏ ကောက်ကျစ်မှုဖြင့် မြှူဆွယ်လျက် ရှိကြပါသည်။ ကျွန်တော်မျိုးတို့ အသက်အိုးအိမ်စည်းစိမ် များ၏ မဟာဂုရု”

“ဒီစကားလုံးကတော့ သိပ်မကောင်းဘူးဗျာ၊ ဘာသာရေးဆန်တယ်၊ အေးလေ၊ ပြင်ရေးတာပေါ့။ လူထုတွေရဲ့စိတ်ထဲမှာ ပုန်ကန်လိုတဲ့စိတ်တွေ ပေါ်ပေါက်နေတယ်ဆိုတာ ပွင့်ပွင့်လင်းလင်း ထုတ်ရေး ရရင် မကောင်းပေဘူးလား၊ ထို့ကြောင့် အရှင်မင်းကြီးအား ကျွန်တော်မျိုးတို့က”

ခါးကုန်းကုန်းနှင့် ဧည့်သည်က ခေါင်းကိုယမ်းလျက်

“ကျွန်တော်တို့က တင်ပြရုံပဲပေါ့၊ ဘုရင်ကိုသွားပြီး အကြံဉာဏ်ပေးနေလို့ ဘယ်ကောင်းပါ့မလဲ”

“ကျွန်တော်မျိုးတို့၏ရန်သူသည် မည်သူနည်း။ ဘုရားမဲ့ဝါဒီများ၊

ဆိုရှယ်လစ်များနှင့် တော်လှန်ရေး သမားများ စသည့် မိစ္ဆာကောင် သုံးဦး ဖြစ်ပါသည်။ ၎င်းတို့သည် မိသားစုကို ဖျက်ဆီးသူ၊ ကလေးငယ် များကို လုယက်သူ၊ အန္တိခရစ်တို့ကို ပင့်ဖိတ်လာသူများ ဖြစ်ကြပါသည်”

“ကျွန်တော်တို့ကိုယ်တိုင်ကလည်း ဘုရား၊ တရား သိပ်ကြည်ညိုတဲ့လူတွေ မဟုတ်ဘူးနော်၊ တော်တော်ကြာ ကိုယ့်ရှူးကိုယ်ပတ်နေဦးမယ်”

ခါးကုန်းကုန်းနှင့်လူက သတိပေးသည်။

“ဒါက အရေးမကြီးပါဘူးဗျာ၊ ကျွန်တော်တို့က လူထုကိုယ်စား ပြောနေတာပဲ၊ လူထုကတော့ ဘာသာ ထိရင် မချိအောင် နာတာပဲ။ ကျွန်တော်တို့က ဒီမကောင်းမှုတွေရဲ့ရေသောက်မြစ်ကို ပြရမယ့်တာဝန် က ကျွန်တော်တို့ တာဝန်ပဲ”

“ဒါတော့ ဘုရင်ကိုယ်တိုင်လည်း သိတာပေါ့ဗျာ”

“သိတော့ကော ဘယ်သူက ဟုတ်တိုင်းမှန်ရာ လျှောက်ကြလို့လဲ၊ ဘုရင်အနားမှာ မင်းလိုလိုက် မင်းကြိုက် ပြောနေတဲ့လူတွေချည်းပဲ။ ဒီတော့ ကျွန်တော်တို့က ဘုရင်သိအောင် ဟုတ်တိုင်းမှန်ရာ လျှောက်ရမယ်၊ အရှင်သည် လူထု၏ဖခင်ဖြစ်၍ ရေမြေ့ရှင်ဖြစ်ပါသည်။ ထို့ကြောင့် အရှင်၏ဥစ္စာ ပစ္စည်းတို့ကို လူထုများအား ခွဲဝေပေးသင့်ပါသည်။ သို့မှသာ လူထုများသည် မကောင်းမှုကို အမြစ်မှ သုတ်သင်ရှင်းလင်းပစ်နိုင်ပါလိမ့်မည်။ အရှင်၏လက်တော်ဖြင့် ဘေးဒုက္ခအပေါင်းကို ဖယ်ရှားတော်မူ သင့်ပါပြီ”

ခါးကုန်းကုန်းနှင့် ဩ့သည်၏ ပါးစပ်သည် ဟောင်းလောင်းဖြစ်လျက်ရှိ၏။

“ဧကန္တ ကျွန်တော်တို့တတွေ ဟောဒီစာကြောင့် ဆိုက်ဘေးရီးယားကို အပို့ခံရတော့မှာ သေချာတယ်”

ဩ့သည်သည် ကလင်းကော့နှင့် အဘိုးကြီး၏မျက်နှာများကို စိုက်ကြည့်နေသည်။ ကလင်းကော့ ကား ဒဏ္ဍာရီတပုဒ်ကို နားထောင်သလို သူတို့ ဖတ်နေသည့် စာသားများကို နားစိုက်ထောင်နေသည်။ ထိုစကားလုံးများသည် သူ့နားထဲသို့ လျှောခနဲ ဝင်သွားကြကာ သံမှိုစွဲသကဲ့သို့ မြဲနေလေသည်။ ကလင်းကော့သည် ပါးစပ်အဟောင်းသား၊ မျက်လုံးအဝိုင်းသားဖြင့် သူတို့နှစ်ယောက်ကို တလှည့်စီ ကြည့်နေ၏။ ဩ့သည်က သူ့ကို စိုက်ကြည့်လိုက်သည့်အခါ၌ပင် မျက်လုံးကို ရှောင်လွှဲဖို့ သတိမရ။ သူတို့စကားများကို စိတ်ဝင်စားနေလေသည်။

“နောက်မှ ဆွေးနွေးကြတာပေါ့ဗျာ”

ညွှဲ့သည်က ပြောသည်။ အဘိုးကြီးက ကလင်းကော့ကို မျက်နှာထားကြီးဖြင့် ကြည့်လိုက်ရင်း

"ကလင်းကော့၊ မင်း ဒီနားမှာ ဘာလုပ်နေတာလဲ"

ကလင်းကော့သည် လည်ချောင်းတွေခြောက်ကာ ရုတ်တရက် မဖြေနိုင်။

"ကျွန်တော် နားထောင်နေတာပါ"

သူ့ကို မယုံမှန်း ကလင်းကော့ ချက်ချင်း သဘောပေါက်သွားသည်။

ကလင်းကော့သည် ထိုင်ရာမှထလိုက်ရင်း

"ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူး၊ ကျွန်တော် နားထောင်ပါရစေ၊ ဆရာကြီးကိုလည်း ကျွန်တော် ပြောဖူးသားပဲ၊ အခြေအနေ ပြောင်းသင့်တယ်လို့"

"ကြည့်စမ်း၊ ဒီကောင်ကိုသာ ကြည့်ပေတော့၊ လူကဖြင့် လက်တောက်လောက် ရှိသေးတယ်။ ဒီစကားမျိုးတွေကို ပြောတတ်နေပြီ၊ ဒီလိုကောင်လေးတွေ ရှိနေတဲ့အတွက် သူတို့မှာ အင်အားတွေ ရနေတာဗျ"

"ဟုတ်တာပေါ့"

ကလင်းကော့သည် ရှက်နေသည်။ အဘိုးကြီးက သူ့ကိုကြည့်၍ ခပ်တည်တည်ဖြင့်

"မင်း သိထားဖို့က ခု တို့ ဓာဘုရင်ဆီကို တင်လျှာရေးနေကြတာ၊ နိုင်ငံရေးအရ စိတ်မချရသူတွေကို ခုထက် ပြင်းပြင်းထန်ထန် အရေးယူဖို့ လျှောက်နေကြတာ၊ သိရဲ့လား"

"ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်"

ခါးကုန်းကုန်းနှင့်လူက ပြတ်သားသည့်အသံဖြင့်

"ဒီကောင်တွေဟာ ပြည်ပနိုင်ငံခြား တိုင်းပြည်တွေရဲ့သူလျှို၊ အင်္ဂလိပ်ရဲ့သူလျှို၊ ရုရှားပြည်တွင်းမှာ ဆူဆူပူပူဖြစ်အောင် အစိုးရ မနိုင်မနင်းဖြစ်အောင် လူထုတွေကို လှုံ့ဆော်၊ နိုင်ငံခြားကငွေတွေယူ၊ အင်္ဂလိပ်ကလည်း မြှောက်ပေးမှာပေါ့၊ ကျုပ်တို့က အိန္ဒိယကို သူ့လက်ထဲက လုယူမှာစိုးရိမ်တာကိုး"

သူတို့နှစ်ယောက်က ကလင်းကော့ကို တယောက်တလှည့်စီ ဩဝါဒ ပေးနေကြသည်။ တယောက် ပြီးလျှင် တယောက်က ဝင်သည်။ ကလင်းကော့သည်

သူတို့စကားများကို ဂရုစိုက်၍ နားထောင် သည်။ ခက်ခဲသည့် ဝေါဟာရများကို နားလည်အောင် ကြိုးစားသည်။ ဦးနှောက်ကို အလုပ်ပေးနေကျ မရှိသဖြင့် သူ့ခေါင်းသည် ချာချာလည်နေသည်။ ပြည်သူတို့၏ဘဝကို လွှမ်းခြုံလျက်ရှိသည့် အရာတခု ကို သဘောပေါက်သလိုလို ရှိလာသည်။ ဥာဏ်အမြော်အမြင်နှင့် ပြည့်စုံသည့် လူကြီးနှစ်ယောက်က သူ့ကို တန်းတူရည်တူထား၍ ပြောနေသဖြင့် အထူးတလည် ဝမ်းသာသည်။ သူတို့နှစ်ယောက်ကို အထင်လည်းကြီးသည်၊ လေးစားလည်း လေးစားသည်။ သူတို့ကိုကြည့်တော့ ဆင်းဆင်းရဲရဲ မပြည့်မစုံ။ သို့တိုင်အောင် ဤလူနှစ်ယောက်သည် တိုင်းပြည်ကြီးကောင်းကျိုး၊ ပြည်သူများ၏ ကောင်းကျိုးကို ဆောင်ရွက်ပေးသည်ဟု သူတို့ကို ကြည်ညိုသည်။ သို့ရာတွင် ကလင်းကော့သည် သူတို့စကားများကို ကြာကြာနားမထောင်နိုင်။ ကြာတော့ ခေါင်းတွေ မူးလာကာ ရင်ထဲတွင် တင်းကျပ်လာသည်။ ထို့ကြောင့် ကလင်းကော့သည် မျက်လုံးများကို စုံမှိတ်လိုက်သည်။

“ကလင်းကော့၊ အိပ်ချင်ရင် အိပ်ချည်တော့လေ”

အဘိုးကြီးက ပြောသည်။ ကလင်းကော့သည် သူပြောသည့်အတိုင်း ထလာခဲ့ကာ အဝတ်အစား လဲသည်။ ထို့နောက် ဆိုဖာပေါ်သို့ လှဲချလိုက်မိသည်။

ပူနွေးမွှေးပျံ့သည့် အငွေ့သည် ပြတင်းပေါက်မှ ဝင်လာသည်။ ဆောင်းဦးညသည် သင်းပျံ့လျက် ရှိ၏။ မည်းမှောင်သောကောင်းကင်တွင် ကြယ်ထောင်ပေါင်းများစွာ လက်နေကြသည်။ မီးအိမ်နှင့် မီးရောင် သည် ယိမ်းလျက်ရှိ၏။ မီးရောင်သည်လည်း ကြယ်များကို အားကျကာ အထက်သို့ တက်ရန် လုနေ၏။ သူတို့နှစ်ယောက်သည် ခေါင်းချင်းပူးကာ တီးတိုး တိုင်ပင်နေကြသည်။ ကလင်းကော့၏ ပတ်ဝန်းကျင်တွင် ရှိသော အားလုံးသည် လျှို့ဝှက်ဆန်းကြယ်သည့်အသွင်ကို ဆောင်နေကြသည်။ ကြောက်ဖွယ်သဏ္ဍာန်ကို ဆောင်နေကြသည်။ သူ့ရင်ထဲတွင်မူ အသစ်ဖြစ်သောအရာ၊ ကောင်းမွန် သော အရာတခုကို လုပ်လိုစိတ် နိုးကြားစပြုလာနေသည်။

သူ့ဆရာ အဘိုးကြီးနှင့်နေပြီး မကြာမီအတွင်းမှာပင် သူ့ဆရာသည် အရေးကြီးသည့် ပုဂ္ဂိုလ်တဦး ဖြစ်ကြောင်းကို ကလင်းကော့ သိလာသည်။ အရင်တုန်းက ရုံးက ပုလိပ်အရာရှိတွေနှင့် စကား ပြောလျှင် သူ့အသံက တိုးတိုးတိတ်တိတ်၊ လေးစားသည့်ဟန်။ ယခု ထိုသို့မဟုတ်တော့။ အဘိုးကြီး ဘူတင်ကို အာဏာသံဖြင့်လှမ်းခေါ်ကာ 'ဟေ့ ဗျို့လူ၊ ကျုပ် မင်းခုံထဲမှာ ယင်ကောင်တွေ ကျနေပြန်ပြီ' ဟု ပြောတတ်သည်။

အဘိုးကြီးက လေရှည်ရှည်ဖြင့်

"ဒီရုံးမှာ မင်အိုးတင်တဲ့ခုံပေါင်း သုံးဆယ့်လေးခုံရှိတယ်၊ ယင်ကောင်တွေကလည်း ထောင်ချီ ရှိနေတယ်၊ ယင်တွေက မင်တွေကို သောက်တာပေါ့၊ သူတို့အဖို့ ဒါပဲ လုပ်စရာရှိတာကိုး" ဟု ဖြေတတ် သည်။

အိမ်သာခန်းထဲက မှန်တင်ရှေ့တွင်ရပ်ရင်း ကလင်းကော့သည် ပြာမွဲမွဲ၊ လေးထောင့်ခပ်ကျကျ သူ့မျက်နှာကို ကြည့်မိသည်။ နှာခေါင်းက သေးသေး၊ နှုတ်ခမ်းက ပါးပါး။ သူ့မျက်နှာကို သူပြန်ကြည့်ရင်း မုတ်ဆိတ်မွေးများ ပေါက်သည်လောဟု ရှာကြည့်သည်။ မျက်ရည်တို့ စိုရွှဲ၍ တည်ငြိမ်ခြင်း မရှိသည့် သူ့မျက်လုံးများကို ကြည့်မိသည်။ ထို့နောက် ခေါင်းက ဆံပင်များကို စမ်းမိသဖြင့် 'ဆံပင်ညှပ်ဦးမှ' ဟု တွေးမိသည်။ 'ငါ့လည်ပင်းက သေးတော့ ကော်လာ တောင့်တောင့်လေး ဘာလေးလည်း ဝတ်ဦးမှ' ဟု စဉ်းစားသည်။

ထိုနေ့ညနေတွင် ကလင်းကော့သည် ဆံပင်သွားညှပ်ပြီးနောက် ကော်လာနှစ်ခု ဝယ်ခဲ့သည်။ သူ့ကိုယ်သူ လူကြီးတယောက်ဖြစ်ပြီဟု ထင်လာသည်။

သူ့ဆရာ အဘိုးကြီးသည် သူ့အပေါ်တွင်တော့ စိတ်ကောင်းရှိသည်၊ ဂရုလည်းစိုက်သည်။ သို့ရာတွင် တခါတခါ၌မူ သူ့မျက်လုံးတွင် လှောင်ပြောင်အထင်သေးသည့် အရိပ်အယောင်ကို တွေ့ရတတ်သည်။ ထိုအခါမျိုးတွင် ကလင်းကော့ နားမလည်နိုင်အောင် ဖြစ်ရသည်။ ခါးကုန်းကုန်းနှင့်လူ ရောက်လာ လျှင် အဘိုးကြီးသည် လေးနက်၍ အရေးတကြီးဖြစ်ဟန် အမူအရာကို ဆောင်ထားတတ်သည်။ သူ့အသံက တင်းမာနေသည်။ ဧည့်သည်အဘိုးကြီး ပြောသမျှကို တလုံးမျှ လက်မခံဘဲ အော်ကြီး ဟစ်ကျယ်ဖြင့် ငြင်းတတ်သည်။ 'ဒီလိုဘယ်ဖြစ်နိုင်မလဲဗျ၊ ခင်ဗျားဦးနှောက်က ပြောင်းကောက်နေတဲ့ သေနတ်ကြီးလို တည့်တည့်မှ မထွက်ဘဲ။ တခါတလေ နောက်တောင် ပြန်မှန်လိမ့်ဦးမယ်။ ကိုယ့်ပစ်ကွင်းကို သိချင်ရင် တည့်တည့် ပစ်ရတယ်ဗျ' ဟု ပြောတတ်သည်။

ခါးကုန်းကုန်းနှင့်လူက သူ့ခေါင်းကြီးကို ယမ်းရင်း 'ခုရေတွင်းတူး၊ ခုရေကြည်သောက်ချင်လို့တော့ ဘယ်ဖြစ်မလဲ၊ ဒီလိုပဲ တဖြည်းဖြည်း လုပ်ယူရတာပေါ့' ဟု ပြောတတ်သည်။ တနေ့တွင် ခါးကုန်းကုန်းနှင့်လူက

"စကားမစပ် ပြောရဦးမယ်၊ ကျွန်တော် လူတယောက်ကို စောင့်ကြည့်နေတယ်၊ ကျွန်တော့်အိမ်နား မှာပဲ။ လူက အရပ်မြင့်မြင့်၊ မုတ်ဆိတ်မွေး ချွန်ချွန်နဲ့၊ လမ်းလျှောက်ရင် ခြေလှမ်းကျဲကျဲနဲ့ လျှောက်တတ်တယ်၊ ဒီလူ ဘယ်မှာ အလုပ်လုပ်သလဲလို့ သူတို့ငှားတဲ့အိမ်က အစောင့်ကို မေးကြည့် တယ်၊ သူ့အဆိုအရကတော့ အလုပ်မရသေးဘူးတဲ့၊ ခုမှ အလုပ်လိုက်ရှာနေတုန်းပဲ ရှိသေးတယ်၊ ဒါနဲ့ ကျွန်တော်လည်း လုံခြုံရေးဌာနကို စာရေးလိုက်တယ်

အဘိုးကြီးက သူ့လက်ကို ဝှေ့ယမ်းလိုက်ရင်း

"ဒါမျိုးတွေက အရေးမကြီးပါဘူးဗျာ၊ အိမ်က စိုစွတ်နေရင် အဲဒီအိမ်မှာ ပိုးဟပ်ရှိမှာ ဓမ္မတာပေါ့။ ဒါမျိုးတွေကတော့ ဘယ်သွားသွား မတွေ့မှာ မဟုတ်ဘူး။ ရှောင်လို့လွတ်မှာ မဟုတ်ဘူး။ အရေးကြီး တာက ကိုယ့်အိမ်ကို ခြောက်သွေ့အောင်လုပ်ဖို့ လိုတယ်။ ဒီမှာ မိတ်ဆွေ၊ ကျုပ်သား တပ်ခွဲတခုကို ကွပ်ကဲတယ်။ ဒါကြောင့် ကျုပ် သူ့ဘဝအကြောင်း ကောင်းကောင်းသိတယ်။ လူတွေကို ဥပဒေတွေ၊ စည်းကမ်းတွေ နားလည်အောင်လုပ်ရမယ်။ ဒီလိုဆိုရင် လူတွေအားလုံး တညီတညွတ်တည်း ဖြစ်လာမှာပဲ။ လူတွေ ဘာ့ကြောင့် ဥပဒေတွေကို နားမလည်သလဲ ဆင်းရဲလို့။ ဆင်းရဲတော့ အသိ ပညာမရှိ။ အသိပညာမရှိတော့ ဥပဒေကို နားမလည်။ ဆင်းရဲတာကို ဘာဖြစ်လို့ ပပျောက်အောင် မလုပ်သလဲ။ ဆင်းရဲခြင်း၊ အူမ မတောင့်ခြင်းဟာ မိုက်မဲမှုအားလုံးရဲ့ရေသောက်မြစ်ဖြစ်တယ်။ ဇာဘုရင်ကို ဆန့်ကျင်နေရတဲ့အကြောင်းရင်း ဖြစ်တယ်"

ကလင်းကော့သည် အဘိုးကြီး၏စကားများကို အလေးတကြီး နားထောင်ကာ အဟုတ်ကြီး ထင်လျက်ရှိ၏။ လူတွေအားလုံး ဒုက္ခရောက်ရခြင်း၏အကြောင်းရင်းသည် ဆင်းရဲခြင်းတဲ့။ အလွန် ရှင်းသည့် စကားများ ဖြစ်ပါသည်။ ဆင်းရဲခြင်းကြောင့် လောဘတက်ကြသည်။ ဒေါသထွက်ကြသည်။ မောဟဖြစ်ကြရသည်။ ထို့ကြောင့် လူများတွင် လောဘတွေ ဒေါသတွေ၊ ရက်စက်ကြမ်းကြုတ်မှုတွေ ပေါ်ပေါက်နေကြရခြင်း ဖြစ်သည်။ တယောက်ကိုတယောက် ကြောက်နေကြခြင်းဖြစ်သည်။ တယောက်ကိုတယောက် မယုံသင်္ကာ ဖြစ်နေကြရခြင်းဖြစ်သည်။ အဘိုးကြီး၏စကားသည် မှန်လိုက်လေခြင်း။ ပညာရှိ ပီသလိုက်လေခြင်း။ ဇာဘုရင်သည် ချမ်းသာ၏။ လူထုများက ဆင်းရဲကြ ၏။ ဇာဘုရင်က သူ့ပစ္စည်းတွေကို လူတွေခွဲပေးလိုက်လျှင် အားလုံးကျေနပ်ကြလိမ့်မည်။ တယောက်ကိုတယောက် ကြင်နာကြလိမ့်မည်။

လူတွေနှင့် ပတ်သက်သည့် ကလင်းကော့အမြင်သည် ပြောင်းစပြုလာသည်။ ကလင်းကော့သည် လူတွေ့လျှင် ကျိုးနွံမြဲ ကျိုးနွံလျက်ရှိသော်လည်း သူ့ကိုယ်သူတော့ အထင်ကြီးချင်သလို ဖြစ်လာ၏။ လူ့ဘဝ၏ လျှို့ဝှက်ချက်ကို သိထားသူတဦးပမာ လူတွေကို အပေါ်စီးဖြင့် ကြည့်တတ်၏။ သူ့ကိုယ်သူ ကျေနပ်ရောင့်ရဲစ ပြုလာသည်။

တနေ့တွင် ဇာရူဗင်နှင့် လက်ဖက်ရည်ဆိုင်တဆိုင်တွင် ထိုင်နေစဉ် သူ့အသိဉာဏ် တိုးတက်နေပုံကို ကြွားချင်စိတ် ပေါက်လာသည်။ ခါးကုန်းနှင့် အဘိုးကြီးတို့ ပြောကြသည့် စကားများကို ပြန်၍ ဖောက်သည်ချလိုစိတ် ပေါ်လာသည်။

သူ့စကားကို ကြားသည့်အခါတွင် ဇာရူဗင်၏ မျက်လုံးသေးသေးကလေးများသည် တလက်လက် တောက်လာကြ၏။ ဇာရူဗင်သည် ကုလားထိုင်တွင် ငြိမ်ငြိမ်မထိုင်နိုင်တော့ဘဲ သူ့ဆံပင်များကို ဖွနေသည်။

“ဘုရားစူးစေ့ တကယ်ပြောတာ၊ ခင်ဗျား စဉ်းစားကြည့်လေ၊ သူ့မှာတော့ ရွှေတွေငွေတွေ သုံးလို့ မကုန်နိုင်ဘူး၊

“ကျုပ်တို့မှာတော့ ငတ်လို့ ပြတ်လို့တဲ့၊ ခင်ဗျားကို ဒီစကားတွေ ဘယ်သူက ပြောလိုက်တာလဲ”

“ဘယ်သူကမှ မပြောပါဘူး။ ကျုပ်ဘာသာ စဉ်းစားမိတာပေါ့"

“မဖြစ်နိုင်ဘူး၊ ကျုပ်ကို အမှန်အတိုင်းပြောပါ၊ ခင်ဗျား ဒီစကားတွေကို ဘယ်က ကြားခဲ့သလဲ”

“ပြောပါပကော ကျုပ်ဘာသာ စဉ်းစားမိတာပါလို့”

ဇာရူဗင်က ခေါင်းတညိတ်ညိတ်လုပ်ရင်း

“ဒီလိုဆိုရင်တော့ ဟုတ်တာပေါ့၊ ခင်ဗျားဟာ တော်တော်ဦးနှောက်ကောင်းတဲ့လူလို့ ပြောရမှာပဲ၊ ဒါပေမဲ့ ကျုပ်တော့ မယုံနိုင်ဘူးဗျာ၊ ခင်ဗျား တယောက်ယောက်ဆီက ကြားခဲ့တာပဲ ဖြစ်ရမယ်”

ကလင်းကော့ စိတ်တိုလာသည်။

“ဒါတော့ ခင်ဗျားသဘောပဲလေ၊ ယုံချင်ယုံ၊ မယုံချင်လည်း နေပေါ့”

ဇာရူဗင်သည် ဘာကြောင့်မှန်းမသိ။ အားရပါးရ ရယ်ချလိုက်သည်။

နှစ်ရက်လောက် ကြာသည့်အခါ တွင် ပုလိပ်အရာရှိတယောက်နှင့် ဆံပင်တိုတိုညှပ်ထားသည့် လူတယောက် ကလင်းကော့ထံ ပေါက်လာကြသည်။

“ကလင်းကော့၊ မင်းကို လုံခြုံရေးဌာနက ခေါ်နေတယ်၊ မင်း စားပွဲကိုသော့ခတ်ခဲ့ရဲ့လား”

ကလင်းကော့သည် ထိုင်ရာမှ ထလိုက်၏။ သူ့ခြေထောက်များသည် တုန်နေကြသည်။ သူသည် ကုလားထိုင်ပေါ်သို့ ပြန်၍ ထိုင်ချလိုက်၏၊ ခေါင်းတုံးဆံတောက်နှင့်လူက သူ့စားပွဲအံဆွဲကို ဆွဲထုတ်ပြီး စာရွက်စာတမ်းတွေကို ယူလိုက်သည်။

ကလင်းကော့ ကြောက်နေပြီ။ ဘာဖြစ်သည်ကို သူ့ကိုယ်သူ နားမလည်နိုင်။ သတိရ၍ ကြည့်လိုက် တော့ မှောင်ရီနေသည့် အခန်းတခုထဲက သက္ကလတ်စိမ်းအုပ်ထားသည့် စားပွဲကြီးတခုလုံးရှေ့တွင် ရောက်နေသည်ကို သတိရလာသည်။ သူ့ရင်ထဲတွင် ကြောက်လန့်ခြင်းသည် လှိုင်းလုံးကြီးတွေ တလုံးပြီးတလုံး တက်လာသလို ရင်နှင့်အမျှ ပြည့်နေသည်။ သူ့ရင်သာမက သူ့အမြင်လည်း အရာအားလုံးသည် ယိမ်းထိုးလှုပ်ရှားနေသည်ဟု ထင်ရသည်။ စားပွဲနောက်တွင် မုတ်ဆိတ်ထူထူ၊ တောက်ပသည့် မျက်မှန်နက်ကို တပ်ထားသည့်လူတယောက် ထိုင်နေသည်။ ကလင်းကော့သည် သူ့မျက်မှန်ကို စိုက်ကြည့်နေမိသည်။ သူ့မျက်မှန်နက်သည် အသူတရာနက်သော ချောက်ကမ်းပါးကြီး တခုကဲ့သို့ မှောင်ပိန်းနေသည်ဟု ထင်ရ၏။ ထိုမျက်မှန်နက်ကြီးသည် သံလိုက်တုံးကြီးတစ်ခုလို သူ့ကို ဆွဲငင် လျက်ရှိပြီး သူ့အကြောထဲမှ သွေးသားများကို စုပ်ယူလိုက်သကဲ့သို့ ထင်ရသည်။ ကလင်းကော့ က အဘိုးကြီးနှင့် ခါးကုန်းကုန်းလူအကြောင်းကို သူသိသမျှ ပြန်ပြောသည်။

“ဒါဖြင့် ဒီခွေးမသားတွေက တိုင်းပြည်ကြီး ဒီလိုဖြစ်နေတာ ဇာဘုရင်ကြောင့်လို့ ပြောတယ်ပေါ့။ ဟုတ်လား”

အသံက စူးလွန်းသဖြင့် သူ့နားသည် ကွဲထွက်တော့မည်လောဟု ထင်လိုက်ရသည်။ မျက်မှန်နက်နှင့် လူသည် လက်ကိုဆန့်ကာ တယ်လီဖုန်းကို လှမ်းယူလိုက်ပြီးနောက် ‘ဗျို့၊ ဘီလင်လား။ ဒီနေ့ည အလုပ်ရှိတယ်ဗျို့၊ ခွေးမသားနှစ်ကောင်ရဲ့အခန်းကို တက်ရှာ၊ ပြီးတော့ နှစ်ကောင်စလုံးကိုလည်း ဆွဲခဲ့၊ တယောက်က ပုလိပ်မင်းကြီးရုံးက စာရေး၊ အိုင်ဗင်နိုဗစ်တဲ့၊ နောက်တယောက်က ဘဏ္ဍာရေး ဌာနက အရာရှိ ဒရိုင်ယာဂင်တဲ့၊ မှတ်မိပြီလား"

ကလင်းကော့သည် စားပွဲစောင်းကို လက်ဖြင့် ဆုပ်ကိုင်လိုက်မိသည်။

“ကဲ... ကိုယ့်လူ၊ မင်းကို ဘယ်လိုလုပ်စေချင်သလဲပြော”

မျက်မှန်နက်နှင့်လူသည် ကုလားထိုင်တွင် ပြန်ထိုင်လိုက်၏။ မုတ်ဆိတ်မွေးများကို လက်နှစ်ဖက်ဖြင့် သပ်နေသည်။ ထို့နောက် စားပွဲပေါ်တွင် ခဲတံတချောင်းဖြင့် လိုမ့်ကစားနေပြီး လက်တဖက်ကို ဘောင်းဘီအိတ်ထဲသို့ နှိုက်လိုက်သည်။ အတန်ကြာမျှ ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်နေသည်။ ရုတ်တရက် အသံခပ်မာမာဖြင့်

"မင်းကို ဘယ်လိုလုပ်စေချင်သလဲ"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ကလင်းကော့က လေသံကလေးဖြင့် ပြောသည်။

"ကလင်းကော့ဆိုတဲ့နာမည်ကို ငါကြားဖူးတယ်ထင်တယ်"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"အပြစ်ရှိတယ်ဆိုတာ သိတယ်မဟုတ်လား"

"သိပါတယ်"

"ကောင်းတယ်၊ ဘယ်လိုအပြစ်မျိုးလဲဆိုတာကော သိရဲ့လား"

ကလင်းကော့က ငြိမ်နေသည်။ မျက်မှန်နက်နှင့်လူက ကုလားထိုင်တွင် သက်သောင့်သက်သာ ဖြစ်အောင် ပြင်ထိုင်လိုက်သည်။ ကလင်းကော့ကို ဤအခန်းထဲမှ ဤတသက်တွင် လွှတ်တော့မည် မထင်။

"မသိဘူးလား၊ မသိရင် စဉ်းစားဦး"

ကလင်းကော့သည် အသက်ကို ဝအောင်ရှူလိုက်၏။ ရာယစ်ဇာအကြောင်းနှင့်တကွ ပေါ့ပ်ပ်အား ရာယစ်ဇာက ခေါင်းအုံးဖြင့် ဖိသတ်ခဲ့ပုံတို့ကို အသေးစိတ် ပြောပြသည်။ မျက်မှန်နက်နှင့်လူက စိတ်မဝင်စားသလို တချက်မျှ သမ်းလိုက်ပြီး

"သြော်၊ လူးကစ်ကိစ္စနဲ့ ပတ်သက်နေတာကိုး၊ ဒါကြောင့် ဒီနာမည်ကို ငါ ကြားဖူးပါတယ်လို့ အောက်မေ့နေတာ"

သူသည် ကလင်းကော့ဆီသို့ လျှောက်လာကာ မျက်နှာကို ဆွဲမော့၍ ကြည့်လိုက်၏။ ထို့နောက် ခေါင်းလောင်းတီးလိုက်သည်။

ခပ်ပြင်းပြင်း နင်းလာသော ခြေသံတသံကို ကြားရပြီး ကျောက်ပေါက်မာနှင့် လူတယောက် ပေါ်လာ သည်။ ကလင်းကော့ကိုကြည့်ရင်း နီရဲသော

လက်ချောင်းကြီးများကို ကြောက်စဖွယ် ဖြန့်ပြနေသည်။

"သူ့ကိုခေါ်သွား"

"ထောင့်ခန်းကိုလား ဆရာ"

"အေး"

"သွား"

နောက် ရောက်လာသည့် ကျောက်ပေါက်မာနှင့် လူက ပြောသည်။ ကလင်းကော့ ဒူးတွေ ညွတ်နေပြီ။ ဘေးကလူကသာ ဆွဲမထားလိုက်လျှင် တကယ်ပင် ခွေလဲကျသွားလိမ့်မည်ထင်သည်။ ထိုလူသည် ကျောက်တုံးကား ကျဉ်းကျဉ်းကလေးအတိုင်း သူ့ကို ခေါ်သွားသည်။

"ဘယ်လိုလဲကွ ကြောက်နေပြီလား။ သတ္တိမရှိရင် သူပုန်မလုပ်ရဘူးကွ"

သူ့စကားများသည် ကလင်းကော့ကို ခြေမွလိုက်သကဲ့သို့ရှိ၏။ သူ့နောက်မှ သံတံခါးကြီး ပိတ်သွား သည့်အခါတွင် ကလင်းကော့သည် ကြမ်းပြင်တွင်ထိုင်ကာ ဒူးနှစ်လုံးကိုပိုက်ပြီး ခေါင်းကို ဒူးပေါ်တွင် တင်ထားလိုက်သည်။ တိတ်ဆိတ်မှုသည် ထုကြီးထည်ကြီးဖြင့် သူ့အပေါ်သို့ ပြိုကျလာသည်ဟု ထင်ရ၏။ မကြာမီ သေရတော့မည်ဟု ခံစားမိသည်။ ရုတ်တရက် ထိုင်ရာမှ ထလိုက်သည်။ ကြွက်တကောင်လို အခန်းထဲတွင် ခြေကိုဖော့ပြေးနေသည်။ လက်ဖြင့် စောင်ကြမ်းကြီး ခင်းထား သည့် ခုတင်တလုံးကို သွား၍ စမ်းမိ၏။ တံခါးမကြီးဘက်သို့ ပြေးလာပြီး လက်နှင့် စမ်းကြည့်သည့် အခါတွင် မျက်နှာချင်းဆိုင်နံရံက စတုရန်းပုံ လေဝင်ပေါက်ကလေးကို သွားတွေ့သည်။ ကလင်းကော့ သည် ထိုလေဝင်ပေါက်ကလေးဆီသို့ ပြေးလာခဲ့ပြန်သည်။ အပေါက်က မြေကြီးအောက်က တွင်းတခု ထဲတွင်ဖြစ်ပြီး သံဆန်ခါတွေ ကာထားသည်။ နှင်းများသည် မြေကြီးထဲမှ စိမ့်ဝင်ကာ ပြတင်းပေါက် မှန်တံခါးပေါ်သို့ စီးကျနေကြသည်။ ကလင်းကော့သည် တံခါးမကြီးဆီသို့ လာကာ တံခါးကို နဖူးနှင့် ထိထားလိုက်သည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် အပြင်ထွက်ပါရစေတော့"

ကလင်းကော့သည် တတွတ်တွတ် တောင်းပန်နေသည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ ဗုန်းခနဲ လဲကျသွားကာ သတိလစ်သွားသည်။

နေ့နှင့်ညများသည် အနက်စင်းများနှင့် မီးခိုးရောင်အစင်းကြီးများလို တလှည့်စီ ပေါ်နေကြသည်။ ထိုအစင်းကြောင်းကြီးများသည် ပျင်းရိငြီးငွေ့ဖွယ်

ကောင်းခြင်းဆိုသည့်သံချေးများဖြင့် ကလင်းကော့ ကို လှိုက်စားလျက် ရှိ၏။ မကောင်းသည့် နိမိတ်များဖြင့်ပြီးသည့် ထိုအစင်းများသည် တိတ်ဆိတ်စွာ ဖြတ်သန်းနေကြ၏။ ထိုအစင်းများ တလှည့်စီ ပေါ်နေကြခြင်းသည် အဆုံးမှ ရှိပါဦးမည်လောဟု ထင်ရသည်။ ကလင်းကော့၏ဝိညာဉ်သည် ထုံထိုင်းသွားကာ သွက်ချာပါဒလိုက်သကဲ့သို့ ဖြစ်နေပြီ။ တွေးတောစဉ်းစားခြင်းလည်း မပြုနိုင်တော့။ လှောင်အိမ်ထဲတွင် လမ်းလျှောက်ရင်း ခြေသံ မကြားရ အောင် ခြေကို ဖော့နင်းမိသည်။

ဆယ်ရက်မြောက်သည့်နေ့တွင် မျက်မှန်နက်နှင့်လူ ပေါ်လာသည်။ သူ့ကို ဖမ်းလာသည့်လူလည်း ပါလာသည်။

"နေရထိုင်ရတာ ဘယ်လိုလဲ ဟေ့၊ ဒီလိုပေါ့ကွာ သိပ်တော့ ဇိမ်မကျဘူးပေါ့၊ ဟုတ်လား"

မျက်မှန်နက်နှင့်လူက ထူထဲသည့် အောက်နှုတ်ခမ်းကို တပျတ်ပျတ် လျက်ရင်း မေးသည်။ မြင့်နေသည့် သူ့အသံရှိန်ထဲတွင် လှောင်သံပါသည်ကို ကလင်းကော့ သတိပြုလိုက်မိ၏။ အပေါ်မှ မီးရောင်သည် သူ့မျက်မှန်နက်ပေါ်သို့ ထိုးကျနေ၏။ မျက်မှန်မှ ပြန်ဟပ်သည့်အရောင်သည် ကလင်း ကော့၏ ဟာလာဟင်းလင်းဖြစ်နေသည့် နှလုံးသားထဲသို့ ဖောက်ထွင်းဝင်လာကာ သူတို့စေခိုင်းသမျှ ကို ကျွန်သဖွယ် လုပ်ပေးလိုစိတ်ကို ပေါ်ပေါက်လာစေ၏။ ဤအမှောင်ခန်းထဲတွင်သာ ကြာရှည်နေရ လျှင် ရူးရတော့မည်။ ဤအမှောင်ခန်းထဲမှ မြန်မြန်ထွက်ချင်လှပြီ။ ဤအခန်းထဲမှသာ ထွက်ရမည် ဆိုလျှင် ခိုင်းသမျှကို လုပ်ပေးတော့မည်။

"ကျွန်တော် ပြန်ပါရစေ"

သူ့အသံက ခပ်တိုးတိုး။

"အေး ပြန်ရမှာပေါ့၊ မင်းကို လွှတ်မလို့ လာတာပါ၊ လွှတ်ရုံတင် မကဘူး၊ မင်းကို အလုပ်လည်း ပေးမယ်၊ တို့ဌာနမှာ မင်းကို အလုပ်ခန့်မယ်၊ အဲဒီအခါကျရင် မင်း ဒီနေရာမှာ မနေရတော့ပါဘူး၊ မင်းကသာ လူတွေကို ဒီနေရာကို ပို့ရမှာပါ၊ သည့်ပြင်နေရာကလေးတွေကို ပို့ချင်တယ်ဆိုရင်လည်း ပို့လို့ရတာပေါ့ကွာ"

ထိုလူက နှုတ်ခမ်းများကို လျက်၍ ရယ်လိုက်၏။

"လူးကစ်က မင်းကို ထောက်ခံချက်ပေးခဲ့တယ်၊ လူးကစ်ရဲ့ထောက်ခံချက်ကို လေးစားတဲ့အနေနဲ့ မင်းကို အလုပ်ပေးမယ်၊ စစချင်းတော့ တလကို နှစ်ဆယ့်ငါးကျပ်ရမယ်"

ကလင်းကော့က တိတ်ဆိတ်စွာ ခေါင်းညိတ်သည်။

"ဟောဒီက ပြိုရ်တာက မင်းကို အစစအရာရာ ပြလိမ့်မယ်၊ သူက မင်းခေါင်းဆောင် ဆိုပါတော့၊ သူခိုင်းတာမှန်သမျှကို လုပ်ရမယ်၊ နားလည်လား၊ ပြီးတော့ သူနဲ့အတူ လိုက်နေရမယ်"

"ဒီလိုဆို ပိုကောင်းတာပေါ့"

ပြိုရ်တော့အသံက ထင်သည်ထက် ကျယ်သွားသည်။

"ဒီလိုဆို ကိစ္စပြီးပြီပေါ့"

မျက်မှန်နက်နှင့်လူသည် ကလင်းကော့ဘက်သို့လှည့်၍ အသံတိုးတိုးနှင့် ပြောနေ၏။ သူ့စကားများကို ကလင်းကော့ ကောင်းကောင်းမကြား။ သို့ရာတွင် အားတက်ဖွယ်၊ သက်သာဖွယ် စကားများ ဖြစ်ကြောင်းကိုမူ သိ၏။ ကလင်းကော့သည် သူ့စကားများကို ကြိုးစား၍ နားထောင်ကာ နှုတ်ခမ်းမွေးများအောက်မှ နီရဲသောနှုတ်ခမ်းများ၏ လှုပ်ရှားမှုကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"မှတ်ထား၊ ခုအချိန်ကစပြီး ဇာဘုရင်မင်းမြတ်ရဲ့ အသက်စည်းစိမ်နဲ့တကွ ဇာဘုရင်ရဲ့ တန်ခိုးအာဏာ ကို ကာကွယ်ရမယ့်လူတယောက် ဖြစ်သွားပြီ၊ နားလည်လား"

"ဟုတ်ကဲ့၊ ဆရာကြီးကို ကျွန်တော် ဘယ်လိုကျေးဇူးတင်ရမှန်း မသိဘူး"

ကလင်းကော့၏အသံက ခပ်တိုးတိုးမျှသာ။

ပြိုရ်တာက ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီး

"သူ့အတွက်တော့ စိတ်ချပါဆရာ၊ ကျွန်တော် အားလုံးသင်ပေးပါ့မယ်၊ ကျွန်တော် သွားလိုက်ဦးမယ် ဆရာ"

"ကောင်းပြီလေ၊ သွားတော့၊ ကလင်းကော့လည်းသွားနိုင်ပြီ၊ မင်း ကောင်းကောင်း အလုပ်ကြိုးစားပါ။ မင်းအတွက် အကျိုးရှိပါလိမ့်မယ်။ ဒါပေမဲ့ မင်းဟာ စာအုပ်အဟောင်းရောင်းတဲ့ ပေါ့ပါ့ကို သတ်တဲ့ အထဲမှာ ကြံရာပါတဦး ဖြစ်တယ်ဆိုတာတော့ မမေ့နဲ့နော်၊ မင်းကိုယ်တိုင်က ဖွင့်ဝန်ခံပြီးသား၊ မင်း ဖြောင့်ချက်ကို ငါ ရေးထားပြီးပြီ၊ ကြားလား၊ ကဲ သွားတော့"

ဆရာကြီး ဖိလစ်သည် ခေါင်းကိုညိတ်ပြလိုက်၏။ တောင့်နေသဖြင့် သစ်သားနှင့်ထုထားသည် ထင်ရသည့် သူ့မုတ်ဆိတ်မွေးများကလည်း လိုက်၍

ခေါင်းညိတ်သည်။ ထို့နောက် ဖြူဖွေး၍ အစ်နေ သည့် သူ့လက်ကို ကမ်းပေးသည်။ လက်ချောင်းများပေါ်တွင် ပတ်ထားသည့် ရွှေလက်စွပ်များကို မြင်ရသည်။

ကလင်းကော့က မျက်လုံးကို မှိတ်ပြီးကာ အပြင်သို့ထွက်ရန် ပြင်လိုက်သည်။

"ဒီကောင် တော်တော်သတ္တိကြောင်တဲ့ကောင်ပဲ၊ ခုတော့ ဘယ်သူ့ကိုမှ ကြောက်စရာ မလိုတော့ပါဘူး ကွ၊ မင်းဟာ ဇာဘုရင်မင်းမြတ်ရဲ့ အမှုတော်ထမ်းဖြစ်ပြီ၊ ဘယ်သူ့ကိုမှ ကြောက်စရာ မလိုတော့ဘူး၊ ခုအချိန်ကစပြီး မြေကြီးမာမာပေါ်မှာ ရပ်နိုင်ပြီ၊ ကြားလား"

ဆရာကြီးက အသံစူးစူးဖြင့် ရယ်၍ပြောသည်။

အပြင်လမ်းမပေါ်ရောက်တော့ ကလင်းကော့ အသက်ကိုပင် ဝဝမရှူနိုင်၊ ဒယီးဒယိုင် လျှောက်လာ ကာ လမ်းတွင် လဲကျတော့မည်ကဲ့သို့ ဖြစ်သေးသည်။ ပြိုရ်တာက သူ့ကုတ်အင်္ကျီကော်လာကို ထောင်လိုက်ရင်း မြင်းရထားတစင်းကို လှမ်းခေါ်လိုက်သည်။

"တို့အိမ်ကို သွားမယ်"

အေးဆေးစွာ ပြောသည်။ ကလင်းကော့သည် မျက်လုံးကို ထောင့်ကပ်ပြီး သူ့ကို ကြည့်လိုက်၏။ လန့်သွားကာ ယောင်မအော်မိရန် မနည်းသတိထားလိုက်ရသည်။ စောစောက ပြောင်တင်းနေသည့် သူ့မျက်နှာပေါ်တွင် မုတ်ဆိတ်မွေးတွေ ပေါက်နေပြီ။

"ဟေ့ကောင်၊ ဘာစိုက်ကြည့်နေတာလဲ"

ကလင်းကော့ ကြည့်နေသည်ကို မကြိုက်သည့်ဟန်ဖြင့် ခပ်ဆတ်ဆတ် ငေါက်လိုက်သည်။

ကလင်းကော့သည် သူ့ဆရာသစ်ကို နောက်ထပ် လှည့်မကြည့်မိစေရန် ခေါင်းကို ငုံ့ထားလိုက်သည်။ ပြိုရ်တာက နှုတ်ခမ်းကိုကိုက်၊ မျက်မှောင်ကိုချီကာ လက်ချောင်းများကိုချိုး၍ တစုံတရာကို ရေရွတ် နေသည်။ တချီတချီတွင် စိတ်တိုလာဟန်ဖြင့် 'ဟေ့ ရထား၊ မြန်မြန်မောင်းစမ်း' ဟု ဒေါသတကြီးဖြင့် လှမ်းအော်သည်။

မိုးပေါက်များနှင့် နှင်းမိုးများသည် ရောထွေးနေကြ၏။ အေးလည်းအေးသည်။ မြင်းလှည်းသည် တောင်စောင်းကြီးတခုအတိုင်း ပြေးဆင်းလာကာ နက်မှောင်သည့် လှိုဏ်ကြီးတခုထဲသို့ ဝင်သွားသည် ဟု ထင်ရ၏။

သုံးထပ်တိုက်ကြီး တလုံးရှေ့သို့ ရောက်သည့်အခါတွင် မြင်းလှည်းကို ရပ်လိုက်သည်။ မည်းမှောင် သည့် ပြတင်းပေါက်တန်း သုံးတန်းအနက် တချို့တလေသာ မီးလင်းနေသည်။ မိုးစက်များသည် တံစက်မြိတ်မှ ကျနေကြသည်။

"သွား၊ အပေါ်ကိုတက်"

ပြိုရ်တာက အမိန့်ပေးသည်။ သူ့မျက်နှာတွင် မုတ်ဆိတ်မရှိတော့။ လှေကားအတိုင်း တက်လာခဲ့ကြ ပြီး စင်္ကြံရှည်ရှည်ကြီးအတိုင်း လျှောက်လာခဲ့ကြသည်။ ဆေးဖြူသုတ် အခန်းတံခါးများသည် ပိတ်လျက်သား ရှိကြ၏။ အကျဉ်းထောင်ကြီးတခုလောဟု ကလင်းကော့ တွေးမိသည်။ သို့ရာတွင် ကြက်သွန်ကြော်သည့် အနံ့ရသဖြင့် အကျဉ်းထောင် မဟုတ်တန်ရာဟု အောက်မေ့မိသည်။ ထိုအခါ ကျမှ သူ့စိတ်တွင် သက်သာရာရသွားသည်။ ပြိုရ်တာက တံခါးဖြူဖြူတခုကို လျင်မြန်စွာ ဖွင့်လိုက်ပြီး မီးပွင့်နှစ်ပွင့်ကို ဖွင့်လိုက်သည်။ ထို့နောက် အခန်းထောင့်များကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"တယောက်ယောက်က မင်းကိုမေးရင် ငါ့ညီဝမ်းကွဲလို့ပြော၊ ဇာကိုလိုက လာပြီး အလုပ်ရှာတယ်လို့ ပြော၊ မှတ်မိတယ်နော်၊ တခြားဘာတွေမှ လျှောက်ပြောမနေနဲ့"

ပြိုရ်တာက ဦးထုပ်နှင့် ကုတ်အင်္ကျီကို ခပ်သုတ်သုတ်ချွတ်ရင်းပြောသည်။ ပြိုရ်တာကို ကြည့်ရသည် မှာ တစုံတရာကို စဉ်းစားနေပုံရ၏။ မျက်လုံးများကလည်း ရွှင်လန်းခြင်း မရှိ၊ စကားပြောလျှင်လည်း ခပ်တိုတို ခပ်ပြတ်ပြတ်။ သို့ရာတွင်လည်း နှုတ်ခမ်းများသည် စကားပြောတိုင်း ရွဲ့နေကြသည်။ ခေါင်းလောင်းကိုနှိပ်ပြီး အပြင်ဘက်သို့ ခေါင်းထွက်ကြည့်နေသည်။

"လက်ဖက်ရည်မရဘူးလားဟေ့"

ကလင်းကော့သည် အခန်းထောင့်တခုတွင် ရပ်ရင်း အခန်းပတ်ပတ်လည်ကို စိတ်မသက်မသာ ကြည့်မိသည်။ တစုံတရာကို ငံ့သည်။ သို့ရာတွင် မည်သည့်အရာမှန်း သူမသိ။

"မင်း အင်္ကျီကိုချွတ်လိုက်ဦးလေ၊ ပြီးတော့ ဟိုမှာထိုင်၊ ဟိုဘက်ကအခန်းမှာ မင်းနေရမယ်"

ပြိုရ်တာက ပြောပြောဆိုဆို ဖဲကစားသည့်စားပွဲကို ခင်းလိုက်သည်။ အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ် တအုပ်နှင့် ဖဲထုပ်တထုပ်ကို ထုတ်လိုက်ပြီး လေးအိမ်စာအတွက် ဖဲချပ်များကို ဝေနေသည်။ ထို့နောက် ဖဲဝေရင်း ကလင်းကော့ကို မကြည့်ဘဲ

"မင်း နားလည်ထားရမှာက တို့အလုပ်ဟာ လျှို့ဝှက်လုပ်ငန်း၊ ဒီတော့ ဘာလုပ်လုပ် အဖုံးအကွယ်နဲ့ လုပ်ရမယ်၊ ဒီလိုမလုပ်ရင် လူးကစ်ကို သတ်သလို တို့ကိုလည်း သတ်လိမ့်မယ်"

"လူးကစ်က အသတ်ခံရတာလား"

ကလင်းကော့က ခပ်တိုးတိုးမေး၏။

"အင်း"

ပြိုရ်တာက အရေးမကြီးသည့်ဟန်ဖြင့် ဖြေသည်။ ထို့နောက် ကလင်းကော့ကိုမကြည့်ဘဲ

"ရော့ ဖဲဝေစမ်း၊ ဂိမ်းမှတ်ကို နှစ်ထောင်ထားမယ်၊ ငါ့လက်ထဲမှာ တစ်ရယ်၊ ဟတ်ခုနစ်ရယ်၊ ကလပ်ကွင်းရယ် ကိုင်ထားမယ်"

ပြိုရ်တာက မှတ်စုစာအုပ်ထဲတွင် တစုံတရာ မှတ်သည်။ ခေါင်းကို ငုံ့ထားရင်း အသံနှစ်မျိုးဖြင့် စကား ပြောသည်။ ဖဲအကြောင်းပြောသည့်အခါတွင် အသံကတမျိုး၊ ကလင်းကော့အား အလုပ်ကိစ္စ အကြောင်းကို ညွှန်ကြားသည့်အခါတွင် အသံကတမျိုး။

"တော်လှန်ရေးသမားဆိုတာ ဇာဘုရင်နဲ့ ဘာသာတရားအဖွဲ့ ရန်သူတွေ၊ (ဒိုင်ယာမွန် တဆယ်၊ ဒိုင်ယာမွန် သုံး၊ စပိတ်ဂျက်ရယ်) ဒီကောင်တွေဟာ ဂျာမန်တွေဆီက ငွေတွေယူပြီး ရုရှားပြည်ကြီးကို ဖျက်ဆီးနေကြတာ၊ ငါတို့ ရုရှားလူမျိုးဟာ ကိုယ့်ပြည်တွင်းမှာ ကိုယ်ဖူလုံအောင် ဖန်တီးနိုင်တယ်၊ (ကေရယ်၊ ငါးရယ်၊ ကိုးရယ်) ဟောဒီ ဂျာမန်တွေကတော့"

ပြိုရ်တာ၏ မျက်လုံးများသည် ချက်ချင်း တောက်ပလာကြ၏။ သူ့မျက်နှာကလည်း တမုဟုတ်ချင်း ဝင်းထိန်လာသည်။

"ငါပြောနေတာ ဂျာမန်တွေအကြောင်းနော်၊ ဂျာမန်တွေက အင်မတန် လောဘကြီးတဲ့ကောင်တွေ၊ ဒီကောင်တွေဟာ ရုရှားပြည်သူတွေရဲ့ရန်သူ ဖြစ်တယ်၊

ဒီကောင်တွေဟာ တို့တိုင်းပြည်ကြီးကို လိုချင် နေကြတယ်။ တို့ဝယ်သမျှကုန်တွေကို သူတို့ဆီက ဝယ်စေချင်ကြတယ်၊ သဘောကတော့ ငါတို့ စားမယ့် ပေါင်မုန့်ကို သူတို့ကို ပေးရမယ်ဆိုတဲ့သဘောပဲ။ ဒီကောင်တွေမှာ တို့လို ပေါင်မုန့် ဖောဖောသီသီ မရှိဘူး၊ (ဒိုင်ယာမွန်ကွင်းနော်၊ ဟုတ်ပြီ ပြီးတော့ ဟာတ်နှစ်ရယ်၊ ကလပ်တဆယ်ရယ်)

သူက မျက်လုံးများကို မှေးပြီး မျက်နှာကြက်ကိုကြည့်ရင်း ဖဲကို ကုလားဖန်ထိုးနေသည်။

"တကယ်ကတော့ နိုင်ငံအားလုံးက တို့ရုရှားပြည်ကြီးရဲ့သြဇာနဲ့ သဘာဝပစ္စည်းတွေကို မက်မောနေ ကြတယ်၊ တို့တိုင်းပြည်ထဲမှာ ဆူဆူပူပူ ဖြစ်စေချင်နေကြတယ်၊ ဇာဘုရင်ကို ဖြုတ်ချချင်နေကြတယ်၊ (တစ်သုံးလုံးနော်) တို့တိုင်းပြည်ကို လုယူချင်နေကြတယ်၊ တို့တိုင်းသူပြည်သားတွေကို အုပ်စိုးချင်နေကြတယ်၊ ဒီလိုဖြစ်တာမျိုးကို မင်း လက်ခံနိုင်မလား"

"ဘယ်လက်ခံနိုင်မလဲ"

ကလင်းကော့က ပြောလိုက်သည်။ စင်စစ် သူပြောသည့်စကားများကို တလုံးမျှ နားမလည်။ ကလင်းကော့သည် လှုပ်ရှားနေသော သူ့လက်ချောင်းများကို ငေးကြည့်နေလေသည်။

"ဟုတ်တယ်၊ ဒီလိုဖြစ်တာကို ဘယ်သူမှ လက်မခံနိုင်ဘူး၊ ရုရှားလူမျိုးတယောက်အနေနဲ့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ ဒါကြောင့် မင်းအနေနဲ့ တော်လှန်ရေးသမားတွေကို တိုက်ရမယ်၊ နိုင်ငံခြားသူလျှိုတွေကို တိုက်ရမယ်၊ ရုရှားပြည်ကြီးရဲ့လွတ်လပ်ရေးကို ခိုင်မြဲအောင် ကာကွယ်ရမယ်၊ ဇာဘုရင်မင်းမြတ်ရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်ရမယ်၊ ဘယ်လိုကာကွယ်ရမယ် ဆိုတာတော့ နောင် သိလာမှာပေါ့၊ အဲ တခုတော့ ရှိတယ်၊ ဘယ်တော့မှ အိပ်ငိုက်မနေနဲ့၊ အထက်က ပေးတဲ့ အမိန့်တွေကို တိတိကျကျ လိုက်နာ၊ ငါတို့လို အလုပ်မျိုးကို လုပ်တဲ့လူဆိုတာ မျက်နှာတွင် မျက်စိရှိရုံနဲ့ မလုံလောက်ဘူး၊ နောက်စေ့မှာလည်း မျက်စိရှိရမယ်၊ မရှိသေးရင်လည်း ရှိအောင် လုပ်ရမယ်၊ (စပိတ်တစ်၊ ဒိုင်ယာမွန်ခုနစ်၊ စပိတ် တဆယ်)"

တံခါးခေါက်သံ ပေါ်လာသည်။

"ဖွင့်လိုက်လေ"

ဆံပင်နီနီကောက်ကောက်နှင့် လူတယောက် လက်ဖက်ရည်ဗန်းကို ကိုင်၍ ဝင်လာသည်။

"အိုင်ဗင်ရေ၊ ဒါ ငါ့ညီဝမ်းကွဲပဲကွ၊ ဒီမှာ ငါနဲ့အတူလာနေတာ၊

ဟိုဘက်ကအခန်းကို ရှင်းထားလိုက် နော်”

“မစ္စတာဇီးဟော့ ရောက်နေတယ်” ဟု ခပ်တိုးတိုး ပြောသည်။

“မူးလာသလား”

“နည်းနည်းတော့ မူးလာတယ်၊ သူက ဆရာနဲ့ တွေ့ချင်လို့တဲ့”

“ဟော့ ကလင်းကော့ လက်ဖက်ရည်သောက်လေကွာ”

အစေခံထွက်သွားသည့်အခါတွင် ပြိုရ်တာက ပြောလိုက်သည်။

“ဟောဟိုပေါ်မှာ ဖန်ခွက် ရှိတယ်၊ ပုလိပ်ဌာနမှာ လုပ်တုန်းက လခ ဘယ်လောက်ရသလဲ”

“ကိုးကျပ်”

“မင်းမှာ ခု ပိုက်ဆံမရှိတော့ဘူးပေါ့”

“မရှိတော့ဘူးဆရာ”

“မင်း နည်းနည်းပါးပါး လိုမှာပေါ့၊ အဝတ်အစားသစ်လည်း ချုပ်ရဦးမယ်၊ နေရာတကာမှာ ဒီအဝတ်အစားကိုချည်း ဝတ်သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ မင်းမှတ်ထားဖို့က လူတိုင်းကို မင်းက သတိပြုရမယ်၊ လူတွေက မင်းကို သတိမပြုမိစေရဘူး”

ပြိုရ်တာသည် ပါးစပ်က တဖွဖွပြောရင်း ဖဲပွင့်များကို ရေနေသည်။ ကလင်းကော့သည် လက်ဖက်ရည် သောက်ရင်း တနေ့တာ တွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်စဉ်းစားနေသည်။ သို့ရာတွင် စဉ်းစား၍မရ။ သူ့ ဦးနှောက်သည် ရှုပ်ထွေးလျက်ရှိ၏။ သူ့တကိုယ်လုံး ခိုက်ခိုက်တုန်စ ပြုလာကာ လက်တွေပါ တုန်ယင်လာ၏။ ထောင့်လေးတထောင့်ထဲတွင် လဲလျောင်းကာ မျက်စိများကိုမှိတ်ပြီး အေးအေးသက်သာ နေချင်လှပြီ။ သူ တခါမှ မကြားဖူးသည့် စကားလုံးများသည် သူ့ခေါင်းထဲတွင် ရောထွေးနေသည်။

အပြင်ဘက်မှ ခပ်ပြင်းပြင်း တံခါးခေါက်သံ ပေါ်လာသည်။ ပြိုရ်တာက ခေါင်းကို မော့လိုက်ပြီး

“ဘယ်သူလဲဟေ့၊ ရှာရှာလား”

“ဟုတ်တယ်၊ မြန်မြန်တံခါးဖွင့်စမ်းပါ”

အပြင်ဘက်မှ စိတ်ဆိုးမာန်ဆိုးနှင့် ပြောသံပေါ်လာသည်။ ကလင်းကော့က သွား၍ တံခါးဖွင့်ပေး လိုက်သည့်အခါတွင် အရပ်ရှည်ရှည်၊ မုတ်ဆိတ်မည်းမည်းနှင့် လူတယောက် တံခါးဝတွင် မားမားကြီး ရပ်နေသည်ကို မြင်ရသည်။ နှုတ်ခမ်းမွေးက သူ့မေးဖျားအထိ ကျနေသည်။ သူ့နှုတ်ခမ်းမွေးများက သန်သန်ကြမ်းကြမ်းကြီးတွေ၊ ဦးထုပ်ကို ချွတ်လိုက်သည့်အခါတွင် ပြောင်တင်းသော ခေါင်းကြီး ပေါ်လာသည်။ ဦးထုပ်ကို အိပ်ရာပေါ်သို့ ပစ်တင်လိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အားရပါးရ ပွတ်နေသည်။

"ခင်ဗျားဦးထုပ်က စိုရွှဲနေတာ အိပ်ရာပေါ် ပစ်တင်ရသလားဗျ"

ပြိုရ်တာက ပြောသည်။

"အိုး၊ ခင်ဗျားအိပ်ရာက ဘယ်လောက်များ အရေးကြီးလို့လဲ"

"ကလင်းကော့ရေ ကုတ်အင်္ကျီကို တနေရာမှာ ချိတ်ပေးလိုက်စမ်းကွာ"

ဧည့်သည်က ရှည်လျားသည့်ခြေနှစ်ဖက်ကို ဆန့်တန်း၍ ထိုင်လိုက်ပြီး စီးကရက်တလိပ်ကို ဖွာနေ သည်။

"သူက ဘယ်ကလဲ"

"ကျုပ်ညီဝမ်းကွဲပါ"

"ဒါဖြင့် ဆွေမျိုးတွေပေါ့၊ အရက်ကလေးဘာလေး မရှိတော့ဘူးလား"

ပြိုရ်တာက အရက်ပုလင်းနှင့် အမြည်းများကို ကလင်းကော့အား အယူခိုင်းလိုက်သည်။ ကလင်းကော့က ယူပေးပြီး စားပွဲတွင် ဝင်ထိုင်လိုက်၏။ သူ့မျက်နှာကို ဧည့်သည် ကောင်းစွာ မမြင်နိုင်ရန် လက်ဖက်ရည်ကရားကြီးကို ကွယ်၍ ထိုင်ခြင်းဖြစ်သည်။

"ဘယ်လိုလဲ ဖဲသုံးချပ်ဆရာကြီးရဲ့၊ အလုပ်အကိုင် ဘယ့်နှယ်နေသလဲ"

ထိုလူက ဖဲချပ်များကို မေးငေါ့၍ မေးလိုက်သည်။ ပြိုရ်တာက ကုလားထိုင်မှ ထလိုက်ရင်း

"လျှို့ဝှက်ချက်ကိုတော့ တွေ့ပြီဗျ၊ သိလား"

"တွေ့ပြီ၊ ဟုတ်လား"

ဧည့်သည်က ခပ်လှောင်လှောင်ရယ်၍ မေးသည်။

ပြုံရိုတာက မှတ်စုစာအုပ်ကို ထုတ်လိုက်ပြီး

"ဗျို့ လူ၊ ဒီမှာ ဆယ့်ခြောက်လက်၊ ဆယ့်ခြောက်လက် ကစားရင် ဒီဖဲလည်း ပြန်လာတာပဲ၊ ခု ကျုပ်ဘာသာကျုပ် ဆယ့်ခြောက်လက် ဆယ်ခါ ကစားပြီးပြီ။ ဒီအတိုင်းပဲ ပြန်ကျတာပဲ"

"ခင်ဗျားကတော့ ဒီလိုနဲ့ သေမယ့်လူ"

ညွှံ့သည်က ခပ်လှောင်လှောင်ပြောသည်။

"ခင်ဗျား မယုံရင် စမ်းကြည့်လေ၊ ကစားရင် အလက်ကို မှတ်ထားရုံပဲဗျ၊ ပထမကျတာ စပိတ် တစ်ရယ်၊ ဒိုင်ယာမွန်ခုနစ်ရယ်၊ ကလပ်တဆယ်ရယ်၊ ဒုတိယကျတာက ဟတ်ကင်းရယ်၊ ကလပ် ကွင်းရယ်၊ ဟတ်ခုနစ်"

ပြုံရိုတာက မှတ်စုစာအုပ်ကို လှန်၍ ဖတ်ပြနေသည်။ သူ့နားထင်တွင် ချွေးသီးတွေ သီးနေ၏။ သူ့မျက်နှာသည် ပျော့ပျောင်းချိုသာလျက်ရှိ၏။

လက်ဖက်ရည်ကရားကို ကွယ်၍ ကလင်းကော့သည် ညွှံ့သည်ကို စူးစိုက်ကြည့်နေသည်။ သူ့မျက်လုံးများက နီရဲနေသည်နှာခေါင်းက ဖူးရောင်နေသလို ပွနေသည်။ ဝါကြန့်သည့် နဖူးပေါ်တွင် ဝက်ခြံများသည် နားထင်တဖက်မှ အခြားနားထင်တဖက်သို့တိုင်အောင် ဗရပျစ် ပေါက်နေကြသည်။ သူ့ကိုယ်မှ အနံ့ကြီးသည် မကောင်းသည့် နိမိတ်တခုကို ခင်းနေသကဲ့သို့ ရှိသည်။

"ကြည့်ပါဗျ၊ ရှေ့လျှောက်ပြီး ကောင်းကောင်းကစားနိုင်ပါပြီ၊ အမှန်က ဖဲကို လိမ်ရိုက်စရာကို မလိုဘူး၊ ကိုယ်က အမှတ်သညာကောင်းဖို့ပဲ လိုတယ်၊ ဒီနည်းနဲ့မှတ်ပြီး ကစားနိုင်ရင် ဖဲလိမ်ရိုက်ရာလည်း မရောက်ဘူး၊ ဥပဒေအရလည်း ဘာမှ မလုပ်နိုင်ဘူး"

ပြုံရိုတာက သူ့ရင်ဘတ်ကို ထုပြပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ညွှံ့သည်က စီးကရက်ကို ထိုကြမ်းပြင်ပေါ်သို့ ပစ်ချ၍ နင်းခြေလိုက် ရင်း

"ဘယ်မှာလဲဗျ၊ အရက်လည်း မလာသေးပါလား"

ပြုံရိုတာက အရက်ပုလင်း အယူခိုင်းမည်အပြုတွင် တံခါးခေါက်သံ ပေါ်လာကာ အရက်ပုလင်း လာပို့ သည်။

"ခင်ဗျား ပြန်သောက်နေပြန်ပြီပေါ့"

ညွှံ့သည်က အရက်ပုလင်းကို လှမ်းယူလိုက်သည်။

“မသောက်ရသေးဘူးလေ၊ ခုမှ သောက်မလို့ရှိသေးတယ်”

“ခင်ဗျားကျန်းမာရေးနဲ့ သောက်ဖို့ မကောင်းတော့ပါဘူး”

“အရက်ကတော့ ကျန်းမာတဲ့လူအတွက်လည်း မကောင်းပါဘူး၊ ဒါပေမဲ့ အရက်သောက်ရင် စိတ်ကူး လို့ ကောင်းတယ်ဗျ၊ စိတ်ကူးလို့ မကောင်းရင် ခင်ဗျားလို ငတုံးကြီးဖြစ်နေမှာပေါ့”

“ကျုပ်အတွက် မစိုးရိမ်ပါနဲ့၊ ကျုပ်က မဖြစ်ပါဘူး”

“ဖြစ်မှာပါ၊ ကျုပ်က သင်္ချာနားလည်တယ်ဗျ၊ ခင်ဗျား ငတုံးကြီးဖြစ်မှာ"

“လူတိုင်းမှာ ကိုယ့်ဂဏန်းသင်္ချာနဲ့ ကိုယ်ပါဗျ"

ပြုံရတာက ခပ်ငေါက်ငေါက်ပြောသည်။

“တော်ပါတော့ဗျာ”

ရှာရှာက အရက်တကျိုက်ကို ကျိုက်လိုက်ပြီး ပေါင်မုန့်တဖဲ့ကို နမ်းနေသည်။ ပထမတခွက် ကုန်သွား သည့်အခါတွင် နောက်တခွက် ထပ်ငှဲ့သည်။ ထို့နောက် ခေါင်းငုံ့ကာ လက်နှစ်ဖက်ကို ဒူးပေါ်သို့ တင်လိုက်ရင်း

“ဒီနေ့ ကျုပ်ဆရာကြီးနဲ့ တွေ့တယ်ဗျ၊ ကျုပ်ကလည်း ‘ဆရာကြီး ကျွန်တော့်ကို အာဏာကုန် ပေးလိုက်ပါ၊ ဆရာကြီး လိုချင်နေတဲ့လူတွေရအောင် ကျွန်တော်လုပ်ပေးပါ့မယ်၊ ကျွန်တော် စာပေ အသင်းတသင်း ထောင်မယ်၊ ဆရာကြီးလိုချင်နေတဲ့လူတွေ အားလုံးမိအောင် ကျွန်တော် ထောင်ဖမ်း မယ်၊ တယောက်မကျန် မိရစေမယ်’ လို့ ပြောတယ်၊ ဒီတော့ ငနဲကြီးက ဘာပြောတယ်ထင်သလဲ၊ ရင်ဘတ်ကြီးကော့၊ ပါးကြီးကို ဖောင်းပြပြီး ‘ဟေ့ကောင်၊ ဘယ်ဟာကို ဘယ်လိုလုပ်ရတယ်၊ ဘာလုပ်ရတယ်ဆိုတာ မင့်ထက် ပိုသိတယ်’ တဲ့၊ သူဘာသိလို့လဲ၊ သူ့မယားငယ် နောက်မီးလင်းတာ၊ သူ့သမီး ကိုယ်ဝန်ဖျက်ချရတာတောင် မသိဘူး”

ရှာရှာက ဒုတိယခွက်ကို ကုန်အောင် မော့သောက်လိုက်ပြီး တတိယ ခွက်ကို ငှဲ့သည်။

“ဒီကောင်တွေကို အပြတ်ရှင်းပစ်ရမယ်၊ ဒီကောင်တွေကို အသက်ရှင်ခွင့် မပေးရဘူး၊ လောကမှာ ဆစ်ဖလစ်ရောဂါစွဲတဲ့ လူတွေအားလုံးကို သတ်ပစ်ရမယ်လို့ မိုးဆက်မောရှေက ပြောခဲ့ဖူးတယ်။ မောရှေပြောတုန်းက ကမ္ဘာမှာ လူဦးရေ ဒီလောက်မများသေးဘူး၊ ခု ကမ္ဘာမှာ လူဦးရေများပြီး ဒီကောင်တွေကို သတ်ပစ်လို့ကော ဘာအရေးလဲ၊ လူတွေအများကြီး ကျန်သေးတယ်၊ ကျုပ်သာ

အာဏာရရင် ဒီကောင်တွေ အားလုံးကို သတ်ပစ်မယ်”

“ခင်ဗျားကိုယ်ခင်ဗျား အရင်သတ်ရလိမ့်မယ်”

ရှာရှာက မည်သို့မျှမပြောဘဲ နှာခေါင်းကို ရှုံ့ချည်နှပ်ချည် ပြုနေသည်။

“ဟုတ်တယ်၊ ကျုပ်မှာသာ အာဏာရှိရင် လစ်ဘာရယ်တွေ၊ တော်လှန်ရေးသမားတွေ၊ မကောင်းတဲ့ မိန်းမတွေ၊ သူတို့အားလုံးကို သတ်ပစ်မယ်၊ သူတို့အလောင်းတွေကိုပုံ မီးလောင်တိုက်သွင်းပစ်ရမယ်၊ သူတို့သွေးတွေနဲ့ မြေကြီးကို ဖျန်းပြီး သူတို့အရိုးပြာတွေနဲ့ မြေသြဇာကျွေးပစ်မယ်၊ အဲဒီအခါမှာ ကမ္ဘာကြီးဟာလည်း ကောက်ပဲသီးနှံတွေ အထွက်ကောင်းလာလိမ့်မယ်၊ အစားအစာ ဝဝလင်လင် စားရတဲ့ လယ်သမားဟာ အစားအစာ ဂဂလင်လင် စားရတဲ့ အစိုးရကို မွေးလာလိမ့်မယ်၊ လူဟာ အဟိတ်တိရစ္ဆာန်ဗျ၊ စားကျက်ကောင်းကောင်း ရှိရမယ်၊ လယ်မြေကောင်းရှိရမယ်၊ ကျုပ်သာ အာဏာရရင် မြို့တွေကို ဖျက်ပစ်မယ်၊ အပေါယံ အတုအယောင်တွေ ရိုးသားစင်ကြယ်တဲ့ လူနေမှု ဘဝကို ဖျက်ဆီးတဲ့အရာတွေ မှန်သမျှကို ဖျက်ဆီးပစ်မယ်၊ လူတွေကို သိုးတွေလို ကျွဲနွားတွေလို ရိုးသားစွာ နေအောင်လုပ်မယ်၊ အပေါယံမှန်သမျှတွေကို ဖျက်ဆီးပစ်မယ်၊ အကုန်လုံး အဝီစိကို ပို့ပစ်မယ်”

သူ၏ ပြောင်မြောက်ချွန်ထက်သည့် စကားလုံးများသည် ကလင်းကော့၏အသည်းကို လာ၍ စူးကြ ၏။ စက်ဆုပ်ခြင်းဖြစ်မိ၏။ သူ့စကားများကို နားထောင်ရသည်မှာ နားခါးလှ၏။

“ငါ့ကိုခေါ်ပြီး သူပြောတဲ့အတိုင်း အလုပ်ခိုင်းရင် ဘယ်လိုနေမလဲ၊ ငါ့ကို ထောင်ဖမ်းဖို့များ ဒီစကား တွေကို ပြောနေတာလား၊ ငါ့ကို ဖမ်းကြတော့မယ်ထင်တယ်”

ကလင်းကော့သည် ထိုသို့တွေးရင်း တုန်လှုပ်ချောက်ချားစ ပြုလာသည်။

“ကျွန်တော် သွားရတော့မလား ဆရာ”

ကလင်းကော့က ပြုံရုံတာကို ခပ်တိုးတိုးမေးသည်။

“ဘယ်ကိုသွားမှာလဲ”

“ကျွန်တော် အိပ်ချင်ပြီ”

“ဒါဖြင့်လည်း သွားအိပ်ချင် အိပ်တော့လေ”

“သွား၊ သွား၊ အဝီစိကို ရောက်အောင်သွား”

ရှာရှာက မှုံးမှုံးဖြင့် အော်သည်။

ကလင်းကော့သည် တိတ်ဆိတ်စွာ အဝတ်အစားလဲသည်။ မှန်အိမ်ကိုပင် မထွန်းမိ။ အမှောင်ထဲတွင် စမ်း၍ ခုတင်ဆီသို့လျှောက်လာသည်။ အေးစက်စိုထိုင်းသည့် စောင်ခြုံထဲတွင် ဝင်၍ ကွေးလိုက် သည်။ ဘာကိုမျှလည်း မကြားချင်။ ဘာကိုမျှလည်း မမြင်ချင်။ သူ့ကိုယ်သူ မထင်ရှားသည် အစိုင်အခဲ ကလေးတခုအဖြစ် ကျုံ့ဝင်သွားချင်သည်။ ရှာရှာ၏ လှောင်ပြောင်သည့် စကားများကို သူ့နားထဲက မထွက်တော့။ သူ့အနံ့သည် နှာခေါင်းထဲမှာ စွဲကျန်ရစ်ခဲ့သည်။ ဝါကြန့်ကြန့်နဖူးပေါ်က ဝက်ခြံပြင်ကြီး ကိုလည်း မြင်ယောင်နေသည်။ အိမ်ရှေ့ညော့်ခန်းဘက်ဆီမှလည်း ကြားနေရသည်။

"ကျုပ်လည်း တောသား လယ်သမားပဲဗျ၊ ဘာလုပ်သင့်တယ်၊ ဘာလိုတယ်ဆိုတာ သိတာပေါ့"

အပြင်ဘက်မှ အသံဖြစ်သည်။ ကလင်းကော့သည် နားမထောင်လိုသည့်တိုင် နားစွင့်မိလျက်သား ဖြစ်နေသည်။ ရှာရှာသည် ဘယ်လိုလူစားနည်းဟု တွေးနေမိသည်။

အခန်းထဲတွင် အေး၍ မှောင်နေသည်။ အခန်းပြင်ဘက်မှ မီးရောင်သည် ရွှေ့လျားလျက်ရှိ၏။ မီးရောင်သည် တံခါးမကြီးဆီသို့ ရွှေ့သွားသည်။ တစုံတရာကို ခြစ်နေသံသည် တနေရာမှ ထွက်ပေါ် လာသည်။ လေပြင်းသည် ပြတင်းပေါက်များကို ပြင်းထန်သည့် မိုးပေါက်များဖြင့် ပက်လျက်ရှိ၏။

"ဘုန်းကြီးကျောင်းတကျောင်းကို သွားနေရရင်လည်း အကောင်းသား"

ကလင်းကော့ စိတ်ပျက်လက်ပျက်ဖြင့် တွေးနေသည်။ ရုတ်တရက် ဘုရားကို သတိရလာသည်။ မြို့ရောက်ကတည်းက ဘုရားစကား တရားစကားကို မကြားရသည်မှာ ကြာလှပြီ။ ကလင်းကော့ ကိုယ်တိုင်လည်း ဘုရားကို ကောင်းကောင်း သတိမရတော့။ သူ့ရင်ထဲတွင် ကြောက်စိတ်၊ နာကြည်း စိတ်တို့ဖြင့် ပြည့်နေသည့်အတွက် ဘုရားအဖို့လည်း နေရာရှိတော့မည် မထင်။ သို့တိုင်အောင် ကလင်းကော့၏ရင်ထဲတွင် ဘုရား၊ တရားကို ချက်ချင်း အမှတ်ရလာသည်။ ထိုအခါတွင် စိတ်ပျက် အားငယ်မှုတို့ လွင့်စဉ်သွားကာ ရင်ထဲတွင် နွေးလာသည်။ ကလင်းကော့သည် ခုတင်ပေါ်မှ ခုန်ဆင်း လိုက်ပြီး ကြမ်းပြင်တွင် ဒူးထောက်ထိုင်သည်။ မျက်လုံးကို မှိတ်၍ အခန်းထောင့်သို့ မျက်နှာမူကာ လက်အုပ်ချီသည်။ ဘုရားရှိခိုးကို ရွတ်ဆိုခြင်းမပြုဘဲ နှလုံးခုန်သံကို

နားစွင့်ထောင်သည်။ သို့ရာတွင် ကလင်းကော့ ပင်ပန်းပြီ၊ အေးလှပြီ။ အအေးဓာတ်သည် အပ်ဖျား အထောင် အသောင်းဖြင့် ဆွသလို သူ့အရေပြားထဲသို့ ထိုးဖောက်ဝင်နေသည်။ ခိုက်ခိုက်တုန်ချမ်းလျက် အိပ်ရာပေါ်သို့ ပြန်တက်ခဲ့သည်။

အိပ်ရာမှနိုး၍ သူ တိတ်ဆိတ်စွာ ဘုရားဝတ်ပြုရာ အခန်းထောင့်ကို ကြည့်လိုက်သည့်အခါ၌ ဘုရားစင်ကိုလည်း မတွေ့ရ။ နံရံပေါ်တွင် ပန်းချီကား နှစ်ကားကိုသာ တွေ့ရသည်။ တကားက ဦးထုပ်တွင် ငှက်တောင်စိမ်းစိုက်ထားသည့် မုဆိုးတယောက်က ဆူဖြိုးသည့် မိန်းကလေးတယောက် ကို နမ်းနေသည့်ဟန်။ နောက်တကားက ရင်အုံ ဟာလာဟင်းလင်းနှင့် မိန်းမတယောက်လက်တွင် ပန်းပွင့်တပွင့်ကို ကိုင်ထားလျက်။

ကလင်းကော့သည် သူ့အခန်းပတ်ပတ်လည်ကို စိတ်ဝင်စားခြင်းမရှိဘဲ လှည့်ကြည့်မိသည်။ မျက်နှာသစ်၊ အဝတ်အစားလဲပြီးနောက် ပြတင်းပေါက်တွင် ထိုင်နေသည်။ လမ်းမ၊ စကြံနှင့်တကွ အဆောက်အအုံများအားလုံးသည် ညစ်ပတ်နေကြသည်။ မြင်းများက ခေါင်းများကို လှုပ်ကာ လေးတိလေးကန် သွားနေကြသည်။ သံစွဲထားခြင်း မရှိသည့်နှယ် တလှုပ်လှုပ်ဖြစ်နေသည့် ရထား ထိုင်ခုံများတွင် ရထားသမားများက ပျင်းတိပျင်းတွဲ ထိုင်လာကြသည်။ သူတို့တကိုယ်လုံး နှင်းတွေ စိုရွှဲလျက်။ ထုံးစံအတိုင်း လူတွေက သုတ်သီးသုတ်ပျာ။

ကလင်းကော့ ဆာလာသည်။ သို့ရာတွင် မနက်စာ လက်ဖက်ရည်ကို မည်သူ့ထံ တောင်းရမည် မသိ။ ကျောက်တုံးကြီးတလုံးလို မလှုပ်မယှက် ထိုင်နေသည်။ နံရံတဖက်က ခေါက်သံကို ကြားတော့မှ ထလာကာ ပြိုရ်တာ၏ အခန်းထဲသို့ ဝင်လာခဲ့သည်။

"လက်ဖက်ရည်သောက်ပြီးပြီလား၊ မသောက်ရသေးရင် တောင်းသောက်ချည်လေ"

ပြိုရ်တာက အိပ်ရာမှ မထသေးဘဲ လှမ်းပြောသည်။ ခြေထောက်များကို စောင်ထဲမှထုတ်ပြီး ကိုယ်ကို တွန့်လိမ်နေလေသည်။

"ခဏရင်လည်း နေဦးလေ၊ ငါနဲ့အတူတူသောက်ပြီး တနေရာ သွားကြတာပေါ့၊ ငါ မင်းကို လူတယောက် ပြမယ်၊ သူ့ကို လိုက်ပေတော့၊ သူသွားတဲ့နေရာကို မင်း လိုက်ရမယ်၊ နားလည်လား၊ အိမ်တအိမ်ကို ဝင်ရင် သူဝင်တဲ့အချိန်ကို မှတ်ထားရမယ်၊ အဲဒီမှာ သူ ဘယ်လောက်ကြာကြာ နေသလဲဆိုတာကိုလည်း မှတ်ရမယ်၊ သူ ဘယ်သူ့ဆီသွားသလဲဆိုကာကိုလည်း မှတ်ရမယ်၊ အိမ်ကထွက်ပြီး လမ်းမှာ လူတယောက်နဲ့တွေ့ရင် အဲဒီလူရဲ့ပုံပန်းသဏ္ဌာန်ကိုလည်း မှတ်ထားရမယ်၊ မင်း အားလုံးနားလည်ဦးမှာ မဟုတ်သေးပါဘူး၊ ဒီလောက်ပဲ မှတ်ထားဦးပေါ့"

ပြုံရိတာက ကလင်းကော့ကိုကြည့်ပြီး ခပ်တိုးတိုး လေချွန်လိုက်သည်။

"မနေ့ညက ရှာရှာဆိုတဲ့လူ ဘာတွေလျှောက်ပြောနေမှန်း မသိဘူး၊ သူပြောတာတွေကို တခြားလည်း လျှောက်ပြောမနေနဲ့ဦးနော်၊ ဒီငနဲစိတ် တော်တော်ရယ်၊ ပြီးတော့ အရက်ကလည်း မူးနေသေးတယ်၊ ဒါပေမဲ့ သူ့ကို အထင်သေးလို့တော့ မရဘူးနော်၊ သူ့ကို သွားမစမ်းနဲ့။ သူ့ကို သွားစမ်းရင် မင်း ခံသွားရ လိမ့်မယ်၊ အစိမ်းလိုက် ဝါးစားပစ်မှာ။ အဲဒါ မြဲမြဲမှတ်ထား၊ တခါတုန်းကတော့ သူလည်း ကျောင်းသား တယောက်ပဲ၊ ကျောင်းသားတွေအကြောင်း အူမချေးခါးမကျန် သိတာပေါ့၊ နိုင်ငံရေးလှုပ်ရှားမှုနဲ့ ထောင် ထဲတောင် ရောက်ခဲ့သေးတယ်၊ ခုတော့ သူက တလကို တရာ ရတယ်"

အိပ်ရာထစ ဖောင်းအစ်အစ်ဖြစ်နေသည့် သူ့မျက်နှာကြီးသည် ချက်ချင်း မှုန်ကုပ်သွား၏။ အဝတ်အစား လဲပြီးနောက် စိတ်ပျက်ညည်းညူသံဖြင့်

"တို့အလုပ်ကလည်း ပေါ့သေးသေး မအောက်မေ့နဲ့နော်၊ တချီတည်းနဲ့ ကိုယ်လိုချင်တဲ့ လူအားလုံးကို ဖမ်းနိုင်ရင်တော့ ကိစ္စမရှိဘူး၊ အဲ မဖမ်းနိုင်ရင်တော့ မင်း ခြေလှမ်းတလှမ်းတိုင်း ထောင်ချောက်တွေ က ရာချီပြီးရှိတယ်။ တစ်ခါတလေ ရာတောင်မကဘူး၊ ထောင်ချီရှိတယ်"

မနေ့ညနေတုန်းက ကလင်းကော့ စိတ်လှုပ်ရှားနေသည်။ သို့တိုင် ပြုံရိတာ၏ စကားများသည် စိတ်ဝင်စားဖွယ် ကောင်းနေသေး၏။ သို့ရာတွင် သူ၏ လှုပ်ရှားမှု၊ စိတ်ပျက်လက်ပျက် ညည်းညူသံ တို့ကို ကြားလိုက်ပြီးသည့်နောက် သူနှင့်ပတ်သက်သည့် အထင်ကြီးမှုသည် ပျောက်သွားပြီ။ ကလင်းကော့သည် ရဲတင်းလာသည်။

"တနေ့လုံး လမ်းမှာ လျှောက်သွားနေရမှာလား"

ကလင်းကော့က အရဲစွန့်၍ မေးသည်။

"တစ်ခါတလေကျတော့ ညပါ ထွက်ရတယ်၊ ချမ်းချမ်းစီးစီး ရေခဲထဲမှာ သွားရတာ၊ တို့လုပ်ငန်းကို တီထွင်ခဲ့တဲ့သူဟာ ဘီလူးသဘက်ပဲ ဖြစ်ရမယ်"

"သူတို့အားလုံးကို ဘယ်တော့မှ ဖမ်းမိမှာလဲ"

"ဘယ်သူတွေလဲ"

"ရန်သူတွေပေါ့"

"အဲဒီသူတွေကို တော်လှန်ရေးသမားတွေနဲ့ နိုင်ငံရေးပြစ်မှု ကျူးလွန်သူလို့ ပြောရတယ်၊ သူတို့အားလုံးကိုတော့ ဘယ်တော့မှ မိမှာမဟုတ်ဘူး၊

မွေးလာကတည်းက အမြွှာတွေများ မွေးလာ သလား မသိဘူး"

လက်ဖက်ရည်သောက်ချိန်ကျတော့ ပြိုရတာက သူ့မှတ်စုစာအုပ်ကို ထုတ်၍ကြည့်သည်။ ရုတ်တရက် ထိတ်လန့်သွားသည့်နှယ် ကုလားထိုင်မှ ထ၍ ခုန်လိုက်ပြီး ဖဲထုပ်ကို ဖြန့်ချလိုက်သည်။

"အလက်ပေါင်း တထောင်နှစ်ရာဆယ့်ခြောက်ရှိပြီ။ စပိတ်သုံး၊ ဟတ် ခုနစ်နဲ့ ဒိုင်ယာမွန် တစ်"

အိမ်မှမထွက်မီ ပြိုရ်တာသည် အနက်ရောင်ကုတ်အင်္ကျီကို ဝတ်၍ မွေးပွဦးထုပ်ကို ဆောင်းထား သည်။ ချိုင်းကြားတွင် သားရေလက်ဆွဲအိတ်တလုံးကို ညှပ်ထား၏။ အစိုးရအရာရှိတယောက်ဂိုက် ပေါက်နေသည်။

သူက လေသံခပ်မာမာဖြင့်

"လမ်းကျရင် ငါ့နောက်က ကပ်မလိုက်နဲ့၊ ငါ့ကိုလည်း စကားတခွန်းမှ မပြောနဲ့၊ ငါ အိမ်တအိမ်ထဲကို ဝင်မယ်၊ မင်းက နောက်ဖေး အစေခံတန်းလျားကိုသွား၊ တီမိုဖိကို လာစောင့်တာလို့ပြော၊ ငါ မကြာခင် ပြန်ထွက်ခဲ့မယ်"

လမ်းမက လူအုပ်ထဲရောက်သည်တွင် မျက်ခြည်ပြတ်သွားမည်စိုးသည့်အတွက် ကလင်းကော့သည် ပြိုရ်တာကို စိုက်ကြည့်လာခဲ့သည်။ သို့ရာတွင် ကြည့်နေသည့်ကြားက ပြိုရ်တာသည် ချက်ချင်း ပျောက်သွား၏။ ကလင်းကော့ စိတ်ပျက်သွားသည်။ ထို့ကြောင့် ရှေ့သို့ ခပ်သုတ်သုတ် လိုက်လာပြီး ဓာတ်မီးတိုင်တတိုင်နားအရောက်၌ ရပ်လိုက်သည်။ မျက်နှာချင်းဆိုင် အိမ်ကြီးတအိမ်၏ ပြတင်းပေါက်တွင် သံတိုင်တွေ ကာထားသည်။ ခန်းဆီးအနက်တွေကို ကာထားသဖြင့် အတွင်းသို့ မမြင်ရ။ ဝင်းဝမှ လှမ်းကြည့်လိုက်သည့်အခါတွင် ကျောက်တုံးတွေ ခင်းထားသည့် အုပ်အုပ်ဆိုင်းဆိုင်း ဝင်းကြီးကို မြင်ရ၏။ ကလင်းကော့ အထဲသို့ မဝင်ရဲ။ ခြေတဖက်နှင့် တဖက် ပြောင်းထောက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

မုတ်ဆိတ်နီနီနှင့် လူတယောက်သည် ဝင်းထဲမှ ခပ်သုတ်သုတ် ထွက်လာသည်ကို မြင်လိုက်ရသည်။ အင်္ကျီက ခပ်တိုတို၊ ကက်ဦးထုပ်တလုံးကို နဖူးပေါ်ကျသည်အထိ ခပ်ငိုက်ငိုက် ဆောင်းထားသည်။ သူက ကလင်းကော့ကို မျက်စိတဖက် မှိတ်ပြလိုက်ပြီး အသံခပ်တိုးတိုးဖြင့်

"နောက်ဖေး အစေခံတန်းလျားကို သွားလေ"

"ကျွန်တော် ဆရာ့ကို မျက်ခြည်ပြတ်သွားလို့"

"တော်တော်ခက်တဲ့ကောင်ပဲ၊ ဒုက္ခတော့ ရောက်တော့မှာပဲ၊ သတိလေး ဘာလေးလည်း ထားပေါ့ကွ၊ သေသေချာချာ နားထောင်၊ ဒီက သုံးဝင်းကျော်မှာ အစိုးရ မြူနီစီပယ်ရုံးရှိတယ်၊ မကြာခင် အဲဒီရုံးထဲ က လူတယောက် ထွက်လာလိမ့်မယ်၊ သူ့နာမည်ကို မှတ်ထား၊ ဒီမီထရီကိုနိုကော့တဲ့၊ ကောင်းကောင်း မှတ်ထားနော်၊ လာ လိုက်ခဲ့၊ ငါ ပြထားမယ်"

မိနစ်အတန်ကြာသည့်အခါတွင် ကုတ်အင်္ကျီ ခပ်စုတ်စုတ်၊ ဦးထုပ်ခပ်ဟောင်းဟောင်း တလုံးကို ဆောင်းထားသည့် လူတယောက်နောက်သို့ ခွေးငယ်တကောင်သဖွယ် တကောက်ကောက် လိုက်နေ သည့် ကလင်းကော့ကိုမြင်ရသည်။ ထိုလူက အရပ်မြင့်မြင့်၊ ခပ်ဝဝ။ တုတ်ကောက်ကို တဒေါက်ဒေါက် ထောက်ကာ ပလက်ဖောင်းပေါ်တွင် ခပ်သုတ်သုတ် လျှောက်သွားနေသည်။ အဖြူရောင်လဲ့လဲ့ ပြေးနေသည့် ဆံပင်ကောက်ကောက်များသည် ဦးထုပ်အောက်မှ ပြူထွက်ကာ နားရွက်ပေါ်သို့ ဝဲကျနေကြ၏။

ကလင်းကော့က လူများကို သနားသွားသည်။ ဤသို့ သနားသည့်စိတ်မျိုး သူ့တွင် ပေါ်ခဲဘိခြင်း။ ကလင်းကော့သည် တဖက် ပလက်ဖောင်းသို့ ခြေလှမ်းစိပ်စိပ်ဖြင့် ကူးသည်။ တဖန် ဤဘက်သို့ ပြန်ကူးလာကာ ထိုလူနှင့် မျက်နှာချင်းဆိုင်မှ လျှောက်လာသည်။ လမ်းလျှောက်ရင်း ကြောက်ချွေး ပေါက်ကြီးများသည် နဖူးပြင်တွင် သီးစပြုလာသည်။ ထိုလူမှာ မုတ်ဆိတ် ကောင်းကောင်း၊ မျက်ခုံး ထူထူ၊ မျက်လုံးပြာလဲ့လဲ့နှင့် ဖြစ်၍ တယောက်တည်း ပြုံးလာ၏။ နှုတ်ခမ်းတရွရွ လှုပ်လာသည်ကို ထောက်လျှင် သီချင်းတပုဒ်ကို ညည်းလာဟန်တူသည်။ သို့မဟုတ် တယောက်တည်း စကားပြောလာ ခြင်းလည်း ဖြစ်နိုင်သည်။

ကလင်းကော့သည် ရပ်၍ နဖူးမှ ချွေးသီးကြီးများကို လက်များဖြင့် သုတ်လိုက်သည်။ ထို့နောက် မျက်လွှာကို အောက်သို့ချကာ ထိုလူ့နောက်မှ လိုက်သည်။ မျက်ခြည်ပြတ်မသွားရုံ တချက်မျှသာ ဖော့ကြည့်သည်။ 'အင်း၊ ကြည့်ရတာ အသက်တော့ သိပ်မငယ်တော့ဘူး၊ ဆင်းရဲသားထဲက ဖြစ်ဟန် တူရဲ့၊ ဟုတ်ပါတယ်၊ ဒါတွေအားလုံးဟာ ဆင်းရဲလို့ ဖြစ်ရတာ၊ ကြောက်လို့ဖြစ်ရတာ' ဟု တယောက်တည်း တွေးလာသည်။

လမ်းမတလျှောက်တွင် ဆူညံလျက်ရှိသည်။ ရာသီဥတုက အေးသည်။ ရွှံ့ရည်တွေက လမ်းသွား လမ်းလာတို့ကို စဉ်သည်။ ကလင်းကော့သည် ငြီးငွေ့လာကာ အားငယ်သလိုလို ဖြစ်လာလေသည်။ မဆီမဆိုင် ရာယစ်ဇာကို အမှတ်ရလာကာ ခြေဦးတည့်ရာသို့ ထွက်သွားချင်စိတ် ပေါ်လာသည်။

သူလိုက်နေသည့် သားကောင်သည် အိမ်တအိမ်ရှေ့ရောက်သည့်အခါတွင် ရပ်လိုက်၏။ လူခေါ် ခေါင်းလောင်းကို နှိပ်လိုက်ပြီး ဦးထုပ်ကိုချွတ်၍ ယပ်ခတ်သည်။ ထို့နောက် ဦးထုပ်ကို ပြန်ဆောင်း သည်။ ကလင်းကော့က လမ်းထောင့်မှ ငါးလှမ်းအကွာလောက်တွင် ရပ်လိုက်၏။ ထိုလူကိုကြည့်ရင်း သနားစိတ် ပေါက်လာကာ စကားပြောချင်စိတ် ပေါ်လာသည်။ ထိုလူသည် သူ့အကြံကို သိသွားဟန် ဖြင့် မျက်မှောင်ကုတ်လိုက်ပြီး တဖက်သို့ လှည့်သွားသည်။ ကလင်းကော့သည် ခပ်အမ်းအမ်း ဖြစ်သွားကာ ခေါင်းကို ငုံ့ပြီး ကျောက်တုံးတတုံးပေါ်တွင် ဝင်ထိုင်လိုက်သည်။

"သူက ငါ့ကို ဖော်ဖော်ရွေရွေ မရှိပေမဲ့ သူ့ခမျာ သနားပါတယ်" ဟု တွေးနေသည်။

"လုံခြုံရေးဌာနကလား"

ခပ်တိုးတိုး အနားသို့ကပ်၍ မေးသံကို ကြားလိုက်ရသည်။ အသံရှင်က မုတ်ဆိတ်နီနီ၊ အရပ်မြင့်မြင့်၊ လယ်သမားတဦး၏ဟန်၊ လမ်းအလုပ်သမားတယောက်အသွင် ဝတ်ထားပြီး လက်ထဲတွင် တံမြက်စည်း ရှည်ကြီး တချောင်းကို ကိုင်ထားသည်။

"ဟုတ်တယ်"

ကလင်းကော့က ရုတ်တရက် ဖြေလိုက်သည်။ ဖြေပြီးမှ မဖြေသင့်ပါကလားဟု ချက်ချင်း သတိရ လိုက်၏။

"ခင်ဗျားက လူသစ်လား၊ ကိုနိုကော့ကို လိုက်နေတာလား"

တံမြက်လှည်းသမားက မေးသည်။

"ဟုတ်တယ်"

"ဒီလိုဆိုရင် ခင်ဗျားဆရာကို ပြောလိုက်၊ ဒီနေ့မနက် သူ့ဆီကို ဧည့်သည်တယောက် ဘူတာရုံက ရောက်လာတယ်၊ သေတ္တာတွေပါတယ်၊ သေတ္တာသုံးလုံး၊ ခုထိ ဧည့်စာရင်း မတိုင်သေးဘူး၊ သူ ဒီမှာ တရက်နေမယ်၊ လူက မွန်မွန်ရည်ရည်၊ သပ်သပ်ရပ်ရပ်၊ နှုတ်ခမ်းမွေး ရေးရေးနဲ့"

တံမြက်လှည်းသမားက ရပ်လိုက်ပြီး ပလက်ဖောင်းကို တံမြက်စည်းဖြင့် နှစ်ချက်သုံးချက် ခတ်လိုက် သည်။ ကလင်းကော့၏ဖိနပ်နှင့် ဘောင်းဘီကို ဖုန်တွေစင်ကုန်သည်။ ထို့နောက် တံမြက်လှည်း ရပ်လိုက်ပြီး

"ဒီနားမှာ ခင်ဗျား စောင့်နေပုံက ထင်ရှားလွန်းတယ်၊ သူတို့လည်း ဘယ်

ဒီလောက် အ,ပါ့မလဲ။ ကြည့်လိုက်ရင် သိမှာပေါ့၊ ဝင်းရှေ့တခုမှာ သွားပြီး မယောင်မလည် ရပ်နေပေါ့”

ကလင်းကေ့ာသည် ဝင်းပေါက်တခုရှေ့တွင် သွား၍ ရပ်လိုက်သည်။ လမ်းတဖက်တွင် ဇာရူဗင်ကို လှမ်းမြင်လိုက်ရ၏။ ကုတ်အင်္ကျီအသစ်၊ လက်အိတ်ကို စွပ်ထားပြီး လက်တွင် တုတ်ကောက် တချောင်းကို ကိုင်ထားသည်။ အနက်ရောင်ဦးထုပ်မြင့်မြင့်က သူ့ခေါင်းပေါ်တွင် အခွံ့သား။ သူ့အလှကို သူ သဘောကျနေသည့် လမ်းမက ပြည့်တန်ဆာတယောက်သို့ ကျေနပ်စွာ ပြုံးလိုက်၏။

“မင်္ဂလာနံနက်ပါ၊ ခင်ဗျားနေရာကို လူစားလာဝင်တယ်၊ လီတစ်လမ်းက ဘိုမေ့ာရဲ့ လက်ဖက်ရည်ဆိုင် ကိုသွား၊ ဟိုကျတော့ ပက်ဗလေ့ာကိုမေး”

“ခင်ဗျားလည်း လုံခြုံရေးဌာနကို ရောက်နေသလား"

“မင်း အရင်ဆယ်ရက်လောက် စောတယ်၊ ဘာဖြစ်လို့လဲ”

ကလင်းကေ့ာက ပြုံးနေသည့် သူ့မျက်နှာညိုညိုကို ကြည့်လိုက်သည်။

“ခင်ဗျား ကျွန်တော့်အကြောင်း မဟုတ်ကဟုတ်က သတင်းတွေ သွားပေးထားတယ် မဟုတ်လား”

“မင်းကကော ဆေးတံကြီးအကြောင်းကို သွားပြီး သတင်းပေးတာ မဟုတ်လား”

ကလင်းကေ့ာက အတန်ကြာ စဉ်းစားနေသည်။ အတန်ကြာမှ ခပ်မှုန်မှုန်ဖြင့်

“ဒါက ခင်ဗျား ကျုပ်ကိုတိုင်ပြီးကာမှ ကျုပ် သူ့အကြောင်းကို သွားတိုင်တာပါ၊ ကျုပ်က ကျုပ်အကြောင်း ဘယ်သူ့ကိုမှ ပြောတာမဟုတ်ဘူး၊ ခင်ဗျားတယောက်ကိုပဲ ပြောတာ”

“ဆေးတံကြီးကလည်း သူ့အကြောင်းကို မင်းတယောက်ကိုပဲ ပြောတာလေကွာ၊ ကဲ ကဲ သွားတော့၊ နောက်ကျနေလိမ့်မယ်”

ဇာရူဗင်က သူ့ပခုံးကို ပုတ်ထုတ်လိုက်သည်။ တုတ်ကောက်ကို ဝှေ့ယမ်းလိုက်ပြီးနောက်

“ဘယ်လို၊ အဆင်ပြေရဲ့လား၊ ငါနဲ့ ဒီအလုပ်နဲ့တော့ အံကိုက်နေတာပဲ၊ စတိုင်ကျကျလည်း နေရတယ်၊ လမ်းမတကာလျှောက်ပြီး လူတွေအကြောင်းကိုလည်း အကုန်သိရတယ်၊ ငါ့ကိုကြည့်စမ်း၊ ဝတ်စုံသစ် နဲ့ ဘယ်လောက် ဟန်ကျနေသလဲ၊ ကောင်မလေးတွေကလည်း အထင်ကြီး”

ဇာရူဗင်သည် ခပ်သုတ်သုတ် ထွက်သွား၏။ ကလင်းကော့သည် သူ့ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ သည်။ စိတ်ထဲကလည်း ခံပြင်းနေသည်။ ဇာရူဗင်သည် ဘာမျှ ဦးနှောက်ရှိသူမဟုတ်။ သူ့ထက် ညံ့သည်ဟု သူ ထင်ခဲ့သည်။ ယခု သူ့လောက်မျှ အရည်အချင်းမရှိသူက သူ့ထက် စတိုင်ကျနေပြီ။ သူ့ထက် အခွင့်အရေး ရနေပြီ။

"ဒီကောင် ငါ့အကြောင်းကို အထက်ကို မဟုတ်တာတွေ အစီရင်ခံထားတယ်၊ ငါက ဆေးတံကြီး အကြောင်းကိုပြောတာ ချောက်တွန်းချင်လို့ ပြောတာမဟုတ်ဘူး၊ ကြောက်လို့ ပြောရတယ်၊ သူက ငါ့ကို သက်သက်မဲ့ ချောက်တွန်းချင်လို့ ပြောတာ၊ ကြည့်သေးတာပေါ့ကွာ၊ နောက်ဆုံးမှာ ဘယ်သူ ခံရမလဲလို့"

လက်ဖက်ရည်ဆိုင်ရောက်တော့ ပက်ဗလော့ကို မေးကြည့်သည်။ လှေကားတခုသို့ ညွှန်လိုက်သဖြင့် အပေါ်ထပ်သို့ တက်လာခဲ့သည်။ အခန်းတခုရှေ့တွင် ပြိုရ်တာ၏အသံကို ကြားလိုက်သဖြင့် ရပ်လိုက် ၏။

"ဖဲထုပ်တထုပ်မှာ ငါးဆယ့်နှစ်ချပ်ရှိတယ်၊ ဒီမြို့က ငါ့နယ်မှာ လူတွေ ထောင်ချီပြီးရှိတယ်၊ ငါသိတဲ့လူ က နည်းနည်းကလေးရယ်၊ ရာလောက်ပဲ ရှိတယ်၊ ဘယ်သူနဲ့ ဘယ်သူနေတယ်၊ ဘယ်သူ ဘာလုပ် တယ်ဆိုတာ ငါအကုန်သိတယ်၊ ဒါပေမဲ့ ခက်တာက လူတွေက ပြောင်းနေတယ်၊ ဖဲချပ်က ပြောင်းတာ မဟုတ်ဘူး"

အခန်းထဲတွင် ပြိုရ်တာနှင့် ရှာရှာအပြင် လူတယောက်ကိုလည်း တွေ့ရသည်။ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်။ ပြတင်းပေါက်နားတွင် ရပ်၍ စာရွက်တရွက်ကို ကြည့်နေသည်။ ကလင်းကော့ ဝင်လာသည်ကိုပင် လှည့်ကြည့်ခြင်းမရှိ။

"ဟာင် အလကားကောင်" ရှာရှာက ကလင်းကော့ကို မျက်နှာထားဖြင့် ကြည့်၍ ပြောလိုက်၏။

"ရုပ်ကလေးဘာလေး နည်းနည်းပါးပါးတော့ ဖျက်ထားမှပေါ့ မဟုတ်ဘူးလား"

မာလာကော့ စာကို ဖတ်နေသည့် လူက လှည့်ကြည့်လိုက်သည်။ တောက်ပြောင်သော မျက်လုံးများ ဖြင့် ကလင်းကော့ကို ကြည့်လိုက်၏။

"အင်း"

ပြိုရ်တာ၏ ဆံပင်တွေက ဖရိုဖရဲ။ ငန်းတောင်တချောင်းဖြင့် သွားကြားထိုးနေရာမှ ယနေ့ မြင်ခဲ့သမျှ ကို အစီရင်ခံစာ ရေးတင်ရန် ပြောသည်။

စားကြွင်းစားကျန်များသည် စားပွဲပေါ်တွင် ပြန့်ကျဲလျက် ရှိ၏။ အမဲဆီနံ့နှင့် မုန်လာချဉ်အနံ့ကြောင့် ကလင်းကော့ ဆာလာသည်။ ကလင်းကော့က ပြိုရ်တာ ရှေ့တွင် ရပ်ပြီး တံမြက်လှည်းသမားထံက ကြားခဲ့ရသည့်သတင်းကို တင်ပြသည်။ မာလာကော့က စာရွက်ကို ဖတ်နေရာမှ လက်နှစ်ဖက်ကို နောက်သို့ပစ်လိုက်ပြီး နှုတ်ခမ်းမွေးများကို လိမ်ရင်း ကလင်းကော့၏ အစီရင်ခံချက်ကို နားစွင့်နေသည်။ သူ့နှုတ်ခမ်းမွေးနှင့် ဆံပင်များသည် ရွှေရောင် လဲ့လဲ့ သန်းနေကြသည်။ မျက်နှာထားက တည်သည်။ ချီထားသည့် မျက်မှောင်အောက်မှ မျက်လုံးများကလည်း တည်ငြိမ်သည်။ တောင့်တင်း၍ အချိုးအစားကျသည့် သူ့ခန္ဓာကိုယ်သည် ပုံကျကျ ချုပ်ထားသည့် တင်းကျပ်သောဝတ်စုံထဲတွင် ကြည့်၍ကောင်းနေသည်။ သူ့လှုပ်ရှားမှုများက မြဲမြံ တိကျသည်။ သူ့အသံက ဩဇာရှိသည်။ မာလာကော့သည် ရှာရှာနှင့် ပြိုရ်တာတို့အလယ်တွင် တမူထူးခြားလျက် ရှိလေသည်။

"သန့်ရှင်းရေးအလုပ်သမားက သေတ္တာတွေကို သူကိုယ်တိုင် သယ်ရတယ်လို့ ပြောသလား"

မာလာကော့က မေးသည်။

"ဒါတော့ မပြောလိုက်ပါဘူး"

"မသယ်ရဘူးပေါ့၊ သေတ္တာတွေက ပေါ့ပါးလား၊ လေးလေးလားဆိုတာ ပြောလိုက်ဖို့ ကောင်းတယ်၊ စာရွက်စာတမ်းတွေတင် ဖြစ်မှာပေါ့"

"ဒီလိုဆို ကျွန်တော်တို့ တခါတည်း တက်ရှာလိုက်ရင် မကောင်းဘူးလား"

ရှာရှာက မေးသည်။

"အရေးကြီးတာက ပုံနှိပ်စက်ကို မိဖို့လိုတယ်၊ ငါ့ကို ပုံနှိပ်စာလုံးတွေ ရှာပေးစမ်းကွာ၊ ငါကိုယ်တိုင် ပုံနှိပ်စက်တလုံး ဖွင့်မယ်၊ အဆက်လိုက်ရှာပြီး ဒီကောင်တွေ အရိုက်ခိုင်းတာတွေ အကုန်ရိုက်ပေးမယ်၊ သေချာပြီဆိုတော့မှ အပိုင် အကုန်ဖမ်းလိုက်ရုံပေါ့၊ တို့လည်း ဆုလေးဘာလေး ကောင်းကောင်းရတာ ပေါ့"

ပြိုရ်တာက ထောက်ခံသည်။ မာလာကော့က

"ကောင်းတယ်"

ကလင်းကော့ကို ကြည့်ရင်း

"မင်းကော ထမင်းစားပြီးပြီလား" ဟု လှမ်းမေးသည်။

"မစားရသေးဘူး"

ပြုံရုံတာက စားပွဲဆီသို့ မေးငေ့ါ်ပြလိုက်ပြီး

"စား စား၊ မြန်မြန်လည်း စား" ဟု ဆိုသည်။

"အကြွင်းအကျန်တွေ ဘယ်သူစားချင်မလဲကွ"

မာလာကော့က ပြောပြောဆိုဆို တံခါးဆီသို့ လျှောက်သွားကာ

"ထမင်းတပွဲ ယူခဲ့ဦးဟေ့"

"အဖန်နာဆော့ မနှစ်က သိမ်းထားတဲ့ ပုံနှိပ်စက်တလုံးရှိတယ် မဟုတ်လား၊ အဲဒါကို တောင်းလိုက်ပါ လား"

ရှာရှာက ပြုံရုံတာကို လှမ်းပြောသည်။

မာလာကော့က သူတို့နှစ်ယောက်ကို လှမ်းကြည့်နေသည်။ ကျောက်ပေါက်မာသက်သက်၊ လူ၀၀ တယောက် စားပွဲထိုးနှင့်အတူ အခန်းထဲသို့ ၀င်လာသည်။ သူ့ကြည့်ရသည်ကလည်း ခပ်ကုပ်ကုပ်၊ ခပ်နုံနုံ။ အခန်းထဲရောက်တော့ သူတို့အားလုံးကို ပြုံးနှုတ်ဆက်ပြီး ကလင်းကော့ကိုမူ လက်ဆွဲ နှုတ်ဆက်သည်။

"ကျွန်တော့်နာမည်က ဆိုလိုဗျော့ပါ။ သတင်းတခုကော ရပြီလား။ ခရစ်စတော့ ခန်းမမှာ တော်လှန်ရေးသမားတွေ ထမင်းစားပွဲတခု လုပ်မယ်၊ ကျုပ်တို့လူသုံးယောက် စားပွဲထိုးအဖြစ် ပါသွား မယ်၊ အဲဒီမှာ ပြုံရုံတာလည်း ပါတယ်"

"ကျွန်တော်ပဲ သွားရဦးမှာလား" ပြုံရုံတာက ပြန်မေးသည်။ သူ့မျက်နှာက နီရဲနေသည်။

"နှစ်လအတွင်း ကျွန်တော် စားပွဲထိုးလုပ်ရတာ သုံးခါရှိပြီ၊ ဒါတော့ ကျွန်တော် မလိုက်နိုင်ဘူး"

"ဒါတော့ ကျွန်တော့်မပြောနဲ့ လေ၊ ဆိုင်ရာကိုပြော"

"ကျွန်တော့်ကို ဘာဖြစ်လို့ အမြဲတမ်း အစေခံတာ၀န်ကိုချည်း ပေးနေရတာလဲ"

"ဒါကတော့ ခင်ဗျားက အစေခံနဲ့ တူတာကိုးဗျ" ရှာရှာက ရယ်၍ ပြောလိုက်သည်။

“အားလုံး သုံးယောက်လိုက်ရမယ်၊ ဘီယာသောက်ကြဦးမလား”

ဆိုလိုဗျော့က မေးသည်။ ပြုံရိတာက တံခါးကို ဖွင့်လိုက်ပြီး ‘ဘီယာ ခြောက်လုံး’ ဟု အော်သည်။ ထို့နောက် လက်နှစ်ဖက်ကို ပိုက်၍ ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ရှာရှာက မာလာကော့ ဘက်သို့ လှည့်လိုက်ပြီး

“မြင်တဲ့အတိုင်းပဲ၊ အလုပ်ကို ဘယ်သူမှ လေးလေးနက်နက် လုပ်ချင်ကြတာ မဟုတ်ဘူး၊ ဒါပေမဲ့ တော်လှန်ရေးသမားတွေက သိပ်အလုပ်လုပ်တယ်၊ အစည်းအဝေးတွေ လုပ်တယ်၊ စာရွက်စာတမ်း တွေ လိုက်ဖြန့်တယ်၊ စက်ရုံတွေထဲမှာ အလုပ်သမားတွေကို ကျိတ်စည်းရုံးတယ်”

မာလာကော့က ဆိတ်ဆိတ်နေသည်။ ရှာရှာကိုလည်း မကြည့်။ ခပ်ပုပု ဝဝ ဆိုလိုဗျော့က “ဒီနေ့ ဘူတာရုံမှာ ကောင်မလေးတယောက်ကို စာရွက်စာတမ်းတွေနဲ့ မိလိုက်တယ်။ နွေကျောင်းပိတ်တုန်း က စခန်းတခုမှာ တွေ့လိုက်ကတည်းက ကျွန်တော် သူ့ကို မသင်္ကာနေတာ။ ဒီနေ့တော့ ကျွန်တော် လိုက်စရာ ဘယ်သူမှ မရှိတာနဲ့ ဘူတာရုံထဲသွားပြီး မယောင်မလည်ရပ်နေတာ။ ဒီတုန်း လက်ဆွဲ သေတ္တာကြီးကိုင်ပြီး ကောင်မလေး ပေါက်လာတာပဲ။ ကျွန်တော်က သူ့ဆီ ခပ်တည်တည် လျှောက်သွားပြီး ‘ကျုပ်ကို ဘာပြောစရာ ရှိသလဲ’ လို့ ကောက်မေးလိုက်တယ်။ ကောင်မလေး မျက်နှာတွေပျက်၊ လက်တွေ တုန်လာပြီး သေတ္တာကို နောက်ဝှက်လိုက်တယ်။ ‘သေချာပြီ၊ နင်တော့ ကျားရှေ့ မှောက်လျက်လဲတာပဲ’ လို့ ကျွန်တော့်ဘာသာ ကျွန်တော် တွေးလိုက်တယ်။ ဒါနဲ့ သူ့ကို ပုလိပ်ဌာနကို တန်းခေါ်သွားတာပေါ့။ ဟိုရောက်လို့ ရှာကြည့်တော့ သူတို့ထုတ်တဲ့ ‘လွတ်မြောက်ရေး’ သတင်းစဉ်ဆိုတာရယ်၊ တခြား နိုင်ငံအစိုးရ ဆန့်ကျင်ရေး စာရွက်စာတမ်းတွေရယ် သွားတွေ့တယ်။ ဒါနဲ့ ကောင်မလေးကို ကျွန်တော် လုံခြုံရေးဌာနကို ခေါ်သွားရော၊ ရထားပေါ်ရောက်တော့ ကောင်မလေးက သူ့မျက်နှာကို မပြဘူး။ တဖက်ကို လှည့်ထားတယ်။ မျက်နှာတွေနီပြီး မျက်ရည်တွေ ဝဲလို့။ ဒါပေမဲ့ စကားတလုံးမှ မပြောဘူးဗျို့။ ကျွန်တော်က သိပ်စိတ်မပူပါနဲ့လို့ ပြောတော့လည်း တခွန်းမှ ပြန်မပြောဘူး”

ဆိုလိုဗျော့က ခပ်တိုးတိုး ရယ်လိုက်သည်။ ကျောက်ပေါက်မာတွေ ပြည့်နေသည့် သူ့မျက်နှာပေါ်တွင် အတွန့်တွေ ပေါ်လာသည်။

“ဘယ်က ကောင်မလေးလဲ”

မာလာကော့က မေးသည်။

“ဒေါက်တာမီလီကော့ရဲ့ သမီးလေ"

“ဟာ၊ ကျွန်တော်သိတာပေါ့” ဟု ရှာရှာက ဝင်ပြောသည်။

“အဘိုးကြီးကတော့ ခပ်အေးအေးပါ၊ ဗလာဒီမာနဲ့ အင်နာဘွဲ့တွေတောင် ရထားတာပဲ”

မာလာကော့က ပြောသည်။

“ကျွန်တော် သိပါတယ်ဗျာ၊ အလကားသမား၊ တုသမားယောင်ပါ၊ ကျွန်တော်တောင် သူ့ဆီမှာ ဆေးကုဖူးသေးတယ်”

“မင်းကိုတော့ ဘယ်သူမှ ကုလို့ရမှာ မဟုတ်ပါဘူး၊ မင်း ကျန်းမာရေးကတော့"

“အို၊ ဖြစ်ချင်ရာဖြစ်ပေါ့ဗျာ”

မာလာကော့က ပြတင်းပေါက်ဘက်သို့ ငေးကြည့်ရင်း

“ကောင်မလေးက မငိုဘူးလား”

“ငိုတော့ မငိုဘူး၊ ဒါပေမဲ့ တော်တော်လေးတော့ စိတ်ထိခိုက်နေပုံ ရတယ်၊ မိန်းကလေးတွေကို ဖမ်းရတာ ကျွန်တော် သိပ်စိတ်ညစ်တာပဲ၊ ကိုယ်လည်း သမီးတွေရှိတယ် မဟုတ်လား”

“မာလာကော့၊ မသွားသေးဘူးလား၊ ဘာစောင့်နေတာလဲ”

ရှာရှာက အော်သည်။

“ဟိုကောင်လေး ထမင်းစားလို့ မပြီးသေးဘူးလေ၊ အချိန်ရပါသေးတယ်”

“ဟေ့၊ ထမင်းစားလို့ ပြီးဦးမှာလားကွ”

ရှာရှာက ကလင်းကော့ကို လှမ်းအော်သည်။

ကလင်းကော့သည် ထမင်းစားရင်း သူတို့ပြောသမျှကို ဂရုတစိုက် နားထောင်နေသည်။ ရှာရှာ တယောက်မှအပ ကျန်လူများအားလုံးသည် သူ့အပေါ်တွင် စေတနာမဆိုးကြဟု တွေး၍ ကျေနပ်နေ သည်။

ကလင်းကော့သည် သူတို့ကျေနပ်အောင် အလုပ်လုပ်ပေးချင်သည်။ သူတို့အတွက် အသုံးဝင်သော လူတယောက် ဖြစ်ချင်သည်။ ပါးစပ်ကို လက်သုတ်ပဝါဖြင့် သုတ်လိုက်၏။

“ပြီးပြီလေ၊ သွားချင်ရင် သွားကြစို့”

တံခါးသည် ဖြုန်းခနဲ ပွင့်လာကာ ရိုးကြီးငေါငေါနှင့် ညစ်ထပ်ထပ် လူငယ်တယောက် အခန်းထဲသို့ အူယားဖားယား ဝင်လာသည်။ ထို့နောက် စင်္ကြံဘက်သို့ ခေါင်းပြူ၍ ကြည့်လိုက်ပြီး တံခါးကို သေချာစွာ ပိတ်လိုက်၏။

"သော့မခတ်ဘူးလားဗျို့၊ သော့ ဘယ်မှာလဲ"

"ဟော့ကောင် ငတုံး၊ ဒီတချီ ဘာဖြစ်လာပြန်ပြီလဲ၊ မင်းနောက်ကိုလိုက်လာကြပြန်ပြီလား"

ရှာရှာက သရော်သည်။ လူရွယ်က သူ့ဆီသို့ ပြေးလာကာ

"ဟုတ်တယ်၊ ကျွန်တော့်ကို သတ်မလို့ လိုက်လာကြတာ၊ လက်ထဲမှာ တူကြီးကိုင်လို့၊ ကျွန်တော်က ထောင်ဝင်စာတွေပေးဖို့ တာဝန်ကျလို့ ထောင်မှာ သွားနေတာ၊ တာဝန်ပြီးလို့ ပြန်ထွက်လာတော့ ငနဲနှစ်ကောင် ကျွန်တော့်နောက်ကို လိုက်လာတယ်၊ တယောက်က အိတ်ထဲမှာ တူကြီးပါလာတယ်"

"ခြောက်လုံးပြူး ဖြစ်ချင်ဖြစ်မှာပေါ့"

ဆိုလိုဗျော့က ပြောသည်။

"မဟုတ်ဘူး၊ တူ"

"မင်းမြင်ရလို့လားကွ" ရှာရှာက လှောင်မေးမေးသည်။

"မသိဘဲ ရှိပါ့မလားဗျ၊ ကိုယ့်ကို တူနဲ့ထုသတ်ဖို့ လိုက်လာတာ သိတာပေါ့"

လူငယ်က လည်စည်းကို နေရာရွှေ့သည်။ အင်္ကျီကြယ်သီးများကို ဖြုတ်သည်။ လက်တဖက်က ဆံပင်တွေကို သပ်ရင်း လက်တဖက်ဖြင့် အိတ်ထဲမှ တစုံတရာကို ရှာသည်။ သူ့လက်များက တကိုယ်လုံးအနှံ့ လျှောက်စမ်းနေသည်။ အရိုးအဆစ်ကြီးတွေက ကြီးလွန်းသဖြင့် ပြုတ်ကျတော့မည် လောဟု ထင်ရသည်။ ပါးရိုးကြီးတွေ ငေါထွက်နေသည့် ပြာနှမ်းနှမ်းမျက်နှာတွင် ချွေးတွေသီးနေ သည်။ မျက်လုံးနက်နက်များက မျက်ဖြူလန်တော့မည့်နှယ် ပြူးထွက်နေကြသည်။ ကျီးကြည့် ကြောင်ကြည့် ကြည့်နေကြသည်။ ထို့နောက် မျက်လုံးများသည် လူပ်ရှားခြင်းကင်းကာ ကလင်းကော့ ကို ကြောက်လန့်တကြား စိုက်ကြည့်နေသည်။ ထို့နောက် လူရွယ်သည် တံခါးဆီသို့ တဖြည်းဖြည်း နောက်ပြန်ဆုတ်သွားကာ

"သူ သူ၊ သူဘယ်သူလဲ"

မာလာကော့က သူ့ထံ လျှောက်သွားကာ လက်ကိုဆွဲလိုက်ပြီး

“ယာဖာ သတိထားကွာ၊ သူက တို့ထဲကလူ၊ လူသစ်”

“ခင်ဗျား သူ့ကိုသိလို့လား”

“ဟော့ကောင် ငတုံး၊ မင်းကိုတော့ ဆရာဝန်ပြမှ ဖြစ်တော့မှာ"

ရှာရှာက အော်သည်။

“ဗျို့လူ၊ ခင်ဗျား ခတ်ရထားပေါ်က တွန်းချခံရဖူးလို့လား၊ ကျုပ်ကို အထင်သေးချင်ရင် ကျုပ်လို အန္တရာယ်များတဲ့အလုပ်ကို လုပ်ကြည့်ပြီးမှသေး”

ရှာရှာက မာလာကော့ဘက်သို့ လှည့်လိုက်ပြီး

‘မြင်တယ်မဟုတ်လား’ ရှာရှာက ပြောသည်။ သို့ရာတွင် လူငယ်က စကားဖြတ်၍

“ဒီမှာ ခင်ဗျား ကျုပ်လို ညကြီးမင်းကြီးမှာ ချောင်းအရိုက်ခံရဖူးသလား၊ စကားပြောရင် ကြည့်ပြောဗျ၊ သူတို့ကောင်တွေ ဘယ်လောက်ရှိတယ်ထင်သလဲ၊ တမြို့လုံး ပြည့်လို့၊ ကျုပ်က အဲဒီကြားထဲ တယောက်တည်းသွားပြီး စုံစမ်းထောက်လှမ်းရတာ”

ဆိုလိုဗျော့က တည်ငြိမ်သည့်အသံဖြင့် လူငယ်ကို နားချသည်။ သို့ရာတွင် သူ့အသံသည် လူငယ်၏ အထိတ်တလန့် အော်သံအောက်တွင် ပျောက်သွားသည်။ လူရွယ်မှာ ဣန္ဒြေမဆည်နိုင်လောက်အောင် ကြောက်နေပြီ။ ကလင်းကော့သည် ခေါင်းထဲတွင် နောက်ကျိကျိဖြစ်လာသည်။ စကား တီးတိုး ပြောသံ၊ အရိုးအဆစ်တွေ ပြူတ်ထွက်ကုန်မည်ထင်ရသော လူရွယ်၏လှုပ်ရှားဟန်၊ တုန်ချည့်နေသည့် သူ့လက်များ ရွေ့လျားဟန်တို့ကို ကြည့်၍ သူကိုယ်တိုင်လည်း စိမ့်၍ ကြောက်လာသည်။ ကြီးမား မည်းနက်သည့် သတ္တဝါကြီးတကောင်သည် အခန်းတံခါးကို ချိုးဖွဲ့ဝင်ရောက်လာကာ အရာအားလုံး ကို ခြေမွှေပစ်တော့မည်လောဟုပင် ထင်ရသည်။

“လာဟေ့၊ သွားကြစို့”

မာလာကော့က သူ့ပခုံးကိုတို့၍ ခေါ်သည်။

ရထားထဲသို့ရောက်သည့်အခါတွင် ကလင်းကော့က လေသံကလေးဖြင့်

“တကယ်တော့ ကျွန်တော်က ဒီအလုပ်နဲ့ မတော်ပါဘူး”

“ဘာဖြစ်လို့”

“ကျွန်တော်က ကြောက်တတ်တယ်၊ သတ္တိကြောင်တယ်”

“နောက်တော့ ဖြစ်လာမှာပေါ့ကွာ”

“ဘယ်ဟာမှ အလိုလို ဖြစ်မလာပါဘူး”

“အားလုံးအလိုလို ဖြစ်လာတာချည်းပဲ”

ရာသီဥတုက မှုန်မှိုင်းအေးစက်နေသည်။ မိုးနှင်းတွေက တဖွဲဖွဲကျနေသည်။ မီးရောင်များသည် ရွံ့ဗွက် များပေါ်သို့ ဖြာကျကာ ရွှေရည်တွေ ပက်ဖျန်းထားသကဲ့သို့ရှိ၏။ လူတွေ မြင်းတွေ ဖြတ်သွားသည့် အခါတွင် ရွှေရည်ရွှေကွက်တွေ ပျောက်သွားသည်။ ကလင်းကော့သည် ရှေ့သို့ငေး၍ လိုက်လာသည်။ မာလာကော့က သူ့ကို အကဲခတ်ကြည့်နေသည်။

“နောက်တော့ နေသားကျသွားမှာပါကွ၊ တခုတော့ ရှိပါတယ်လေ၊ မင်းမှာ တခြားအလုပ်ရှိရင်တော့ လည်း တခြားမှာ သွားလုပ်တာပဲ ကောင်းပါတယ်၊ ရှိကော ရှိသလား”

“ဟင့်အင်း”

“လုံခြုံရေးဌာနကိုရောက်တာကော တော်တော်ကြာပြီလား

“မနေ့ကမှ ရောက်တာ”

“ဒီလိုပေါ့ကွာ”

“ခု ကျွန်တော် ဘယ်ကိုလိုက်ရမှာလဲ”

“မင်းမှာ ဆွေမျိုးမရှိဘူးလား”

မာလာကော့က သူ့အမေးကို မဖြေဘဲ မေးသည်။

“ဟင့်အင်း၊ တယောက်မှမရှိဘူး”

မာလာကော့က နေရာရွှေ့၍ထိုင်သည်။ သို့ရာတွင် စကားတခွန်းမျှ မပြော။ မျက်လုံးများကို မှေးထား ပြီး အသက်ပြင်းပြင်းရှူလျက် ရှိသဖြင့် နှုတ်ခမ်းမွှေးများသည် လှုပ်နေကြသည်။ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံသည် လေထဲတွင် လွင့်လာ၏။ တိုးတိုးတိတ်တိတ်၊ ချိုချိုသာသာ။ လွမ်းဆွတ်ဖွယ် တေးဂီတသံသည် ကတ္တီပါ ကန့်လန့်ကာနက်ကြီးသဖွယ် ဖုံးအုပ်လျက်ရှိသည့် တိမ်ညိုများအောက်က အိမ်ခေါင်မိုးများပေါ်မှ တွားသွားကာ ဆင်းလာ၏။

“မနက်ဖြန် တနင်္ဂနွေနော်၊ မင်း ဘုရားရှိခိုးကျောင်းကို သွားတတ်သလား”

“ဟင့်အင်း”

“ဘာဖြစ်လို့ မသွားတာလဲ”

“ဘာရယ်လို့ မဟုတ်ပါဘူး၊ ဒီလိုပါပဲ၊ လူကလည်း သိပ်ရှုပ်တာပဲ”

“ငါကတော့ မှန်မှန်သွားတယ်၊ မနက် ဝတ်တက်တာကို ငါသိပ်သဘောကျတာပဲ၊ ဘုရားရှိခိုးကျောင်း ထဲမှာ ဓမ္မသီချင်းသံက စည်လို့၊ နေရောင်ခြည်တွေက ပြတင်းကတိုးလို့၊ သိပ်ကြည်နူးစရာ ကောင်းတာပဲ”

မာလာကော့၏ စကားများကြောင့် ကလင်းကော့သည် သူ့ခံစားချက်များကို ပြောရန် စိတ်အား တက်လာသည်။

“ဟုတ်တယ်၊ ဓမ္မသီချင်းဆိုရတာ သိပ်ကြည်နူးဖို့ကောင်းတာပဲ၊ ရွာမှာတုန်းကဆိုရင် ကျွန်တော်က ဝတ်ရွတ်စဉ်တိုင်တယ်၊ ဓမ္မသီချင်းဆိုရင် ကျွန်တော်ဖြင့် ဘယ်လိုကြည်နူးမှန်း မသိဘူး၊ ကိုယ့်ကိုယ်လည်း သတိမရတော့ဘူး၊ ဘယ်ရောက်နေတယ်ဆိုတာလည်း မသိတော့ဘူး”

“ဟော၊ ရောက်ပြီ”

မာလာကော့၏အသံကြောင့် ကလင်းကော့ စိတ်ပျက်သွားသည်။ ဘူတာရုံကြီးသည် သူတို့ရှေ့တွင် ဘွားခနဲ ပေါ်လာသည်။

လူတွေ ရှုပ်ယှက်ခတ်နေသည့် စင်္ကြံတခုသို့ လာခဲ့ကြသည်။ တနေရာသို့အရောက်တွင် ရပ်လိုက်ကြ ပြီး နံရံတခုကို မှီ၍ ရပ်နေကြသည်။ မာလာကော့က မျက်လုံးကိုမှိတ်၍ ငိုက်နေသည်။ ပုလိပ်များ၏ ဘွတ်ဖိနပ်သံများကို ကြားနေရသည်။ မျက်လုံးနက်နက်၊ အသားညိုညို၊ ကိုယ်လုံးသွယ်သွယ်နှင့် မိန်းမတယောက်သည် ရယ်လျက်ရှိ၏။ သူ့အသံက နုနယ်သည်။ ချိုလွင်သည်။

“အဲဒီ ရယ်နေတဲ့မိန်းမနဲ့ သူ့ဘေးက အဘိုးကြီးကို သတိထားကြည့်နေ၊ သူ့နာမည်က ဆာရာတဲ့၊ သားဖွားဆရာမ၊ ဆိုဒိုဗာယာလမ်း နံပါတ် ၇ မှာ နေတယ်၊ ထောင်လည်း ကျဖူးတယ်၊ ဆိုက်ဘေးရီးယားကိုလည်း အပို့ခံရဖူးတယ်၊ မိန်းမကသိပ်လျင်တယ်၊ အဘိုးကြီးက သတင်းစာဆရာ၊ သူလည်း ဆိုက်ဘေးရီးယားကို အပို့ခံရဖူးတယ်”

မာလာကော့က လေသံကလေးဖြင့် ပြောနေသည်။ သူတို့အသိတယောက်ကို မြင်လိုက်သဖြင့် မာလာကော့၏မျက်နှာသည် ရုတ်တရက် ထိတ်လန့်သည့်အသွင်ကို ဆောင်သွားသည်။ ဦးထုပ်ကို မျက်နှာပေါ်သို့

ဆွဲချလိုက်၏။

"အကျႌအနက်နဲ့ ဦးထုပ်ခပ်စုတ်စုတ်တလုံးကို ဆောင်းထားတဲ့လူ မြင်ရဲ့လား၊ အရပ်ရှည်ရှည်၊ ဆံပင်နီနီနဲ့လူလေ"

ကလင်းကော့က ခေါင်းညိတ်လိုက်သည်။

"အဲဒါ စာရေးဆရာ မရိုနော့ဆိုတဲ့လူ၊ သူလည်း ထောင်ထဲရောက်တာ လေးခါရှိပြီ၊ မင်း ဝတ္ထုတွေ ဘာတွေ ဖတ်သလား"

"ဟင့်အင်း"

"မင်း တော်တော်ရှော်တဲ့ကောင်၊ ဖတ်ရတယ်ကွ၊ ဒီလူ့ဝတ္ထုတွေက တော်တော်ဖတ်ကောင်းတယ် "

ချိုကြီးတချောင်း၊ မျက်လုံးကြီးသုံးလုံးနှင့် အနက်ရောင်သံမဏိ ပိုးကောင်ကြီးတကောင်သည် ကြီးမားသည့် သံမဏိကိုယ်ခန္ဓာကြီးကို တွန့်လိမ်ကာ ဆူညံသည့်အသံဖြင့် ဘူတာရုံထဲသို့ ဝင်လာ၏။ တနေရာတွင် ထိုးရပ်လိုက်ပြီး ဒေါသတကြီးဖြင့် တရှူးရှူး မှုတ်ထုတ်လျက်ရှိသည်။ လေထုထဲတွင် သူ့အခိုးအငွေ့တွေ ပြန့်နေသည်။ သူ့နှာခေါင်းမှ မှုတ်ထုတ်လိုက်သည့် ပူနွေးသည့် အငွေ့သည် ကလင်းကော့မျက်နှာပေါ်သို့ ဖြတ်သန်းသွား၏။ စကြံတွင် လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို မြင်ရသည်။

မီးရထားကို အနီးကပ်မြင်ဖူးသည်မှာ ကလင်းကော့အဖို့ ပထမဆုံးအကြိမ် ဖြစ်သည်။ သံမဏိ ကောင်ကြီးသည် လူးလွန့်ကာ ဒေါသထွက်နေဟန်တူ၏။ ကလင်းကော့သည် သံမဏိပိုးကောင်ကြီး ကို ကြည့်၍ စိတ်မသက်မသာဖြစ်နေသည်။ မျက်လုံးကြီးတွေက နီနီရဲရဲ၊ အရောင်တလက်လက် ထွက်ကာဖြင့် သူ့ကို ခြိမ်းခြောက်နေ၏။ ရထားဘီးဝိုင်းဝိုင်းကြီးတွေက လည်ပတ်လျက်ရှိ၏။ သံမဏိ မောင်းတံကြီးများက အရောင်တလက်လက် ထွက်နေကြသည်။ မီးရထားကြီးသည် သူ့စိတ်ထင် ကျက်သရေကင်းသည့် အမင်္ဂလာကောင်ကြီးသဖွယ် ဖြစ်နေသည်။ မာလာကော့က အသံတိုးတိုးဖြင့် အထိတ်တလန့် အော်လိုက်သည်။

"ဘာဖြစ်လို့လဲဟင်"

ကလင်းကော့က မေးသည်။

"ဟင့်အင်း၊ ဘာမှမဖြစ်ပါဘူး"

မာလာကော့က မနှစ်သက်ဟန်ဖြင့် ဖြေသည်။ သူ့မျက်နှာသည်

နီရဲလျက်ရှိ၏။ နှုတ်ခမ်းကိုလည်း ခပ်တင်းတင်းကိုက်ထားသည်။ ကြည့်ရသည်က စာရေးဆရာကို စောင့်ကြည့်နေပုံရသည်။ စာရေးဆရာသည် လူတယောက်နှင့် အေးအေးလူလူ လျှောက်လာသည်။ ပါလာသည့်လူက တော်တော်အသက်ကြီးပြီ။ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်နှင့်ဖြစ်ပြီး ကုတ်အင်္ကျီကြယ်သီး များကို ဖြုတ်ထားသည်။ ခေါင်းတွင် ဦးထုပ်ပါးပါးတလုံးကို ဆောင်းထားသည်။ ထိုလူသည် ရယ်ကာမောကာဖြင့် စကားပြောလာ၏။

"ငါလည်း ဆက်မောင်းတာပေါ့ကွ"

စာရေးဆရာက ခေါင်းညိတ်၍ တစုံတယောက်ကို လှမ်းနှုတ်ဆက်သည်။ သူ့ဆံပင်က တိုတို၊ နဖူး ကျယ်ကျယ်။ မေးရိုးကြီးကြီး၊ နှာခေါင်းပြားပြား၊ မျက်လုံးကျဉ်းကျဉ်း။ သူ့မျက်နှာသည် ကြမ်းသည်ဟု ပြောနိုင်သည်။ နှုတ်ခမ်းမွေး နီနီကလည်း စစ်သားနှုတ်ခမ်းမွေးလို ခပ်ကြမ်းကြမ်း..။

"လာ၊ လိုက်ရအောင်၊ သူတို့နှစ်ယောက် အတူတူပြန်လိမ့်မယ်ထင်တယ်၊ သတိထားနော်၊ ခု နောက်ရောက်လာတဲ့သူက အတွေ့အကြုံများလှပြီ"

မာလာကော့က ပြောသည်။ ဘူတာအပြင်ဘက်ရောက်သည့်အခါတွင် ရထားတစီးကို လှမ်းခေါ်လိုက် သည်။ မာလာကော့က ရထားသမားကို လှမ်း၍

'ရှေ့ကရထားနောက်ကို လိုက်' ဟုပြောလိုက်၏။ မာလာကော့သည် စကားမပြောဘဲ ပါလာ၏။ အတန်ကြာတော့မှ

"မနှစ်က ငါ ဒီလူအိမ်ကို တက်ရှာဖူးတယ်"

"စာရေးဆရာအိမ်လား"

"ဟုတ်တယ်၊ ဟော့ ရှေ့ကိုဆက်မောင်း"

ရှေ့ကရထားက အိမ်တအိမ်ရှေ့တွင် ရပ်လိုက်သဖြင့် မာလာကော့က ရထားသမားကို အမိန့်ပေး လိုက်သည်။ ရှေ့နားတွင် အရပ်ခိုင်းပြီးနောက် မာလာကော့သည် ရထားပေါ်မှ ခုန်ဆင်းကာ ရထားသမားလက်ထဲသို့ ငွေစက္ကူအချို့ ထည့်လိုက်သည်။

'ခဏစောင့်ဦး' ဟု ကလင်းကော့ကိုပြောပြီး အမှောင်ထဲတွင် ပျောက်ကွယ်သွားသည်။ 'ဒါ ယာကိုလက်အိမ်လား ခင်ဗျာ' ဟု မေးသံကြားလိုက်ရသည်။

"မဟုတ်ဘူးဗျ၊ ပါဇိရဲ့ အိမ်"

အိမ်ထဲမှ တယောက်က ပြန်ဖြေသည်။

“ယာကိုလက်အိမ် ဘယ်နားမှာလဲ”

“မသိဘူးဗျ”

“ခွကျတာပဲ”

ကလင်းကော့သည် ခြံဝင်းထရံကိုမှီ၍ ရပ်လိုက်ရင်း မာလာကော့၏ သွက်လက်သော ခြေလှမ်းများကို ရေကြည့်နေသည်။

‘အမယ်လေး၊ လူတွေနောက်ကလိုက်ရတာ လက်စသတ်တော့ ဘာခက်လို့လဲ’ ဟု တွေးနေသည်။ မာလာကော့သည် ခဏအကြာတွင် ပြန်လာသည်။ တစုံတရာကို မကျေမနပ် ဖြစ်လာသည့်နှယ်။

“ဒီမှာ ဘာမှအလုပ်မရှိတော့ဘူး၊ မနက်ဖြန်မနက်ကျရင် ဝတ်စုံအသစ်တစုံဝတ်ပြီး တခြား အဝတ်အစား လဲပြီး ဒီအိမ်ကိုစောင့်ကြည့်”

သူတို့နှစ်ယောက် လမ်းလျှောက်ပြန်ခဲ့ကြသည်။ မာလာကော့စကားများသည် သူ့နားထဲတွင် စည်တီး သလို မြည်နေသည်။

“မျက်နှာတွေကို မှတ်ထားရမယ်၊ အဝတ်အစားတွေကို မှတ်ထားရမယ်”

“ဒီအိမ်ထဲကို ဝင်သွားတဲ့လူတွေရဲ့မျက်နှာတွေ၊ အဝတ်အစားတွေ၊ လမ်းလျှောက်ပုံတွေကို မှတ်ထား ရမယ်၊ လောကမှာ လူတူရယ်လို့ ဘယ်တော့မှ မရှိဘူး၊ ဘယ်လောက်ပဲတူတူ တနေရာမှာတော့ သွားကွဲတာချည်းပဲ၊ အဲဒီကွဲတဲ့အချက်ကို ချက်ချင်းမြင်လိုက်ရမယ်၊ ချက်ချင်းမှတ်သားလိုက်ရမယ်၊ မျက်လုံးလား၊ ပါးစပ်လား၊ အသံလား၊ လမ်းလျှောက်တဲ့အခါ လက်လွှဲပုံလား၊ နှုတ်ဆက်တဲ့အခါ သူ့ဦးထုပ်ချွတ်ပုံလား၊ တနေရာရာမှာတော့ လူတယောက်ဟာ ထူးခြားတာချည်းပဲ၊ ဒါကို ကိုယ်က ချက်ချင်းမြင်တတ်၊ မှတ်သားတတ်ရမယ်၊ တို့အလုပ်က မှတ်ဉာဏ်ကောင်းဖို့ သိပ်လိုတယ်’ မာလာကော့၏အသံသည် သူ့ကို မကျေနပ်သံ ပေါက်နေ၏။

“မင်းမျက်လုံးတွေ မျက်နှာက သိပ်မှတ်မိလွယ်တယ်၊ အထူးသဖြင့် မင်းမျက်လုံးတွေက သာပြီး မှတ်မိလွယ်တယ်၊ တို့အလုပ်က ဒီလိုမှတ်မိလွယ်လို့ မဖြစ်ဘူး၊ ဒီတော့ မင်းအပြင်လိုက်ရင် ရုပ်ဖျက်ပြီး ထွက်ပါ၊ ရုပ်မဖျက်ဘဲ ဘယ်တော့မှမထွက်ပါနဲ့၊ တခုခု လက်ကကိုင်ပြီးထွက်ပါ၊ မင်းရုပ် က လမ်းဘေးဈေးသည်နဲ့တူတယ်၊ ဒီတော့ မင်းစလွယ်သိုင်းတဲ့ ဗန်းတခု လွယ်သွား၊ တွယ်ချိတ်တို့၊ အပ်တို့၊ အပ်ချည်လုံးတို့၊ ဆံညှပ်တို့၊ ဖဲပြားတို့ စတဲ့

တိုလီမိုလီလေးတွေ ဈေးရောင်းတဲ့ပုံ လုပ်ရမယ်၊ ဒီပစ္စည်းတွေကို ငါရှာပေးမယ်၊ ပြီးတော့ အိမ်နောက်ဖေး အစေခံတန်းလျားတွေမှာ ဈေးရောင်း၊ ဟုတ်လား”

မာလာကော့က စကားကိုဖြတ်လိုက်ပြီး တပ်ထားသည့် နှုတ်ခမ်းမွေးတုကို ဖြုတ်လိုက်သည်။ ထို့နောက် ခေါင်းကဦးထုပ်ကို တွန့်ကြေခြင်းမရှိအောင် လက်ဖြင့် ပွတ်သပ်နေသည်။

“မင်းသိထားဖို့က အစေခံဆိုတာ သခင့်အပေါ်မှာ ဘယ်တော့မှ အကောင်း မပြောဘူး၊ ဒီတော့ သူတို့သခင်တွေအကြောင်းကို သူတို့ဆီက ညှစ်ထုတ်ရတာ အလွယ်ဆုံးပဲ၊ အထူးသဖြင့် အစေခံ မိန်းမကြီးတွေ၊ ထမင်းချက်မိန်းမကြီးတွေ၊ အာယားမတွေဆိုရင် ပိုလွယ်တယ်၊ သူတို့က အတင်းအဖျင်း ပြောတတ်တယ်မဟုတ်လား၊ အား... နည်းနည်းချမ်းလာပြီကွာ၊ အရက်ကလေး တခွက် နှစ်ခွက်တော့ ချမှဖြစ်မှာ”

“ကျွန်တော့်မှာတော့ ပိုက်ဆံမပါဘူး”

“ရပါတယ်ကွာ၊ လာပါ”

အရက်ဆိုင်သို့ရောက်သည့်အခါတွင် အမြဲတမ်း ဗိုလ်ကျတတ်သည့်လူမျိုး၏ အသံမာမာမျိုးဖြင့်

“ဘရန်ဒီခွက်ကြီးနဲ့ ဘီယာနှစ်လုံးဟေ့၊ မင်းကော ဘရန်ဒီလေး ဘာလေး သောက်ပါလား”

“ဟင့်အင်း ကျွန်တော် မသောက်တတ်ဘူး၊ နေပါစေ”

“အေး မသောက်တတ်တာ ကောင်းပါတယ်ကွာ”

မာလာကော့သည် ကလင်းကော့မျက်နှာကို စူးစိုက်ကြည့်နေသည်။ သူ့နှုတ်ခမ်းမွေးများကိုပွတ်ရင်း မျက်လုံးများကို မှိတ်ထားလိုက်သည်။ ကိုယ်ကို ဆန့်လိုက်သဖြင့် သူ့အရိုးများသည် ကပျက်ပျက် မြည်သွားကြသည်။ ဘရန်ဒီ တဖန်ခွက် ကုန်သွားသည့်အခါတွင် လေသံဖြင့်

“မင်းမှာ စကားနည်းတော့ ဟန်တော့ဟန်ကျတယ်ကွ၊ ကဲ ဆိုစမ်းပါဦး၊ တချိန်လုံး မင်း ဘာတွေ တွေးနေသလဲ”

ကလင်းကော့က ခေါင်းကိုငုံ့ထားလိုက်ရင်း ခဏကြာတော့မှ

“ကျွန်တော့်အကြောင်း၊ ဘာရယ်လို့လည်း မဟုတ်ပါဘူးလေ၊ ဟိုတွေး ဒီတွေးပေါ့"

"ဒါပေမဲ့ တခုခုတော့ ရေရေရာရာတွေးတာ ရှိမှာပေါ့ကွာ" မာလာကော့၏ မျက်လုံးများသည် တောက်ပလာကြ၏။ ကလင်းကော့က

"ဘုန်းကြီးကျောင်းသွားပြီးနေရရင် ကောင်းမလားလို့ စဉ်းစားနေတာ"

"ဘာဖြစ်လို့လဲ မင်းက ဘုရားတရားဘက် သိပ်ကိုင်းရှိုင်းလို့လား"

"ကိုင်းရှိုင်းလှလို့ရယ်တော့ မဟုတ်ပါဘူး၊ ကိုယ့်အကြောင်းနဲ့ကိုယ်မို့လို့ပါ၊ တကယ်ကတော့ အနေရ ချောင်အောင် ဆိုပါတော့"

"ကဲ ဒါဖြင့် အရက်သောက်မယ်ကွာ"

ကလင်းကော့က ဘီယာတဖန်ခွက်ကိုယူ၍ ခပ်တည်တည် မော့ချလိုက်သည်။ အေးစက်ခါးအန်သည့် ဘီယာကြောင့် သူ့တကိုယ်လုံး တုန်သွားသည်။ နှုတ်ခမ်းများကို လျက်လိုက်ပြီး

"ခင်ဗျားကို မကြာမကြာ ရိုက်ကြသလား"

"ဘယ်သူ့ကိုလဲ၊ ငါ့ကိုလား"

မာလာကော့က တအံ့တဩမေးလိုက်သည်။ ခံပြင်းသွားပုံလည်းရသည်။

"ဘယ်သူဘယ်ဝါရယ်လို့တော့ မဟုတ်ပါဘူး၊ ခင်ဗျားတို့စုံထောက်တွေကိုပြောတာပါ"

"စုံထောက်လို့ မခေါ်ရဘူးကွ၊ ထောက်လှမ်းရေးသမားလို့ ခေါ်ရတယ်၊ သူတို့ကတော့ ရိုက်တာပေါ့၊ ဒါပေမဲ့ ငါ့အနေနဲ့ပြောရရင် တခါမှ အရိုက်မခံရဖူးပါဘူး"

မာလာကော့သည် တွေးနေ၏။ သူ့ခါးသည် ကုန်းလျက်ရှိ၏။ သူ့ကိုယ်သည် ကျုံ့ဝင်သွားသည် ထင်ရသည်။ ဖြူဖွေးသည့် သူ့မျက်နှာသည် ညိုသွား၏။

"ငါတို့ဘဝက ခွေးသာသာဘဝပါကွာ၊ လူတွေက တို့ကို အမြင်တမျိုးနဲ့ ကြည့်ကြတယ်၊ ငါ့အဖို့ ကတော့ ငါးနှစ်မှ တကြိမ်လောက်ပဲ လူလိုသူလို အဆက်ဆံခံရတယ်။ စာရေးဆရာ မီရိုနော့ရဲ့ အိမ်မှာတုန်းက ဆိုပါတော့၊ ပုလိပ်တွေနဲ့အတူ တက်ရှာတော့ ငါက အရာရှိအဖြစ်နဲ့ လိုက်ရတယ်၊ အဲဒီတုန်းက ငါကလည်း ကောင်းကောင်းနေမကောင်းဘူး၊ ဖျားနေတယ်၊ လူတောင် ကောင်းကောင်း မရပ်နိုင်ဘူး၊ ငါတို့ရောက်သွားတော့ သူက ယဉ်ယဉ်ကျေးကျေး ပြုံးပြုံးရွှင်ရွှင်နဲ့ ကြိုတယ်၊ နည်းနည်း တော့ အမ်းနေတာပေါ့၊ မိုရိုနော့ဆိုတဲ့လူက လူကောင် ခပ်ထွားထွားရယ်၊ ရိုးတံရိုးဆစ်ကလည်း ခပ်ကြီးကြီး၊ တို့တက်ရှာတော့ တခန်းပြီးတခန်း လိုက်ပြတယ်၊ တို့ကိုလည်း ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်၊

သူနဲ့စာရင် တို့တတွေက အသေးအမွှားလေးတွေ ဖြစ်နေတာပေါ့၊ တို့အားလုံးက သူ့ကို သိပြီးသား၊ သူ့ဓာတ်ပုံတွေကလည်း သတင်းစာထဲမှာ ခဏခဏ ပါတတ်တာကိုး၊ ဒီတော့ တို့လည်း ရှက်လည်းရှက်၊ အားလည်း နာတာပေါ့ကွာ၊ သူက ငါ့ကိုကြည့်ပြီး ငါ နေမကောင်းတာကို ရိပ်မိသွားပုံ ရတယ်၊ ခင်ဗျားကြည့်ရတာ နေမကောင်းဘူး ထင်တယ်၊ ထိုင်နေပါလားတဲ့၊ ငါလည်း နည်းနည်း တော့ ရှက်သွားတာပေါ့ကွာ၊ ငါလည်း မနေနိုင်တော့တာနဲ့ တနေရာမှာ ဝင်ထိုင်လိုက်တယ်၊ စိတ်ထဲတော့ နည်းနည်းရှိမ်းနေတာပေါ့၊ သူက ဆေးသောက်မလားလို့ မေးတယ်၊ ဒီတော့ သည့်ပြင်လူတွေလည်း တို့နှစ်ယောက် ဘာတွေများ ပြောနေသလဲဆိုပြီး တို့ဆီကို နားစွင့်နေကြတာ ပေါ့၊ ခဏကြာတော့ ကွီနိုင်တွေယူလာပြီး ငါ့ကိုတိုက်တယ်၊ သောက်ကျိုးနည်း ခါးလိုက်တဲ့ဆေးကွာ၊ မတ်တတ်ရပ်လိုက်ရင် လဲကျသွားလိမ့်မယ်လို့တောင် ထင်မိတယ်၊ ဒီမှာ ငါ့အထက်ကအရာရှိ မြင်သွားပြီး ငါ့ကို ပုလိပ်ဌာနခေါ်သွားဖို့ အမိန့်ပေးလိုက်တယ်၊ ရှာလို့ပြီးခါနီးနေပြီ၊ တို့အထဲက အရာရှိက ဝမ်းနည်းပါတယ်။ ကျွန်တော်တို့ ခင်ဗျားကို ဖမ်းရလိမ့်မယ်လို့ပြောတော့ ဒါတော့ ခင်ဗျားတို့ လုပ်နိုင်တာ လုပ်ကြပေါ့လို့ ခပ်ပြုံးပြုံးနဲ့ပြန်ပြောတယ်၊ တချက်ကလေးမှ မျက်နှာမပျက် ဘူး မောင့်”

ကလင်းကော့သည် သူပြောသည့် အဖြစ်အပျက်ကို သဘောကျနေသည်။ သူ့နှလုံးသားကို လာ၍ ပွတ်သပ်ပြီး မာလာကော့လို အသုံးဝင်သည့် လူတယောက် ဖြစ်ချင်လာသည်။

‘အင်း၊ မာလာကော့ဟာ လူကောင်းတယောက်ပဲ’ ဟု သူ့ကိုကြည့်၍ တွေးနေသည်။

မာလာကော့က သက်ပြင်းချလိုက်ပြီး နောက်ထပ် ဘရန်ဒီတခွက် ထပ်မှာသည်။ ချက်ချင်းပင် စိတ်ညစ်သွားဟန်ဖြင့် ခေါင်းကို စားပွဲပေါ် တင်လိုက်သည်။

ကလင်းကော့ စကားပြောချင်သည်။ စကားလုံးများသည် သူ့ဦးနှောက်ထဲတွင် ပြေးလွှားခုန်ပေါက် နေကြသည်။ သို့ရာတွင် ခုန်ပေါက်ပြေးလွှားသော စကားလုံးများကို သူ့အစီအစဉ်ဖြင့် ပြောချနိုင်လောက်သည့်အစွမ်း သူ့တွင် မရှိ။ ကြည်လင်ပီသသည့်စကားအဖြစ် ထွက်လာအောင် ပြောပြနိုင်ခြင်း ငှာ မစွမ်း။ အတန်ကြာ ကြိုးစားတော့မှ သူမေးချင်သည့် မေးခွန်းများသည် စကားလုံးများအဖြစ် ပါးစပ်မှထွက်လာကြသည်။

“ဒါဖြင့် အဲဒီစာရေးဆရာလည်း ကျွန်တော်တို့ ရန်သူတွေဘက်ကပေါ့”

“ဘယ်သူလဲ”

“အဲဒီစာရေးဆရာလေ”

“ဘာရန်သူလဲကွ၊ ဘယ်က ရန်သူလဲ”

မာလာကျော့၏မျက်နှာက လျောင်ပြောင်သည့်မျက်နှာထားကိုဆောင်နေသည်။ သူ့နှုတ်ခမ်းက လျောင်ပြောင်အထင်သေးသည့်ဟန်ဖြင့် တွန့်နေသည်။ ကလင်းကျော့သည် ခပ်အမ်းအမ်း ဖြစ်နေ သည်။ သူက မည်သို့မျှ မပြောရသေးခင် မာလာကျော့သည် ထိုင်ရာမှထကာ ကျပ်ပြားတပြားကို စားပွဲပေါ်သို့ တင်လိုက်ပြီး ‘စာရင်းထဲမှတ်ထားလိုက်ဟေ့’ ဟု တစုံတယောက်ကို ပြောလိုက်သည်။

မာလာကျော့သည် ဦးထုပ်ကိုဆောင်းကာ ကလင်းကျော့ကို စကားတခွန်းမျှမပြောဘဲ ရှေ့က ထွက်သွားသည်။ ကလင်းကျော့သည် ခြေဖျားထောက်၍ သူ့နောက်က လိုက်လာခဲ့သည်။

“မနက်ဖြန်မနက် ကိုးနာရီကျရင် ချိန်းတဲ့နေရာကိုလာခဲ့၊ ၁၂ နာရီအထိဝင်ရမယ်”

စကားဆုံးသည်နှင့် မာလာကျော့သည် လမ်းပေါ်သို့ရောက်နေပြီး ကုတ်အင်္ကျီအိတ်ထဲသို့ လက်နှစ်ဖက်သွင်းကာ အမှောင်ထဲတွင် လျှောက်သွားသည်။

နှုတ်ဆက်ဖော်တောင် မရသည့်အတွက် ကလင်းကျော့စိတ်ထဲတွင် ခုသွားသည်။ သူသည် တိတ်ဆိတ် နေသော လမ်းမတလျှောက် လျှောက်လာခဲ့သည်။

ကလင်းကျော့စိတ်ထဲတွင် မသက်မသာဖြစ်နေသည်။ သူ့ဘေးပတ်ပတ်လည်တွင် အမှောင်ထု ကြီးစိုး နေသည်။ ချမ်းလိုက်သည်ကလည်း ဆိုဖွယ်မရှိတော့။ ခါးသက်သည့် ဘီယာအရသာသည် သူ့ပါးစပ်မှ တဆင့် လည်ချောင်းထဲ၊ ရင်ထဲသို့ ရောက်သွားသည်။ ဆောင်းဦးနှင်းပွင့်များလို မရေရာသော အတွေး များသည် ခေါင်းထဲတွင် ပေါ်လာကြကုန်သည်။

“အင်း တနေ့တော့ ပြီးပြန်ပြီ၊ ငါ့ကို တယောက်ယောက်က သဘောကျရင်”

သူ့အစ်ကိုဝမ်းကွဲ ရှာခါက သူ့ရင်ဘတ်ပေါ်တက်ထိုင်ပြီး သူ့လည်ပင်းကို ညှစ်သည်ဟု ထိုနေ့ညက ကလင်းကော့ အိပ်မက်သည်။ အိပ်ရာမှလန့်နိုးသည့်အခါတွင် ဒေါသတကြီးပြောနေသည့် ပြိုရ်တာ၏ အသံကို တဖက်ခန်းမှ ကြားရ၏။

"မလိုချင်ဘူး၊ သူတို့ပြောနေတဲ့ လက်နက်နိုင်ငံတော်တွေ ဘာတွေဆိုတာကို ကျုပ် နားမလည်ဘူး"

ပြိုရ်တာ၏ စိတ်ဆိုးမာန်ဆိုးပြောနေသံကို ကြားရသည်။ မိန်းမတယောက် ရယ်သံကိုလည်း ကြားရ၏။

'ဟော့လူ အလကားလျှောက်အော်မနေနဲ့' ဟု အသံသေးသေးတခုကပြောသည်။

"နားမလည်ဘူး၊ ကျုပ်မှာ ဘယ်သူမှားသလဲ၊ ဘယ်သူမှန်သလဲဆိုတာလည်း ခွဲခြားချိန် မရဘူး၊ ကျုပ် ငတုံးမဟုတ်ဘူး၊ ကျုပ် ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတယ်၊ လောကကြီးမှာ ပျော်ပျော်နေရဦးမယ်၊ အဲဒီခွေးသားတွေက ကျုပ်ကို သက်ဦးဆံပိုင် ဧကရာဇ်စနစ်ကြီးအတွက် လက်ချာတွေပေးပြီး ကျုပ်က ဘုမသိဘမသိနဲ့ စားပွဲထိုးလို လုပ်နေရတယ်၊ လာသမျှလူကို စားပွဲထိုးလိုလုပ်ပြီး အခိုင်းခံနေရတယ်၊ ပျော်ပွဲစားရုံထဲမှာ စားပွဲထိုးလုပ်ရလွန်းလို့ ကျုပ်ခြေထောက်တွေ ကျိန်းလှပြီ၊ လာသမျှလူကို ခါးညွတ်ပြရလွန်းလို့ ခါးတွေလည်း ညောင်းလှပြီ၊ သက်ဦးဆံပိုင် ဧကရာဇ်စနစ်ဆိုတာ ခင်ဗျားတို့ အဖို့ ဒါလောက်အရေးကြီးနေရင် ခင်ဗျားတို့ဘာသာလုပ်ကြ၊ ကျုပ်ကတော့ မလုပ်တော့ဘူး၊ ကျုပ်သိက္ခာကို ပိုက်ဆံတပြားလောက်နဲ့ ရောင်းမစားတော့ဘူး"

နာရီပေါင်းများစွာ ကြာသည့်အခါတွင် ပါဗိ၏အိမ်ရှေ့နှင့် မျက်နှာချင်းဆိုင်လမ်းထောင့်တွင် ထိုင်နေ သည့် ကလင်းကော့ကို တွေ့ရသည်။ ကလင်းကော့သည် အိမ်ရှေ့တွင် အတန်ကြာမျှ ခေါက်တုံ့ ခေါက်ပြန် လျှောက်သည်။ အိမ်ပြတင်းပေါက်များကို ရေသည်။ အိမ်၏အလျားကို သူ့ခြေလှမ်းများဖြင့် တိုင်းသည်။ အိုမင်းလှပြီဖြစ်သည့် အိမ်အိုကြီး၏မျက်နှာစာကို အိမ်ရှေ့မှနေ၍ အသေးစိတ် လေ့လာ သည်။ နောက်ဆုံး ပင်ပန်းလာသဖြင့် လမ်းထောင့်က ကျောက်တုံးပေါ်တွင် ဝင်ထိုင်သည်။ သို့ရာတွင် ကြာကြာနားချိန်မရ။ စာရေးဆရာ မိုရိုနေ့ာသည် ကုတ်အင်္ကျီကို ပခုံးတွင်တင်၍ အိမ်ထဲမှ ထွက်လာ သည်။ ဦးထုပ်ကို ခပ်စောင်းစောင်း ဆောင်းထားသည်။ သူသည် လမ်းကိုဖြတ်ကူးပြီးနောက်

ကလင်းကော့ဆီသို့ တည့်တည့်ကြီး လျှောက်လာသည်။

'ငါ့ကိုများ ထိုးမလား' ဟု ကလင်းကော့ စိုးရိမ်သွားသည်။ ကလင်းကော့သည် သူ့ကိုကြည့်ရင်း ထပြီး တခြားသို့ ရှောင်ထွက်သွားမည်ဟု စိတ်ကူးသည်။ သို့ရာတွင် ထ၍မရ။ သူ့ခြေထောက်များသည် ကျောက်စွဲထားသည့်နှယ် ထိုနေရာတွင် မလှုပ်မယှက် ရပ်နေကြသည်။

"ဒီမှာ ဘာလို့လာထိုင်နေတာလဲ"

ဒေါသတကြီးဖြင့် မေးလိုက်သည့် အသံတသံကို ကြားရ၏။

"ဘာမှမလုပ်ပါဘူး"

"ဒါဖြင့်သွား၊ ဒီကိုမလာနဲ့"

"ဘာလို့သွားရမှာလဲ"

"ရော့၊ ဟောဒီစာကို မင်းကိုလွှတ်လိုက်တဲ့လူကို သွားပေးချေ"

"မပေးနိုင်ဘူး"

"ဘာလို့မပေးနိုင်ရမလဲ"

စာရေးဆရာ မိုရိုနော့၏ မျက်လုံးပြာများက သူ့ကို သြဇာပေးနေကြသည်။ ကလင်းကော့ သူ့အကြည့် ကို မခံနိုင်တော့။ မျက်နှာကို တဖက်သို့ လွှဲကာ

"ကျွန် ကျွန်တော့်မှာ ခင်ဗျား ခင်ဗျားနဲ့ စကားပြောခွင့်မရှိဘူးဗျ၊ ခင်ဗျားဆီက စာယူဖို့လည်း အမိန့် မရှိဘူး"

စာရေးဆရာက ပြုံးလိုက်ပြီး သူ့လက်ထဲသို့ စာအိတ်တအိတ် ထည့်လိုက်သည်။ ကလင်းကော့သည် ပြာလွဲ့လွဲ့စာအိတ်ကိုယူ၍ ထွက်လာခဲ့သည်။ သူ့ကို ကိုက်သတ်မည့် အကောင်တကောင်ကို ကိုင်လာ သည့်နှယ် လက်ကိုဆန့်၍ ကိုယ်နှင့် ခပ်ဝေးဝေးကိုင်လာသည်။ သူ့လက်ချောင်းများသည် အေးသဖြင့် ထုံကျဉ်လာကြ၏။

'ငါတော့ ဒုက္ခရောက်တော့မယ်' ဟူသော အတွေးသည် သူ့ခေါင်းထဲတွင် ပေါ်လာသည်။ စာအိတ်ကို ချိပ်ပိတ်ထားခြင်း မရှိသည်ကို သွား၍ မြင်လိုက်သည်။ သူ့ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ပြီး စာရွက်ကို အိတ်ထဲမှ ထုတ်လိုက်၏။

'ဒီသတ္တဝါ ကျုပ်နောက်ကိုမလိုက်ပါစေနဲ့၊ မိုရိုနော့' ဟု ရေးထားသည်။

ကလင်းကော့သည် သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

'မာလာကော့ကိုပေးရင်တော့ သူက ငါ့ကိုဆဲတော့မှာပဲ' ဟု သတိရလိုက်သည်။

သူ့စိတ်တွင် ကြောက်ရွံ့ခြင်း မဖြစ်တော့ဘဲ ဝမ်းနည်းလာသည်။ စင်စစ် သူသည် ဤအလုပ်နှင့် လားလားမျှမသင့်လျော်။ သူ အလွန်သဘောကျသည့် မာလာကော့ကျေနပ်အောင်လည်း လုပ်နိုင်စွမ်း မရှိ။

မာလာကော့သည် အင်္ကျီအနက်ဝတ်ထားသည့် မျက်လုံးစွေစွေ လူတယောက်နှင့်အတူ ထမင်းစားနေ ကြသည်။

"လာပေ့ ကလင်းကော့ မင်းကို မိတ်ဆက်ပေးရမယ်၊ ဟောဒါက ကရာဆာဗင်တဲ့"

ကလင်းကော့က အင်္ကျီအိတ်ထဲကစာကို နှိုက်ယူရင်း အသံတုန်တုန်ဖြင့်

"ပြဿနာကတော့"

မာလာကော့က သူ့လက်ကို ဖမ်းဆုပ်လိုက်ပြီး

"နောက်တော့မှ အေးအေးဆေးဆေးပြောတာပေါ့ကွာ၊ ခု ထမင်း ဘာလေး စားပါဦး"

မာလာကော့၏ မျက်နှာက ပင်ပန်းနွမ်းနယ်နေသည်။ မျက်လုံးများက မှုန်မှိုင်းနေကြသည်။ ဆံပင် တွေက ဖရိုဖရဲ။

မနေ့ညက သောက်တာများသွားဟန်တူရဲ့ဟု ကလင်းကော့ တွေးမိသည်။

"ခင်ဗျား မှားနေပြီ မာလာကော့၊ တကယ်ကတော့ စိတ်ပါရင် ဘယ်အလုပ်ဖြစ်ဖြစ် ပျော်စရာ ကောင်းတာချည်းပဲ"

မျက်လုံးစွေစွေနဲ့လူက အလေးအနက်ပြောသည်။ မာလာကော့က သူ့ကိုလှမ်းကြည့်လိုက်ပြီး အရက်ခွက် အပြည့်ကြီးကို တချီတည်း မော့ချလိုက်၏။

"သူတို့လည်း သူလိုကိုယ်လိုလူပဲဗျာ၊ တယောက်တမျိုးတော့ ပြောကြမှာပေါ့၊ အရေးကြီးတာက ကိုယ်လုပ်ချင်တာကို လုပ်ပေါ့"

ကလင်းကော့က သူ့နှုတ်ခမ်းများကို စိုက်ကြည့်နေသည်ကို မျက်လုံးစွေစွေနှင့်လူ သတိပြုလိုက်မိ သဖြင့် ကော်ကိုင်းမျက်မှန်ကိုထုတ်၍ တပ်လိုက်သည်။ ထိုသူ၏လှုပ်ရှားမှုများမှာ ကြောင်တကောင် ၏ လှုပ်ရှားမှုလို မြန်၍

ညင်သာသည်။ သွားကလေးတွေက ချွန်ချွန်သေးသေးကလေးတွေ။ နှာခေါင်း က ဖြောင့်စင်းနေသည်။ စကားပြောသည့်အခါတွင် သူ့နားရွက်ကားကားများသည် လှုပ်နေကြ၏။ ကောက်ကွေးသောလက်ချောင်းများဖြင့် ပေါင်မုန့်ပွဲကလေးများကို လုံးချေနေပြီး ပန်းကန်ပြားထဲ တွင် ထည့်နေသည်။ ကလင်းကော့ဘက်သို့ မေးငေါ့ပြလိုက်ပြီးနောက်

'ခင်ဗျားလက်ထောက်လား' ဟုမေး၏။

"ဟုတ်တယ်"

"ဘယ်လိုလဲကွ၊ အဆင်ပြေရဲ့လား"

"ကျွန်တော်က မနေ့ကမှ ဝင်တာပါ"

ကရာဆာဗင်က ခေါင်းကို တဆတ်ဆတ်ညိတ်နေသည်။ သေးမျှင်သည့် သူ့နှုတ်ခမ်းမွေးများကို သပ်ရင်း လေသံအေးအေးဖြင့်

"ခင်ဗျားပြောသလို ကံကို ကိုယ်မပိုင်ဘူးဆိုတာတော့ ဟုတ်ပါတယ်၊ ကလေးတွေဟာ အသက်ကြီး လာကြပြီ၊ အသက်ကြီးတဲ့လူတွေကျတော့လည်း သေကြရတယ်၊ ဒါကတော့ ဘုရားရဲ့အလိုတော် အတိုင်း ဖြစ်ကြရတာကိုး၊ ဒါတွေ ကျုပ်တို့ ခင်ဗျားတို့နဲ့ မဆိုင်ပါဘူး၊ ကျုပ်တို့က ကျုပ်တို့ အလုပ် လုပ်ရုံပဲ၊ ကျုပ်တို့ တရားဥပဒေကို ဖောက်ဖျက်တဲ့သူတွေကိုဖမ်းဖို့ ကျုပ်တို့ကို အမိန့်ပေးထားတယ်၊ ဒီတော့ ကျုပ်တို့အလုပ်က လုပ်စရာရှိတာကို လုပ်ဖို့ပဲ၊ ဒီအလုပ်ဟာ လွယ်တော့မလွယ်ပါဘူး၊ ခက်လည်းခက်တယ်၊ ရှုပ်လည်းရှုပ်ထွေးတယ်၊ တနည်းပြောရရင် အမဲလိုက်ရတဲ့အလုပ်မျိုး ဆိုပါတော့ဗျာ"

မာလာကော့က စားပွဲမှ အခန်းထောင့်တခုသို့ ထသွားပြီး ကလင်းကော့ကို လက်ယပ်ခေါ်လိုက်သည်။

"ဆိုပါဦး၊ ဘယ်လိုလဲ"

ကလင်းကော့က စာအိတ်ကို လှမ်းပေးလိုက်သည်။ မာလာကော့သည် စာကိုဖတ်ပြီးနောက် ကလင်းကော့မျက်နှာကို တအံ့တသြ စိုက်ကြည့်နေသည်။ ထို့နောက် စာကို နောက်တခေါက် ဖတ်ပြန်သည်။

"ဘယ်သူလာပေးတာလဲ"

"သူကိုယ်တိုင် လာပေးသွားတာပဲ၊ အိမ်ထဲကထွက်လာပြီး"

ကလင်းကော့အသံသည် တုန်လျက်ရှိ၏။ သူ့ကို မာလာကော့ ဆဲမည်လော၊

ထိုးမည်လော၊ တခုခု တော့ လုပ်မည်မှာ သေချာသည်။ ကလင်းကော့သည် ခေါင်းကိုငုံ့ထားလိုက်၏။ ရယ်သံကို ကြားတော့ မှ ခေါင်းမော့၍ မာလာကော့ကို ကြည့်လိုက်မိသည်။ မာလာကော့သည် စာရွက်ကို ပြုံးကြည့်နေ သည်။ သူ့မျက်လုံးများသည် တောက်ပလျက်ရှိကြ၏။

““မင်းကတော့ တော်တော်အူတဲ့ကောင်ပဲ၊ ဒါကို ဘယ်သူ့မှ လျှောက်ပြောမနေနဲ့ဦး၊ သိလား”

“ဘယ်လိုလဲဗျ၊ အောင်ပွဲရခဲ့လို့ ချီးကျူးရမှာလား”

ကရာဆာဗင်က လှမ်းမေးလိုက်သည်။

“အင်း၊ ဂါဗရီလိုမှာ ဂျပန်တွေက ကျွန်တော်တို့တပ်တွေ ပိုဆော်ထည့်လိုက်ပြီဗျို့”

မာလာကော့က လက်နှစ်ဖက်ကိုပွတ်ရင်း ပြောလိုက်သည်။

“ဒါဝမ်းသာစရာသတင်းလားဗျ၊ ကျုပ်တို့အဖို့ သင်ခန်းစာရတယ်လို့ ပြောတာမှန်တော့ မှန်ပါတယ်၊ ဒါပေမဲ့ဗျာ ဒီသင်ခန်းစာက တန်ဖိုးကြီးလွန်းလှတယ်၊ ရှုရှားတွေ သွေးတွေအများကြီးနဲ့ ပေးပြီးမှရတဲ့ သင်ခန်းစာမျိုးပဲ၊ အေးလေ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့မှာ အားနည်းချက်ရှိနေပြီဆိုတာတော့ ထင်ရှား တာပေါ့”

“ဒါ ဘယ်သူ့အပြစ်လဲ”

“ဂျပန်ကြောင့်ပေါ့ဗျ၊ ဂျပန်က နယ်ချဲ့ချင်တာကိုး၊ တိုင်းပြည်တိုင်း ကိုယ့်နယ်နိမိတ်အတွင်းမှာ အေးအေးချမ်းချမ်းနေကြရင် ဒီစစ် ဘာလို့ဖြစ်လာမှာလဲ”

သူတို့နှစ်ယောက် အကြောက်အကန် ငြင်းနေကြသည်။ ကလင်းကော့ကား သူတို့ငြင်းခုံနေကြသည် ကို ဂရုမစိုက်နိုင်၊ မာလာကော့မျက်နှာကိုစိုက်ကြည့်ရင်း ပြိုရ်တာနှင့် နေရသည်ထက် မာလာကော့ နှင့် နေရလျှင် ကောင်းမည်ဟု တွေးနေသည်။ ပြိုရ်တာကား အာဏာပိုင်များကိုလည်း မကျေနပ်၊ သူ့ကိုယ်သူလည်း မကျေနပ်ဘဲ ညည်းနေသူဖြစ်သည်။ သူလုပ်နေပုံမျိုးနှင့်ဆိုလျှင် တနေ့တွင် ဆေးတံကြီးလို အဖမ်းခံရမည်လော မဆိုနိုင်။

ကရာဆာဗင် ပြန်သွားသည့်အခါတွင် မာလာကော့သည် စာကို နောက်တခေါက် ထုတ်ဖတ်ပြန်သည်။ တဟားဟားရယ်ရင်း ကလင်းကော့ကို ကြည့်နေသည်။

“ဒီအကြောင်းကို ဘယ်သူ့မှ လျှောက်ပြောမနေနဲ့နော်၊ ကြားလား၊ စာကို သူကိုယ်တိုင် လာပေး သလား၊ ဟုတ်လား”

"ဟုတ်တယ်၊ စာပေးပြီးတော့ ဒီကိုမလာနဲ့တဲ့"

ကလင်းကော့က မချိပြုံး ပြုံးလိုက်သည်။ မာလာကော့သည် ပြတင်းပေါက်ဘက်သို့လှည့်၍ မျက်လုံး များကို မှေးကြည့်လိုက်ရင်း

"အင်းပါ၊ မင်းကတော့ လမ်းဘေးဈေးသည်လုပ်ဖို့ပဲ ကောင်းတဲ့ကောင်ပါ၊ ငါပြောတဲ့အတိုင်း ဖြစ်တာ ပါပဲ၊ ကောင်းပြီလေ၊ ဒီနေ့ မင်းအနားယူတော့၊ နောက်ထပ်ခိုင်းစရာ မရှိတော့ပါဘူး၊ မင်းအတွက် တခုခု စီစဉ်ပေးမယ်လေ ဟုတ်လား"

မာလာကော့က လက်ကိုကမ်းပေးသည်။ ကလင်းကော့က လက်ဆွဲနှုတ်ဆက်ပြီး စိတ်လက်ပေါ့ပါးစွာ ဖြင့် ထွက်လာခဲ့သည်။

ရက်သီတင်းပတ် အနည်းငယ်ကြာသည့်အခါတွင် ကလင်းကော့ နေသားထိုင်သားကျစ ပြုလာသည်။ မနက်တိုင်ဆိုလျှင် အဝတ်အစားလဲပြီး လမ်းဘေးဈေးသည်တွေလွယ်သည့် ဗန်းကို ကုပ်တွင် လွယ်ကာ သူတို့လူတွေ ကျက်စားသည့် လက်ဖက်ရည်ဆိုင်သို့ ထွက်လာပြီး ညွှန်ကြားချက်များကို ယူရသည်။ သို့မဟုတ်လျှင်လည်း ရဲဌာနတခု၊ သို့မဟုတ်လျှင် ချိန်းထားသည့် နေရာတခုသို့သွားပြီး လိုအပ်သည့် ညွှန်ကြားချက်များကို တောင်းရသည်။ သူ့ကိုပေးသည့် ညွှန်ကြားချက်များက လွယ်ကူ သည်။

'အဲဒီအိမ်ကိုသွား၊ အစေခံတွေနဲ့ အသိအကျွမ်းဖြစ်အောင်လုပ်၊ အဲဒီအိမ်က လူတွေအကြောင်းကို စုံစမ်း' စသည့် ညွှန်ကြားချက်မျိုးလောက်သာ ဖြစ်သည်။

ပထမတွင် အစေခံများ၏ တန်းလျားများထဲသို့ဝင်၍ ဈေးရောင်းသည်။ သူတို့လိုချင်သည့်ပစ္စည်းကို ဈေးပေါပေါဖြင့် ရောင်းသည်။ သူတို့ကို လက်ဆောင်ကလေးအစ ဘာလေးအစ ပေးသည်။ နည်းနည်း ရင်းနှီးလာပြီဆိုလျှင် အိမ်ရှင်တွေအကြောင်းကို မသိမသာမေးသည်။ သူတို့သခင်တွေ ဘာတွေ စိတ်ဝင်စားသည်ကို အသေးစိတ်မေးသည်။ ရခဲ့သည့်သတင်းသည် မလုံလောက်ဟုထင်လျှင် သူ့ခေါင်းထဲက ထွင်လုံးကလေးတွေကို ဖြည့်စွက်၍ သတင်းပို့သည်။ ဆိုလိုဗျော့က ထွင်လုံးလေးတွေ ထည့်၍ သတင်းပို့ရန် သူ့ကို သင်ထားသည်မဟုတ်လော။

"လူတွေက အပိုဆာဒါကလေးတွေထည့်မှ စိတ်ဝင်စားတာကွ၊ ဒါ သူသူ ကိုယ်ကိုယ် ဒီလိုချည်းပဲ"

"ငါတို့စိတ်ဝင်စားတဲ့လူတွေ တယောက်နဲ့တယောက် အကျင့်စရိုက်ချင်း သိပ်မကွာကြပါဘူးကွ၊ တယောက်နဲ့တယောက် အတူတူလိုချည်းပဲ၊ ဘုရားတရား ကြည်ညိုတယ်ကွာ၊ အမူအရာ ယဉ်ကျေး တယ်ကွာ၊ စာအုပ်တွေ ဖတ်တယ်ကွာ၊ ညဆို တော်တော်နဲ့ မအိပ်တတ်ကြဘူးကွာ၊ ဧည့်သည်တွေကို ထမင်းဖိတ်ကျွေးတတ်တယ်ကွာ၊ အရက်မသောက်ဘူးကွာ၊ ဖဲမရိုက်ဘူးကွာ၊ နိုင်ငံခြားတိုင်းပြည်တွေ အကြောင်း ပြောတတ်တယ်၊ အစိုးရအုပ်ချုပ်ရေးစနစ်တွေအကြောင်းလည်း ပြောတတ်တယ်၊ ဆိုရှယ်လစ်ဝါဒအကြောင်းတို့၊ လွတ်လပ်ရေးအကြောင်းတို့လည်း ပြောတတ်တယ်၊ ဆင်းရဲသား ပြည်သူလူထုတွေဟာ သိပ်ဆင်းရဲတယ်၊ ဒါကြောင့် ဇာဘုရင်ကိုဖြုတ်ချဖို့ သူတို့ကို လှုံ့ဆော်ရမယ်လို့ ပြောတတ်တယ်၊ အစိုးရကို ဖြုတ်ချပြီး အာဏာသိမ်းရမယ်၊ ဆိုရှယ်လစ်စနစ်ကို ထူထောင်ရမယ်တို့ ဘာတို့နဲ့

ပြောတတ်ကြတယ်၊ ဆိုလိုဗျော့၏အသံသည် တိမ်ဝင်သွား၏။ ချောင်းတချက်ဆိုးလိုက်ပြီး သက်ပြင်းကြီးကို ချလိုက်သည်။

"လွတ်လပ်မှုဆိုတာကိုတော့ လူတိုင်း လိုချင်ကြတာချည်းပဲပေါ့ကွာ၊ ဒါပေမဲ့ လွတ်လပ်လွန်းတဲ့အခါ ကျတော့ လူတွေက သူတို့ထင်ရာတွေကို သူတို့လုပ်နေရင် ဘယ်လိုဖြစ်ကုန်မလဲ၊ အဲဒါက ပြဿနာ၊ လုံးဝ လွတ်လပ်မှုဆိုတာကလေးကိုတောင် အပြည့်ပေးလို့မဖြစ်ဘူး၊ ပုထုဇဉ်လူသားဆိုတာ ထားပါ တော့ကွာ၊ အရိယာတွေ၊ သူတော်စင်တွေတောင်မှပဲ ကိလေသာ (ဝါသနာ) ကို မစွန့်နိုင်ကြသေးဘဲ တို့လိုလူသားတွေတော့ ဘာပြောစရာရှိတော့မှာလဲ။ လူတွေစည်းလုံးပြီး လူ့အသင်းအပင်းရယ်လို့ ဖွဲ့နေကြတာဟာ လွတ်လပ်မှုကြောင့် ဒီလိုနေကြတာမဟုတ်ဘူး၊ အကြောက်တရားကြောင့် အသင်းအပင်း ဖွဲ့နေကြတာ၊ လူတွေကို တရားဥပဒေနဲ့ အုပ်ချုပ်မှရတယ်၊ ဒါပေမဲ့ တော်လှန်ရေး သမားတွေကတော့ ဥပဒေကို မလိုချင်ကြဘူး၊ သူတို့အချင်းချင်း ညီညွတ်ကြသလားဆိုတော့လည်း မညီညွတ်ကြပြန်ဘူး၊ တချို့ကျတော့လည်း လက်ပစ်ဗုံးတွေ၊ သေနတ်တွေသုံးပြီး သူတို့ကိုယ်တိုင် ဝန်ကြီး၊ ဝန်ကလေးတွေ တက်လုပ်ပြီး ဇာဘုရင်အမှုတော်ကို ထမ်းချင်ကြတယ်၊ တချို့ကျတော့ လည်း အချိန်နည်းနည်း စောင့်ချင်ကြတယ်၊ ဆူပူမှုလေးတွေဖန်တီးပြီး လူတွေကို သတ်ချင်ကြတယ်"

ဆိုလိုဗျော့က မျက်နှာကြက်ကို မော့ကြည့်၍ အတန်ကြာ စဉ်းစားနေသည်။ 'တို့ကတော့ သူတို့နိုင်ငံရေးကို နားမလည်ပါဘူး၊ သူတို့အဖို့ကတော့ နိုင်ငံရေးဆိုတာ ယုံကြည်ချင်လည်း ယုံကြည် မှာပေါ့လေ၊ ဒါပေမဲ့ တို့အဖို့ကတော့ နိုင်ငံရေးလုပ်တယ်ဆိုတာ သစ္စာမဲ့တဲ့အလုပ်ပဲ၊ တို့အဖို့ကတော့ ဇာဘုရင်ဟာ ဘုရားသခင်က ဘိသိက်သွန်းထားတဲ့ဘုရင်၊ ဒီတော့ ဇာဘုရင်ရဲ့အလိုတော်အတိုင်း လုပ်ဖို့ဟာ တို့တာဝန်၊ တို့အတွက် ဇာဘုရင်က ဘုရားမှာ တာဝန်ယူထားရ၊ ဒါကြောင့် ဇာဘုရင် ခိုင်းတာကို တို့လုပ်ရမှာပဲ၊ တော်လှန်ရေးသမားတွေ ယုံအောင် ဆင်းရဲသားတွေ သိပ်ဒုက္ခရောက် တယ်၊ ဘာဖြစ်တယ် ညာဖြစ်တယ်လို့ သူတို့ရှေ့ များများညည်းပေးရမယ်၊ ပုလိပ်က လူတွေကို ညှဉ်းဆဲတယ်လို့ များများပြောပေးရမယ်၊ ဒီလူတွေမှာ မကောင်းတဲ့စိတ်တွေရှိပေမဲ့ ဒီလူတွေက ယုံတတ်တယ်၊ ဒီတော့ ဒီလူတွေကို ဒီလို ငါးစာကျွေးပြီး မျှားရမယ်၊ ဒီလူတွေ အသိုင်းအဝိုင်းနဲ့ တွေ့ရင် ကိုယ်ကလည်း ပါးနပ်ရမယ်၊ သူတို့အားလုံးဟာ အတုံးတွေမဟုတ်ဘူး၊ သူတို့ အစေခံတွေကို လည်း ဒီနည်းနဲ့ပေါင်းရမယ်၊ သူတို့ဆီက ကိုယ်လိုချင်တဲ့သတင်း ရမယ်ဆိုရင် ကိုယ်ရောင်းတဲ့ပစ္စည်း တွေကို လျှော့ရောင်းတန် ရောင်းရမယ်၊ ဒါပေမဲ့ သူတို့က ကိုယ့်အပေါ်မှာ သံသယမဖြစ်ဖို့ဘဲလိုတယ်၊ ကိုယ်က ဖွတ်အတင်း လျှော့ပေးရင် သူတို့က မသင်္ကာဖြစ်လာလိမ့်မယ်၊ ပစ္စည်းတွေကို ဘာဖြစ်လို့ ဒီလောက် မတရားသဖြင့်

လျှော့ရောင်းသလဲ၊ ဘာဖြစ်လို့ ဟိုမေးဒီမေး မေးသလဲလို့ တွေးလာကြ လိမ့်မယ်၊ အရေးကြီးဆုံးကတော့ သူတို့နှင့် ခင်မင်ရင်းနှီးအောင် ပေါင်းထားဖို့ပဲ၊ အကောင်းဆုံးက တော့ အစေခံထဲက ခပ်ပုံ့ပုံ့ ခပ်ပျက်ပျက် ကောင်မလေးတယောက်ကို ရည်းစားထား၊ သူ့ဆီက ကိုယ်လိုချင်တဲ့သတင်းကို နှိုက်ယူ၊ ကိုယ်က စွဲအောင်လုပ်တတ်ရင် ဒီကောင်မ ဘာခံနိုင်မှာလဲ၊ မင်း အင်္ကျီကို လျှော်ပေးမယ်၊ မီးပူတိုက်ပေးမယ်၊ သူနဲ့အတူ လာအိပ်ဖို့ချိန်းမယ်၊ အဲဒီအခွင့်အရေးမျိုးရရင် မင်းမေးချင်ရာ မေးပေတော့၊ အကုန်ရမှာပဲ၊ ခပ်ပုံ့ပုံ့ကောင်မလေးတွေလေ၊ မင်းမြင်ဖူးတယ် မဟုတ်လား၊ မိန်းမတယောက်ဟာ မင်းအတွက် တံခါးပေါက်များစွာကို ဖွင့်ပေးနိုင်တယ်ဆိုတာ မင်းမြဲမြဲမှတ်ထား”

ကျောက်ပေါက်မာသက်သက်၊ ပုပုဝိုင်းဝိုင်းနှင့် အမွေးထူထူ ဆိုလိုဗျော့သည် မိန်းမအကြောင်းကို ပြောမည်ဆိုလျှင် မောသည်မရှိ။ မိန်းမအကြောင်း ပြောပြီဆိုလျှင် သူ့အသံသည် တိုးရာမှ ပိုတိုးသွား ၏။ လည်ပင်းတွင် ချွေးတွေပြန်ကာ လည်ပင်းကြောကြီးတွေ ထောင်လာတတ်၏။ မျက်တောင်မွေး မရှိသည့် သူ့မျက်လုံးများသည် အရည်လဲ့လာတတ်၏။ ဆိုလိုဗျော့သည် အမဲဆီနံ့ထွက်ကာ သူ့အသားသည် အမဲသားအပုပ်အနံ့ ထွက်နေတတ်သည်။ ကလင်းကော့သည် အနံ့ခံကောင်းသူ ဖြစ်သည့်အတိုင်း ထိုအနံ့ကို ချက်ချင်းသိလိုက်သည်။

ပုလိပ်ဌာနတွင် အလုပ်လုပ်စဉ်ကမူ စုံထောက်ဆိုသည့်လူစားမျိုးသည် လောကတွင် အရာခပ်သိမ်းကို သိသူများဟု သူထင်ခဲ့သည်။ အရာရာ သူတို့လက်ထဲတွင် ရှိသည်ဟုထင်ခဲ့သည်။ နေရာတကာတွင် သူတို့ကို ကူညီမည့်သူတွေ ရှိသည်ဟုထင်ခဲ့သည်။ အန္တရာယ်ရှိသူများအားလုံးကို တခါတည်း ဖမ်းနိုင်သည့်တိုင် မဖမ်းဘဲထားခြင်းမှာ နောင်တွင် သူတို့အဖို့ လုပ်စရာမကျန်တော့ဘဲ ဖြစ်မည် စိုးသဖြင့် တမင်ချန်ထားသည်ဟု သူထင်ခဲ့သည်။ လုံခြုံရေးဌာနသို့ ရောက်သည့်အခါတွင်မူ သူတို့အားလုံးသည် အဖေကိုသော်လည်းကောင်း၊ အမေကိုသော်လည်းကောင်း၊ ညီအစ်ကိုသော် လည်းကောင်း ထောက်ထားညှာတာခြင်း မပြုရန် သစ္စာဆိုထားရသူများဖြစ်ကြောင်း၊ သူတို့အသက် ကို ပဓာနမထားဘဲ အမှုတော်ကို ထမ်းရွက်ရန် သစ္စာဆိုထားရသူများဖြစ်ကြောင်း၊ အချင်းချင်းကိုပင် စကားအကုန် မပြောရသူများ ဖြစ်ကြောင်းကို ကလင်းကော့ တွေ့လာရသည်။

လုံခြုံရေးဌာနသို့ မရောက်ခင်တုန်းက စုံထောက်ဆိုသည့်လူစားမျိုးသည် မျက်နှာထားတင်းတင်း၊ စကားနည်းနည်း၊ သူတကာ နားမလည်သည့် စကားမျိုး ပြောတတ်သူများဟု သူထင်ခဲ့သည်။ မှော်ဆရာလို ပဉ္စလက်အတတ်တွေ တတ်မြောက်သူ၊ လူ့စိတ်အကြောင်းကို ကောင်းကောင်းသိသူ၊ လူ့ဘဝ၏

လျှို့ဝှက်ဆန်းကြယ်မှုကို ကောင်းကောင်းသိသူဟု သူ ထင်ခဲ့သည်။

သို့ရာတွင် ထိုဌာနသို့ရောက်၍ သူတို့ကို သေသေချာချာ အကဲခတ်ကြည့်သည့်အခါတွင်မူ သူတို့သည် အခြားသူများနှင့် ဘာမျှမခြားနား၊ သူလိုကိုယ်လိုလူတွေဖြစ်ကြောင်း၊ အခြားသူများထက် ပို၍ ကြောက်စရာကောင်းသူများ မဟုတ်ကြောင်းကို ကလင်းကော့ တွေ့လာရသည်။ အပေါ်ယံ ကြည့်လျှင် သူတို့က တခြားသူများထက်ပင် ဖော်ရွေပုံပေါက်နေသေးသည်။ သူတို့ အမှားများ၊ သူတို့ဆုံးရှုံးမှုများကို ပွင့်ပွင့်လင်းလင်း ပြောကြသည်။ သူတို့အဖြစ်ကို သူတို့ကြည့်၍ ရယ်မောကြ သည်။ အခြားအမှုထမ်းများကဲ့သို့ပင် ကိုယ့်အထက်ကလူကြီးကို မကျေမနပ်ဖြစ်တတ်ကြသည်။ ကျိန်ဆဲတတ်ကြသည်။

သူတို့အချင်းချင်းမူ သံယောဇဉ်ကြီးကြသည်။ တယောက်အတွက် တယောက် စိုးရိမ်ကြသည်။ တယောက်ယောက် အစည်းအဝေး နောက်ကျလျှင်၊ သို့မဟုတ် အချိန်တန်၍ ပြန်မရောက်လာလျှင် အချင်းချင်း စိုးရိမ်ကြသည်။ ကလင်းကော့၊ ဇာရူဗင်စသည့် လက်ထောက်တယောက်ယောက်ကို တနေရာသို့ လွှတ်၍ အရှာခိုင်းတတ်သည်။

သူတို့၏ ထူးခြားသော အရည်အချင်းတခုမှာ ပိုက်ဆံကို မက်မောမှု မရှိခြင်းဖြစ်သည်။ တယောက်ယောက် ဖဲရှုံးလာလျှင်၊ ကြွေးတင်လာလျှင် အလွယ်တကူ ချေးငှားတတ်ကြသည်။ ကပွဲများကို နှစ်သက်တတ်ကြသည်။ ကလေးများလို ဖဲမျက်လှည့်ကို နှစ်သက်တတ်ကြသည်။ ဖဲကစားတော်သူကို အားကျတတ်ကြသည်။

အထက်လူကြီး မိန်းမပွေပုံကို မြိန်ရေရှက်ရေ ပြောတတ်ကြသည်။ သူတို့တွေ့ဖူးသော မိန်းမပျက်များ ၏ ခန္ဓာဗေဒကို အားရပါးရ ပြောတတ်ကြသည်။ သူတို့တွေ့ကြုံခဲ့သော ဖိုမဆက်ဆံရေးကိစ္စများကို အပူတပြင်း ဆွေးနွေးတတ်ကြသည်။ သူတို့အများစုမှာ လူငယ်လူရွယ် လူလွတ်များဖြစ်ကြသည်။ သူတို့အဖို့ မိန်းမသည် အရက်နှင့်အတူတူဖြစ်၏။ မိန်းမသည် သူတို့ကို နှစ်သိမ့်မှုပေး၏။ အိပ်ပျော်စေ ၏။ သူတို့၏ ခွေးသာသာဘဝမှ သောကများကို ဖြေဖျောက်ပေး၏။ သူတို့အားလုံးလောက်၏ အိတ်ထဲတွင် ညစ်ညမ်းသည့်ဓာတ်ပုံများ ပါရှိတတ်သည်။ ညစ်ညမ်းသည့် စကားလုံးများဖြင့် ထိုဓာတ်ပုံများအကြောင်းကို ဆွေးနွေးတတ်ကြ၏။ ကလင်းကော့သည် သူတို့ပြောသော စကားများ ကို နားထောင်ရင်း စူးစမ်းလိုစိတ်၊ မယုံကြည်စိတ်၊ စက်ဆုပ်ရွံရှာသည့်စိတ်တို့ ဖြစ်ပေါ်တတ်သည်။ သူတို့အနက် အချို့မှာ လိင်ဖောက်ပြန်သူများဖြစ်ကြောင်းကို ကလင်းကော့ တွေ့လာရသည်။ အချို့ မှာ ဖော်ပြ၍မရသော ရောဂါများ စွဲကပ်နေကြသည်။ လောကကြီးကို မေ့ပျောက်၍

အမြန်ဆုံး မူးနိုင်သမျှမူးရန် အရက်ကို အလွန်အကျွံ သောက်ကြသည်။

သူတို့အထဲမှ တချို့သာလျှင် တောလိုက်မုဆိုး၏ စိတ်အားထက်သန်ခြင်းမျိုးဖြင့် သူတို့အလုပ်ကို သတိထား ထက်သန်စွာ လုပ်ကြသည်။ သူတို့ ကျွမ်းကျင်မှုကို ထုတ်ဖော်ကြွားဝါကာ သူတို့ကိုယ်ကို သူတို့ သူရဲကောင်းကြီးများအဖြစ် ယူဆကြသည်။ အများစုမှာ အလုပ်ကို စိတ်မပါ့တပါ ဝတ်ကျေ တမ်းကျေသာ လုပ်ကြသည်။

သူတို့လိုက်နေသည့် သားကောင်များအကြောင်းကို ပြောသည့်အခါများတွင် ရှာရှာလို မလိုမုန်းထားမှု ကို မပြကြ။ ပုံမှန်အတိုင်းသာ ပြောကြသည်။ သို့ရာတွင် မယ်လနီကော့လို လူမျိုးကမူ ရှားသည်။ မယ်လနီကော့က ကိုယ်လုံးကိုယ်ထည်ကြီးကြီး၊ အမွေးအမှင်ထူထူ၊ အသံသြသြနှင့် လမ်းလျှောက် လျှင် ခေါင်းကိုငုံ့ပြီး လျှောက်တတ်သည်။ စကားနည်းသည်။ သူ့မျက်လုံးနက်နက်များသည် အမြဲတမ်း တောက်ပလျက်ရှိပြီး သားကောင်ကို ချောင်းနေတတ်သည်။ ကလင်းကော့၏အထင်တွင်မူ သူသည် အမြဲကြောက်စရာကောင်းသည့် အလုပ်မျိုးကို စိတ်ကူးနေသည်ဟုထင်သည်။ ကရာဆာဗင် နှင့် ဆိုလိုဗျော့တို့ကလည်း တမျိုး၊ ကရာဆာဗင်က သွေးအေးအေးဖြင့် လက်စားချေတတ်သည်။ ဆိုလိုဗျော့က ရိုက်ရနက်ရသည့်အကြောင်း၊ သွေးထွက်သံယိုဖြစ်သည့်အကြောင်း၊ မိန်းမအကြောင်း တို့ကို အားရပါးရ ပြောတတ်သည်။

လူငယ်စုံထောက်ထဲတွင် ထင်ရှားသူမှာ ဇာရူဗင်ဖြစ်သည်။ ဇာရူဗင်သည် အမြဲတမ်း အလုပ်များလျက် ရှိကာ တော်လှန်ရေးသမားများအကြောင်းကို အမြဲမေးနေတတ်သည်။ သူတို့အကြောင်းကို စာအုပ် တအုပ်ဖြင့် မှတ်သားနေသည်။ အရေးကြီးသည့်စုံထောက်များကိုတွေ့လျှင် ပါးလျက်နားလျက် လုပ်တတ်သည်။ သို့ရာတွင် သူ့ကို မည်သူကမျှ သဘောမကျ။ သူ့မှတ်စုစာအုပ်ကိုလည်း သက်ာမကင်း ဖြစ်ကြသည်။

အများအားဖြင့်မူ သူတို့သည် တော်လှန်ရေးသမားများအကြောင်းကို စိတ်မပါ့တပါ ပြောကြသည်။ တစ်ခါတရံတွင် ရယ်စရာကောင်းသည့် လူထူးလူဆန်းတယောက်အကြောင်းကို ပြောသလို ခပ်သောသော ပြောကြသည်။ တစ်ခါတရံတွင် အကျင့်မကောင်းသည့်အတွက် ရိုက်ဖို့ကောင်းသည့် ကလေးငယ်တယောက်အကြောင်းကို ပြောသလို ပြောတတ်ကြသည်။ သူတို့စကားကို ကြားဖန် များသည့်အခါတွင် တော်လှန်ရေးသမားဆိုသည်မှာ ဦးနှောက်မရှိသူ၊ ပေါ့လွင်သူ၊ ကိုယ့်ဘာလုပ်၍ ဘာလုပ်မှန်းမသိသူ၊ ဆူပူမှုကို ဖန်တီးဖို့လောက်သာ သိသူဟူ၍ ကလင်းကော့ ထင်လာသည်။ တခါတွင် ကလင်းကော့က ပြိုရ်တာကို မေးဖူးသည်။

“တော်လှန်ရေးသမားတွေဟာ ဂျာမန်တွေဆီက ငွေတွေရနေတယ်လို့ ခင်ဗျား တခါကပြောဖူးတယ်၊ တချို့ကျတော့လည်း တမျိုးပြောနေကြပါကလား”

“ဘယ်လိုတမျိုးပြောတာလဲ”

ပြိုရ်တာက မကျေနပ်သံဖြင့် မေးသည်။

“သူတို့က ဆင်းရဲပြီး အသိဉာဏ်မရှိဘူးတဲ့၊ ဂျာမန်တွေဆီက ပိုက်ဆံတွေ ရနေတယ်လို့ မပြောကြ တော့ဘူး”

“အလကား လျှောက်ပြောနေကြတာပေါ့ကွာ၊ ဘယ်သူတွေ ဘာပြောပြော အထက်ကအမိန့်အတိုင်း သာ လုပ်စမ်းပါ၊ ဒီပုဆိုးဝတ်ရင် ဒီချေးပဲ ပါမှာပေါ့”

ကလင်းကော့သည် ရှာရှာနှင့် ကင်းနိုင်သမျှကင်းအောင်နေသည်။ သူ့လူမမာ မျက်နှာကြီးကိုကြည့်၍ ကလင်းကော့ ကြောက်သည်။ သူ့ကိုယ်မှ တင်ချာနံ့ကြီးနဲ့ ညောင်စာစာအသံကို မုန်းသည်။

ရှာရှာသည် အထက်လူကြီးများကို ကျိန်ဆဲတတ်သည်။

“အလကားလူတွေ သူတို့ကျတော့ သုံးလိုက်တဲ့ငွေတွေ၊ သန်းချီလို့၊ ငါတို့ကိုတော့ ကြေးပြားလေး တပြား နှစ်ပြားပစ်ပေးပြီး သူတို့ကျတော့ မိန်းမတွေအတွက် ငွေကို ရေလိုသုံးနေကြတယ်၊ ပြီးတော့ သူတို့ကိုယ်သူတို့ တိုင်းပြည်အတွက် လုပ်နေတယ်တဲ့။ တိုင်းပြည်အတွက် အလုပ်လုပ်တယ်ဆိုတာ အထက်တန်းစားတွေက လုပ်တာမဟုတ်ဘူးကွ၊ တော်လှန်ရေးကို အထက်တန်းစားတွေကလုပ်တာ မဟုတ်ဘူး၊ တော်လှန်ရေးဆိုတာ အောက်ကလာတာ၊ မြေကြီးထဲကလာတာ၊ လူထုထဲကလာတာ၊ ငါ့ကို ငွေငါးသန်းလောက် ပေးကြည့်စမ်းပါလား၊ တော်လှန်ရေးကို လမ်းမတွေပေါ် ရောက်အောင် လုပ်ပြမယ်၊ အမှောင်ထဲကနေ အလင်းကိုရောက်အောင် လုပ်ပြမယ်”

ရှာရှာသည် မလိုလားအပ်သူများကို အစုလိုက် အပြုံလိုက် သုတ်သင်ရန် နည်းမျိုးစုံကို စဉ်းစားလျက် ရှိ၏။ သူ့မျက်နှာသည် ခဲရောင်ပေါက်ကာ သူ့မျက်လုံးများသည် မှုန်မှိုင်းလာကြ၏။ ပါးစပ်ကလည်း အမြှုပ်တစီစီ ထွက်နေတတ်သည်။

လူတွေက သူ့ကိုမကြိုက်ကြ။ သို့ရာတွင် သူ့ကို ကြောက်ကြသည်။ သူ့ရောဂါကြီးကို မနှစ်သက်ဟန် မပြရဲကြ။ မာလာကော့တယောက်သာလျှင် သူ့ကို ခပ်ပြတ်ပြတ်ဆက်ဆံသည်။ သူနှင့် လက်ဆွဲ နှုတ်ဆက်ခြင်းပင် မပြု။ ရှာရှာကလည်း လူတိုင်းကိုလှောင်သည်။ လုပ်ဖော်ကိုင်ဖက်ချင်းကို အထင်သေးသည်။ မာလာကော့အကြောင်းကို မကောင်းပြောလေ့မရှိ။ မာလာကော့နှင့် စကား

ပြောလျှင် အလေးအနက် ပြောတတ်သည်။ မာလာကော့အကြောင်းကို ကွယ်ရာတွင်ပင် မကောင်း ပြောလေ့မရှိ။ တခါတွင် မာလာကော့က စကားပြောပြီး သူ့ကိုခါတိုင်းလို နှုတ်မဆက်ဘဲ ထွက်သွား သည်။

"ဒီ မာလာကော့ဆိုတဲ့လူက ကျုပ်ကို ရွံ့ပုံရတယ်၊ အထက်တန်းစားကလာတဲ့သူကိုး၊ ရွံ့ချင်လည်း ရွံ့မှာပေါ့၊ သူတို့ဆွေမျိုးတွေက နေတော့ အိမ်ကြီးရခိုင်တွေနဲ့၊ စားတော့သောက်တော့လည်း အကောင်းစားတွေ၊ ဝတ်တော့လည်း အကောင်းစားတွေ၊ ဒီတော့ ကျုပ်ကို ရွံ့ပေမှာပေါ့၊ ကျုပ်က တော့ လယ်သမား၊ တိရစ္ဆာန်လိုမွေးပြီး တိရစ္ဆာန်လို ကြီးလာရတာ၊ ဆန်ကြမ်းကိုစား၊ လောက်တွေ သန်းမကြီးတွေတွယ် အဝတ်တွေကို ဝတ်လာရတာ၊ သူ့သွေးနဲ့ သူ့ဦးနှောက်က ကျုပ်ထက် သန့်ရှင်း တာပေါ့၊ လူတိုင်း တန်းတူရမယ်ဆိုတာ ဘယ်ဖြစ်နိုင်မလဲ၊ တန်းတူရမယ်လို့ ပြောတဲ့သူတွေဟာ အသိဉာဏ်မရှိတဲ့လူတွေ၊ အလကားလူတွေ၊ လူလိမ်တွေ၊ ရေပေါ်ဆီလူတန်းစားတွေ၊ ရေပေါ်ဆီ လူတန်းစားတွေက လူတိုင်း တန်းတူညီမျှရမယ်တဲ့၊ ပြောမှာပေါ့၊ သူတို့က သူတို့ဘာသာ ဘာမှ ဟုတ်တိပတ်တိ မလုပ်တတ်ကြဘဲကိုး၊ ဒီတော့ မင်းတို့လည်း ငါတို့လိုလူတွေပဲ ငါတို့ကောင်းကျိုး အတွက် လုပ်ပေးကြလို့ ခိုင်းမှာပေါ့၊ တန်းတူညီမျှရေးဆိုတာ အဲဒါပဲ"

မယ်နီကော့က ရှာရှာ့စကားများကို ထောက်ခံသည်။ မယ်နီကော့မှာ အလုပ်သမားများကို စုံထောက် ရန် တာဝန်ကျသူဖြစ်၏။

"ဟုတ်တယ်၊ ဒီကောင်တွေ အားလုံးဟာ လူညာတွေချည်းပဲ၊ အားလုံးပဲ"

မယ်နီကော့က ဆံပင်ထူထူ သူ့ခေါင်းကြီးကို တဆတ်ဆတ်ညိတ်၍ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ပြောသည်။

"လယ်သမားတွေ နွားသူခိုးသတ်သလို ဒီကောင်တွေကို သတ်ပစ်ရမယ်"

ရှာရှာကအော်သည်။

"သတ်ပစ်ဖို့ဆိုတာကတော့ နည်းနည်းများလွန်းပါတယ်။ ဒါပေမဲ့ တခါတလေတော့ ဒီကောင်တွေကို ခပ်ဆတ်ဆတ်ကလေး ဆုံးမပေးရမယ်"

စုံထောက်ချာရင်က ပြောသည်။ ချာရင်မှာ ဘိလိယက်ထိုးကောင်းသည်ဟု နာမည်ကြီးသူဖြစ်၏။ ဆံပင်ကောက်ကောက်၊ ပိန်ပိန်ပါးပါး၊ နှာခေါင်း ချွန်ချွန်။

"ဒီကောင်တွေအကြောင်း ပြောရဦးမယ်၊ လွန်ခဲ့တဲ့အပတ်ထဲက ကျွန်တော်က ကူနိုနော့ဟိုတယ်မှာ လူတယောက်နဲ့ ဘိလိယက်ကစားတယ်။ ဒီလူ့မျက်နှာကို မြင်ဖူးပါတယ်လို့တော့ အထင်သား၊ ဒါပေမဲ့ လူတူမရှား၊

နာမည်တူမရှား မဟုတ်လား၊ သူကလည်း ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ဒါပေမဲ့ ကျွန်တော်ကလည်း ခပ်ပေါ့ပေါ့၊ သူ့ကြည့်ချင်ကြည့်ပါစေဆိုပြီး ခပ်ပေါ့ပေါ့ပဲ သဘောထားလိုက် တယ်။ ကျွန်တော်နဲ့ သူနဲ့ ဘီယာတိုက်ကြေး ကစားကြလို့ ကျွန်တော်က ရှုံးတာနဲ့ ဘီယာတိုက်ရ တယ်၊ ဘီယာသောက်နေရင်းကနေပြီး သူက ဘာမပြောညာမပြော ဖြုန်းဆို ထရပ်ပြီး ခင်ဗျား စုံထောက်မဟုတ်လား၊ ကျုပ် တက္ကသိုလ်မှာတုန်းက ခင်ဗျားကိုမှတ်မိသားပဲ၊ ခင်ဗျားကောင်းမှု ကြောင့် ကျုပ် ထောင်ထဲမှာ လေးလနေခဲ့ရတယ်၊ တော်တော် သောက်သုံးမကျတဲ့လူဆိုပြီး ကျွန်တော့်ကို ချဲပါလေရော၊ ရုတ်တရက်တော့ ကျွန်တော်လည်း လန့်သွားတာပေါ့၊ ဒါပေမဲ့ စိတ်က နည်းနည်းတိုလာတော့ ‘ခင်ဗျား ထောင်ကျတာ ကျုပ်နဲ့ဘာဆိုင်လို့လဲ၊ ခင်ဗျားဘာသာ နိုင်ငံရေး လုပ်လို့ကျတာပဲ’ လို့ ကျွန်တော်က ပြန်ပြောတယ်။ ခင်ဗျားဘာသာ နိုင်ငံရေးလုပ်တာ ကျုပ်နဲ့ ဘာမှလည်း မဆိုင်ဘူး၊ ဒါပေမဲ့ ခင်ဗျားနောက်ကို နေပူမိုးရွာမရှောင် လိုက်ခဲ့ရလို့ ဆေးရုံကို နှစ်ပတ် လောက်တောင် တက်ခဲ့ရသေးတယ်လို့လည်း ပြောလိုက်တယ်၊ ငနဲက သူ့ကြည့်တော့ ရွှေလက်ပတ် ကြိုးနဲ့၊ စိန်လက်စွပ်နဲ့၊ လည်စည်းမှာလည်း စိန်ရင်ထိုးနဲ့”

ဇာတ်သမားဂိုက်ပေါက်နေသည့် အကင်းဂရိုကိုတော့ဆိုသည့် စုံထောက်တယောက် ရှိသေးသည်။

“ကျွန်တော်လည်း ဒီလိုငနဲမျိုးတွေ တွေ့ဖူးပါတယ်၊ ငယ်ငယ်တုန်းကတော့ သူတို့လောက် နိုင်ငံရေး စကား ပြောတာမရှိဘူး၊ တိုင်းပြည်ကြီးကို သူမှမရှိရင် တိုင်းပြည်ကြီး ဒုက္ခရောက်တော့မယ့်အတိုင်းပဲ၊ ဒါပေမဲ့ အသက်ကလေးလည်း နည်းနည်းကြီးလာရော အိမ်ကမယားအနားက မခွာတော့ဘူး၊ ပိုက်ဆံ ရမယ်၊ ကောင်းကောင်းနေရမယ်ဆိုရင် လုံခြုံရေးဌာနမှာတောင် ဝင်လုပ်လိုက်ကြသေးတယ်၊ ဒါကတော့ သဘာဝပဲ”

“တချို့ကျတော့လည်း နိုင်ငံရေးကလွဲပြီး ဘာမှလုပ်ကိုင်မစားတတ်တဲ့လူတွေ ရှိသေးတယ်၊ ဒီလူတွေ ကတော့ အန္တရာယ်ကြီးတာပေါ့လေ”

မယ်နီကော့က ဝင်ပြောသည်။

‘ဟုတ်တယ်၊ ဟုတ်တယ်’ ဟု ကရာဆာဗင်က မျက်လုံးစွေစွေများဖြင့် လှမ်းကြည့်ရင်း ပြောသည်။

တခါတွင် ပြိုရုံတာသည် ဖဲရှုံးလာသည်။ ‘ငါတို့ရဲ့ ခွေးသာသာဘဝကလည်း ဘယ်တော့မှ လွတ်ပါ့မလဲ မသိဘူး’ ဟု စိတ်ပျက်လက်ပျက် ညည်းသံကို ကြားရသည်။ ဆိုလိုဗျော့ သူ့နှုတ်ခမ်းထူထူကြီးများကို လျက်လိုက်ရင်း...

"ဟေ့လူ၊ ကျုပ်တို့အလုပ်က ဒါကောင်းတယ်၊ မကောင်းဘူး ပြောနေဖို့ မဟုတ်ဘူး၊ ရှင်းရှင်းကလေး ရယ်၊ အထက်ကလူကြီး အလိုက်ခိုင်းတဲ့သူ နောက်ကိုလိုက်၊ မှတ်စရာရှိတာမှတ်၊ စုံစမ်းစရာရှိတာကို စုံစမ်း၊ အထက်ကို အစီရင်ခံစာတင်၊ ဒါပဲ၊ ကျန်တာကတော့ ကျုပ်တို့တာဝန် မဟုတ်တော့ဘူး လုပ်စရာရှိတာ သူတို့လုပ်လိမ့်မယ်၊ သူတို့ဘာသာသူတို့ အဲဒီငနဲကို သတ်ချင်သတ်၊ မသတ်ချင်နေ၊ ကျုပ်တို့နဲ့ နိုင်ငံရေးနဲ့ ဘာမှမဆိုင်ဘူး၊ သိပ်လည်း လျှောက်တွေးမနေနဲ့၊ တခါတုန်းက ကျုပ်တို့ဌာန မှာ ဆိုကိုနင်ဆိုတဲ့ လူတယောက်ရှိတယ်၊ အဲဒီလို လျှောက်စဉ်းစား၊ တွေ့ရာတွေ လျှောက်ပြောတာနဲ့ ထောင်ထဲပို့လိုက်တယ်၊ ထောင်ထဲလည်းရောက်ရော ထောင်ဆေးရုံမှာ အဆုတ်ရောဂါနဲ့ ဆုံးသွားတာ ပဲ"

စုံထောက်အချင်းချင်းပြောကြသည့် စကားများမှာ ထပ်နေသည်။ ဥပမာ ဘီးကော့ဆိုသည့် ဆံပင်ညှပ် သမား စုံထောက်တယောက်ရှိသည်။ အဝတ်အစားကို သပ်သပ်ရပ်ရပ်ဝတ်ပြီး အေးအေးဆေးဆေး နေတတ်သည်။ 'မနေ့က သုံးယောက်ဆွဲလိုက်တယ်' ဟု သူကပြောလျှင် 'သတင်းကောင်းပဲဟေ့' ဟု တယောက်က ဩဘာပေးတတ်သည်။

ဘီးကော့သည် သူသိသမျှကို လုပ်ဖော်ကိုင်ဖက်များအား ပွင့်ပွင့်လင်းလင်း ပြောတတ်သည်။

"ကြည့်ရတာကတော့ တော်လှန်ရေးသမားတွေဟာ နီကီစကားယားလမ်းမှာ စုကြပုံရတယ်၊ အဲဒီမှာ လူအဝင်အထွက် သိပ်များတာပဲ"

"ဒီလိုဆို ဒီကောင်တွေလောက်မိုက်တာ ဘယ်သူရှိတော့မလဲ၊ အဲဒီနားတဝိုက်က မြူနီစီပယ် သန့်ရှင်းရေးအလုပ်သမားတွေဟာ ကျုပ်တို့လူဟောင်းတွေချည်းပဲ မဟုတ်ဘူးလား"

"ရှိတော့ကောဗျ၊ ဘာဖြစ်သလဲ၊ လာဘ်ပေးမှာပေါ့"

"ဗျို့လူတွေ၊ ကြားပြီးပြီလား၊ ရိုကာချက်တယောက် မနေ့က ဆုငွေတထောင်ရသွားသတဲ့"

"ဗျို့လူတွေ၊ ကြားပြီးပြီလား၊ ရိုကာချက်တယောက်တော့ မနေ့က တထောင်လောက် နိုင်သွားသတဲ့"

"နိုင်မှာပေါ့ဗျ၊ ဒီလူက ဖဲဝိဇ္ဇာပဲဟာ"

"ဝိဇ္ဇာမဟုတ်ပါဘူးဗျာ၊ ဖဲလိမ်ရိုက်တဲ့လူပါ"

ဘီးကော့က ရှက်ပြုံးဖြင့် လှည့်ကြည့်လိုက်ပြီး သူ့ဆံပင်များကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်နေ သည်။

"ကြေညာချက်တစောင် ထွက်လာတယ်ဗျ"

"အမယ်လေး၊ ဒါများအဆန်းလုပ်လို့၊ ကျုပ်တော့ ဘယ်ဟာက အရင် ထုတ်တာလဲ၊ ဘယ်ဟာက နောက်ထုတ်တာလဲ ဆိုတာကိုတောင် မသိတော့ဘူး"

"ကြေညာချက်က သိပ်တော့မကောင်းဘူးဗျို့"

"ဘာလဲ၊ ခင်ဗျားဖတ်ခဲ့ရပြီလား"

"မဖတ်ရသေးဘူး၊ ဆရာကြီးက ပြောလိုက်တာ၊ ကျုပ်တို့ဆရာကြီးတော့ ကြေညာချက်ဖတ်ပြီး ဒေါ်ပွနေလေရဲ့"

"အာဏာပိုင်တွေကတော့ အမြဲဒေါ်ပွနေတာပဲ၊ ဒါကတော့ သဘာဝပဲလေ"

ဂရိုကိုတော့က သက်ပြင်းချလိုက်သည်။

"ကြေညာချက်တွေကို ဘယ်သူဖတ်သလဲဗျ"

"လူတွေကတော့ ဖတ်ကြတာပဲဗျ"

"ဖတ်တော့ကော ဘာဖြစ်သလဲဗျာ၊ ကျုပ်လည်း ဖတ်ရသားပဲ၊ သူတို့ကြေညာချက်ဖတ်ပြီး ဘာမှ ထူးခြားသွားတာ မဟုတ်ပါဘူး၊ သူတို့ ကြေညာချက်ဖတ်ပြီးတော့လည်း ကျုပ်ဆံပင်အရောင်က ဒီအရောင်ပါပဲ၊ အရေးကြီးတာက ကြေညာချက်မဟုတ်ပါဘူး၊ ဗုံးပါ"

"ကြေညာချက်က ပေါက်ကွဲတတ်တာမှ မဟုတ်ဘဲ"

စုံထောက်များသည် ဗုံးများအကြောင်းကို ပြောသည်ကို မကြိုက်ကြ။ ဗုံးအကြောင်းကိုပြောလျှင် တနည်းနည်းဖြင့် စကားလမ်းပြောင်းပစ်ကြသည်။

"ကာဇန်မှာ ရွှေတွေ လေးသိန်းဖိုးလောက် ပျောက်သွားတယ်ဆို"

"တရားခံကို မမိဘူးလား"

တယောက်က စိတ်အားထက်သန်စွာ မေးသည်။

"မိမှာပါ၊ ဒီကောင်တွေ ဘယ်လောက်ကြာကြာ ပြေးနိုင်မှာလဲ"

"မမိခင်တော့ သုံးလိုက် ဖြုန်းလိုက်ပေါ့လေ"

သူတို့အားလုံး သူခိုးများကို အားကျနေကြသည်။ ဖဲဝိုင်းတွင် ကစားလိုက်၊ မိန်းမတွေနှင့် ပျော်ပါး လိုက်။ စိတ်ကူးယဉ်နေကြသည်။

ရုရှား-ဂျပန် စစ်ပွဲနှင့် ပတ်သက်၍ မယ်နီကော့သည် အခြားသူများထက် စိတ်ဝင်စားသည်။ သတင်းစာ ဖတ်လာသူကိုတွေ့လျှင် 'ဘယ့်နှယ်လဲဗျ၊ ဂျပန်တွေက နိုင်တုန်းပဲလား' ဟု မေးတတ် သည်။

"နိုင်တုန်းပဲဗျို့"

"ကျုပ်တို့ဘက်က ဘယ်လိုဖြစ်နေတာလဲဗျာ၊ စစ်တိုက်ဖို့လူတွေ မရှိတော့ဘူးတဲ့လား"

မယ်နီကော့က နားမလည်နိုင်သလို မေးသည်။

'လူမရှိလို့ မဟုတ်ဘူးဗျ၊ ဉာဏ်မရှိလို့' မာလာကော့က ဝင်ပြောသည်။

"အလုပ်သမားတွေက မကျေမနပ် ဖြစ်နေကြတယ်၊ သူတို့ကလည်း နားမလည်နိုင်ဘူး၊ သူတို့က ပြောတော့ ကျုပ်တို့စစ်ဗိုလ်ချုပ်တွေက ဂျပန်ဆီက လာဘ်ယူနေတယ်လို့ ပြောတာပဲ"

"ဟုတ်တာပေါ့၊ ကျုပ်တို့ဘက်က တိုက်နေတဲ့ စစ်ဗိုလ်ချုပ်တွေထဲမှာ ရုရှားလူမျိုး ဘယ်နှယောက် ပါသလဲ၊ ကျုပ်တို့ ရုရှားတွေ သွေးမြေကျတော့ သူတို့အဖို့ ဘာအရေးလဲ"

ကရာဆာဗင်က ပြောသည်။

"သွေးက ဈေးပေါတယ် မဟုတ်လားဗျ"

ဆိုလိုဗျော့က မလိုတမာပြုံး၍ ပြောသည်။

အများအားဖြင့် စုံထောက်များသည် စစ်အကြောင်းကို သိပ်မပြောချင်။ အချင်းချင်းတွင် စကားကျွံ သွားမည်ကို ကြောက်ကြသည်။ တိုက်ပွဲတပွဲ ရှုံးသည့်သတင်း ပါလာသည့်နေ့ဆိုလျှင် အရက်ကို မူးအောင်သောက်ကြသည်။ အသေးအဖွဲ့ကလေးများအတွက် ရန်ဖြစ်ကြသည်။ ထိုဝိုင်းမျိုးတွင် ရှာရှာပါပြီဆိုလျှင် 'ဟေ့လူတွေ အလကားလူတွေ ခင်ဗျားတို့ ဘာမှနားမလည်ဘူး၊ တွေ့ရာတွေ လျှောက်ပြောမနေကြနဲ့' ဟု အော်တတ်သည်။ ထိုအခါမျိုးတွင် အချို့က ဟောင်းပန်တိုးလျှိုးသည့် အပြုံးမျိုးကိုပြုံးပြီး၊ အချို့က မျက်နှာထားမှုန်ကုပ်ကာ တိတ်ဆိတ်သွားကြသည်။

'တလမှ ငွေလေးဆယ်လောက်ရတဲ့ကောင်က

ဘယ်ဒီလောက်နားလည်မလဲလို့’ ဟု ဆိုသည်။ ရှာရှာ က ‘ဒီလောက်မှ နားမလည်ရင်လည်း နေပေါ့ဗျ။ ဆန်ကုန်မြေလေးတွေ’ ဟု ပြန်အော်သည်။

မည်သူကမျှ ရှာရှာကို မကြိုက်ကြ။ ထို့ကြောင့် ကလင်းကော့ကလည်း ခပ်ရှောင်ရှောင်နေသည်။

စုံထောက်တော်တော်များများသည် ရန်သူတိုက်ခိုက်မည်ကို ကြောက်၍လည်းကောင်း၊ အသတ်ခံရ မည် စိုးသည့်အတွက်ကြောင့်လည်းကောင်း အမြဲတမ်း တွေး၍ ကြောက်နေကြသည်။ အကြောက် လွန်သဖြင့် အချို့ စိတ္တဇဆေးရုံသို့ တက်ကြရသည်။

ပြိုရ်တာက

“ကျုပ် မနေ့က ကလပ်မှာ ကစားနေတုန်း ကျုပ်ကုပ်ကို အနောက်က ခပ်မာမာအေးအေးကြီးတခုနဲ့ ထောက်လိုက်တော့ လူကို လန့်လိုက်တာဗျာ၊ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ ဒါနဲ့ လှည့်ကြည့်လိုက် တော့ အခန်းထောင့်မှာ အရပ်ရှည်ရှည် လူတယောက် ကျုပ်ကို မျက်တောင်မခတ် စိုက်ကြည့်နေ တယ်၊ ဒါနဲ့ ကျုပ်လည်း ဆက်မကစားနိုင်တော့ဘူး၊ စားပွဲက ထလာတော့ အဲဒီငနဲ ထောင့်ထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကျန်ရစ်ခဲ့လေရဲ့။ ဒါနဲ့ ကျွန်တော်လည်း နောက်ဖေးပေါက်ကနေ ဆင်း၊ အဲဒီကမှ လမ်းမကိုပြန်ထွက်လာခဲ့တယ်၊ မြင်းရထားတစီးခေါ်ပြီး ထွက်လာတာတောင် ကျွန်တော် ဖြောင့်ဖြောင့်မလိုက်နိုင်ဘူး၊ နောက်ကို ပြန်ပြန်လှည့်ကြည့်နေရတယ်၊ ဒီတုန်း ဒီငနဲ ဘယ်က ဘယ်လို ပေါ်လာသလဲ မသိဘူး၊ ကျွန်တော့်မြင်းလှည်းရထားရှေ့ကနေ လမ်းတဖက်ကို ဖြတ်ကူးသွားတာ မြင်လိုက်တယ်၊ စောစောကလူ ဟုတ်သလား ဘာလားတော့ မသိဘူး၊ ဒါပေမဲ့ လူက ပူနေတော့ ဘယ်မှာသဲသဲကွဲကွဲ ကြည့်နိုင်မလဲ၊ ဒါနဲ့ ကျွန်တော်လည်း လန့်ပြီး အော်တော့တာ ပေါ့၊ ကျွန်တော့်အော်သံကြားတော့ ဒီငနဲက ရပ်နေတယ်၊ ကျွန်တော်လည်း မြင်းရထားပေါ်က ခုန်ဆင်းပြီး တကြိုးတည်း ပြေးလာခဲ့တော့တာပဲ၊ ရထားသမားလည်း ကျွန်တော့်နောက်က ပြေးလိုက်လာလေရဲ့”

‘ဖြစ်တတ်ပါတယ်’ ဂရိုကိုတော့က ပြုံး၍ပြောလိုက်သည်။ ‘ကျုပ်လည်း တခါတုန်းက အိမ်နောက်ဖေး မှာ ပုန်းခဲ့ရတာပေါ့၊ ခင်ဗျားထက်တောင် ဆိုးသေးတယ်၊ ခေါင်မိုးပေါ်တက်၊ မီးခိုးခေါင်းတိုင်တွေ ကြားထဲ ဝပ်နေပြီး မနက်လင်းမှ ဆင်းလာခဲ့ရတယ်၊ လူဟာ လူကို သတိထားရမယ်၊ ဒါသဘာဝ တရားပဲ’

တခါတွင်လည်း ကရာဆာဗင်သည် မျက်စိမျက်နှာပျက်လျက် ပြေးဝင်လာခဲ့ဖူးသည်။

‘လုပ်ကြပါဦး၊ ကျွန်တော့်နောက်က လိုက်လာကြပြီ၊ ကျွန်တော့်နောက်က လိုက်လာကြပြီ’ ဟု အော်၍ ဝင်လာသည်။

“ဘယ်သူလဲ”

“သူတို့၊ သူတို့”

ဆိုလိုဖျော့က သူ့ကိုတည်ငြိမ်စေကာ

“ဟုတ်မယ် မထင်ပါဘူးဗျာ၊ လမ်းမှာလူတွေ တလှေကြီးရှိတာ”

“ဟုတ်တယ်ဗျ၊ သိပ်သေချာတယ်၊ ဒီကောင်တွေ လမ်းလျှောက်ပုံကို ကြည့်တော့ ကျွန်တော့်နောက် ကို လိုက်နေမှန်း သိတယ်”

ကလင်းကော့သည် ကရာဆာဗင်ကို ၁၅ ရက်ခန့် မတွေ့ရတော့။

စုံထောက်များသည် ကလင်းကော့ကို ကောင်းစွာ ဆက်ဆံကြ၏။ သူ့ကိုဝိုင်း၍ လှောင်ပြောင် ရယ်မောကြသည့်တိုင် ကလင်းကော့ စိတ်မဆိုးနိုင်၊ ကလင်းကော့ အလုပ်တွင် တခုခုမှားလာပြီ ဆိုလျှင်လည်း ‘အစမို့လို့ပါကွာ၊ နောက်တော့ အသားကျသွားမှာပေါ့’ ဟု ဖျောင်းဖျကြသည်။

စုံထောက်များသည် ဘယ်အချိန်တွင် အလုပ်လုပ်သည်ကို ကလင်းကော့ ကောင်းကောင်းမသိ။ သူတို့ကိုကြည့်တော့ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်တွင် အချိန်ကုန်နေတတ်ကြသည်။ သူ့ကို အရေးကြီးသည့်သူများကိုသာ ထောက်လှမ်းရန် လွှတ်တတ်သည်။

သူသိသည့် စုံထောက်အမျိုးအစားများအပြင် သူမသိသည့် စုံထောက်အမျိုးအစားများလည်း ရှိသေး သည်။ ထိုလူများမှာ သတ္တိကောင်းကြသည်။ ရဲရင့်ကြသည်။ သူတို့အလုပ်က စွန့်စားရသည်။ တော်လှန်ရေးသမားများထဲသို့ သွားနေကာ သူတို့နှင့်ရောနေရသည်။ သူတို့ကိုမူ စုံထောက်ဟု မခေါ်။ အေးဂျင့်ဟု ခေါ်သည်။ အေးဂျင့်အရေအတွက် သိပ်မများ။ နည်းနည်းမျှသာ။ သို့ရာတွင် သူတို့က အလုပ်လုပ်သည်။ အာဏာပိုင်များက သူတို့ကို ဆုများ ချီးမြှင့်တတ်သည်။ သူတို့ကို သာမန်စုံထောက် များက မနာလိုကြ။ တခါတွင် ဂရိုကိုတော့နှင့်အတူ လမ်းလျှောက်လာစဉ် သူက အေးဂျင့် တယောက် ကို ကလင်းကော့အား ပြသဖြင့် ကလင်းကော့ မြင်ဖူးလိုက်သည်။

အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်၊ ပလက်ဖောင်းတွင် လျှောက်သွားနေသည်ကို မြင်လိုက်ရသည်။ သူ့ဆံပင်က နက်နေသည်။ ဦးထုပ်ကို နောက်သို့လှန်၍ ဆောင်းထားသည်။ သူ့မျက်နှာက

မင်းစိုးရာဇာဂိုက် ပေါက်နေသည်၊ သူ့မုတ်ဆိတ်၊ နှုတ်ခမ်းမွေးက သန်သည်။ အဝတ်အစားက ပုံပန်းကျသည်။ စားကောင်းသောက်ဖွယ်များကို စားရသည့် လူကုံထံ တယောက်ဂိုက် ပေါက်နေသည်။

"သူ့ဂိုက်ကိုကြည့်စမ်း၊ ဘယ်လောက်ဂိုက်ကျသလဲ၊ ဒါ တို့အထဲက အထူးအေးဂျင့်ပဲကွ၊ ဗုံးပစ်တဲ့ ကောင် ၁၂ ယောက်ကို ဖမ်းထည့်ပြီးပြီ၊ သူကိုယ်တိုင်လည်း သူတို့အထဲဝင်ပြီး ဗုံးလုပ်ပေးခဲ့ဖူးပြီ၊ သူတို့က ဝန်ကြီးတယောက်ကို ဗုံးနဲ့ပစ်မလို့ လုပ်နေကြတာ၊ သူတို့ကို ဗုံးပစ်နည်းသင်ပြီးမှ ဖမ်းလိုက် တာ၊ ဘယ်လောက်လျင်တဲ့လူလဲ"

"ဟုတ်တယ်နော်"

ကလင်းကော့က အေးဂျင့်ကိုကြည့်၍ပြောသည်။ သူတို့လို လမ်းမတွင် လျှောက်နေရသည့် စုံထောက်မျိုးတွေနှင့် ကွာလိုက်လေခြင်း။

"အဲဒါမှ တကယ့်အေးဂျင့်ကွ၊ ကြည့်စမ်း၊ သူ့ဂိုက်က ဝန်ကြီးဂိုက်ပေါက်နေတာ၊ သူလည်း ဝန်ကြီး ဖြစ်နိုင်တာပေါ့၊ ငါတို့လိုကောင်မျိုးကျတော့ သူတောင်းစားသား ကျနေတာပဲ၊ စုတ်ပြတ်နေလိုက်တာ'

ကလင်းကော့က သက်ပြင်းချလိုက်သည်။ စတိုင်ကျသည့် အေးဂျင့်ကိုကြည့်၍ ကလင်းကော့ အားကျနေသည်။

ကလင်းကော့သည် သူ့ကိုကျေနပ်စေရန် သူတို့ခိုင်းသမျှကို ကျေပွန်စွာ လုပ်သည်။ သူတို့က အလိုက်ခိုင်းသည့်လူနောက်ကို လိုက်သည်။ မြို့လုံးပတ်လည် လျှောက်သွားသည်။ သူတို့ကျေနပ် လျှင် ကလင်းကော့ ပျော်လိုက်သည့်ဖြစ်ခြင်း။ အလုပ်ကြိုးစားလုပ်သဖြင့် ကလင်းကော့ ပင်ပန်း သည်။ စဉ်းစားတွေးတောဖို့ပင် အချိန်မရ။

သူတို့အထဲတွင် မာလာကော့ကို ကလင်းကော့ သဘောအကျဆုံးဖြစ်သည်။ မာလာကော့က ရိုးသား သည်။ သနားတတ်သည်။ သူ့ကိုမေးလျှင် စိတ်ရှည်လက်ရှည် ရှင်းပြတတ်သည်။ သူ့အကြောင်းကို လည်း မဖုံးမကွယ် ပြောပြတတ်သည်။ သို့ဖြင့် ကလင်းကော့သည် မာလာကော့ကို ယုံကြည်လာ သည်။

တခါတွင် ကလင်းကော့က မာလာကော့အား

'ဆရာ၊ ဒီတော်လှန်ရေးသမားဆိုတဲ့ လူတွေဟာ တလမှာ လခ ဘယ်လောက်ရသလဲ မသိဘူးနော်' ဟု မေးဖူးသည်။ မာလာကော့၏ တောက်ပသော မျက်လုံးများက မှုန်မှိုင်းသွားကြသည်။

“မင်း တော်တော်ပေါက်ပေါက်ရှာရှာတွေ မေးတဲ့ကောင်”

သူ့အသံက တိုးသော်လည်း ဒေါသသံပါနေသည်ကို ကလင်းကော့ သတိထားလိုက်မိသည်။

နေ့များသည် လျင်မြန်စွာ ကုန်ဆုံးသွားကြ၏။ တနေ့နှင့်တနေ့ ဘာမှ မထူးခြား။ တစ်ခါတရံတော့ သူတို့အားလုံး ဤအလုပ်ကိုချည်း တသက်လုံး လုပ်သွားရတော့မည်လောဟု ကလင်းကော့ တွေးမိ သည်။ တယောက်နှင့်တယောက် ဆူဆူညံညံ စကားပြောကြ။ ပြေးကြလွှားကြ။ လိုက်ကြ ဖမ်းကြ။

သို့ရာတွင် ဆောင်းတွင်းအရောက်တွင် မြေလျင်လှုပ်သလို အခြေအနေတွေ ရုတ်တရက် လှုပ်လာ သည်။ လူတွေက စိုးရိမ်တကြီးဖြင့် စောင့်ကြည့်ကြသည်။ အခြေအနေကို တွက်ချက်ကြည့်သည်။ တယောက်နှင့်တယောက်က အပြင်းအထန် ငြင်းခုံကြသည်။ ကျိန်ဆဲကြသည်။ တယောက်ယောက် က လိုက်ရိုက်သဖြင့် ထွက်ပြေးသလို ခြေဦးတည့်ရာ ထွက်ပြေးကြသည်။

အဖြစ်အပျက်မှာ ဤသို့ဖြစ်သည်။ တညနေတွင် ကလင်းကော့သည် သတင်းပို့စရာရှိသဖြင့် ဌာနသို့ ရောက်လာခဲ့သည်။ သူရောက်သည့်အခါတွင် သူတို့ဌာနတခုလုံး လှုပ်လှုပ်ရွရွဖြစ်နေသည်။ အရာရှိ များ၊ အေးဂျင့်များ၊ စာရေးများ၊ စုံထောက်များနှင့် အမှုထမ်းများသည် ခါတိုင်းနဲ့မတူ မျက်နှာထား တမျိုး ဖြစ်နေကြသည်။ တချို့က အံ့အားသင့်သည့်ဟန်၊ တချို့က ကျေနပ်သည့်ဟန်၊ သူတို့ စကား ပြောနေပုံကလည်း ခပ်တိုးတိုး။ တစ်ခါတရံ ဒေါသထွက်လျက်။ တစ်ခါတရံ အော်ဟစ်လျက်။ တခန်းဝင် တခန်းထွက်သွားလာလျက်။ တယောက်သတင်းကို တယောက် နားထောင်လျက်။ တချို့က မယုံကြည်ဟန်ဖြင့် ငေးစင်းစင်း ကြည့်နေကြသည်။ တချို့က ခေါင်းခါကာ သက်ပြင်းချကြ သည်။ တစ်ခါတရံ ရုတ်တရက် ငြိမ်သက်သွားပြီး တစ်ခါတရံ ရုတ်တရက် အော်ကြီးဟစ်ကျယ် ငြင်းခုံကြသည်။ ကြောက်ရွံ့ခြင်းနဲ့ ဝေခွဲမရခြင်းတို့သည် မုန်တိုင်းတိုက်သည့်ပမာ တရုံးလုံးကို ဖုံးလွှမ်းသွားသည်။ ထို့နောက် ထိုလေမုန်တိုင်းသည် သူတို့လူများကို ဖုန်မှုန့်ကလေးများပမာ အပြင်သို့ မှုတ်ထုတ်လိုက်သည်။ အရပ်ရှစ်မျက်နှာ ပြန့်သွားအောင် တိုက်ထုတ်လိုက်သည်။ ကလင်းကော့သည် အခန်းထောင့်တထောင့်တွင်ရပ်၍ သူတို့လှုပ်ရှားမှုများကို မျက်လုံးအကြောင် သားဖြင့် ငေးကြည့်နေမိသည်။ သတိကြီးစွာဖြင့် သူတို့စကားများကို နားစိုက်မိသည်။

မယ်နီကော့က လည်ကုပ်ကြီးကိုစင်းကာ ခေါင်းကြီးကိုငုံ့ထားပြီး လာသမျှလူတွေကို ဖမ်းတားကာ ‘တကယ်ဟုတ်ရဲ့လားဗျ။ လူထုတွေဆိုတာ ဟုတ်ရဲ့လား’ ဟု မေးနေသည်။

"လူတသိန်းကျော်လောက် ရှိလိမ့်မယ်"

"သေတဲ့လူလည်း တော်တော်များတယ်၊ ဒဏ်ရာရတဲ့လူတွေကလည်း အများကြီးပဲ"

ဆိုလိုဗျော့က ပြောသည်။

ရှာရှာ၏ ညောင်စာစာအသံသည် တနေရာမှ ထွက်ပေါ်လာ၏။

"ဘုန်းကြီးကို အရင်ဖမ်းလိုက်ရင် ပြီးတာပဲဗျ"

ကရာဆာဗင်သည် လက်နှစ်ဖက်ကိုနောက်ပစ်ပြီး လမ်းလျှောက်နေသည်။ နှုတ်ခမ်းများကိုလည်း ကိုက်ထားပြီး မျက်လုံးများက ကျီးကန်းတောင်းမှောက် ဖြစ်နေကြသည်။ ဘီးကော့သည် သူ့အနားသို့ လျှောက်လာကာ အင်္ကျီကြယ်သီးများကို အကြောင်းမဲ့ကိုင်နေသည်။

"ထင်တဲ့အတိုင်းပဲ ဖြစ်လာတာပဲ၊ ခုတော့ သွေးထွက်သံယိုတွေ ဖြစ်ကုန်ကြပြီ"

"ဘာဖြစ်လို့လဲဗျ"

ကလင်းကော့က ခပ်တိုးတိုးမေးသည်။ ဘီးကော့က ဘေးကိုလှည့်ကြည့်လိုက်ပြီး သူ့လက်မောင်းကို ဆွဲကာ လေသံကလေးဖြင့်

"မနေ့က စိန့်ပီတာစဘတ်မှာ ဘုန်းတော်ကြီးတပါး ခေါင်းဆောင်ပြီး လူတသိန်းလောက် ဆန္ဒပြပွဲ လုပ်ကြသတဲ့၊ ဇာဘုရင်ကို တွေ့ခွင့်တောင်းသတဲ့။ ဒါပေမဲ့ အစိုးရက တွေ့ခွင့်မပေးဘဲ စစ်တပ်ကို ခေါ်လို့ လူတော်တော်များများ ဒဏ်ရာရသတဲ့၊ တော်တော်များများလည်း သေကြသတဲ့"

အသားဖြူဖြူ ရုပ်ချောချော စုံထောက်လီယွန်တိတ်သည် သူ့တို့အနားမှ ဖြတ်ပြေးသွားရင်းက

'ဆရာကြီး ဘယ်မှာရှိသလဲ' ဟု ဘီးကော့ကို လှမ်းမေးသွားသည်။

ဘီးကော့သည် သူ့နောက်သို့ ပြေးလိုက်သွား၏။

ကလင်းကော့သည် မျက်လုံးများကိုမှိတ်ကာ သူကြားရသည့်စကားများကို စဉ်းစားနေသည်။ လူတွေက အလံတွေကိုင်ပြီး စီတန်းလှည့်လည်လာကြသည်။ ဤအထိကိုတော့ သူမြင်နိုင်သည်၊ နားလည်နိုင်သည်။ သို့ရာတွင် စစ်သားများက အဘယ်ကြောင့် သေနတ်နှင့်ပစ်ရသနည်း။ ဤသည်ကိုမူ သူနားမလည်နိုင်၊ မယုံနိုင်။

သူတို့ဌာနတွင် တရုန်းရုန်းဖြစ်နေသည်ကို သူ မနေတတ်။ သူနားမလည်။ သူလည်း သူတို့အလုပ်များသည့်အထဲတွင် အတူ ပါဝင်လုပ်ချင်သည်။ သို့ရာတွင် သူသိသည့် လုပ်ဖော်ကိုင်ဖက်များအနားသို့ သူမသွားချင်။ ကလင်းကော့သည် လူရှင်းသည့် ချောင်ကလေးတချောင်ထဲတွင် ကုပ်နေလိုက်သည်။

လူများသည် သူ့အနားမှ ဖြတ်ပြေးသွားကြ၏။ သူတို့လည်း သူလိုပင် ချောင်ကလေးတချောင်ထဲသို့ သွားပြီး စဉ်းစားတွေးတောနေကြမည်လော မပြောနိုင်။

မာလာကော့က အင်္ကျီအိတ်ထဲသို့ လက်နှစ်ဖက်ကို သွင်းလိုက်ရင်း လူများကို ငေးကြည့်နေသည်။ မယ်နီကော့က သူ့အနားသို့ လျှောက်လာသည်။

"ဘာဖြစ်လို့ ဆန္ဒပြတာတဲ့လဲ၊ စစ်ကြောင့်လား"

"မပြောတတ်ဘူး"

"သူတို့တောင်းဆိုချက်က ဘာတဲ့လဲ"

"ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြဋ္ဌာန်းပေးဖို့တဲ့"

မာလာကော့က ဖြေသည်။ မယ်နီကော့က မျက်မှောင်ကုပ်လိုက်သည်။

"ကျွန်တော်တော့ မယုံဘူး"

မယ်နီကော့သည် ဝက်ဝံကြီးတကောင်လို လေးလေးကြီးလှည့်ကာ ထွက်သွားသည်။

"ဘယ်သူမှ ရေရေရာရာသိတာ မဟုတ်ပါဘူး၊ ထင်ရာကို စွတ်ပြောနေကြတာ"

မာလာကော့က သူ့ကို လှမ်းကြည့်နေသဖြင့် ကလင်းကော့သည် မာလာကော့ထံသို့ လျှောက်လာခဲ့ သည်။

"ဘာထူးသလဲဟေ့"

"သတင်းပို့စရာတခုရှိလို့ပါ"

မာလာကော့က သူ့ကို ဘေးသို့ တွန်းလိုက်ပြီး

"တော်စမ်းပါကွာ၊ အရေးထဲမှာ မင့်သတင်းကို ဘာလုပ်ဖို့လဲ"

"ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာ ဘာလဲ ဆရာ"

"အုပ်ချုပ်ရေး အသစ်တမျိုးပေါ့"

မာလာကော့ ခပ်တိုတိုဖြေသည်။

ဆိုလိုဗျော့သည် သူတို့ဆီသို့ ပြေးလာ၏။ သူ့မျက်နှာက နီရဲပြီး ချွေးတွေ စို့ရွဲလျက်ရှိ၏။

"ကျွန်တော်တို့ကို စိန့်ပီတာစဘတ်ကို လွှတ်လိမ့်မယ်ထင်တယ်၊ လွှတ်ဖို့များတယ်၊ အခြေအနေက တော့ သိပ်မကောင်းဘူး၊ သူပုန်ထတဲ့သဘောပဲ၊ လူတော်တော်သေတယ်ဆိုတာလည်း အမှန်ပဲ၊ ဘယ်လိုဖြစ်မယ်တော့ မသိဘူး"

ကလင်းကော့၏ ခေါင်းထဲတွင် ချာချာလည်နေသည်။ 'အုပ်ချုပ်ရေး စနစ်သစ်တမျိုး' ဟူသော မာလာကော့၏ စကားလုံးများကိုသာ ကြားယောင်နေသည်။

ထိုစကားလုံးများသည် သူ့နှလုံးသားကို လာ၍ဆုပ်ကိုင်နေကြ၏။ ထိုစကားလုံးများကို သူနားလည် ချင်၏။ သို့ရာသူ့ပတ်ဝန်းကျင်တွင်မူ အရာအားလုံးသည် ရှုပ်ထွေးနေသည်။ အဓိပ္ပာယ် ကင်းမဲ့နေ သည်။ အခန်းထဲတွင် မယ်နီကော့၏ ဒေါသတကြီး စကားပြောသံသာ လွှမ်းနေသည်။

"ဆန္ဒပြပွဲမှာပါတဲ့လူတွေဟာ ဘယ်လိုလူတွေလဲဆိုတာ သိဖို့လိုတယ်၊ အလုပ်သမားဆိုတိုင်း ယုံရမှာ လား၊ အလုပ်သမားက တမျိုး၊ လမ်းပေါ်ကလူကတမျိုး၊ ဒီနှစ်မျိုးကို သေသေချာချာ ခွဲခြားမှ ဖြစ်မှာပေါ့"

ကရာဆာဗင်၏စကားကမူ ရှင်းသည်။ ပြတ်သားသည်။

"လွယ်လွယ်လေးပဲဗျ၊ ဇာဘုရင်ကို ပုန်ကန်တဲ့အထဲမှာ သာမန်လူထု ပါတယ်ဆိုရင် အဲဒီလူထုဟာ သာမန်လူထု မဟုတ်နိုင်တော့ဘူး၊ သူပုန်ပေါ့"

"ဟုတ်တော့ ဟုတ်တာပေါ့လေ၊ ဒါပေမဲ့ တချို့ကျတော့ ရိုးရိုးသားသား ပါသွားတာ ဖြစ်ချင်ဖြစ်မှာပေါ့၊ အလိမ်အညာကိုယုံလို့ ဖြစ်မှာပေါ့"

"ဟော့ကောင်၊ ငါနဲ့ခဏလိုက်ခဲ့ပါလား၊ ငါမင်းကိုပြောပြမယ်"

ဇာရူဗင်က သူ့ကို တိုးတိုးကပ်ခေါ်သွားသည်။ ကလင်းကော့သည် သူ့နောက်က စကားတလုံးမျှ မပြောဘဲ လိုက်လာခဲ့သည်။

"ဘယ်သွားမှာလဲ"

"အရက်ဆိုင်ကို၊ အဲဒီမှာ မာဂရီတာဆိုတဲ့ကောင်မတယောက်ရှိတယ်၊

သူ့သူငယ်ချင်းတယောက်က ဦးထုပ်ဆိုင်မှာ ဦးထုပ်ရောင်းတယ်၊ အဲဒီ ဦးထုပ်ရောင်းတဲ့ ကောင်မလေးအိမ်မှာ စနေနေ့တိုင်း လူတွေစုပြီး ဆွေးနွေးပွဲ လုပ်သတဲ့၊ ကျောင်းသားတွေ ဘာတွေရောက်လာသတဲ့၊ ဒီကောင်တွေ အားလုံးကို ငါတချီတည်းနဲ့ အကုန်ဖမ်းပစ်မယ်"

"ငါ မလိုက်ချင်ဘူး"

"ဩော်၊ မင်းဟာက တော်တော်ခက်တဲ့ကောင်ပါလား"

ထူးဆန်းသည့် အာရုံများသည် ကြိုးကြီးတချောင်းသဖွယ် သူ့နှလုံးသားကို ရစ်ပတ်လျက်ရှိ၏။ ထိုကြိုးကြီးသည် သူ့ကို တင်းကျပ်စွာ ရစ်ပတ်ကာ အရာအားလုံးကို နားမလည်နိုင်အောင် တုပ်နှောင် ထားသကဲ့သို့ ရှိ၏။ သူသည် အိမ်သို့ပြန်လျှောက်လာရင်း စိတ်လေးနေသည်။ သူ့ဘဝကို နင်းခြေပစ် မည့် ဂြိုဟ်ကောင်ကြီးတကောင်သည် အမှောင်ရိပ်တခုတွင် ပုန်းကွယ်ကာ သူ့ကို လက်ယပ်ခေါ်နေ သည်ဟု ထင်ရ၏။ သူ့ရင်ထဲတွင် ကြောက်စိတ်သည် ကြီးစိုးစပြုလာ၏။ သူသည် အိမ်များအနီးမှ ကပ်ကာ အိမ်အရိပ်တွေအတိုင်း လျှောက်သွားရင်း တုန်လှုပ်နေသည့် မျက်နှာများ၊ ချောက်ချားနေ သည့်အသံများကို ပြန်စဉ်းစားလာသည်။ လူတွေသေသည့်အကြောင်း၊ ဒဏ်ရာရသည့်အကြောင်း ပြောကြသည်ကို ပြန်တွေးလာသည်။ အမှိုက်တောင်းထဲသို့ အမှိုက်များကို သွန်ချပစ်လိုက်သလို ကျင်းများထဲသို့ ပစ်ချနေသော အလောင်းများကို မြင်ယောင်လာသည်။

အိမ်ပြန်ရောက်သည့်အခါတွင် ပြတင်းပေါက်အနားတွင် မလှုပ်မယှက်ရပ်ရင်း လမ်းမက ဝါကြန့်ကြန့် လမ်းခွတ်မီးတိုင်ကို ငေးကြည့်နေသည်။ လမ်းမမှလူများသည် အလင်းရောင်ဝန်းထဲတွင် ပေါ်လာပြီး တော့ အမှောင်ထဲတွင်ပျောက်ကွယ်သွားကြသည်။ ထို့အတူ သူ့ဦးနှောက်ထဲတွင်လည်း အလင်းရောင် ဖျော့ဖျော့ကလေး ပေါ်လာကာ ထိုအလင်းရောင်ထဲတွင် ဝိုးတဝါးအတွေးများသည် အကာန်းများ လမ်းလျှောက်သည့်နှယ် တခုပြီးတခု မဝံ့မရဲ ပေါ်လာကြသည်။

သို့ဖြင့် နေ့များသည် ခြောက်အိပ်မက်များကဲ့သို့ ကုန်လွန်သွားကြသည်။ ကြောက်ဖွယ် ကောလာဟလတွေပြန့်နေသည်။ ကလင်းကော့အဖွဲ့မှ ထိုနေ့များသည် သားကောင်ကို ဝါးမျို စားသောက်ခဲ့ခြင်းကြောင့် သွေးဝနေသည့် မျက်ကန်းသတ္တဝါကြီးများပမာ တွားသွားပုံ နေ့ကွေးလှ ချည့်ဟု အောက်မေ့မိသည်။ ထိုသတ္တဝါကြီးသည် လူငယ် လူကြီး၊ ကလေး အမျိုးသမီး စသူတို့ အားလုံးကို ခြေမွလျက်ရှိ၏။ ကြောက်ရွံ့ခြင်းရေစီးကြောင်းကြီးတခုလို သူတို့ကို သယ်ဆောင် တိုက်စားသွား၏။

အဖြစ်အပျက်သည် ဝေးလံသည့် မြို့ကြီးတမြို့တွင် ဖြစ်ပျက်လျက်ရှိသည့်တိုင် ကြောက်ရွံ့စိုးရိမ်ခြင်း သည် နေရာအနှံ့ ကြီးစိုးလျက်ရှိ၏။ ကြောက်ရွံ့စိုးရိမ်ခြင်းသည် သူ့ကို ဘက်ပေါင်းစုံမှ ညှပ်ပိတ် တိုက်ခိုက်နေသကဲ့သို့ ထင်ရသည်။

စိန့်ပီတာစဘတ်တွင် ဖြစ်ပျက်နေသည်တို့ကို မည်သူမျှ ကောင်းစွာ နားမလည်ကြ။ မည်သူမျှ ရေရေရာရာ မသိကြ။ ထိုအဖြစ်အပျက်ကြီးသည် သူတို့ရှေ့တွင် ရှုပ်ထွေးသည့် ပဟေဠိကြီးတပုဒ် သဖွယ် ဖြစ်နေ၏။ စုံထောက်များသည် သူတို့အလုပ်ဌာနများတွင် နေ့ရောညပါ အသင့်ဖြစ်နေကြ ရ၏။ သတင်းစာများကို ဖတ်ကြရ၏။ ရုံးထဲတွင်ထိုင်ကာ ငြင်းကြခုံကြ၏။ တယောက်နှင့်တယောက် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြ၏။ အရက်သောက်ကြ၏။ တစုံတရာကို စိတ်မရှည်နိုင်ဘဲ စောင့်မျှော် နေကြ၏။

'ဘယ်သူပြောတာ အမှန်လဲ မသိပါဘူးဗျာ' ဟု မယ်နီကော့က တဖွဖွ ရွတ်နေသည်။

ထိုအဖြစ်အပျက်ကြီး ပေါ်ပေါက်လာပြီးနောက် မကြာမီ တညနေတွင် စုံထောက်များသည် လုံခြုံရေး ဌာနတွင် စုဝေးကြသည်။ ရှာရှာက ပြင်းထန်သည့် မိန့်ခွန်းတခုပြောသည်။

"ကောလာဟလတွေကို သိပ်ယုံမနေကြနဲ့၊ ဒါဟာ ဂျပန်တွေရဲ့ လုပ်ကြံချက်ဖြစ်တယ်၊ ဂျပန်တွေက ဘုန်းတော်ကြီး ဂေပွန်းကို ငွေ ၁၈ သန်းပေးပြီး လူထုတွေကို အုံကြွအောင် လှုံ့ဆော်ခိုင်းတာ ဖြစ်ပါတယ်၊ ဒါကို ခင်ဗျားတို့ ကောင်းကောင်းနားလည်ဖို့လိုတယ်၊ ဇာဘုရင်နန်းတော်ကို ဝိုင်းခါနီး တော့ လူတွေကို အရက်တိုက်တယ်၊ လူတွေကို အရက်တိုက်ပြီး နန်းတော်ကို ဝိုင်းခိုင်းတာ ဖြစ်တယ်၊ တော်လှန်ရေးသမားတွေက အရက်ဆိုင်တွေထဲကို အတင်းဝင်ပြီး လုကြဖို့၊ ဖျက်ဆီးပစ်ကြဖို့ လူတွေကိုလှုံ့ဆော်တယ်၊ ဇာဘုရင်ဟာ တိုင်းသူပြည်သားတွေကို ချစ်မြတ်နိုးတဲ့အတွက် ဆန္ဒပြပွဲ လုပ်ရင် သူတို့ကိုထွက်ပြီး အတွေ့ခံမယ်လို့ လူတွေက ထင်ခဲ့ကြတယ်၊ တွေ့ရင် ထွက်လာရင် ဇာဘုရင်ကို လုပ်ကြံမှာပဲ၊ ဒါ သူတို့အကြံအစည်ပဲ၊ ရှင်းတယ် မဟုတ်လား"

'ရှင်းပါတယ်' ဇာရူဗင်ကပြောပြီး သူ့မှတ်စုစာအုပ်ထဲတွင် မှတ်သားထားလိုက်သည်။ ရှာရှာက သူတို့ကို လှမ်းကြည့်ပြီး

"မင်းကို မေးတာမဟုတ်ပါဘူးကွ၊ မယ်နီကော့ကို ပြောနေတာပါ၊ ရှင်းတယ် မဟုတ်လား"

မယ်နီကော့သည် ချောင်တချောင်ထဲတွင် ခေါင်းကို လက်အုပ်၍ ထိုင်နေ၏။

သွားကိုက်နေသူ တယောက်လို ခေါင်းကို လှုပ်ယမ်းလျက်ရှိသည်။ 'အလကား ပြောနေတာ၊ မမှန်ဘူး၊ လိမ်နေတာ' ဟု မယ်နီကော့က ပြောသည်။ လေးလံပျော့ဖတ်သည့် အရာကြီးတခု ကျသွားသလို သူ့အသံသည် ကြမ်းပြင်ပေါ်သို့ ဘုတ်ခနဲကျသွားသည် ထင်ရ၏။

ရှာရှာက ဆက်၍ပြောနေ၏။ သူ့အသံက မြန်သည်။ တစ်ခါတရံ အဆက်ပြတ်နေသည်။ တစ်ခါတရံ နဖူးကို လက်ဖြင့်တို့ကာ လက်ချောင်းများကို ပြန်ကြည့်သည်။ နောက် လက်ကို ဒူးတွင်သုတ်သည်။ သူ့စကားလုံးများသည် ပြောသူ၏ကိုယ်ပုပ်ပေါင်ပါလာသည်ဟုပင် ကလင်းကော့ ထင်မိသည်။ ကလင်းကော့သည် သူပြောသမျှကို ကြား၏။ နားလည်းလည်၏။ သို့တိုင်အောင် သူ့စကားများသည် သူ့အာရုံတွင် စွဲမြဲစွာ ထင်နေသော လူသတ်ပွဲကြီး၏ မြင်ကွင်းကို ဖျောက်ဖျက်ခြင်း မပြုနိုင်။

သူတို့အားလုံး တိတ်ဆိတ်နေကြသည်။ တစ်ခါတရံ ခေါင်းကိုယမ်းကြ၏။ တယောက်ကိုတယောက် မကြည့်မိအောင် မျက်လုံးများကို လွှဲထားကြ၏။ အခန်းတခန်းလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ ရှာရှာ၏ စကားလုံးများသည် မည်သူ့ကိုမျှ ထိတွေ့ခြင်းမရှိဘဲ သူတို့အထက် လေထဲတွင် ကာလအတန်ကြာ မျောနေသည်ဟုထင်ရ၏။

"လူထုတွေကို လိမ်ခေါ်လာတယ်ဆိုတာ သိနေရင် ဘာဖြစ်လို့ လူထုတွေကို ပစ်သတ်ရသလဲ"

မယ်နီကော့၏ မမျှော်လင့်သည့် မေးခွန်းသည် ဗုံးပေါက်ကွဲသလိုကွဲထွက်လာ၏။

ရှာရှာက ပြန်အော်သည်။

"ခင်ဗျား ဒီလောက်မှ နားမလည်ဘူးလား၊ ကျုပ်က ခင်ဗျားမိန်းမရဲ့လင်ငယ်လို့ ခင်ဗျားကို တယောက်ယောက်က ပြောလိုက်လို့ ခင်ဗျားကလည်း အရက်မူးပြီး ကျုပ်ကို ဓားနဲ့ထိုးဖို့လာနေရင် ကျုပ်က မဟုတ်ဘဲနဲ့ ငြိမ်ခံနေရမှာလား"

"ဟေ့လူ တော်တော့ဗျာ၊ တွေ့ ရာတွေ လျှောက်ပြောမနေနဲ့"

မယ်နီကော့က မတ်တတ်ရပ်ပြီး အော်ပစ်လိုက်သည်။ သူ့အသံကြီးကြောင့် ကလင်းကော့ လန့်သွား သည်။ သူ့ဘေးတွင် ထိုင်နေသည့် ဘီးကော့က လေသံကလေးနှင့်။

"ဟေ့လူ၊ သွားဆွဲစမ်းပါဦးဗျာ"

ဟု ပြောနေသည်။ ရှာရှာက သွားကြီးတွေကိုစေ့၍ ကုတ်အင်္ကျီအိတ်ထဲသို့ လက်တဖက် နှိုက်ပြီး နောက်သို့ ဆုတ်သွားသည်။ အခန်းထဲက စုံထောက်များသည် မလှုပ်မယှက်ထိုင်ကာ ရှာရှာ၏ လက်ကို ကြည့်နေကြ၏။ မယ်နီကော့က ဦးထုပ်ကောက်ဆောင်းပြီး အခန်းတံခါးဆီသို့ လျှောက်သွား နေသည်။

"မင်း ပစ္စတိုလောက်ကို ငါဂရုမစိုက်ဘူးကွ"

မယ်နီကော့သည် အခန်းတံခါးကို ဆောင့်ပိတ်ပြီး ထွက်သွားသည်။ ဘီးကော့က တံခါးကိုထ၍ သော့ပိတ်ပြီးနောက် သူ့နေရာသူ ပြန်ထိုင်ရင်း 'တော်တော်ဆိုးတဲ့လူ' ဟု ခပ်တိုးတိုးပြောသည်။

"တော်"

ရှာရှာက အိတ်ထဲမှ ခြောက်လုံးပြူးကိုထုတ်၍ ကြည့်ရင်းပြောသည်။

"မနက်ဖြန်မနက်ဆိုရင် ခင်ဗျားတို့အားလုံး အလုပ်ဆင်းကြရမယ် ကြားလား၊ အရင်ကထက်တိုးပြီး ဆတက်ထမ်းပိုး အလုပ်လုပ်ကြရမယ်။ တချို့က စိန့်ပီတာစဘတ်ကို သွားကြရမယ်၊ ဒါက ပထမ။ ဒုတိယ ခင်ဗျားတို့ နားတွေ၊ မျက်စိတွေ အစွမ်းကုန်ဖွင့်ထားကြရမယ်၊ လူတွေက အဓိပ္ပာယ်မရှိတဲ့ ကောလာဟလတွေကို လျှောက်ပြောနေကြတယ်၊ တော်လှန်ရေးသမားဆိုတဲ့ကောင်တွေဟာ ခုအချိန်ဆိုရင် အရင်တုန်းကလောက် ပုန်းလျှိုးကွယ်လျှိုး လုပ်ကြတော့မှာ မဟုတ်ဘူး"

ရုပ်ချောချော ဂရိုတိုကော့က သက်ပြင်းကြီးချလိုက်ပြီး

"တကယ်တော့ သူပြောတဲ့အတိုင်း မှန်ရင်တော့ အရေးကြီးတာပေါ့"

'ခုဆိုရင် ဒီပုန်ကန်မှုကို လူတိုင်းစိတ်ဝင်စားနေကြတယ်' တယောက်က ပြောသည်။ ရှာရှာက ဆက်၍

"ခင်ဗျားတို့လုပ်ရမယ့်အလုပ်ကို ခင်ဗျားတို့သိပြီမဟုတ်လား၊ အခြေအနေမဲ့တဲ့ လူအုပ်တအုပ်ကို ဘယ်လိုတုံ့ပြန်ရတယ်ဆိုတာ ခင်ဗျားတို့သိတယ် မဟုတ်လား၊ လမ်းမပေါ်မှာ လူစုလားဝေးလား၊ အော်လားဟစ်လား လုပ်ရင် ဒီကောင်ကို ကုပ်ကိုင်ဆွဲ၊ ပုလိပ်ကို အကူအညီတောင်းပြီး နီးရာဌာနကို ပို့ကြပါ၊ ဒီလိုလူမျိုးတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာ ပုလိပ်တွေ ကောင်းကောင်းသိပါတယ်၊ ကျုပ် ပြောချင်တာတော့ ဒါပဲ"

"ဘာပြောပြော လူထုမှာ ခွန်အားရှိတယ်ဆိုတာကိုတော့ အသိမှတ်ပြုရမှာပဲ၊ လူပေါင်းတသိန်း လောက် ရအောင် စုရတယ်ဆိုတာ လွယ်တဲ့အလုပ် မဟုတ်ဘူး"

ဂရိုတိုကော့က စဉ်းစားဟန်ဖြင့် ပြောသည်။

'မိုက်မဲမှုဆိုတာ အချိန်မစီးပါဘူး၊ မိုက်မဲတဲ့လူထုကို စုရတာ လွယ်ပါတယ်' ရှာရှာက ပြန်အော်သည်။ 'သူတို့မှာ ပိုက်ဆံရှိတယ်၊ ကျုပ်ကို ပိုက်ဆံပေးကြည့်စမ်းပါလား၊ ရာဇဝင်ကို ကျုပ်ရေးပြမယ်'

ရှာရှာသည် ညစ်ညမ်းစွာ ကျိန်ဆဲလိုက်ပြီးနောက် ကုလားထိုင်မှထသည်။ သူ့ခြောက်လုံးပြူး ကိုင်ထားသည့် လက်ကို မြှောက်ကာ မျက်နှာကြက် ကို ချိန်လိုက်သည်။

'ရာဇဝင်ကို ကျုပ်ရေးပြမယ်ဗျ၊ ကျုပ်ရေးပြမယ်' ဟု သွားကြီးတွေကို စေ့၍အော်သည်။

သူ့စကားများသည် မီးတောက်မီးလျှံများကို ရေကလေး တစက်နှစ်စက်ဖြင့် ပက်ဖျန်းသည့်နှယ် ဖြစ်မည်ဟု ကလင်းကော့ထင်သည်။ သူ့စကားများသည် သူ့ရင်တွင်းက ကြောက်စိတ်ကို ဖြေဖျောက် ခြင်းငှာ မတတ်နိုင်။ တိတ်တဆိတ် ပေါ်ပေါက်နေသည့် နိမိတ်ဆိုးကြီးကို တားဆီးခြင်းငှာ မစွမ်းနိုင်။

ထိုအချိန်တွင် လူထုနှင့်ပတ်သက်သည့် သဘောထားသစ်တခုသည် ကလင်းကော့၏ စိတ်ထဲတွင် မသိမသာ ပေါ်ပေါက်လျက်ရှိ၏။ လူထုထဲမှ အချို့သည် စုဝေးကာ ဇာဘုရင်ထံသွား၍ အကူအညီ တောင်းရန် ပြင်ဆင်လျက် ရှိကြ၏။ လူထုထဲမှ အခြားအစိတ်အပိုင်းတခုသည် ထိုလူထုကို သတ်ဖြတ် ရန် ပြင်ဆင်လျက်ရှိကြ၏။ လူထုများ၏ဆင်းရဲပုံနှင့်၊ ဇာဘုရင် ချမ်းသာပုံတို့နှင့် ပတ်သက်၍ ဆေးတံကြီးပြောဖူးသည့် စကားများကို ကလင်းကော့ သွား၍ အမှတ်ရသည်။ နှစ်ဖက်စလုံးသည် အကြောက်တရားကြောင့် သူ့နည်းဖြင့်သူ တုံ့ပြန်လှုပ်ရှားနေကြသည်ဟူသော သူ့စကားများကို အမှတ်ရ၏။

ဆင်းရဲသူက ဆင်းရဲတွင်းထဲတွင် ထာဝရနေရမည်ကို ကြောက်သည့်အကြောင်း။ ချမ်းသာသူက ဆင်းရဲတွင်းထဲသို့ ကျသွားမည်ကို ကြောက်သည့်အကြောင်း။

သို့ရာတွင် ထိုအကြောက်တရားမှ ရုန်းထွက်ရာတွင် နှစ်ဖက်စလုံးသည် အရမ်းကာရော ရဲရင့်နေကြ သည်ကို တွေ့ရသဖြင့် ကလင်းကော့ အံ့သြနေသည်။ ထိုရဲရင့်မှုကိုကြည့်၍ သူ့စိတ်ထဲတွင် တခါမျှ မရှိဖူးသည့် ခံစားချက်တမျိုးသည် သူ့ရင်ထဲတွင် အလိုအလျောက် ပေါ်ပေါက်လာခဲ့သည်။

ခါတိုင်းလို တိုလီမိုလီရောင်းသည့် ဗန်းကလေးလွယ်၍ လမ်းမတကာ

လျှောက်နေသည့်အခါတွင် ကလင်းကော့သည် လမ်းသွားလမ်းလာများကို အထူးသတိထား၍ ရှောင်ကွင်း၏။ အလယ်လမ်းမှ လျှင်လည်း သွား၏။ သို့မဟုတ်လျှင်လည်း အိမ်ဝင်းများနားမှကပ်၍ သွား၏။ သို့ရာတွင် လူများ၏ မျက်ခွက်များကိုမူကား သတိထား၍ ကြည့်တတ်လာခဲ့လေပြီ။ ကြည့်သည့်အခါတိုင်း လေးစားသည့် စိတ်တမျိုးသည် သူ့ရင်ထဲတွင် မသိမသာ ပေါ်ပေါက်လာခဲ့လေပြီ။ လူများ၏ မျက်နှာထားများသည် ရုတ်တရက် ပြောင်းသွားကြသည်ဟု သူထင်မိ၏။ ပို၍ထူးခြားကာ ပို၍လေးနက်လာသည်ဟု ထင်မိ ၏။ တယောက်နှင့်တယောက် ပို၍ ဖော်ရွေကာ ပို၍ ရိုးသားလာကြသည်ဟု ထင်မိ၏။ သူတို့ လမ်းလျှောက်သည့်ပုံသည် ပို၍ သွက်လက်လာကာ ပို၍ မြဲမြံလာသည်ဟု ထင်မိ၏။

ကလင်းကော့သည် သူစောင့်ကြည့်ရန် တာဝန်ရှိသည့် ဆရာဝန်တယောက်နှင့် သတင်းစာဆရာ တယောက်အိမ်သို့ မကြာခဏ ရောက်တတ်၏။ ဆရာဝန်အိမ်တွင် သူနာပြုဆရာမ တယောက် ရှိသည်။ အသားဖြူဖြူ ခပ်ဝဝ၊ ကျန်းမာသန်စွမ်း၍ ရွှင်မြူးဖျတ်လတ်သည်။ ကလင်းကော့သည် ဆရာမကို သဘောကျနေသည်။ ဆရာမသည် အင်္ကျီပြာ၊ သို့မဟုတ် အင်္ကျီဖြူကို ဝတ်လေ့ရှိပြီး လည်တွင် ပုလဲပုတီးတကုံးကို ဆွဲလေ့ရှိသည်။ စကားပြောလျှင် ခပ်မြန်မြန် ပြောတတ်သည်။ တစ်ခါတရံတွင်လည်း ခပ်အေးအေး ခပ်ချွဲချွဲ ပြောတတ်သည်။ သူ့ကိုယ်မှ မုန့်နံ့ထွက်နေသည်ဟု ကလင်းကော့ထင်သည်။ ဆရာမက သူတို့ရွာအကြောင်းကို ပြောလျှင် ကလင်းကော့သည် တမေ့တမြောကြီး နားထောင်တတ်သည်။

စိန့်ပီတာစဘတ် ဆန္ဒပြပွဲအကြောင်း ရှာရှာပြောပြပြီးသည့်နောက် ငါးရက်အကြာတွင် ကလင်းကော့ သည် ဆရာမနှင့်တွေ့သည်။ နောက်ဖေးတန်းလျားက အခန်းထဲရှိ ခုတင်ပေါ်တွင်ထိုင်နေသည့် ဆရာမကို တွေ့ရ၏။ သူ့မျက်နှာသည် ရောင်အန်းလျက်ရှိပြီး အောက်နှုတ်ခမ်းသည် ရှေ့သို့ ငေါ်ထွက် လျက်ရှိ၏။

"တော်ပြီ၊ ဒီနေ့မနက် ဘာမှမဂယ်တော့ဘူး၊ ဘာမှမဝယ်ဘူး"

ဆရာမ၏ မျက်နှာသည် ကြည်လင်ခြင်းမရှိ။

"ဘာဖြစ်လို့လဲ၊ ဆရာနဲ့ အဆင်မပြေဘူးလား"

ကလင်းကော့က သတင်းလေး ဘာလေး ရလိုရငြား ထုံးစံအတိုင်း မေးသည်။ ထို့နောက် စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချလိုက်ရင်း

"သူနဲ့ တသက်လုံး လုပ်လာတာပဲ၊ ဘယ်လိုဖြစ်ရတာလဲ"

"ဒါကြောင့် မဟုတ်ဘူးကွဲ့၊ သူ့ခဲအို အသတ်ခံရလို့၊ သူ့ညီမကလည်း ဒဏ်ရာရလို့ ဆေးရုံတင်ထားရ သတဲ့"

စိတ်တိုတို ထမင်းချက် မိန်းမကြီးက ဝင်ပြောသည်။

"ဘယ်မှာလဲ၊ စိန့်ပီတာစဘတ်မှာလား"

ကလင်းကော့က တိုးတိုးမေးသည်။

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ငါတော့ ဘယ်သိမလဲ၊ ဒီတိရစ္ဆာန်တွေက အကုန်လျှောက်ပစ်သတ်နေတာ"

ဆရာမက သက်ပြင်းချရင်း

"ကျွန်မခဲအိုက စာအုပ်ချုပ်သမား၊ တကယ့်လူအေး၊ ဖဲလည်း မရိုက်၊ အရက်လည်း မသောက်ဘူး၊ တလကို လခလေးလောက်ရတယ်။ ကျွန်မညီမလည်း အရိုက်ခံရသတဲ့၊ ကိုယ်လေးလက်ဝန်ကြီးနဲ့။ သူတို့မိတ်ဆွေတယောက်လည်း ခြေထောက်ကို ကျည်ဆန်မှန်လို့ဖြတ်ပစ်ရသတဲ့၊ လူတွေ အများကြီး သေသတဲ့၊ သေနာကောင်တွေ၊ သူတို့လည်း တနေ့ အဲဒီလို အဖြစ်မျိုးနဲ့ ကြုံပါစေ"

ဆရာမသည် ဆံပင်ဖိုးရိုးဖားရားဖြင့် အော်သည်။ ထို့နောက် အိပ်ရာပေါ်သို့ ပစ်လှဲပြီး ငိုနေသည်။ ထမင်းချက် မိန်းမကြီးက

"သူ့ဦးလေးဆီက စာရောက်လာလို့ သိရတာ၊ မင်းလည်း အဲဒီစာကို ကြည့်သွားပါလား၊ တို့လမ်း တလမ်းလုံးတော့ ဒီစာကို ဝိုင်းဖတ်နေကြလေရဲ့၊ လူထုတွေက ဘုရားဆင်းတုတော်တွေ ကိုင်ပြီး စီတန်းလှည့်လည်ကြသတဲ့၊ ဘုန်းကြီးတွေလည်း ပါသတဲ့၊ ဇာဘုရင်ဆီကို လျှောက်လွှာတင်ဖို့တဲ့၊ အရှင်မင်းမြတ် ကျွန်တော်တို့မှာ အရာရှိ အရာခံတွေ များနေပါပြီ၊ သူတို့ နှိပ်စက်တာကို ခံနေရပါပြီ၊ အခွန်အကောက်တွေ မတရား ကောက်နေပါပြီ၊ ဘယ်လောက်ကောက်ကောက် အာသာပြေတယ် မရှိပါဘူး၊ ကျွန်တော်မျိုးတို့ရဲ့သွေးတွေကို သောက်နေပါပြီလို့ လျှောက်လွှာထဲမှာပါသတဲ့၊ ရိုးရိုး သားသား လျှောက်ကြတာတဲ့၊ ဒါကို ပုလိပ်လည်း တလလောက်ကြိုပြီး သိသတဲ့၊ ဒါပေမဲ့ ဘယ်သူကမှ မတားဘူးတဲ့၊ ဒါနဲ့ အဲဒီလျှောက်လွှာကိုင်ပြီး နန်းတော်ကိုအသွား လမ်းမှာ စစ်သားတွေ ပေါ်လာပြီး ပစ်ကြခတ်ကြတော့တာပဲတဲ့၊ တချို့ကလည်း မြင်းနဲ့နင်းသတဲ့၊ ကလေးတွေရော မိန်းမ တွေရော သေသတဲ့၊ နှစ်ရက်လုံးလုံး သေနတ်တွေနဲ့ ပစ်နေတာဆိုတော့ လူတွေ ဘယ်လောက် သေမလဲဆိုတာ မင်းပဲ စဉ်းစားကြည့်တော့ပေါ့"

ထမင်းချက်မိန်းမကြီးအသံသည် တဖြည်းဖြည်း တိုးသွား၏။ မီးဖိုပေါ်မှ ထောပတ်ပွက်သံ၊ ရေနွေးသံ ကိုသာ ကြားရတော့သည်။ ကလင်းကော့သည် ထမင်းချက်မိန်းမကြီးကို ရှင်းပြဖို့လိုသည်ဟု ယူဆ သည်။ ဆရာမကိုလည်း ချော့မော့ဖျောင်းဖျဖို့လိုသည်ဟု ထင်သည်။

"ဂျပန်တွေ မြှောက်ပေးလို့လို့ ပြောတာပဲ"

"မဟုတ်ပေါင်တော်၊ ဂျပန်စစ်သားဆိုတာလည်း စစ်မတိုက်ချင်ဘူးတဲ့။

သားကွဲ မယားကွဲ လာနေရ တာလို့ ဆရာဝန်ကြီး ပြောပြတယ်၊ ငါ့မောင်ဆိုရင်လည်း ဂျပန်တွေအကြောင်း ကောင်းကောင်း သိတာပဲ၊ ခုကိစ္စက ဂျပန်နဲ့ ဘာမှမဆိုင်ပါဘူး၊ ဒီကောင်တွေကြောင့်ပါ”

ထမင်းချက် မိန်းမကြီး၏မောင် ဇီမင်သည် ပရိဘောဂဆိုင်တဆိုင်တွင် အလုပ်လုပ်နေသည်။ အစိုးရ ပိတ်ပင်ထားသည့် စာအုပ်များကို ဖတ်သည်။ ဤအကြောင်းကို မယ်နီကော့ပြောပြ၍ ကလင်းကော့ သိပြီးဖြစ်သည်။ သူ့မောင် ဇီမင်သည် နိုင်ငံရေးအရ ပုလိပ်မှတ်တမ်းဝင်သူဖြစ်ကြောင်းကို ထမင်းချက် မိန်းမကြီးကို ပြောပြလိုက်ချင်သည်။

ဆရာမက ငိုနေရာမှ ဖြုန်းခနဲထလာကာ

“ဒို့ပြင် အကြောင်းပြစရာမရှိတော့ ဂျပန်တွေမြှောက်ပေးလို့လို့ ပြောတော့မှာပေါ့”

“သေနာကောင်တွေ၊ သူတို့မို့လို့ တတ်လည်းတတ်နိုင်တယ်၊ မနေ့ကလည်း ဈေးထဲမှာ ဂျပန်တွေ ကြောင့်လို့ ပြောနေကြတယ်၊ အဘိုးကြီးတယောက်ကို ပြောနေတယ်၊ ဇာဘုရင်နဲ့ သူ့ဝန်ကြီးတွေ၊ စစ်ဗိုလ်တွေအကြောင်းတော့ တလုံးမှမပြောဘူး၊ ဟင်း လူထုကို လိမ်လို့ရမယ်များ ထင်နေကြ သလား မသိဘူး”

ထမင်းချက်မိန်းမကြီးက ပြောသည်။

ကလင်းကော့သည် ဘာမျှပြန်မပြောဘဲ ကြမ်းပြင်ကို ငေးကြည့်နေသည်။ သူ့မောင် ဇီမင်ကို ယခုချိန် တွင် စောင့်ကြည့်ခြင်း မရှိတော့ကြောင်း ထမင်းချက် မိန်းမကြီးကို ဖွင့်ပြောလိုက်ချင်သည်။ စစ်သားတို့လက်ချက်ဖြင့် သေဆုံးသူများထဲတွင် ဆွေတွေမျိုးတွေ ရှိကြလိမ့်မယ်၊ အချင်းချင်း တယောက်ကိုတယောက် အကျိုးအကြောင်း မေးမြန်းကြလိမ့်မည်ဟု ကလင်းကော့ တွေးမိသည်။ သေဆုံးသည့် သူတို့သားချင်း ဆွေမျိုးတွေအတွက် ငိုကြွေးကြလိမ့်မည်၊ လူသတ်သူများကို မုန်းတီး ကြလိမ့်မည်။ ရာဇဝတ်မှုကြီးကို ဖုံးကွယ်ရန် အကြောင်းပြချက်ရရန် ကြိုးစားသူများကို ရွံမုန်းကြ လိမ့်မယ်။ ကလင်းကော့သည် သက်ပြင်းချပြီးနောက် ‘ရက်ရက်စက်စက် လုပ်ကြတာပဲ’ ဟု တယောက်တည်းပြောမိသည်။ သို့တိုင်အောင် မိမိသည် အစိုးရကို ကာကွယ်ရလိမ့်မည်။ အရာရှိများ ကို ကာကွယ်ရလိမ့်မည်ဟု တယောက်တည်း တွေးနေသည်။

မာရှာက မီးဖိုတံခါးကို ခြေထောက်ဖြင့်ကန်ပြီး ထွက်သွားသည်။ မီးဖိုထဲတွင် ကလင်းကော့နှင့် ထမင်းချက်မိန်းမကြီးသာ ကျန်ရစ်ခဲ့သည်။ ထမင်းချက်မိန်းမကြီးက မာရှာထွက်သွားရာသို့ လှမ်းကြည့်လိုက်ပြီး

"ဒီမိန်းမလည်း တော်တော်စိတ်ညစ်နေတယ်၊ စိတ်ညစ်လွန်းတော့ ကလေးတိုက်ဖို့တောင် နို့မထွက် တော့ဘူး၊ နို့ခန်းသွားတယ်၊ ခုဆိုရင် ကလေးကို နို့မတိုက်နိုင်တာ သုံးရက်ရှိသွားပြီ၊ နောက် ကြာသပတေးနေ့ဆိုရင် သူ့မွေးနေ့ အဲဒီနေ့ကျရင် နင်လည်း လာခဲ့ဟယ်၊ သူ့ဖို့ ပုတီးကလေး ဘာလေး လက်ဆောင်ပေးပေါ့၊ နင်ကတော့ လူတဖက်သား စိတ်ချမ်းသာအောင် လုပ်တတ်ပါတယ်"

"ကောင်းပြီလေ၊ ကျွန်တော် လာခဲ့မယ်"

ကလင်းကော့သည် ထမင်းချက်မိန်းမကြီးပြောသည့် စကားများကို စဉ်းစားရင်း ပြန်လာခဲ့သည်။ ထမင်းချက်မိန်းမကြီး၏ စကားများသည် အဆင့်မြင့်နေသည်။ တိကျသေချာလွန်းနေသည်။ သို့ဖြစ်လျှင် စကားများသည် သူ့စကားလုံးများ မဖြစ်နိုင်။ တယောက်ယောက်၏ စကားများ ဖြစ်ရမည်။ မာရှာအတွက်လည်း သူ စိတ်မကောင်းမဖြစ်မိ။ သို့ရာတွင် မာရှာသည် သူများနှင့်မတူ။ ပို၍သတ္တိကောင်း။ ပို၍ရဲရင့်သည်။ စိန့်ပီတာစဘတ် ပုန်ကန်မှုနှင့် ပတ်သက်၍ သူ့တွင်လည်း ကိုယ်ပိုင်အမြင်ရှိသည်။ လူတွေ တယောက်နဲ့တယောက် ရန်ပြုကြခြင်း၊ မစ္ဆရိယစိတ်ပွားခြင်းသည် အကြောက်တရားမှ မွေးဖွားလာခြင်းဖြစ်သည်ဟု ကလင်းကော့ထင်သည်။ ထိုအရေးအခင်းသည် စိတ်ပျက်၍ လက်နက်မဲ့နေသည့်လူအုပ်နှင့် လူသတ်စိတ်မွှန်၍ လက်နက်ကိုင်ထားသည့် လူအုပ်တို့၏ အရေးအခင်းဟု သူမြင်သည်။ သို့တိုင်အောင် ကလင်းကော့၏စိတ်သည် ဘဝင်မကျ။ တည်ငြိမ်ခြင်း မရှိ၊ သူမြင်ရကြားရသမျှတို့ကို ကောက်ချက်ချကြည့်လိုက်သည့်အခါ လူထုများသည် အကြောက် တရား၏ ဖျစ်ညှစ်ဆုပ်ကိုင်ခြင်းမှ ရုန်းထွက်နေကြခြင်း ဖြစ်သည်ဟု သဘောပေါက်လာသည်။ အပြစ်ရှိသူဟု ထင်ရသူများကို လိုက်ရှာကြသည်။ တွေ့သည်နှင့် တပြိုင်နက် သူတို့ဘာသာသူတို့ စီရင်ကြသည်။ တတိုင်းပြည်လုံးတွင် လျှို့ဝှက်ကြေညာချက်တွေ ဖွေးဖွေးလှုပ်မျှ ထွက်နေသည်။ စိန့်ပီတာစဘတ် အရေးအခင်းကို အကျယ်တဝင့် ဖော်ပြကာ ဇာဘုရင်ကို ကျိန်ဆဲကြသည်။ အစိုးရ ကို အယုံအကြည်မရှိရန် လူထုကို ဖြန့်ဝေကြသည်။ ထိုစာရွက်စာတမ်းအမျိုးမျိုးကို ကလင်းကော့ လည်း ဖတ်ဖူးသည်။ ကြေညာချက်ပါ စာလုံး၊ ဝေါဟာရတိုင်းကို နားမလည်သည့်တိုင် ကြေညာချက် များသည် အန္တရာယ်ကြီးသည်ဟု သူသဘောပေါက်ပြီး သူ့စိတ်ကို နှိုးဆွပေးကာ တက်ကြွလာစေ သည်ဟု ထင်ရသည်။ ထိုစာရွက်စာတမ်းမျိုးကို နောက်ထပ်မဖတ်တော့ဟု ကလင်းကော့ ဆုံးဖြတ် လိုက်သည်။

ကြေညာချက်များ ပုံနှိပ်နေသည့် စာပုံနှိပ်စက်ကို ရှာရန်၊ ကြေညာချက်ဝေသူများကို ဖမ်းရန် တင်းကျပ်စွာ ထုတ်ထားသည်။ ရှာရှာကား ဆဲရေးတိုင်းထွာလျက်ရှိ၏။ ဘာမဟုတ်သည့် အကြောင်းကလေးဖြင့် ဘီးကော့ကိုပင်

ထထိုးလိုက်သေးသည်။ သူတို့ အထက်လူကြီး ဖိလစ်သည် အေးဂျင့်များကို သူ့ရုံးခန်းသို့ခေါ်ကာ အစည်းအဝေး ထိုင်နေသည်။ အခန်းအလယ်ကောင်က သူ့စားပွဲတွင် ထိုင်လျှက်ရှိပြီး ခဲတံများ၊ ကလောင်တံများ၊ စာရွက်များကို လက်ဖြင့် ဆော့ကစားလျက်ရှိ၏။ လက်ချောင်းများပေါ်မှ လက်စွပ်အရောင်များသည် ပြိုးပြိုးပြက်နေကြသည်။ လည်ကုပ်တိုတိုကြီးကို ဖြည်းညင်းစွာ လှည့်၍ မျက်မှန်နက်ကြီးအောက်က မျက်လုံးများဖြင့် သူ့လူများကို အကဲခတ်လျက် ရှိ၏။ သူ့လူများသည် နံရံတွင်ကပ်၍ ခပ်ကုပ်ကုပ် ထိုင်နေကြသည်။ စကားတလုံးမျှ မပြောကြ။ ဆရာကြီး ဖိလစ်သည် ကုလားထိုင်မှ တခါမျှမထ။ ဖြူဖွေးဖောင်းအစ်နေသည့် သူ့မျက်နှာကြီးသည် ပန်းချီ ရုပ်ပုံတစ်ခုထဲမှ သူ့တကိုယ်လုံး၊ လက်ချောင်းနှင့် လည်ပင်းမှအပ ဘာမျှ လှုပ်ရှားခြင်းမရှိ။ စကားမပြောဘဲနေလျှင် အထင်ကြီးစရာ ကောင်းသလောက် စကားပြောလျှင် သေးမျှင်သည့် သူ့အသံ သည် လွှကို တံစဉ်းဖြင့် တိုက်သလို ရယ်စရာကောင်း၏။ ထိုအခါ၌ သူ၏ ကုတ်အင်္ကျီနက်၊ သူ့ ရင်ဘတ်တွင် တပ်ထားသည့် ရွှေတံဆိပ်နှင့် သူ့မုတ်ဆိတ်တို့သည် သူတို့ပိုင်ရှင်၏ အသံမှ ဟုတ်ပါလေ စဟုသောသဘောမျိုးဖြင့် ကြည့်တတ်ကြ၏။ သူ့ရှေ့တွင်ထိုင်နေသည့် သူ့ဆရာသည် အထဲတွင် ယမမင်းစက်ရုပ် ကပ်ထားသည့် ရုပ်သေးရုပ်ကြီးတယောက်လောဟု ကလင်းကော့ တွေးမိသေး သည်။ ဤရုပ်သေးရုပ်ကြီးကို တယောက်ယောက်ကသာ အော်ဟစ်ငေါက်ငမ်းလျှင် သူ့ကိုယ်ထဲမှ အရုပ်သည် အလန့်တကြား အော်ဟစ်ကာ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးလေမည်လောဟုပင် ကလင်းကော့ တွေးမိသေးသည်။

သို့ရာတွင် ကလင်းကော့သည် ဆရာကြီးဖိလစ်ကို ကြောက်သည်။ သူ့ဆရာကြီးက သူ့ကို သတိမပြုမိ အောင် တတ်နိုင်သမျှ ဝေးဝေးတွင် ထိုင်သည်။ တတ်နိုင်သမျှ မလှုပ်မယှက်ထိုင်သည်။

'ခင်ဗျားတို့အားလုံး သေသေချာချာ မှတ်သွားကြပါ' ဆရာကြီးက အသံသေးသေးကလေးဖြင့် ပြောလိုက်၏။

"သစ္စာဖောက်တွေ လျှို့ဝှက်ရန်သူတွေကို နှိမ်နင်းရာမှာ ခင်ဗျားတို့ အတတ်နိုင်ဆုံး ကြိုးစားကြ ရမယ်။ ခင်ဗျားတို့ရဲ့ခန္ဓာကိုယ်ရော၊ ဝိညာဉ်ရော ပုံပြီး အလုပ်လုပ်ကြရမယ်၊ ကျုပ်တို့အမိ ရုရှား နိုင်ငံတော်ကြီး တည်မြဲရေးအတွက်ဆိုရင် ဘယ်နည်းကိုမဆို သုံးနိုင်တယ်၊ သုံးခွင့်ရှိတယ်၊ တော်လှန်ရေးသမားတွေဟာ သူတို့ပန်းတိုင်ရောက်ရေးအတွက် နည်းလမ်းမျိုးစုံကို သုံးကြတယ်။ ဒီတော့ ကျုပ်တို့ကလည်း နည်းလမ်းမျိုးစုံကို သုံးရမှာပဲ၊ ဒီကောင်တွေလက်ချက်ကြောင့် ကျုပ်တို့ ရဲဘော်တွေ ဘယ်လောက်ဆုံးရှုံးခဲ့ကြရပြီလဲ၊ ဒီကောင်တွေဟာ ခုထက်ထိ လူသတ်တာကို မရပ်ကြ သေးဘူး၊ ဒီလိုပြောတဲ့အတွက် ကျုပ်တို့ကလည်း

သတ်ရမယ်လို့ ကျုပ်ပြောလိုတာ မဟုတ်ဘူး၊ ကျုပ်တို့က လူမသတ်ဘူး၊ လူသတ်တယ်ဆိုတာ လွယ်ပါတယ်၊ လူမိုက်အလုပ်ပါ၊ ခင်ဗျားတို့ဘက်မှာ တရားဥပဒေရှိတယ်၊ ဒီတော့ ခင်ဗျားတို့ဟာ ဥပဒေချိုးဖောက်တဲ့လူတွေကို နှိမ်နင်းရမယ်၊ သူတို့ကို မနှိမ်နင်းရင် မနှိမ်နင်းတဲ့သူပါ ရာဇဝတ်မှု ကျူးလွန်ရာရောက်တယ်၊ ဒီတော့ သူတို့ကို နှိမ်နင်းတဲ့ နေရာမှာ လက်မရွံ့ရဘူး၊ အဆိပ်ပင်ကို သတ်ရှင်းသလို သူတို့ကိုလည်း ရှင်းပစ်ရမယ်၊ တက်လာခါစ တော်လှန်ရေးကို လည်မျိုညှစ်သတ်တဲ့ အကောင်းဆုံးနည်းလမ်းကို ခင်ဗျားတို့ကိုယ်တိုင် ရှာကြရ မယ်၊ ဇာဘုရင်မင်းမြတ် တိုင်းပြည်က ခင်ဗျားတို့ကို တောင်းဆိုနေပြီ”

ဆရာကြီးက သူ့လက်စွပ်များကို ငုံ့ကြည့်နေသည်။ အတန်ကြာမှ ဆက်၍

“ခင်ဗျားတို့ သိပ်အလုပ်မလုပ်ကြဘူး၊ ခင်ဗျားတို့လုပ်ငန်းကို ခင်ဗျားတို့ မချစ်ကြဘူး၊ ခင်ဗျားတို့ မကြိုးစားလို့ အရေးကြီးတဲ့ ဆေဒါကော့လိုလူမျိုး လွတ်သွားရပြီ၊ ဒီလူဟာ ကျုပ်တို့မြို့မှာ သုံးလ ကျော်ကျော် နေသွားလျက်နဲ့ သူ့ကို မမိလိုက်ဘူးဆိုတော့ ကျုပ်တို့ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ ပြီးတော့ စာပုံနှိပ်စက်လည်း ခုထိ မမိကြသေးဘူး”

“အတွင်းလူမရှိရင် သိပ်တော့မလွယ်ဘူး ဆရာကြီး”

တယောက်က မခံချင်သံဖြင့် ပြောသည်။

“ကျုပ်ပြောနေတုန်း ဖြတ်မပြောပါနဲ့၊ ဆုံးအောင်နားထောင်ပါ။ ဘယ်လောက်လွယ်တယ်၊ ဘယ်လောက်ခက်တယ်ဆိုတာ ကျုပ်နားလည်ပါတယ်။ ခုဆိုရင် အစိုးရဆန့်ကျင်တဲ့ အဖွဲ့အစည်း တွေ လူတွေနဲ့ ပတ်သက်လို့ ဘာတခုမှ အထောက်အထား ခိုင်ခိုင်လုံလုံ မရသေးဘူး၊ သူတို့ကိုဖမ်းဖို့ အချက်အလက် ခိုင်ခိုင်လုံလုံ တခုမှ ခင်ဗျား ရှာမပေးနိုင်သေးဘူး”

“အချက်အလက်မရှိရင်လည်း ဒီအတိုင်း ဆွဲလိုက်ရုံပေါ့ ဆရာ”

ပြိုရ်တာက ရယ်၍ပြောလိုက်သည်။

“ဒါ ရယ်စရာပြောနေတာ မဟုတ်ဘူးဗျ၊ အတည်ပြောနေတာ၊ အကြောင်းမခိုင်လုံဘဲ ဖမ်းရင် ခဏ ဖမ်းလို့ရမှာပေါ့၊ နောက်ကျတော့ ပြန်လွှတ်ပစ်ရမှာပဲ၊ ခင်ဗျားကို ပြောလိုက်ရဦးမယ်၊ ခင်ဗျား အလုပ် တခုကို ပြီးပါစေမယ်လို့ ပြောထားတာ ဘယ်လောက်ကြာပြီလဲ မှတ်မိရဲ့လား၊ ကာရာဆာဗင်ကော အတိုင်းပဲ၊ ခင်ဗျားကပြောတော့ လူသတ်ဂိုဏ်းနဲ့ အဆက်အသွယ်ရှိတဲ့ လူတယောက်ကို ရအောင် ဖမ်းပေးမယ်ဆို၊ ခု ဘယ်မှာလဲ

ဒီလူ”

“ဒီကောင်က သိပ်လျှင်တယ် ဆရာ၊ ဒါပေမဲ့ ဆရာ ခဏစောင့်ပါ၊ ကျွန်တော် ရအောင်ဖမ်းပြပါ့မယ်”

ကရာဆာဗင်က ခပ်အေးအေးပြန်ပြောသည်။

“ဒါတော့ ဟုတ်တာပေါ့ဗျ၊ ဒါပေမဲ့ ခင်ဗျားတို့အားလုံးကို ကျုပ်တခုတော့ သတိပေးလိုက်မယ်၊ ကျုပ်တို့ ဒီလိုလုပ်နေလို့တော့ မဖြစ်ဘူး၊ ဒီထက် အားကြိုးမာန်တက်တော့ လုပ်ရလိမ့်မယ်။ ခပ်မြန်မြန် လုပ်ရလိမ့်မယ်”

တစ်ခါတရံတွင် ဆရာကြီးသည် တနာရီလောက် ဆက်တိုက် စကားပြောသွားသည်။ အသက်ကိုပင် မရှူအား။ အသံကလည်း အနိမ့်အမြင့်မရှိ၊ တသံတည်း၊ ‘လုပ်ရမယ်’ ဆိုသည့် စကားကိုမူ ခပ်များများ ပြောသွားသည်။ ထိုစကားလုံးကို ကြားလိုက်သည်နှင့် ကလင်းကော့သည် လည်မျိုကို အညှစ်ခံရ သလို အသက်မရှူနိုင်ဘဲဖြစ်နေသည်။ ‘လုပ်ရမယ်’ ဆိုသည့်စကားလုံးသည် တခန်းလုံး ပြည့်သွား သည်ဟု ထင်ရ၏။ မျက်မှန်ပြာပြာမှ အရောင်လက်လက်သည် ပရိသတ်ကို မကြာခဏ ဖြတ်သွား တတ်၏။

ဤသို့သော အစည်းအဝေးမျိုး တခုပြီးသွားလျှင် စုံထောက်များသည် တယောက်ကိုတယောက် လှမ်းကြည့်ကာ ‘အင်း သူက ရေဝတီလူမျိုး တဖြစ်လဲကိုးဗျ၊ ဒီစကားမျိုးပြောမှာပေါ့’ ဟု အချင်းချင်း ပြောတတ်ကြသည်။

တစ်ခါတရံတွင် ဖိလစ်အစား ရုပ်ချောချော၊ အဝတ်အစား သေသေသပ်သပ် ဝတ်တတ်သည့် လီယွန်တိတ်က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်သည်။ လီယွန်တိတ်သည် ကုလားထိုင် တွင် ထိုင်လေ့မရှိ။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စကားပြောတတ်သည်။ လက်နှစ်ဖက်ကို ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်ထားတတ်သည်။ ချောမွေ့သည့် သူ့မျက်နှာပေါ်တွင် မျက်မှောင်ကြီး ကုတ်ထားသည်ကို အထင်းသား တွေ့ရ၏။ သူ့မျက်နှာထားက အေးတိအေးစက်။ အမူအရာက ဇီဇာကြောင်သည့် အမူအရာ။ သူ့နှုတ်ခမ်းပါးပါးများက မလှုပ်တလှုပ်။ မျက်လုံးများကိုမူ ကောင်းစွာမမြင်ရ။

တစ်ခါတရံတွင်လည်း စိန့်ပီတာစဘတ်မှ ယက်စနိုဂါစကီဆိုသူတဦး ရောက်လာတတ်သည်။ အရပ်ပုပု၊ ပခုံးကျယ်ကျယ်၊ ထိပ်ပြောင်ပြောင်နှင့်ဖြစ်သည်။ ရင်ဘတ်တွင် ဆုတံဆိပ်များကို ချိတ်ဆွဲ ထားတတ်သည်။ ပါးစပ်ကြီးကလည်းပြဲပြဲ၊ မျက်နှာကြီးက ဖောင်းအစ်အစ်။ မျက်လုံးနှစ်လုံးက ကျောက်တုံးနှစ်တုံးလိုမာသည်။ လက်တံရှည်သည်။ စကားပြောလျှင် နှုတ်ခမ်းများကို တပျတ်ပျတ် မြည်အောင် လျက်တတ်သည်။ ဆဲလိုက်လျှင်လည်း ညစ်ညစ်ညမ်းညမ်း ဆဲတတ်သည်။

'ခင်ဗျားတို့ ဘဝသစ်ကို ရောက်လိမ့်မယ်၊ ဒီထက်ကောင်းတဲ့ ဘဝသစ်တခုကို ရောက်လိမ့်မယ်တဲ့၊ ဒီလူတွေက လူထုကို စည်းရုံးကြတယ်၊ ဒါ သက်သက်လိမ်နေတာဗျ သိလား။ သက်သက် လိမ်နေတာ။ တကယ့် လွတ်မြောက်ရေးကို ပေးနိုင်တာ ကျုပ်တို့ရဲ့ဇာဘုရင်နဲ့ သာသနာတော်ကြီးကသာ တကယ့် လွတ်မြောက်ရေးကို ပေးနိုင်တာ သိရဲ့လား"

အားလုံးက ဤစကားမျိုးကိုပင် ပြောကြသည်။ ပုလိပ်များက ကောင်းကောင်း အလုပ်လုပ်ရမည်။ ပို၍ကြိုးစားရမည်။ ပို၍ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းကြရမည်။ တော်လှန်ရေးသမားတို့၏ အင်အားသည် တနေ့တခြား ကြီးထွားလာနေသည်။ အားလုံး ဤစကားမျိုးကိုပင် ပြောကြသည်။

တစ်ခါတရံတွင်လည်း ဇာဘုရင်၏အကြောင်းကို ရှည်လျားစွာ ပြောတတ်ကြသည်။ ဇာဘုရင်သည် မည်မျှအမြော်အမြင်ကြီးကြောင်း၊ မည်မျှသဘောထားကြီးကြောင်း၊ နိုင်ငံခြားတိုင်းပြည်များမှ လူများ သည် ရုရှားပြည်ကို မည်မျှမုန်းကြကြောင်း၊ ရုရှားပြည်သည် နိုင်ငံခြားတိုင်းပြည်များအား တိုင်းတပါး အုပ်စိုးမှုလက်အောက်မှ လွတ်မြောက်အောင် လုပ်ပေးခဲ့သဖြင့် ဤသို့ မုန်းကြခြင်းဖြစ်ကြောင်း၊ ထိုအုပ်စိုးသူများသည် ဇာဘုရင်မင်းမြတ် ကယ်တင်ခဲ့သည့် တိုင်းပြည်များကို ပြန်၍အုပ်စိုးရန် ကြိုးစားနေကြကြောင်း၊ သို့ရာတွင် ဇာဘုရင်က ခွင့်မပြုတော့ကြောင်း၊ ထို့ကြောင့် ထိုလူများသည် ဇာဘုရင်ကို အမုန်းကြီးမုန်းကာ ပြည်တွင်းတွင် ပုန်ကန်ထကြွမှုများ ပေါ်အောင် မြှောက်ပေးနေကြ ကြောင်းဖြင့် ပြောတတ်ကြသည်။

ကလင်းကော့သည် သူတို့ပြောသည့် စကားများကို ဂရုတစိုက် နားထောင်သည်။ ရုရှားလူထုများ အကြောင်း မည်သို့ပြောမည်နည်း။ ပြည်သူများသည် အဘယ်ကြောင့် ထိတ်လန့်တကြားဖြစ်ကာ တယောက်နှင့်တယောက် ရက်စက်နေကြသနည်းဆိုသည့်အချက်များကို ပြောမည်လောဟု စောင့်သည်။ ရုရှားပြည်သူများ အဘယ်ကြောင့် ဆင်းရဲကြကြောင်း၊ အဘယ်ကြောင့် ကြောက်လန့် စိုးရိမ်နေကြကြောင်း၊ အဘယ်ကြောင့် ညည်းတွားနေကြကြောင်း စသည်တို့ကို ပြောများ ပြောလေ မည်လောဟု နားစွင့်မိသည်။ သို့ရာတွင် ထိုအကြောင်းများကို တလုံးမျှ ပြောသံမကြားရ။

တညနေ အစည်းအဝေးတခုအပြီးတွင် ကလင်းကော့သည် ဘီးကော့နှင့်အတူ အိမ်သို့ လမ်းလျှောက် ၍ ပြန်ခဲ့သည်။

ဘီးကော့က

"ဒီကောင်တွေ အာဏာရမယ်လို့ ခင်ဗျားထင်သလား၊ ကျုပ်တော့

ဒီကောင်တွေ ဘယ်လိုနည်း ဘယ်လိုအာဏာရမယ်ဆိုတာ စဉ်းကိုမစဉ်းစားတတ်ဘူး၊ မြေအောက်မှာနေတဲ့ ဒီကောင်တွေဟာ ဆူပူပုန်ကန်မှုတွေကို ဖန်တီးနိုင်ကောင်း ဖန်တီးနိုင်လိမ့်မယ်၊ အဖျက်လုပ်ငန်းတွေကို လုပ်နိုင်ကောင်း လုပ်နိုင်လိမ့်မယ်။ ဒါပေမဲ့ အာဏာကို ဘယ်လိုရအောင် လုပ်နိုင်သလဲဆိုတာတော့ ကျုပ်ဖြင့် နည်းနည်းမှ စဉ်းစားလို့မရဘူး”

မယ်နီကော့သည် ခါတိုင်းထက်ပို၍ သုန်မှုန်လာကာ ခါတိုင်းထက် စကားနည်းလာသည်။ လူကလည်း တဖြည်းဖြည်း ပိန်လိုက်လာသည်။ အဝတ်အစားကလည်း ဖရိုဖရဲ။ တနေ့တွင် မယ်နီကော့သည် သူ့ပေါင်ကိုသူ လက်သီးဖြင့်ထုရင်း

“ကျုပ် အမှန်တရားကို သိချင်တယ်ဗျ၊ သိအောင် ဘယ်လိုလုပ်ရမှာလဲ၊ နည်းလမ်းလေးဘာလေးရှိရင် ပြောပြကြစမ်းပါ” ဟုအော်သည်။

“ဘာဖြစ်တာလဲဗျ”

မာလာကော့က မေး၏။

“ဘာဖြစ်ရမလဲဗျ၊ အဲဒါဖြစ်တာပေါ့၊ ကျုပ်တို့အစုက အာဏာက ပြုတ်ကျပြီး တခြားသူက အာဏာရ သွားတာပေါ့၊ ဒါပဲပေါ့”

“အဲဒီတော့ အားလုံးပျက်စီးကုန်တာပေါ့ မဟုတ်ဘူးလား”

မာလာကော့က ရယ်၍ပြောလိုက်၏။ မယ်နီကော့က သက်ပြင်းချလိုက်ရင်း

“ကျုပ်တို့အချင်းချင်းတွေပဲဗျာ၊ လိမ်မနေကြပါနဲ့၊ ခင်ဗျားလည်း လူပါးတယောက်ပဲ၊ မသိချင်ယောင် ဆောင်မနေပါနဲ့”

တော်လှန်ရေးသမားများ၏အကြောင်းကို ပြောဖန်များလာသည့်အခါတွင် ကလင်းကော့၏စိတ်သည် လှုပ်ရှားစပြုလာ၏။ သေးကွေးကြုံလှီသော အတွေးအခေါ် အညွန့်ကလေးများ ပေါက်လာစေမည့် မြေလွှာသစ်တရစ်သည် သူ့ရင်ထဲတွင် ပေါ်ပေါက်လာခဲ့လေပြီ။ ထိုအတွေးအခေါ်များသည် သူ့ကို ဒုက္ခပေးလျက်ရှိ၏။ သူမသိသည့် နယ်မြေသစ်တခုသို့ သူ့ကို တဖြည်းဖြည်း ပို့ဆောင်လျက်ရှိ၏။

မာရှာ၏ မွေးနေ့ညစ်ခံပွဲသို့အသွားတွင် "ငါတော့ ဒီနေ့ လက်သမားလိုသွားမှပဲ၊ ဒီလူဟာ တော်လှန်ရေးသမားနဲ့တူတယ်" ဟု တွေးလာသည်။

ကလင်းကော့သည် မွေးနေ့ပွဲသို့ စောစောစီးစီး ရောက်သွားသည်။ လက်ဆောင်အဖြစ် ပုတီးတကုံး ပေးသည်။ ထမင်းချက်မိန်းမကြီးကို ပန်းရောင် ဘီးတချောင်း လက်ဆောင်ပေးလိုက်သည်။ သူတို့နှစ်ယောက်စလုံး လက်ဆောင်ရသဖြင့် ဝမ်းသာနေကြသည်။ ကလင်းကော့ကို လက်ဖက်ရည် တိုက်သည်။ ချယ်ရီအရက်လည်း တိုက်လိုက်သေးသည်။ မာရှာက သူ့လည်ပင်းဖြူဖြူကို ရှေ့သို့ ငိုက်လိုက်ပြီး ကလင်းကော့မျက်နှာကို စိုက်ကြည့်လိုက်သည်။ နူးညံ့ချိုသာသည့်အပြုံးနှင့် သူ့မျက်လုံးအကြည့်သည် ကလင်းကော၏နှလုံးသားကို ထွေးပိုက်ယုယသကဲ့သို့ရှိ၏။ ထမင်းချက် မိန်းမကြီးက လက်ဖက်ရည်ပွဲကို ညွှန်ပြရင်း

"နေစမ်းပါဦး၊ တို့ဈေးသည်ကြီးရဲ့ မင်္ဂလာဆောင်ကိုကော တို့ ဘယ်တော့များ လာရမှာလဲ"

ကလင်းကော့သည် ရှက်အမ်းအမ်းဖြစ်သွားသော်လည်း ဣန္ဒြေဆည်လိုက်ကာ

"စိတ်မကူးနိုင်သေးပါဘူးဗျာ၊ ဒီခေတ်ကြီးထဲမှာ မယားတယောက်ကို ရှာကျွေးဖို့က လွယ်တဲ့ကိစ္စ မှတ်လို့"

"ဘာလို့မလွယ်ရမှာလဲ၊ မင်းက ကြောက်နေတာကိုး၊ ဟော့ မာရှာ ကြားလားအေ့၊ မယားတယောက် ရှာကျွေးရတာ မလွယ်ဘူးတဲ့"

မာရှာက ထမင်းချက်မိန်းမကြီး၏အမေးကို ဖြေသည့်အနေဖြင့် ပြုံးလိုက်ရင်း ကလင်းကော့ကို မျက်လုံးစွေကြည့်လိုက်သည်။

"မလွယ်ဘူးဆိုတာ သူ့အဖို့ အဓိကအကြောင်းရှိလို့ နေမှာပေါ့"

ကလင်းကော့ ခေါင်းကိုမော့လိုက်ပြီး

"ဟုတ်တယ်၊ ကျွန်တော့်မှာ အကြောင်းရှိတယ်၊ လင်နဲ့မယားဆိုတာ တယောက်ကိုတယောက် ဝိညာဉ်ချင်းဆက်နေတာမျိုးပဲ၊ တယောက်ကိုတယောက် မကြောက်မရွံ့နဲ့ ယုံယုံကြည်ကြည် နေရတာမျိုး၊ ဒီတော့ ကိုယ်

ယုံကြည်စိတ်ချနေရတဲ့ အဖော်မျိုးကို ရှာဖို့မလွယ်ဘူးလို့ ဆိုလိုတာပါ”

မာရှာက သူ့ဘေးတွင် ဝင်ထိုင်လိုက်သည်။ ကလင်းကော့က သူ့လည်တိုင်နှင့် သူ့ရင်အုံများကို လှမ်းကြည့်ရင်း သက်ပြင်းချလိုက်သည်။

‘ငါလုပ်နေတဲ့အလုပ်ကို ပြောလိုက်ရမလား’ ဟု စိတ်ထဲတွင် တွေးလိုက်မိသည်။ သူ့အတွေးကြောင့် သူ့ဘာသာ လန့်ဖျပ်သွားကာ ထိုအတွေးကို ပယ်ဖျောက်ပစ်လိုက်သည်။

“လူတယောက်ဟာ လူ့ဘဝအကြောင်းကို နားမလည်ရင် တယောက်တည်း နေတာပဲကောင်းတယ်”

ကလင်းကော့က ခပ်ကျယ်ကျယ် ပြောလိုက်၏။

“တယောက်တည်း နေရတာလည်း ထင်သလောက် မလွယ်ပါဘူး၊ ရော့ တခွက်လောက် သောက်လိုက်ပါဦးလေ”

မာရှာက သူ့ကို အရက်တခွက်ငှဲ့ပေးသည်။

ကလင်းကော့သည် သူ့ဘဝအကြောင်းကို မခွင်းမချန် ဖွင့်ပြောလိုက်ချင်သည်။ သူတို့နှစ်ယောက် သည် သူပြောသမျှကို စိတ်ဝင်စားကြောင်း တွေ့ရသည်။ ဤအတွေးနှင့် အရက်ကလေးကလည်း ထွေလာသောအခါတွင် ကလင်းကော့ သွေးကြွလာသည်။ ထိုစဉ် သတင်းစာဆရာ၏ အိမ်တွင် အိမ်ဖော်လုပ်နေသည့် လီဇာဝင်လာသဖြင့် သူ့ဆီသို့ အာရုံရောက်သွားကြသည်။ လီဇာသည် ကြော့နေအောင် ဝတ်လာသည်။ ဆံပင်ကို ပြောင်နေအောင် ဖြီးထားသည်။ လီဇာကို ကြည့်ရသည်မှာ လည်း ခပ်ပေါ့ပေါ့ မိန်းမတယောက်နှင့် တူနေသည်။

“ကျွန်မတို့ ဆရာ့အိမ်မှာ ဧည့်သည်တွေဖိတ်ထားလို့ ဒီကိုတောင် သိပ်သွားစေချင်တာ မဟုတ်ဘူး၊ ကျွန်မ ဇွတ်ထွက်လာတာ”

လီဇာက ထိုင်ရင်းပြောသည်။

‘ဧည့်သည်တွေ အများကြီးလား ဟုတ်လား’ ဟု ကလင်းကော့က သူ့တာဝန်ကို အမှတ်ရကာ လွှတ်ခနဲမေးလိုက်၏။

“အများကြီးပဲ၊ ဒါပေမဲ့ ဘယ်လိုဧည့်သည်တွေမှန်း မသိပါဘူး၊ ပြန်သွားရင် ဘောက်ဆူးလေး ဘာလေး တောင် ပေးဖော်မရကြဘူး၊ နှစ်သစ်ကူးနေ့တုန်းကပဲ

သူတို့ဆီက ပိုက်ဆံလေးနှစ်ကျပ်ရဖူးတယ်”

‘သူတို့က ပိုက်ဆံသိပ်မရှိကြလို့နေမှာပေါ့’ ဟု ကလင်းကော့က ပြောသည်။

“မွဲတာတော့ မပြောနဲ့၊ ဖိနပ်တောင် ကောင်းကောင်းစီးစရာ ရှိပုံမရကြဘူး၊ သူတို့ဖိနပ်တွေ ကြည့်လိုက်ရင် အစုတ်တွေချည်းပဲ”

“ဘယ်သူတွေလဲ၊ အလုပ်အကိုင်ကကော ဘာတွေလဲ”

“စုံလို့ပဲ၊ တချို့က သတင်းစာမှာ ဆောင်းပါးရေးတယ်၊ တချို့ကလည်း ကျောင်းသားတွေ၊ ကျောင်းသားလေးတယောက်ကတော့ တော်တော့်ကို ချောတယ်၊ မျက်ခုံးကောင်းကောင်း၊ ဆံပင် ကောက်ကောက်၊ နှုတ်ခမ်းမွေးလေးရေးရေးနဲ့၊ သွားကလေးတွေကလည်း ဖွေးလို့၊ သွက်သွက် လက်လက်၊ ဖျတ်ဖျတ်လတ်လတ်ကလေး၊ ပုရစ်ကလေးလိုပဲ၊ ဆိုက်ဘေးရီးယား အကျဉ်းစခန်းက ပြန်လာတာ မကြာသေးဘူးတဲ့၊ ဆိုက်ဘေးရီးယားမှာ တောလိုက်ရတဲ့အကြောင်းတွေကို ပြောပြတာ သိပ်နားထောင်ကောင်းတာပဲ”

ကလင်းကော့က လီဇာကို လှမ်းကြည့်လိုက်ပြီး ခေါင်းငုံ့လိုက်သည်။ ‘ဒီအကြောင်းတွေ ကျုပ်ရှေ့မှာ မပြောနဲ့’ ဟု တားလိုက်ချင်သည်။ သို့ရာတွင် ပါးစပ်ကထွက်လာသည့် စကားများက တမျိုး။

“အကျဉ်းစခန်းက ပြန်လာတာထင်တယ်”

“ဟုတ်ချင်ဟုတ်မှာပေါ့၊ ကျွန်မအလုပ်လုပ်တဲ့ အလုပ်ရှင်နဲ့ အိမ်ရှင်မကလည်း ဆိုက်ဘေးရီးယား စခန်းက ပြန်လာတာပဲ၊ ကျွန်မလည်း ပုလိပ်တွေက ပြောပြလို့သိတာ”

“ခုခေတ်မှာ အကျဉ်းစခန်း မရောက်ဖူးတဲ့လူဆိုလို့ ရှိကောရှိသေးလို့လား၊ ငါလည်း အင်ဂျင်နီယာ တယောက်အိမ်မှာ ထမင်းချက် လုပ်ခဲ့ဖူးတာပဲ၊ သူ့နာမည်က ပေါ့ပေါ့တဲ့၊ ချမ်းလည်း ချမ်းသာတယ်၊ ကိုယ်ပိုင်အိမ်နဲ့၊ ကိုယ်ပိုင်ရထားနဲ့၊ မကြာခင် လက်ထပ်တော့မှာ၊ တညတော့ ပုလိပ်တွေ ရောက်လာ ပြီး သူ့ကို ဆွဲသွားတော့တာပဲ၊ ပြီးတော့ သူ့ကို ဆိုက်ဘေးရီးယား အကျဉ်းစခန်း ပို့လိုက်တယ်လို့ ကြားတာပဲ”

ထမင်းချက် မိန်းမကြီးက ပြောသည်။

“ကျွန်မကတော့ ကျွန်မအိမ်ရှင်တွေအကြောင်း မကောင်းမပြောချင်ပါဘူး၊ သူတို့တတွေကလည်း ကောင်းပါတယ်၊ ကျွန်မကို ဆူတာပူတာ တခုမှ မလုပ်ဘူး၊ သူများတွေလို စီးစီးကုတ်ကုတ်လည်း မဟုတ်ဘူး၊ ဗဟုသုတကလည်း

တော်တော်ရှိတယ်၊ ဘာအကြောင်းပြောပြော ပြောနိုင်တယ်”

ကလင်းကေ့ာသည် မာရှာ၏ နှင်းဆီရောင်သန်းနေသည့်ပါးများကိုလှမ်းကြည့်နေသည်။

“သူ့အိမ်ရှင်တွေအကြောင်းကို စုံစမ်းဦးမှပဲ၊ ခုတော့ မသွားနိုင်သေးဘူး၊ သူတို့ပြောတဲ့စကားတွေ ထဲက သတင်းအစအနကလေးများ ရမလားမသိဘူး၊ စောင့်နေဦးမှပဲ” ဟု တွေးနေသည် ။

“ကျွန်မတို့ အိမ်ရှင်တွေလည်း တော်တော်သိတယ်၊ ဘာမေးလိုက် မေးလိုက် သူတို့သိနေတာပဲ”

မာရှာက ဂုဏ်ယူဝင့်ကြွားသည့်ဟန်ဖြင့် ပြောလိုက်သည်။

“စိန့်ပီတာစဘတ် အရေးအခင်းဖြစ်တုန်းကဆိုရင် တညလုံး မအိပ်ကြဘူး၊ ထိုင်ပြီး စကားတွေ ပြောနေကြတာ၊ မိုးထိန်ထိန်လင်းရော”

မာရှာက စိတ်အားထက်သန်စွာပြောသည်။

“အဲဒီတုန်းက ကျွန်မတို့အိမ်ရှင်လင်မယားလည်း ရှင်တို့ဆရာအိမ်ကို သွားနေကြတာပဲ” လီဇာက ပြောသည်။

“အဲဒီတုန်းကများ တအိမ်လုံး လူတွေပြည့်နေတာပဲ၊ စကားပြောကြ၊ ဆွေးနွေးကြ၊ စာတွေရေးကြနဲ့ အလုပ်တွေကို ရှုပ်နေတာပဲ၊ တယောက်ကများ ငိုတောင်ငိုသေးတယ်”

“ငိုမယ်ဆိုလည်း ငိုစရာကြီးကိုးအေ့”

ထမင်းချက်မိန်းမကြီးက ပြောသည်။

“အဲဒီလူကတော့ ငိုရုံတင်မကဘူး၊ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ရုရှားပြည်ကြီး ကံဆိုးတယ်၊ ကျွန်တော်တို့ တိုင်းပြည်ကြီး ကံဆိုးတယ်တဲ့၊ တဖွဖွ ပြောနေတယ်၊ ကျွန်မတောင် သူ့ကိုကြည့်ပြီး သနားလိုက်တာ၊ မျက်ရည်တွေတောင် လည်လာသေးတယ်”

မာရှာက ပတ်ဝန်းကျင်ကိုလှမ်းကြည့်လိုက်ပြီး ‘ကျွန်မအစ်မအကြောင်း တွေးမိရင် နည်းနည်းမှ စိတ်မကောင်းဘူး’ ဟုဆိုကာ အခန်းထဲသို့ ဝင်သွားသည်။ အမျိုးသမီးနှစ်ယောက်သည် စိတ်မကောင်းသည့်အမူအရာများဖြင့် ကြည့်၍ ကျန်ခဲ့ကြသည်။ ကလင်းကေ့ာသည် စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်းကိုချလိုက်ပြီး လီဇာကို မေးခွန်းတွေ အလိုလို မေးနေမိသည်။

"သူတို့က တိုင်စာတွေရေးပြီး ဘယ်သူ့ဆီ တင်မှာတဲ့လဲ"

"ဒါတော့ မပြောတတ်ဘူးလေ"

"မာရှာတော့ အခန်းထဲဝင်ပြီး ငိုနေတတ်တယ်"

ထမင်းချက်မိန်းမကြီးက ပြောသည်။ အခန်းတံခါးပွင့်လာကာ ထမင်းချက်မိန်းမကြီး၏မောင် ဝင်လာ သည်။ ချောင်းတဟွပ်ဟွပ်ဆိုးလျက်။

"သိပ်အေးတာပဲနော်"

ဇီမင်က လည်ပတ်နီနီကို လည်ပင်းတွင် ခပ်တင်းတင်းရစ်ရင်း ပြော၏

"အရက်နည်းနည်း သောက်လိုက်ပါလား"

"နည်းနည်းတော့ သောက်ရဦးမယ်"

ဇီမင်၏ခန္ဓာကိုယ်က ပိန်ပိန်သွယ်သွယ်၊ လှုပ်ရှားမှုက သွက်သွက်လက်လက်။ လူက ပိန်သလောက် အသံက လေးနက်သည့်သဘောကို ဆောင်သည်။ မျက်နှာကလည်း သေးသေးသွယ်သွယ်၊ မျက်လုံး များက တောက်လျက်။

ကလင်းကော့က ဇီမင်ကို လက်ဆွဲနှုတ်ဆက်ရင်း 'တော်လှန်ရေးသမား ဖြစ်မှာပဲ' ဟု စိတ်ထဲတွင် အောက်မေ့လိုက်သည်။

"ကျွန်တော် ပြန်လိုက်ဦးမယ်"

"ဘယ်ကိုပြန်မှာလဲ ဈေးသည်ကြီးရဲ့၊ အစောကြီးရှိသေးတာပဲ၊ ဖြည်းဖြည်းပေါ့၊ ကြည့်စမ်း သူပေးတဲ့ လက်ဆောင်၊ ဘယ်လောက်လှသလဲ"

ထမင်းချက်မိန်းမကြီးက ကလင်းကော့၏လက်ကို ဖမ်းဆွဲထားလိုက်သည်။ ဇီမင်က ကလင်းကော့ကို စိုက်ကြည့်လိုက်ပြီးနောက်

"မနေ့က ကျွန်တော်တို့ လက်သမားရုံကို အော်ဒါတခုလာတယ်၊ ညှော့ခန်းတခန်း၊ စာကြည့်ခန်း တခန်း၊ အိပ်ခန်းတခန်း ပြင်ပေးဖို့၊ ခုခေတ်မှာ အိမ်ပြင်ဖို့၊ အိမ်ဆောက်ဖို့ အော်ဒါလာရင် စစ်ဗိုလ်တွေ ဆီကချည်းပဲ၊ ခိုးလို့ ရတဲ့ပိုက်ဆံတွေနဲ့ စတိုင်ကျကျ နေချင်ကြတယ် ထင်ပါရဲ့"

'ဟော၊ လာပြီ လာပြီ၊ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ချက်ချင်း ဇာတိပြလာတော့တာပဲ' ဟု ကလင်းကော့ စိတ်ထဲတွင် ဆိုမိသည်။

“ခင်ဗျားတို့ လက်သမားရုံမှာ တော်လှန်ရေးသမားတွေ အများကြီးရှိသလား"

မေးသင့်၊ မမေးသင့် မစဉ်းစားမိ၊ အလိုလို သူ့ပါးစပ်မှ ရုတ်တရက် ထွက်သွားသည်။ ဇီမင်သည် အသားကို အပ်ဖြင့် ထိုးခံလိုက်ရသည့်နှယ် ဆတ်ခနဲဖြစ်သွားပြီး သူ့ဘက်သို့ ချက်ချင်းလှည့်ကာ မျက်လုံးများကို စိုက်ကြည့်လိုက်၏။ ထမင်းချက်မိန်းမကြီးက သက်ပြင်းချ၍ ခပ်လေးလေးဖြင့်

“ခုခေတ်ကတော့ နေရာအနှံ့ ရှိနေတယ်ပြောတာပဲ”

“ဘာဖြစ်လို့လဲ၊ သူတို့က တော်လို့လား၊ ညံ့လို့လား”

လီဇာက မေးသည်။

သူ့ကို စိန်းစိန်းကြီး စိုက်ကြည့်နေသည့် ဇီမင်၏မျက်လုံးများကို ရင်ဆိုင်နိုင်စွမ်း မရှိတော့သဖြင့် ကလင်းကော့က ခေါင်းကိုငုံ့ထားလိုက်သည်။

“ခင်ဗျားက ဘာဖြစ်လို့ ဒီလောက်စိတ်ဝင်စားနေရတာလဲ”

ဇီမင်က မေးသည်။ အပြောအဆို ယဉ်ကျေးသည်။ သို့ရာတွင် အနည်းငယ် ခက်ထန်သယောင် ရှိသည်။

“ဘာရယ်လို့ မဟုတ်ပါဘူး”

ကလင်းကော့က အမှတ်တမဲ့ဖြေသည်။

ဇီမင်က ပြုံးလိုက်၏။ မျက်လုံးသုံးစုံသည် သူ့ကို မသင်္ကာသလို စိုက်ကြည့်နေကြသည်ဟု ကလင်းကော့ထင်လိုက်မိသည်။ ကလင်းကော့သည် ဂနာမငြိမ်ဖြစ်နေသည်။ သူ့လည်ပင်းကို တစုံတယောက်ကလာ၍ ဖျစ်ညှစ်နေသလို ထင်ရသည်။ မာရှာက ခပ်ပြုံးပြုံးဖြင့် ထမင်းချက် မိန်းမကြီး အခန်းထဲမှ ထွက်လာ၏။ သို့ရာတွင် သူတို့ကိုမြင်လိုက်သည်နှင့် မာရှာ၏ မျက်နှာပေါ်မှ အပြုံးသည် ချက်ချင်း ပျောက်ကွယ်သွားသည်။

“ဘာဖြစ်လို့လဲ”

‘အရက်မူးနေပြီထင်တယ်’ ဟု ကလင်းကော့ တွေးလိုက်သည်။ ကလင်းကော့ ယိုင်တီးယိုင်တိုင်ဖြင့် ထလိုက်ရင်း

“ခင်ဗျားအစ်မက ခင်ဗျားအကြောင်းမေးနေလို့ ကျွန်တော်က သိချင်လို့ မေးတာပါ”

ဇီမင်ကလည်း ထိုင်ရာက ထလိုက်သည်။ သူ့မျက်နှာတွင် အရေးအကြောင်းတွေ ပေါ်လာသည်။ မျက်နှာကလည်း ဖြူရော်သွား၏။

"ကျုပ်.. ကျုပ်အကြောင်းကို ခင်ဗျားက ပြောပြမယ် ဟုတ်လား"

ဇီမင်က တည်ငြိမ်ခန့်ညားစွာ မေးလိုက်သည်။ 'ဘာဖြစ်နေကြတာလဲ' ဟူသော မာရှာ၏ ခပ်တိုးတိုး မေးနေသံကို ကလင်းကော့ ကြားလိုက်ရ၏။

ကလင်းကော့၏စိတ်သည် မည်သို့ဖြစ်သွားသည်မသိ။ ကြမ်းပြင်မှ မြောက်တက်သွားကာ လေထဲတွင် မျောနေသည်ဟု ထင်လိုက်မိသည်။ အရာရာကိုသိ၍ အရာရာကိုမြင်သည်ဟု သူ့စိတ်တွင် ထင်သွား သည်။

"ခင်ဗျားအကြောင်းကို ကျုပ်သိတာပေါ့၊ ခင်ဗျားနောက်ကို လုံခြုံရေးဌာနက အေးဂျင့်တယောက် နောက်ယောင်ခံလိုက်နေတယ်ဆိုတာ ကျုပ်သိတာပေါ့"

ထမင်းချက်မိန်းမကြီးက ကုလားထိုင်မှ ဖြုန်းခနဲထကာ အလန့်တကြားဖြင့်

"ဇီမင် ဘယ်လိုဖြစ်တာလဲဟင်"

ဇီမင်က ဣန္ဒြေမပျက် လက်ကာပြလိုက်ပြီး

'ခဏနေပါဦးလေ၊ အေးအေးဆေးဆေးပေါ့' ဟုပြောလိုက်ပြီးနောက် ကလင်းကော့ဘက်လှည့်၍

"ကဲ မိတ်ဆွေ၊ ခင်ဗျားလည်း အိမ်ပြန်ဖို့ကောင်းပြီ၊ ကျုပ်လည်း ပြန်မယ်၊ ကဲ အကျီဝတ်"

ကလင်းကော့က ပြုံးလိုက်သည်။ သူ့ကိုယ်သည် ယခုတိုင် ပေါ့ပါးကာ လေထဲတွင် မျောမျောနေသည် ဟု အောက်မေ့ရသည်။ မည်သို့ လမ်းလျှောက်လာသည်ကိုပင် ကောင်းကောင်းမမှတ်မိတော့။ သူတို့အားလုံးသည် တိတ်ဆိတ်နေကြသည်။ မည်သူမျှ သူ့ကိုနှုတ်ဆက်ခြင်း မပြုကြ။ လမ်းသို့ ရောက်သည့်အခါတွင် ဇီမင်က သူ့ပခုံးကို တို့လိုက်ပြီး ပြတ်သားသည့်လေသံဖြင့်

"ကျုပ် တခုတော့ ပြောချင်တယ်ဗျာ၊ နောက် ကျုပ်အစ်မအိမ်ကို ဘယ်တော့မှ မလာပါနဲ့လို့"

"ဗျာ၊ ဘာဖြစ်လို့လဲ၊ ကျုပ်ဘာမှားလို့လဲ"

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ် လမ်းဘေးဈေးသည်ပါ"

"ဒါဖြင့် ကျုပ်နောက်ကို စုံထောက်လိုက်နေတယ်ဆိုတာ ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ"

"မိတ်ဆွေတယောက် ပြောပြလို့"

"စုံထောက်လား"

"ဟုတ်တယ်"

"ခင်ဗျားကော စုံထောက်မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

ချက်ချင်း ဇီမင်၏မျက်နှာကို လှမ်းကြည့်လိုက်မိသည်။ တည်ငြိမ်လေးနက်သည့် ဇီမင်၏အသံကို သတိရလိုက်သဖြင့် ချက်ချင်း ပြင်ပြောလိုက်သည်။

"ဟုတ်ပါတယ်"

သူတို့နှစ်ယောက်သည် စကားမပြောဘဲ အတန်ကြာ တိတ်ဆိတ်စွာ လျှောက်လာကြသည်။ ဇီမင်က ရုတ်တရက် ရပ်လိုက်ပြီး

"ကဲ ခင်ဗျားသွားတော့၊ သွားတော့လေ"

သူ့အသံသည် ထူးထူးခြားခြား တိုးနေသည်။ ခေါင်းကို ယမ်းနေသည်။

ကလင်းကော့သည် ဝင်းထရံကိုမှီရင်း သူ့ကို စိုက်ကြည့်လျက်ရှိ၏။ မျက်တောင်တဖျပ်ဖျပ် ခတ်နေ သည်။ ဇီမင်ကလည်း ကလင်းကော့ကို စိုက်ကြည့်ကာ လက်ကိုယမ်းပြရင်း သူ့ကို စိုက်ကြည့်နေ သည်။ ကလင်းကော့က နားမလည်နိုင်ဟန်ဖြင့်

"ဘာဖြစ်လို့လဲ၊ ကျုပ် ခင်ဗျားကို အမှန်ပြောတာပဲဟာ၊ ခင်ဗျားကို လိုက်နေတယ်လို့"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခင်ဗျား ဘာဖြစ်လို့ စိတ်ဆိုးရသလဲ"

ဇီမင်သည် သူ့အနားသို့ မျက်နှာကပ်လာကာ ကလင်းကော့ကို အံကြိတ်၍ ပြောလိုက်သည်။

"ခင်ဗျား တော်တော်သနားစရာကောင်းတဲ့လူပဲ၊ ကျုပ်ကို

လိုက်နေတယ်ဆိုတာ ခင်ဗျားမပြောပေမဲ့ လည်း သိပြီးသားပဲ၊ မထူးပါဘူး၊ ခင်ဗျားတို့အလုပ် ဟန်မကျတော့ဘူးမဟုတ်လား၊ ကျုပ်ကို လာဘ်ထိုးပြီး ကျုပ်ကွယ်ရာကျတော့ လူထုတွေကို သစ္စာဖောက်မလို့မဟုတ်လား၊ ခင်ဗျား တော်တော် ရွံစရာကောင်းတဲ့လူပဲ၊ ဒါမှမဟုတ် ခင်ဗျားလုပ်နေရတဲ့အလုပ်ကို လိပ်ပြာမလုံ လို့ ပြောတာလား၊ ခင်ဗျားဟာ အလကားလူပဲ၊ ခင်ဗျားမြန်မြန်ထွက်သွားရင်ကောင်းမယ်၊ မသွားရင် ခင်ဗျားကို ကျုပ်အပိုင်းလိုက်ဖြစ်အောင် ရိုက်ချိုးမိလိမ့်မယ်၊ ဒါပဲ”

ကလင်းကော့သည် ကိုယ့်ကိုယ်ကိုယ် အားတင်းကာ ဆက်လျှောက်လာခဲ့သည်။

‘အလကားလူ’ ဟူသော ကျိန်ဆဲသံကို နောက်မှကြားနေရသည်။ ကလင်းကော့သည် နောက်ပြန် လှည့်ကြည့်ရင်း သူ့တသက်တွင် ပထမဆုံးအကြိမ်အဖြစ် လူတယောက်ကို ပျစ်ပျစ်နှစ်နှစ် ဆဲလိုက် သည်။

“အလကားလူက ကျုပ်မဟုတ်ဘူး ခင်ဗျား၊ ခွေးမသား”

ဇီမင်က မည်သို့မျှပြန်မပြောတော့။ သူ့ခြေသံများသည် တဖြည်းဖြည်း ဝေးသွားကြသည်။ တနေရာမှ နှင်းခဲကို စွတ်ဖားပွတ်သံ၊ သံချောင်းနှင့် တိုက်မိသံတို့ကို ကြားရသည်။ ကလင်းကော့သည် ပလက်ဖောင်းအတိုင်း လျှောက်လာခဲ့သည်။

“သူပြန်ရောက်ရင် သူ့လူတွေကို ငါ့အကြောင်း ပြောတော့မှာပဲ၊ မာရှာကလည်း ငါ့ကို စိတ်ဆိုးတော့ မှာပဲ” ဟု တွေးလာသည်။ သူသည် တံတွေးထွေးလိုက်ပြီးနောက် သီချင်းတပုဒ်ကို ညည်းလာသည်။ သူသည် ခေတ်တိုင်တတိုင်ကိုမှီ၍ ရပ်လိုက်ပြီးနောက် စိတ်သက်သာစရာ တခုခုကို ရှာ၍ တွေးသည်။

“ကြည့်စမ်း၊ ငါ့ဘာသာငါ လမ်းလျှောက်ရင်း သီချင်းဆိုချင် ဆိုနိုင်တယ်၊ ပုလိပ်က လာမေးရင် ဘာအရေးလဲ၊ ငါ့အိတ်ထဲက လုံခြုံရေးဌာနက လက်မှတ်ကို ထုတ်ပြလိုက်ရုံပဲ၊ ငါ့ကိုတောင် ပြန်ပြီး တောင်းပန်သွားရလိမ့်ဦးမယ်၊ ဒါပေမဲ့ ခုနက လက်သမားရုံက အလုပ်သမားသာဆိုရင်တော့ အများပြည်သူရဲ့ငြိမ်ဝပ်ပိပြားရေးကို နှောင့်ယှက်တယ်ဆိုပြီး အချုပ်ထဲ ခေါ်သွားမှာပဲ” ဟု တွေးလာ သည်။

ကလင်းကော့သည် ပြုံးလိုက်၏။ အမှောင်ထဲသို့ စူးစိုက်ကြည့်ရင်း ‘ဟုတ်တယ်၊ ခင်ဗျားမှာ သီချင်း ဆိုခွင့်မရှိဘူး’ ဟု တယောက်တည်း ပြောသည်။

သို့တိုင်အောင် ကလင်းကော့၏စိတ်သည် ဆောက်တည်ရာမရ။

သူ့ရင်ထဲတွင် ဝမ်းနည်းနေသည်။ ပါးစပ်ထဲတွင် ခါးသက်သည့်အရသာသည် စွဲနေသည်။ မျက်လုံးတွင် မျက်ရည်တွေဝဲလာသည်။ သူသည် သီချင်းကို နောက်တကျော့ ပြန်ဆိုသည်။ စောစောတုန်းကလို ညည်းရုံမဟုတ်တော့၊ မျက်လုံးများကို စုံမှိတ်ကာ အသံကုန်ဟစ်၍ ဆိုလာသည်။ သို့ရာတွင် ဘာမျှမထူးခြား။ ခြောက်သွေ့သည့် မျက်ရည်များသည် ပါးပြင်သို့ စီးဆင်းလာကာ သူ့ပါးကိုအေးစေ၏။

"ဟေး၊ ရထား"

ကလင်းကော့သည် ရဲဟန်ဆောင်ကာ ရထားသမားကို ခပ်တိုးတိုး လှမ်းခေါ်လိုက်၏။ ရထားပေါ် တက်ထိုင်လိုက်သည့်အခါကျမှ နေရထိုင်ရ သက်သာသွားသည်။ သူသည် ခေါင်းကိုငုံ့၍ ကိုယ်ကို လှုပ်ယမ်းရင်း 'ဟုတ်တယ်၊ လူတယောက်ကို မင်း လုပ်လိုက်ပုံဟာမှန်တယ်၊ ငါ့လိုလူတယောက်ကို ဒီလိုဆက်ဆံလိုက်တာ ကောင်းတယ်၊ သိပ်ကောင်းတယ်။ အင်း လူထုဟာ တော်တော်ပညာရှိတယ်၊ တော်တော်အမြော်အမြင် ရှိတယ်' ဟု တယောက်တည်း ပြောလာသည်။

သို့ကလို စိတ်ကိုလျှော့၍ အရှုံးပေးလိုက်တော့မှ သူ့စိတ်သည် ပုံမှန်သို့ ရောက်လာသည်။ တည်ငြိမ်စ ပြုလာသည်။ ကလေးဘဝတုန်းက တွေ့ခဲ့ရသည့် ပျော်ရွှင်ကြည်နူးမှုမျိုးကို ခံစားလာရသည်။ သို့ကလို တွေးလိုက်မှ သူသည် လူအများအတွက် ကိုယ်ကျိုးစွန့်သူတဦး၊ အရေးကြီးသူတဦး ဟူသော ဖြေသိမ့်မှုမျိုးကို ရလာသည်။

နောက်တနေ့မနက်တွင် ကလင်းကော့သည် အိပ်ရာမှ မထသေးဘဲ မျက်မှောင်ကုတ်၍ မျက်နှာကြက် ကို ကြည့်နေသည်။ မနေ့က တွေ့ခဲ့သည့် အဖြစ်အပျက်များကို ပြန်စဉ်းစားသည်။ 'ဟုတ်တယ်၊ ငါဟာ သူများတွေကို စောင့်ကြည့်ဖို့ကောင်းတဲ့သူ မဟုတ်ဘူး၊ တကယ်စောင့်ကြည့်ရမှာက ငါ ဖြစ်တယ်၊ ငါ့ကိုယ်ငါ စောင့်ကြည့်ရမှာဖြစ်တယ်၊ အလို နေပါဦး၊ ဒီလိုဆိုရင် ငါဟာ ငါကိုယ်တိုင်ရဲ့ရန်သူ ပြန်ဖြစ်နေပြီလား' ဟု သူ့ဘာသာသူ ပြန်၍တွေး၏။

ကလင်းကော့သည် ပျင်းပျင်းနှင့် အိပ်ရာမှထ၍ အဝတ်လဲရင်း တနေ့လုပ်ရမည့် တာဝန်များကို စဉ်းစားနေသည်။ မြို့စွန်က စက်ရုံရပ်ကွက်များသို့ သွား၍ ဈေးရောင်းရမည်။

နေရောင်သည် ဝင်းပလျက်ရှိ၏။ နှင်းခဲများသည် အရည်ပျော်ကာ အမိုးမှ တစက်စက်ကျနေကြ၏။ လမ်းသွားလမ်းလာများသည် ပျော်ရွှင်စွာ ဥဒဟို သွားလာနေကြသည်။ ဓမ္မာရုံများမှ ခေါင်းလောင်းသံ များသည် ပူနွေးသည့်လေထဲတွင် ဖြည်းညင်းစွာ မျောပါလျက်ရှိကြ၏။ တိုးတိတ်ညင်သာသည့် အသံများသည် ငွေဖဲကြိုးများသဖွယ် ပျံ့လွင့်ကာ အဝေးကောင်းကင်ပြာထဲသို့ လွင့်သွားကုန်သည်။

'တောက ကွင်းပြင်တွေထဲမှာ သွားနေရရင် ဘယ်လောက်ကောင်းမလဲ' ဟု ကလင်းကော့ တွေးမိ သည်။ မြို့စွန်စက်ရုံရပ်ကွက်က လမ်းကျဉ်းကျဉ်းကလေးထဲသို့ ဝင်လာခဲ့သည်။

သူ့ဘေးပတ်ပတ်လည်တွင် နီကြင်ကြင် စက်ရုံအုတ်ဝင်းထရံကြီးများကိုသာ မြင်ရသည်။ အထက် ကောင်းကင်သည် မီးခိုးများဖြင့် ညစ်မည်းလျက်ရှိ၏။ လေသည် စက်ဆီနံ့၊ ရေနံနံ့ဖြင့် လွှမ်းနေသည်။ မြင်မြင်သမျှသည် ချစ်စရာမကောင်း၊ အနိဋ္ဌာရုံတွေချည်းဖြစ်၏။ မည်းညစ်သည့် စက်ရုံခေါင်းတိုင် တွေကိုချည်း မြင်ရသဖြင့် မျက်စိတွေ ညောင်းလာသည်။

ကလင်းကော့သည် လက်ဖက်ရည်ဆိုင်ကလေး တဆိုင်ထဲသို့ ဝင်လာခဲ့ကာ ပြတင်းပေါက်နားက စားပွဲတလုံးတွင် ဝင်ထိုင်လိုက်သည်။ လက်ဖက်ရည်တခွက် မှာပြီးနောက် ဆိုင်ထဲကလူတွေ ပြောသည်ကို နားစွင့်နေမိသည်။ ဆိုင်ထဲတွင် လူများများစားစားမရှိ။ အားလုံး အလုပ်သမားတွေ ချည်း ဖြစ်ပုံရသည်။ စားရင်းသောက်ရင်း စကားပြောနေကြသည်။ တနေရာတွင်မှ ခပ်ရွှယ်ရွှယ် အသံတခုပေါ်လာသည်။

"ဘယ်လိုထင်လဲ၊ စည်းစိမ်ဥစ္စာတွေဟာ ဘယ်ကလာတယ်လို့ ခင်ဗျား ထင်သလဲ"

ကလင်းကော့သည် စိတ်ပျက်လက်ပျက်ဖြင့် မျက်နှာကို တခြားသို့ လွှဲလိုက်၏။ ပစ္စည်းဥစ္စာ အကြောင်းကို လူတွေ မကြာခဏပြောသံ ကြားရဖူးသည်။ ကြားရသည့်အခါတိုင်း သူ ငြီးငွေ့သည်။ စိတ်ရှုပ်သည်။ မနာလို။ သူတပါး ချမ်းသာသည်ကို မနာလို၍ ဤစကားမျိုးတွေကို ပြောနေကြခြင်း ဖြစ်သည်ဟုလည်း သူထင်သည်။ ထိုစကားမျိုးတွေကို ပြောလာလျှင် ထိုလူသည် အန္တရာယ်ကြီးသည့် လူဖြစ်ကြောင်း သူ့ကို ဆိုင်ရာက သင်ထားသည်။

"အလုပ်သာ လုပ်နေရတယ်၊ ဘာမှအဓိပ္ပာယ်မရှိဘူး၊ ပိုက်ဆံကလည်း ဘာမှအသုံးမခံဘူး၊ နည်းနည်း လေး မဝယ်လိုက်နဲ့၊ ဝယ်လိုက်တာနဲ့ တပြိုင်နက် လက်ထဲမှာ ပိုက်ဆံမကျန်တော့ဘူး၊ ကျုပ်တို့ ပိုက်ဆံတွေကို ယူပြီး သူတို့ စည်းစိမ်ခံနေကြတာ၊ ဥပမာ.."

"ဒီလူတွေဟာ တော်တော်လောဘကြီးတဲ့လူတွေ၊ တော်တော် မနာလိုတိုရှည် ဖြစ်တတ်တဲ့လူတွေ၊ မာရှာကိုကြည့်စမ်း၊ ငါက ပုတီးလေးတကုံး လက်ဆောင်ပေးတယ်၊ ဟန်တောင်မဆောင်နိုင်ဘူး၊ လိုချင်မျက်စိရှိလိုက်တာ၊ အလကားဟာတွေ၊ ဘာမှတန်ဖိုးမရှိဘူး၊ ထမင်းချက်မိန်းမကြီးရဲ့မောင် ဇီမင်ဆိုရင်လည်း ငါ့ကို မရိုက်ရဲပါဘူး၊ ငါက ပုလိပ်ခေါ်မှာကို သိပ်ကြောက်နေတာပဲ၊ ငါ့ကိုတော့ အိမ်ထဲကနှင်ထုတ်တယ်၊ ငါပေးတဲ့လက်ဆောင်ကိုတော့ ယူတယ်၊ တော်တော် သောက်သုံးမကျတဲ့ ဟာတွေ"

သူများတွေကို ဝေဖန်လိုက်ရသဖြင့် ကလင်းကော့သည် နေသာထိုင်သာ ရှိသလိုလို ဖြစ်သွား၏။ ဘာကိုမျှလည်း မမြင်။ ဘာကိုမျှလည်း မကြားတော့။ ထိုစဉ် 'ကလင်းကော့ပါလား' ဆိုသည့် အသံသြသြတခုကို ကြားလိုက်ရသည်။

ကလင်းကော့သည် လျင်မြန်စွာ ခေါင်းထောင်ကြည့်လိုက်သည်။ သူ့ရှေ့တွင် သူမမြင်ဖူးသည့် ဆံပင် ကောက်ကောက်နှင့် လူတယောက် ရပ်နေသည်ကို မြင်လိုက်ရသည်။

"ငါ့ကိုမမှတ်မိဘူးလား၊ ငါ ယာကွတ်လေ၊ မင်းနဲ့ညီအစ်ကိုဝမ်းကွဲလေ၊ ငါ့ကိုတောင် မမှတ်မိတော့ဘူး လားကွ"

ယာကွတ်ကရယ်၍ စားပွဲတွင် ဝင်ထိုင်လိုက်သည်။ သူ့ရယ်သံကို ကြားလိုက်သည့်အခါတွင် ကလင်းကော့သည် ငယ်ငယ်တုန်းက တောမှာနေခဲ့ရသည်တို့ကို ပြန်၍ အမှတ်ရလာသည်။ သူတို့ရွာ က ဓမ္မာရုံ၊ သူတို့ရွာနားက တိတ်ဆိတ်ငြိမ်သက်သည့် လျှိုကလေး၊ ရွာမီးလောင်စဉ်က

အဖြစ်အပျက် နှင့် သူ့ဘထွေး ပန်းပဲဆရာ၏စကားများကို ပြန်အမှတ်ရလာသည်။ ကလင်းကော့က ကြောင်တက်တက်ဖြင့် ပြုံးရင်း ယာကွတ်၏လက်ကို ဆွဲနှုတ်ဆက်သည်။

"ငါကောင်းကောင်းကို မမှတ်မိဘူးကွာ"

"ဒီလိုပါပဲကွာ၊ မြို့ရောက်တော့ မှတ်ဉာဏ်တွေဘာတွေ မကောင်းကြတော့ဘူးပေါ့၊ မြို့မှာ တွေ့ကြုံရ တာတွေက သိပ်များတော့ ခေါင်းထဲမှာ အားလုံးရောထွေးနေတယ် မဟုတ်လား၊ ရှေးတုန်းက အဖြစ်အပျက်တွေကို မှတ်စရာနေရာ မရှိတော့ဘူးပေါ့၊ ငါကတော့ မြင်မြင်ချင်း မှတ်မိလိုက်ပါတယ်၊ မင်းက ဘာမှမပြောင်းလဲဘဲ၊ မင်း ဘာလုပ်နေသလဲ"

ကလင်းကော့က သတိထား၍ဖြေသည်။ သူတို့နှစ်ယောက် ပြန်တွေ့ကြခြင်းသည် အန္တရာယ် ကြီးသည်ဟု ထင်သည်။ အဘယ်ကြောင့် ဤသို့ထင်ကြောင်းကိုမူ သူလည်း မစဉ်းစားတတ်။ သို့ရာတွင် ယာကွက်ကမူ စကားတွေ တသွင်သွင်ပြောနေသည်။ ကလင်းကော့ သိဖို့လိုအပ်သည်ဟု ယူဆသည့်နှယ် ရွာကအကြောင်းတွေကို ပြန်ပြောပြနေသည်။ သူ့အဖေ ပန်းပဲဆရာ မျက်စိ ကွယ်သည့်အကြောင်း၊ သူ့အမေ မမာသည့်အကြောင်း၊ သူလည်း မြို့ကစက်ရုံသို့လာ၍ အလုပ်လုပ် နေသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်းတို့ကို နှစ်မိနစ်အတွင်း အကုန်အစင် ပြောပြသွားသည်။

"ဒါဆို တို့ရွာအကြောင်းနဲ့ ငါ့အကြောင်း လုံလောက်ရောပေါ့"

ယာကွတ် တကိုယ်လုံး ကျပ်ခိုးတွေမည်းနေသည်။ စကားကို ကျယ်လောင်စွာ ပြောနေသည်။ သူ့အဝတ်အစားများက စုတ်ပြတ်နေသည့်တိုင် သူ့ပုံပန်းသဏ္ဌာန်က ဤမျှလောက် ဆင်းရဲပုံမရ။ ကလင်းကော့သည် သူ့ကို ကြည့်၍ ဝမ်းသာနေသည်။ ငယ်ငယ်တုန်းက ယာကွတ်က ဗလ ကောင်းကောင်းဖြင့် သူ့ကိုရိုက်ခဲ့သည်ကို အမှတ်ရနေသည်။ သို့ရာတွင် ရန်ငြိုးဖွဲ့ခြင်းတော့ မရှိတော့၊ 'သူလည်း တော်လှန်ရေးသမားများ ဖြစ်နေသလား' ဟု စိုးရိမ်ပြီး တွေးနေသည်။

"မင်းကော ဘာလုပ်ကိုင်စားသောက်နေလဲ"

ယာကွတ်က ဒုတိယအကြိမ် ထပ်မေးသည်။

"မင်းကော"

"အလုပ်လုပ်ရတာကတော့ ပင်ပန်းပါတယ်၊ နေရထိုင်ရတာကလည်း ရိုးရိုးပါပဲ၊ တကယ်ကတော့ နေရထိုင်ရတယ်ဆိုတာတောင် မရှိပါဘူးကွာ၊ ကိုယ့်တနေ့တာလုံး၊ ကိုယ့်ဘဝတာတခုလုံး အလုပ်ရှင် ကို ပုံပေးထားရတာပါ။

ကိုယ့်အတွက်က တစ်မိနစ်လောက်ကလေးပဲ ကျန်တာပါ။ စာကလေး ပေကလေးတောင် ဖတ်ချိန်မရပါဘူး၊ မင်းလည်း သိသားပဲ၊ ငါက ဇာတ်ပွဲသိပ်ဝါသနာပါတာ၊ ဒါပေမဲ့ မကြည့်နိုင်ပါဘူးကွာ၊ ဇာတ်ပွဲသွားနေရင် ဘယ်မှာ အိပ်ချိန်ရှိပါတော့မလဲ။ မင်းကော ဟိုးတုန်းကလို စာအုပ်တွေ ဘာတွေ ဖတ်ဖြစ်သေးရဲ့လား"

"ဟင့်အင်း၊ မဖတ်ဖြစ်တော့ဘူး"

"အေးလေ၊ မင်းကြည့်ရတာကလည်း အချိန်ရှိပုံမပေါ်ပါဘူး၊ ငါတော့ တစ်ခါတလေမှ ဖတ်ဖြစ်တော့ တယ်၊ တို့စက်ရုံမှာ တော်တော်ဖတ်လို့ကောင်းတဲ့စာအုပ်တွေ ရှိတယ်ကွ၊ ဖတ်မိရင် လက်ကချလို့ မရတော့ဘူး၊ တကယ်ပဲ၊ ရည်းစားလေးဘာလေးကော မရှိသေးဘူးလား၊ အဆင်ပြေရဲ့လား"

"သိပ်မဆိုးပါဘူး"

"ငါကတော့ မြို့ကကောင်မလေးတွေနဲ့ တော်တော်ဟန်ကျနေတယ်၊ မဆိုးဘူးမောင့်၊ ဇာတ်ပွဲတို့ ဘာတို့ကိုကော သွားဖြစ်တယ်မဟုတ်လား"

"မကြာမကြာတော့ သွားဖြစ်ပါတယ်"

"ငါလည်း သိပ်သွားချင်တာပဲကွာ၊ ဒါပေမဲ့ မသွားနိုင်တော့ပါဘူး၊ ဆိုင်းကောင်းကောင်းကလေးတွေ နားထောင်လိုက်ချင်တာ၊ တိရစ္ဆာန်ဥယျာဉ်ကိုရောက်ရဲ့လား၊ တော်တော်ပျော်စရာ ကောင်းတဲ့နေရာ ကွ"

ယာကွတ်၏မျက်နှာပေါ်က ကျပ်ခိုးတွေကြားထဲမှ သူ၏စိတ်အားထက်သန်ခြင်းကြောင့် နီမြန်းနေ သောမျက်နှာကို ကျပ်ခိုးတွေအောက်မှ မြင်ရသည်။ သူ့မျက်လုံးများသည် တောက်ပလျက်ရှိကြ၏။ တစုံတရာကို အရသာခံစားနေသည့်နှယ် ယာကွတ်သည် နှုတ်ခမ်းများကို တပျတ်ပျတ် မြည်အောင် လျက်နေသည်။

ကလင်းကော့သည် ကျန်းမာသန်စွမ်းသည့် သူ့ခန္ဓာကိုယ်နှင့် စိတ်အားထက်သန်မှုတို့ကိုကြည့်၍ မနာလိုဖြစ်နေသည်။ သူ့နံဘေးကို သန်မာသည့်လက်သီးများဖြင့် ထိုး၍ ကစားနေသည်ကိုလည်း ကလင်းကော့ သတိပြုမိသည်။ ယာကွတ်ကမူ ရယ်စရာစကားများကို အမျှင်မပြတ် ပြောနေသည်။ သူ၏ရွှင်မြူးဖွယ်စကားလုံးများနှင့် အာမေဍိတ်သံများသည် သူ့အနီးတွင် ပျံလွှားငှက်များလို ဝဲပျံနေ ကြသည်။ သူ့စကားများကို နားထောင်ရင်း ကလင်းကော့က မပြုံးဘဲ မနေနိုင်။ သို့ရာတွင် နားထောင်ရင်း သူ့ခန္ဓာကိုယ်သည်

နှစ်စိတ်ကွဲသွားသည်ဟု ထင်ရသည်။ တစိတ်က သူ့စကားများကို နားထောင်ချင်သည်။ အခြားတစိတ်က ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ဖြစ်နေသည်။ ကလင်းကျော့သည် ပြတင်းပေါက်ဘက်သို့ လှည့်လိုက်သည်။ သူတို့ကို ကြည့်နေသည့် ဂရိုတိုကော့၏မျက်နှာကို မှန်ပြတင်းမှ ချက်ချင်း မြင်လိုက်သည်။ ဂရိုတိုကော့၏ကိုယ်တွင် ဘောင်းဘီစုတ်ဝတ်လျက်။ အကျီက ညစ်ပတ်ပေရေလျက်။ လက်မောင်းပေါ်တွင်လည်း အဝတ်ဟောင်းတချို့ကို ပိုက်လျက်။ တချို့က ပခုံးပေါ်တင်လျက်။

ဂရိုတိုကော့က ကလင်းကျော့ မြင်သာရုံ မျက်စိတဖတ်မှိတ်ပြလိုက်ပြီး ‘အဝတ်ဟောင်းရောင်းတယ်၊ အဝတ်ဟောင်းဝယ်တယ်’ ဟုအော်လိုက်သည်။

‘ငါလည်း လျှော်ကျက်ရောင်းလိုက်ဦးမယ်ကွာ’ ဟုဆိုကာ ကလင်းကျော့က ထိုင်ရာထလိုက်သည်။

“တနင်္ဂနွေတို့ဘာတို့ကျရင် မအားဘူးလားကွ၊ အားရင် ငါ့ဆီလာခဲ့ပါလား၊ ငါအားရင် လာခဲ့မယ်လေ၊ မင်းက ဘယ်မှာနေတာလဲ”

ကလင်းကျော့သည် အတန်ကြာ တိတ်ဆိတ်နေ၏။ သူနေသည့်နေရာကို အသိမပေးချင်။

“ဘာဖြစ်လို့လဲ၊ မင်းက ကောင်မလေးတယောက်နဲ့ အတူနေလို့လား၊ ကိစ္စမရှိပါဘူးကွ၊ ငါ့ကိုလည်း မိတ်ကလေး ဘာလေးဆက်ပေးဦးမှပေါ့၊ ဟုတ်လား၊ ခုမှ ဘာရှက်နေရတာလဲ၊ ငါပြောတာ ဟုတ်တယ်မဟုတ်လား”

“ငါတယောက်တည်းနေတာ မဟုတ်ဘူးကွ”

“ငါ သိပါတယ်ကွ”

“မဟုတ်ပါဘူး၊ ငါဆိုလိုတာက ကောင်မလေးတယောက်နဲ့နေတယ်လို့ ပြောတာမဟုတ်ဘူး၊ အဘိုးကြီးတယောက်နဲ့ နေတာလို့ ”

ယာကွတ်က ရယ်လိုက်သည်။

“မင်းဆိုတဲ့ကောင်က တော်တော်ရယ်စရာကောင်းတဲ့ကောင်ပဲ၊ အဘိုးကြီးနဲ့နေတော့ ဘာဖြစ်လဲကွ၊ သူ့ဘာသာသူနေတာပဲ၊ ငါဆိုရင် သူငယ်ချင်းနှစ်ယောက်နဲ့အတူနေတယ်၊ ဒီတော့ ငါ့ဆီမှာလည်း စကားပြောလို့တော့ သိပ်မကောင်းဘူး၊ ဒီလိုလုပ်ကွာ နှစ်ယောက်ဆုံလို့ရတဲ့ တနေရာရာမှာ တွေ့ရအောင်”

နေရာကိုချိန်းပြီး လက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့သည်။ ခွဲခါနီးတွင်

ယာဉ်ကွတ်က သန်မာသည့် လက်များဖြင့် သူ့လက်ကို အားရပါးရ ဆုပ်၍ နှုတ်ဆက်သည်။ တရင်းတနှီး နှုတ်ဆက်သည်။ ယာဉ်ကွတ်ပြန်လှည့်လာပြီး သူပေးလိုက်သည့် ရင်းနှီးကျွမ်းဝင်မှုကို ပြန်တောင်းမည်စိုးသည့်အလား ကလင်းကော့သည် ထိုနေရာမှ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

"ဒီနေရာကတော့ သူတို့ အမာခံနယ်မြေလို့ ဆိုတာပဲ၊ တော်လှန်ရေးသမားတွေလည်း တော်တော် များသတဲ့၊ ယာဉ်ကွတ်လည်း တော်လှန်ရေးသမား ဖြစ်ချင်ဖြစ်နေမှာ" ဟု လမ်းလျှောက်ရင်း တွေးလာ သည်။

သူ့စိတ်ထဲတွင် စိတ်တိုခြင်းသည် အရိပ်တခုလို ထိုးကျလာသည်။

'အဝတ်ဟောင်း ရောင်းတယ်၊ အဝတ်ဟောင်း ရောင်းတယ်' ဟု ဂရိုတိုကော့က နောက်ကအော်ရင်း လိုက်လာသည်။ အနားရောက်တော့ လေသံဖြင့် 'ရှပ်အင်္ကျီအဟောင်းလေး တထည်လောက် ဝယ်ပါ လား' ဟု ပြောသည်။

ကလင်းကော့က နောက်သို့ လှည့်ကြည့်လိုက်ပြီး ရှပ်အင်္ကျီဟောင်းတထည်ကိုယူပြီး သေချာစွာ ကြည့်နေသည်။ ဂရိုတိုကော့က အင်္ကျီဟောင်း ရောင်းသည့်အသံကို မြှင့်၍ အော်လိုက်ပြီး နောက်မှ ခပ်တိုးတိုးဖြင့် 'ဆံပင်ကောက်ကောက်နဲ့ကောင်နောက်ကို မင်းလိုက်နေတာ မဟုတ်လား၊ ငါလည်း သူ့ကို စောင့်ကြည့်နေတာကွ၊ ဒီကောင်က ဆိုရှယ်လစ်၊ မင်း ဒီကောင်ကိုလိုက်နိုင်ရင် သူ့နောက်မှာ တသီကြီးမိမယ်'

ဂရိုတိုကော့က စကားဆုံးသည်နှင့် အင်္ကျီဟောင်းကို သူ့လက်ထဲမှ ဖျတ်ခနဲ ဆွဲယူလိုက်ပြီး အသံ ကျယ်ကျယ်ဖြင့် 'ဘာရယ်၊ ဒီလောက်ကောင်းတဲ့ ရှပ်အင်္ကျီကို ငါးကျပ်ပဲပေးမယ်ဟုတ်လား၊ ချစ်ရင် ဒီလိုတော့ မကျီစားနဲ့ဗျာ၊ မကြိုက်ဘူး၊ မဝယ်ရင် စောစောကတည်းက မဝယ်ဘူးပြော၊ ဈေးကို မတန်တဆတော့ မဆစ်နဲ့'

ဂရိုတိုကော့က အဝတ်ဟောင်းရောင်းသံကို ကျယ်လောင်စွာအော်ရင်း ထွက်သွားသည်။

"လက်စသတ်တော့ ငါက သူများကို မလိုက်ရဘဲ ငါကိုယ်တိုင်ကို အလိုက်ခံနေရပါကလား" ဟု တွေးရင်း ဂရိုတိုကော့၏ နောက်ကျောကို ငေးကြည့်နေမိသည်။

အတွေ့အကြုံနည်းသည့် စုံထောက်တယောက်အဖို့ အလုပ်သမားတယောက်နှင့် စကားပြောမိလျှင် သက်ဆိုင်ရာအစုခေါင်းဆောင်သို့ ချက်ချင်း အသေးစိတ် အစီရင်ခံရသည်။ ထိုအခါတွင် သက်ဆိုင်ရာ က သူ့ကို အတွေ့အကြုံရှိသည့် စုံထောက်တယောက်နှင့် တွဲပေးလိုက်သည်။

သို့မဟုတ်လျှင်လည်း သူကိုယ်တိုင် ထိုအလုပ်သမားယောင်ဆောင်စေကာ အလုပ်သမားများထဲသို့ လွှတ်တတ်သည်။ ထိုသို့ဝင်နိုင်ပြီဆိုလျှင် အခြားစုံထောက်များကလည်း သူ့ကို အားကျကြသည်။ သို့ အတွင်းလူအဖြစ် ဝင်ရောက်နိုင်ခြင်းကို သူတို့ဝေါဟာရဖြင့် 'ခွင်ထဲဝင်သည်' ဟုခေါ်ကြသည်။ ရန်သူဘက်သို့ သွားကာ အတွင်းလူအဖြစ် ဝင်ရခြင်းသည် အလွန်အန္တရာယ်များသည်။

သူတို့အထဲက လူတော်တော်များများကို သစ္စာဖောက်အောင် ဆွဲထုတ်လာနိုင်ခဲ့လျှင် သက်ဆိုင်ရာက ဆုတွေ၊ လာဘ်တွေ ပေးတတ်သည်။ ထို့ကြောင့် စုံထောက်တော်တော်များများသည် အတွင်းလူ အဖြစ် အမှုထမ်းချင်ကြသည်။ တခါတခါတွင် ဤအထူးအခွင့်အရေးကို တယောက်နှင့်တယောက် လုနေကြသဖြင့် လုပ်ငန်းထိခိုက်သည်အထိ ဖြစ်ရသည်များလည်းရှိသည်။ တခါတရံတွင်လည်း အလုပ်သမားများက သူတို့အထဲသို့ ဝင်လာသည့် စုံထောက်မှန်း သိသဖြင့် ဝိုင်းရိုက်ကြသောကြောင့် ကိုယ်လွတ်ရုန်း၍ ထွက်ပြေးရသည့်အခါများလည်း ရှိသည်။ ဤသို့ ထွက်ပြေးရခြင်းမျိုးကို 'ခွင်မှ ထွက်သည်' ဟု ခေါ်ကြသည်။

ယာကွတ်သည် ဆိုရှယ်လစ်တယောက်ဖြစ်သည်ဆိုခြင်းကို ကလင်းကော့ မယုံနိုင်။ သို့ရာတွင် သူ့ကို ဆိုရှယ်လစ်တယောက်လည်း ဖြစ်စေချင်နေသည်။ သူ့ကိုကြည့်၍ မနာလိုဖြစ်မိသည်။ မနာလို ဖြစ်မိရာမှ တဖန် သူ့လမ်းခရီးတွင် အနှောင့်အယှက် ဖြစ်သည့်အတွက်လည်း စိတ်တိုသည်။ တပြိုင်နက်တည်းမှာပင် ငယ်ငယ်က သူ့ကိုထိုးခဲ့သည့် ယာကွတ်၏ပြင်းထန်သည့် လက်သီးချက်များ ကိုလည်း အမှတ်ရသည်။

ညနေတွင် သူ့ညီအစ်ကိုဝမ်းကွဲ ယာကွတ်နှင့် တွေ့ခဲ့သည့်အကြောင်းကို ပြိုရ်တာကို ပြောပြလိုက်၏။

"သိရင် ဒီအတိုင်း ကြည့်နေရသလားကွ၊ ဘာစောင့်နေစရာလိုသလဲ၊ လုပ်စရာရှိတာ လုပ်လိုက်ရုံပေါ့၊ မင်းတို့ကောင်တွေ သင်ထားပေမဲ့လည်း ဘာမှ သောက်မှတ်မရှိကြဘူး" ဟု ပြိုရ်တာက မာန်သည်။

ပြိုရ်တာ၏ မျက်ကွင်းများသည် ညိုမည်းလျက်ရှိကြ၏။ 'ဒီလူ ဖဲရှုံးနေပြန်ပြီထင်တယ်' ဟု ကလင်းကော့ တွေးလိုက်သည်။

နောက်တနေ့တွင် ရှာရှာပေါက်လာကာ ကလင်းကော့ ယာကွတ်နှင့် တွေ့ခဲ့ပုံကို အသေးစိတ် မေးသည်။ မေးခွန်းတွေမေးပြီးနောက် အတန်ကြာစဉ်းစားနေပြီးမှ ရုပ်ဆိုးသည့်အပြုံးကို ပြုံးလိုက် ရင်း ကလင်းကော့ကို ညွှန်ကြားချက်တွေ ပေးနေသည်။

"ခု လောလောဆယ်တော့ ဒီအတိုင်းစောင့်ကြည့်နေလိုက်ဦးလေ၊ နည်းနည်းကြာတော့ မင်းကို ပုံနှိပ်တိုက်စာရေး ခန့်လိုက်တယ်လို့ပြော၊ ဒီကောင်တွေ မင်းဆီကို ခဲစာလုံးတွေ ရှာပေးဖို့ အကူအညီ တောင်းလာလိမ့်မယ်၊ မင်းကလည်း ရမယ်လို့ပြော၊ ဒါပေမဲ့ ပြောတဲ့အခါမှာ အရေးမကြီးသလို အမှတ်တမဲ့ပြောရမယ်၊ ဘာမှ မေးလားမြန်းလား မလုပ်နဲ့၊ အူတူတူ အတတကိုက်မျိုး လုပ်ထား၊ ဒါကတော့ မင်းလည်း လုပ်တတ်ပါတယ်၊ မင်းဂိုက်ကိုက အူကြောင်ကြောင်မဟုတ်လား၊ တခုတော့ပြောထားလိုက်မယ်၊ ခု မင်းလုပ်ရမယ့်အလုပ်က နည်းနည်းတော့ ပင်ပန်းလိမ့်မယ်၊ သူတို့နဲ့ တွေ့ပြီးတိုင်း အထက်ကို အစီရင်ခံစာတင်ရမယ်"

ရှာရှာရှေ့တွင် သူသည် ခိုင်းသမျှလုပ်ပေးနေသည့် ခွေးငယ်ကလေးတကောင်လို ဖြစ်နေသည်။ ကလင်းကော့သည် ဝါထိန်၍ ဝက်ခြံပုန်းတွေ ပေါက်နေသည့် ရှာရှာ့မျက်နှာကို ကြည့်နေသည်။ ဘာကိုမျှ မစဉ်းစားနိုင်။ အန်ချင်စရာ ကောင်းလောက်အောင် နံစော်လှသည့် ရှာရှာ့အနီးမှ အမြန်ဆုံး ထွက်သွားခွင့်ရမည့်အချိန်ကိုသာ စောင့်ဆိုင်းနေမိသည်။

ကလင်းကော့သည် ယာကွတ်နှင့်တွေ့ရန် ထွက်လာခဲ့သည်။ သူ့စိတ်သည် ခေါင်းတိုင်ကြီးတတိုင်လို ဟာလာဟင်းလင်းဖြစ်နေသည်။ သို့ရာတွင် ဦးထုပ်ကို တစောင်းဆောင်းထားပြီး စီးကရက် ခဲထား သည့် ယာကွတ်ကို မြင်လိုက်သည့်အခါတွင် ကလင်းကော့သည် ဖော်ရွေစွာ ပြုံးလိုက်၏။

"အလုပ်အကိုင် ဘယ်လိုလဲဟေ့"

ယာကွတ်က မေးသည်။

'ငါ လခစားအလုပ်တခုရပြီကွ' ဟု ကလင်းကော့က ပြောလိုက်သည်။ သို့ရာတွင် အပြောစောသွား သလောဟု စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။

"ဘာအလုပ်လဲကွ"

"ပုံနှိပ်တိုက်တခုမှာ စာရေးလုပ်ရမယ်"

ယာကွတ်က လေချွန်လိုက်၏။

'ပုံနှိပ်တိုက်မှာ ဟုတ်လား' ဟုမေးကာ အတန်ကြာ စဉ်းစားနေသည်။ ထို့နောက် ရုတ်တရက် စိတ်အားထက်သန်စွာဖြင့်

"မင်းအားရင် ဒီနေ့ညနေ ငါနဲ့လိုက်ခဲ့ပါလား၊ ကောင်မလေးနှစ်ယောက်လည်း ပါမယ်၊ တယောက်က ဦးထုပ်ဆိုင်က၊ နောက်တယောက်က ချည်မျှင်နှင့်အထည်စက်ရုံက၊ သေ့ခလောက်ပြင်တဲ့လူ

တယောက်လည်း ပါမယ်၊ သိပ်မကြီးသေးပါဘူး၊ လူငယ်ပါပဲ၊ ဂစ်တာလည်း ကောင်းကောင်းတီးတတ် တယ်၊ သီချင်းလည်း ကောင်းကောင်းဆိုတတ်တယ်၊ နောက်ထပ် တခြားလူနှစ်ယောက်လည်း ပါဦး မယ်၊ လိုက်ခဲ့ပါ၊ ငါ့လူတွေချည်းပါပဲ”

ယာကွတ်က စကားကို ခပ်သွက်သွက်ပြောနေသည်။ သူ့မျက်လုံးများသည် အရောင်လက်နေကြ သည်။ ဆိုင်ပြတင်းတွေရှေ့ရောက်လျှင် ရပ်ပြီး ဆိုင်ထဲကပစ္စည်းတွေကို စိတ်ဝင်တစား ကြည့်နေ သည်။

“ဟိုအမျိုးသမီး အင်္ကျီဟာ တော်တော်လှတယ်ကွာ၊ ကိုယ့်အသိ အော်လဂါဆိုတဲ့ အမျိုးသမီးများ ဝတ်လိုက်ရင် သိပ်လိုက်မှာပဲ၊ စာအုပ်တွေကလည်း တော်တော် ဖတ်ကောင်းမယ့် စာအုပ်တွေချည်းပဲ၊ ဟောဟိုက အဖုံးဝါဝါနဲ့စာအုပ်ကို မြင်ရဲ့လား၊ ‘ကမ္ဘာဦးလူတဲ့’ တော်တော်ဖတ်လို့ ကောင်းတယ်ကွ၊ မင်းလည်း ဖတ်ဖို့ကောင်းတယ်၊ လူတွေအဆင့်ဆင့် တိုးတက်ဖြစ်ပေါ်လာပုံကို ရေးထားတဲ့စာအုပ်၊ စာအုပ်တွေဟာ လူ့ဘဝအကြောင်းကို တော်တော် ပြည့်ပြည့်စုံစုံ သိရတယ်ကွ၊ စာအုပ်ထူထူကြီးတွေ ကိုတော့ ငါသိပ်မကြိုက်ဘူး၊ အလယ်လောက်ရောက်ရင် အစကိုမေ့သွားရော၊ အဆုံးလောက် ရောက်ရင် အလယ်ကိုမေ့သွားရော၊ စာအုပ်ဆိုတာ ခပ်ပါးပါး ခပ်ကျဉ်းကျဉ်းရေးမှ ကောင်းတယ်”

လက်နက်ဆိုင်တဆိုင်ရှေ့သို့ ရောက်သည့်အခါတွင် ယာကွတ်က ဝမ်းသာအားရဖြင့်

‘ခြောက်လုံးပြူးတွေ လှလိုက်တာ၊ ကစားစရာလေးတွေ ကျနေတာပဲ’ ကလင်းကော့သည် သူ့အလိုသို့ လိုက်ကာ ပြတင်းပေါက်တွင် ပြထားသည့်ပစ္စည်းများကို ငေးကြည့်လိုက်လာသည်။ တောက်တောက် ပပ ပစ္စည်းများ၊ ရောင်စုံမျက်နှာဖုံးနှင့်စာအုပ်များ၊ အသွေးအရောင်စုံလက်နေသည့် ပစ္စည်းများကို ငေးကြည့်ကာ ပထမဆုံးအကြိမ် မြင်ဖူးသကဲ့သို့ တအံ့တဩဖြစ်နေသည့်အတွက် သူ့အဖြစ်ကို သူတွေး၍ ပြုံးရသေးသည်။ ယာကွတ်၏ နူနယ်သည့်အသံကို သူသဘောကျသည်။ ခပ်ရွှင်ရွှင် ခပ်မြူး မြူး ပြောပုံကို သူနှစ်သက်သည်။ မည်းမှောင်၍ ဟာလာဟင်းလင်း ဖြစ်နေသည့် သူ့ဝိညာဉ်ထဲသို့ ထိုအရာများသည် ထိုးဖောက်ဝင်လာကြကာ သူ့ဘဝကို သူမေ့သလိုလိုပင် ဖြစ်သွားရသည်။

“မင်းကတော့ ပျော်ပျော်ပဲနော်”

ကလင်းကော့က အားကျသံဖြင့် ပြော၏။

“ဒါပေါ့ကွ၊ ကော့ဆက်တွေဆီက အကသင်ထားတယ်လေ၊ တို့စက်ရုံမှာ

ကော့ဆက်တွေ အများကြီး ရှိတယ်ကွ၊ မင်းလည်း ကြားပြီလားမသိဘူး၊ တို့စက်ရုံက သပိတ်မှောက်တော့မယ်ကွ၊ ခု ကော်မတီ တွေ ဘာတွေ ဖွဲ့ပြီးနေပြီ၊ သတင်းစာတွေထဲမှာတောင် ပါသေးတယ်"

"ဘာဖြစ်လို့ မှောက်တာတဲ့လဲ"

"ရှင်းပါတယ်ကွာ၊ တို့အလုပ်သမားတွေ မတရား သွေးစုပ်ခံနေကြရတာပဲ၊ ဒီတော့ သပိတ်မှောက်ရုံ အပြင် ဘာလုပ်စရာရှိသေးသလဲ"

"ဒါဖြင့် မင်းလည်း ပါမယ်ပေါ့"

"ဟာ၊ မပါလို့ ဘယ်ဖြစ်မလဲ၊ ပါရမှာပေါ့၊ တို့အလုပ်သမားအချင်းချင်း လုပ်တာ ထောက်ခံရမှာပေါ့ ဘဝတူတွေပဲဟာ"

"ကော့ဆက်တွေကော ပါပါ့မလား"

"ပါမှာပေါ့၊ အစတုန်းကတော့ တို့ကို သိပ်ယုံကြည်ပုံမရဘူး၊ နောက်တော့ တို့ဆီလာလာပြီး စာရွက် စာတမ်းတွေ တောင်းဖတ်ကြတာပဲ"

ယာကွတ်သည် စကားကိုဖြတ်ကာ ကလင်းကော့၏မျက်နှာကို စိုက်ကြည့်နေသည်။ နဖူးရေကိုတွန့်၍ စဉ်းစားရင်း စိတ်ထဲမှ တစုံတရာကို ထုတ်ပြောရန် ကြိုးစားနေပုံရသည်။ အတန်ကြာမှ လေသံ ခပ်တိုးတိုးဖြင့် 'ငါလည်း အဲဒီစာရွက်စာတမ်းတွေကို ဖတ်ပြီးပြီကွ' ယာကွတ်သည် စကားကိုဖြတ်ကာ ကလင်းကော့၏မျက်နှာကို စိုက်ကြည့်နေသည်။ သူတို့နှစ်ယောက်သည် စကားမပြောဘဲ လျှောက်လာကြ၏။

စာရွက်စာတမ်းဆိုသည့် အသံကိုကြားလိုက်သည့်အခါတွင် ကလင်းကော့သည် သူ့တာဝန်ကို သတိရလာသည်။ မျက်မှောင်ကိုကုတ်လိုက်ရင်း သူ့ရင်ထဲမှ တစ်စုံတစ်ရာကို ထုတ်ပြောရန် အားထုတ်နေပုံရသည်။ သူနှင့် ယာကွတ်ကြားက အတားအဆီးကြီးတစ်ခုကို ဖယ်ရှားရန် ကြိုးစားအားထုတ် နေပုံရသည်။ အတန်ကြာမှ လေသံကလေးဖြင့်

"အဲဒီစာရွက်စာတမ်းတွေကို ငါလည်းဖတ်ဖူးတယ်"

"ဟုတ်လား"

ယာကွတ်က ခြေလှမ်းကို တုံ့လိုက်သည်။

"ငါတော့ တလုံးမှနားမလည်ဘူး၊ ဘာတွေရေးထားတာလဲ"

“နောက်တခေါက် ဖတ်ကြည့်ပေါ့”

“ဟင့်အင်း၊ မဖတ်ချင်တော့ဘူး"

“စိတ်မဝင်စားဘူးလား”

“မဝင်စားဘူး”

သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာ လျှောက်လာခဲ့ကြသည်။ ယာကွတ်သည် လေကလေး တချွန်ချွန်ဖြင့် လိုက်လာရင်း ကလင်းကော့ကို အကဲခတ်ကြည့်သည်။

“တကယ်ကတော့ ဒီစာရွက်စာတမ်းတွေဟာ တော်တော်အဖိုးတန်တယ်ကွ၊ အလုပ်သမားတိုင်း ဖတ်သင့်တယ်၊ အရင်းစစ်လိုက်တော့ မင်းတို့ ငါတို့တတွေဟာ ပင်ပန်းဆင်းရဲမှုဆိုတဲ့ နှောင်ကြိုးကြီး နဲ့ အတုပ်နှောင်ခံထားရတဲ့ အကျဉ်းသမားတွေ မဟုတ်ဘူးလား၊ ငါတို့ဟာ အရင်းရှင်စနစ်ရဲ့ ကျေးကျွန်တွေ၊ ငါတို့ဘဝဟာ ဒီအတိုင်းဖြစ်နေတာပဲ မဟုတ်ဘူးလား၊ ဒီစာရွက်စာတမ်းတွေ ပေါ်လာတဲ့အခါကျတော့ တို့အဖို့ လွတ်လပ်ခြင်းဆိုတဲ့ လေကို ရှူရှိုက်ရပြီ၊ ဒီစာရွက်စာတမ်းတွေဟာ ငါတို့အဖို့ စိတ်ဓာတ်ကို လွတ်မြောက်အောင်လုပ်ပေးတယ်၊ သံချေးဟာ သံကိုဖြတ်တောက်ပစ်သလို ငါတို့ရဲ့နှောင်ကြိုးတွေကို ဖြတ်တောက်ပစ်တယ်”

ယာကွတ်က လေးနက်စွာ ပြောနေသည်။

ကလင်းကော့သည် ခပ်သွက်သွက်လျှောက်လာ၏။ ယာကွတ်၏စကားများကို သူ နောက်ထပ် မကြားချင်။ ‘ဒီစကားမျိုးတွေ ငါ့ကိုလာမပြောနဲ့၊ ငါ့ကို လာမပြောနဲ့’ ဟု ပြောလိုက်ချင်သည်။ ကံအားလျော်စွာ ယာကွတ်က စကား ဖြတ်လိုက်သည်။

“ဟော... တိရစ္ဆာန်ရုံကိုရောက်ပြီ”

တိရစ္ဆာန်ဥယျာဉ်ထဲက ပျော်ပွဲစားရုံထဲတွင် ဘီယာသောက်ကြသည်။ စစ်တီးဝိုင်းက တီးမှုတ်သံကို နားထောင်ကြသည်။ စစ်ဘင်ခရာတီးဝိုင်းက တေးသံရပ်သွားသည့်အခါတွင် ယာကွတ်က ကလင်းကော့ကို တံတောင်ဖြင့် တွတ်လိုက်ရင်း

“နားထောင်လို့ တော်တော်ကောင်းတယ်ကွနော်၊ အဲဒီ ဖော့စ်တ်ဆိုတဲ့ အော်ပရာပြဇာတ်ထဲက တီးလုံး၊ ငါ သုံးခါတောင် သွားကြည့်တာ၊ သိပ်ကောင်းတာပဲကွာ၊ ဇာတ်လမ်းကတော့ ဒီလောက် မဟုတ်ပါဘူး၊ ဒါပေမဲ့

သီချင်းတွေက တော်တော်ကောင်းတယ်၊ လာဟေ့၊ မျောက်ရုံဘက်ကို သွားကြည့်ရအောင်”

မျောက်ရုံဘက်သို့အသွားတွင် ယာကွတ်က ဖော့စ်တပ်ပြဇာတ် ဇာတ်လမ်းကို ပြောပြသည်။ မယ်ဖီစကိုဖိလိယမမင်း၏အကြောင်း ပြောပြသည်။ ယာကွတ်သည် ကတော့မည့်နှယ် လုပ်လိုက်ပြီး မှ တဟားဟား ရယ်လိုက်သည်။

ဂီတသံ၊ ယာကွတ်ပြောပြသည့်ဇာတ်ကြောင်း၊ သူ့ရယ်သံ၊ ဝတ်ကောင်းစားလှဖြင့် သွားလာနေကြ သည့် လူများနှင့် တောက်ပပြောလွင်နေသည့် နွေဦးကောင်းကင်ကြီး စသည်တို့ကို မြင်ရကြားရသည့် အခါတွင် ကလင်းကော့၏စိတ်သည် ပျော်လာ၏။

“ယာကွတ်ဟာ တော်တော်သတ္တိကောင်းတာပဲ၊ ဗဟုသုတလည်း တော်တော်စုံတာပဲ၊ ငါနဲ့ဆိုရင် အသက်အတူတူလောက်ပဲ ရှိသေးတာ” ဟု ကလင်းကော့ တွေးနေသည်။

ယာကွတ်သည် သူ့အတွက် တံခါးတွေ တချပ်ပြီးတချပ် ဖွင့်ပေးနေသလောဟု ထင်ရ၏။ တံခါးတချပ် ဖွင့်လိုက်တိုင်း လေသည် ပို၍မွှေးလာကာ အလင်းရောင်ပို၍ ရလာသကဲ့သို့ထင်ရ၏။ ကလင်းကော့ သည် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်ကာ မြင်ရတွေ့ရသည့်အရာများကို စိတ်ဝင်စားနေသည်။ သို့ရာတွင် ချက်ချင်းပင် သူ့မျက်လုံးများသည် ပြူးကျယ်သွားကာ စိုးရိမ်လာသည်။ လူအုပ်ထဲတွင် သူနှင့် မျက်နှာတန်းမိသည့် စုံထောက်တယောက်ကို မြင်လိုက်သည်ဟု ထင်လိုက်ရ၏။

သူတို့နှစ်ယောက်သည် မျောက်ရုံရှေ့တွင် အတန်ကြာမျှ ရပ်နေကြသည်။ ယာကွတ်က ဖြူစင် ရက်ရောစွာ ပြုံးလိုက်ပြီး

“ကြည့်စမ်း၊ ဒီမျောက်ဆိုတဲ့ကောင်တွေဟာ လူတွေနဲ့ မတူဘူးလား၊ မျက်လုံးရော၊ မျက်နှာပေါက်၊ တော်တော်လည်း အသိဉာဏ်ရှိတဲ့ကောင်တွေ သိလား၊ ဟေ့ ခဏနေဦးဟေ့”

ယာကွတ်သည် တစုံတရာကိုမြင်သဖြင့် စကားဖြတ်လိုက်၏။ လူအုပ်ထဲသို့ ပျောက်သွားကာ ခဏအကြာတွင် မိန်းကလေးတယောက်နှင့် လူရွယ်တယောက်ကို ခေါ်လာသည်။

“မင်းတို့ တော်တော်ဆိုးတဲ့ကောင်တွေ၊ ဒီကိုမလာတော့ဘူးဆို၊ ဟောဒါက ငါနဲ့ညီအစ်ကိုဝမ်းကွဲ ကလင်းကော့တဲ့၊ ကိုယ်ပြောပြောနေတာလေ၊ ဟော ဒါက အော်လဂါ၊ ဟောဒါက အယ်လက္ကဇီတဲ့”

ကလင်းကော့က ဝတ်ကျောတမ်းကျေ ခေါင်းညိတ်ပြလိုက်ပြီးနောက် လက်ဆွဲနှုတ်ဆက်လိုက်သည်။

“ယာကွတ်ဆိုတဲ့ကောင် ငါ့ကို သူတို့ခွင်ထဲရောက်အောင် မျှားခေါ်ပြီး ငါ့ကို ဒုက္ခပေးတော့မယ် ထင်တယ်၊ ငါမြန်မြန်လစ်မှပဲ”ဟုတွေးနေသည်။

သို့ရာတွင် ကလင်းကော့က သူတို့အနားမှ မသွားချင်။ ကလင်းကော့သည် စိုးရိမ်တကြီးဖြင့် လူအုပ်ထဲကို မျက်လုံးကစားကြည့်သည်။ စုံထောက်ကို ရှာသည်။ သို့ရာတွင် တယောက်မျှ မတွေ့တော့။

“ဒီကောင်က ကိုယ်တို့လို အပေါင်းအသင်း သိပ်ရှိတဲ့ကောင်မဟုတ်ဘူး၊ တယောက်တည်း နေတတ် တဲ့ကောင်”

“ကျွန်မတို့က ခင်တတ်ပါတယ်၊ နောင်လည်း တွေ့ရင်ခေါ်ပါ”

အော်လဂါက ပြောသည်။ အော်လဂါက ကလင်းကော့ထက် အရပ် နည်းနည်းမြင့်သည်။ ဆံထုံး မြင့်မြင့်ထုံးထားသည့်အခါတွင် ပို၍ပင် မြင့်သယောင်ထင်ရ၏။ ရှည်သွယ်သည့်မျက်နှာပေါ်မှ ပြာလဲ့လဲ့မျက်လုံးများသည် ရွှန်းလက်နေကြ၏။

အင်္ကျီလက်တိုနှင့် လူရွယ်၏ မျက်နှာကလည်း သဘောကောင်းပုံရသည်။ မျက်လုံးများက ဖော်ရွေ သည်။ အမူအရာကလည်း အေးအေးဆေးဆေး။ လမ်းလျှောက်လျှင် သူ့တောင့်တင်းသည့် ခန္ဓာကိုယ် သည် တည်ငြိမ်သည်။

‘နေပါဦးကွ၊ ကိုယ်တို့ ဒီလိုပဲ တလျှောက်လျှောက် လုပ်နေကြမှာလား’ ဟု အသံသြသြဖြင့်မေးသည်။

“တနေရာရာမှာ ထိုင်မယ်လေကွာ”

အော်လဂါက ခေါင်းကိုစောင်း၍ ကလင်းကော့ကို လှမ်းကြည့်လိုက်ပြီး

“ရှင်ကော အရင်တုန်းက ဒီကိုရောက်ဖူးသလား”

“ဟင့်အင်း၊ ဒါပထမဆုံး အခေါက်ပဲ”

ကလင်းကော့သည် အော်လဂါဘေးကလျှောက်ရင်း သူ့ခြေဖျားကို ထောက်ကာ အရပ်မီအောင် ကြိုးစားကြည့်သည်။ ခြေဖျားထောက်၍ လမ်းလျှောက်ရသဖြင့် ကြာကြာမလျှောက်နိုင်။ ပျော်ပွဲစားရုံသို့ ပြန်လာကာ စားပွဲတလုံးတွင်ဝင်ထိုင်ပြီး ဘီယာမှာသောက်ကြသည်။ ယာကွတ်က လေချွန်လျက် ရပ်ပြီး အယ်လက္ကဇီက လေချွန်ကာ မျက်လုံးများကိုမှေးပြီး

လမ်းသွားလမ်းလာများကို ကြည့်နေသည်။

"ရှင့်မှာ သူငယ်ချင်းတွေ မရှိဘူးလား"

အော်လဂါက မေးသည်။

"ဟင့်အင်း၊ တယောက်မှမရှိဘူး"

"ကျွန်မ ထင်သားပဲ၊ ရှင့်ကြည့်ရတာကိုက တမျိုးထူးဆန်းနေတယ်၊ ကေန္တ ရှင်ဟာ အပေါင်းအဖော် မရှိတဲ့သူ ဖြစ်ရမယ်လို့ ကျွန်မ ထင်လိုက်သား။ အပေါင်းအဖော်မဲ့တဲ့လူတွေကို ကြည့်လိုက်ရင် သူတို့ လမ်းလျှောက်ပုံကိုက တမျိုးလေး၊ အသက်ကကော"

"၁၉ နှစ်ပြည့်တော့မယ်"

"ရှူး၊ ဟိုမှာမြင်လိုက်ရဲ့လား၊ စုံထောက်တယောက်"

အယ်လက္ကဇီက ပြောလိုက်သည်။

ကလင်းကော့သည် ထိုင်ရာမှ ရုတ်တရက်ထလိုက်၏။ သို့ရာတွင် ချက်ချင်း ပြန်ထိုင်လိုက်သည်။ သူ အထိတ်တလန့် ဖြစ်သွားသည်ကို အော်လဂါ ရိပ်မိသွားသလောဟု တွေးမိသဖြင့် အော်လဂါဘက်သို့ လှမ်းကြည့်လိုက်သည်။ မပြောနိုင်။ အော်လဂါသည် စုံထောက် မယ်နီကော့ကို စူးစိုက်ကြည့်နေ၏။ မယ်နီကော့သည် စားပွဲတွေကြားထဲက ခဲခဲယဉ်းယဉ်း ဖြတ်လျှောက်လာနေသည်။ လည်ကို စင်းထားပြီး မျက်လုံးများက မြေကြီးကို စိုက်ကြည့်လာသည်။ လက်မောင်းနှစ်ဖက်သည် ကိုယ်ခန္ဓာမှ ပြူတ်ထွက်နေသလို ဘေးနှစ်ဖက်တွင် တွဲလောင်းကျလျက်ရှိ၏။

"ကြည့်ရတာကိုက သခင်ယေရှုကိုသတ်ဖို့ မိုးမခပင်ရင်းကို လာနေတဲ့ ယုဒရဲ့ပုံမျိုး"

ယာကွတ်က ခပ်တိုးတိုးပြောသည်။

'ငနဲ အရက်မူးလာပုံရတယ်' အယ်လက္ကဇီက ပြောသည်။

'မဟုတ်ပါဘူး၊ ဒီလူက ဒီလိုပါပဲ' ဟူသောစကားများသည် ကလင်းကော့၏ နှုတ်ခမ်းဖျားသို့ ရောက်လာကြသည်။ သို့ရာတွင် ချက်ချင်း ချုပ်တည်းလိုက်ပြီး လက်ချောင်းများကို တဂျွတ်ဂျွတ် မြည်အောင် ချိုးနေသည်။ စုံထောက် မယ်နီကော့သည် လူအုပ်ကြားထဲသို့ အတင်းတိုးဝှေ့ဝင်သွားကာ ခဏကြာလျှင် အဝတ်အစား ရောင်စုံတောက်နေသည့် လူအုပ်ကြီးထဲတွင် ပျောက်ကွယ်သွားသည်။

"သူလမ်းလျှောက်ပုံ ရှင်မှတ်မိတယ်နော်"

အော်လဂါက မေးသည်။ ကလင်းကော့က ခေါင်းကိုမော့လိုက်ပြီး အော်လဂါကို စိုက်ကြည့်ရင်း သူ့စကားများကို နားစွင့်နေ၏။

"သူ့ကိုကြည့်ရတာ ခပ်မိုက်မိုက်ပဲ၊ ဒါပေမဲ့ အဖော်အပေါင်းရယ်လို့ ရှိပုံမရဘူး၊ တယောက်တည်း အပေါင်းအသင်းမရှိ နေရတာဟာ တော်ကို တန်တန် စိတ်နုတဲ့လူဆိုရင် ရူးတောင်သွားနိုင်တယ်"

"ဟုတ်တာပေါ့"

ကလင်းကော့က လေသံကလေးဖြင့်ပြောကာ အော်လဂါ၏မျက်နှာကို စိုက်ကြည့်နေသည်။

'ဒီငနဲကို လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက ကျွန်တော် သိနေတာ' ဟု အယ်လက္ကဇီက ပြောသည်။ သူ့မျက်နှာသည် ပို၍ရှည်လျားကာ ပိုပိန်လာသည် ထင်ရ၏။ သူ့အရိုးများသည် ထင်းထင်းကြီးပေါ်လာကြသည်။ သူ့မျက်လုံးများသည် ပြူးကျယ်လာကာ အဝေးသို့ ငေးစိုက် ကြည့်နေသည်။

"ဒီငနဲကြောင့်ပေါ့၊ ကျွန်တော်တို့ကို စာအုပ်တွေပေးတဲ့ ကျောင်းသားတယောက် အဆွဲခံရတာ၊ အလုပ်သမားတယောက်လည်း သူ့ကြောင့် ပါသွားတာ၊ ကျောင်းသားကတော့ ဆိုက်ဘေးရီးယား စခန်းကို အပို့ခံရတယ်၊ အလုပ်သမားကတော့ တနှစ်လောက် ထောင်ကျသွားတယ်၊ ထောင်က ထွက်ရော အူရောင်ငန်းဖျားဖြစ်ပြီး သေတော့တာပဲ"

"ရှင်ကော စုံထောက်တွေကို မကြောက်ဘူးလား"

အော်လဂါက ကလင်းကော့ကို မေးသည်။

"ဘာဖြစ်လို့ ကြောက်ရမှာလဲ"

ကလင်းကော့က ခပ်လေးလေးပြန်မေး၏။

"သိဘူးလေ၊ သူ့ကိုမြင်လိုက်တော့ ရှင့်ကိုကြည့်ရတာ လန့်သွားသလိုပဲ"

ကလင်းကော့က သူ့ကုပ်ကို လက်နှစ်ဖက်ဖြင့် အားရပါးရပွတ်ကာ အော်လဂါကိုမကြည့်ဘဲ

"ကျွန်တော်လည်း သူ့ကို စုံထောက်မှန်းသိနေလို့ပါ"

"ဩော်၊ ဒါကြောင့်လား"

အယ်လက္ကဇီက ပြုံး၍ ပြောလိုက်သည်

'မင်းဆိုတဲ့ ကောင်ကတော့ တော်တော်ခက်ဦးမယ့်ကောင်' ဟု ယာကွတ်က ပြောလိုက်သည်။

ကလင်းကော့သည် သူတို့တတွေ တအုံတသြဖြစ်ကြသည်ကိုလည်း နားမလည်။ သူ့ကို သနား ကရုဏာသက်ဟန်ဖြင့် ကြည့်နေကြခြင်းကိုလည်း သဘောမပေါက်။ သို့ရာတွင် မည်သို့မျှမပြောမိဘဲ တိတ်ဆိတ်လျက်ရှိ၏။ သူတို့တတွေနှင့် ယခုလိုနေရခြင်းကို ပျော်သည်။ ဤပျော်ရွှင်မှုကလေးကို ပျက်စီးစေမည့်စကားမျိုး သူ့ပါးစပ်က လွတ်ခနဲ ထွက်သွားမည်ကို စိုးရိမ်လျက်ရှိသည်။

နွေဦး၏ ညနေခင်းသည် ငြိမ်သက်စွာ လျှောကျလာသည်။ အသွေးအရောင်များ၊ အသံများသည် တဖြည်းဖြည်းဖြင့် မှိန်စပြုလာကြသည်။ နီရဲသည့်ကောင်းကင်တွင် နေလုံးကြီးဝင်စပြုပြီ။ စစ်တီးဝိုင်း က လွမ်းဆွတ်ဖွယ် သီချင်းတပုဒ်ကို တီးနေသည်။

"ကဲ ဘယ်လိုလဲ ပြန်ကြတော့မလား၊ နေကြဦးမလား"

အယ်လက္ကဇီက မေးလိုက်၏။ သူတို့အားလုံး အိမ်ထဲသို့ ပြန်ခဲ့ကြသည်။ လမ်းတွင် အော်လဂါက ကလင်းကော့ဘက်သို့လှည့်ပြီး

'ရှင်ကော ထောင်ထဲရောက်ဖူးဟင်' ဟုမေးသည်။

"အင်း၊ ခဏတော့ ရောက်ဖူးတယ်"

သူတို့ ခေတ်ရထားစီး၍ပြန်ခဲ့ကြသည်။ အပြာရောင်နံရံကပ် စက္ကူများ ကပ်ထားသည့် အခန်းကျဉ်း တခုထဲသို့ ရောက်လာကြသည်။ အခန်းက ကျဉ်းကျဉ်း။ လှောင်နေသည်။ ပျော်စရာလိုလို၊ စိတ်ညစ်စရာကောင်းသလိုလို။ အယ်လက္ကဇီက သူတခါမျှ မကြားဖူးသည့် သီချင်းများကိုဆို၍ ဂစ်တာတီးပြသည်။ ယာကွတ်ကမူ သူပြောချင်တာကို ပွင့်ပွင့်လင်းလင်း ပြောနေသည်။ လူချမ်းသာများကို ကျိန်ဆဲသည်။ အလုပ်ရှင်များကို လှောင်သည်။ ထို့နောက် သီချင်းတွေဆိုကာ အခန်းပတ်ပတ်လည်တွင် လျှောက်ကသည်။ သူ့ခြေဖနောက်သံသည် အခန်းထဲတွင် မြည်ဟည်း လျက်ရှိ၏။ အယ်လက္ကဇီက ဂစ်တာတီးရင်း ယာကွတ်ကိုအားပေးသည်။ အော်လဂါကမူ တည်ငြိမ်စွာ ပြုံး၍ကြည့်ရင်း ကလင်းကော့ကို လှည့်၍ စကားပြောနေသည်။

"ယာကွတ်က တကယ်အကကောင်းတယ်နော်"

ကလင်းကော့ တသက်တွင် တခါမျှ ကြည်နူးခြင်း မဖြစ်စဖူး၊ သူကိုယ်တိုင် ပျော်လာကာ သူတို့ ကကြ ခုန်ကြ ဆိုကြတီးကြသည်ကို ပြုံး၍ ကြည့်နေသည်။ သူ့ကိုယ်သူလည်း မေ့နေသည်။ တခါတခါသာ တစုံတရာသည် သူ့နှလုံးသားကို လာ၍ ဖျစ်ညှစ်ဆွဲဆုပ်နေသလို ခံစားရသည်။ အဘယ်ကြောင့် ဤသို့ဖြစ်သနည်းဟု စဉ်းစားမည်အလုပ်တွင် ထိုခံစားချက်သည် ပျောက်ကွယ်သွားတတ်သည်။

အိမ်သို့ပြန်ရောက်သည့်အခါတွင် မိမိအလုပ်သည် ဤသို့ပျော်ရွှင်နေကြသည့်လူများကို ပုလိပ်လက်သို့ အပ်ရမည့်အလုပ်ပါတကားဟု ကလင်းကော့ ပြန်စဉ်းစားမိတော့သည်။ ဤသို့ တွေးလိုက်မိသည်နှင့် သူ့တကိုယ်လုံးသည် အေးစက်သွားကာ အသက်ရှူရပ်သွားသည် ထင်လိုက်ရသည်။ ကလင်းကော့ သည် အခန်းအလယ်ကောင်တွင် ရပ်လိုက်သည်။ သူ့ဦးနှောက်သည် ထုံကျဉ်နေသည်။ အသက်ရှူ ကျပ်သဖြင့် ခြောက်သွေ့သည့် နှုတ်ခမ်းများကို လျှာဖြင့် လျက်လိုက်သည်။ အဝတ်အစားများကို ချွတ်ပြီးနောက် အောက်ခံအဝတ်အစားများဖြင့် ပြတင်းပေါက်အနီးတွင်ထိုင်လိုက်သည်။ ကိုယ်တပိုင်း သေနေသူကဲ့သို့ အတန်ကြာမျှ မလှုပ်မရှား ထိုင်နေသည်။

"မဖြစ်ဘူး၊ သူတို့ကို ဖွင့်ပြောလိုက်တော့မယ်၊ အော်လဂါကို ဖွင့်ပြောလိုက်တော့မယ်"

သို့ရာတွင် သူ့ကို 'အလကားလူ' ဟု ခေါ်လိုက်သည့် ဗိုမင်၏အသံကို ကြားယောင်လာသည်။ ကလင်းကော့သည် ခေါင်းကိုယမ်းကာ ထိုအကြံအစည်ကို စွန့်လွှတ်လိုက်သည်။

"အော်လဂါဆီကိုတော့ စာရေးလိုက်မယ်လေ၊ သတိထားဖို့အကြောင်းလောက်တော့ ရေးလိုက်မယ်၊ ငါ့အကြောင်းကိုလည်း သူ့ကိုတော့ ဖွင့်ပြောလိုက်မယ်"

ဤသို့တွေးလိုက်သည့်အခါတွင် သူ့ကိုယ်သည် ပေါ့ပါးသွားသည်ဟု ထင်လိုက်ရ၏။ တဖန် အတွေး တခု နောက်ထပ်ပေါ်လာပြန်သည်။

"မဖြစ်သေးပါဘူး၊ တော်တော်ကြာ သူတို့နေတဲ့နေရာတွေကို တက်ရှာလို့ ငါရေးတဲ့စာကိုမိသွားရင် ငါပဲ ဒုက္ခရောက်လိမ့်မယ်၊ စုံထောက်ဘက်က ငါ့လက်ရေးကို ကောင်းကောင်းသိနေတာ"

ကလင်းကော့သည် နောက်တနေ့ မိုးထိန်ထိန်လင်းသည်အထိ ပြတင်းပေါက်တွင် ထိုင်နေသည်။ သူ့ခန္ဓာကိုယ်သည် လေဖောက်ထားသည့် ဘောလုံးပြားချပ် ပိန်ရှုံ့သွားသည်ဟု ထင်ရ၏။ သူ့စိတ် သည် ယောက်ယက်ခတ်လျက်ရှိ၏။ အပြင်လောကကြီးသည် သူ့အပေါ်သို့ ပိကျလာကာ

သူ့ကို စောင့်ဆိုင်းနေသည့် မျက်နှာများဖြင့် ပြည့်နှက်နေသည်ဟု ထင်ရ၏။ ရှာရှာ၏ ကျက်သရေကင်းသည့် မျက်နှာကြီးသည် တနေရာမှ ဘွားခနဲ ပေါ်လာကာ သူ့ခေါင်းပေါ်တွင် ဘောလုံးရဲရဲကြီးတလုံးပမာ ချိတ်ဆွဲနေသည်ဟု ထင်ရသည်။ ကလင်းကော့သည် အားတင်းကာ သူ့ကိုယ်ထဲတွင် သူပြန်၍ ပုန်းကွယ်ရန် ကြိုးစားသည်။ နောက်ဆုံး ထိုင်ရာမှထကာ အိပ်ရာဆီသို့ ခြေဖျားထောက်၍ လာခဲ့သည်။ ထို့နောက် စောင်ကို ခေါင်းမြီးခြုံ၍ အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်လေသည်။

ကြာရှည်မခိုင်းဘဲထားသည့် မြင်းတကောင်လိုဘဝသည် အမျိုးမျိုး အပြောင်းအလဲ မြန်တတ်သည်။ မြင်းဇက်ကို ရက်ရက်စက်စက် ချုပ်ကိုင်တတ်သော သခင်၏အမိန့်ကို မနာခံဘဲ အာခံသကဲ့သို့ ဘဝသည်လည်း အာခံတတ်သည်။

ညနေတိုင်လျှင် လုံခြုံရေးဌာနတွင် လာစုကြသည့် စုံထောက်များသည် လူထုများကြားတွင် မငြိမ်မသက်ဖြစ်နေသည့် လက္ခဏာချက်များ တွေ့ရကြောင်းကို အထိတ်တလန့် ပြောဆိုကြသည်။ ကျေးလက်တွင် လယ်သမားများက လျှို့ဝှက်အသင်းများဖွဲ့ကာ မြေရှင်များ၏ မြေများကို သိမ်းယူ လျက် ရှိကြောင်း သတင်းများကိုပြောကြသည်။ အစိုးရကို ပြောင်ပြောင်တင်းတင်း ဝေဖန်လာကြသည့် အလုပ်သမား အစည်းအဝေးများအကြောင်းကို ပြောကြသည်။ တနေ့တခြား အင်အား ကောင်းလာသော တော်လှန်ရေးသမားများ၏ အကြောင်းကို ပြောပြကြသည်။ သူတို့ဌာနအကြီးအကဲ ဖိလစ်ကလည်း စုံထောက်များကို မကြာခဏ ကြိမ်းမောင်းသည်။ အလုပ်လုပ်သည့်နေရာတွင် ပေါ့တီးပေါ့ဆလုပ်သည်ဟု မာန်မဲသည်။ ယာနိုဂါစကီက နှုတ်ခမ်းတပျတ်ပျတ်လျက်ကာ အမိရုရှား ပြည်ကြီးကို မှိုင်းမရန် ဘုရား သခင်ထံ ဆုတောင်းသည်။

'တကယ်အရေးပေါ်လာရင် ကျွန်တော်တို့ ဘာလုပ်ကြရမှာလဲ' ဟု ကာရာဆာဗင်က မေးသည့်အခါ တွင် သူလည်း မည်သို့မျှမဖြေတတ်။ လက်ကိုသာ စိတ်ပျက်လက်ပျက်ဖြင့် ယမ်းပြတတ်သည်။

'ဖမ်းပေါ့ကွ၊ အကုန်ဖမ်းပစ်ပေါ့' ဟု နောက်ဆုံးတွင် စိတ်ဆိုးမာန်ဆိုး ဖြင့်အော်သည်။

အဝတ်အစားကို စတိုင်ကျကျ ဝတ်တတ်သည့် စုံထောက်လီယွန်တိတ်သည် ချောင်းတဟွပ်ဟွပ် ဆိုးနေသည်။ ရှာရှာက 'အရင်တုန်းက နည်းဟောင်းတွေနဲ့ လုပ်လို့မရတော့ဘူး၊ အခြေအနေတွေ ပြောင်းကုန်ပြီ' ဟု စိတ်ပျက်လက်ပျက်ဖြင့် ညည်းတတ်သည်။

'မီးလောင်နေတာကို တံတွေးနဲ့ထွေး ငြိမ်းနေလို့ မရတော့ဘူးဗျ' ဟု ပြောတတ်သည်။

မဲ့ပြုံးကြောင့် နဂိုကရုပ်ဆိုးသည့် သူ့မျက်နှာသည် ပို၍ကျက်သရေကင်းမဲ့နေသည်။

သူတို့အားလုံး တုန်လှုပ်ချောက်ချားနေကြသည်။ သူတို့ရုံးခန်းသည် အော်ဟစ်သံ၊ တိုင်တန်းသံများ ဖြင့် ဆူညံနေတတ်သည်။ ရှာရှာက ခြေတံရှည်ကြီးကိုဆွဲ၍ လျှောက်ရင်း 'တို့လူတွေလုပ်နေတဲ့ပုံနဲ့ ဆိုရင်တော့ တော်လှန်ရေးသမားဆိုတဲ့ကောင်တွေက အသာစီးရသွားတော့မှာပဲ' ဟုပြောတတ်သည်။

တမြို့လုံး စုံထောက်တွေပြည့်နေသည်။ လမ်းတကာတွင် ခြေရာချင်းထပ်နေကြသည်။ ညနေ တိုင်လျှင် သူတို့ စုံစမ်းရခဲ့သမျှကို ရှည်လျားစွာ အစီရင်ခံကြရသည်'ခုချိန်မှာတော့ ဒါလောက်ပဲ လုပ်ရတော့မှာပဲ' ဟု တယောက်ကိုတယောက် မကျေနပ်သံဖြင့် ပြောကြသည်။

သို့ရာတွင် တပြည်လုံး အတိုင်းအတာဆောင်သည့် အုံကြွမှုကြီးကို မည်သို့တားဆီးရမှန်း မည်သူမျှ မသိကြ။ ပြိုရ်တာက လက်ချောင်းများဖြင့် စားပွဲကို ခေါက်ရင်း

"သူတို့တက်လာရင် ကျုပ်တို့ကို ကတ္တီပါလက်အိတ်နဲ့ လက်ဆွဲနှုတ်ဆက်မှာ မဟုတ်ဘူးနော်" ဟု ဆိုသည်။

"အသက်မသေဘဲ ကျန်ရင်လည်း ကျုပ်တို့ကို ဒီဌာနမှာ ဘယ်ထားတော့မလဲဗျ၊ ပင်စင်ကလေး ဘာလေးပေးပြီး ဖြုတ်ရင် ကံကောင်းပေါ့၊ ဒါပေမဲ့ ပင်စင်လစာတောင် ပေးမယ့်ကောင်တွေ မဟုတ်ပါ ဘူး"

"ပင်စင်တော့ မရဘူး၊ ကြိုးကွင်းပဲပေးမှာ"

မယ်နီကော့က ခပ်မှုန်မှုန်ပြောလိုက်သည်။

တခါက အလွန်ကြောက်စရာကောင်းသည်ဟု သူထင်ခဲ့သည့်သူများ၊ အလွန်တန်ခိုးအာဏာကြီးသည် ဟု ထင်ခဲ့သောသူများသည် ယခုချိန်တွင် သစ်ရွက်ခြောက်တွေလို လမ်းမပေါ်တွင် လွင့်ပါးနေကြရပြီ။

သို့ရာတွင် ရိုးသား၍ ယုံကြည်ချက်ပြင်းပြသည့် တခြားသူများ ရှိသေးသည်ကို ကလင်းကော့ အံ့သြစွာ တွေ့ရသည်။ ထိုသူများသည် သူတို့လုပ်စရာရှိသည်များကို ရဲရဲရင့်ရင့် လုပ်ကြသည်။ ရှေ့သို့ ချီတက် ကြသည်။ အတားအဆီးများကို ကျော်လွှားကြသည်။ ထိုလူများနှင့် စုံထောက်များကို သူယှဉ်၍ စဉ်းစားကြည့်သည်။ လူတွေနောက်သို့ နောက်ယောင်ခံလိုက်ပြီး ညတွင် ဝင်ဖမ်းပြီး လူတွေကို ထောင်ထဲသို့ ဆွဲသွင်းရန် လမ်းမတကာ လျှောက်နေကြသည့် စုံထောက်များနှင့် လူထုများကို သူနှိုင်းယှဉ် စဉ်းစားကြည့်မိသည်။ ထိုအခါ၌ စုံထောက်များသည် သူတို့ မယုံကြည်သောအရာကို လုပ်နေကြသူဖြစ်ကြောင်း

ထင်ထင်ရှားရှားကြီး ပေါ်လာလေသည်။

ကလင်းကော့သည် အော်လင်ဂါကို သဘောကျသည်။ လူထုများကို အော်လင်ဂါ ချစ်တတ်ပုံ၊ ယုံကြည်ပုံ တို့ကို ကလင်းကော့ သဘောကျသည်။ ခပ်မြူးမြူး ခပ်ရွှင်ရွှင် စကားပြောတတ်ပြီး သတ္တိကောင်း သည့် ယာကွတ်ကို သူသဘောကျသည်။ ပျော်ပျော်နေတတ်၍ သူဝတ်နေသည့်အင်္ကျီကို လာတောင်း လျှင် အလွယ်တကူ ချွတ်ပေးတတ်သည့် အယ်လက္ကဇီကို နှစ်သက်သည်။ မိမိတို့အောင်ပွဲခံရမည်ဟု အလေးအနက် ယုံကြည်ပြီး မိမိတို့ယုံကြည်ချက်အတွက် အရာရာကို ပုံအပ်ထားကြသည့် လူသစ်များ ကိုလည်း ကလင်းကော့ တွေ့ခဲ့ရသည်။

ကလင်းကော့သည် သူ တခါက ထိုတန်ခိုးအာဏာစက်ကြီးကို ရိုသေကျိုးနွံစွာ အလုပ်အကျွေး ပြုခဲ့ သည်။ ယခု သူအလုပ်အကျွေးပြုခဲ့သည့် တန်ခိုးအာဏာစက်ကြီးသည် လျင်မြန်စွာ ယိမ်းယိုင်ပြိုလဲ ကျနေပြီ။ ကလင်းကော့သည် သူ့မိတ်ဆွေများကို သစ္စာမဖောက်ချင်။ ထို့ကြောင့် သစ္စာမဖောက်နိုင် မည့် နည်းလမ်းများကို သူ စဉ်းစားကြည့်သည်။

"ငါ သူတို့ဆီ ဆက်သွားနေရရင် သူတို့အကြောင်းတွေကို အစီရင်ခံရတော့မယ်၊ တခြား တယောက်ယောက်ကို လွှတ်ပေးလိုက်ရမလား၊ ဒီလိုဆိုရင် ပိုဆိုးနေလိမ့်မယ်ထင်တယ်၊ ငါ သူတို့ကို ဖွင့်ပြောလိုက်မှပဲထင်တယ်၊ ခုဆိုရင် သူတို့က တနေ့တခြား အင်အားကောင်းလာပြီ၊ သူတို့ဘက် ကူးသွားရမလား"

ကလင်းကော့သည် သူတို့တသိုက်ထံ မသွားဘဲ မနေနိုင်။ ထို့ကြောင့် သူတို့ဆီသို့ မကြာခဏ သွားသည်။ အော်လင်ဂါနှင့် မကြာမကြာ တွေ့၍ စကားပြောသည်။ တွေ့တိုင်းလည်း သူတို့အကြောင်း ကို ရှာရှာထံ လျှို့ဝှက်၍ အစီရင်ခံသည်။ သူတို့လုပ်မည့် လုပ်ငန်းများအကြောင်းကို သူ စုံစမ်း၍ ရသလောက် ပြောပြသည်။ သူတို့အကြောင်း ပြောရသည်ကို သူသဘောကျသည်။ စိတ်ထဲက တိတ်တဆိတ် ကျေနပ်နေသည်။

ရှာရှာက မှုန်မွဲသောမျက်လုံးများဖြင့် ကလင်းကော့ကို လှောင်ကြည့်ကြည့်လိုက်ပြီး

"မင်းဆိုတဲ့ကောင်ဟာ တော်တော်ထုံတဲ့ကောင်ပဲ၊ သူတို့ကို ကွိခနဲ မိအောင် ကိုယ့်ဘာသာ ကျုံးသွင်း ယူပေါ့ကွ၊ ဥပမာ သူတို့လိုချင်တဲ့ ခဲစာလုံးကို မင်း ရအောင် ရှာပေးနိုင်တဲ့သဘောမျိုးကို အရိပ်အမြွက် ပြတတ်ရမယ်၊ တော်တော်တုံးတဲ့ကောင်"

"ကျုပ်မှာမှ ခဲစာလုံးမရှိဘဲ၊ ဘယ့်နှယ်လုပ်ပြောမလဲ"

"ရှုပ်မနေနဲ့၊ မနက်ဖြန်ကျရင် ပြောလိုက်၊ ခင်ဗျားတို့လိုချင်တဲ့ ခဲစာလုံး ကျုပ်ရှာပေးမယ်လို့ ပြောလိုက်"

ရှာရှာပြောသည့်အတိုင်း လုပ်ဖို့ကလွယ်သည်။ ယာကွတ်နှင့် အော်လဂါ နှစ်ယောက်စလုံးက ခဲစာလုံး လိုချင်သည်ဟု သူ့ကို မကြာခဏ ပြောဖူးသည်။ သူတို့ပြောတိုင်း သူက မရေမရာလုပ်၍ ရှောင်နေခဲ့ သည်။

နောက်တနေ့ညနေတွင် ကလင်းကော့သည် အော်လဂါထံ လာခဲ့သည်။ တုန်လှုပ်ချောက်ချားသည့် အခါတွင် ဖြစ်တတ်သည့်အတိုင်း သူ့ရင်သည် ဟာလျက်ရှိ၏။ သူ့အလုပ်ကိုလုပ်ဖို့ ဆုံးဖြတ်ချက်သည် သူ ချမှတ်ခြင်းမဟုတ်။ သူ့ကိုယ်ထဲတွင်ရှိသည့် တခြား တစုံတယောက်က ချမှတ်ခြင်းသာဖြစ်သည်။ ထို့ကြောင့် ထိုအကြောင်းကို ကလင်းကော့ မတွေးတော့။ ထိုဆုံးဖြတ်ချက်သည် သူ့ကိုယ်ထဲတွင် ပျံ့နှံ့လာကာ ကြောက်စိတ်၊ သနားစိတ်၊ မရွံ့မရဲစိတ် အားလုံးကို လွှမ်းခြုံဖုံးအုပ်သွား၏။

သို့ရာတွင် အော်လဂါဆီသို့ရောက်၍ မှုန်ဝါးသည့် အလင်းရောင်အောက်တွင် မားမားကြီးရပ်နေသည့် အော်လဂါကို တွေ့လိုက်ရသည့်အခါတွင်မူ ကလင်းကော့၏သတ္တိတို့သည် ပျောက်လွင့်ကုန်ကြသည်။ ကလင်းကော့သည် ဝေခွဲမရဖြစ်လာသည်။ စကားမပြောနိုင်ဘဲ တံခါးဝတွင် ငူငူကြီး ရပ်နေမိသည်။

"ဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

အော်လဂါက မေးသည်မီးအိမ်မှ မီးစာကို မြှင့်လိုက်ပြီးနောက် လက်ဖက်ရည်တခွက် ငှဲ့ပေးသည်။

"ရှင့်ကိုကြည့်ရတာ တော်တော်နေမကောင်းနေတဲ့ပုံပဲ"

ကလင်းကော့က သူ့အလုပ်ကိုလုပ်ရန် ချက်ချင်း ပိုင်းဖြတ်လိုက်သည်။

"ခဲစာလုံး လိုချင်တယ်ဆို"

"လိုတာပေါ့၊ ရှင့်ဆီကရမယ်ဆိုတာ ကျွန်မ သိသားပဲ"

သူက ရိုးရိုးပြောလိုက်ခြင်းဖြစ်သော်လည်း ထိုစကားလုံးများသည် ကလင်းကော့ကို အရိုက်ထိုးလိုက် သကဲ့သို့ ဖြစ်သွား၏။ ကလင်းကော့က တအံ့တသြဖြင့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး

"ဘာဖြစ်လို့ ထင်တာလဲ"

"ကျွန်မမေးတုန်းက ရှင်က ရမယ်လည်းမပြောဘူး၊ မရဘူးလို့လည်း

မပြောဘူးမဟုတ်လား၊ ဒီတော့ ရမယ်လို့ပဲ ကျွန်မ တွက်လိုက်တာပေါ့”

ကလင်းကော့သည် နားမလည်နိုင်အောင်ဖြစ်နေသည်။ သူ့မျက်နှာကို မကြည့်ဘဲ မျက်လုံးများကို တခြားသို့ လွှဲထားလိုက်ကာ

“ဘာဖြစ်လို့ တွက်တာလဲ”

“ရှင်က ပေါ့ပေါ့ဆဆ လူစားမျိုးမှမဟုတ်ဘဲ၊ ဒီတော့ ကျွန်မတို့ ရှင့်ကို ယုံတာပေါ့”

“ဘယ်သူ့ကိုမှမယုံရင် ကောင်းမယ်”

“မဟုတ်တာဘဲ၊ ရှင့်ကိုတော့ ကျွန်မတို့ ယုံတာပေါ့”

“အယုံမှားသွားပြီဆိုရင်ကော”

အော်လဂါက ပခုံးကိုတွန့်လိုက်သည်။

“သူ့အကြောင်းကို မသိသေးဘဲနဲ့ လူတယောက်ကိုမယုံဘူး၊ အဲဒီလူ လူလိမ်လူကောက်လို့ ဘယ်လိုလုပ်ပြီး ပြောနိုင်မလဲ”

“ကောင်းပြီလေ၊ ကျွန်တော် ခဲစာလုံးရှာပေးမယ်”

ကလင်းကော့က သက်ပြင်းချလိုက်သည်။ သူ့လုပ်ငန်းပြီးပြီ၊ သူသည် မိနစ်အတန်ကြာသည်အထိ မလှုပ်မယှက် ထိုင်နေသည်။ ခေါင်းကငုံ့လျက်။ လက်နှစ်ဖက်ကို ဒူးပေါ်တွင်တင်လျက်။ အော်လဂါ၏ စကားများကို နားထောင်နေသည်။

အော်လဂါက လက်နှစ်ဖက်ကို စားပွဲပေါ်တင်ထားရင်း ခဲစာလုံးများ မည်သည့်နေရာ၊ မည်သည့် အချိန်တွင် ရမည်ကို မေးနေသည်။ ကလင်းကော့သည် သူ့လုပ်ငန်းပြီးပြီဖြစ်သည့်အတွက် သူ့ရင်ထဲ တွင် ပျို့အန်ချင်သလို ဖြစ်နေသည်။ သူ့ရင်ထဲတွင် အက်ကြောင်းကြီးတခုသည် နက်ရှိုင်းစွာ ပေါ်ပေါက်လာခဲ့ကာ စိတ်ပိုပင်ပန်းခြင်း ဖြစ်စေသည်။

“လူတွေဟာ တယောက်နဲ့တယောက် ပိုရင်းနှီးပြီး၊ ပိုနားလည်လာကြတယ်၊ အရင်တုန်းကဆိုရင် တယောက်နဲ့တယောက် နားလည်ဖို့ဆိုတာ နှစ်ရှည်လများ ပေါင်းသင်းကြရတယ်၊ ခု ဒီလိုမဟုတ် တော့ဘူး၊ အချိန်တိုတိုကလေးအတွင်းမှာပဲ ရင်းနှီးလာခဲ့ကြတယ်။ မိတ်ဆွေတွေကို အမြဲတွေ့နေရ တယ်၊ တယောက်နဲ့တယောက် ပိုပြီး စိတ်ချလာကြပြီး ပိုပြီး ရဲလာကြတယ်”

အော်လဂါက ခပ်တိုးတိုးပြောနေသည်။ သူ့အသံသည် တိုးတိတ်ညင်သာသည်။ သူ့စကားလုံးများ သည်ပင် ပြုံးယောင်သန်းနေသည်ဟု ထင်ရ၏။ ကလင်းကော့သည် အော်လဂါကို မကြည့်ရဲသဖြင့် နံရံပေါ်တွင် ယိမ်းထိုးလှုပ်ရှားနေသော အော်လဂါ၏အရိပ်ကို ကြည့်နေသည်။ ထိုအရိပ်ထဲတွင် အော်လဂါ၏ ပြာလွဲ့လွဲ့မျက်လုံးများ၊ သေးငယ်သည့်ပါးစပ်နှင့် ပါးလျားဖျော့တော့သည့် နှုတ်ခမ်းများ ကို အရုပ်ရေးကြည့်နေသည်။

'ငါ သူတို့ကိုဖွင့်ပြောလိုက်ရမလား၊ ခဲစာလုံး ဝယ်ပေးမယ်ဆိုတာ သူတို့ကို ထောင်တဲ့ ထောင်ချောက် ဆိုတာ ဖွင့်ပြောလိုက်ရမလား' ဟု သူ့ဘာသာ စဉ်းစားနေသည်။ 'မလုပ်နဲ့၊ ဖွင့်မပြောလိုက်နဲ့၊ တော်တော်ကြာ မင်းကိုနှင် ထုတ်လိုက်လိမ့်မယ်၊ မင်းကို မောင်းထုတ်လိုက်လိမ့်မယ်' ဟု သူ့ကိုယ်သူ သတိပြန်ပေးသည်။

"လက်သမားလုပ်တဲ့ ဇီမင်ဆိုတဲ့သူကို သိလား"

ကလင်းကော့ ရုတ်တရက်မေးလိုက်သည်။

"ဟင့်အင်း မသိပါဘူး၊ ဘာဖြစ်လို့လဲ"

ကလင်းကော့က သက်ပြင်းကို လေးလေးကြီးချလိုက်သည်။

"ဘာဖြစ်လို့မှ မဟုတ်ပါဘူး၊ ဒီလူက လူကောင်းတယောက်ပဲ၊ ဆိုရှယ်လစ်လို့လည်း ပြောတယ်"

"ဇီမင်ကိုသိတယ်ဆိုရင် သူ့ကို တဖက်လှည့်နဲ့ ငါ့အကြောင်းကို အမေးခိုင်းရရင် အကောင်းသား၊ အေးလေ မသိတာဘဲ ကောင်းပါတယ်"

သူထိုင်နေသည့် ကုလားထိုင်သည် တဖြည်းဖြည်း နိမ့်ဆင်းသွားသည် ထင်ရ၏။ ပျို့အန်ချင်နေသည့် အလုံးကြီးသည် ရင်ထဲမှ လည်ပင်းသို့ ရောက်လာသည်ထင်ရ၏။ ကလင်းကော့သည် ချောင်းတချက် ဆိုးလိုက်ပြီး အခန်းကလေး ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်သည်။ ဖြူစင်သန့်ရှင်းသည့် သူ့နှလုံးသားသည် ညစ်ထေးစပြုလာ၏။ ယာကွတ်၏မျက်နှာလို ဝိုင်းစက်နေသည့် လဝန်းသည် ပြတင်းပေါက်တွင် ပြူစီထိုး၍ပေါ်လာသည်။ အခန်းထဲမှ မီးရောင် လရောင်အောက်တွင် ဖြူရော်သွား ကာ အသုံးမဝင် ဖြစ်သွားသည်။

"မီးခွက်ကို ငြိမ်းပစ်လိုက်ပြီး သူ့ရှေ့မှောက်မှာ ငါဒူးထောက်တောင်းပန်မယ်၊ သူ့ကိုဖက်ပြီး တောင်းပန်မယ်၊ ငါ့အကြောင်းတွေကိုလည်း အကုန်လုံး ဖွင့်ပြောလိုက်တော့မယ်၊ ဒါပေမဲ့ ဒီလို ဖွင့်ပြောလိုက်ရင် ငါ့ကိုများ မောင်းထုတ်ပစ်မလား မသိဘူး"

ကလင်းကော့သည် ကုလားထိုင်မှ လေးလံစွာ ထပြီးနောက် မီးအိမ်ကို ငြိမ်းလိုက်သည်။ သူ့လက်များ သည် အောက်သို့တွဲလောင်းကျကာ သူ့ဒူးများသည် တဆတ်ဆတ် တုန်နေကြသည်။ သူ့ကိုယ်သည် နတ်ပူးသည့်နှယ် ယိမ်းယိုင်နေသည်။

"ဘာလုပ်နေတာလဲဟင်"

အော်လဂါက မေး၏။

ကလင်းကော့သည် စကားပြောရန် ကြိုးစားကြည့်သည်။ သို့ရာတွင် စကားလုံးများ ထွက်မလာ။ သူ့လည်ချောင်းမှ ချွဲသံများသာ ထွက်လာကြ၏။ သူသည် ဒူးထောက်ထိုင်လိုက်၏။ တုန်ယင်သော လက်များဖြင့် အော်လဂါ၏ဝတ်စုံကို ကိုင်လိုက်သည်။ အော်လဂါက ပူနွေးသည့်လက်များဖြင့် သူ့ နဖူးကို စမ်းကြည့်သည်။ လက်တဖက်ဖြင့် သူ့ပခုံးကို တွန်းထားသည်။

"အို ဘယ်လိုလုပ်တာလဲ၊ ထလေ၊ သိပ်စိတ်ညစ်စရာကောင်းတာပဲ၊ မလုပ်ပါနဲ့ရှင်၊ မကောင်းပါဘူး၊ ထပါ၊ ရှင့်ကို ကျွန်မ နားလည်ပါတယ်၊ သနားလည်း သနားပါတယ်၊ ဒါပေမဲ့ မလုပ်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်၊ ဒီလိုမလုပ်ပါနဲ့"

အော်လဂါ၏ ပူနွေးသည့်ကိုယ်အငွေ့ကြောင့် သူ့စိတ်သည် ဆူဝေစပြုလာ၏။ သူ့ပခုံးကို အော်လဂါ က တွန်းထားခြင်းသည် သူ့ကို ချော့မြှူယုယနေသည်ဟု ထင်မိ၏။

'သူလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ' ဟုတွေးမိသဖြင့် ပို၍ အားတက်လာကာ အော်လဂါ၏ ဒူးကို ပို၍ တင်းကျပ်စွာ ဖက်ထားလိုက်သည်။

"ထပါလို့ ကျွန်မ ပြောနေတယ်လေ"

အသံက အမိန့်သံပါနေသည်။ စောစောတုန်းကလို တောင်းပန် တိုးလျှိုးသည့်အသံမျိုး မဟုတ်တော့။

ကလင်းကော့သည် ဘာကိုမျှ မပြောနိုင်တော့ဘဲ မတ်တတ်ထလိုက်သည်။ အော်လဂါ၏အပြုအမူ သည် သူ့ကို နားမလည်နိုင်အောင်ဖြစ်၏။ ကလင်းကော့က လက်နှစ်ဖက်ကိုဖြန့်ကာ

"ကျွန်တော့်ကို နားလည်စေချင်တယ်"

"နားလည်ပါတယ်၊ ကျွန်မ ကောင်းကောင်းနားလည်ပါတယ်၊ ကျွန်မ ဒါမျိုးတွေ စိတ်မဝင်စားချင်ဘူး၊ ကျွန်မ ရှင့်အဖို့ သာမန်မိန်းမတယောက် မဖြစ်ချင်ဘူး၊ ကျွန်မ ရှင့်ကိုသနားတယ်"

အော်လင်ဂါသည် သူ့မျက်နှာကို ငုံ့ကြည့်နေသည်။

သူသည် ပြတင်းပေါက်နားသို့သွား၍ ရပ်လိုက်သည်။ သူတို့နှစ်ယောက်ကြားတွင် စားပွဲခြားနေသည်။ ကလင်းကော့၏စိတ်သည် ရှုပ်ပွေလျက်ရှိ၏။ ကမ်းစပ်ကို လှိုင်းလုံးကြီးတွေ တိုက်စားနေသလို အရက်သည် သူ့တကိုယ်လုံးကို လှိုက်စားလျက်ရှိ၏။

"ကျွန်မဆီကို နောက်ထပ်မလာပါနဲ့တော့၊ ဆက်လာနေရင် ရှင်ရော ကျွန်မရော နေရထိုင်ရ ခက်နေ လိမ့်မယ်"

ကလင်းကော့သည် သူ့ဦးထုပ်ကို ကောက်ဆောင်းလိုက်ပြီး ကုတ်အင်္ကျီကို ပခုံးပေါ်သို့ တင်လိုက်ပြီး နောက် ခေါင်းငိုက်စိုက်ချ၍ ထွက်လာခဲ့သည်။ မိနစ်အတန်ကြာသောအခါတွင် သူသည် အိမ်တအိမ် အပေါက်ဝက အုတ်ခုံတခုတွင်ဝင်ထိုင်ရင်း 'အလကားကောင်မ၊ အပျက်မ' ဟု စိတ်ထဲမှကျိန်ဆဲသည်။ စဉ်းစား၍ရသမျှ ရက်စရာအကောင်းဆုံး စကားလုံးများကို ရွေးထုတ်ကာ အော်လင်ဂါကိုယ်ပေါ်သို့ သွန်ချသည်။ သူ့ခန္ဓာကိုယ်ကို ညစ်နွမ်းအောင် လုပ်ပစ်လိုက်ချင်သည်။ သူ့ကို ဦးခေါင်းမှ ခြေဖျားတိုင် မည်းနက်သွားအောင် လုပ်ပစ်လိုက်ချင်သည်။ ကလင်းကော့သည် သူ့ကိုယ်သူ ဒေါသထွက်အောင် ကြိုးစားရင်း ဆဲရေးတိုင်းထွာသည့် စကားလုံးများကို ပါးစပ်က ထွက်ပစ်လိုက်ချင်သည်။ သို့ရာတွင် ဒေါသသည် မည်သည့်နေရာတွင် ပုန်းနေသည်မသိ။ ဒေါသအစား အရက်သာ ပေါ်လာသည်။

သူသည် ဝိုင်းစက်သည့် လမင်းကြီးကို အတန်ကြာအောင် မော့ကြည့်နေမိသည်။ လမင်းကြီးသည် ဖြူဖွေးသည့် ရော်ဘာဘောလုံးကြီးတလုံးလို ကောင်းကင်တွင် တိတ်ဆိတ်စွာ ခုန်နေသည်ဟု ထင်ရ၏။ သူ့အသည်းနှလုံးခုန်သံကို ကြားရသကဲ့သို့ လမင်းကြီး၏ ခုန်သံကို သဲ့သဲ့ ကြားနေရသည် ဟု ထင်မိ၏။ ဖျော့တော့သည့် လဝိုင်းဝိုင်းကြီးသည် သူ ဒုက္ခရောက်တိုင်း ဤသို့ အေးစက်စက် ကြည့်ခဲ့ဖူးပေါင်း များလှပြီ။ ထို့ကြောင့် လမင်းကို သူသဘောမကျချင်တော့။ ညည့်နက်လှပြီ။ တမြို့လုံး မအိပ်ကြသေး။ မြို့၏ အသံဗလံများသည် ညလေထဲတွင် မျောပါလာကြသည်။

'အရင်တုန်းကဆိုရင် ဒီအချိန်မှာ တိတ်နေပြီ' ကလင်းကော့သည် ဤသို့တွေးကာ ထိုင်ရာမှထ၏။ ထို့နောက် အိမ်ဘက်သို့ လျှောက်လာခဲ့သည်။ လက်များကို အင်္ကျီလက်ထဲသို့ပင် မသွင်းမိ။ သူ့ဦးထုပ် သည် နောက်စေ့ပေါ်သို့ လန်ကျနေသည်။

"အေးကွာ၊ ကြည့်ကြသေးတာပေါ့၊ သင်းတို့အားလုံးကို ဖမ်းခိုင်းလိုက်မယ်၊ ငါလည်း မြို့ကို ပြောင်းပေးဖို့ ပြောတော့မယ်"

ကလင်းကော့သည် ခဲစာလုံးများကို သုံးရစ်ခွဲ၍ အယ်လက္ကဇီထံ ပေးလိုက်သည်။ သူတို့ ပုံနှိပ်တိုက် ထောင်မည့်နေရာကိုလည်း ရအောင် စုံစမ်းသည်။ ရှာရှာက သူ့ကို လူပုံလယ်တွင်ထုတ်၍ ချီးမွမ်း၏။

“တော်တယ်ဟေ့၊ မင်းကိုဆုချရမယ်”

သူချီးမွမ်းသည်ကို ကလင်းကော့ ဂရုမစိုက်နိုင်။ ရှာရှာထွက်သွားသည့်အခါတွင်မှ ရုတ်တရက် မျက်နှာညှိုးကျသွားသည့် စုံထောက် မာလာကော့ကို သူမြင်တော့သည်။ မာလာကော့သည် အခန်းထောင့်က ဆိုဖာတခုပေါ်တွင် ထိုင်လျက် မုတ်ဆိတ်မွေးများကိုလိမ်ရင်း သူ့ကို လှမ်းကြည့်နေသည်။ သူ့မျက်လုံးကြည့်ပုံက တမျိုးဖြစ်နေသဖြင့် ကလင်းကော့သည် မျက်လုံးနှင့် မဆိုင်တော့ဘဲ တခြားသို့ မျက်နှာလွှဲပစ်လိုက်သည်။

“ကလင်းကော့၊ လာပါဦးကွ”

ကလင်းကော့က သူ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

“မင်းဝမ်းကွဲညီအစ်ကိုကို မင်းက ဖမ်းပေးတယ်ဆို၊ ဟုတ်လား”

မာလာကော့က ခပ်တိုးတိုးမေးသည်။

“ဟုတ်တယ်”

“မင်း စိတ်မကောင်း မဖြစ်ဘူးလား”

‘မဖြစ်ပါဘူး’ ကလင်းကော့သည် သူတို့ဆရာပြောသည့် စကားများကို ချက်ချင်းအမှတ်ရလာသည်။ ‘ကျုပ်တို့တတွေဟာ စစ်သားတွေနဲ့အတူတူပဲ၊ အဖေရယ်လို့လည်း မရှိဘူး၊ အမေရယ်လို့လည်း မရှိဘူး၊ ညီအစ်ကိုရယ်လို့လည်း မရှိဘူး၊ ကျုပ်တို့မှာ ရန်သူနဲ့ ဇာဘုရင်မင်းမြတ်ပဲရှိတယ်”

“အင်း ကောင်းပါလေ့ဗျာ”

မာလာကော့က ပြုံး၍ပြောသည်။

သူ့အသံနှင့် သူ့အပြုံးကိုထောက်၍ မာလာကော့သည် သူ့ကိုလှောင်နေမှန်း ကလင်းကော့ သိလိုက် သည်။ ကလင်းကော့သည် ထောင်းခနဲ ဖြစ်သွား၏။

“ကျွန်တော့်အဖို့ စိတ်မကောင်း ဖြစ်ချင်လည်းဖြစ်မှာပေါ့လေ၊ ဒါပေမဲ့ ရိုးရိုးသားသား၊ ယုံယုံကြည်ကြည် နဲ့ အမှုတော်ထမ်းရမယ်ဆိုရင်တော့”

“ကောင်းပါတယ်၊ ငါက မင်းကို ငြင်းချက်ထုတ်နေတာ မဟုတ်ပါဘူး”

မာလာကျော့က သူ့ဒူးကို ရုတ်တရက် လှမ်းပုတ်လိုက်ရင်း

'အင်း မင်းဟာ တော်တော်သနားဖို့ကောင်းတဲ့ကောင်ပဲ' ဟု ပြောလိုက်သည်။

"မာလာကျော့"

ကလင်းကျော့က ထိုင်ရာမှထလိုက်ရင်း အသံတုန်တုန်နှင့် ခေါ်လိုက်သည်။

"ဆိုစမ်း ဘာလဲ"

"ကျွန်တော့်ကို ပြောစမ်းပါ"

"ဘာကိုပြောရမှာလဲ"

"ကျွန်တော် မသိဘူး"

"ဒါဖြင့် ငါလည်း ဘယ်သိမလဲကွ"

ကလင်းကျော့က ညည်းသလိုအသံဖြင့် ပြောလိုက်သည်။

"ကျွန်တော့်ဝမ်းကွဲ ညီအစ်ကိုအတွက် ကျွန်တော်စိတ်မကောင်းဘူးဗျာ။ ကောင်မလေးတယောက် လည်း ပါသွားတယ်၊ တကယ်ကတော့ သူတို့တတွေဟာ လူကောင်းတွေဗျ၊ ကျွန်တော်တို့ထက် ကောင်းတယ်၊ တကယ့်လူကောင်းတွေ"

မာလာကျော့က ထိုင်ရာမှထလိုက်သည်။ ထို့နောက် တံခါးဆီသို့ လျှောက်သွားရင်း 'ဒါဖြင့်လည်း သေလိုက်ပေါ့ကွ' ဟု အေးစက်စွာ ပြောလိုက်သည်။

ကလင်းကျော့ တယောက်တည်း အခန်းထဲတွင် ကျန်ရစ်ခဲ့သည်။ အော်လဂါကို လက်စားချေချင်စိတ် သည် ပြန်ပေါ်လာကာ လူတိုင်းကို မုန်းသည့်စိတ်သည်လည်း တဖွားဖွား ပေါ်လာကြသည်။ ကလင်းကျော့သည် ထိုအမုန်းများကို ရင်ထဲတွင် ကြီးထွားလာအောင် နှလုံးသွင်းသည်။ ဤသို့ဖြင့် သူ့မကောင်းမှုများကို အကာအကွယ်ပေးသည်။ ထိုအမုန်းစိတ်ဖြင့် အလုပ်ကို ဆတက်ထမ်းပိုး ကြိုးစား၍ ဆောင်ရွက်သည်။

အော်လဂါ၊ ယာကွတ်နှင့် ပုံနှိပ်တိုက်ကိစ္စနှင့် ပတ်သက်သူများအားလုံးကို ဖမ်းမည့်ညသို့ တဖြည်းဖြည်း နီးကပ်လာသည်။ သူတို့၏ လျှို့ဝှက်ပုံနှိပ်စက်မှာ မုတ်ဆိတ်နီနီနှင့် ကိုစတာဆိုသည့် လူတယောက်၏အိမ်ဝင်းက ခြံထဲတွင်ရှိသည်။ သူ့မိန်းမက ကျောက်ပေါက်မာသက်သက်ဖြင့်။ အော်လဂါမှာ ထိုအိမ်က အိမ်ဖော်ဖြစ်သည်။ ကိုစတာက ဆံပင်တိုတို၊ ခေါင်းတုံးဗိုလ်ဆံတောက်နှင့်။ သူ့မိန်းမက မျက်နှာပြာမွဲမွဲ။ မျက်လုံးက အလွန်လျင်သည်။ သူတို့နှစ်ယောက်ကို ကြည့်ရသည်က လူကောင်းနှင့်မတူ။ စိတ္တဇရောဂါဖြစ်နေသူများလိုလို၊ ဆေးရုံတွင်အကြာကြီး တက်ခဲ့ရသည့် နာတာရှည် လူမမာများလိုလို။

'ဒီလင်မယားက တော်တော်ထူးဆန်းတဲ့လင်မယား' ဟု ကလင်းကော့က တညနေတွင် ယာကွတ်က ပြသဖြင့် ထိုလင်မယားကိုကြည့်၍ ပြောသေးသည်။ ယာကွတ်သည် သူ့အသိမိတ်ဆွေများအကြောင်း ကိုပြောလျှင် ခပ်ကြွားကြွား ပြောတတ်သည်။ ယာကွတ်က ဆံပင်တွေကောက်နေသည့် သူ့ခေါင်းကို ယမ်းလိုက်ရင်း အလွန်အရေးကြီးသည်ဟန်ဖြင့်

"ဒါက သူတို့ ကြမ်းတမ်းပြင်းထန်လွန်းလို့ ဒီလိုဖြစ်ရတာပါကွာ၊ ညညဆိုရင် မြေတိုက်ထဲဆင်းပြီး အလုပ်လုပ်ရတယ်၊ လေကောင်းလေသန့်လည်း မရဘူး၊ မြေကြီးကလည်း စိုနေတာ၊ အနားယူတော့ ထောင်ထဲမှာ သွားယူရတယ်၊ ဒီလို ဘဝကိုဖြတ်သန်းလာရတဲ့လူမျိုးဟာ ဒါလောက်တော့ ဖြစ်မှာပေါ့၊ ဒါပေမဲ့ သူတို့ကတော့ ပျော်ပျော်ပဲ မောင်၊ ကိုစတာက သူ့အကြောင်းပြောတာကို နားထောင်ရရင် မင်း မျက်ရည်တောင်ကျမယ် သိလား၊ ဒါပေမဲ့ သူကတော့ ရယ်ပြီးများတောင် ပြောလိုက်သေးတယ် မောင့်"

ကလင်းကော့သည် အော်လဂါကို နောက်ဆုံးကြည့်ခြင်းအနေဖြင့် ကြည့်ချင်သည်။ သူတို့တသိုက်ကို ဖမ်း၍ခေါ်လာမည့်လမ်းများကို ကလင်းကော့သိသည်။ ထို့ကြောင့် ကလင်းကော့သည် လမ်းမှ ကြိုစောင့်သည်။ ထိုကိစ္စသည် သူနှင့် ဘာမျှမဆိုင်သလို သဘောထားလိုက်သည်။ သို့ရာတွင် အော်လဂါကို ဖမ်းအောင် သတင်းပေးရသည့်အတွက်မူ သူ နည်းနည်းမျှ စိတ်မကောင်း။

"သူတော့ သိပ်ကြောက်နေမှာပဲ၊ ငိုလည်း ငိုမှာပဲ"

ကလင်းကော့သည် အိမ်အရိပ်များအတိုင်း ကပ်ကာ လျှောက်လာခဲ့သည်။ လေချွန်ရန် တကြိမ် နှစ်ကြိမ် ကြိုးစားကြည့်သည်။ အော်လဂါကို မေ့ပျောက်ရန်

ကြိုးစားကြည့်သည်။ သို့ရာတွင် မေ့၍ မရ။ အော်လဂါ၏ တည်ငြိမ်သောမျက်နှာ၊ ယုံကြည်စိတ်ချသည့် မျက်လုံးများ စသည်တို့ကို မြင်ယောင်နေသည်။ အော်လဂါ၏အသံနှင့် သူ့စကားများကို ကြားယောင်နေသည်။ 'လူတွေကို ဒီလောက်မကောင်းမမြင်ပါနဲ့ ကလင်းကော့ရယ်၊ လူတွေကို အပြစ်ပြောရလောက်အောင် ကိုယ်ကကော ဘယ်လောက် အပြစ်ကင်းလို့လဲ၊ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားပေါ့၊ လူတွေကို အထင်သေးရလောက်အောင် ကိုယ်ကကော ဘာမို့လို့လဲ' ဟု အော်လဂါက တခါက ပြောဖူးသည်။

အော်လဂါစကားကို နားထောင်လျှင် အော်လဂါသည် အမြဲမှန်သည်ဟု ထင်သည်။ ယခုတိုင်ပင်လျှင် အော်လဂါ၏စကားများသည် မှားသည်ဟု သံသယဖြစ်စရာအကြောင်း တချက်မျှ ရှာမတွေ့။ သို့ရာတွင် ကလင်းကော့သည် အော်လဂါ ကြောက်လန့်နေသည်ကို မြင်ချင်သည်။ သနားစရာအဖြစ် သို့ ရောက်နေသည်ကို သူ မြင်ချင်သည်။ သူ ငိုသည်ကို မြင်ချင်သည်။

အဝေးမှ ရထားဘီးလိမ့်လာသံများကို ကြားရသည်။ မြင်းခွာသံ တဖြောက်ဖြောက်ကိုလည်း ကြားရ သည်။ ကလင်းကော့သည် အိမ်ဝင်းတံခါးတခုအနီးတွင်ကပ်၍ ရပ်လိုက်ရင်း စောင့်ကြည့်နေသည်။ ရထားသည် သူ့အနီးမှ ဖြတ်သွား၏။ ကလင်းကော့သည် မလှုပ်မရှား စောင့်ကြည့်နေသည်။ စိတ်ပျက် အားငယ်ပုံ ပေါက်နေသည့် မျက်နှာနှစ်ခု၊ ရထားသမား၏ မုတ်ဆိတ်ဖြူဖြူ၊ ပုလိပ်စာသင်ကြီး၏ နှုတ်ခမ်းမွေးကားကားတို့ကို မြင်လိုက်သည်။

'အင်း သူ့မျက်နှာကိုတောင် မမြင်လိုက်ရပါလား' ဟု ကလင်းကော့ စိတ်မကောင်းဖြစ်မိသည်။ သို့ရာတွင် နောက်ရထားတစင်း ပေါက်လာသည်။ ရထားသမား၏ ကျာပွတ်သံနှင့် မြင်း၏ နှာမှုတ်သံ တို့ကို ကြားရ၏။ ထိုအသံများသည် လေထဲတွင် ပျောက်မသွားဘဲ တွဲလွဲဆိုင်းနေသည်ဟုပင် ကလင်းကော့ ထင်မိသည်။

အော်လဂါသည် ပုလိပ်သားငယ်ငယ်တယောက်၏ဘေးတွင် ထိုင်လျက်သား ပါသွားသည်ကို မြင်လိုက်ရသည်။ ခေါင်းကို တဘက်တထည်ဖြင့် ခြုံထားသည်။ ရထားသမားဘေးတွင်လည်း ပုလိပ်သားတယောက် ပါသွားသည်ကို မြင်လိုက်ရသည်။ ကြင်နာ၍ ဖြူဖွေးနေသော သူ မြင်နေကျ အော်လဂါ၏ မျက်နှာကလေးသည် သူ့ရှေ့မှ ဖြတ်သွားသည်။ အော်လဂါသည် ကြောက်မည်မဟုတ်။ လန့်မည်မဟုတ်။ တည်ငြိမ်စွာ လိုက်ပါသွားသည်ကို သူမြင်လိုက်သည်။ မြင်လိုက်သည်ဟုဆိုခြင်း ထက် ထင်လိုက်သည်ဟုဆိုလျှင် ပို၍မှန်ပေလိမ့်မည်။ ကလင်းကော့သည် ရုတ်တရက် ပျော်သွား သည်။ 'မငိုဘူးကွ၊ မငိုဘူး' ဟု တယောက်တည်းပြောနေသည်။

ကလင်းကော့သည် မျက်လုံးများကိုစုံမှိတ်ကာ ထိုနေရာတွင် အတန်ကြာရပ်နေသည်။ ထို့နောက် ခြေသံများနှင့် စစ်ဖိနပ်သံများကို ကြားလိုက်ရသည်။ နောက်လိုက်များကို အစုလိုက် ဖမ်းလာခြင်း ဖြစ်မည်ဟု သူ တွက်လိုက်သည်။ ကလင်းကော့သည် ထိုနေရာမှ ချက်ချင်းထွက်လာကာ ခပ်သုတ်သုတ် ပြေးသည်။ ပထမဆုံးတွေ့သည့်လမ်းချိုးကို ကွေ့လိုက်သည်။ အိမ်ပြန်ရောက်တော့ ချွေးတွေပြန်ကာ မောနေပြီ။

နောက်တနေ့ညနေတွင် သူတို့လူကြီး ဖိလစ်က မျက်မှန်နက်ကြီးထဲမှနေ၍ ကလင်းကော့ကို လှမ်းကြည့်ကာ အသံစူးစူးသေးသေးကလေးဖြင့်

"ချီးကျူးပါတယ်၊ မင်း အောင်မြင်ချက်အတွက် တို့လည်းဂုဏ်ယူပါတယ်၊ ရှေ့လျှောက် တို့တွေ့ရမယ့် အောင်ပွဲတွေရဲ့ ပဏာမ အောင်ပွဲပဲ"

ကလင်းကော့သည် ခြေထောက်တဖက်မှ အခြားတဖက်သို့ ရွှေ့ရပ်လိုက်သည်။ မမြင်ရသည့် နှောင်ကြိုးများမှ ရုန်းထွက်လိုသည့်နှယ် သူ့လက်များကို ဆောင့်ရုန်းလိုက်သည်။

အခန်းထဲတွင် စုံထောက် များများစားစား မရှိ။ အနည်းငယ်သာရှိ၏။ သူတို့အားလုံးသည် တံစဉ်း တိုက်သံလို တစာစာမြည်နေသော ဖိလစ်၏အသံကို နားထောင်နေကြသည်။ တချက်တချက်တွင် ကလင်းကော့ကို လှမ်းကြည့်နေကြသည်။ သူတို့ကို ကြည့်ရသည်က ငြီးငွေ့သည့်နှယ်။

ဆရာကြီး စကားပြောပြီးသည့်နောက်တွင် ကလင်းကော့က သူ့ကို တခြားမြို့တမြို့သို့ ပြောင်းပေး ရန် တောင်းသည်။

"ဘယ်ပြောင်းပေးလို့ဖြစ်မလဲကွ၊ ဒီလောက်သတ္တိနည်းတာ ရက်စရာတောင် ကောင်းသေးတယ်၊ ဘာဖြစ်လို့ ပြောင်းချင်ရတာလဲ၊ ပထမဆုံး အောင်ပွဲရခါရှိသေး၊ မင်းက ထွက်ပြေးချင်ပြီလား၊ ကောင်းပြီ၊ ဘယ်တော့ ပြောင်းသင့်တယ်၊ မပြောင်းသင့်ဘူးဆိုတာ နောက်တော့ ငါစဉ်းစားမယ်၊ ခုတော့ မင်း သွားနိုင်ပြီ"

ရှာရှာက သူ့ကို ဆုချသည်။

"ဟော့ကောင်၊ ရော့ မင်းဖို့"

ဝါကြန့်စိုစွတ်နေသည့် သူ့လက်များဖြင့် ကလင်းကော့ကိုတို့ရင်း ငွေစက္ကူတရွက်ကို သူ့လက်ထဲသို့ ထိုးထည့်ပြီး ထွက်သွားသည်။ ဇာရူဗင်က သူ့အနားသို့ ရောက်လာကာ

"ဘယ်လောက်လဲကွ"

"အစိတ်"

ကလင်းကော့က စိတ်မပါ့တပါဖြင့် ငွေစက္ကူကို ဖြန့်ပြသည်။

"ဘယ်နှယောက်မိသလဲ"

"ခုနစ်ယောက်"

ဇာရူဇင်သည် မျက်လုံးကိုလှန်ပြီး မျက်နှာကြက်ကို ကြည့်နေသည်။

"သုံးခုနစ်လီ နှစ်ဆယ့်တစ်၊ ကျန်တဲ့ လေးကျပ်ကို ခုနစ်နဲ့စားဆိုတော့၊ ဟင်း လခွီးတဲ့၊ မင်းဟာက လူတယောက်မှ သုံးကျပ်ခွဲလောက်ပဲ ရပါလားကွ"

ဇာရူဇင်က လေတချက်ချွန်လိုက်ပြီး ဘေးသို့ လှည့်ကြည့်လိုက်ကာ

"ရှာရှာက မင်းထက်ဟန်ကျတယ်၊ တစ်ရာ့ငါးဆယ်ရတယ်၊ ဒီကိစ္စအတွက် သူကုန်တာက ခြောက်ဆယ့်သုံးကျပ်ပဲကုန်တယ်၊ လခွီးမှပဲ၊ တို့ကို ညာပြီးဖမ်းခိုင်းနေတာပဲကွ၊ ရှုပ်တယ်ကွာ ကလင်းကော့ တို့ကို ဘာကျွေးမလဲ"

"လာလေ"

ကလင်းကော့က ခပ်သွက်သွက်ပြောလိုက်သည်။ ပိုက်ဆံကို အိတ်ထဲသို့ပင် ပြန်မထည့်မိ။

လမ်းတွင် ဇာရူဇင်က

"မင်း မိလာတဲ့ကောင်တွေက အကောင်အသေးစားတွေ ထင်တယ်ကွ"

"ဘယ်ကလာ သေးရမှာလဲ၊ အကောင်ကြီးတွေချည်းပဲ"

ကလင်းကော့က မခံချင်စိတ်ဖြင့်ပြောသည်။

"အကောင်ကြီးတယ်ဆိုရင် မင်းရတဲ့ပိုက်ဆံ နည်းတာပေါ့၊ ငါဆုပေးတဲ့ စနစ်ကို သိပါတယ်ကွ၊ ငါ့ကို လာလိမ့်မနေပါနဲ့ ၊ တခါတုန်းက ကရာဆာဇင် ဆွဲလာတဲ့ ငနဲတယောက်ရှိတယ်၊ ကရာဆာဇင် တရာ့ငါးဆယ်ရတယ်၊ နောက်ထပ်လည်း စိန့်ပီတာစဘတ်ဌာနချုပ်က ဆုတရာ ထပ်ပေးသေးတယ်၊ ဆိုလိုဗျော့ဆိုရင် နိုင်ငံကူးလက်မှတ်မအပ်တဲ့ အမျိုးသမီးတယောက်ကို မိရုံနဲ့ ၇၅ ကျပ်ရတယ်၊ မာလာကော့ကို ကြည့်ဦးမလား၊ မာလာကော့ကတော့ ဝတ်လုံတွေ၊ ပါမောက္ခတွေ၊ စာရေးဆရာတွေ ကို လိုက်ရတယ်၊ သူတို့ကျတော့ ဈေးနှုန်းက အထူးဈေးနှုန်း၊ တကယ်ကတော့ ဒီလူတွေက ဒီလောက်တော့ အန္တရာယ်မကြီးပါဘူး၊ ဒါပေမဲ့ သူတို့ကို ဖမ်းရတာက သိပ်ခက်တယ်၊ လက်သိပ်ဝင် တာပဲ"

ဇာရှုဗင်က အသက်ကိုပင် ကောင်းကောင်းမရှူနိုင်ဘဲ တောက်လျှောက် စကားပြောနေသည်။ ကလင်းကော့သည် သူ့စကားများကို နားထောင်ရင်း ကျေနပ်နေသည်။ သူ့စကားများသည် တွေးချင်ရာကို တွေး၍ မရအောင် ကလင်းကော့ကို အလုပ်ပေးထားသည်။

သူတို့သည် ပြည့်တန်ဆာအိမ်တအိမ်သို့ လာခဲ့ကြ၏။ ဇာရှုဗင်က မကြာခဏ လာဖူးသည့် ဖောက်သည်တဦး၏ လေသံမျိုးဖြင့် အရပ်ရှည်ရှည်၊ ပိန်ပိန်၊ မျက်လုံးတဖက်လပ်နှင့် ပြည့်တန်ဆာ ခေါင်းကို ခပ်ကျယ်ကျယ် လှမ်းမေးနေသည်။

"လိုက်ဒီယာ ရှိသလား၊ ကက်ပါကော၊ ကလင်းကော့ ကက်ပါကို တွေ့ကြည့်စမ်း၊ တော်တော် နိုပ်တယ်နော်၊ အနှစ်တရာလောက် သင်ပေးမယ့်ပညာကို တခါတွေ့ရုံနဲ့ သင်ပေးလိုက်လိမ့်မယ်၊ ဗျို့ ကျုပ်တို့ ဘရန်ဒီ လိုချင်တယ်ဗျာ၊ လိမ္မော်ရည်ကော ရမလား၊ လိမ္မော်ရည်လေးနဲ့ ဘရန်ဒီလေးနဲ့ ချထားရမယ်ကွ၊ တခွက်သောက်လိုက်ရင် နတ်ပြည်ရောက်နေသလား အောက်မေ့ရတယ်"

"ကောင်းသားပဲ"

သူတို့သွားသည့်အိမ်က ဈေးကြီးသည်။ ပြတင်းပေါက် ခန်းဆီးတွေကလည်း သားသားနားနား။ စားပွဲတွေ၊ ကုလားထိုင်တွေကလည်း အပျံစား။ ကောင်မလေးတွေကလည်း ခပ်ဆော့ဆော့၊ ခပ်မြူးမြူး။ ကလင်းကော့သည် ကြောင်တက်တက်ဖြစ်နေသည်။ ချောင်တချောင်တွင်ကုပ်ရင်း မိန်းကလေးတွေကို ခပ်ယို့ယို့ လမ်းဖယ်ပေးသည်။ သူတို့ကမူ ကလင်းကော့ကို ရှိသည်ဟုပင် အောက်မေ့ဟန် မတူ။ အနားသို့ဖြတ်သွားတိုင်း သူတို့ဝတ်စုံအနားများက သူ့မျက်နှာကို ခတ်သွားကြ ၏။ တချို့က အဝတ်အစား မပေါ်တပေါ်ကို ဝတ်ထားကြသည်။ ဆေးခြယ်ထားသည့် မျက်ဝန်းများ ထဲတွင် မျက်လုံးများက ရွှေ့လျားနေကြသည်။ မျက်လုံးကို အရောင်အသွေး အမျိုးမျိုးဖြင့် ခြယ်သ ထားကြသော်လည်း သူတို့အားလုံး အတူတူ။

"ကျောင်းသားတွေလား"

ဆံပင်နီနီနှင့် အမျိုးသမီးက ရင်အုံထွားထွား၊ ဆံပင်နက်နက်နှင့် အခြားအမျိုးသမီးကို လှမ်းမေးလိုက် ၏။ အမေးခံလိုက်ရသည့် အမျိုးသမီးက မေးသူကို နားနားသို့ကပ်၍ တစုံတရာ ပြောလိုက်သည်။ ဆံပင်နီနီနှင့် အမျိုးသမီးသည် ကလင်းကော့ကိုကြည့်၍ တချက်မဲ့ပြသည်။ ကလင်းကော့သည် မျက်နှာကို တဖက်သို့လွှဲပြီး ဇာရှုဗင်အနားသို့ကပ်ကာ

"ကျုပ်တို့ ဘာတွေလဲဆိုတာ ကောင်မတွေ သိနေတယ်ထင်တယ်"

"သိတာပေါ့၊ ဒါကြောင့် တို့ကို တဝက်ခပဲ ယူတာပေါ့"

ကလင်းကော့သည် ချိုသင်းနေသည့် ဘရန်ဒီကို နှစ်ခွက်ဆင့်သောက်လိုက်သည်။ အရက်ကလေး နည်းနည်းဝင်သွားသည့်အခါတွင် ပျော်သလိုလို ဖြစ်လာသည်။ သို့ရာတွင် ပတ်ဝန်းကျင်ကိုမူ ကောင်းကောင်းသတိမထားမိတော့၊ သူတို့စားပွဲသို့ လိုက်ဒီယာနှင့် ကတ်ပါတို့နှစ်ဦး လာထိုင်ကြ သည်။ တယောက်က ထွားထွားကျိုင်းကျိုင်း၊ နောက်တယောက်က ဖိုင့်ဖိုင့်လေးလေး၊ လိုက်ဒီယာ၏ ခေါင်းသည် သူ့ခန္ဓာကိုယ်နှင့် အချိုးအစား မကျအောင် သေးလွန်းနေသည်။ နဖူးကျဉ်းကျဉ်း၊ မေးချွန်ချွန်၊ ပါးစပ်ပေါက်ကလေး ကျဉ်းကျဉ်းတွင် သွားကလေးတွေကလည်း ငါးသွားလို သေးသေး ကလေးတွေဖြစ်သည်။ မျက်လုံးများက နက်မှောင်ပြီး ကောက်ကျစ်သည့်အသွင်ကို ဆောင်နေသည်။ ကတ်ပါကား ဘောလုံးအရွယ်အစားအမျိုးမျိုးကို စီတင်ထားသကဲ့သို့ရှိသည်။ မျက်လုံးကြီးများက ပြူးထွက်ကာ ကြောင်တောင်ကန်းသူလို ဖြစ်နေသည်။

ဆံပင်နက်နက်နှင့် ဇာရူဗင်ကား ယင်ကောင်တကောင်လို ဂနာမငြိမ် ဖြစ်နေ၏။ နှာခေါင်းကို တရှီးရှီး မှုတ်ရင်း ခေါင်းက ဘယ်ညာလှည့်နေသည်။ ခြေထောက်ကို တင်ပလ္လင်ချိတ်လိုက်၊ ပြန်ချလိုက်နှင့် အလုပ်များနေသည်။ ညိုသည့်လက်များဖြင့် စားပွဲကို လျှောတိုက်စမ်းနေသည်။ သူ့ကိုကြည့်ရင်း ကလင်းကော့သည် ရုတ်တရက် စိတ်ထဲတွင် မသက်မသာ ဖြစ်လာသည်။

"ခွေးသား၊ ဒကာခံရတော့ ငါက၊ ငါ့ကိုတော့ အရုပ်ဆိုးဆိုးကောင်မနဲ့ လွှတ်ပေးပြီး သူကျတော့ ခပ်ချောချောကောင်မကို ရွေးယူတယ်"

သူ့စိတ်ထဲတွင် မကျေမနပ်ဖြစ်လာသည်။ မကျေနပ်မှုသည် ထိုအကြောင်းတခုတည်းကြောင့် မဟုတ်။ ထို့ထက် လေးနက်သည်ကို ကလင်းကော့ သတိပြုမိသည်။ ကလင်းကော့သည် နောက်ထပ် ဘရန်ဒီ တခွက် ထပ်ငှဲ့ကာ တကျိုက်တည်း မော့ပစ်လိုက်၏။ ထို့နောက် ခြောက်နေသည့် အာခေါင်ကို ဟကာ မျက်လုံးကြီး ကလယ်ကလယ်ဖြင့် လျှောက်ကြည့်နေသည်။

"ဒါမှပေါ့ကွ"

ဇာရူဗင်က မြှောက်ပေးသည်။ ကောင်မလေးတွေက ဝိုင်းရယ်ကြသည်။ ခဏကြာတော့ ကလင်းကော့ ဘာကိုမှုမမြင်၊ ဘာကိုမှု မကြားတော့။ အိပ်ပျော်သလို ဖြစ်သွားသည်။

"လိုက်ဒီယာ သူ့ကိုမှတ်ထား၊ ကလင်းကော့တဲ့၊ ငါ့အချစ်ဆုံးသူငယ်ချင်း"

"ကလင်းကော့၊ မှတ်ထား၊ ဟောဒီ လိုက်ဒီယာက ငါ့အချစ်ဆုံး မိတ်ဆွေ၊ အကင်းလည်း ပါးတယ်၊ အလိုက်လည်း သိတယ်၊ ငါ ရာထူးတိုးရင် လိုက်ဒီယာကို ဒီအလုပ်မလုပ်ခိုင်းတော့ဘူး၊ လိုက်ဒီယာကို လက်ထပ်ယူမယ်၊ ငါ့အလုပ်မှာ အသုံးချမယ်၊ ဟုတ်လား ချစ်ချစ်"

"ယုံရမှာလား အစ်ကို၊ ရွှေကျီးညို့ဆိုတာမျိုးပေါ့"

လိုက်ဒီယာက လှမ်းကြည့်ရင်းပြောသည်။

"ဟောဒီ အစ်ကိုလေးက ဘာဖြစ်လို့ စကားမပြောဘဲနေတာလဲဟင်"

ကက်ပါက အသံအောအောဖြင့်ပြောကာ တုတ်ခိုင်လေးလံသည့် လက်ကြီးဖြင့် ကလင်းကော့ ပခုံးကို ပုတ်လိုက်သည်။

"အေး၊ လုပ် လုပ်၊ ညည်းကတော့ မြင်မြင်သမျှကို အစ်ကိုလေး ခေါ်နေတာပဲ"

ဇာရူဗင်က ပြောသည်။

"စိတ်ပျက်လိုက်တာဗျာ၊ ဗျို့... လူ၊ ခင်ဗျားကောင်မကို ကြည့်ပြောလိုက်ဗျာ၊ စာမလိတ်ဘူးလို့၊ မြန်မြန်ထွက်သွားရင် ကောင်းမယ်"

ကလင်းကော့က ကက်ပါ၏လက်ကို ပုတ်ချလိုက်သည်။ အားလုံးကြောင်သွားကြသည်။

"အံမယ်၊ ကြီးကျယ်လိုက်တာ"

ကက်ပါက သူ၏လေးလံသော ကိုယ်ကြီးကိုသယ်ကာ ကုလားထိုင်မှ ထသည်။ သူထင်သလောက် ကက်ပါ စိတ်မဆိုးသဖြင့် ကလင်းကော့ မကျေမနပ် ဖြစ်သွားသည်။ ကလင်းကော့သည် ကက်ပါကို ကြည့်လိုက်ပြီး

"ဆင်မကြီး ကျနေတာပဲ"

"ရှင် ရိုင်းလှချေလား"

လိုက်ဒီယာက အော်သည်။

"ကလင်းကော့ သတိထားလေကွာ၊ ဒီလိုပြောလို့ ဘယ်ကောင်းမလဲ၊ ကက်ပါက နိုပ်ပါတယ်ကွာ၊ အပျော်လိုက်တဲ့သူတိုင်း ကက်ပါကို လက်မလွှတ်နိုင်ဘူး"

“မထူးပါဘူး၊ အတူတူချည်းပါပဲ၊ ကျုပ် ဘီယာနည်းနည်း ထပ်သောက်ချင်တယ်”

“ဟော့၊ ဘီယာနည်းနည်းယူခဲ့ဟော့၊ ကက်ပါရေ တို့ဖို့ ဘီယာလေး ယူပေးပါလားကွယ်”

ကက်ပါသည် အိပ့်အိပ့်ဖြင့် ထွက်သွားသည်။ ဇာရူဗင်က ကလင်းကော့ကို ဩဝါဒတွေ ပေးနေသည်။

“ဒီမှာ ကလင်းကော့၊ ဒါဟာ ပြည့်တန်ဆာအိမ်ဆိုတာတော့ မှန်တယ်၊ ဒါပေမဲ့ ကောင်မလေးတွေဟာ မင်းလို ကိုယ်လို လူတွေပဲဆိုတာတော့ သတိထားဖို့ ကောင်းတယ်ကွ၊ ဘာဖြစ်လို့ အလကား သွားစော်ကားနေရတာလဲ၊ ဒီလိုတော့လုပ်ဖို့ မကောင်းဘူး”

“လုပ်တော့ ဘာဖြစ်လဲ၊ ကျုပ်ကို ဘာမှလာပြောမနေနဲ့၊ သွားကြ”

သူ့ဘေးပတ်ဝန်းကျင်တခုလုံး တိတ်ဆိတ်သွားစေချင်သည်။ နွေဦးတိမ်တိုက်များလို ကောင်မလေး တွေ အားလုံး ကောင်းကင်သို့ လွင့်တက်သွားစေချင်သည်။ မုတ်ဆိတ်ပြောင်ပြောင်၊ ရေနစ်သူ၏ မျက်နှာလို အသားပြာပြာနှင့် စန္ဒရားဆရာ စန္ဒရားအိုကြီးကို အတီးရပ်လိုက်စေချင်သည်။ အားလုံး ထိုင်ပြီး တယောက်မှ စကားမပြောဘဲ တိတ်ဆိတ်နေစေချင်သည်။ တဖျပ်ဖျပ်လွင့်နေသော ခန်းဆီး များကိုလည်း အလွင့်ရပ်စေချင်သည်။ အော်လဂါကို အဝတ်ဖြူဖြူဝတ်လျက် တံခါးဝတွင် ပေါ်လာစေ ချင်သည်။ ထိုအခါတွင် အခန်းထဲရှိ လူတွေနား ထသွားကာ သူတို့ကို စိတ်ရှိလက်ရှိ ပါးနားရိုက်ပစ် ချင်သည်။

ဤသို့ဖြင့် လောကကြီးတခုလုံးကို သူမည်မျှ မကျေမနပ် ဖြစ်နေကြောင်းကို အော်လဂါသိအောင် ပြလိုက်ချင်သည်။

“ငါတို့ ဒီကိုလာတာဟာ ပျော်ပါးဖို့လာတာကွ၊ ခုတော့ မင်း ဒီလိုလုပ်တော့ ဘယ်ကောင်းမလဲ၊ အကုန်ပျက်တော့တာပေါ့”

ဇာရူဗင်၏ စကားများကို နားကကြားနေသည်။

ကလင်းကော့သည် ကိုယ်ကို လှုပ်ယမ်းရင်း ဇာရူဗင်၏မျက်နှာကို ကြည့်သည်။ ‘ဒီခွေးကောင်ကြောင့် ဒီလိုဖြစ်ရတာ၊ ဒီခွေးကောင်ကြောင့်’ ဟု တယောက်တည်းပြောနေသည်။

ကလင်းကော့သည် ဘီယာပုလင်းကို ကောက်ယူကာ တပုလင်းလုံး ဆက်တိုက်မော့ချလိုက်သည်။ ကုန်သွားသည့်အခါတွင် ပုလင်းကို

ရင်ခွင်ပိုက်လိုက်ပြီး ထိုင်ရာမှထသည်။

"ဟေ့လူ ကျုပ်ပိုက်ဆံဗျ၊ ခင်ဗျား ပိုက်ဆံမဟုတ်ဘူး"

"ဘာဖြစ်တာလဲကွ၊ အချင်းချင်းပဲ ဒီလိုမလုပ်ပါနဲ့"

ဇာရူဗင်၏ခေါင်းသည် နောက်သို့လန်သွား၏။ ဖြဲထားသောသွား၊ တောက်ပြောင်နေသည့် မျက်လုံး များနှင့် ညိုသောမျက်နှာကို မြင်ရသည်။

"ဟေ့ကောင်၊ ကလင်းကော့ ထိုင်"

ကလင်းကော့သည် ဘီယာပုလင်းဖြင့် သူ့မျက်နှာကို တအားလွှဲရိုက်လိုက်သည်။ စိုစွတ်စေးထန်းသည့် သွေးများသည် မျက်နှာပေါ်သို့ ဖြာကျလာကြ၏။ သွေးကိုမြင်ရသည့်အခါတွင် ကလင်းကော့သည် အပျော်ကြီးပျော်သွား၏။ ထို့နောက် ကလင်းကော့သည် လက်ကျန်ဘီယာတို့ကို ကိုယ်ပေါ်သို့ လောင်းချနေသည်။ အားလုံး ထိတ်လန့်တကြားဖြစ်ကာ အော်သူကအော်ကြသည်။ ကလင်းကော့၏ မျက်နှာပေါ်သို့ လက်သည်းတွေ ရောက်လာသည်။ လက်သည်းများက အသားထဲသို့ စူးဝင်သွားကြ သည်။ သူ့လက် သူ့ခြေတို့ကို ဝိုင်းချုပ်ထားကြသည်။ သူ့ကိုပွေ့ကာ တခြားသို့ ခေါ်ထုတ်သွားကြ သည်။ တယောက်က ပူနွေးစေးကပ်သည့် တံတွေးများကို သူ့မျက်နှာပေါ်သို့ ထွေးချသည်။ တယောက်က လည်ပင်းကိုညှစ်သည်၊ တယောက်က ဆံပင်ကိုဆွဲသည်။

ပုလိပ်ဌာနရောက်သည့်အခါတွင်မှ ကလင်းကော့ သတိရတော့သည်။ သူ့တကိုယ်လုံး စုတ်ပြတ်နေပြီ၊ ကုတ်ရာခြစ်ရာတွေ ပြည့်နေပြီ။ ထိုအခါကျမှ ကလင်းကော့သည် ပထမဆုံးအကြိမ် သူ့အဖြစ်ကို သူတွေးမိသည်။ 'ဘာများဖြစ်မလဲ' ဟုတွေးမိသည်။ သို့ရာတွင် ကြောက်လန့်ခြင်း မဖြစ်မိ။ သူသိသည့် ပုလိပ်အရာရှိတယောက်က သူ့ကို မျက်နှာသစ်ခိုင်းသည်။ ထို့နောက် အိမ်သို့ပြန်ခိုင်း သည်။

"ကျုပ်ကို တရားများစွဲဦးမလား မသိဘူး"

"မပြောတတ်ဘူး၊ စွဲမယ်တော့ မထင်ပါဘူး၊ ခင်ဗျားတို့ကို သူတို့ ဘာလုပ်ရဲမှာလဲ၊ အထူးအခွင့်ရေး ရတဲ့လူတွေပဲ၊ ဘာမှဖြစ်မှာမဟုတ်ပါဘူး"

ပုလိပ်အရာရှိက သက်ပြင်းချသည်။ ရက်ပေါင်း အတန်ကြာသည့်အခါတွင် ကလင်းကော့ကို သူတို့အထက် ဆရာကြီး ဖိလစ်က ခေါ်သည်။

"မင်း တော်တော်မိုက်တဲ့ကောင်ပဲ ဟင်၊ တကယ်ဆိုရင် အနေအထိုင်မှာ

မင်းက စံပြဖြစ်ရမှာ၊ ခုတော့ မင်းလုပ်ပုံက လူပြောစရာဖြစ်နေပြီ၊ နောက်တခါ ဒီလိုသတင်းမျိုးကြားရရင် မင်းကို တလလောက် ချုပ်ထားမယ်၊ ကြားလား"

ကလင်းကော့ လန့်သွားသည်။ ကလင်းကော့သည် တယောက်တည်း ကုပ်နေသည်။ မည်သူနှင့်မျှ အပေါင်းအသင်း မလုပ်တော့။ ထိုအကြောင်းများကို မတွေးမိအောင် အလုပ်ကိုသာ ဖိလုပ်သည်။

ဇာရှုဗင်နှင့် တွေ့သည့်အခါတွင် သူ့မျက်နှာပေါ်က အမာရွတ်ကို သူ သတိပြုမိသည်။ ထိုအမာရွတ်ကို မြင်ရသည့်အခါတွင် ကလင်းကော့ ပျော်သည်၊ ကျေနပ်သည်။ မိမိသည် လူတယောက်ကို ရိုက်ရဲ ပါလား၊ ရိုက်နိုင်သည့် ခွန်အားသတ္တိ ရှိပါကလားဟု တွေးမိသည့်အခါတွင် ကလင်းကော့ပျော်သည်။

"ငါ့ကို ဘာဖြစ်လို့ရိုက်တာလဲ"

ဇာရှုဗင်က မေးသည်။

"ဘာမှမဖြစ်ပါဘူး၊ မုန်းလို့"

"မင်း တော်တော်ရက်စက်တဲ့ကောင်ပဲ၊ တို့လောကမှာ မျက်နှာတခုဟာ ဘယ်လောက် အရေးပါ အရာရောက်တယ်ဆိုတာ မင်းလည်း သိသားနဲ့၊ မျက်နှာကို အချွတ်ယွင်း ဘယ်ခံနိုင်ပါ့မလဲ"

လျော်ကြေးအနေဖြင့် သူ့ကို ညစာထမင်းတနပ် ကောင်းကောင်းကျွေးရန် ဇာရှုဗင်က တောင်းဆို သည်။

ကလင်းကော့သည် သူ့ကို အနှောင့်အယှက်ပေးနေသည့် အတွေးများကို ဖျောက်ဖျက်ရန် ကြိုးစား သည်။ သို့ရာတွင် အောင်မြင်ခြင်းမရှိ။ ဇာဘုရင် အစိုးရ၏ဝန်ကြီးအချို့သည် ရန်သူများထံမှ လာဘ်ယူနေကြသည်ဟု စုံထောက်များကြားထဲတွင် သတင်းဖြစ်နေသည်။ သူတို့က ဇာဘုရင်ကို ဖြုတ်ချကာ အစိုးရအသစ်တခုကို ဖွဲ့စည်းရန် ကြံစည်နေကြသည်ဟုလည်း ကြားရသည်။ သို့ကြံစည်ရာတွင် နိုင်ငံခြားအစိုးရတချို့လည်း အားပေးအားမြှောက်ပြုနေကြသည်ဟု သတင်း ကြားရသည်။ ထိုဝန်ကြီးများက ဇာဘုရင်၏ သဘောတူညီချက်ဖြင့် ကြေညာစာတမ်းတစောင်ကို ထုတ်ပြန်ရန် စီစဉ်နေကြသည်။ ထိုကြေညာစာတမ်းအရ ပြည်သူများအား လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ဟောပြောခွင့်၊ လွတ်လပ်စွာ ရေးသားခွင့် စသည်တို့ကို ပေးမည်ဟုဆိုသည်။ ဘုရား၊ တရားကို ဘာသာအယူဝါဒကိုပင်လျှင် လွတ်လပ်စွာ ကိုးကွယ်ရှိသည်ဟု ဆိုကြသည်။

ဆရာကြီး ဖိလစ်သည် ကရာဆာဗင်၊ ရှာရှာ၊ ဆိုလိုဗျော့ စသူတို့နှင့် နာရီပေါင်းများစွာ တိတ်တဆိတ် ဆွေးနွေးသည်။ အတွေ့အကြုံရှိသည့် အခြားအေးဂျင့်များနှင့်လည်း ဆွေးနွေးသည်။ ထို့နောက်တွင်မူ သူတို့အားလုံး မျက်နှာမသာမယာ ဖြစ်နေကြသည်။ အချင်းချင်း မေးမြန်းခြင်းပြုရင်လည်း ကောင်းကောင်း မဖြေကြတော့။

တနေ့ ကလင်းကော့ အပြင်ဘက်ရုံးခန်းထဲတွင် ထိုင်နေစဉ် တဝက်ဟနေသည့် တံခါးကြားမှ ဖိလစ်၏ ခပ်သေးသေးအသံကို ကြားနေရသည်။

"ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေတွေ၊ နိုင်ငံရေးတွေကို သိပ်ပြောမနေကြနဲ့၊ ဒါတွေက တို့အလုပ်မဟုတ်ဘူး၊ ငါတို့အလုပ်က နောက်အုပ်ချုပ်ရေးသစ် တခုလာရင် တိုင်းပြည်ကြီး ပျက်စီးမယ်ဆိုတာကို လူတွေ သဘောပေါက်အောင် လုပ်ဖို့ဖြစ်တယ်၊ အစိုးရသစ်လာရင် ဘာဖြစ်မလဲ၊ ရှင်းပါတယ်၊ ကြောက်တတ် တဲ့လူတွေ၊ သူများလုပ်တိုင်း ခေါင်းငုံ့ခံတဲ့လူတွေ တော်ပြတ် သေကုန်မယ်၊ သူတို့ညှဉ်းဆဲသမျှ ခံရမယ်၊ မကြောက်တဲ့လူတွေ၊ သူတို့လုပ်တိုင်း ခေါင်းငုံ့မခံတဲ့လူတွေ ထောင်ထဲရောက်ကုန်မယ်၊ တို့ဌာနထဲကို လည်း ဘယ်လိုလူတွေ ရောက်လာမလဲ၊ ကြမ်းပိုးသူခိုးတွေ၊ လူလေလူလွင့်တွေ၊ အရူးတွေ၊ အထုံတွေ အထိုင်းတွေ ရောက်လာမယ်"

"ဟော့ကောင် ဘာတွေလျှောက်ပြောနေတာလဲ"

ဖိလစ်က အော်သည်။

ယာစနိုဂါစကီ၏ စိတ်ပျက်ပျက်ဖြင့် စကားပြောသံပေါ်လာသည်။

"ဒီတော့ မင်းက ဘာလုပ်ချင်သလဲ၊ မင်းပြောနေတာတွေကို ငါ တလုံးမှ နားမလည်ဘူး"

ပြိုရ်တာ၊ ဂရိုတိုကော့၊ ကလင်းကော့နှင့် အခြားစုံထောက်တချို့လည်း ရှိနေကြသည်။ တယောက်က ဆံပင်နီနီ၊ နှာရောင်ကောက်ကောက်၊ မျက်နှာတွင် ယင်ကြီးဥတွေစွဲပြီး ရွှေမျက်မှန်ကိုတပ်ထားသည်။ တယောက်က မုတ်ဆိတ်ပြောင်ပြောင်၊ ခေါင်းပြောင်ပြောင်ပါးနီ၍ နှာခေါင်းပြားသည်။ လက်ဝဲဘက် နားရွက်အောက် လည်ပင်းတွင် မွေးမှတ် အမည်းထင်းထင်းကြီး ပေါ်နေသည်။ သူတို့နှစ်ယောက် သည် ရှာရှာပြောသမျှကို တိတ်ဆိတ်စွာ နားထောင်ရင်း တချက်တချက်တွင် တယောက်ကို တယောက် လှမ်းကြည့်ကြသည်။ ပြိုရ်တာသည် ခဏခဏ ထကာ တံခါးပေါက်အနီးသို့သွားပြီး ချောင်းနားထောင်သည်။ အထဲက လက်တဖက် တံခါးကို လာလာပိတ်သည်။ ခေါင်းပြောင်ပြောင်နှင့် စုံထောက် သူ့နှာခေါင်းပြားပြားကြီးကို မကြာခဏ လက်ဖြင့်ပွတ်ကာ လေသံကလေးဖြင့်

"ကြမ်းပိုးသူခိုးဆိုတာ ဘယ်သူ့ကိုပြောတာလဲ"

မည်သူမျှ မဖြေကြ။ နောက်ဆုံးတွင် ဂရိုတိုကော့က

'သူကတော့ လူတိုင်းကို ကြမ်းပိုးသူခိုးလို့ပြောနေတာပဲ' ဟုပြောသည်။

"ဒီကောင်ပြောတာများ အရေးလုပ်လို့၊ မကြာခင် ရောဂါကျွမ်းပြီး သေတော့မယ့်ကောင်၊ တခုတော့ ရှိတယ်ဗျ၊ ဒီကောင်က တနေ့တခြား သန်လာတယ်"

ပြိုရ်တာက ပြုံး၍ပြောသည်။

ခေါင်းပြောင်ပြောင်နှင့် စုံထောက်သည် အနားကလူများကို လိုက်ကြည့်ရင်း

"ဟုတ်တယ်ဗျ၊ ကြမ်းပိုးသူခိုးဆိုတာ ကျုပ်တို့ကိုပြောတာဖြစ်မှ"

"နိုင်ငံရေးဆိုတာ အလွန်ရှုပ်တဲ့အလုပ်ဗျ၊ တကယ် ခေါင်းကောင်းတဲ့လူ၊ သတ္တိကောင်းတဲ့လူမှ လုပ်နိုင် တာ"

ဂရိုတိုကော့က ပြောသည်။

"ကျုပ်သာ သူတို့လောက် ပညာတတ်ရင် နိုင်ငံရေးလုပ်ပါတယ်ဗျာ၊

တကယ်ပါ”

ပြုံရုံတာက ပြောသည်။

ဆံပင်နီနီနှင့် စုံထောက်သည် ကုလားထိုင်ပေါ်တွင် ပျင်းရိစွာထိုင်ရင်း သမ်းနေသည်။

ထိုစဉ် အခန်းထဲမှ ရှာရှာထွက်လာသည်။ အဝတ်အစားက ဖိုသီဖတ်သီ။ တံခါးဝတွင်ရပ်လိုက်ပြီး သူတို့အားလုံးကို လှမ်းကြည့်လိုက်သည်။

“ချောင်းနားထောင်နေကြတာပေါ့ ဟုတ်လား”

ခပ်လှောင်လှောင်ပြုံး၍ မေးလိုက်သည်။ စုံထောက်များသည် အခန်းထဲသို့ တယောက်ပြီးတယောက် ဝင်လာသည်။ ချွေးတွေပေလျက်၊ ညစ်ပတ်လျက်။ မောမောပန်းပန်းဖြင့် တယောက်နှင့်တယောက် သတင်းချင်း ဖလှယ်လျက်။ မာလာကေ့သည် မျက်မှောင်ကြီးကုတ်၍ ဝင်လာသည်။ စိတ်တိုလာပုံ လည်း ရသည်။ တောက်ပြောင်သည့် သူ့မျက်လုံးများက ရန်လိုသည့်ဟန် ပေါက်နေသည်။

ကရာဆာဗင်သည် အတွင်းခန်းထဲသို့ တန်းဝင်သွားသည်။ အထဲရောက်တော့ တံခါးကို ဂျိုင်းခနဲ မြည်အောင် ပိတ်ပစ်ခဲ့သည်။

“အခြေအနေတွေ ပြောင်းပြန်လှန်ပစ်ရမယ်ဗျ၊ ကျုပ်တို့ဘာသာ လျှို့ဝှက်အသင်းတခု ထောင်ရမယ်၊ ဒီကောင်တွေ ပါလို့မဖြစ်ဘူး၊ ဒီတိုင်းလုပ်မှ ဖြစ်တော့မယ်၊ ဟော့... ဘယ်သူမှမပြန်ကြနဲ့ဦး၊ ဆွေးနွေးပွဲ လုပ်စရာရှိတယ်”

ရှာရှာက ပြောသည်။

တခန်းလုံး တိတ်သွားကြသည်။ ယတ်စနိုဂါစကီသည် အခန်းထဲမှ ခပ်ပြုံးပြုံးဖြင့် ထွက်လာ၏။ ကြီးမား၍ အသားထူသည့် သူ့နားရွက်ကြီးများသည် ကုပ်ပေါ်သို့ ဝဲကျနေသည်ထင်ရ၏။ သူ့ကို ကြည့်ရသည်မှာ ချော်ကျိုကျို ဆပ်ပြာတုံးကြီးတတုံးနှင့် တူနေသည်။ စုံထောက်တွေကြားထဲက ဖြတ်လျှောက်လာကာ အားလုံးကို လက်ဆွဲနှုတ်ဆက်သွားသည်။ ခေါင်းကလည်း တဆတ်ဆတ် ညိတ်လာသည်။ ထို့နောက် သူသည် အခန်းထောင့်သို့ လျှောက်သွားကာ ဇာတ်မင်းသားကြီး လေသံ ဖြင့်

“ဇာဘုရင်ရဲ့ကျေးတော်မျိုး ကျွန်တော်မျိုးတို့၊ ခု ကျုပ် ခင်ဗျားတို့ကို စကားပြောရမှာကတော့ စိတ်မကောင်းစွာနဲ့ပဲ စကားပြောရတော့မယ်၊ အကြောက်ကင်းတဲ့၊ အပြစ်ကင်းတဲ့ ဇာဘုရင်ရဲ့ သားကောင်းအပေါင်းတို့”

“ဓမ္မကထိက တရားဟောနေတာ”

တယောက်က ကလင်းကော့အနားသို့ ကပ်၍ပြောသည်။

"ရန်သူဟာ ဒီအချိန်မှာ ဘယ်လောက်ကောက်ကျစ်တယ်ဆိုတာ ခင်ဗျားတို့လည်း အသိပဲ၊ ခုဆိုရင် ရန်သူဟာ ကျွန်တော်တို့ရဲ့နိုင်ငံတော်ကြီးကို ပျက်စီးအောင် လုပ်ကြံမှုအမျိုးမျိုးကို လုပ်နေတယ်၊ ဝန်ကြီး ဘူလီဂင်ရဲ့ကြေညာစာတမ်းကို ခင်ဗျားတို့လည်း ဖတ်ပြီးလောက်ပြီလို့ထင်တယ်။ သူ့ကြေညာချက်အဆိုအရ ဇာဘုရင်ဟာ ဘုရားသခင်နဲ့ သာသနာတော်ကြီး အပ်နှင်းထားတဲ့ အာဏာ များကို စွန့်လွှတ်တော့မယ်လို့ သူ့ကြေညာချက်မှာ ဆိုထားတယ်၊ ဒါဟာ သက်သက်လုပ်ကြံချက် ဖြစ်တယ်၊ ကျုပ်တို့ရဲ့တိုင်းပြည်ကို နိုင်ငံခြားအရင်းရှင်တွေလက်ကို ရောင်းစားဖို့ ကြံစည်သူများရဲ့ လုပ်ကြံချက်ဖြစ်တယ်။ ကျုပ်တို့ ရုရှားပြည်ကြီးရဲ့မြင့်မြတ်တဲ့ စိတ်ဝိညာဉ်တော်ကို ပျက်စီးအောင် ကြံဆောင်သူတို့ရဲ့လက်ချက်ဖြစ်တယ်။ သူတို့ ထူထောင်မယ့် ပါလီမန်အုပ်ချုပ်ရေးဆိုတာ ဘာလဲ၊ သူတို့ ရေးဆွဲပြဋ္ဌာန်းမယ့် အခြေခံဥပဒေဆိုတာ ဘာလဲ"

ပရိသတ်သည် တယောက်အနားသို့ တယောက် တိုးကပ်သွားကြသည်။

"ဒီတော့ မြက်တောထဲမှာ အောင်းနေတဲ့ ဒီမြွေဆိုးရဲ့ခြေရာကို ကျုပ်တို့ လိုက်ရှာကြရမယ်၊ ကျုပ်တို့ရဲ့ ရုရှားလူမျိုးရဲ့ရိုးသားမှုမျိုးနဲ့ ဒီသတ္တဝါတွေ သေကျေပျက်စီးမယ့်လမ်းကို လိုက်ရှာကြမယ်၊ ခင်ဗျားတို့ စဉ်းစားကြည့်ကြစမ်းပါ၊ ဒီကောင်တွေဟာ ဘုရားသခင်က ပေးအပ်တော်မူထားတဲ့ အာဏာကို ဇာဘုရင်မင်းမြတ်ရဲ့လက်ထဲက လုယူဖို့ ကြံနေကြတယ်။ ကောင်းကင်ဘုံရဲ့အလိုတော်အရ ဘုရင်ရဲ့ လက်ထဲကိုရောက်နေတဲ့ လွတ်လပ်စွာ အုပ်စိုးခွင့်ကို လုယက်ဖျက်ဆီးဖို့ ကြံစည်နေကြတယ်။ သူတို့ဟာ ရွေးကောက်ပွဲတွေလုပ်၊ သူတို့ကိုယ်စားလှယ်တွေဆီကို ဇာဘုရင်ဆီလွှတ်၊ ဥပဒေတွေ ပြဋ္ဌာန်း။ ဒီနည်းနဲ့ ဇာဘုရင်ရဲ့အာဏာကို ကန့်သတ်ဖို့ လုပ်နေကြတယ်။ ဆင်းရဲပြီး ပညာမဲ့တဲ့ ကျုပ်တို့ ရုရှားလူမျိုးတွေကို မောင်းတိုက်၊ ပိုက်ဆံနဲ့ လာဘ်ထိုးပြီး သူတို့အာဏာသိမ်းနိုင်အောင် ကြိုးစားနေကြတယ်။ ဒီနည်းအားဖြင့် သူတို့လူတွေကို ဇာဘုရင်ရဲ့နန်းတော်ထဲရောက်အောင် လုပ်ပြီး လူဆိုးတွေ၊ လူမိုက်တွေ၊ ကြမ်းပိုးသူခိုးတွေရဲ့ နိုင်ငံဖြစ်အောင် လုပ်နေကြတယ်၊ ဒီလူတွေဟာ ဘယ်လိုလူတွေလဲ၊ ခင်ဗျားတို့သိကြရဲ့လား၊ ရေဂတီတွေ၊ ပိုလန်လူမျိုးတွေ၊ ဂျာမန်တွေ၊ နိုင်ငံခြားသားတွေ၊ ရုရှားပြည်သူတွေရဲ့ ရန်သူတွေဖြစ်တယ်"

ရှာရှာသည် ယတ်စနိုဂါစကီ၏နောက်တွင် ပြုံးလျက်ရပ်နေသည်ကို ကလင်းကော့ မြင်ရသည်။

"ဒီလူလိမ်တွေရဲ့ဂိုဏ်းဟာ မြင့်မြတ်တဲ့ဇာဘုရင်ရဲ့ ရာဇပလ္လင်အနီးမှာ

ဝိုင်းအုံပြီး တိုင်းပြည်ရဲ့ ကံကြမ္မာကို ဘုရင်မမြင်နိုင်အောင် ဘုရင့်မျက်လုံးကို ဝိုင်းပိတ်ထားကြလိမ့်မယ်၊ သူတို့ဟာ ရုရှားပြည် ကြီးကို နိုင်ငံခြားသားတွေ လူစိမ်းတွေလက်ထဲကို ထိုးအပ်ကြလိမ့်မယ်၊ ရေဝတီတွေ၊ ပိုလန်တွေ၊ ဂျာမန်တွေ၊ ဂျော်ဂျီယန်တွေ၊ အာမေနီယန်တွေဟာ သူတို့အုပ်စိုးမှုကို ကျုပ်တို့တိုင်းပြည်မှာလာပြီး ထူထောင်ကြလိမ့်မယ်၊ သူတို့တင်မကဘူး၊ တခါတုန်းက ရုရှားပြည်ကြီး ပေးကမ်းမှ စားရတဲ့ သူတောင်းစားတွေကပါ ကျုပ်တို့တိုင်းပြည်ကို လာပြီးအုပ်စိုးကြတော့မယ်၊ ဒီနည်းအားဖြင့် ကျုပ်တို့ တိုင်းပြည်ကြီးဟာ သူ့ကျွန်ဘဝကို ရောက်ရတော့မယ်”

အနီးတွင် ရပ်နေသည့် ရှာရှာက ယတ်စနိုဂါစကီကို ကပ်၍ တိုးတိုးပြောလိုက်သည်။ ယတ်စနိုဂါစကီ က လက်ကိုဝှေ့ယမ်းလိုက်ကာ ပို၍ကျယ်လောင်စွာဖြင့်

“အဲဒီအခါမှာ ကျုပ်တို့ဆီကို အင်္ဂလိပ်တွေ၊ ဂျာမန်တွေရောက်လာပြီး လောဘတကြီးနဲ့ သူတို့ရဲ့ လက်သည်းတွေနဲ့ ကျုပ်တို့အသားတွေကို ကုတ်ဖဲ့ စားကြလိမ့်မယ်၊ ကျုပ်တို့အသွေးကို သောက်ကြ လိမ့်မယ်၊ ရုရှားပြည်ကြီး ပျက်စီးတော့မယ် မိတ်ဆွေတို့၊ သတိရှိကြ”

သူသည် နောက်ဆုံးစကားလုံးများကို ခပ်ကျယ်ကျယ်အော်၍ ပြောလိုက်ပြီး အတန်ကြာ တိတ်ဆိတ် နေသည်။ ထို့နောက် ခေါင်းကိုမော့၍ လက်မြှောက်ကာ

“ဒါပေမဲ့ ကျုပ်တို့ဇာဘုရင်မှာ သဟာယမဟာမိတ်တွေရှိတယ်၊ သူတို့က ကျုပ်တို့ဘုရင်ရဲ့ အာဏာနဲ့ ဘုန်းလက်ရုံးကို အကာအကွယ်ပေးကြလိမ့်မယ်၊ ခုဆိုရင် သူတို့ဟာ တော်လှန်ရေးသမားတွေကို ချေမှုန်းဖို့၊ အခြေခံဥပဒေကို ဖျက်သိမ်းဖို့၊ ကျုပ်တို့ကို ဖျက်ဆီးမယ့်အရာတွေကို ချေမှုန်းဖို့ လျှို့ဝှက် အဖွဲ့တွေကို ဖွဲ့ပြီးကြပြီ၊ ဇာဘုရင်ကို သစ္စာစောင့်သိတဲ့ မင်းညီမင်းသားတွေ၊ မှူးမတ်တွေဟာ ဒီအသင်းထဲကို ဝင်လာနေကြပြီ၊ အမြင့်ဆုံးဆိုတဲ့...”

ရှာရှာက အနားသို့ကပ်၍ ပြောပြန်သည်။ အဘိုးကြီးက နားထောင်နေသည်။ မျက်နှာကြီးနီသွားပြီး လက်ကိုယမ်းလိုက်ရင်း ခပ်ကျယ်ကျယ်ဖြင့်

“ဒါဖြင့်လည်း မင်းကိုယ်တိုင်ပြောပါလားကွ၊ ငါတော့ မပြောချင်ဘူး”

အဘိုးကြီးသည် စိတ်ဆိုးမာန်ဆိုးဖြင့် လူတွေကြားထဲကဖြတ်ပြီး အပြင်သို့ထွက်သွားသည်။ ရှာရှာက ရှေ့သို့ထွက်လာကာ ရပ်လိုက်၏။ အရပ်မြင့်မြင့်၊ ခါးကိုင်းကိုင်း၊ ခေါင်းကိုရှေ့သို့ငုံ့လျက်။ နီရဲသော မျက်လုံးများဖြင့် ပရိသတ်ကို တချက်လှမ်းကြည့်လိုက်သည်။ လက်ချင်းပွတ်လိုက်ပြီးနောက်

"ခင်ဗျားတို့ နားလည်ကြပြီလား"

'နားလည်တယ်၊ နားလည်တယ်' ဟု တချို့က အော်ကြသည်။

'နားလည်တယ်ဆိုရင်တော့ တော်တော်အံ့ဩဖို့ကောင်းတာပဲ' ဟု ရှာရှာက လှောင်သံဖြင့် ပြောလိုက် သည်။ ထို့နောက် ရှာရှာသည် စိတ်အားထက်သန်စွာဖြင့် စကားစပြောသည်။ သူ့စကားလုံးများက ပြင်းထန်သည်။ တိကျသည်။

"နားထောင်ကြပါ၊ ခင်ဗျားတို့ထဲက ဦးနှောက်ရှိတဲ့သူတွေက ဦးနှောက်မရှိတဲ့လူတွေကို တဆင့် ပြောပြကြပါ။ တော်လှန်ရေးသမားတွေ၊ လစ်ဘရယ်တွေသူကောင်းမျိုးတွေက အသားစီးရသွားကြပြီ၊ အစိုးရက သူတို့ တောင်းဆိုချက်တွေကို လိုက်လျောလိုက်ရပြီ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တရပ်ကို လဲပေးမယ်လို့ သဘောတူလိုက်ရပြီ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိရင် ခင်ဗျားတို့ ဘာဖြစ်မယ်ထင်သလဲ၊ ကျုပ်ပြောပြမယ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲပြီးရင် ခင်ဗျားတို့ အားလုံး ငတ်သေကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ဟာ လူပျင်းတွေဖြစ်လို့၊ ဘာမှ မလုပ်တတ်သူတွေဖြစ်လို့၊ အလုပ်လုပ်ဖို့ မသင့်တော်တဲ့လူတွေဖြစ်လို့ပဲ၊ ခင်ဗျားတို့အားလုံး ထောင်ထဲရောက်ကုန်ကြတော့မယ်ဆိုတဲ့ သဘောပဲ၊ တချို့လည်း ဆေးရုံတက်ရပြီး တချို့လည်း စိတ္တဇဆေးရုံကို ရောက်ကြရမယ်ဆိုတဲ့ သဘောပဲ၊ နောက်အစိုးရတက်လာရင် ခင်ဗျားတို့အဖို့လည်း အလုပ်လုပ်စရာ သိပ်မရှိတော့ဘူး၊ နောက်အစိုးရတက်လာရင် ပုလိပ်ဌာနကိုလည်း ဖျက်သိမ်းပစ် တော့မယ်၊ လုံခြုံရေးဌာနကိုလည်း ပိတ်ပစ်တော့မယ်၊ ခင်ဗျားတို့အားလုံး အလုပ်လက်မဲ့ဖြစ်ပြီး လမ်းမပေါ်ကို ရောက်ကြရတော့မယ်၊ ကျုပ်ပြောတာ ရှင်းတယ်မဟုတ်လား"

သူတို့အားလုံး ကျောက်ခဲကြီးတွေဖြစ်ကုန်သည့်နှယ် စကားတလုံးမျှ မပြောကြ။

'အဲဒီလိုဖြစ်ရင် ငါလည်း တခြားသွားတော့မယ်' ဟု ကလင်းကော့တွေးနေသည်။

"ကျုပ်ပြောတာ ရှင်းတယ်လို့ထင်ပါတယ်"

ရှာရှာကမေးပြီး ပရိသတ်အတွင်းကို ကြည့်နေသည်။ မျက်နှာပေါ်က အမာရွတ်ကြီးသည် ပို၍ ရှည်လျားလာကာ မျက်နှာတခုလုံးကို ဖုံးအုပ်နေသည်ထင်ရ၏။ သူ့မျက်နှာသည် ခဲရောင်ပေါက်ကာ ပြာနှမ်းနေသည်။

"ဒီတော့ ကျုပ်ပြောချင်တာက လာမယ့် အစိုးရသစ်ဟာ ခင်ဗျားတို့အဖွဲ့ အကျိုးရှိမယ့် အစိုးရ မဟုတ် ဆိုတာပဲ၊ ဒီတော့ ခင်ဗျားတို့ဟာ တက်လာမယ့်

အစိုးရသစ်ကို တိုက်ဖို့လိုတယ်၊ မဟုတ်ဘူးလား၊ ဘယ်သူ့အတွက် တိုက်မလဲ၊ ဘယ်သူ့အကျိုးစီးပွားအတွက် တိုက်မလဲ၊ ခင်ဗျားတို့အတွက် တိုက်ရ မယ်၊ ခင်ဗျားတို့ အကျိုးစီးပွားအတွက် တိုက်ရလိမ့်မယ်၊ ခုထိ ခင်ဗျားတို့ အသက်ရှင်ခဲ့သလို နောင်မှာ ဆက်လက်အသက်ရှင်ဖို့အတွက် တိုက်ရလိမ့်မယ်၊ ရှင်းရဲ့လား၊ ဒီတော့ ခင်ဗျားတို့ ဘာလုပ်ကြမလဲ”

မွန်းကျပ်နေသည့် အခန်းထဲတွင် လှုပ်ရှားသံတွေ ပေါ်လာသည်။ ကြီးမား၍ နာမကျန်းဖြစ်နေသည့် နှလုံးကြီးတခု လှုပ်ရှားနေသည့်နှယ် ထင်ရသည်။ အချို့စုံထောက်များက ခေါင်းငိုက်စိုက်ချကာ စကားတလုံးမျှ မပြောဘဲ ထွက်သွားကြသည်။ ‘ဒါတွေချည်းပဲ ဘာလို့ပြောနေရတာလဲ၊ လခတိုးပေး ပါလား’ ဟု တချို့က ဆိုကြသည်။

‘ငါတို့ကို ကြောက်အောင်ခြောက်နေတာပါ’ ဟု တချို့က ပြောကြသည်။

ရှာရှာအနီးတွင် လူတဒါဇင်လောက် ဝိုင်းနေကြသည်။ ကလင်းကော့သည် ထိုအနီးသို့ ထလာခဲ့သည်။

“ကျုပ်တို့တော့ ဒီစကားတွေ သိပ်နားမလည်ဘူးဗျာ၊ အမိန့်ပဲလိုချင်တယ်၊ အမိန့်က ဒါလုပ်ဆိုရင် လုပ်မှာပဲ”

ဆိုလိုဗျော့က ပြောသည်။

“ခင်ဗျားကို ဘာလုပ်ရမယ်ဆိုတာ ပြောပြီးပါပကောဗျို့”

ကာရာဆာဗင်က ဆောင့်ကြီးအောင့်ကြီးဖြင့် ပြောလိုက်သည်။

“ကျုပ်တို့တော့ နားမလည်ဘူးဗျ”

“ဘာဖြစ်လို့ နားမလည်ရမှာလဲ၊ ခင်ဗျား ကောင်းကောင်း နားလည်ပါတယ်”

ရှာရှာက အော်သည်။

“နားမလည်ဘူးဆို နားမလည်ဘူးဗျာ”

“ခင်ဗျား နားလည်သမှ ဟိုဘက်တောင်လွန်သေး၊ ခင်ဗျား တော်တော် သတ္တိနည်းတဲ့လူ၊ ဟိုဘက်ကို ပါချင်တယ်ဆိုရင် ပြောင်ပေါ့ဗျာ"

“ဒါက ကျုပ်သဘောပါဗျ၊ ကျုပ်ပါချင် ပါမှာပေါ့၊ ခင်ဗျားအပူ မဟုတ်ပါဘူး၊ ခင်ဗျားကော ခင်ဗျား ဘယ်လောက်များ နားလည်လို့လဲ၊ ဟင်း”

မာလာကော့က ဒေါသတကြီးဖြင့် ပြောလိုက်သည်။ ရှာရှာကို

ရိုက်တော့မည်လောဟုပင် ကလင်းကော့ ထင်လိုက်မိသည်။

“ဘာ၊ ကျုပ်နားမလည်ဘူး၊ ဟုတ်လား”

“ဟုတ်တယ်”

“ဒီမှာ ကိုယ့်လူ ခင်ဗျားသိထားဖို့က ကျုပ် မကြာခင် သေတော့မယ်၊ သိရဲ့လား၊ ကျုပ် ဘယ်သူ့ကိုမှ မကြောက်ဘူး၊ ကျုပ်ဟာ လူ့ဘဝမှာ ခဏရောက်နေတဲ့ ဧည့်သည်၊ ခင်ဗျားတို့က ခင်ဗျားတို့ စိတ်ကူးထဲမှာ လူတွေကို ဒူးထောက်၊ ကျုပ်က လုပ်စရာရှိရင် ပြတ်ပြတ်သားသားလုပ်တဲ့ကောင်၊ ခင်ဗျားတို့လို မဝံ့မရဲလုပ်နေတဲ့ကောင်မျိုး မဟုတ်ဘူး၊ ခင်ဗျားတို့ဟာ လူတွေကို ဖမ်းနေပေမဲ့ ဒီလူတွေ မုန်းမှာကို ကြောက်နေတယ်၊ ကျုပ်က ဘယ်သူမုန်းမှာကိုမှ မကြောက်တော့ဘူး၊ မကြာခင် သေရမယ့်သူ၊ ပြောစမ်း၊ ခင်ဗျားတို့ လူတွေ မုန်းမှာကို မကြောက်ဘူးလား၊ ကြောက်တယ် မဟုတ်လား၊ မကြောက်ဘူးဆိုတာ အလကားပြောတာ၊ ခင်ဗျားတို့ဟာ လူကြောက်တွေ၊ ခင်ဗျားတို့ အထက်တန်းစားကလာတဲ့သူတွေဟာ အစစအရာရာကို ကြောက်နေကြတယ်၊ ကျုပ်က တောသား၊ တောသားဆိုတဲ့ကောင်မှာ ဘာမှ ကြောက်စရာမလိုဘူး၊ ကျုပ် တက္ကသိုလ်ကိုရောက်ခဲ့ပေမဲ့ တက္ကသိုလ်ဟာ ကျုပ်ရဲ့ တောသားဇာတိကို ပျက်သွားအောင် မလုပ်နိုင်ဘူး”

ရှာရှာသည် ရှေ့သို့တက်လာကာ လူနှစ်ယောက်အနီးတွင် ရပ်လိုက်သည်။ သူတို့နှစ်ယောက်၏ မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

“ကျုပ်က ကျုပ်ရန်သူကို ကျုပ်သိတယ်၊ ကျုပ်ရန်သူဟာ ခင်ဗျားတို့ အထက်တန်းစားတွေ၊ ခင်ဗျားတို့ ဟာ စုံထောက်လုပ်တာတောင် အထက်တန်းစားစိတ်တွေကို မဖျောက်ချင်ကြသေးဘူး၊ ခင်ဗျားတို့ အထက်တန်းစားကလာတဲ့သူတွေဟာ ခင်ဗျားတို့ဇာတိကို ဘယ်တော့မှမဖျောက်ဘူး၊ ဘယ်နေရာ ရောက်ရောက် ရွံ့စရာကောင်းနေတာပဲ၊ ဘယ်နေရာရောက်ရောက် မုန်းစရာကောင်းနေတာပဲ၊ စာရေးဆရာဖြစ်ရင်လည်း ဒီလိုပဲ၊ စုံထောက်ဖြစ်ရင်လည်း ဒီတိုင်းပဲ၊ ခင်ဗျားတို့ရဲ့စိတ်ဓာတ်ဟာ ဘယ်တော့မှ မပြောင်းဘူး။ ခင်ဗျားတို့ကို ဘယ်လိုလုပ်သင့်တယ်ဆိုတာ ကျုပ် ကောင်းကောင်း သိတယ်”

“ပြောပါဦး၊ ခင်ဗျား ဒေါသတကြီးနဲ့ မဟုတ်တရုတ်တွေ လျှောက်ပြောနေတာနဲ့စာရင် အဲဒါကမှ စိတ်ဝင်စားစရာ ကောင်းလိမ့်ဦးမယ်”

မာလာကော့က လက်နှစ်ဖက်ကို အင်္ကျီအိတ်ထဲသို့နှိုက်ပြောလိုက်သည်။

"ဩော်၊ စိတ်ဝင်စားသလားပြောပါ့မယ်၊ ခင်ဗျားစိတ်ဝင်စားတယ်ဆိုရင်လည်း ပြောရတာပေါ့"

ရှာရှာသည် ထိုင်ချင်နေပုံရသည်။ သူ့ကိုယ်သည် နာရီချိန်သီးလို လှုပ်ယမ်းနေသည်။

"ကျုပ်တို့ဘဝတွေကို ကြိုးကိုင်နေတာ ဘယ်သူတွေထင်သလဲ၊ အထက်တန်းစားတွေဗျ၊ အထက်တန်းစားတွေ။ လူဟာ ပင်ကိုစိတ်ကောင်း နှလုံးကောင်းရှိတဲ့သတ္တဝါ၊ အဲဒီသတ္တဝါကို ညစ်ပတ်စုတ်ပဲ့တဲ့ တိရစ္ဆာန်ဖြစ်အောင်၊ ရွံစရာတိရစ္ဆာန်ဖြစ်အောင် ဘယ်သူလုပ်တယ်ထင်သလဲ၊ ခင်ဗျားတို့လုပ်တာ၊ ခင်ဗျားတို့ အထက်တန်းစားတွေလုပ်တာ၊ ဒါကြောင့် ခင်ဗျားတို့ကို ဦးတည် တိုက်ရမယ်၊ လူ့ဘဝရဲ့ အနာပုပ် အနာဆွေးကြီးတွေကို ခင်ဗျားတို့မြင်အောင် ဖွင့်ပြပြီး ပြည်ပုပ် ပြည်ဆွေးတွေထဲမှာ ခင်ဗျားတို့ကို နှစ်သတ်ပစ်ရမယ်၊ ခင်ဗျားတို့ အဆိပ်ခတ်လို့ လူတွေ အော့အန် ထားတဲ့ အန်ဖတ်တွေထဲမှာ ခင်ဗျားတို့ကို နှစ်သတ်ပစ်ရမယ်၊ အဲဒီ အပုပ်အဆွေးတွေထဲမှာ ခင်ဗျား တို့ နစ်သေအောင် နှစ်သတ်ပစ်ရမယ်။ ခင်ဗျားတို့ ပျက်စီးချိန်၊ ခင်ဗျားတို့ ကုန်ဆုံးချိန်ဟာ နီးလာပြီ၊ ခင်ဗျားတို့ ညှဉ်းဆဲနှိပ်စက်ခဲ့တဲ့သူတွေဟာ ထကြွလာပြီး ခင်ဗျားတို့ကို လည်ညှစ်သတ်လိမ့်မယ်၊ ခင်ဗျားတို့ကို ခြေမွပစ်လိမ့်မယ်၊ နားလည်ရဲ့လား၊ ခင်ဗျားတို့ဟာ အဲဒီကံကြမ္မာက ပြေးမလွတ်ဘူးဆို တာ ခင်ဗျားတို့ မြဲမြဲမှတ်ထားကြပါ၊ အဲဒီအခါကျရင် ခင်ဗျားတို့ခေါင်းတွေဟာ ခန္ဓာကိုယ်နဲ့ အိုးစား မကွဲအောင် ဘယ်လောက်ခိုင်ခိုင် ဆက်ထားနိုင်သလဲဆိုတာ လူထုတွေက စမ်းကြည့်လိမ့်မယ် ကြားရဲ့လား"

ရှာရှာသည် နောက်သို့ယိုင်သွားကာ နံရံကိုမှီ၍ ကပ်ထားလိုက်သည်။ လက်နှစ်ဖက်ကို ဆန့်တန်းကာ တဟားဟားရယ်သည်။ မာလာကော့က သူ့အနီးတွင်ရပ်နေသည့် လူများဘက်ကိုလှည့်ကာ တချက် ရယ်လိုက်ရင်း

"သူပြောတာတွေကို ခင်ဗျားတို့နားလည်ရဲ့လား"

"သူ၊ သူကြိုက်တာ ပြောပါစေ၊ ကိုယ့်လူတွေကြားထဲမှာဆိုတော့ အရေးမကြီးပါဘူး၊ အရေးကြီးတာ က စိန့်ပီတာစဘတ်မှာ လျှို့ဝှက်အသင်းတသင်းကို ဘာရည်ရွယ်ချက်နဲ့ ဖွဲ့တာလဲဆိုတာ သိဖို့ လိုတယ်၊ ဘယ်သူတွေပါသလဲဆိုတာလည်း သိဖို့လိုတယ်"

"ဒါတော့ စုံစမ်းရမှာပေါ့ဗျာ"

ဆိုလိုဗျော့က ကရာဆာဗင်ကို ပြောလိုက်သည်။

"သူပြောတာ ဟုတ်သလောက် ဟုတ်တယ် ရဲဘော်တို့၊ တော်လှန်ရေးဟာ ပြန့်လာနေတယ်ဆိုတာ တကယ်ပဲ"

ပြုံရုံတာက ပြောလိုက်သည်။

"သူပြောတဲ့ လျှို့ဝှက်အသင်းထဲမှာ မင်းညီမင်းသားတွေပါတယ်ဆိုရင် ကျုပ်တို့အခြေအနေဟာလည်း ကောင်းသင့်သလောက် ကောင်းလာမှာပေါ့ဗျ"

ဆိုလိုဖျော့က စဉ်းစားပြောလိုက်သည်။

"ခင်ဗျားကတော့ ပြောအားရှိမှာပေါ့၊ ဘဏ်မှာ ခင်ဗျားက ငွေနှစ်သောင်းလောက် ရှိတဲ့သူကိုး"

"နှစ်သောင်းမကဘူးကွ၊ သုံးသောင်း သုံးသောင်း၊ သိပြီလား"

ဆိုလိုဖျော့က အရွဲ့တိုက်၍ပြောကာ လှည့်ထွက်သွားသည်။

ရှာရှာက ချောင်းတဟွပ်ဟွပ်ဆိုးရင်း မောနေသည်။ မာလာကော့က သူ့ကို မျက်မှောင်ကြီးကုတ်၍ ကြည့်နေသည်။

"ဘာဖြစ်လို့ စိုက်ကြည့်နေတာလဲဗျ"

ရှာရှာက အော်လိုက်သဖြင့် မာလာကော့လှည့်ထွက်သွားသည်။ ကလင်းကော့သည် မာလာကော့၏ နောက်က လိုက်သွားသည်။ ရှာရှာပြောသည့်စကားများကို သဘောကျသလိုလို ဖြစ်နေသဖြင့် သူ့ကိုယ်သူ မနည်းချုပ်တည်းထားရသည်။

"သူပြောတွေ မင်းနားလည်သလား"

မာလာကော့က ကလင်းကော့ကို မေးလိုက်သည်။

"ကျွန်တော်တော့ သဘောမကျဘူး"

"ဘာဖြစ်လို့လဲ"

"ဒီလူက အမြဲတမ်း စိတ်တိုနေတဲ့လူပဲ၊ သူ့စကား နားမထောင်ဘဲနဲ့တောင် စိတ်တိုစရာတွေ ကျွန်တော်တို့မှာ များနေပြီ"

မာလာကော့ ခေါင်းညိတ်လိုက်ပြီး

"ဟုတ်တယ်၊ မင်းပြောတာမှန်တယ်၊ တို့မှာ ကိုယ့်ဟာနဲ့ကိုယ် စိတ်တိုစရာတွေ များနေပြီ"

“အကုန်လုံးကို နားလည်သဘောပေါက်ဖို့ဆိုတာ မလွယ်ဘူးလေ။ လူတွေအမျိုးမျိုးက အမျိုးမျိုး ပြောနေကြတာ”

ကလင်းကော့က ဘေးပတ်ဝန်းကျင်ကို ကြည့်၍ ပြောလိုက်သည်။ ကလင်းကော့ပြောပြီးခါမှ သူပြောသည့်စကား မှားသွားပြီလောဟု မာလာကော့ကို အထိတ်တလန့်ဖြင့် လှမ်းကြည့်လိုက်သည်။

မာလာကော့သည် အကျႌမှ ဖုန်များကိုခါနေသည်။ သူပြောသည့်စကားကို အလေးအနက် စဉ်းစားမိပုံ မရ။

“သွားမယ်ဟေ့”

ကလင်းကော့သည် သူ့နောက်မှလိုက်သွားချင်သည်။ သို့ရာတွင် မာလာကော့သည် သူ့နှုတ်ခမ်းမွေးကို လိမ်ရင်း လှည့်မကြည့်တော့ဘဲ ထွက်သွားသည်။

အိပ်မက်တခုထဲမှာကဲ့သို့ သူတို့မြို့သည် ပြောင်းလဲမှုတွေ ပေါ်ပေါက်နေသည်။ လူများတွင် ကြောက်ရွံ့ထိတ်လန့်သည့်စိတ်တွေ မရှိတော့၊ ခပ်စောစောက ကြောက်ရွံ့ထိတ်လန့်ကာ တောင်းပန် အောက်ကျို့သည့် မျက်နှာများသည် တင်းမာလာကြကာ လေးနက်သည့် မျက်နှာအသွင်ကို ဆောင်လာကြ၏။ သူတို့သည် အိမ်ဟောင်းတဆောင်ကို ဖြိုဖျက်ရန် ပြင်ဆင်နေကြသည့် လက်သမားများ နှင့် တူနေသည်။ အကောင်းဆုံး ဖျက်သည့်နည်းကို ရှာနေသည့်နှယ် ရှိတော့သည်

မြို့စွန် စက်ရုံရပ်ကွက်များတွင် အလုပ်သမားများသည် အစည်းအဝေးများကို ပြောင်ပြောင် တင်းတင်းပင် ကျင်းပကြသည်။ ထိုအစည်းအဝေးများသို့ ပုလိပ်ရော၊ လုံခြုံရေးဌာနကပါ သိသည့် တော်လှန်ရေးသမားများလည်း ပြောင်ပြောင်ပင် တက်ရောက်ကြသည်။ သူတို့က အစိုးရကို ပွင့်ပွင့်လင်းလင်း ရှုတ်ချကာ ပါလီမန်ရွေးကောက်ပွဲ ကျင်းပမည်ဆိုသည့် ကြေညာချက်သည် ပြည်သူ လူထုကို လိမ်လည်လှည့်ဖြားရန်ဖြစ်ကြောင်းဖြင့် ဖွင့်ချကြသည်။ အစိုးရပြောသမျှကို ဘာမျှမယုံဘဲ ကိုယ့်ဦးနှောက်ဖြင့်ကိုယ် စဉ်းစားကြရန် တရားဟောကြသည်။

‘ပြည်သူလူထုသာလျှင် ဘဝရဲ့စစ်မှန်တဲ့ အရှင်သခင်တွေ ဖြစ်တယ်၊ တရားဝင်တဲ့ အရှင်သခင်တွေ ဖြစ်တယ်၊ လွတ်လပ်တဲ့ ကမ္ဘာကြီးကို ပြည်သူလူထုကသာလျှင် ပိုင်ဆိုင်တယ်’ ဟု တယောက်က ဟောသည်။ ‘ဟုတ်တယ်၊ မှန်တယ်’ ဟု လူထုက အော်ကြသည်။

အော်သံများကြောင့် ကလင်းကော့သည် လန့်သွားကာ နောက်သို့လှည့်ကြည့်လိုက်သည်။ သူ့နောက်တွင်ရပ်နေသည့် မယ်နီကော့ကိုမြင်ရ၏။ သူ့မျက်လုံးများသည် တောက်ပနေကြ၏။ သူ့ကိုယ်လုံးလည်း ညစ်ပတ်ပေရေလျက်ရှိသည်။ ကျီးတကောင် တောင်ပံခတ်သလိုရှိအောင် ချိုင်းနှစ်ဖက်ကို ကား၍ လက်ခုပ်တီးရင်း 'ဟုတ်တယ်၊ မှန်တယ်' ဟု လိုက်အော်နေသည်။

ကလင်းကော့က သူ့အင်္ကျီလက်ကို လှမ်းဆွဲလိုက်ပြီးလေသံဖြင့်

"ဟေ့လူ၊ ဘာတွေလိုက်အော်နေတာတုံး၊ စကားပြောနေတဲ့လူက ဆိုရှယ်လစ်ဗျ၊ ပုလိပ်က စောင့်ကြည့်နေတဲ့သူ"

မယ်နီကော့က မျက်လုံးတဖက်ကိုမှိတ်ပြလိုက်ရင်း 'ဟုတ်လား' ဟုမေးပြီး စကားပြန်မရမီ 'မှန်တယ်၊ ထောက်ခံတယ်' ဟု အော်နေပြန်သည်။

"တော်တော့ကွာ၊ ဆိုရှယ်လစ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် မှန်တာကိုပြောရင် ထောက်ခံမှာပဲ"

နောက်ထပ်ပြောသည့် စကားများကို နားထောင်ရင်း ကလင်းကော့သည် မရဲတရဲ ပြုံးလိုက်သည်။ သူ ပွင့်ပွင့်လင်းလင်းပြောရမည့်သူကို လူအုပ်ထဲတွင် လိုက်ရှာကြည့်သည်။ ယုံကြည်စိတ်ချရသည့် မျက်နှာမျိုးကို မြင်လိုက်သည်။ ပြောတော့မည်စိတ်ကူးပြီးမှ 'မဖြစ်သေးပါဘူးလေ၊ တော်တော်ကြာ ငါပြောလို့ ငါ့ကို စုံထောက်လို့ သင်္ကာမကင်းဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ' ဟု တွေးပြန်သည်။

လောကတွင် ကမ္ဘာသစ်ကြီးတခုကို တည်ဆောက်ဖို့လိုကြောင်း တော်လှန်ရေးသမားများက ပြောသည့်အခါတွင် ငယ်ငယ်တုန်းက သူစိတ်ကူးခဲ့သည်များကို ပြန်၍အမှတ်ရလာသည်။ သို့ရာတွင် သူ့ဝိညာဉ်သည် ညစ်ပတ်ပေကျံနေပြီ။ ပျော့ညံ့နေပြီ။ ညစ်ပတ်၍ ပျော့ညံ့နေသည့် သူ့ဝိညာဉ်တွင် ယုံကြည်မှုသည် ကောင်းစွာ အမြစ်မတွယ်နိုင်တော့ပြီ။ သူ့ဝိညာဉ်သည် ညစ်ညမ်းသည့် အာရုံများ အောက်တွင် နစ်မြုပ်ကာ အကြောက်တရားတို့သည် အဆိပ်တို့ဖြင့် ပြည့်နေပြီ။ သူ့ဝိညာဉ်သည် ခြေခွင်ခွင်၊ မျက်တွင်းဟောက်ပက်ဖြင့် အဝေးသို့ ငေးနေသည့် အရိုးပျော့ရောဂါစွဲနေသည့် ကလေးငယ်ကဲ့သို့ ဖြစ်နေပြီ။

သူသည် သူတို့ပြောသည့် ဟောသည့်တရားများ၊ စကားများကို ယုံသည်။ သို့ရာတွင် လူတွေကို မယုံတော့ပြီ။ ကြောက်နေသည့် ပွဲကြည့်ပရိသတ်တယောက်အဖြစ် သူသည် မြစ်တမြစ်၏ကမ်းပါး တွင် လျှောက်နေမိသည်။ သို့ရာတွင် သူ့ဝိညာဉ်ကို သန့်ရှင်းစင်ကြယ်အောင် လုပ်ချင်စိတ် မရှိတော့။

သို့တိုင်အောင် သူသည် လမ်းမတကာတွင် စုံထောက်တွေပြည့်နေသည့် လမ်းမပေါ်သို့ ရောက်သည့် အခါ သူတို့သည် သူစိမ်းတရံဆံတွေ ဖြစ်သွားကြသည်။ တယောက်ကိုတယောက် နှုတ်ဆက်ခြင်း မပြုကြ။ မျက်မှောင်ကြီးတွေကုတ်ကာ တိတ်ဆိတ်နေကြသည်။ တယောက်ကိုတယောက် သင်္ကာမကင်းသည့်အကြည့်ဖြင့် ကြည့်ကြသည်။ တနေရာမှ အန္တရာယ် ပေါ်ပေါက်လာမည်ဟု အမြဲပြင်ဆင်ထားကြရသည်။

'စိန့်ပီတာစဘတ်က မင်းညီမင်းသားတွေရဲ့အစည်းအဝေးနဲ့ ပတ်သက်လို့ နောက်ထပ် ဘာထူးသေး သလဲ' ဟု ကရာဆာဗင်က နေ့တိုင်း မေးတတ်သည်။

တနေ့တွင် ပြိုရ်တာက ဝမ်းသာအားရဖြင့်

"ဟေ့လူတွေ၊ ရှာရှာကိုတော့ စိန့်ပီတာစဘတ်ဌာနချုပ်က ခေါ်လိုက်ပြီဗျ၊ ဒီလူ ဟိုရောက်ရင် တခုခုတော့ ထူးခြားမှာ အမှန်ပဲ" ဟုပြောသည်။

နှာခေါင်းကောက်ကောက်၊ ဆံပင်နီနီနှင့် စုံထောက်ဗျာဟီရက်က

"တော်လှန်ရေးသမားတွေကို ပြန်တိုက်ဖို့ ရုရှားပြည်သူများအသင်းကို လက်နက်ကိုင်တပ်တွေ ဖွဲ့ခွင့် ပြုလိုက်ပြီတဲ့၊ ကျုပ်လည်း အဲဒီလက်နက်ကိုင်တပ်တွေထဲ ဝင်လိုက်တော့မယ်၊ ကျုပ်က သေနတ်ပစ် ဖြောင့်တယ် မဟုတ်လားဗျ"

"ပစ္စတိုကတော့ ကိုင်လို့လည်း လွယ်တယ်မဟုတ်လား၊ ကိုယ်ပစ်ချင်ရာကိုပစ်ပြီး ထွက်ပြေးလို့လည်း ရတာပေါ့"

'သြော်၊ သူများတော့ လွယ်လိုက်ကြတာ၊ လူတယောက်ကိုပစ်တာမျိုး ထမင်းစားရေသောက် ကိစ္စ ကျနေတာပဲ' ဟု ကလင်းကော့ တွေးနေသည်။ သူသည် အော်လဂါနှင့် ယာကွတ်တို့ကို အမှတ်ရလာ သည်။ သို့ရာတွင် စိတ်ထဲမှ အတင်းမောင်းထုတ်ပစ်လိုက်သည်။ ရှာရှာသည် စိန့်ပီတာစဘတ်မှ ပြန်လာ၏။ ကျန်းမာရေးလည်း တိုးတက်ကောင်းမွန်လာသည်။ မျက်လုံးများက အရောင်လက်လာ သည်။ သူ့ခန္ဓာကိုယ်သည် ဖြောင့်မတ်လာသည်။ အသားအရေ စိုပြည်လာသည်။

"ကျုပ်တို့ ဘာလုပ်ကြမလဲ"

ပြိုရ်တာက မေး၏။

"နောက်တော့ သိမှာပေါ့ဗျ"

ရှာရှာက သွားများကိုဖြဲ၍ ပြောလိုက်သည်။

ဆောင်းဦးပေါက်သို့ ရောက်လာသည်။ ခါတိုင်းကဲ့သို့ပင် တိတ်ဆိတ်၍ ပျင်းစရာကောင်းနေသည်။ သို့ရာတွင် လူတွေက ဂရုစိုက်မိဟန်မတူ။ ခါတိုင်းကဲ့သို့ပင် ဆူဆူညံညံစကားပြောလျက် လမ်းမများ ပေါ်သို့ ထွက်လာကြသည်။ ပို၍ရဲတင်းကာ ပို၍ခွန်အားကောင်းလာသည်ဟု ထင်ရသည်။ သူတို့ကို ကြည့်၍ ပြည်သူလူထုများ၏အောင်ပွဲသည် နီးလာပြီဟု ကလင်းကော့စိတ်တွင် ယုံကြည်စပြုလာ သည်။ ကောင်းမွန်သည့်ဘဝသစ်တခုသို့ ရောက်လာလိမ့်မည်ဟုလည်း ကလင်းကော့ မျှော်လင့်နေ သည်။

သို့ဖြင့် လူတွေအားလုံး အလုပ်မလုပ်ဘဲ ရပ်စဲကြသည့် ထူးခြားဆန်းကြယ်သည့် နေ့တနေ့သို့ ရောက်လာသည်။ ရက်စက်၍ အဓိပ္ပာယ်မရှိသည့် နေ့စဉ်ဘဝကြီးသည် တစုံတခုသော ခွန်အား ကောင်းသည့် အရာကြီးတခု တွန်းဖယ်ချလိုက်သည့်နှယ် ရပ်ဆိုင်းသွားသည်။ အလုပ်သမားများက ပေါင်မုန့်ရောင်းရန် ငြင်းဆန်သည်။ ရေ၊ မီး စသည်တို့ပေးရန် ငြင်းဆန်ကြသည်။ ညပေါင်းများစွာ တမြို့လုံး မှောင်ကြီးကျနေသည်။ ရေငတ်ကြသည်၊ ဆာလောင်မွတ်သိပ်ကြသည်။ မှောင်မည်း၍ စိတ်ညစ်စရာ ကောင်းသည့် ထိုညများတွင် အလုပ်သမားများသည် လမ်းတကာလျှောက်ကာ သီချင်း တွေ ဆိုကြသည်။ သူတို့မျက်လုံးများသည် ကလေးများ၏ မျက်လုံးများလို တောက်ပြောင်နေကြ သည်။ သူတို့၏စွမ်းပကားကို ပထမဆုံးအကြိမ် သဘောပေါက်လာကြကာ ထိုစွမ်းပကား၏ အရေးပါ အရာရောက်ပုံကို ကြည့်၍ အံ့အားသင့်နေကြသည်။ လူ့ဘဝတွင် သူတို့၏အခန်းသည် မည်မျှ အရေးကြီးကြောင်းကို သဘောပေါက်လာကြသည်။ သို့ဖြင့် သူတို့သည် အခမ်းအနားများ ကျင်းပကြ သည်။ မည်းမှောင်နေသည့်အိမ်များကို ကြည့်ကြသည်။ အသက်ကင်းမဲ့နေသည့် စက်ယန္တရားကြီး များကို ကြည့်ကြသည်။ ကြောင်တက်တက်ဖြစ်နေသည့် ပုလိပ်သားများ၊ ပိတ်ထားသောဆိုင်များ၊ ထိတ်လန့်နေသောမျက်နှာများ၊ တသက်တွင် တခါမျှ လက်ကြောတင်းအောင် မလုပ်ခဲ့ရသော်လည်း အစားအစာကို ဝလင်စွာ စားသောက်ရသဖြင့် သူတို့ကိုယ်သူတို့ အထက်တန်းလွှာဟု ယူဆကြသော သူများ၏ ပျော့ပျောင်းလာသော သဘောထားများကို အကဲခတ်ကြသည်။ ထိုရက်များ၌ အထက် တန်းစားများလက်မှ တန်ခိုးအာဏာသည် ၎င်းတို့၏ စွမ်းအားမဲ့သော လက်များမှ လျှောကျထွက်ကာ အလုပ်သမားတို့၏လက်သို့ ရောက်လာကြသည်။ သို့ရာတွင် ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုနှင့် ကောက်ကျစ်မှုကား ပျောက်မသွား။ တခါက အမိန့်ကိုသာ ပေးခဲ့ကြသော ထိုလူများသည် ဆာလောင်မွတ်သိပ်သော၊ ဆင်းရဲသော၊ မသန့်ရှင်းသော လူထုများ၏ စိတ်ဆန္ဒအလိုကို တိတ်ဆိတ်စွာ

လိုက်လျှောလာကြရသည်ကို ကလင်းကော့ မြင်ရသည်။ သူတို့သည် သူတို့ အောက်ကျနောက်ကျဖြစ်ရခြင်းကို တတ်နိုင်သမျှ ဖုံးကွယ်ကာ အလုပ်သမားများကို သဘောကျ သည့် ဟန်ဖြင့် ပြုံးပြကြသည်။ ကြောက်ကြောက်ဖြင့် သူတို့ကိုယ်သူတို့ လိမ်ကြသည်။ အတိတ်သည် ပြန်မလာတော့ဟုပင် ကလင်းကော့ ထင်မိသည်။ အရှင်သခင်သစ်များသည် ထကြွလာကြပြီ၊ အကယ်၍သာ လက်ရှိဘဝကြီးကို ရုတ်တရက် ချက်ချင်း ရပ်တန့်ပစ်နိုင်ခဲ့လျှင် သူတို့အတွက် ဘဝသစ်၊ အခြားသူများ၏ ဘဝသစ်နှင့် သူ၏ဘဝသစ်ကိုပင် တည်ဆောက်ပေးနိုင်လိမ့်မည်ဟု ကလင်းကော့ ယုံကြည်နေသည်။

ရက်စက်ကြမ်းကြုတ်သည့် အုပ်စိုးသူဟောင်းများသည် မြို့ကို စွန့်ပစ်ထွက်ပြေးနေကြသည်။ သူတို့သည် အမှောင်ထုအောက်တွင် အရည်ပျော်၍ ပျောက်ကွယ်သွားကြသည်ဟု ထင်ရသည်။ လူများသည် တဦးကိုတဦး ပို၍ ကြင်နာလာကြသည်။ တမြို့လုံး အလင်းရောင်ကင်းမဲ့၍ မှောင်မည်း နေသည့်တိုင် ညများသည် နေ့များလိုပင် ရွှင်လန်းစရာ ကောင်းနေကြသည်။ လှုပ်လှုပ်ရွရွ ဖြစ်နေကြ သည်။

လူများသည် နေရာအနှံ့တွင် စုဝေးကာ အဖြစ်အပျက်များအကြောင်းကို ပွင့်လင်းစွာ၊ ရဲတင်းစွာ၊ စိတ်အားထက်သန်စွာ ပြောကြသည်။ အမှန်တရား အောင်ပွဲခံမည့်အချိန်ကို စောင့်ကြသည်။ အမှန်တရားသည် အောင်ပွဲခံလိမ့်မည်ဟူ၍လည်း မမှိတ်မသုန် ယုံကြည်ကြသည်။ မယုံကြည်သူတို့ကမူ စကားတခွန်းမျှမပြောကြဘဲ လူသစ်များ၏ မျက်နှာများကို ငေးကြည့်ကာ စကားလုံးသစ်များကို နားစွင့်ထောင်နေကြသည်။

လူအုပ်များထဲတွင် စုံထောက်များကို မကြာခဏ ကလင်းကော့ မြင်ရသည်။ ကလင်းကော့သည် သူတို့နှင့်တိုးနေလျှင် မမြင်အောင် ချက်ချင်း ရှောင်ထွက်သွားတတ်သည်။ မယ်နီကော့ကိုမူ မကြာမကြာ တွေ့ရတတ်သည်။ ကလင်းကော့သည် မယ်နီကော့ကို အခြားစုံထောက်များထက် ပို၍ စိတ်ဝင်စားသည်။ သူ့ဘေးတွင် အမြဲ လူတွေ ဝိုင်းနေတတ်သည်။ သူ့အသံအောအောသည် စမ်းချောင်းတခုသဖွယ် လူအုပ်အလယ်တွင် စီးဆင်းနေတတ်သည်။

“ခင်ဗျားတို့ ကြည့်စမ်း၊ လူထုတွေက ဒီလိုဖြစ်စေချင်နေတာ ကြာလှပြီ၊ ခု လူထုတွေဖြစ်စေချင်တဲ့ အတိုင်း ဖြစ်လာပြီမဟုတ်လား၊ လူထုဟာ စိတ်ဆန္ဒရှိလာပြီဆိုရင် အရာရာကို သူတို့လက်ထဲမှာ ချုပ်ကိုင်တော့တာပဲ၊ ဟုတ်တယ်၊ လူထုဟာ တန်ခိုးစွမ်းပကား ဖြစ်တယ်၊ လူထုဟာ အင်အား ဖြစ်တယ်၊ အဲဒါကို ခင်ဗျားတို့ မြဲမြဲမှတ်ထားကြ၊ ကိုယ့်လက်ထဲရောက်လာတဲ့အရာကို ဘယ်တော့မှ ပြန်ပြီးလက်လွှတ်မခံနဲ့၊ အဲဒါကို ခင်ဗျားတို့ မြဲမြဲသတိထားကြ၊

အရှင်သခင်တွေရဲ့ ကောက်ကျစ် စဉ်းလဲမှုကို သတိထားကြ၊ သူတို့ကို မောင်းထုတ်ကြ၊ ငြင်းဆန်ရင်း သူတို့ကို ချေမှုန်းပစ်ကြ၊ သူတို့လက်က ရုန်းထွက်ကြ”

‘အရင်တုန်းကဆိုရင် ဒီလိုစကားမျိုး ဘယ်ပြောလို့ရမလဲ၊ ပြောရင် ထောင်ထဲတန်းရောက်သွားမှာပေါ့၊ ခုတော့ ကြည့်စမ်း၊ ဘယ်လောက်ရဲလိုက်ကြသလဲ၊ ဘယ်သူ့ရှေ့မှာမှ မရှောင်တော့ဘူး’ ဟု ကလင်းကော့ တွေးနေသည်။

ကလင်းကော့သည် မနက်မိုးလင်းမှသည် ညမိုးချုပ်သည်အထိ လူတွေကြားထဲသို့ လျှောက်သွားနေ သည်။

တခါတရံတွင် သူကိုယ်တိုင်လည်း ထိုစကားမျိုးများကို ပြောလိုက်ချင်သည်။ သို့ရာတွင် ပြောချင်စိတ် ပေါ်လာသည်နှင့် လူအုပ်ထဲတွင် မနေတော့ဘဲ လူသူကင်းရှင်းသည့် လမ်းကြားတခုထဲသို့ ချိုးဝင် လာကာ ချောင်ကလေးတချောင်ထဲတွင် အချိန်အတန်ကြာမျှ ကုပ်နေသည်။

‘ငါ့ပါးစပ်ကို ဟလိုက်တာနဲ့ တပြိုင်နက် ငါ့ကို မှတ်မိကြတော့မှာပဲ၊ အေးလေ ငါလည်း စကားတွေ အများကြီး ပြောခဲ့ပြီပဲ’ ဟု သူ့ကိုယ်သူ နှစ်သိမ့်သည်။

တည လမ်းတလမ်းတွင် လျှောက်နေစဉ် အိမ်ဝင်းတဝင်းအဝတွင် ပုန်းကွယ်၍ အမဲရိုးမျှော်သည့် ခွေးတကောင်လို ပြတင်းဝကို လှမ်းမျှော်ကြည့်နေသည့် မာလာကော့ကို မြင်လိုက်ရသည်။

“မာလာကော့ ကျွန်တော် ဘာလုပ်ပေးရမလဲ”

ကလင်းကော့က မေးလိုက်သည်။

“အတော်ပဲကွာ၊ ကိုယ့်နေရာကို ခဏလောက်ဝင်ပေးပါလား"

မာလာကော့က ခပ်တိုးတိုးပြောလိုက်သည်။ သူ့အသံသည် ခါတိုင်းနှင့် မတူသဖြင့် တခုခု အရေးတကြီးဖြစ်နေပြီဟု ကလင်းကော့တွေးမိသည်။

“ဟင့်အင်း၊ မလိုပါဘူး၊ မင်းအလုပ်ကို မင်းသွားလေ”

ခါတိုင်း သပ်သပ်ရပ်ရပ် ဝတ်လေ့ရှိသည့် မာလာကော့သည် ယနေ့ညတွင် အဝတ်အစား ဖိုသီဖတ်သီ ဖြစ်နေ၏။ ပြောင်လက်နေအောင် ဖြီးလေ့ရှိသည့် ဆံပင်သည် နဖူးပေါ်တွင် ဖရိုဖရဲ ဝဲကျလျက်ရှိ၏။ သူ့ပါးစပ်မှ အရက်နံ့ကလည်း ထောင်းထောင်းထနေသည်။

“ဒါဖြင့် ကျွန်တော်သွားမယ်”

ကလင်းကော့က ဦးထုပ်ကိုမြှောက်၍ နှုတ်ဆက်ပြီး ထွက်လာသည်။ သို့ရာတွင် ခြေလှမ်းအနည်းငယ် လှမ်းမိသည့်အခါ၌ နောက်မှ ခပ်တိုးတိုး ခေါ်သံကို ကြားလိုက်ရသဖြင့် ခြေလှမ်းများကို တုံ့လိုက် သည်။

"ကလင်းကော့ ခဏ"

ကလင်းကော့က နောက်သို့ ပြန်လှည့်လိုက်၏။ မာလာကော့သည် ခြေသံမကြားရဘဲ သူ့အနီးသို့ ချက်ချင်း ရောက်လာသည်။

"တို့နှစ်ယောက် ခဏလောက် လျှောက်ကြရအောင်ကွာ"

တော်တော်မှုးနေပြီဟု ကလင်းကော့ တွေးလိုက်သည်။

"ဒီအိမ်မှာ ဘယ်သူနေသလဲဆိုတာ မင်းသိသလား၊ စာရေးဆရာ မီရိုနေ့ရဲ့အိမ်လေကွာ၊ သူ့ကို မှတ်မိတယ် မဟုတ်လား"

ကလင်းကော့က အိမ်ဆီသို့ လှည့်ကြည့်ရင်း မေးလိုက်သည်။

"မှတ်မိတယ်"

"မင်းဘယ်မမှတ်မိဘဲ ရှိပါ့မလဲ၊ မင်းကို အရူးလုပ်လွှတ်သေးတာပဲ"

"ဟုတ်တယ်"

သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာ လျှောက်လာခဲ့ကြ၏။ လမ်းကျဉ်းကျဉ်းကလေးသည် တိတ်ဆိတ်၍ လူသူကင်းလျက်ရှိသည်။ မာလာကော့က သူ့ဦးထုပ်ကို ပြင်ဆောင်းလိုက်ပြီး အင်္ကျီကို ကြယ်သီးပြင်တပ်လိုက်ရင်း

"အဲဒီဘက်ကို ခဏပြန်ပြီး လျှောက်ကြရအောင်ကွာ၊ ငါလည်း အာဂျင်တီးနားကို သွားတော့မလို့ကွ"

သူ့အသံထဲတွင် စိတ်ပျက်သံပါနေသည်ကို ကလင်းကော့ သတိပြုလိုက်မိသည်။ သူကိုယ်တိုင်လည်း ကြောင်တက်တက်ဖြစ်နေသည်။

"ဘာဖြစ်လို့"

"အကြောင်းရှိလို့ပေါ့ကွာ"

မာလာကော့သည် စာရေးဆရာအိမ်ရှေ့သို့ရောက်သည့်အခါတွင် ရပ်လိုက်ပြီး မီးလင်းနေသည့် ပြတင်းပေါက်ကို ငေးကြည့်နေသည်။ အိမ်ကြီး၏

မျက်နှာမည်းမည်းပေါ်မှ မျက်လုံးကြီးတလုံးပမာ ပြတင်းပေါက်ကြီးသည် မီးရောင်များကို အမှောင်ထဲသို့ ဖြာထွက်လျက်ရှိ၏။ မည်းမှောင်သည့် ရေထုကြီးထဲက ကျွန်းကလေးတကျွန်းနှင့်လည်း တူနေသည်။

"အဲဒါ စာရေးဆရာ မီရိုနေ့ဲ့ရဲ့ အခန်းပဲ၊ ညဆိုရင် တညလုံး စာရေးတတ်တယ်"

လူတသိုက်လျှောက်လာသဖြင့် သူတို့နှစ်ယောက်သည် ခပ်တိုးတိုး သီချင်းဆိုလိုက်ကြသည်။

"အဆုံးသတ်တိုက်ပွဲ နွဲ့ဆင်မလေ"

သီချင်းသံသည် တိတ်ဆိတ်သည့်ညတွင် ကျယ်လောင်နေသည် ထင်ရ၏။

"ဟိုဘက်ကို ကူးလိုက်ရရင် မကောင်းဘူးလား"

ကလင်းကော့က မေးသည်။ မာလာကော့သည် ရွှံ့တွေထဲက ဖြတ်ကူးသွားရင်း

"ကြောက်သလားကွ၊ ဘာမှကြောက်စရာမရှိပါဘူး၊ သူတို့သီချင်းက တိုက်တာ ဖိုက်တာတွေပါပေမဲ့ လူတွေက လူကောင်းတွေပါ၊ သူတို့အထဲမှာ လူ့တိရစ္ဆာန်တွေ မရှိပါဘူး၊ တနေရာရာ၊ ဒါမှမဟုတ် အရက်ဆိုင်ကလေးတဆိုင်ထဲသွားပြီး ထွေးထွေးနွေးနွေး ထိုင်နေရရင် ဘယ်လောက် ကောင်းမလဲ ကွာ၊ ဒါပေမဲ့ ခက်တာက ဘယ်အရက်ဆိုင်မှ မဖွင့်တော့ဘူး၊ အကုန်ပိတ်ထားကြပြီ"

"ဒါဖြင့်လည်း အိမ်ပြန်မယ်ဗျာ"

ကလင်းကော့က ပြောသည်။

"ဟင့်အင်း၊ အိမ်တော့မပြန်သေးဘူးကွာ"

ကလင်းကော့သည် မလှုပ်မယှက်ရပ်နေသည်။ မာလာကော့က ကလင်းကော့ကို တံတောင်ဖြင့် တွတ်လိုက်ရင်း

"မင်းက ဘယ်လိုစုံထောက်မျိုးလဲကွ၊ ငါ မင်းကို တချိန်လုံး အကဲခတ်ကြည့်နေတာ၊ မင်းမျက်နှာကို ကြည့်ရတာက အော်ဂလီဆန်ပြီး အန်တော့မယ့် မျက်နှာမျိုး"

သူ့အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောခွင့်ကြုံသဖြင့်

ကလင်းကော့ဝမ်းသာသည်။

"ကျွန်တော်လည်း အခြေအနေ နေသားတကျဖြစ်ရင် ပြန်တော့မယ်ဗျာ၊ အလုပ်အကိုင် ကောင်းကောင်းကလေးတခုရှိပြီး အေးအေးဆေးဆေး နေတော့မယ်လို့ စိတ်ကူးထားတယ်"

"နေသားတကျဖြစ်ရင်ဆိုတာ ဘာကိုပြောတာလဲကွ"

"ဪ နောက်အစိုးရသစ်တက်လာလို့ အခြေအနေတွေ ကောင်းသွားရင် ပြောတာပါ၊ လူထုတွေ ကိုယ်တိုင်က သူတို့ကံကြမ္မာကို သူတို့ကိုယ်တိုင် ဖန်တီးလာတဲ့အခါ ဆိုပါစို့ဗျာ"

'အင်း' ဟု မာလာကော့က ညည်းကာ ပြုံးနေသည်။ သူ့အပြုံးကြောင့် ကလင်းကော့သည် သူ့အကြောင်း ပြောချင်စိတ်ကလေးပင် ပျောက်သွားသည်။

သူတို့နှစ်ယောက်သည် အတန်ကြာ တိတ်ဆိတ်နေကြသည်။ စာရေးဆရာအိမ်နားသို့ ရောက်လာ သည့်အခါ၌ မာလာကော့က 'ငါလည်း သွားတော့မယ်ကွာ၊ ရှုရှားပြည်က တခါတည်းအထွက်ပဲ၊ ဒီတော့ ငါမသွားခင်မှာ စာရေးဆရာကို စာရွက်တချို့ ပေးခဲ့ချင်တယ်။ ဒီ အထုပ်'

ကလင်းတော့ မျက်နှာရှေ့သို့ အထုပ်တထုပ်ကို ထောင်ပြသည်။

"ဒီအထုပ်ကို ငါကိုယ်တိုင် သွားမပေးချင်ဘူးကွာ၊ သူ ထွက်လာမလားလို့ လာစောင့်နေတာ နှစ်ရက် ရှိသွားပြီ၊ ဒါပေမဲ့ ခက်တာက စာရေးဆရာက နေမကောင်းနေတော့ အပြင်ဘက်ကို မထွက်ဘူးကွ၊ အထုပ်ကို စာတိုက်ကပို့လို့လည်း မဖြစ်ဘူး၊ စာတိုက်က သူ့စာဆိုရင် အမြဲဖောက်ဖတ်တယ်၊ ပြီးတော့ လုံခြုံရေးဌာနကို ပို့ရတယ်၊ ငါကိုယ်တိုင် အိမ်ထဲဝင်ပေးလို့လည်း မကောင်းဘူး"

မာလာကော့သည် အထုပ်ကို ရင်တွင်အပ်ထားလိုက်ပြီး ကလင်းကော့၏မျက်နှာကို ငုံ့ကြည့်နေသည်။

"ငါ့ဘဝဟာ ဒီအထုပ်ပေါ်မှာ တည်နေတယ်၊ ငါ့အတ္ထုပ္ပတ္တိ ဘာလဲ၊ ဘာကြောင့် ဒီဘဝမျိုးကို ရောက်ရသလဲဆိုတာတွေ အကုန်ပါတာပေါ့ကွာ၊ ဒီအကြောင်းတွေကို သိစေချင်တယ်၊ လူထုတွေ အကြောင်းကို သိတယ်၊ လူထုကို ချစ်တယ်၊ ငါကိုယ်တိုင်လည်း သွားလို့မဖြစ်ဘူး၊ စာတိုက်က ပို့လို့လည်း မဖြစ်ဘူး၊ စာတိုက်ကပို့ရင် လုံခြုံရေးဌာနကို ရောက်မှာပဲ"

မာလာကော့သည် ကလင်းကော့၏ ပခုံးကိုကိုင်လှုပ်လိုက်ရင်း

“သွားကွာ၊ မင်း ဝင်ပေးချေ၊ သူ့လက်ထဲကို ထည့်ခဲ့၊ ပြီးတော့”

မာလာကော့သည် စကားကိုဖြတ်လိုက်၏။

“ပြီးတော့ လုံခြုံရေးဌာနက အေးဂျင့်တယောက် ပေးလိုက်တယ်လို့ပြော၊ ကျေးဇူးပြုပြီး ဒီစကားလုံး ကို ထည့်သုံးနော်၊ ကျေးဇူးပြုပြီး ဖတ်ပေးပါလို့ တောင်းပန်လိုက်တယ်ဆိုတာကိုလည်းပြော၊ ငါ ဒီနားကစောင့်နေမယ်၊ ဒါပေမဲ့ ငါရှိတယ်ဆိုတာကိုတော့ မပြောလိုက်နဲ့နော်၊ ငါ့ကိုမေးရင် ရုရှားပြည် က ထွက်သွားပြီလို့ ပြောလိုက်၊ အာဂျင်တီးနားကို ထွက်သွားပြီလို့၊ ငါပြောတာ မှတ်မိရဲ့လား၊ မှတ်မိရင် ပြန်ပြောစမ်း”

“ခင်ဗျား တကယ်သွားတော့မယ်ပေါ့”

“ကျေးဇူးပြုပြီး ဖတ်ပေးပါဆိုဟာ သေသေချာချာ ပြောနော်”

သူက ကလင်းတော့ကို အသာတွန်းလွှတ်လိုက်သည်။ ထို့နောက် ခပ်သုတ်သုတ်လျှောက်သွားကာ ကလင်းကော့ကို စောင့်ကြည့်နေသည်။

မာလာကော့၏စကားများကြောင့်လည်းကောင်း မာလာကော့၏အမိန့်သံပါသော တိုက်တွန်းချက် ကြောင့်လည်းကောင်း၊ ကလင်းကော့သည် သူ့ကိုယ်သူ မေ့နေသည်။ သူသည် တံခါးပေါက်က ခေါင်းတင်းကို နှိပ်လိုက်သည်။ တံခါးပွင့်လာသည်နှင့် မာလာကော့ မမြင်အောင် ကြမ်းပြင်ပေါ်တွင် လေးဖက်ထောက်၍ အခန်းထဲသို့ ဝင်သွားချင်သည်။ တံခါးပွင့်လာ၏။ အလင်းရောင်ထိန်နေသည့် တံခါးပေါက်တွင် အရပ်ရှည်ရှည် မည်းမည်းကြီး ပေါ်လာကာ

‘ဘာကိစ္စလဲ’ ဟု မေးသည်။

“စာရေးဆရာ မီရိုနော့နဲ့ တွေ့ချင်လို့ပါ၊ ကျွန်တော့်ကို ဒီအထုပ်လေး ပေးပေးပါပြောလို့ လာပေး တာပါ၊ မြန်မြန်လေး ခင်ဗျာ”

ကလင်းကော့သည် မာလာကော့ပြောသည့်လေသံမျိုးဖြင့် ခပ်သုတ်သုတ် ပြောလိုက်သည်။ သူ့ဦးနှောက်ထဲတွင် ဘာကိုမျှ သဲကွဲစွာ မတွေးနိုင်။ မာလာကော့၏ စကားများကိုသာ ကြားယောင် နေသည်။

“မင်းကို ကျုပ် ဘာလုပ်ပေးနိုင်မလဲ”

အသံအောအောကို ကြားလိုက်ရသည်။ ကလေးငယ်တယောက် ကြောက်ကြောက်နှင့် သင်ခန်းစာ ရွတ်သလို ကလင်းကော့က

“လုံခြုံရေးဌာနက အေးဂျင့်တယောက်က ပေးခိုင်းလိုက်လို့ပါ၊ ခု ဒီ အထုပ်ထဲမှာပါတဲ့ စာတွေကို ကျေးဇူးပြုပြီး ဖတ်ပေးပါတဲ့၊ သူကတော့ မရှိတော့ပါဘူး၊ အာဂျင်တီးနားကို ထွက်သွားပါပြီ”

“ဘယ်မှာလဲ၊ သူ့စာရွက်တွေက”

အသံက ကြင်နာသနားဟန်ပေါက်သည်။ ကလင်းကော့သည် သူ့ကို မော့ကြည့်လိုက်၏။ နှုတ်ခမ်းမွေး နီနီနှင့် စစ်သားရုပ်ပေါက်နေသည့်မျက်နှာကို မြင်ရသည်။ အထုပ်ကို အိတ်ထဲမှထုတ်ပြီး စာရေးဆရာ ကို လှမ်းပေးလိုက်သည်။

“ထိုင်လေကွာ”

ကလင်းကော့သည် ထိုင်လိုက်၏။ ခေါင်းကိုငုံ့ထားသည်။ အထုပ်ကို ဖြဲ၍ဆုတ်နေသံကြောင့် လန့်၍ ခုန်လိုက်မည်ပြုသည်။ ခေါင်းကိုအောက်သို့ စိုက်ထားရင်းက စာရေးဆရာ၏ မျက်နှာကို လှမ်းကြည့် နေသည်။ မီးရှိနေ့သည် ရှေ့တွင်ရပ်ရင်း စာရွက်များကိုဖတ်နေသည်။ သူ့နှုတ်ခမ်းမွေးများသည် တုန်နေကြသည်။

“ရှုရှားက ထွက်သွားပြီ ဟုတ်လား”

“ဟုတ်ပါတယ်”

“မင်းကကော စုံထောက်ပဲလား”

“ဟုတ်ပါတယ်”

သူ့ကို ဘုမှုတ်တော့မည်ဟု ကလင်းကော့ ထင်လိုက်သည်။

“မင်းကို မြင်ဖူးသလိုလိုပဲ”

ကလင်းကော့သည် သူ့ကိုမကြည့်ဘဲ မျက်နှာကိုလွှဲထားလိုက်၏။

စာရေးဆရာသည် သူ့ကိုပြုံးကြည့်နေမှန်း သူသိလိုက်သည်။

“ဟုတ်ကဲ့၊ မြင်ဖူးလိမ့်မယ် ထင်ပါတယ်”

ကလင်းကော့က သက်ပြင်းချ၍ ပြောလိုက်သည်။

“ဘာလဲ၊ မင်းလည်း ငါ့နောက်ကိုလိုက်ရသလား”

“တခါလိုက်ဖူးပါတယ်၊ တခါတုန်းက ဆရာပြတင်းပေါက်နားမှာ ရပ်နေတာကို ကျွန်တော် မြင်လိုက် ဖူးပါတယ်၊ နောက်တော့ ဆရာ

လမ်းမကိုဆင်းလာပြီး ကျွန်တော့်ကို စာတစောင်ပေးသေးတယ်လေ”

“အား၊ ဟုတ်ပြီ၊ ကျုပ် သတိရပြီ၊ လက်စသတ်တော့ အဲဒါ မင်းကိုး၊ မင်းကိုတောင် ကျုပ် ဘုပြောလွှတ်လိုက်သေးတယ်ထင်တယ်”

ကလင်းကော့သည် ထိုင်ရာမှထ၏။ ပြုံးရယ်လျက်ရှိသောမျက်နှာကို ကြည့်၍ မယုံနိုင်အောင် ဖြစ်နေသည်။ ကလင်းကော့သည် ဘေးပတ်ပတ်လည်ကို ကြည့်လိုက်သည်။

“ဟုတ်ပါတယ်”

စာရေးဆရာ၏အသံသည် ကြမ်းတမ်းသော်လည်း ကရုဏာသံပေါက်နေ၏။ သူ့ကို ဆဲရေးတိုင်းထွာ ကာ အိမ်ထဲမှနှင်ထုတ်မည်လောဟု ကလင်းကော့ စိုးရိမ်နေသည်။

“ကျုပ်တို့နှစ်ယောက် ဒီတခါတွေ့ပုံကတော့ တော်တော်ထူးဆန်းတယ်နော်”

“ဒါပဲလားခင်ဗျ”

“ဒါပါပဲ၊ မင်း တော်တော်ပင်ပန်းနေပုံရတယ်၊ ခဏလောက်ထိုင်ပြီး အမောဖြေပါဦးလား”

“ကျွန်တော် ပြန်တော့မယ်ခင်ဗျ”

“ဒီလိုဆိုရင်လည်း သဘောပဲလေ”

စာရေးဆရာက အမွေးနီတွေဖုံးနေသည့် လက်ကြီးတဖက်ကို ထိုးပေးသည်။ ကလင်းကော့သည် မထရဲသည့်နှယ် လက်ဆွဲနှုတ်ဆက်လိုက်ပြီးနောက်

“ကျွန်တော့်ဘဝအကြောင်းလေးကိုလည်း ပြောပြချင်ပါတယ်၊ ဆရာဟာဖြင့် ကျွန်တော်ပြောသင့်တဲ့ လူတယောက်ပဲဆိုတာ ယုံကြည်လို့ ကျွန်တော် ပြောတာပါ”

‘ကျွန်တော့်ဘဝကြောင်းလေးကိုလည်း ကျွန်တော်ပြောချင်ပါတယ်’ ကလင်းကော့၏ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။ ‘ဒီလူကတော့ ငါ့အတွင်းရေးကို ဖွင့်ပြောသင့်တဲ့ လူတယောက်ပဲ၊ မာလာကော့က ဒီလူကို တော်တော်လေးစားတယ်၊ ပညာလည်းရှိတယ်၊ သူတို့အထဲမှာတော့ လူတော် တယောက်ပဲ’ ဟုတွေးနေသည်။

မာလာကော့ကို အမှတ်ရလာသဖြင့် ကလင်းကော့သည် ပြတင်းပေါက်မှ အပြင်သို့ ငုံ့ကြည့်လိုက် သည်။ သူ့ကို စောင့်နေတော့မည်ဟု စိုးရိမ်လာသည်။ ‘ကိစ္စမရှိပါဘူးလေ၊ ဒီလောက်တော့ သူလည်း အအေးထဲစောင့်နေကျပဲဟာ’ ဟု

တွေးလိုက်သည်။

“အို ပြောပါ ပြောပါ၊ မင်း ပြောချင်တယ်ဆိုရင် ရပါတယ်၊ မင်းအပေါ်အင်္ကျီကို ချွတ်လိုက်ပါဦးလား၊ လက်ဖက်ရည်လေးဘာလေးလည်း သောက်ကွာ၊ တော်တော်အေးတယ်”

ကလင်းကော့ ပြုံးချင်လာသည်။ သို့ရာတွင် ချုပ်တည်းထားလိုက်၏။ မိနစ်အနည်းငယ်ကြာသည့် အခါတွင် ကလင်းကော့သည် သူ့ဘဝအကြောင်းကို အသေးစိတ်ပြောလျက်ရှိလေသည်။ သူတို့ရွာ အကြောင်း၊ သူ့ညီအစ်ကို ဝမ်းကွဲ ယာကွတ်အကြောင်း၊ သူ့ဦးလေး ပန်းပဲဆရာအကြောင်း။

လုံခြုံရေးဌာနသို့ အစီရင်ခံသည့်လေသံမျိုးဖြင့် သူ့ဘဝအကြောင်းကို ပြန်ပြောနေသည်။

စာရေးဆရာသည် စားပွဲကြီးတလုံးအနီးက ကုလားထိုင်ကြီးတလုံးတွင် ထိုင်နေသည်။ ခြေတဖက်ကို အပေါ်သို့တင်ထားပြီး လက်တဖက်က စားပွဲပေါ်သို့ ထောက်ထားသည်။ လျင်မြန်သွက်လက်သည့် လက်ချောင်းများ၏လှုပ်ရှားမှုဖြင့် နှုတ်ခမ်းမွေးများကို လိမ်နေသည်။ ဖယောင်းတိုင်နှစ်တိုင်မှ မီးရောင်သည် ခေါင်းတုံးဆံတောက်ညှပ်ထားသည့် သူ့ခေါင်းပေါ်သို့ ဖြာကျလျက်ရှိ၏။ သူ့မျက်လုံးများသည် တောက်ပထက်သန်လျက် ရှိသော်လည်း အဝေးကို ငေးကြည့်နေကြသည်။

‘ငါပြောတာကို နားထောင်တာ မဟုတ်ပါဘူး’ ကလင်းကော့ တွေးမိသည်။ ကလင်းကော့သည် ခေါင်းကိုမော့၍ကြည့်လိုက်ပြီး အခန်းထဲက အရာဝတ္ထုများကို အကဲခတ်နေသည်။ ထို့နောက် စာရေးဆရာ၏ မျက်နှာကို ကြည့်နေသည်။

အခန်းမှောင်ပြီး စိတ်ညစ်စရာကောင်းနေသည်။ စာအုပ်တွေ အပြည့်တင်ထားသည့် စာအုပ်စင်များ ကြောင့် နံရံသည် ပို၍ ထူနေသည်ဟု ထင်ရ၏။ ထို့ကြောင့်လော မသိ၊ လမ်းမမှ အသံဗလံများကို သဲ့သဲ့သာ ကြားရသည်။ စာအုပ်စင်များကြားမှ ပြောင်လက်နေသော ပြတင်းပေါက်မှန်များကို မြင်ရ သည်။ မှန်ပြတင်းပေါက်နောက်တွင် အမှောင်ထု ကြီးစိုးနေသည်။ တံခါးဖြူဖြူကို လှမ်းမြင်နေရ သည်။ အခန်းအလယ်ကောင်တွင် စားပွဲတလုံး၊ သက္ကလတ်စိမ်း ဖုံးလျက်။ ပတ်ပတ်လည်က အမှောင် ထဲတွင် အရည်ပျော်ဝင်သွားတော့မည့်နှယ်။

ကလင်းကော့သည် အခန်းထောင့်ရှိ သားရေမာမာ အုပ်ထားသည့် ကုလားထိုင်တလုံးတွင် ဝင်ထိုင် လိုက်သည်။ အဘယ်ကြောင့်မသိ၊ သူ့ခေါင်းကို ကုလားထိုင်နောက်မှီပေါ်သို့ တင်ပြီး မှေးထားလိုက် သည့်အခါတွင် သူ့ခေါင်းသည် အငြိမ်မနေဘဲ ဘေးသို့ စောင်းသွားတတ်သည်။ ဖယောင်းတိုင် မီးတောက်များက သူ့ကို အနှောင့်အယှက်ပေးလျက်ရှိ၏။ လျှာဝါဝါကလေးသည် တိတ်တဆိတ်

စကားပြောနေသည်ဟု ထင်ရသည်။ ထို့နောက် လျှာဝါဝါနှစ်ခုသည် တချီချီတွင် ပူးကပ်သွားကြ၏။ နောက်ပြန်ခွာသွားကြ၏။ နောက်ကိုယ်ကို မတ်မတ်ထားကာ မျက်နှာကြက်ကိုကြည့်၍ အရပ်ချင်း ပြိုင်နေကြသည်။

စာရေးဆရာ၏နောက်နံရံတွင် ချိတ်ထားသည့် ပုံတူပန်းချီကားကြီးတခုရှိသည်။ မုတ်ဆိတ်ချွန်ချွန်၊ မျက်နှာဝါဝါနှင့်လူသည် ပုံတူကားထဲမှာနေ၍ သူ့ကို ငုံ့ကြည့်နေသည်။

စာရေးဆရာသည် သူ့နှုတ်ခမ်းမွေးများကို အားရပါးရ ကျစ်နေသည်။ သို့ရာတွင် သူ့မျက်လုံးများကမူ အခန်းကိုကျော်ကာ အပြင်ဘက်သို့ကြည့်နေသည်။ ထို့ကြောင့် ကလင်းကော့သည် အတွေးပျက်သွား ကာ သူ့အတွေးများသည် ရောက်ချင်ရာသို့ ရောက်နေကြသည်။ သူ့မျက်လုံးများသည် ဘာကိုမှ ကောင်းစွာ မမြင်ရတော့။ သူသည် မျက်လုံးများကို မှိတ်ထားလိုက်သည်။ တဖြည်းဖြည်းနှင့် သူ့မျက်စိထဲတွင် အမှောင်ထုကြီးစိုးလာသည့်အခါကျမှ ကလင်းကော့သည် စိတ်သက်သာရာ ရသွားကာ သက်ပြင်းကြီးကိုချလိုက်သည်။ ရုတ်တရက် သူ့ခန္ဓာကိုယ်သည် နှစ်ပိုင်းပြတ်ထွက်သွား သည်ဟု ထင်လိုက်ရ၏။ တပိုင်းက ကိုယ်တိုင်ကိုယ်ကျ ပါဝင်လှုပ်ရှားခဲ့သည့်လူ၊ နောက်တပိုင်းက ထိုအကြောင်းကို ပွဲကြည့်ပရိသတ်တယောက်ပမာ ပြန်ပြောင်းပြောပြနေသည့်လူ။ ကလင်းကော့ သည် လျှာပို၍ သွက်လာ၏။ သူ့ဘဝသည် သိုးမွေးချည်လုံးကလေးတလုံး လိမ့်လာသလို ချောချော မောမော၊ လွယ်လွယ်ကူကူဖြင့် သူ့ပါးစပ်မှ အမျှင်မပြတ် ထွက်လာသည်။ သူ့ဘဝအကြောင်းကို ပြန်ပြောလိုက်ရသဖြင့် ကလင်းကော့၏ရင်သည် ပေါ့သွား၏။ အားနည်းဖျော့တော့သည့် ဝိညာဉ်သည် အတွေ့အကြုံတည်းဟူသော အစုတ်အပြတ်ပုံကြီးထဲမှ လွတ်ကျွတ်လာ၏။ ကလင်းကော့သည် သူ့ဘဝအကြောင်းကို ပြောရသဖြင့် ကြည်နူးနေသည်။ သူ့အသံကို တအံ့တသြ ပြန်၍ နားထောင် သည်။ သူ့ဘဝအကြောင်းကို အမှန်အတိုင်း ပြန်ပြောသည့်အခါ၌ သူသည် အပြစ်တစုံတရာ မရှိကြောင်းကို သူ့ဘာသာသူ သဘောပေါက်လာသည်။ သူ့ဘဝတလျှောက်လုံးတွင် သူသဘောကျ နေခဲ့ရသည့် အခါဟူ၍မရှိသေး။ သူမကြိုက်သည့်အလုပ်ကို သူ့အလိုနှင့် ဆန့်ကျင်၍ လုပ်ခဲ့ရသည်။ ကလင်းကော့သည် ကိုယ့်အတွက်ကို စိတ်မကောင်းဖြစ်ကာ မျက်ရည်တွေ ဝဲကျလာသည်။ သို့ရာတွင် ဤသို့ ဖွင့်ပြောလိုက်ရသည့်အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်သည်။

စာရေးဆရာက မေးခွန်းတခုကို ကောက်မေးလိုက်သည့်အခါတွင် ကလင်းကော့သည် ထိုမေးခွန်းကို ကောင်းစွာမကြားလိုက်၊ ကောင်းစွာ နားမလည်လိုက်၊ မျက်လုံးကိုမှိတ်ကာ ‘ခဏလေး၊ ခဏလေး၊ ကျွန်တော်ပြန်စဉ်းစားပါရစေဦး’ ဟု ခပ်တိုးတိုးပြောသည်။

ကလင်းကော့သည် မမောနိုင်မပန်းနိုင် စကားပြောသည်။ သို့ရာတွင် မာလာကော့နှင့် တွေ့သည့် အကြောင်းသို့ ရောက်သည့်အခါတွင်မူ ရှေ့ဆက်မပြောနိုင်ဘဲ ကျင်းကြီးတကျင်းနားထိပ်တွင် ရောက်သွားသူကဲ့သို့ ရပ်သွားသည်။ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ မှုန်မှိုင်းသည့် ဆောင်းဦးပေါက် နေရောင်ခြည်များနှင့် ပြာမွဲမွဲကောင်းကင်ကြီးမြင်ရာသည်။ ကလင်းကော့သည် သက်ပြင်းကြီးတချက်ကို ချလိုက်ပြီးနောက် ကိုယ်ကို ဆန့်လိုက်သည်။ သူ့ကိုယ်သည် သန့်စင်ပြီး သူကဲ့သို့ ပေါ့ပါးလန်းဆန်းနေသည်။ သူ့နှလုံးသားသည် ဘဝသစ်တခုကို လက်ခံရန် အဆင်သင့် ဖြစ်နေပြီ။ အုပ်စိုးမှုအသစ်ကိုလက်ခံရန် အဆင်သင့်ဖြစ်နေပြီ။

စာရေးဆရာက ထိုင်ရာမှထလိုက်သည်။ ထောင်ထောင်မောင်းမောင်း တောင့်တောင့်တင်းတင်း။ လက်နှစ်ဖက်ကို ဆုပ်လိုက်ပြီး လက်ချောင်းများကို တဖြောက်ဖြောက်မြည်အောင် ချိုးနေသည်။

"ဒါဖြင့် ခု မင်း ဘာလုပ်မယ်စိတ်ကူးသလဲ"

ပြတင်းပေါက်ဆီသို့ လျှောက်သွားရင်း ကလင်းကော့ကို မကြည့်ဘဲ မေးလိုက်သည်။

ကလင်းကော့ကလည်း မတ်တတ်ထလိုက်ပြီး မာလာကော့ကို ပြောခဲ့သည့်အတိုင်း သူ့အကြံအစည် ကို ယုံယုံကြည်ကြည် ဖွင့်ပြောလိုက်သည်။

"အခြေအနေသစ် နေသားတကျ ဖြစ်သွားရင် ကျွန်တော် တခြားအလုပ်တခုလုပ်မယ်၊ ခပ်ဝေးဝေး မြို့တမြို့ကိုသွားမယ်၊ ကျွန်တော့်မှာ ငွေလေးဘာလေး နည်းနည်းပါးပါး စုဆောင်းပြီးသား ရှိပါတယ်"

စာရေးဆရာက နောက်သို့ ဖြည်းညင်းစွာ လှည့်လိုက်သည်။

"ဒါဖြင့် မင်းမှာ တခြားဘာမှ လုပ်ချင်ကိုင်ချင်စိတ် မရှိတော့ဘူးပေါ့"

"ဟုတ်တယ်၊ မရှိတော့ဘူး"

ကလင်းကော့က အတန်ကြာ စဉ်းစားပြီးမှဖြေလိုက်သည်။

"ဘဝသစ်တခု ရှိတယ်ဆိုတာ မင်းယုံကြည်တယ်ဆို"

"ယုံပါတယ်၊ အဲဒီဘဝသစ်ကို ရောက်မယ်ဆိုတာလည်း ကျွန်တော် ယုံပါတယ်၊ အကယ်၍ ပြည်သူ တွေက အဲဒီဘဝသစ်ကို ယုံတယ်ဆိုရင်ပေါ့လေ၊ ဆရာကော အဲဒီဘဝသစ်ကို ရောက်မယ်လို့ ယုံကြည်သလား"

"ကျုပ်က ဘာမှမပြောရသေးပါလား"

မီရိုနေ့ာသည် ပြတင်းပေါက်ဘက်သို့ လှည့်လိုက်၏။ နှုတ်ခမ်းမွေးများကို လိမ်နေသည်။ ကလင်းကေ့ာသည် မလှုပ်မယှက်ရပ်ရင်း ဟာလာဟင်းလင်း ဖြစ်နေသော သူ့နှလုံးခုန်သံကို နားထောင်သည်။

"ကျုပ် တခုတော့ မေးချင်တယ်၊ မင်း ဖမ်းပေးတဲ့ ကောင်မလေးရယ်၊ မင်း ဝမ်းကွဲညီအစ်ကိုရယ်၊ သူ့ရဲဘော်တွေရယ်၊ အဲဒီလူတွေကို မင်း မသနားဘူးလား"

ကလင်းကေ့ာက ခေါင်းကိုငုံ့ကာ အင်္ကျီအိတ်ကို ခြေမွနေသည်။

"သူတို့လုပ်တာ မှန်တယ်ဆိုတာ မင်း သဘောပေါက်ပြီမဟုတ်လား"

"ဖြစ်စတုန်းကတော့ စိတ်မကောင်းဘူး၊ ဒါပေမဲ့ ခုတော့ စိတ်မကောင်းမဖြစ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

ကလင်းကေ့ာက ရုတ်တရက်မဖြေ။ ခဏကြာတော့မှ

"သူတို့ဟာ လူကောင်းတွေပဲ၊ ခု သူတို့လိုချင်တာ ရတော့မယ် မဟုတ်လား"

"မင်းလုပ်ခဲ့တာဟာ မှားတယ်လို့ တခါမှ မထင်ဖူးဘူးလား"

'ဒီအလုပ်ကို ဘယ်တုန်းကမှ ကျွန်တော်မကြိုက်ခဲ့ပါဘူး၊ ဒါပေမဲ့ ကျွန်တော်က ခိုင်းရာကိုလုပ်ရတာပဲ'

ကလင်းကေ့ာက သက်ပြင်းချသည်။

စာရေးဆရာသည် သူ့အနားသို့ သတိကြီးစွာဖြင့် လျှောက်လာပြီး တဖက်သို့ လှည့်လိုက်သည်။ ပြန်တော့မည်ဟု စိတ်ကူးထင်လာ၏။

"မင်း ကျုပ်ကို နောက်ထပ် ဘာမေးချင်သေးလဲ"

"မရှိပါဘူး၊ ကျွန်တော် ပြန်ဦးမှထင်တယ်"

"ကောင်းပြီလေ"

စာရေးဆရာက လမ်းဖယ်ပေးလိုက်သည်။ ကလင်းကေ့ာသည် အပြင်ခန်းသို့ ခြေဖျားထောက်၍ ထွက်လာခဲ့၏။ ကုတ်အင်္ကျီကို ကောက်ဝတ်သည်။

"တခုတော့ ကျုပ်သိချင်တာရှိတယ်၊ မင်းအကြောင်းကို ကျုပ်ကို ဘာဖြစ်လို့

ပြောပြတာလဲ၊ ဒါတော့ ကျုပ်သိချင်တယ်”

ကလင်းကော့သည် ဦးထုပ်ကို လက်ထဲတွင် ခြေမွကိုင်ထားရင်း အတန်ကြာ စဉ်းစားနေသည်။

“ကျွန်တော့်ကို စာပေးခိုင်းလိုက်တဲ့ မာလာကော့က ဆရာ့ကို သိပ် လေးစားတယ်”

စာရေးဆရာက ပြုံးလိုက်သည်။

“ဒါ တခုတည်းကြောင့်လား”

‘ငါ ဘာကြောင့်များ သူ့ကို သွားပြောမိပါလိမ့်’ ဟု ကလင်းကော့ တွေးနေသည်။ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း စာရေးဆရာ၏မျက်နှာကို ငေးကြည့်နေသည်။

“ကောင်းပြီလေ၊ ဒီလိုဆိုလည်း သွားပေတော့”

စာရေးဆရာက လက်နှစ်ဖက်ကို ပွတ်နေသည်။ ကလင်းကော့သည် ယဉ်ကျေးစွာ ဦးညွှတ်နှုတ်ဆက် ၍ ထွက်လာခဲ့သည်။

အိမ်ပြင်သို့ရောက်တော့ အိမ်ပတ်ပတ်လည်ကို လှမ်းကြည့်လိုက်၏။ ခြံစည်းရိုးနားတွင် ခေါင်းငုံ့၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည့် အရပ်မြင့်မြင့် သဏ္ဍာန်ကို မြင်လိုက်ရသည်။

‘ဒီလူတော့ စောင့်နေရမှာပဲ၊ ငါ့ကိုများ စိတ်ဆိုးနေသလားမသိဘူး၊ ငါသွားတာ သိပ်ကြာသွားတယ် ထင်တယ်’ ဟု ကလင်းကော့ တွေးနေသည်။

မနက်စောစော နှင်းခဲတွေပေါ် လျှောက်လာသည့် သူ့ခြေသံများကို မာလာကော့ ကြားလိုက်ဟန် တူသည်။ သူသည် ခေါင်းကိုမော့ကြည့်လိုက်ကာ ကလင်းကော့ထံသို့ အပြေးအလွှား ရောက်လာ သည်။

“ဘယ့်နှယ်လဲ၊ ပေးခဲ့ရလား”

“ပေးခဲ့ပါတယ်”

“ဘာဖြစ်လို့ ဒီလောက်ကြာရတာလဲ၊ မင်းနဲ့ တော်တော် စကားပြောခဲ့ရသေးသလား”

မာလာကော့က တကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။ ကလင်းကော့၏ အင်္ကျီရင်ဘတ်ကို ဆွဲလိုက်ပြီး နောက် ချက်ချင်း ပြန်လွှတ်လိုက်သည်။

ခိုက်ခိုက်တုန်နေသော မာလာကော့ကို ကြည့်ရသည်မှာ ကြောက်စရာမကောင်းဘဲ သနားစရာကောင်းနေသည်။

“ကျွန်တော့်အကြောင်းကိုလည်း ပြောပြလိုက်တယ်ဗျ”

ဤအကြောင်းကို မာလာကော့ သိစေချင်သည်။

“သူက မေးလို့လား”

“သူက ကိုယ့်အကြောင်းကော မေးသေးသလား”

“မေးတယ်၊ ရုရှားပြည်က ထွက်သွားပြီလားတဲ့”

“ဒီတော့ မင်းက ဘာပြောလိုက်သလဲ”

“သွားပြီလို့ ပြောလိုက်တယ်”

“ပြီးတော့ကော”

“ဒါပါပဲ”

“ကဲ ဒါဖြင့်သွားကြစို့၊ ငါချမ်းလှပြီ”

မာလာကော့က ရှေ့က ခပ်သုတ်သုတ်သွားသည်။ လက်နှစ်ဖက်ကို အင်္ကျီအိတ်ထဲသို့ သွင်းလိုက်ရင်း

“ဒါဖြင့် မင်းအကြောင်းလည်း ပြောခဲ့တယ်ပေါ့”

‘ဟုတ်တယ်၊ အကုန်လုံးပြောပြလိုက်တယ်၊ ငယ်ငယ်တုန်းကစပြီး ဒီနေ့ထိ အကုန်ပြောပြလိုက်တယ်’

ကလင်းကော့က အားရပါးရ ပြောလိုက်၏။ သူ့အထင်ကြီးသည့် စုံထောက် မာလာကော့နှင့် တတန်းတည်း ရောက်သွားသည်ဟုလည်း ထင်လိုက်သည်။

“ဒီတော့ သူကကော ဘာတွေပြောသေးသလဲ”

“ဟင့်အင်း၊ ဘာမှမပြောပါဘူး”

မာလာကော့သည် ရပ်လိုက်ပြီး သူ့အင်္ကျီလက်မောင်းကိုဆွဲကာ လေးနက်သည့်အသံဖြင့်

“ငါပေးခိုင်းလိုက်တဲ့အထုပ်ကို ပေးခဲ့တယ်နော်”

“ပေးခဲ့ပါတယ်၊ မယုံရင် ခင်ဗျား ကျွန်တော့်ကို ရှာကြည့်ပေါ့”

မာလာကော့က အတန်ကြာစဉ်းစားကာ

“မရှာပါဘူးကွာ၊ မင်းကိုလည်း နှုတ်ဆက်ပြီးသွားပဲ၊ မင်း ငါ့အကြံဉာဏ်ကို လက်ခံပါ။ မင်းကို သနား လို့ ငါတတ်နိုင်သလောက် မင်းကို အကြံပေးခဲ့မယ်၊ ဒီအလုပ်က အမြန်ဆုံးထွက်ပါ၊ ဒီအလုပ်နဲ့ မင်းနဲ့ မကိုက်ပါဘူး၊ ဒါ မင်းလည်း သိသွားပဲ၊ အဲဒီတော့ ငါ အကြံပေးချင်တာက အမြန်ဆုံး မြန်နိုင်သမျှ ဒီအလုပ်ကထွက်ပြီး တခြားကိုသွားပါ၊ ဒီခေတ်ကြီးအကြောင်း မင်းလည်း သိသွားပဲ၊ အသေကောင် တွေဟာ ပြန်ပြီး အသက်ဝင်လာကြပြီ၊ လူတွေဟာ တယောက်ကိုတယောက် ယုံကြည်လာကြပြီ။ ဒီလိုအချိန်မျိုးမှာ တယောက်ကိုတယောက် အများကြီး ခွင့်လွှတ်နိုင်လာကြတယ်၊ ငါ့အထင်တော့ လူထုတွေဟာ အားလုံးကို ခွင့်လွှတ်လိမ့်မယ်ထင်တာပဲ၊ နောက်တချက် အကြံပေးချင်တာက ရှာရှာ ကို သိပ်အပေါင်းအသင်းမလုပ်ပါနဲ့၊ ရှာရှာက စိတ္တဇရောဂါဖြစ်နေတဲ့ကောင်၊ မင်းညီအစ်ကိုဝမ်းကွဲကို ဖမ်းအောင် မင်းကို မြှောက်ပေးခဲ့တာဟာ ရှာရှာ မဟုတ်ဘူးလား၊ တကယ်ကတော့ ရှာရှာဟာ ခွေးသေကောင်ပုပ်တကောင်လို လွှင့်ပစ်ရမယ့်ကောင်မျိုး၊ ကဲ သွားမယ် ငါ့ညီ”

အေးစက်နေသည့် လက်များဖြင့် ကလင်းကော့ကို လက်ဆွဲနှုတ်ဆက်သည်။

“မင်း ငါ ပေးခိုင်းတာကိုတော့ ပေးခဲ့တယ်နော်၊ သေချာတယ်နော်”

မာလာကော့က နောက်တကြိမ်ထပ်မေးသည်။

“ပေးခဲ့ပါတယ်ဗျ၊ ဘုရားစူးရပါစေ့”

“မင်းကို ယုံပါတယ်ကွာ၊ ဟိုရောက်ရင် ငါ့အကြောင်းကိုတော့ ဘာမှ ပြန်မပြောနဲ့နော်”

“ကျွန်တော်လည်း ရုံးမသွားတော့ဘူးဗျာ၊ လခထုတ်တဲ့ရက်ကျမှ သွားထုတ်တော့မယ်”

“နောက်ကြာတော့မှ ပြောပေါ့ကွာ၊ ကဲ သွားမယ်ဟေ့”

မာလာကော့သည် လမ်းထောင့်တွင် ပျောက်ကွယ်သွား၏။ ကလင်းကော့သည် သူ့ကိုလှမ်းကြည့်ရင်း ‘မာလာကော့ဟာ အစိုးရဆန့်ကျင်ရေးတွေထဲများ ပါနေသလား’ ဟု တွေးနေမိသည်။

မာလာကော့ကို နောက်တွေ့ရတော့မည်မဟုတ်ဟု တွေးမိသည့်အခါတွင် ကလင်းကော့သည် အကြီးအကျယ် စိတ်မကောင်းဖြစ်သွားသည်။ သို့ရာတွင်

သူအထင်ကြီးသည့် မာလာကော့၊ သတ္တိ ကောင်းသည်ဟု သူထင်ခဲ့သည့် မာလာကော့၊ အထက်လူကြီးနှင့်ပင် ပြိုင်ပြောရဲသည့် မာလာကော့ တယောက် သနားစဖွယ်ဖြစ်နေသည်ကို မြင်ရသည့်အခါတွင် ကလင်းကော့သည် ကျေနပ်နေသည်။ နိုင်ငံရေးအရ နာမည်ဆိုးဖြင့် ကျော်ကြားသည့် စာရေးဆရာကိုလည်း ကလင်းကော့ ကြောက်သည်။ မာလာကော့လည်း ကြောက်နေပုံရသည်။

"ငါက ဘာကောင်မှမဟုတ်ဘူး၊ လူတိုင်းကို ကြောက်နေရတဲ့ကောင်၊ ဒါပေမဲ့ စာရေးဆရာကိုတော့ ငါမကြောက်ဘူး၊ မာလာကော့က မတွေ့ရဲလို့ လမ်းမှာ ချမ်းချမ်းစီးစီးနဲ့ စောင့်နေရချိန်မှာ ငါက စာရေးဆရာနဲ့အတူ အိမ်ထဲမှာ လက်ဖက်ရည်သောက်လို့"

ကလင်းကော့သည် သူ့ကိုယ်သူ ကျေနပ်သွားကာ လမ်းလျှောက်လာရင်း ပြုံးလိုက်သည်။

"စာရေးဆရာက ဘာတွေများ ပြောစရာရှိပါလိမ့်"

ကလင်းကော့သည် စာရေးဆရာကို သူပြောချင်ရာတွေ ပြောလိုက်ရသဖြင့် ကျေလည်း ကျေနပ်သည်၊ ဝမ်းလည်းနည်းသည်။

"ဒီအကြောင်းတွေကို သူ့ကိုပြောမယ့်အစား အော်လဂါကိုပြောလိုက်ရရင် အကောင်းသား"

နေ့သည် အိပ်ရာမှ လူးလွင့်စ ပြုနေပြီ။ သို့ရာတွင် ကလင်းကော့ အိပ်ချင်နေသည်။ သူသည် အိမ်ထောင်ပရိဘောဂတွေ ဖရိုဖရဲ၊ နံရံကပ်စက္ကူတွေ စုတ်ပြတ်လျက် ဟာလာဟင်းလင်းဖြစ်နေသည့် အခန်းကျဉ်းကလေးတခုထဲသို့ ရောက်ရသလို ခံစားနေရသည်။

သူ အိပ်ချင်လှပြီ။ သို့ရာတွင် အိမ်ကိုမပြန်ချင်သေး။ ထို့ကြောင့် သူသည် လမ်းမပေါ်တွင် ဖြည်းညင်းစွာ လျှောက်နေသည်။

နေ့လယ်လောက်ကျတော့ ဘီးကော့ရောက်လာပြီး သူ့ကိုလာနှိုးသည်။ ဘီးကော့သည် ကုတ်အင်္ကျီကို ဝတ်ထားပြီး ဦးထုပ်တလုံးကို ဆောင်းထားသည်။ မျက်နှာကလည်း မသာမယာ၊ ဘီးကော့က သူ့ကို လှုပ်နှိုးလိုက်ရင်း 'ရုံးကခေါ်နေတယ်၊ မြန်မြန်လုပ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကြေညာလိုက်ပြီတဲ့၊ အေးဂျင့်တွေအားလုံး ရုံးကိုလာရမယ်တဲ့'

သူ့စကားလုံးများသည် မိုးစက်မိုးပေါက်များလို ကလင်းကော့ကို လာမှန်ကြ၏။ ဘီးကော့၏ မျက်နှာ သည် သွားကိုက်နေသူမျက်နှာလို ရှုံ့မဲ့လျက်ရှိ၏။ ငိုတော့မည်ဟု သူ့မျက်လုံးများက တဖျပ်ဖျပ် မျက်တောင်ခတ်နေသည်။

"ဘာဖြစ်လို့လဲ"

ကလင်းကော့က အိပ်ရာမှ ခုန်ထလိုက်သည်။ ဘီးကော့မှ နှုတ်ခမ်းကို လျက်လိုက်ရင်း

"ကြေညာချက်တစောင်ထွက်တယ်၊ ဇာဘုရင်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ထုတ်ပြန်လိုက် တယ်၊ တို့ရုံးမှာတော့ အားလုံး ယောက်ယက်ခတ်နေတာပဲ၊ ရှာရှာကတော့ မျောက်မီးခဲကိုင်မိသလို ဖြစ်နေပြီ၊ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူးဆိုပြီး အော်နေတယ်၊ ဒီကောင်တွေကို သတ်ပစ်ရမယ်၊ သတ်ပစ်ရမယ်လို့ အော်နေတယ်၊ ငါတော့ တကယ်အံ့ဩတယ်ကွာ၊ လူတယောက်ကို သတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှတ်လို့၊ ငွေ ၅၀၀ ခုပေးမယ်ဆိုရင်တောင် သတ်ဖို့မလွယ်ဘူး၊ ဒီကောင်ကတော့ လခလေး ခြောက်ပြားတစ်ပဲလောက်နဲ့ လူသတ်ရဲတယ်၊ ငါတော့ ကြားရတာနဲ့ကို အသည်းထိတ်လွန်းလို့၊ ကဲ လုပ်လေကွာ၊ မြန်မြန်"

ကလင်းကော့က အဝတ်အစားလဲရင်း

"နေစမ်းပါဦး၊ သူက ဘယ်သူ့ကို သတ်ရမှာတဲ့လဲ"

"တော်လှန်ရေးသမားတွေကိုပေါ့ကွ၊ ဘာတော်လှန်ရေးမှန်းတော့ မသိဘူးကွ၊ ဇာဘုရင်ကတော့ တော်လှန်ရေးကြီး ပြီးဆုံးပြီတဲ့၊ လူထုတွေကို စုဝေးပြီး လမ်းမှာ စီတန်းလှည့်လည်လုပ်ရမယ်တဲ့၊ ဇာဘုရင်ကို ဘုရားသခင် စောင်မပါစေဆိုတဲ့ သီချင်းကို ဆိုရမယ်တဲ့၊ အလံတွေကိုင်ပြီး ချီတက် ရမယ်တဲ့၊ ဟုတ်တာပေါ့၊ ပြည်သူ့လွတ်လပ်ခွင့်တွေကို ရတယ်ဆိုရင် တို့တတွေ ဆိုရမှာပေါ့၊ ဒါပေမဲ့ ခက်တာက အဲဒီလိုစီတန်းလှည့်လည်ရင်း ဖွဲ့စည်းအုပ်ချုပ်ပုံ

အခြေခံဥပဒေကို ဖျက်သိမ်းကြလို့လည်း အော်ရမယ်တဲ့ကွ၊ ငါတော့ ဘာမှန်းတောင် မသိတော့ပါဘူးကွာ၊ ဒီလိုအော်ရင် ဇာဘုရင်ရဲ့ အလိုနဲ့ ကော ဆန့်ကျင်မနေဘူးလား”

ဘီးကော့၏အသံသည် မခံချင်သံပေါက်နေ၏။ သူ့ခန္ဓာကိုယ်သည် အရိုးမရှိတော့သည့် ခန္ဓာကိုယ်ကြီး တခုလို ပျော့နေသည်။

“ကျွန်တော် မလိုက်တော့ဘူးဗျာ”

ကလင်းကော့က ပြောသည်။

“ဘာ မလိုက်တော့ဘူး၊ ဟုတ်လား”

“ဟုတ်တယ်၊ မလိုက်တော့ဘူး၊ လမ်းမတွေပေါ်လျှောက်ပြီး လူတွေ စီတန်းလှည့်လည်တာကို လိုက်ကြည့်လိုက်ဦးမယ်”

ဘီးကော့က သက်ပြင်းချလိုက်၏။

“အင်း မင်းကတော့ တယောက်တည်းသမား လူလွတ်ကိုး၊ မင်းကြိုက်သလို နေနိုင်တာပေါ့၊ ဒါပေမဲ့ အိမ်ထောင်နဲ့ဆိုရင် မင်းကို ဟိုဟာဒီဟာ ပူဆာမယ့် မိန်းမတယောက်ရှိရင်တော့ မင်းမလုပ်ချင်လည်း လုပ်ရမှာပဲ၊ လူတယောက်ဟာ သားကျွေးမှု၊ မယားကျွေးမှုအတွက်ဆိုရင် ဘယ်လောက် အန္တရာယ် များတဲ့ ကြိုးတန်းမျိုးကိုမဆို လျှောက်ရမှာပဲ၊ မလျှောက်လို့လည်း မရတော့ဘူး၊ အဲဒီလို ကြိုးတန်း လျှောက်နေတုန်း ကြိုးတန်းပေါ်မှာ မျက်လှည့်ပြရမယ်ဆိုရင် ငါတော့ သေချင်လောက်အောင် စိတ်ညစ်တာပဲ၊ ဒါပေမဲ့ ငါ့ကိုယ်ငါတော့ ဖြေပါတယ်လေ၊ ဘီးကော့ရယ် မင်းက ကြိုးတန်း လျှောက်ရမှ ထမင်းစားရမယ့်လူဆိုတော့ ကြိုးတန်း လျှောက်တန်လျှောက်ရမှာပဲ၊ ကြိုးတန်း လျှောက်ရင်း ကျွမ်းပစ်ပြဆိုရင်လည်း ပြရမှာပဲလို့”

ဘီးကော့သည် ကုလားထိုင်တွေ၊ စားပွဲတွေကို ဝင်တိုက်ပြီး အခန်းအပြင်ဘက်သို့ ချာခနဲ လှည့်ထွက်သွားသည်။ ပါးစပ်က တတွတ်တွတ်ရွတ်ပြီး ပါးနှစ်ဖက်ကို ဖောင်းထားသဖြင့် ပန်းရောင် ထနေသည့် သူ့မျက်နှာသည် ဆပ်ပြာပူဖောင်းတစ်ခုနှင့် တူနေသည်။ အရောင်အဆင်းကင်းသည့် မျက်လုံးအစုံသည်လည်းကောင်း၊ နှာခေါင်း နီနီရဲရဲကလေးသည်လည်းကောင်း ဖောင်းထားသည့် ပါးနှစ်ဖက်အောက်တွင် ပျောက်သွားသည်။ စိတ်ပျက်လက်ပျက်ဖြစ်နေသည့် သူ့အသံ၊ အားလျှော့ ဟန် ပေါက်နေသည့် သူ့ပုံပန်းသဏ္ဍာန်၊ မှော်လင့်ချက်ကင်းသည့် သူ့စကားများကြောင့် ကလင်းကော့ သည်ပင် စိတ်ပျက်လာသည်။

‘အခြေအနေတွေ ကောင်းလာတော့မှာပါဗျာ၊ သိပ်ညည်းမနေပါနဲ့တော့’ ဟု

တယောက်တည်း ပြောနေမိသည်။

"ဒါပေမဲ့ လူထုက အခြေအနေသစ်ကို မလိုချင်ဘူးကွ၊ အဲဒါကို မင်းသိရဲ့လား"

ဘီးကော့က လက်ကိုယမ်း၍ ပြောလိုက်သည်။ ကလင်းကော့က ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း သူ့စကားများကို ချေပလိုက်ချင်သည်။ သို့ရာတွင် ချေပရန် စကားလုံး ရှာမတွေ့။ နှာခေါင်းကို တရှူးရှူး မှုတ်ရင်း ဖိနပ်ကြိုးများကိုချည်နေသည်။

"ရှာရှာကတော့ ဒီကောင်တွေကို ရိုက်ပစ်ရမယ်တဲ့၊ ဒီလောက်တောင် လွတ်လပ်ခွင့်ကို တောင်းတဲ့ ကောင်တွေ အကြောင်းသိအောင် ချပစ်ရမယ်တဲ့၊ ဗျာဝီရက်ကတော့ ခြောက်လုံးပြူးကြီး တကိုင်ကိုင် နဲ့ပဲ၊ အကုန်လုံးကို ပစ်သတ်မယ်လို့ချည်း ကြိမ်းနေတယ်၊ ကရာဆာဗင်ကလည်း သူ့လူတွေနဲ့သူစုပြီး ခုတ်ရမယ် ထစ်ရမယ်ဆိုတဲ့ စကားတွေချည်း ပြောနေတယ်၊ ကာရှင်ကတော့ သူ့မယားငယ်ကို လုယူသွားတဲ့ ကျောင်းသားတယောက်ကို သတ်မလို့တဲ့၊ တကြိမ်းကြိမ်းပဲ၊ တယောက်လည်း ရှိသေးတယ်၊ ဘာမှမပြောဘူး၊ တယောက်တည်း ကျိတ်ရယ်နေတယ်၊ အကုန်လုံး ရူးကုန်ကြတာပဲ"

ဘီးကော့က အသံကိုနှိမ့်လိုက်ပြီး

"ကိုယ့်အသက်၊ ကိုယ့်ဘဝကိုတော့ လုံခြုံအောင် ကာကွယ်ရမှာပဲ၊ ဒါကတော့ အထူးပြောစရာ မလိုတော့ပါဘူး၊ ဒါပေမဲ့ ဒီလိုကာကွယ်တဲ့နေရာမှာ သူတပါးကို သတ်တာဖြတ်တာ မလုပ်ဘဲနဲ့ ကာကွယ်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ မဟုတ်ဘူးလား"

ဘီးကော့သည် ပြတင်းပေါက်ဘက်သို့ လှမ်းကြည့်လိုက်ပြီး လမ်းမမှ အသံများကို နားစွင့်နေသည်။ ထို့နောက် သူ့လက်ကို မြှောက်လိုက်သည်။ သူ့မျက်နှာသည် ဖြူရော်လျက်ရှိ၏။

"ဟော့လူ ဘာဖြစ်တာလဲ"

ကလင်းကော့က မေးလိုက်သည်။

အဝေးမှ ကြွေးကြော်သံများသည် အသံလှိုင်းအဖြစ် ပြောင်းသွားကာ မှန်ပြတင်းကိုလာ၍ တိုက်ခိုက် လျက်ရှိ၏။ အသံလှိုင်းများသည် ပြတင်းပေါက်ကို တွန်းဖွင့်နေသည့်နှယ် ထင်ရသည်။ ကလင်းကော့ သည် အခြေအနေကိုကြည့်ရန် ထိုင်ရာမှထသည်။ ဘီးကော့၏မျက်နှာကို ကြည့်၍လည်း လန့်သွား သည်။ ဘီးကော့သည် သူ့ကို လမ်းမမှ မြင်မည်စိုးသကဲ့သို့ ပြတင်းပေါက်နှင့် ဝေးရာသို့

တလှမ်းချင်း ဆုတ်သွားနေသည်။ ထို့နောက် တဖြည်းဖြည်း ပြန်ကပ်လာကာ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ အသံများသည် အခန်းထဲသို့ ဒလဟော ဝင်လာကြ၏။

"သူတို့ ပျော်နေကြတာကွ"

"ကျွန်တော် ဆင်းကြည့်မယ်ဗျာ"

ကလင်းကော့သည် ကုတ်အင်္ကျီကိုကောက်ဝတ်၍ ထွက်သွားသည်။ ဘီးကော့က ပြတင်းပေါက်မှ ခေါင်းပြူ၍ ကြည့်ကာ အပြင်ဘက်တွင် မြင်ရသမျှကို ပြန်ပြောနေသည်။

"လူတွေ စီတန်းလှည့်လည်လာကြတာကွ၊ နည်းတဲ့လူတွေ မဟုတ်ဘူး၊ အများကြီးပဲ၊ အလံနီတွေကို ကိုင်လို့၊ ဟာ စစ်ဗိုလ်တယောက်လည်း ပါတယ်ဟ၊ ဘုန်းတော်ကြီး အူစပင်စကီလည်းပါတယ်၊ အလို မယ်နီကော့ရယ်၊ ကြည့်စမ်း ကြည့်စမ်း အစစ်ပေါ့၊ အလံကြီးကိုင်လို့"

ကလင်းကော့သည် ပြတင်းပေါက်သို့ပြေးလာကာ အောက်သို့ ငုံ့ကြည့်လိုက်သည်။ လမ်းမကြီး တလျှောက်တွင် စီတန်းလာသည့် လူထုကြီးကို မြင်ရ၏။ သူတို့မျက်နှာများသည် နဂါးငွေ့တန်းက ကြယ်ပွင့်များလို တောက်ပနေကြသည်။ အလံနီကြီးတွေက သူတို့ခေါင်းပေါ်တွင် ငှက်ကြီးများလို ဝဲနေကြသည်။ ကြွေးကြော်သံများကြောင့် သူတို့နားများသည် အူလာကြ၏။ မုတ်ဆိတ်မွေးထူထူနှင့် မယ်နီကော့ကို ရှေ့ဆုံးတန်းတွင် မြင်လိုက်ရသည်။ အလံတခုကို ကိုင်ထားပြီး ဝှေ့ယမ်းလျက်ရှိ၏။ တခါတခါတွင် အလံသည် သူ့ခေါင်းသို့ ပတ်သွားလေရာ ခေါင်းပေါင်းနီတခုကို ပတ်ထားသကဲ့သို့ ဖြစ်နေသည်။ ဆံပင်နက်နက်များသည် သူ့ပါးပေါ်၊ သူ့မျက်နှာပေါ်သို့ ဝဲကျလာကြကာ မုတ်ဆိတ်များ နှင့် ရောနေ၏။ ပါးစပ်ဟသည်ကို မြင်နေရသဖြင့် ကြွေးကြော်သံ အော်နေပုံရသည်။

"ဒါ သူတို့ ဘယ်ကိုသွားမှာတဲ့လဲ"

ကလင်းကော့က နောက်သို့လှည့်၍ မေးလိုက်သည်။

"အထိမ်းအမှတ် ကျင်းပနေကြတာ"

ဘီးကော့က နဖူးကိုပြတင်းပေါက်မှန်နှင့် ထိထားရင်း ဖြေလိုက်သည်။ သူတို့နှစ်ယောက်သည် အတန်ကြာမျှ တိတ်ဆိတ်နေကြ၏။ အသံကို ယဉ်ပါးနေသည့် နားရွက်များဖြစ်သည့်အလျောက် အုတ်အုတ်ကျက်ကျက် အသံတွေထဲမှ အသံအောအောကြီးများကို ခွဲခြားနိုင်နေကြသည်။

"လူထုဟာ တော်တော်ခွန်အားကောင်းတာပဲနော်၊ ဘာမှမဖြစ်ခင်တုန်းကတော့လည်း တဦးနဲ့တဦး ဘာမှမဆိုင်သလို သီးခြားဖြစ်လို့၊ ဒါပေမဲ့ အရေးကြုံလာတော့လည်း လူထုဟာ တယောက်တည်း၊ တကိုယ်တည်းလို စည်းလုံးပြီး ခွန်အားကြီးတခုဖြစ်လာတယ်၊ ဘယ်လောက်အံ့သြစရာ ကောင်းသလဲ"

"လူထုဟာ သူတို့ဦးနှောက်ကို သူတို့ အသုံးချတတ်လာကြပြီလေ၊ သူတို့ ကောင်းမွန်သာယာရေး အတွက် တောင်းဆိုလာကြပြီ၊ ဘဝသစ်ကို တောင်းဆိုလာကြပြီ"

ကလင်းကော့က ပြုံး၍ပြောလိုက်သည်။ ထိုအရာသည် ထိုအချိန်က သူ့ယုံကြည်ချက်ဖြစ်သည်။

"မယ်နီကော့ကိုကော မင်း တွေ့ရဲ့လား"

"မယ်နီကော့ဟာ လူထုတွေဘက်က အမြဲတမ်းရပ်တယ်"

ကလင်းကော့က ပြတင်းပေါက်မှ လှည့်လာခဲ့သည်။ သူ့ရင်ထဲတွင် စိတ်ဓာတ်သစ်၊ ခံစားချက်သစ် သည် တဖွားဖွား ပေါ်လာသည်။

"အခြေအနေသစ်တွေ ပေါ်လာတော့မှာပါ၊ ဘယ်သူ့အမိန့်ကိုမှ နာခံစရာ မလိုတော့ဘူး၊ ဘယ်သူ့ကိုမှ ကြောက်စရာ မလိုတော့ဘူး၊ လူတိုင်းဟာ သူ့ဘဝလိုအပ်ချက်နဲ့အညီ နေနိုင်ကြတော့မယ်၊ စိတ်ချမ်းချမ်းသာသာ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ နေနိုင်ကြတော့မယ်၊ ဘဝသစ်ကြီးကို ရောက်တော့မယ်"

ကလင်းကော့သည် မှန်ထဲတွင် သူ့ကိုယ်သူ ပြန်ကြည့်ရင်း ပြောနေသည်၊ ကျေနပ်နေသည်။ သူ့မိတ်ဆွေရှေ့တွင် သူ မည်မျှအရေးပါသည့်လူဖြစ်ကြောင်း ပြချင်သဖြင့် အလွန်အရေးကြီးသည့် မျက်နှာထားကိုဆောင်လိုက်ကာ

"မာလာကော့တယောက် အာဂျင်တီးနားကိုထွက်သွားတာ ခင်ဗျား သိလိုက်သေးသလား"

"ဟုတ်လား၊ သူက တကိုယ်ရေတကာယကိုး"

ဘီးကော့က မထူးခြားဟန်ဖြင့်ပြောသည်။

ကလင်းကော့သည် ပြောပြီးမှ သူမှားသွားမှန်းကို သိလိုက်သည်။

"ဘယ်သူ့မှတော့ လျှောက်ပြောမနေနဲ့နော်"

"အင်း မပြောပါဘူးကွာ၊ ငါလည်း ရုံးကိုပြန်လိုက်ဦးမယ်၊ မင်းကော

မလိုက်တော့ဘူးလား”

“ဟင့်အင်း မလိုက်တော့ဘူး၊ ဒါပေမဲ့ အပြင်တော့ လိုက်ခဲ့ဦးမယ်လေ၊ အတူတူသွားတာပေါ့”

လမ်းတွင် ဘီးကော့က စိတ်ပျက်သည့်လေသံဖြင့်

“တကယ်တော့ လူတွေဟာ တော်တော်အသိတရား ခေါင်းပါးတယ်ကွ၊ ဘာဖြစ်လို့ လမ်းလျှောက်ပြီး အလံတွေကိုင်၊ သီချင်းတွေဆိုနေမလဲ၊ တကယ် ခွန်အားရှိတယ်ဆိုတာ သဘောပေါက်ရင် နိုင်ငံရေးတွေ ဘာတွေကို ပိတ်ပစ်ဖို့ အာဏာပိုင်တွေဆီကို တောင်းဖို့ကောင်းတယ်၊ လူတိုင်း သာတူညီမျှဖြစ်ဖို့ တောင်းရမယ်၊ ပစ္စည်းတွေကို လူတွေကို ခွဲဝေပေးဖို့ တောင်းရမယ်၊ ခုအချိန်ကစပြီး နိုင်ငံရေးလုပ်ခြင်းကို ပိတ်ပင်လိုက်သည်လို့ ကြေညာအောင် တောင်းရမယ်၊ ပြေးတမ်းလိုက်တမ်း ကစားရတဲ့အလုပ်၊ တူတူပုန်းတမ်း ကစားရတဲ့ အလုပ်ကို ငြီးငွေ့လှပြီကွာ”

ဘီးကော့သည် ကလင်းကော့ကို နှုတ်မဆက်ဘဲ လမ်းထောင့်တခုတွင် ရုတ်တရက် ပျောက်ကွယ် သွားသည်။ ကလင်းကော့သည် လောကကြီးတွင် အချိန်များစွာရှိသကဲ့သို့ လမ်းမတွင် တယောက်တည်း အေးအေးဆေးဆေး လျှောက်လာသည်။

‘ငါ့မှာ ငွေလေးဘာလေး နည်းနည်းပါးပါးရှိပြီ၊ နောက်ထပ် လခကလေးထုတ်ရင်လည်း ငွေနည်းနည်း ရဦးမယ်၊ တော်ပြီ ဒီအလုပ်ကိုမလုပ်တော့ဘူး၊ ကုန်အရောင်းအဝယ်ကလေးဘာလေး လုပ်တော့မယ်’ ဟု တွေးလာသည်။

လူများသည် လမ်းမပေါ်တွင် စုရုံးလျက်ရှိကြ၏။ အော်ကျယ်ဟစ်ကျယ် စကားပြောလျက် ရှိကြ၏။ သူတို့မျက်နှာများသည် ပျော်ရွှင်မှုဖြင့် တောက်ပနေကြသည်။ မှုန်မှိုင်းသည့် ဆောင်းဦးပေါက်နေသည့် ရွှင်မြူးဖွယ်ပွဲတော်ရက်နှင့် တူနေသည်။ တချို့က သီချင်းတွေကို အော်ဆိုနေကြ၏။ တချို့က ကြွေးကြော်သံများကို အော်တိုင်နေသည်။

“လွတ်လပ်ခွင့် အစွန့်ရှည်ပါစေ”

ရယ်သံ၊ ရင်းနှီးစွာ စကားပြောသံများကို ကြားနေရသည်။ ထိုအရာအားလုံးသည် ကလင်းကော့အဖို့ ကောင်းသည်။ လူတွေ သူ့အနားက ဖြတ်လျှောက်သွားသည့်အခါတွင် ကလင်းကော့သည် လိုလိုချင်ချင် လမ်းဖယ်ပေးလိုက်သည်။ ကျေနပ်သည့်အပြုံးဖြင့် သူတို့ကိုကြည့်သည်။ တောက်ပ

နွေးထွေးသည့် သူ့အနာဂတ်ကာလကိုလည်း သူတွေးကြည့်သည်။

လမ်းထောင့်မှ လူနှစ်ယောက် ရုတ်တရက်ပေါ်လာသည်။ ရယ်လျက်၊ တယောက်က ကလင်းကော့ကို ဝင်တိုးမိသဖြင့် တောင်းပန်သည်။

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

ကလင်းကော့က ကြည်ကြည်သာသာ ပြောလိုက်သည်။ အခြားသူမဟုတ်၊ ဂရိုတိုကော့ဖြစ်သည်။ မုတ်ဆိတ်ကိုပြောင်နေအောင် ရိတ်ထားသည်။ ကလင်းကော့ရှေ့တွင် ရပ်၍ ပြုံးနေသည်။ သူ့မျက်လုံး များက တောက်ပလျက်။

"ဟော့ ကလင်းကော့၊ တို့တော့ တကယ့်အတွေ့အကြုံပဲကွ၊ သောက်ကျိုးနည်း အနေမှန်ပေလို့ပေါ့ ကွာ၊ အနေများမမှန်ရင် ခုလောက်ဆို ဘယ်ရောက်နေမယ် မသိဘူး၊ မင်းနဲ့သိတယ်မဟုတ်လား၊ တို့အထဲကပဲ၊ ပန်တီလီယတ်လေ"

ဂရိုတိုကော့သည် မျက်နှာက ချွေးတွေသုတ်ကာ စကားကို ခပ်သွက်သွက် ပြောနေသည်။

"ငါ လမ်းလျှောက်နေတာ တရားပွဲတခုနဲ့ သွားတိုးနေတယ်ကွာ၊ ငါလည်း ဝင်နားထောင်တာပေါ့၊ သောက်ကျိုးနည်း စကားပြောရမ်းလိုက်တဲ့လူကွာ၊ ဒါနဲ့ တရားဟောတဲ့လူ ဘယ်သူလဲဆိုတာ အနားမှာရှိတဲ့ လူတယောက်ကို မေးကြည့်တယ်၊ သူ့နာမည်က ဇီမင်တဲ့၊ အဲဒီတုန်း ငါ့အနား လူနှစ်ယောက် ရောက်လာပြီး ဒီမှာ စုံထောက်လာတယ်ဟေ့၊ စုံထောက်ဆိုပြီး ငါ့ကို ဝိုင်းချုပ်တော့တာပဲ၊ ငါလည်း အတင်းရုန်းပြီး ပြေးမယ်လုပ်တယ်၊ အချိန်မရတော့ဘူး၊ လှည့်ကြည့်လိုက်တော့ ငါ့ဘေးမှာ လူတွေဝိုင်းနေပြီ၊ ဒီတချီတော့ ကိစ္စချောပြီ အောက်မေ့တာ"

"ဇီမင် ဟုတ်လား"

ကလင်းကော့က လျှောက်လာရင်း တအံ့တသြ မေးလိုက်သည်။

"ဟုတ်တယ် ဇီမင်တဲ့၊ ဒါနဲ့ ငါလည်း သတိရပြီး ခင်ဗျားတို့မှားနေပြီ၊ ကျုပ် စုံထောက်မဟုတ်ဘူး၊ ကျုပ်က အသံတုဝိဇ္ဇာပါ၊ နာမည်ကြီးပုဂ္ဂိုလ်တွေရဲ့အသံနဲ့တူအောင် လုပ်လေ့ရှိပါတယ်၊ ခင်ဗျားတို့ လူမှားနေပြီလို့ပြောတော့ သူတို့အထဲက တယောက်က မဟုတ်ဘူး၊ ညာပြောတာတဲ့၊ တို့သိတယ် ဆိုပြီး ဝိုင်းရိုက်မယ်လုပ်တယ်၊ ဒါနဲ့ ငါက သူတို့သိတဲ့ ပုလိပ်အရာရှိတယောက်ပုံမျိုးလုပ်ပြီး စကားပြောပြရတယ်၊ ဒါနဲ့ ငါက သူတို့သိတဲ့ စာရေးဆရာပုံ၊ ဝန်ကြီးအသံမျိုး၊ ဇာတ်မင်းသား အသံမျိုးတွေ လုပ်ပြတော့မှ

ကိုယ့်လူတွေ သဘောကျသွားပြီး ဟုတ်တယ် ဟုတ်တယ်ဆိုပြီး ကိုယ့်ကို လွှတ်လိုက်ကြတယ်၊ ကံကောင်းလို့ပေါ့ကွာ၊ ပန်တီလီယက် အစအဆုံး မြင်နေရတယ်၊ သူ့ မေးကြည့် ပါလား”

“ဟုတ်တယ်”

ပန်တီလီယက်က အသံအောအောဖြင့် ပြောလိုက်သည်။ အရုပ်ပုပု၊ ကိုယ်လုံးတောင့်တောင့်၊ မျက်မှန် တပ်ထားသည်။

“တကယ် ကိုယ့်လူတွေက ကိုယ့်ကိုတောင် ဩဘာပေးနေလိုက်သေးတယ်”

ဂရိုတိုကော့က ချောင်းတချက်ဆိုးရင်း ပြောလိုက်သည်။

“ဒီပညာတွေကြောင့် အီဖေကို လွှတ်လာတာ သိရဲ့လား၊ ဒီပညာတွေကြောင့် အသက်နဲ့ကိုယ် အိုးစား မကွဲခဲ့တာ၊ ဒီနေ့ လူထုကိုသွားပြီး အထင်မသေးနဲ့နော်၊ တော်တော့်ပညာနဲ့ မရဘူး။ လူတွေဟာ တယောက်ကိုတယောက် ယုံလာကြပြီဗျ၊ စိတ်ထားတွေကလည်း အရင်တုန်းကလောက် မကြမ်းတမ်းတော့ဘူး”

ပန်တီလီယက်က စဉ်းစား၍ ပြောလိုက်သည်။

“ဟုတ်တယ်၊ လူထုကို ကြည့်လိုက်ရင် သိတယ်၊ အားလုံး ပွင့်ပွင့်လင်းလင်း ဖြစ်လာကြတယ်၊ ကိုယ်ကတော့ ဒီလိုစဉ်းစားမိတယ်သိလား”

ဂရိုတိုကော့က ပြောသည်။ ကလင်းကော့က သူ့စကားကိုဖြတ်၍

“နေပါဦးဗျ၊ ကျုပ်တို့ အရင်တုန်းကလိုက်နေတဲ့ လက်သမားရုံကအလုပ်သမားဟာ ဇီမင်မဟုတ်လား”

“ဟုတ်တယ်၊ နော့လပရိဘောဂဆိုင်က လက်သမား မက်ဇေဒဇီမင်တဲ့”

ဂရိုတိုကော့က တိတိကျကျ ပြောလိုက်သည်။

“ဒီလူ ဒီလောက်ဆိုရင် ထောင်ထဲရောက်နေလောက်ရောပေါ့”

“မင်း တော်တော်ခွကျတဲ့ကောင်ပဲ၊ ထောင်ထဲက အကျဉ်းသမားတွေကိုလည်း ပြန်လွှတ်လိုက်ပြီကွ”

“ဘယ်သူက လွှတ်လိုက်တာလဲ”

“လူထုတွေကပေါ့”

“ဘာဖြစ်လို့ ပြန်လွှတ်လိုက်တာတဲ့လဲ”

"ဒါတော့ ငါလည်း မသိဘူး၊ တကယ်တော့ ဘယ်ပြန်လွှတ်ဖို့ ကောင်းမလဲ၊ ငါတို့လိုကောင်တွေ ခွကျကုန်တာပေါ့၊ အာဏာပိုင်တွေကလည်း ဒါကို ထည့်စဉ်းစားဖို့ကောင်းတယ်"

ပန်တီလီယက်က ပြောသည်။ သူ့မျက်မှန်သည် နှာခေါင်းဘေးသို့ လျှောကျလာ၏။

"အားလုံးကို ပြန်လွှတ်သလား"

ကလင်းကော့က မေးသည်။

"အားလုံးပဲ၊ တမြို့လုံးလည်း မီးတွေလောင်လိုက်တာ အနံ့ပဲ၊ ကာရှင်ဆိုရင် သူဖမ်းတဲ့ကောင်နဲ့ သွားတိုးနေလို့ အရိုက်ခံခဲ့ရသေးတယ်၊ နောက်ဆုံး မတတ်သာတော့ ခြောက်လုံးပြူးပြပြီး ခြောက်လှန့်ပစ်ရတယ်၊ သူက လမ်းထောင့်တခုမှာ ရပ်ကြည့်နေတုန်း မိန်းမတယောက် ရောက်လာ ပြီး အဲဒီလူဟာ စုံထောက်ပဲဆိုတော့ လူတွေက သူ့ကို ဝိုင်းရိုက်ကြတာပေါ့၊ ကာရှင်က ငါ့လို အသံတု လည်း မလုပ်တတ်ဘူး မဟုတ်လား၊ အသံတု မလုပ်တတ်တော့ သေနတ်နဲ့ ခြောက်ယူရတာပေါ့၊ ဒါပေမဲ့ ခက်တာက လူတိုင်း ဘယ်မှာ အမြဲတမ်း သေနတ်ပါနိုင်ပါ့မလဲ"

"ခုတော့ ဌာနက လူတိုင်းကို သေနတ်ထုတ်ပေးဖို့ အမိန့်ထုတ်ပေးလိုက်ပြီ မဟုတ်လား"

"ခက်တာက သေနတ်ရှိရင်လည်း လက်ယားယားလာတတ်တယ်"

"ကဲ သွားမယ်ဗျာ၊ ကျွန်တော် အိမ်ပြန်မယ်"

ကလင်းကော့သည် နောက်ဖေးလမ်းကြားများအတိုင်း ဖြတ်ပြန်လာခဲ့သည်။ အရိပ်များအတိုင်း ကပ်၍လျှောက်သည်။ ယာကွတ်၊ အော်လဂါ စသူတို့နှင့်မတွေ့ဟု မည်သူအာမခံနိုင်သနည်း။

'အေးလေ မြို့ကြီးက အကြီးကြီး၊ လူတွေကလည်း အများသား၊ တွေ့ဖို့ မလွယ်ပါဘူး' ဟု သူ့သာသာသူ သက်သာအောင်တွေးသည်။ သို့တိုင်အောင် သူနှင့် မျက်နှာချင်းဆိုင်မှ ခြေသံတွေ ကြားလျှင် သူ့ခန္ဓာကိုယ်သည် မြေကြီးထဲသို့ ကျုံ့ဝင်သွားသည် ထင်လိုက်ရသည်။

'အကျဉ်းသားတွေကို လွှတ်ပစ်လိုက်ပြီတဲ့၊ ဘာမပြောညာမပြော ပြန်လွှတ်လိုက်ကြပြီတဲ့၊ ဘယ့်နှယ် လုပ်ရမလဲ၊ ငါ့ကို ရန်ရှာရင် ဘယ့်နှယ်လုပ်ရမလဲ' ဟု ကလင်းကော့ တွေးလာသည်။

မှောင်တော့မည်။ ပုလိပ်ဌာနရှေ့တွင် မှန်အိမ်တလုံး ခပ်ဖျော့ဖျော့ လင်းနေသည်။ ကလင်းကော့သည် ပုလိပ်ဌာနအနီးသို့ လာခဲ့သည်။ အနားရောက်သည့်အခါတွင် 'နောက်ဘက်ကိုသွား၊ နောက်ဘက်ကို သွား' ဟု ခပ်အုပ်အုပ်ပြောလိုက်သည့် အသံတသံကို ကြားလိုက်ရ၏။

ကလင်းကော့သည် ရပ်၍ အမှောင်ထုထဲသို့ စိုက်ကြည့်လိုက်သည်။ ပုလိပ်ဌာန တံခါးများပိတ်နေပြီ။

"မြန်မြန်ဝင်"

ထိုအသံက အမိန့်ပေးသည်။ ကလင်းကော့သည် ဘေးမလွယ်ပေါက်လေးမှ အထဲသို့ဝင်ခဲ့သည်။ မှောင်မည်းနေသည့် စင်္ကြံအတိုင်း မီးမှိတ်တုတ်တုတ်လင်းရာ နောက်ဖေးကွက်လပ်ဘက်သို့ လျှောက်လာခဲ့သည်။ ကျောက်ခဲများကို ဖိနပ်ဖြင့်ကြိတ်သံ၊ ခပ်တိုးတိုး စကားပြောသံများကို ကြားရ သည်။ ကလင်းကော့သည် ရပ်၍ အသံဗလံများကို နားထောင်သည်။ ထို့နောက် မျက်နှာကို ကော်လာ ဖုံးသွားစေရန်အတွက် ကိုယ်ကိုကုန်းကာ ဝင်းတံခါးဘက်ဆီသို့ ပြန်ထွက်လာခဲ့သည်။ ဝင်းဝရောက်၍ တံခါးကို တွန်းထွက်မည်အပြုတွင် တခါးပွင့်လာကာ အပြင်ဘက်မှ လူတယောက် ပြေးဝင်လာသည်။

"ဘယ်သူလဲဗျ"

ထိုအသံက မေးသည်။

"ကလင်းကော့"

"ဩော် သေတော့မှာပဲ၊ ကျုပ်ကိုလမ်းပြစမ်းပါ၊ ကိုယ့်ကို မမှတ်မိဘူးလား"

"မှတ်မိပါတယ်၊ ဗျာစီရက်မဟုတ်လား"

ကလင်းကော့သည် နောက်ဖေးကွက်လပ်သို့ ပြန်လာခဲ့၏။ တိတ်ဆိတ် မည်းမှောင်သည့် ရေအောက် တွင် ငါးတွေကူးနေသလို အမှောင်ထဲတွင် ကုန်းကုန်းကုန်းကုန်းနှင့် ထိုမှ ဤမှ တိတ်ဆိတ်စွာ ပြေးသွားနေကြသူများကို မြင်ရသည်။ ဆိုလိုဗျော့၏ အသံကိုလည်း ကြားရသည်။ ရှာရှာ၏ အသံကို တနေရာမှ ကြားရ၏။

"အလံနီကိုင်ထားတဲ့ လူကိုတွေ့ရင် အဲဒီလူကိုရိုက်ရမယ်၊ အလံကိုင်တဲ့လူကို ရိုက်လိုက်ရင် ကျန်တဲ့သူတွေအားလုံး ထွက်ပြေးမှာပဲ"

"ထွက်မပြေးဘူး ဆိုရင်ကော"

"ခင်ဗျားတို့ကို ခြောက်လုံးပြူးတွေထုတ်ပေးမယ်၊ ခင်ဗျားတို့ သိတဲ့လူ ပါရင်၊ ခင်ဗျားတို့ လိုက်ခဲ့ဖူးပြီး ထောင်ထဲက ပြန်လွတ်လာတဲ့လူကို တွေ့ရင် ဘာမှပြောမနေနဲ့၊ တခါတည်း ပစ်သတ်လိုက်"

"ဟုတ်တာပေါ့၊ ကိုယ်က မသတ်လည်း သူက သတ်သွားမှာ"

ကလင်းကော့သည် ထင်းပုံကြီးတပုံပေါ်သို့ တက်ထိုင်လိုက်ပြီး စကားများကို သေချာစွာ စူးစိုက် နားထောင်နေသည်။

ဘေးပတ်ပတ်လည်တွင် အုတ်တံတိုင်းကြီးတွေ ကာထားသည်။ ကောင်းကင်တွင် တိမ်မည်းတို့ လွင့်ပါးနေသည်ကိုမြင်ရ၏။ တစ်နေရာက အုတ်ခုံမြင့်ကလေးတခုပေါ်တွင် ရှာရှာသည် ရပ်လျက် စကားပြောနေသည်။ သူ့အင်္ကျီကြယ်သီးက ပြုတ်လျက်၊ ဦးထုပ်က နောက်သို့လန်လျက်၊ သူ့အထက် တွင် မှန်အိမ်တလုံး ချထားသည်။ မှန်အိမ်သည် လေတိုက်တိုင်း ယိမ်းထိုး လှုပ်ရှားလျက်ရှိ၏။ ရှာရှာ၏နောက်တွင် ပိတ်ထားသည့် တံခါးတခုကို ခပ်ရေးရေး မြင်ရသည်။ ကလင်းကော့သည် ရှာရှာ ၏ စကားများကို နားထောင်ရင်း ရှာရှာကို ရွံမုန်းသည်ထက် ရွံမုန်းလာသည်။

"ဒီတော့ ခင်ဗျားတို့မှာ သူပုန်တွေကို ပစ်သတ်ပိုင်ခွင့်၊ ရိုက်ပိုင်ခွင့် အားလုံးရှိတယ်၊ လူလိမ်လူညာ တွေရဲ့လှည့်စားမှုကိုခံရတဲ့ ဇာဘုရင်ကို ကာကွယ်ဖို့ ခင်ဗျားတို့မှာ အခွင့်အရေးအပြည့်ရှိတယ်၊ ခြောက်လုံးပြူး မရတဲ့သူ ရှိသေးသလား"

'မရသေးဘူးဗျို့၊ မရသေးဘူး' ဟု တချို့ကအော်ကြသည်။ အချို့က ရှေ့သို့တက်လာကြသည်။ ရှာရှာ က ဘေးသို့ဖယ်လိုက်၏။

"ကျုပ်တို့ နှစ်လက်မရဘူးလား"

"ဘာလုပ်ဖို့လဲ"

"ရဲဘော်တယောက်ဖို့"

"ရှိုးသလား"

သူသိသည့် စုံထောက်များအသံဖြစ်သည်။ သူတို့အသံသည် ပိုရှ်ကျယ်လောင်ကာ ပိုရှ်မြူးနေသည် ထင်ရ၏။ တယောက်က နှုတ်ခမ်းကို အားရပါးရ လျက်လိုက်ပြီး

'ကျည်ဆန်မလောက်ဘူးဗျ၊ တယောက်ကို တသေတ္တာလောက်ပေးမှ ဖြစ်မယ်' ဟုပြောသည်။

“ဒီနေ့ နှစ်နေရာမှာ ထူးခြားလိမ့်မယ်”

ရှာရှာက ပြောသည်။

“မနက်ဖြန်ကျရင် သတင်းကောင်းကြားရမှာပေါ့”

စကားလုံးများ၊ အသံများသည် ကလင်းကော့မျက်စိရှေ့တွင် မီးပွင့်တွေလို တောက်နေကြသည်ဟု ထင်ရသည်။ အေးချမ်းငြိမ်သက်သည့်ဘဝကို မျှော်မှန်းထားသည့် သူ့စိတ်ကူးကလေးသည် ပျက်ပြယ် သွားပြီ။ သူ့ပတ်ဝန်းကျင် အမှောင်ထုကြီးနှင့် သူ့ဘေးကလူများ၏ ရင်ထဲတွင် သူ့ကို ရန်ပြုမည့် အင်အားကြီးတခု ခိုအောင်းနေသည်ဟု ကလင်းကော့ ထင်မိ၏။ ထိုခွန်အားကြီးသည် သူ့ကိုဆွဲခေါ် သွားကာ သူ့စိတ်ပျက်ခဲ့သည့်လမ်းဟောင်းသို့ သူ့ကို ပြန်ခေါ်သွားလိမ့်မည်။ သူ့ကို ကြောက်လန့် စဖွယ် အဖြစ်များနှင့် ရင်ဆိုင်စေလိမ့်မည်။ သူ့ရင်ထဲတွင် ရှာရှာကို မုန်းနေသည့်အမုန်းသည် ဆူပွက်စ ပြုလာ၏။ သို့ရာတွင် ထိုအမုန်းသည် စိတ်ဓာတ်ပျော့ညံ့သူ၏ အမုန်း၊ လွတ်မြောက်တော့မည်ဟု သိရပြီးခါမှ အချုပ်အနှောင်ထဲသို့ ပြန်ဝင်ရသည့် ကျေးကျွန်တယောက်၏ အမုန်း။

လူများသည် နောက်ဖေးကွက်လပ်မှ နှစ်ယောက်တတွဲ၊ သုံးယောက်တတွဲ ထွက်လာကြ၏။ သူတို့အထက်မှ မီးရောင်သည်ပျောက်သွား၏။

“ဒီနေ့ လုံခြုံရေးဌာနက လူ ခုနစ်ယောက် ပြန်ပြီးသတင်းမပို့ကြဘူး၊ သူတို့ကိုယ်ကို သူတို့ ပျော်ပွဲစား ထွက်တယ်များ အောက်မေ့နေသလား မသိဘူး၊ ကျုပ်က ဒါမျိုးကို နည်းနည်းမှ သည်းမခံနိုင်ဘူး၊ ပျင်းတာလည်း သည်းမခံနိုင်ဘူး၊ အဲဒါ ခင်ဗျားတို့ မြဲမြဲမှတ်ထားကြ၊ ခုအချိန်ကစပြီး ခင်ဗျားတို့ကို တင်းတင်းကျပ်ကျပ်ကိုင်မှ ဖြစ်တော့မယ်၊ အလံနီကိုင်ပြီး စီတန်းလှည့်လည်တဲ့အထဲမှာ မယ်နီကော့ ပါတယ်လို့ပြောတာ ဘယ်သူလဲ”

“ကျွန်တော် မြင်ခဲ့တယ်”

“အလံကိုင်သလား”

“ကိုင်ထားတယ်၊ ကြွေးကြော်သံတောင် အော်လိုက်သေးတယ်”

ကလင်းကော့သည် ရေခဲပေါ်တွင် လမ်းလျှောက်သလို ဝင်းပေါက်ဝသို့ လျှောက်လာခဲ့သည်။ အပေါက်ကြီးတခုထဲသို့ ကျွံကျသွားမည်ကို စိုးရိမ်သည့်နှယ် သတိထား၍ ဖြည်းဖြည်းလျှောက်သည်။ ရှာရှာ၏ အသံသည် သူ့နားသို့ရောက်လာကာ ကျောထဲသို့ စိမ့်ဝင်သွားသည်ဟု ထင်ရ၏။

“မယ်နီကော့ကို ကျုပ်ကိုယ်တိုင် ရိုက်ရမယ်၊ ပြည်သူအတွက် ရိုက်တယ်ကွလို့ ပြောပြီးရိုက်ရမယ်၊ မာလာကော့တယောက် အလုပ်ကထွက်သွားပြီလို့ ပြောတာကော ဘယ်သူလဲ”

‘ခွေးသား၊ သူကိုယ်တိုင် သိလျက်သားနဲ့’ ဟု ကလင်းကော့ စိတ်ထဲကကျိန်ဆဲလိုက်သည်။

“ကျွန်တော် ပြောတာ၊ ကျွန်တော့်ကိုလည်း ဘီးကော့ကပြောတာ၊ ဘီးကော့က ကလင်းကော့ဆီက ကြားတာတဲ့”

“ဘီးကော့ရော၊ ကလင်းကော့ရော၊ ဂရိုတိုကော့ရော၊ အကုန်လုံး အလကားကောင်တွေချည်းပဲ၊ သူတို့သုံးယောက်စလုံး ဒီမှာ တယောက်မှ မပါလာဘူးလား”

“ကလင်းကော့ ရှိတယ်ထင်တယ်”

ဗျာဝီရတ်က ပြောသည်။

“ကလင်းကော့”

ရှာရှာ အော်ခေါ်သည်။ ကလင်းကော့သည် လက်နှစ်ဖက်ကိုလွှဲကာ ခပ်သွက်သွက် လျှောက်လာခဲ့ သည်။ သူ့ခြေထောက်များက ညွတ်ကျတော့ မည်ထင်ရ၏။

‘ပြန်သွားပြီထင်တယ်’ ဟု ကရာဆာဗင်က ပြောလိုက်သည်။

ဝင်းအပြင်ဘက်သို့ ရောက်သည့်အခါတွင် ကလင်းကော့သည် သူညံ့သည်ကို တွေး၍ စိတ်တိုနေ သည်။ သူ့စွမ်းအားမဲ့သည်ကို ကြည့်၍ မကျေမနပ် ဖြစ်နေသည်။ သူညံ့ပုံ၊ သူ့စွမ်းအားမဲ့ပုံကို တခါမှ ဤလောက် ထင်ထင်လင်းလင်း မမြင်ခဲ့စဖူး။ သူသည် သူ့အဖြစ်ကို သူတွေးကာ ရှက်လာသည်။

‘ပြီးတော့လည်း ပြီးသွားမှာပါ၊ ရှာရှာဆိုတဲ့ကောင်ဟာ အပြောကြီးတာပါ၊ သူတကယ် မလုပ်ရဲပါဘူး’ ဟု သူ့ကိုယ်သူပြောသည်။

သို့ရာတွင် သူပြောသည့် စကားများကို သူကိုယ်တိုင်လည်း မယုံ။

နောက်တနေ့မနက်တွင် အိမ်ကထွက်ရမည်ကို ကလင်းကော့ဝန်လေးနေသည်။ အိပ်ရာပေါ်တွင် အိပ်ရင်း မျက်နှာကြက်ကို ငေးကြည့်နေမိသည်။ ခဲသားရောင်ပြေးနေသည့် ရှာရှာ၏မျက်နှာ မှုန်မွဲသော မျက်လုံးများနှင့် နဖူးပေါ်တွင် အပြွတ်လိုက်ပေါက်နေသည့် ဝက်ခြံတွေနှင့် ရှာရှာ၏ မျက်နှာသည် သူ့မျက်နှာကြက်တွင် တွဲလဲဆိုင်းနေသည် ထင်ရ၏။ ထိုမျက်နှာသည် သူငယ်ငယ်က စားကျက်တောကြီး ပေါ်တွင် တွေ့ခဲ့ရသော လဝန်းနီနီကြီးလို ကျက်သရေကင်းလျက်ရှိ၏။

သူမျှော်မှန်းခဲ့သည့် အေးချမ်းငြိမ်သက်သည့် ဘဝသစ်သည် ရှာရှာ၏ စကားလုံးများအောက်တွင် ကျိုးပဲ့ပျက်စီးသွားခဲ့ပြီ။ ရှာရှာ၏တကိုယ်လုံးကို ကိုက်ဝါးပစ်လိုက်ချင်၏။ သူ့မျက်လုံးများကို ဖောက်ပစ်လိုက်ချင်၏။

သူ့ထံ လုပ်ဖော်ကိုင်ဖက်တွေ လာကြဦးမည်ကိုသိသဖြင့် ကလင်းကော့သည် အဝတ်အစားကို ခပ်မြန်မြန် လဲသည်။ အိမ်မှ ခပ်သုတ်သုတ် ထွက်လာကာ လမ်းတွေပေါ်သို့ လျှောက်သွားနေသည်။ ခဏကြာတော့ ညောင်းလာသဖြင့် ခတ်ရထားကို စောင့်သည်။ လူများသည် ချောင်းကြီးတခုလို သူ့ရှေ့တွင် အစဉ်မပြတ် စီးဆင်းသွားကြ၏။ လူတွေနှင့်ပတ်သက်၍ ယနေ့ တစုံတရာ အသိထူးသည် ထင်သဖြင့် ကလင်းကော့သည် လူတွေမျက်နှာကို ဂရုတစိုက်ကြည့်သည်။ သေသေချာချာ သတိထား လိုက်သည့်အခါတွင် ယနေ့ လူတွေတမျိုးဖြစ်နေသည်ဟုထင်ခြင်းမှာ အခြားမဟုတ်။ သူ တသက်လုံး သိခဲ့သည့် အကြောက်တရားသည် သူတို့မျက်နှာပေါ်တွင် ပြန်ရောက်နေခြင်းဖြစ်သည်ကို သတိပြုမိ တော့သည်။ လူများသည် တယောက်ကိုတယောက် သက်ာမကင်းသည့်အကြည့်ဖြင့် ကြည့်ကြ သည်။ မယုံကြည်ဟန်ဖြင့် ကြည့်ကြသည်။ စောစောတုန်းကလို သူတို့မျက်နှာပေါ်တွင် ပျော့ပျောင်း နူးညံ့သည့် အကြည့်တို့ မရှိတော့။ သူတို့အသံသည် တိုးသွား၏။ ဒေါသသံ၊ ဝမ်းနည်းသံ ပေါက်လျက် ရှိ၏။ သူတို့အချင်းချင်း တွေ့လျှင် ထိတ်လန့်စရာသတင်းများကိုသာ ပြောကြ၏။

သူ့ဘေးသို့ လူနှစ်ယောက် လာရပ်သည်။ အရပ်ပုပုဝဝလူက

'ဘယ်နှယောက် သေသတဲ့လဲ' ဟု မေးနေသည်။

"ငါးယောက်တဲ့၊ ဆယ့်ခြောက်ယောက် ဒဏ်ရာရတယ်တဲ့"

"ကော့ဆက် စစ်သားတွေပစ်တာတဲ့လား"

"ဟုတ်တယ်၊ သေတ္တာအထဲမှာ ကောင်လေးတယောက်လည်း ပါတယ်တဲ့၊ ကျောင်းသားတဲ့"

ကလင်းကော့သည် သူတို့ကို ကြည့်လိုက်ပြီး

"ဘာဖြစ်လို့ ပစ်တာလဲဗျ"

အမေးခံရသူက ပခုံးကိုတွန့်ပြလိုက်ကာ

"ကော့ဆက်စစ်သားတွေက အရက်မူးလို့ပစ်တယ် ပြောတာပဲ"

'ကေ့န္တ ရှာရှာလက်ချက်ပဲ ဖြစ်မှာပဲ' ဟု ကလင်းကော့ တွေးလိုက်သည်။

"ပြီးတော့ လူအုပ်ကြီးက ကျောင်းသားတယောက်ကို မြစ်ထဲပစ်ချလိုက်တယ်တဲ့၊ စပတ်စကီ တံတားနားမှာတဲ့"

'ဘယ်လို လူအုပ်တဲ့လဲဗျ"

"မသိဘူးလေ မျိုးချစ်တွေကဖြစ်မှာပေါ့"

"မဟုတ်ပါဘူး၊ ခင်ဗျားကလည်း မသိဘဲနဲ့ ရမ်းတုတ်မနေစမ်းပါနဲ့၊ မနက်လင်းကတည်းက ကြမ်းပိုး သူခိုးတွေက သုံးရောင်ခြယ်အလံတွေကို ကိုင်ပြီး လူကောင်းသူကောင်းတွေကို လိုက်ရိုက်နေတယ် တဲ့။ ပြီးတော့..."

'ရှာရှာ့လက်ချက် ဖြစ်မှာပဲ' ဟု တွေးလိုက်သည်။

"တချို့ကပြောတော့ အဲဒီလူတွေကို ပုလိပ်နဲ့ လုံခြုံရေးဌာနက စည်းရုံးလာတာတဲ့"

'ဟုတ်တာပေါ့' ဟု ကလင်းကော့က ရုတ်တရက် ပြောလိုက်သည်။

သို့ရာတွင် ချက်ချင်း သတိရပြီး ကိုယ့်နှုတ်ခမ်းကို ပြန်ကိုက်ရင်း သူတို့နှစ်ယောက် အခြေအနေကို မသိမသာ ကြည့်လိုက်သည်။ သည်နေရာက မြန်မြန်သွားမှ ဖြစ်တော့မည်။ ထိုစဉ် ဓာတ်ရထား ဆိုက်လာသဖြင့် သူတို့နှစ်ယောက်လည်း တက်သွားကြသည်။ 'ငါလည်း တက်လိုက်သွားမှပဲ၊ နို့မို့ရင် ငါ့ကို စုံထောက်လို့ ထင်သွားကြလိမ့်မယ်၊ သူတို့နဲ့အတူ ဓာတ်ရထားစောင့်နေပြီး ဓာတ်ရထား လာတော့လည်း မလိုက်ဘူးဆိုရင် ထင်မယ်ဆိုလည်း ထင်စရာပဲ' ဟုတွေးသည်။

ဓာတ်ရထားပေါ်က လူများကမူ လမ်းပေါ်ကလူများလောက် ဣန္ဒြေမပျက်ကြ။

‘အေးလေ၊ မှန်ကာရုံ ကာထားပေမဲ့ အပြင်ထက်စာရင်တော့ လုံခြုံတယ်လို့ ထင်ရသေးတာပဲ’ ဟု တယောက်တည်း တွေးလိုက်လာရင်း ရထားပေါ်ကလူတွေပြောသည့် စကားများကို နားစွင့်လာ သည်။

“ကျုပ်လည်း ဇာဘုရင်ကို ကြည်ညိုတာပါပဲဗျ၊ ကြေညာချက်ထုတ်တော့ ဝမ်းသာလိုက်တာ မပြောပါ နဲ့တော့၊ ဒါပေမဲ့ဗျာ လူတွေကိုစုပြီး ပြတင်းပေါက်တွေ လိုက်ခွဲခိုင်း၊ လူတွေကို လိုက်သတ်ခိုင်းတာမျိုး ကတော့ ဘယ်ကောင်းမလဲ”

အရပ်ရှည်ရှည် လူတယောက်က လက်ဟန်ခြေဟန်ဖြင့် ပြောနေသည်။

‘တော်တော်ရိုင်းစိုင်းယုတ်မာတဲ့ကောင်တွေ’ ဟု မိန်းမတယောက်က ဆဲရေးသည်။

“တော်တော်ရက်စက်တဲ့လူတွေဗျာ”

‘ဒါ ပုလိပ်လက်ချက်တွေပေါ့ဗျာ’ ဟု တနေရာမှ လူတယောက်က လှမ်းပြောလိုက်သည်။

အတန်ကြာ တိတ်ဆိတ်နေကြသည်။

“ရုရှားပုံစံ တန်ပြန်တော်လှန်ရေး လုပ်နေကြတာဗျ၊ အဲဒီမျိုးချစ်ဆန္ဒပြပွဲတွေကို ခေါင်းဆောင်လာတာ ဘယ်သူတွေထင်သလဲ၊ ရုပ်ဖျက်ထားတဲ့ ပုလိပ်တွေဗျ၊ လုံခြုံရေးဌာနက လူတွေ”

ထိုအသံက ဆက်ပြောသည်။

ကလင်းကော့သည် ထိုစကားများကို ကြားရသဖြင့် ပျော်သည်။ စကားပြောသည့် လူငယ်၏မျက်နှာ ကို တချက်လှမ်းကြည့်လိုက်၏။ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းမွေးရေးရေး၊ မေးရိုးလေးထောင့်နှင့် လူရွယ်တယောက် ဖြစ်သည်။ လူငယ်သည် ခြေနှစ်ချောင်းကိုဆန့်ကာ သူ့ထိုင်ခုံတွင် ကျကျနန လိုက်လာသည်။ သူ၏ မျက်လုံးပြာပြာများဖြင့် ရထားပေါ်တွင် ပါလာသည့်လူများကို ကြည့်ကာ အချက်ပိုင်ပိုင်ဖြင့် ပြောနေသည်။

အင်္ကျီထူထူ၊ ဖိနပ်ရှည်ရှည်တို့ကို ဝတ်ထားသဖြင့် အလုပ်သမားတယောက်ဟု ခန့်မှန်းရသည်။ သို့ရာတွင် လက်များက ဖြူဖွေးလျက်ရှိပြီး အသားနုနယ်သဖြင့် အလုပ်သမားတယောက် မဟုတ်နိုင်။

‘သူကိုယ်တိုင်ကော ရုပ်ဖျက်လာတဲ့ စုံထောက်တယောက် မဖြစ်နိုင်ဘူးလား’ ဟု ကလင်းကော့ စဉ်းစားသည်။

ကလင်းကော့သည် လူရွယ်၏ စကားများကို နားစိုက်၍ထောင်သည်။ ထက်မြက်တောက်ပသည့် သူ့မျက်လုံးများကို လိုက်ကြည့်သည်။ သူနှင့် သူ့ကို စိတ်ထဲမှ ထောက်ခံနေသည်။ သို့ရာတွင် ကလင်းကော့သည် ချက်ချင်း ကိုယ်ကို ကျုံ့လိုက်သည်။ ရထားအဆင်းပေါက် စပယ်ယာအနီးတွင် ခါးကိုင်းကိုင်းနှင့် လူတယောက်၏ခေါင်းကို လှမ်းမြင်လိုက်သောကြောင့် ဖြစ်သည်။ ထိုလူမှာ စုံထောက် ဇာရူဗင်ဖြစ်သည်။ ရထားဆောင့်လိုက်သည့်အခါတွင် ဇာရူဗင်သည် ကိုယ်ကိုယိမ်းကာ ဟန်ချက်ညီအောင် ထိန်းထားသည်။

"ဇာရူဗင်"

ကလင်းကော့သည် စိတ်ပျက်လက်ပျက်ဖြင့် မျက်လုံးပြာပြာနှင့် လူငယ်ဘက်သို့ လှည့်ကြည့်လိုက် သည်။ လူငယ်သည် ခွေလိပ်နေသည့် သူ့ဆံပင်များကို လက်ဖြင့်သပ်ရင်း

"အစိုးရမှာ စစ်တပ်တွေ၊ ပုလိပ်တွေ၊ စုံထောက်တွေ ရှိနေသမျှ လူထုမှာ ဘာအခွင့်အရေးမှ ရှိမှာ မဟုတ်ဘူး၊ အခွင့်အရေးကို လိုချင်ရင် တိုက်ယူရမယ်၊ သွေးထွက်သံယိုမှု မဖြစ်ဘဲ၊ တိုက်ပွဲမရှိဘဲ ဘယ်တော့မှမရနိုင်ဘူး၊ ဒါကို ခင်ဗျားတို့ မြဲမြဲမှတ်ထားကြ"

"ဒီလိုဘယ်ဟုတ်မလဲ၊ ဇာဘုရင်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပေးထားပြီပဲ၊ ဒီလိုပြောဖို့ ဘယ်ကောင်းမလဲ"

မျက်နှာရှည်ရှည်နှင့် လူတယောက်က ပြောလိုက်သည်။

"ဒါဖြင့် လမ်းမပေါ်မှာ လူတွေ ဘာဖြစ်လို့ သတ်နေရသလဲ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အလို မရှိလို့ အော်တာ ဘယ်သူတွေလဲ၊ စနစ်ဟောင်းကို ကာကွယ်နေတာ ဘယ်သူတွေလဲ၊ သူတို့ပဲ မဟုတ်လား"

ထိုအခိုက် ခတ်ရထားသည် ကျွီခနဲမြည်၍ ရပ်သွား၏။ 'ဇာဘုရင်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ' ဟု အော်သံများကို ကြားရသည်။

လမ်းထောင့်တခုမှ လူရွယ်တသိုက်သည် မိုးပေါ်က ကျလာသလို ရုတ်တရက် ပေါ်လာကြကာ ခတ်ရထားရှေ့သို့ ရောက်လာကြ၏။ သူတို့နောက်မှ သုံးရောင်ခြယ်အလံများကို ကိုင်ထားသည့် လူအုပ်တအုပ်ကလည်း လိုက်လာ၏။ ကြွေးကြော်သံများသည် လေထဲတွင် ပျံ့ဝဲလျက်ရှိသည်။

"ဟေ့ကောင်လေးတွေ၊ မပြေးနဲ့ ရပ်"

"ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ကျဆုံးပါစေ"

"အလိုမရှိ"

"ဇာဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ"

လူတွေရောသွားကာ တယောက်နှင့်တယောက် တိုးကြွေ့ကြ၊ လဲကြကြ ဖြစ်ကုန်သည်။ ထိုအထဲ တွင် အမျိုးသားအလံကို ကိုင်ထားသည့် မယ်နီကောဲကို မြင်လိုက်ရသည်။ သူသည် ခေါင်းကို အောက်သို့စိုက်ကာ ထိုးတော့မည့် ကျွဲကြီးတကောင်လို လျှောက်လာသည်။

"လိမ်လည်မှုတွေ ကျဆုံးပါစေ"

သူ၏ အသံအောအောသည် အခြားအသံများကို ဖုံး၍ထွက်လာ၏။ သူ့နောက်မှလည်း အဝတ်အစား တွေ စုတ်ပြတ်နေသည့်လူတွေ လိုက်ပါလာကြသည်။ တချို့က ခုန်ပေါက်လာကြသည်။ တချို့က လက်သီးလက်မောင်း ဆန့်တန်း၍ လိုက်လာကြသည်။ တချို့က ပြတင်းပေါက်များဘက်သို့ လှည့်ပြီး ကြွေးကြော်သံများကို အော်လာကြသည်။ မယ်နီကောဲသည် သူ့နောက်က လူအုပ်ဘက်သို့ လှည့်လိုက်ပြီး 'ရပ်' ဟု အမိန့်ပေးလိုက်သည်။ လူအုပ်ကလည်း ရပ်သည်။

"သီချင်းဆို"

မယ်နီကောဲသည် ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲကာ သီချင်းကိုရှေ့မှ တိုင်သည်။

'ဒီလူ အရက်များ မူးနေသလား' ဟု ကလင်းကော့ တွေးလိုက်သည်။

လူအုပ်၏ အသံသည် မယ်နီကောဲ၏အသံကို လွှမ်းသွားသည်။

"ဇာဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ၊ ဦးထုပ်ချွတ် အလေးပြု၊ သစ္စာဖောက်မှု ကျဆုံးပါစေ"

ခတ်ရထားထဲတွင် တိတ်ဆိတ်နေသည်။ ခတ်ရထားထဲက လူများသည် မတ်တတ်ရပ်၍ ဦးထုပ်ကို ချွတ်ကြသည်။ အားလုံးက မယ်နီကောဲကို ဝိုင်း၍ကြည့်နေကြသည်။ မယ်နီကောဲက ဦးထုပ်ချွတ်ခြင်း မပြု။

ကလင်းကော့သည် ခတ်ရထားမှန်ပြတင်းမှနေ၍ မယ်နီကောဲ၏မျက်နှာကို ကြည့်လိုက်သည်။ အပြင်က အငြိမ်မနေ ခုန်ပေါက်လျက်ရှိသော လူအုပ်၏ အရေးမကြီးပုံကို ကလင်းကော့ ပြက်ပြက်ထင်ထင် သဘောပေါက်လာသည်။ သူတို့ရင်ထဲက မှောင်မည်းသည့် အကြောက်တရား သည် သူတို့ကို နှင်တံဖြင့် ရိုက်သကဲ့သို့ သူတို့ကို မောင်းပုတ်လျက်ရှိ၏။ သူတို့ကို ထိုမှ ဤသို့

တွန်းပို့လျက်ရှိ၏။ သို့သော် ဤသို့ လှုပ်ရှားပြေးလွှားခြင်းဖြင့် သူတို့ရင်ထဲက အကြောက်တရားကို တိုက်ဖျက်လျက် ရှိကြ၏။ သူတို့သည် ဘာကိုမျှ ကြောက်လန့်ခြင်းမရှိဟု သူတို့ကိုယ်သူတို့ ပြချင်ဇောဖြင့် အော်ဟစ်လျက်ရှိကြ၏။ သူတို့အားလုံးသည် ကြိုးမှဖြေလွှတ်လိုက်သည့် အမဲလိုက်ခွေးများ ကဲ့သို့ ခေတ်ရထားအနီးတွင် ဝိုင်းအုံကာ သူတို့အကြောက်တရားကို ပြေပျောက်ရန် အလို့ငှာ ကြွေးကြော်သံများကို အရူးအမူး အော်ဟစ်လျက် ရှိကြ၏။ သူတို့သည် ကျယ်ပြန့်သည့် လမ်းမကြီး အလယ်ကောင်တွင် ရဲရဲတင်းတင်း မလျှောက်ရဲကြဘဲ ထိုမှဤမှ အနှံ့သွားနေကြ၏။ မမျှော်လင့်သည့် အဖြစ်အပျက်ကြီး တစုံတခု ရောက်လာမည်ကို စိုးရိမ်ထိတ်လန့်လျက် ရှိကြ၏။

ခေတ်ရထားအနီးတွင် အရပ်ရှည်ရှည်ပိန်ပိန်၊ မုတ်ဆိတ်ချွန်ချွန်နှင့် လယ်သမားတယောက် ရပ်နေ သည်ကို မြင်ရသည်။ သူ့နဖူးသည် ချွေးတို့ဖြင့် ပြောင်လက်လျက်ရှိ၏။ သူသည် ကြွေးကြော်သံ အော်နေရာမှ ရပ်လိုက်ပြီး သူ့ပတ်ဝန်းကျင်ကို မသင်္ကာသည့်နှယ် လှည့်ကြည့်နေသည်။ သူသည် မျက်လုံးကို မိတ်ထားလိုက်ပြီးနောက် မျက်နှာကို ကောင်းကင်သို့ မော့ထားလိုက်သည်။ ကြွေးကြော်သံ အော်လိုက်သည့်အခါတွင် ဆာလောင်မွတ်သိပ်သည့် သူ့ပါးစပ်သည် ဟလာကာ ဝါထိန်နေသည့် သွားများကိုမြင်ရသည်။

“အလိုမရှိ၊ အလိုမရှိ”

စိတ်အားထက်သန်ခြင်းကြောင့် မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာကြသည်။ သူ့နဖူးသည် ချွေးတို့ကြောင့် ပြောင်လက်လျက်ရှိ၏။ သူသည် ကြွေးကြော်သံ အော်နေရာမှ ရပ်လိုက်ပြီး သူ့ဘေးပတ်ဝန်းကျင်ကို မသင်္ကာသလို လှည့်ကြည့်လိုက်သည်။ ထို့နောက် မျက်လုံးများကို ပြန်မိတ်ကာ ကြွေးကြော်သံကို ဆက်အော်ပြန်သည်။

‘ငါလည်း သူ့လိုပဲနေမှာပဲ’ ဟု ကလင်းကော့တွေးနေသည်။ ကလင်းကော့သည် လယ်သမားကြီးကို သနားလာသည်။ သူ့ကိုယ်သူလည်း သနားသည်။ သူမြင်နေကျ သဘော်ာကျင်း အလုပ်သမားများ၏ မျက်နှာများကိုလည်း ကလင်းကော့ မြင်လိုက်သည်။ နှုတ်ခမ်းမွေးကြီးကားကားနှင့် ဘုရား ရှိခိုးကျောင်းစောင့်ကိုလည်း တွေ့လိုက်သည်။ ထိတ်လန့်နေသည့် မျက်နှာထားများကို ဆောင်ထား ကြသည့် လယ်သမားများကိုလည်း မြင်လိုက်သည်။

ဇာရူဗင်သည် လူအုပ်အလယ်တွင် ငါးရှဉ့်တကောင်လို တွန့်နေသည်။ မယ်နီကော့အနားသို့ ပြေးသွားကာ တစုံတရာကိုပြောပြီး ခေတ်ရထားဆီသို့ မေးငေါ့ပြနေသည်ကို မြင်လိုက်ရသည်။

ကလင်းကော့သည် ဦးထုပ်ဆောင်းထားသည့်လူကို လှမ်းကြည့်လိုက်သည်။

ထိုလူသည် ထိုင်ခုံမှ ထကာ တံခါးပေါက်ဆီသို့ သွားနေသည်။ ခေါင်းကိုမော့ထားပြီး မျက်မှောင်ကို ကုတ်ထားသည်။ ကလင်းကော့သည် သူ့နောက်သို့ လိုက်လာခဲ့၏။ သို့ရာတွင် မယ်နီကော့ ရောက်လာကာ အပေါက်ကို သူ့ကိုယ်ကြီးဖြင့် ဆီးပိတ်ထားလိုက်ရင်း 'ဦးထုပ်ချွတ်လိုက်' ဟုအော်သည်။

ထိုလူသည် တခြားအပေါက်ဘက်သို့ လှည့်ဆင်းသည်။ ထိုအပေါက်တွင် ဇာရူဗင် စောင့်နေသည်။

"ဒီလူကို ကြည့်ဗျို့၊ ဦးထုပ်မချွတ်ဘူး၊ ဒီလူဟာ လက်ပစ်ဗုံးပစ်တဲ့လူ၊ ဒီလူကိုဖမ်းကြ"

ဇာရူဗင်၏လက်ထဲတွင် ခြောက်လုံးပြူးတလက်ကို မြင်လိုက်ရသည်။ သူသည် ခြောက်လုံးပြူးကို ယမ်းလိုက်ပြီး ထိုလူအနီးသို့ ကပ်လာသည်။ လမ်းမပေါ်မှ လူများသည် ဓာတ်ရထားဆီသို့ ပြေးလာ ကြ၏။ ဓာတ်ရထားပေါ်မှ ဆင်းပြေးသူ၊ တက်လာသူများနှင့် လုံးထွေးလျက်ရှိ၏။

"ရှင့်ဦးထုပ်ကြီးကို ချွတ်လို့ပြောရင် ချွတ်လိုက်ပါတော့လား၊ ဘာဖြစ်လို့ မချွတ်ဘဲနေတာလဲ၊ ဒါနဲ့ သေတော့မှာပဲ"

မိန်းမတယောက်က စိုးရိမ်တကြီးဖြင့်အော်သည်။

အမျိုးသမီးတယောက်က စိုးရိမ်တကြီးဖြင့် အော်သည်။

အားလုံးက တယောက်တပေါက် ဝိုင်းအော်ကြသည်။ သူတို့၏ မျက်လုံးများသည် ဦးထုပ်နှင့်လူဆီသို့ ရောက်နေကြ၏။

"ဟော့လူ ဖယ်ဆိုဖယ်နော်၊ ကျုပ် သေနတ်နဲ့ ပစ်လိုက်ရမလား"

ထိုလူက ရှေ့သို့တိုးလာသည်။ ဇာရူဗင်သည် နောက်သို့ဆုတ်သွား၏။

သို့ရာတွင် နောက်က တွန်းလိုက်သဖြင့် ရှေ့သို့ဒူးထောက်လျက် လဲကျသွားသည်။ လက်တဖက်ကို ကြမ်းပြင်တွင် ထောက်ထားရင်း အခြားလက်တဖက်ဖြင့် သူ့ခေါင်းကို ကာထား၏။ ရုတ်တရက် သေနတ်သံတချက် ထွက်လာသည်။ နောက်တချက် ဆက်တိုက်ပေါ်လာသည်။

အားလုံး ရုတ်ရုတ်သဲသဲဖြစ်သွားကြ၏။ ဆဲသံတသံကို ကြားလိုက်ရသည်။ နောက်ထပ် သေနတ်သံ တချက်ပေါ်လာသည်နှင့်အတူ 'အား' ဟူသော ဇာရူဗင်၏ အော်သံပေါ်လာသည်။ သူ့ခေါင်းသည် ကြမ်းပြင်သို့ ဝိုက်ကျသွားကာ ခြေထောက်များကြားထဲသို့ ရောက်သွား၏။ ဓာတ်ရထားပေါ်တွင် လူရှင်းကာ တိတ်ဆိတ်သွားသည်။ ကလင်းကော့သည် ချောင်တချောင်ထဲတွင်

ကုပ်၍ထိုင်နေသည်။ သူလည်း အသတ်ခံရမည်လောဟု မဆိုနိုင်။

သူသည် ဘေးပတ်ပတ်လည်ကို လှည့်ကြည့်လိုက်၏။ ဦးထုပ်နှင့်လူသည် ခေတ်ရထားကြမ်းပြင်ပေါ် တွင် ရပ်နေ၏။ မယ်နီကော့သည် ကလင်းကော့အနီးမှဖြတ်ကာ ထိုလူနားသို့ လျှောက်လာသည်။ ဇာရူဗင်ကား မလှုပ်မယှက်။

“မဆိုင်သူတယောက်မှ အနားမကပ်ကြနဲ့၊ အနားကပ်ရင် ပစ်ထည့်လိုက်မယ်”

ဦးထုပ်နှင့်လူက အော်သည်။ မယ်နီကော့သည် ဇာရူဗင်ကိုခွကျော်ကာ ထိုလူကို ခါးမှဖမ်းကိုင်လိုက် ပြီး လမ်းမပေါ်သို့ ပစ်ချလိုက်သည်။

“ရိုက်ကြ၊ ဒီကောင်ကိုသေအောင် ရိုက်သတ်ကြ”

မယ်နီကော့၏အသံသည် ကွဲအက်လျက်ရှိ၏။ သူ့ကိုကြည့်ရသည်ကလည်း တိရစ္ဆာန်စိတ်ပေါက်နေသူ ကဲ့သို့ ဖြစ်နေသည်။

သေနတ်သံသုံးချက် ဆက်တိုက်ထွက်လာသည်။ သေနတ်သံများသည် ပဲ့တင်ထပ်သွားကြ၏။ ‘ခြေထောက်ကို မှန်သွားပြီဗျ’ ဟု ကလေးတယောက်အော်ငိုသလို ငိုလိုက်သည့် အသံတသံကို ကြားလိုက်ရသည်။

“အဲဒီလူကိုရိုက်၊ ရိုက်၊ ခေါင်းကိုရိုက်”

တယောက်က အသံကွဲကြီးဖြင့်အော်သည်။

“ရိုက်လေ၊ အရေကိုဆုတ်ပစ်၊ ဘာလို့ရပ်ကြည့်နေတာလဲ၊ သူတို့အလှည့် ကုန်ပြီကွ၊ ဒီတခါ တို့အလှည့်”

တယောက်က အသံစူးစူးဖြင့် အော်သည်။

ကလင်းကော့သည် မှင်တက်မိကာ လုံးထွေးပြီး ရုန်းရင်းဆန်ခတ်ဖြစ်နေသည့် လူအုပ်ကြီးကို ငေးကြည့်နေသည်။ ခါးတွေကုန်းလျက်၊ လက်တွေ၊ ခြေထောက်တွေက ရောထွေးလျက်၊ ညည်းညူလျက်၊ အော်ဟစ်လျက်။ မြေကြီးပေါ်တွင် လဲကျနေသည့် ဦးထုပ်နှင့်လူရွယ်ကို ကျောက်ခဲ တွေဖြင့် ဝိုင်းပေါက်ကြသည်၊ တက်နင်းကြသည်။ မျက်နှာ၊ ရင်ဘတ်၊ ခြေထောက် စသည်တို့ အပေါ်သို့ တက်နင်းကြသည်။ တပိုင်းစီဖြစ်အောင် ဆုတ်ဖွဲ့ပစ်ကြသည်။ အလောင်းကောင်သည် သွေးတွေယိုစီးကာ ပြားချပ်နေပြီ။ သို့တိုင်အောင် အားရဟန်မတူကြသေး။ ထပ်၍ ရိုက်ကြသည်၊ ထုကြသည်။

နင်းကြသည်။ မြေပေါ်တွင် လဲကျနေသည့်လူသည် လူနှင့်ပင် မတူတော့။ ပြားချပ်နေပြီ။ လူတယောက်သည် သူ့ခေါင်းခွံကို တက်နင်းနေသည်။ 'မင်းတို့အလှည့် မဟုတ်ဘူးကွ၊ တို့အလှည့် သိလား' ဟု သွေးရူးသွေးတန်း အော်နေသည်။

စိတ်တိုင်းကျအောင် ထုရိုက်သတ်ဖြတ်ပြီးတော့ကာမှ လူအုပ်သည် လမ်းလယ်ကောင်သို့ ပြန်စုသွား သည်။ လူတယောက်က 'ဟေ့ သူ့ သေနတ်ကော၊ ဘယ်သူယူသွားသလဲ' ဟု လှမ်းမေးနေသည်။

သူတို့အားလုံး မောသံပေါက်နေသည်။ ပလက်ဖောင်းခတ်တိုင်တတိုင်အနီးမှ ရယ်သံတွေ ပေါ်လာသည်။

"ဘယ်ကလာ ခင်ဗျားအရင်ဆုံးရိုက်ရမှာလဲ၊ ကျုပ်အရင်ဆုံးရိုက်တာဗျ၊ လဲကျသွားတာနဲ့ ဘာပြောကောင်းမလဲ မေးရိုးကို ဖိနပ်နဲ့တအားပိတ်ကန်ပစ်လိုက်တာ"

"အိုး ပထမဆုံးစချတာ ဟောဟိုက ရထားသမားဗျို့၊ ကျုပ်က ဒုတိယ"

"ရထားသမားခြေထောက်မှာ သေနတ်မှန်သွားတယ်ဆို"

"အရိုးမထိရင် ကိစ္စမရှိပါဘူးကွ"

သွေးနံ့ကို ရလာသဖြင့် သူတို့သည် သတ္တိကောင်းလာကြ၏။ လောင်မြွတ်သိပ်သော မျက်လုံးများ၊ လောဘဇောတိုက်သော အကြည့်များဖြင့် ပတ်ဝန်းကျင်ကို လှည့်ကြည့်ကြသည်။ လမ်းမအလယ် ကောင်တွင် ပုံပန်းသဏ္ဍာန်ပျက်နေသော အပုံတပုံ၊ ထိုအပုံမှ သွေးများသည် ကျောက်ခဲပေါက်များ ထဲသို့ စိမ့်ဝင်လျက်ရှိကြ၏။

'အင်း ရက်စက်လိုက်ကြတာ' ဟု ကလင်းကော့ တွေးနေရင်း သွေးစွန်းနေသော ကျောက်တုံးများကို ကြည့်နေသည်။ မှောင်နေသည့် နှင်းထုနီနီထဲတွင် အမွေးထူထူနှင့် မယ်နီကော့ကို မြင်လိုက်ရသည်။ သူ့အသံသည် ပင်ပန်းနွမ်းနယ်ဟန် ပေါက်နေ၏။

"တယောက်ကို သတ်ပစ်လိုက်ကြပြန်ပြီ"

"ဘယ်လို ဘယ်လိုလုပ်လိုက်ကြမှန်း မသိဘူး"

"မနက်ကလည်း တယောက်ကို သတ်ခဲ့ကြပြီးပြီ"

"ဘာဖြစ်လို့လဲ"

“တရားဟောနေတုန်း ကာရှင်က သေနတ်နဲ့ လှမ်းပစ်လိုက်တာလေ”

“ဘာဖြစ်လို့ သတ်တာလဲ”

“ဒီကောင်တွေအားလုံး လူလိမ်တွေချည်းပဲ၊ ကြေညာချက်ဆိုတာလည်း အလကားပဲ။ လူထုတွေမှာ ဘာမှမထူးဘူး”

“ဒါတွေအားလုံး ရှာရှာလက်ချက်တွေချည်းပဲ”

ကလင်းကော့က ပြောလိုက်သည်။ မယ်နီကော့က ခေါင်းကိုယမ်းကာ ကြီးမားသည့် သူ့လက်ကြီးများ ကို ကြည့်နေသည်။

“လောကမှာ လိမ်တဲ့လူကတော့ အမြဲတမ်းရှိတာပဲ၊ ဇာရူဗင် သေပြီလား”

သူ့အသံသည် အရက်မူးသံပေါက်နေသည်။ မယ်နီကော့သည် ခတ်ရထားဆီသို့ လျှောက်သွားကာ လဲကျနေသည့် ဇာရူဗင်ကို ငုံ့ကြည့်လိုက်သည်။ ထို့နောက် ပွေ့ကာ လမ်းဘေးက ခုံရှည်တလုံးပေါ်သို့ ချလိုက်သည်။

“သေပြီ အသက်မရှိတော့ဘူး၊ ချက်ကောင်းကို မှန်သွားတယ်”

ကလင်းကော့သည် သူပုလင်းဖြင့်ရိုက်လိုက်သည့် ဇာရူဗင်၏မျက်နှာက အမာရွတ်ကို ငုံ့ကြည့်လိုက် သည်။ အမာရွတ်ကို မတွေ့ရတော့။ ဇာရူဗင်၏ ညာဘက်မျက်လုံးအထက်တွင် သွေးစိမ့်ထွက်နေ သည့် အပေါက်ကလေးတပေါက်ကိုသာ တွေ့ရတော့သည်။ ကလင်းကော့သည် ထိုဒဏ်ရာကို မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။ သူသည် ဇာရူဗင်ကို ချက်ချင်း သနားစိတ်ဝင်သွားသည်။

“မင်းမှာကော သေနတ်ရှိရဲ့လား”

“မရှိဘူး”

“ရော့ ဇာရူဗင်ရဲ့သေနတ်ကိုယူထား”

“ဟင့်အင်း ကျွန်တော် မလိုချင်ဘူး၊ မလိုပါဘူး”

“ဒီချိန်မှာ လူတိုင်း သေနတ်လိုတယ်ကွ၊ ဒီနေ့ရှိပေမဲ့ မနက်ဖြန်မှာ အသက်နဲ့ကိုယ် အိုးစား ကွဲချင်ကွဲသွားမှာ”

မယ်နီကော့က ခြောက်လုံးပြူးကို ကလင်းကော့အိတ်ထဲသို့ ထိုးထည့်လိုက်သည်။

'အင်း ငါက သူသေမယ်လို့ထင်တာ' ဟု မယ်နီကော့၏ မျက်နှာကို ကြည့်ရင်း ကလင်းကော့ တွေးနေ သည်။

ဇာရူဗင်၏ မျက်နှာသည် ရှုံ့လျက်ရှိ၏။ နက်မှောင်သည့် နှုတ်ခမ်းမွေးသည် အထက်နှုတ်ခမ်းပေါ်တွင် ထောင်နေသည်။ ဟောင်းလောင်းပွင့်လျက်ရှိသော သူ့ပါးစပ်သည် စကားတတွတ်တွတ်ပြောရန် အဆင်သင့်ဖြစ်သကဲ့သို့ ရှိနေ၏။

"သွားကြစို့"

မယ်နီကော့က ခေါ်သည်။

"အလောင်းကြီးကို ဘယ်လိုလုပ်မလဲ"

ကလင်းကော့က မေးသည်။

"ပုလိပ်က လာယူသွားမှာပေါ့ကွာ၊ လူသတ်ခံရတဲ့ အလောင်းကို တို့ကိုင်ခွင့်မရှိဘူး၊ ပုလိပ်က သူ့ဘာသာသူ ကြည့်လုပ်လိမ့်မယ်၊ တနေရာရာသွားပြီး အရက်ကလေးဘာလေး သောက်လိုက်ကြ ဦးစို့ရဲ့၊ ဒီနေ့တနေ့လုံး ငါ ဘာမှမစားရသေးဘူး၊ စားလို့လည်း မရဘူး၊ ဒီနေ့နဲ့ဆိုရင် ငါ အစား မစားတာ သုံးရက်ရှိပြီ၊ အိပ်လည်း မအိပ်ဘူး၊ တကယ်က ဇာရူဗင်အစား ငါသေဖို့ကောင်းတာ"

မယ်နီကော့က သက်ပြင်းချသည်။

"အမှန်ကတော့ လူတွေကိုလိုက်သတ်တာ ရှာရှာရဲ့စီမံကိန်းဗျ"

ကလင်းကော့က အံသွားကြီးကြိတ်၍ ပြောလိုက်သည်။

သူတို့နှစ်ယောက်သည် စကားတလုံးမျှ မပြောမိကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်လာခဲ့ကြ ၏။ အရက်သမားများနှင့် တူနေသည်။

"အမှန်တရားဆိုတာ ဘယ်မှာလဲကွ"

မယ်နီကော့က လေကိုစမ်းသည့်နှယ် လက်နှစ်ဖက်ကို ရှေ့သို့ထုတ်၍ ယမ်းရင်း ပြောသည်။

"ခင်ဗျားမြင်တဲ့အတိုင်းပဲလေ၊ လူနှစ်ယောက်တော့ အသတ်ခံရပြီးပြီ"

ကလင်းကော့က လွင့်နေသည့် အတွေးများကို ပျောက်မသွားအောင် လိုက်ဖမ်းရင်း ပြောနေသည်။

“နှစ်ယောက်တင် ဘယ်ကမလဲကွ၊ ဒီနေ့တင် အသတ်ခံရတဲ့လူတွေ ဘယ်နည်းမလဲ၊ အားလုံး ဘာမှကို မမြင်နိုင်ကြတော့ဘူးလေ၊ ကန်းကုန်ကြပြီ”

“ဘာဖြစ်လို့ ရှာရှာက ဒီလိုလုပ်တာလဲဗျ”

“ငါလည်း သူ့ကိုမကြိုက်ပါဘူးကွာ”

“တကယ်သေဖို့ကောင်းတာက ဒီကောင်သေဖို့ကောင်းတာ”

ကလင်းကော့က နာကြည်းစွာ ပြောလိုက်သည်။

မယ်နီကော့သည် အတန်ကြာ တိတ်ဆိတ်သည်။ ထို့နောက် သူ့လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ လေထဲသို့မြှောက်လိုက်ကာ

“တော်ပြီကွာ မကောင်းမှုတွေ ငါ လုပ်လာခဲ့တာများလှပြီ၊ တောမှာ ငါ့ဦးလေးတယောက်ရှိတယ်၊ အသက်ကြီးရှာပါပြီ၊ ငါ့မှာ တွယ်တာစရာဆိုလို့ သူတယောက်ပဲ ကျန်တော့တယ်၊ ငယ်ငယ်တုန်းက လိမ်လည်မှုနဲ့ ထောင်ကျဖူးတယ်”

အတန်ကြာ တိတ်ဆိတ်နေပြီးနောက် မယ်နီကော့သည် ခပ်တိုးတိုး ရယ်လိုက်သည်။

“ဘာဖြစ်တာလဲ”

“ငါ ဘယ်လောက်အထိများ မေ့နေသလဲ မသိဘူး၊ အဲဒီ ငါ့ဦးလေးက သေတာ သုံးနှစ်တောင်ရှိသွားပြီ”

သူတို့နှစ်ယောက်စလုံးသည် အရက်ဆိုင်သို့ ရောက်လာကြသည်။ ကလင်းကော့သည် တံခါးပေါက် တွင် ရပ်လိုက်ပြီး မီးလင်းနေသည့် ပြတင်းပေါက်များကို ကြည့်နေသည်။

“နေရာတကာ လူတွေချည်းပဲ၊ ကျုပ်တော့ အထဲကိုတောင် မဝင်ချင်တော့ဘူး၊ လူတွေမြင်ရတာကို ငြီးငွေ့လှပြီ”

ကလင်းကော့က စိတ်ပျက်လက်ပျက်သံဖြင့်ညည်းသည်။

“ဘာဖြစ်လဲကွာ သွားမယ်၊ ငါတယောက်တည်း ပျင်းလို့ပါ၊ လိုက်ခဲ့စမ်းပါ၊ ပြီးတော့ ကြောက်လည်း ကြောက်တယ်ကွ၊ ငါ့ကို စုံထောက်မှန်းသိပြီး ဝိုင်းရိုက်မှာကို ဒီလောက်ကြောက်တာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့မှန်း မသိဘူး၊ စိတ်ထဲမှာ တမျိုးကြီးပဲ”

သူတို့နှစ်ယောက်သည် သူတို့လူတွေ ထိုင်နေကျအခန်းသို့ မသွားဘဲ ထောင့်တထောင့်တွင် ဝင်ထိုင် လိုက်ကြ၏။ အရက်ဆိုင်ထဲတွင် လူတွေပြည့်နေသော်လည်း အမူးသမားဆို၍ တယောက်မှ မတွေ့ရ။ သူတို့အားလုံး ဆူညံစွာ စကားပြောနေကြသည်။ ထူးထူးခြားခြား တုန်လှုပ်ချောက်ချားလျက် ရှိခြင်းကို သတိပြုမိသည်။ ကလင်းကော့သည် အကျင့်ပါနေပြီဖြစ်သည့်အလျောက် သူတို့ပြောသည့်စကား များကို ချောင်းနားထောင်မိသည်။ သို့ရာတွင် သူ့စိတ်သည် ရှာရှာထံသို့ ရောက်နေသည်။ ထိုနေ့ တနေ့လုံး သူမြင်ခဲ့သည့် အရာများကို ဖျောက်၍မရ။ သို့ရာတွင် ရှာရှာကို ကြောက်သည့်စိတ် ရွံမုန်းသည့်စိတ်သည် ပြန်၍ပေါ်လာတတ်သည်။

'ဒီကောင်ကြောင့် ငါသေရမှာ၊ ဒီကောင်ကြောင့် ငါပါသေရမှာ' ဟု ကလင်းကော့ တွေးနေသည်။

မယ်နီကော့သည် စိတ်မပါတပါဖြင့် ဘီယာသောက်နေသည်။ ကိုယ်ကို ကုတ်ခြစ်ရင်း အယားဖျောက် နေသည်။

သူတို့နှင့် မလှမ်းမကမ်းစားပွဲတွင် လူသုံးယောက် ထိုင်လျက်ရှိ၏။ စာရေးများ ဖြစ်ပုံရသည်။ သူတို့စကားကိုထောက်လျှင် စာရေးတွေမှန်း သိနိုင်သည်။ အသက်သိပ်မကြီးကြသေး။ သပ်သပ်ရပ်ရပ် ဝတ်စားထားကြသည်။ သူတို့အထဲမှ ဆံပင်ကောက်ကောက်၊ အသားညိုညိုနှင့် လူတယောက်သည် စိတ်အားထက်သန်စွာ စကားပြောလျက်ရှိ၏။ သူ့မျက်လုံးများသည် တဖျပ်ဖျပ် တောက်နေကြသည်။

"ငတ်ပြတ်နေတဲ့ သူတောင်းစားတွေကိုစုပြီး ဆူပူအောင် လှုံ့ဆော်တယ်၊ ဒါတွေကိုပြပြီး လူထုဟာ လွတ်လပ်ခွင့်နဲ့ မတန်သေးဘူးလို့ အကြောင်းပြမှာပေါ့ဗျာ၊ ဒါပေမဲ့ လူရိုင်းဆိုတာ ခုမှရှိလာတာ မဟုတ်ပါဘူး၊ အမြဲတမ်း ရှိတာပဲ၊ သူတို့ကို တရားဥပဒေနဲ့ ထိန်းခဲ့ရတာချည်းပဲ မဟုတ်ဘူးလား၊ သူတို့ကို ဥပဒေနဲ့ထိန်းရင် လွယ်လွယ်လေးပါ၊ ဒီနေ့တော့ အဲဒီ သူတောင်းစား လူရိုင်းတွေကို ထုတ်လာပြီး တမင်မြှောက်ပေးတယ်၊ ကြည့်ကြ၊ လွတ်လပ်ခွင့် လွတ်လပ်ခွင့် လိုက်ပြောပြော မနေကြနဲ့၊ လွတ်လပ်ခွင့်ပေးလိုက်ရင် သတ်တာတွေ၊ ဖြတ်တာတွေ၊ လုယက်တာတွေပေါ်လာတာ မင်းတို့မြင်တယ် မဟုတ်လားဆိုတဲ့ သဘောမျိုးဖြစ်အောင် လုပ်ပြလိုက်တာပေါ့"

"ခင်ဗျား သူတို့ပြောတာ ကြားတယ်မဟုတ်လား၊ အဲဒါ ရှာရှာလက်ချက်ဗျ၊ သူ့စီမံကိန်း"

မယ်နီကော့က သူ့ကို ခပ်မှုန်မှုန်ကြည့်လိုက်သည်၊ စကားပြန်မပြော။ ဆံပင်ကောက်ကောက်နှင့် လူငယ်သည် ကုလားထိုင်မှ ထလိုက်သည်။ လက်ထဲက အရက်ခွက်ကို ဟန်ပါပါ ကိုင်ထားသည်။

"ဒါတော့ မဟုတ်ဘူးဗျ၊ ကျွန်တော် လက်မခံဘူး၊ ရိုးဖြောင့်တဲ့လူတိုင်း လွတ်လပ်ခွင့်ကို လိုချင်တယ်၊ ဒီလို လိုချင်တာဟာ တယောက်ကိုတယောက် သတ်ဖြတ်ဖျက်ဆီးဖို့ လိုချင်တာမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ဥပဒေစိုးမိုးရေး မရှိတဲ့ဘဝကြီးထဲမှာ တယောက်ကိုတယောက် ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့ လိုချင်တာ၊ လွတ်လပ်မှုဆိုတာဟာ ဆင်ခြင်တုံတရားရဲ့ကိုးကွယ်ရာ ဖြစ်တယ်၊ ခုဆိုရင် သူတို့ဟာ ကျွန်တော်တို့သွေးတွေကို ဂအောင် သောက်ခဲ့ကြပြီးပြီ၊ ဒါကြောင့် ခင်ဗျားစကား ကို ကျွန်တော်ကန့်ကွက်တယ်၊ လွတ်လပ်မှု အခွန့်ရှည်ပါစေ"

ပရိသတ်က သူ့ကို လက်ခုပ်သြဘာပေးကြသည်။ မယ်နီကော့က သူ့ကို လှမ်းကြည့်လိုက်ပြီး

'အလကားကောင်၊ အရူး' ဟုဆိုသည်။

"သူပြောတာ ဟုတ်သားပဲဗျ"

ကလင်းကော့က စိတ်တိုတိုဖြင့် ပြောလိုက်သည်။

"မင်းက ဘယ်လောက်သိလို့လဲ"

မယ်နီကော့သည် ဘီယာတခွက်ကို မော့ချလိုက်၏။

အရူးသည် သူလည်းမဟုတ်၊ ဆံပင်ကောက်ကောက်နှင့် လူရွယ်လည်း မဟုတ်၊ မယ်နီကော့ ကိုယ်တိုင်ပင် ဖြစ်ကြောင်း ကလင်းကော့ ပြောလိုက်ချင်သည်။ လူတွေကို အမဲလိုက်သလိုလိုက်ရန် သင်ကြားခဲ့ရသည့် သူတို့တတွေဖြစ်ကြောင်း ပြောလိုက်ချင်သည်။ သို့ရာတွင် မယ်နီကော့က ထိတ်လန့်သည့်အမူအရာဖြင့် ကလင်းကော့ကို စိုက်ကြည့်နေသည်။ ပြီးမှ ခပ်တိုးတိုးဖြင့်

"ငါ ဒီလောက်ကြောက်နေတာ တခြားကြောင့် မဟုတ်ဘူးကွ၊ ထောင်ထဲမှာ နေခဲ့ရတုန်းက အဖြစ်တခုကြုံခဲ့ရလို့"

"ခဏနေပါဦး၊ ဟိုမှာ ဘာလဲမသိဘူး ပြောနေတယ်"

ကလင်းကော့က တားသည်။ စူးရှသည့်အသံတသံသည် အုတ်အုတ်ကျက်ကျက်အသံတွေကို ကျော်၍ ထွက်လာသည်။

"ခင်ဗျားတို့ ကြားလိုက်တယ်မဟုတ်လား၊ သူက ကိုးကွယ်ရာဘုရားလို့ ပြောသွားတယ်၊ ကျုပ်တို့အဖို့ ဘုရားတပါးတည်းရှိတယ်ဗျ၊ အဲဒါကတော့ ယေရှုသခင်ပဲ"

"ဟေ့ နားမလည်ဘူးကွ"

“ဒါတွေမပြောနဲ့ဟေ့”

“နားထောင်ပါ၊ ခင်ဗျားတို့ပဲ လွတ်လပ်ခွင့်အကြောင်းကို ပြောနေကြတယ်မဟုတ်လား၊ သူ့မှာလည်း လွတ်လပ်စွာပြောပိုင်ခွင့် ရှိတာပေါ့”

“ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါ၊ သူတို့လို ဆံပင်ကောက်ကောက်နှင့် လူငယ်တွေက ဇာဘုရင်ကို ထောက်ခံတဲ့လူတွေကိုလိုက်ပြီး ရိုက်နှက်သတ်ဖြတ်ခွင့်ရှိပြီး ကျုပ်တို့လို တကယ့်ရုရှား မျိုးချစ်တွေ ကျတော့ ပါးစပ်ပိတ်ထားရမှာလား၊ လွတ်လပ်ခွင့်ဆိုတာ ဒါလား”

“သူတို့ချင်းချကြတော့မယ်လို့ ထင်တယ်၊ ကျုပ်တို့ သွားကြမှပဲ၊ တော်တော်ကြာ ကျုပ်တို့ပါ အချောင် အသတ်ခံနေရလိမ့်မယ်”

“မင်းဆိုတဲ့ကောင်ဟာ တော်တော်အတွေးခေါင်တဲ့ကောင်၊ သွားချင်ရင်လည်း သွားလေ၊ သူတို့ ဘာပြောပြောကွာ တို့နဲ့မဆိုင်ပါဘူး”

မယ်နီကော့က ပိုက်ဆံကို စားပွဲပေါ်သို့ ပစ်ပေးလိုက်ပြီး တံခါးဆီသို့ လျှောက်သွားသည်။ သူ၏ ထင်ရှားသောမျက်နှာကို မမြင်နိုင်ရန် ခေါင်းကို အောက်သို့ ငုံ့ထားသည်။ လမ်းမရောက်တော့ မယ်နီကော့က သူ့စကားကို ပြန်ဆက်သည်။

“ငါ ထောင်ထဲမှာနေခဲ့ရတုန်းက ငါတို့အလုပ်ရုံက ဖိုမင်တယောက် ကြိုးဆွဲချသေတယ်၊ ငါလည်း အဖမ်းခံရတာပေါ့၊ ငါ့ကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ပေးမယ်လို့ သူတို့ကပြောကြတယ်၊ ငါ့ကို ပုလိပ် ကရော၊ အမှုလိုက်ကရော အမျိုးမျိုး ခြောက်ကြတာပေါ့ကွာ၊ လူကလည်း ငယ်ငယ်ဆိုတော့ အလုပ်ကြမ်းတို့ ဘာတို့ လုပ်ရတာ ကြောက်တာပေါ့ကွာ၊ ဒါနဲ့ ငါ ကြောက်ကြောက်နဲ့ ငိုတာပေါ့၊ တနေ့တော့ ထောင်မှူးလေးတယောက် ငါ့ဆီကိုပေါက်လာပြီး ငါ့ကိုလာချော့တယ်၊ သူ ငါ့ကိုလည်း ခင်တာကိုး၊ ငါလည်း မင်းအတွက် စိတ်မကောင်းပါဘူးကွာတဲ့၊ ပြီးတော့”

မယ်နီကော့သည် စကားကို တတွတ်တွတ်ပြောနေသည်။ ကလင်းကော့သည် အမှောင်ထဲသို့ ရေးရှူနေသည့် လမ်းကျဉ်းကျဉ်းကလေးကို လိုက်လာသလို ကလင်းကော့သည် သူပြောသည့် စကားများကို စိတ်ဝင်စားစွာ နားထောင်နေသည်။

“မင်း အမှုက အလုပ်ကြမ်းနဲ့ကျမယ့်အမှုတဲ့၊ မင်းကိုလည်း ငါ ကယ်ချင်တယ်တဲ့၊ မင်းလွတ်ဖို့ နည်းလမ်းတခုတော့ ရှိတယ်တဲ့၊ မင်း ဘာလုပ်ပေးရမလဲဆိုရင် လူတယောက်ကို ကြိုးမိန့်ပေးတဲ့ အခါမှာ

ဒေါက်ဖြုတ်ပေးရမယ်တဲ့၊ အဲဒီလူက နိုင်ငံရေးလူသတ်မှုနဲ့ကျလာတဲ့ တရားခံတဲ့၊ သူ့ကို ဥပဒေအရ ဘုန်းတော်ကြီးရှေ့မှာ ကြိုးမိန့်ပေးမှာပါတဲ့၊ ဒီတော့ မင်းလည်း အပြစ်မရောက်ပါဘူးတဲ့၊ ဒီတော့ ငါကလည်း အာဏာပိုင်တွေရဲ့အမိန့်အရ အပြစ်ပေးတာလည်း ဖြစ်တယ်၊ ကျွန်တော့်ကို လည်း အပြစ်က လျှော့ဦးမယ်ဆိုရင် ကျွန်တော် ဘာမလုပ်နိုင်စရာရှိသလဲ၊ လုပ်မယ်၊ ဒါပေမဲ့ ကျွန်တော် ဒေါက်မဖြုတ်တတ်ဘူးလို့ပြောတော့ ကိစ္စမရှိဘူးတဲ့၊ မင်းကို သင်ပေးမယ်တဲ့၊ တို့မှာ ဒေါက်ဖြုတ်သမားတယောက် ရှိတယ်တဲ့၊ သူက သွက်ချာပါဒ လိုက်နေလို့ အလုပ်မလုပ်နိုင်ဘူး၊ သူ့ဆီကို ခေါ်သွားပြီး သင်ပေးမယ်လို့ပြောတယ်၊ ညနေကျတော့ ငါ့ကို ဒေါက်ဖြုတ်သင်ပေးတယ်၊ အကျဉ်းတိုက်ခန်းကလေးတခုထဲမှာ၊ အဝတ်စုတ်ထုပ်ကြီးတခုကို လူနဲ့တူအောင် လုပ်ထားပြီး ကြိုးကွင်းစွပ်လိုက်တယ်၊ ငါ့ကို နောက်က ဒေါက်ဖြုတ် သင်ပေးတာပေါ့ကွာ၊ နောက်တနေ့ မနက်စောစောကြီးကျတော့ ငါ့ကို အရက်တပုလင်း လာပေးတယ်၊ စစ်သားတွေနဲ့အတူ ကြိုးစင်ကို လိုက်သွားရတယ်၊ ကြိုးစင်နားမှာလည်း ဆိုင်ရာအာဏာပိုင်တွေ ရပ်လို့။ သူတို့အားလုံး ကြောက်နေကြပုံပဲ၊ ငါလည်း ကြိုးပေးဖို့ ကြိုးစင်ကြီးပေါ် တက်လာခဲ့တာပဲ၊ ကြိုးစင်ကြမ်းတွေက တကျွီကျွီ မြည်လို့ကွ၊ ငါလည်း နည်းနည်းကြောက်လာတာနဲ့ ကျွန်တော့်ကို အရက်ထပ်ပေးဦးဗျလို့ တောင်းရ တယ်၊ သူတို့ကလည်း ပေးပါတယ်၊ အရက်နည်းနည်းထပ်ချတာတောင် လူက အကြောက် မပြေချင် သေးဘူး”

မယ်နီကော့သည် ချောင်းခြောက်ကြီးကိုဆိုးလိုက်၏။ ထို့နောက် သူ့လည်ပင်းကို စမ်းကြည့်လိုက် သည်။ ကလင်းကော့သည် သူ့အနားသို့ ကပ်လာကာ သူ့ကို အမီလိုက်သည်။ မယ်နီကော့ကမူ ဝဲယာကိုမကြည့်ဘဲ မြေကြီးကိုသာ ကြည့်လာသည်။

“ကြိုးပေးရမယ့်သူက တော်တော်တောင့်တယ်ကွ၊ ကြိုးစင်ပေါ်တက်လာတော့ ခပ်တည်တည်ပဲ၊ ကိုယ်ကို ခပ်မတ်မတ်ရပ်ပြီးနေ၊ ဆံပင်တွေကို နောက်ကို လက်နဲ့လှန်ချနေတယ်၊ ငါက သူ့မျက်နှာကို အဝတ်အိတ် စွပ်ပေးလိုက်တယ်၊ ငါလုပ်တာက နည်းနည်းကြမ်းသွားတယ်ထင်ပါရဲ့၊ သူက အသာ လုပ်ပါဗျာတဲ့၊ ခပ်အေးအေးပဲ၊ ဘုန်းတော်ကြီးက သရဏဂုံတင်မယ် လုပ်တော့ အရှင်ဘုရား၊ တပည့်တော်ကို သရဏဂုံတင်ဖို့ မလိုပါဘူး ဘုရားတဲ့၊ တပည့်တော်က ဘာသာတရား မကိုးကွယ်ပါ ဘူးတဲ့၊ သူ့မျက်နှာကြည့်ရတာက သေပြီးတဲ့နောက် တွေ့ရမယ့်ဘဝကို သူကောင်းကောင်း သိနေတဲ့ပုံ မျိုးပဲ၊ ဘာဖြစ်ဖြစ် ငါကတော့ သူ့ကို ဒေါက်ဖြုတ်တော့မယ်၊ တကိုယ်လုံး တုန်နေတယ်၊ ငါ့လက်တွေ ကလည်း ထုံနေတယ်၊ ဒူးတွေကလည်း ညွတ်လို့၊ သူ့ကြည့်လိုက်တော့ နည်းနည်းကလေးမှ ဖြုံပုံမရဘူး၊ သေမင်းကို အောင်နိုင်သူဆိုတာ ဒီလိုလူမျိုးနေမှာပဲလို့တောင် ငါ အောက်မေ့မိတယ်”

မယ်နီကော့သည် စကားကို ရပ်လိုက်၏။ ဘေးပတ်ဝန်းကျင်ကို ကြည့်ကာ ခပ်သုတ်သုတ် လျှောက်သွားနေသည်။

"ဒါနဲ့"

"ဒါနဲ့ ငါ သူ့ကို ဒေါက်ဖြုတ်လိုက်ရတာပေါ့။ အဲဒီကတည်းက လူသေတာ၊ လူတယောက် အသတ်ခံရ တာ မြင်ရင် ငါ့စိတ်ထဲမှာ သူ့ကိုချည်း မြင်နေတယ်၊ ငါ့စိတ်ထဲမှာတော့ အမှန်တရားကိုသိတဲ့လူဆိုလို့ လောကမှာ ဒီတယောက်ပဲ ရှိလိမ့်ဦးမယ်ထင်တယ်၊ အမှန်တရားကိုသိလို့ မကြောက်တာပေါ့ကွ၊ ပိုပြီး အံ့သြဖို့ကောင်းတာက ဒီလူကိုကြည့်ရတာ သေပြီးတဲ့နောက်မှာ ဘာဖြစ်မယ်ဆိုတာကို သိနေသလိုပဲ၊ ငါ့အထင်တော့ ဒီပြင် ဘယ်သူမှ သိမယ်မထင်ဘူး၊ မင်းပျင်းရင် ဒီည ငါနဲ့လိုက်အိပ်လှည့်ပါလားဟင်"

"အိပ်တာပေါ့"

မယ်နီကော့က ခေါ်သဖြင့် ကလင်းကော့ ဝမ်းသာသွားသည်။ ကလင်းကော့သည် ဤအမှောင်ထုကြီး တွင် တယောက်တည်း အိမ်သို့မပြန်ရဲတော့။ သူ့ရင်ထဲတွင် တင်းကျပ်နေသည်။ ဖိအားကြီးတခုဖြင့် သူ့အပေါ်ကို ဖျစ်ညှစ်ဖိနေသည်ဟု သူထင်သည်။ သူသည် မြေကြီးထဲသို့ ရောက်သွားကာ မြေကြီး သည် သူ့ရင်၊ သူ့ကျော၊ သူ့လက်၊ သူ့ခြေ စသည်တို့ကို ဖျစ်ညှစ်နေသည်ဟု အောက်မေ့မိသည်။ သူ့ရှေ့တွင် နက်လှစွာသော ကျင်းကြီးတကျင်း ဆီးလျက်ရှိပြီး သူလည်း မကြာခင် ထိုကျင်းထဲသို့ ဆင်းရတော့မည်ဟု ထင်နေသည်။ နက်လှသည့် ကျင်းကြီး၊ တိတ်ဆိတ်မှောင်နေသည့် ကျင်းကြီး။ အသူတရာ နက်လှစွာသော ကျင်းကြီး။

"ဟန်ကျတာပေါ့၊ နို့မို့ရင် ငါတယောက်တည်း ပျင်းနေမှာ"

"ရှာရှာကို သတ်နိုင်ရင်ကောင်းမှာ"

ကလင်းကော့က ပြောလိုက်သည်။

"ဘာလဲ၊ မင်းက ငါ လူသတ်တာကို ပျော်နေတယ်လို့များ ထင်လို့လား၊ ထောင်ထဲတုန်းက နောက်ထပ် လူနှစ်ယောက်လည်း ကြိုးပေးခိုင်းသေးတယ်ကွ၊ တယောက်က အမျိုးသမီး၊ တယောက် က ကျောင်းသား၊ ငါက ငြင်းလိုက်တယ်၊ ဘာလုပ်မလဲကွာ၊ နောက်ထပ် သတ်နေရင် ငါ့မှာ နောက် လူသတ်တာတွေ့တိုင်း စိတ်မကောင်းဖြစ်နေရဦးမှာ။ သေတဲ့လူဆိုတာ အိမ်ကို ပြန်လာတတ်တယ် နော်"

"တကယ်လား"

“တကယ်ပေါ့၊ ဒီတော့ ငါကလည်း ကမ္ဘဝါ မရွတ်တတ်၊ ဘုရားစာ တရားစာလည်း မရွတ်တတ်၊ မင်းကော တတ်သလား”

“နည်းနည်းပါးပါးတော့ ရွတ်တတ်ပါတယ်”

သူတို့နှစ်ယောက်သည် ဝင်းကြီးတဝင်းထဲသို့ ဝင်လာခဲ့ကြပြီးနောက် အတန်ကြာ ဆက်လျှောက်လာခဲ့ ကြသည်။ လမ်းတွင် အမှိုက်ပုံတွေ၊ ကျောက်တုံးတွေကို တက်နင်းမိကြသည်။ ထို့နောက် လှေကား ထစ်များကို ဆင်းသည်။ ကလင်းကော့သည် ဘေးနံရံကိုကိုင်ကာ ဆင်းလာခဲ့သည်။ အခန်းထဲ ရောက်၍ မီးရောင်တွင် ကြည့်လိုက်သည့်အခါ၌ နံရံတခုလုံး အရုပ်ကားတွေ၊ ပန်းပွင့်ပုံတွေကို မြင်ရသဖြင့် အံ့သြနေသည်။ မယ်နီကော့သည် အခန်းသို့ ပြန်ရောက်နေသည့် လူတယောက်နှင့်မတူ၊ သူစိမ်းအိမ်တွင် ရောက်နေသည့် ဧည့်သည်တယောက်နှင့် တူနေသည်။

“ငါနဲ့အတူနေတဲ့ မိန်းမတယောက်ရှိတယ်ကွ၊ ဒါတွေ သူ ပြင်ထားတာလေ၊ ဒါပေမဲ့ ခုတော့ ကောင်မက ထွက်ပြေးပြီကွ၊ တပ်ကြပ်တယောက်နဲ့ လိုက်ပြေးသွားတယ်၊ ဒီကောင်က အသက်ကြီးပါ ပြီကွာ၊ ကောင်မက ငယ်ငယ်လေး ရှိသေးတယ်၊ ဘာကြောင့်များ လိုက်ပြေးသွားတယ်မသိဘူး၊ ငါ့ဆီက ထွက်ပြေးတာ ခုဆိုရင် ကောင်မသုံးယောက်ရှိသွားပြီ၊ ကဲ အိပ်ကြစို့”

သူတို့နှစ်ယောက်သည် တအိပ်ရာတည်းတွင် ယှဉ်အိပ်ကြသည်။ ခုတင်သည် သူတို့နှစ်ယောက် အောက်တွင် ပင်လယ်လှိုင်းတံပိုးလို ထကြွနေသည်။ အောက်နိမ့်ဆင်းသည်ထက် နိမ့်သွားသည်ဟု ထင်ရ၏။ ကလင်းကော့၏စိတ်တွင်လည်း တဖြည်းဖြည်း နိမ့်ဆင်းသွားနေသည်ဟု ထင်ရ၏။ မယ်နီကော့၏ စကားများသည် သူ့ရင်ဘတ်ပေါ်တွင် ကျောက်ခဲကြီးတင်ထားသလို လေးနေသည်။

“ကောင်မလေးတယောက်ရဲ့နာမည်က အော်လဂါတဲ့”

“ဘာဗျ”

“အော်လဂါတဲ့၊ ဘာဖြစ်လို့လဲ”

“ဟင့်အင်း ဘာမှမဖြစ်ပါဘူး”

“ကောင်မက အသက်ငယ်ငယ်၊ ပိန်ပိန်ပါးပါးလေးရယ်၊ သူက ပြန်လာရင် ငါ့ပစ္စည်းတခုခုကို ဝှက်ထားတတ်တယ်၊ တစ်ခါတလေလည်း ငါ သွားခါနီးဆိုရင် ငါ့ဦးထုပ်ကို ဝှက်ထားတတ်တယ်၊ ငါ့ဦးထုပ်ပေးလို့ တောင်းရင် ရှင့်ဘာသာ ရှာပါလားတဲ့၊ ရှင်က ရှာတဲ့နေရာမှာ ပါရဂူပဲတဲ့။ ကောင်မက

တော်တော်ပျော်တတ်တယ်၊ နောက်လည်း နောက်တတ်တယ်၊ ဒါပေမဲ့ အကျင့်မကောင်းဘူး၊ တခါတလေ ငါစိတ်ဆိုးရင် သူ့ဆံပင်ကို ဆွဲဆောင့်တာပဲ၊ ရိုက်တော့ မရိုက်ပါဘူး၊ သူ့ကိုယ်က ပိန်ပိန် ကလေးဆိုတော့ ရိုက်ရင် ဘယ်ခံနိုင်ပါ့မလဲ၊ ဆံပင်ပဲ ဆွဲဆောင့်ရတာပေါ့၊ တခုခုတော့ လုပ်ရမှာ ပေါ့ကွာ”

‘ဘုရား ဘုရား၊ ငါဘာလုပ်ရမလဲ’ ဟု ကလင်းကော့ တွေးနေသည်။

မယ်နီကော့သည် အတန်ကြာ တိတ်ဆိတ်နေသည်။ ခဏကြာတော့မှ

“မင်းညည်းပုံကလည်း ငါညည်းပုံနဲ့ တူလိုက်တာကွာ၊ တခါတခါ ငါလည်း အဲဒီလိုပဲ ညည်းမိတာပဲ”

ကလင်းကော့သည် မအော်မိရန် သူ့ခေါင်းကို ခေါင်းအုံးထဲသို့ မြှုပ်ထားလိုက်ရသည်။

ကလင်းကော့သည် သံပိုင်းဖြတ်မှုတခုဖြင့် နိုးလာသည်။ ထိုပိုင်းဖြတ်မှုသည် မမြင်ရသည့် ခါးပတ်ကြီး တခုလို ရင်ကို တင်းကျပ်စွာ စည်းထားသည်။ ထိုခါးပတ်ကြီးကို တစုံတယောက်က ဆွဲကာ သူ့ကို မမြင်နိုင်သည့် အရပ်ဒေသတခုသို့ ခေါ်နေသည်ဟု ထင်ရသည်။ ကလင်းကော့သည် ထိုဆွဲခေါ်သည့် အားနောက်သို့ လိုက်သွားချင်လှပြီ၊ သူသည် ထိုအင်အားစုကြီးကို တွေးကြည့်သည်။ သို့ရာတွင် ထိုအင်အားစုကြီး၏ ရုပ်ဆင်းသဏ္ဌာန်ကို သူ မကြည့်ချင်၊ မမြင်ချင်။

မယ်နီကော့သည် ကိုယ်လက်သန့်စင်ပြီးနောက် အဝတ်အစားလဲ၍ ထိုင်နေသည်။ စားပွဲတွင်ထိုင်ရင်း နွားကြီးတကောင် မြက်ဝါးသလို ပေါင်မုန့်ကို တမြုံ့မြုံ့ ဝါးနေသည်။

"မင်းနှယ်ကွာ အိပ်လိုက်တာ၊ ကုလားသေ ကုလားမောပဲ၊ ငါတော့ ညတရေးနိုး မျက်လုံးဖွင့်ကြည့် လိုက်တော့ တမေးပဲ မေးလို့ရလိုက်တယ်။ ငါ့ဘေးမှာ လူတယောက်ရပ်နေသလိုပဲ၊ တရေးနိုးတော့ ငါ့ဘေးမှာ လူတယောက်အိပ်နေတာ တွေ့ရတယ်၊ အစတုန်းကတော့ တန်ညာပဲ ထင်မိတယ်၊ မင်းလိုက်ပြီးအိပ်တာကို လုံးလုံး သတိမရဘူး၊ နောက်တော့ ငါကြိုးပေးခဲ့တဲ့သူ ငါ့အနားလာပြီး အိပ်နေတယ်လို့ ထင်လိုက်တယ်၊ ဒါနဲ့ ငါ မီးထွန်းပြီး ကြည့်လိုက်တော့မှ မင်း ဖြစ်နေတာကိုး"

မယ်နီကော့က သူ့အဖြစ်ကိုသူ သဘောကျ၍ တချက်ရယ်လိုက်သည်။

"မင်းကြည့်လိုက်တော့ မင်းကိုကြည့်ရတာ နေမကောင်းနေသလိုပဲ၊ မျက်နှာကြီးကလည်း ဖြူလို့"

ကလင်းကော့သည် သူ့ကို တချက်ကြည့်လိုက်သည်။ 'အင်း သူပြောချင်တာက ငါ့ပုံက အလောင်းကောင်ကြီးလိုပဲ' လို့ ပြောချင်ပုံရတယ်၊ 'ရာယစ်ဇာကလည်း ဒီအတိုင်းပဲပြောဖူးတယ်' ကလင်းကော့ တွေးနေသည်။

ကလင်းကော့သည် သူ့စကားကြောင့် ရုတ်တရက် လန့်သွားသည်။

"ဘယ်အချိန်ရှိပြီလဲ"

"ဆယ့်တစ်နာရီ"

"စောပါသေးတယ်"

“အင်း စောပါသေးတယ်၊ မင်းနဲ့ငါ အတူနေရရင် ကောင်းမှာပဲကွာ”

“ဟုတ်လား၊ အဲဒါတော့ ကျွန်တော် မသိဘူး”

“မင်းသိတာ ဘာရှိသေးသလဲ”

“ဘာဖြစ်မယ်လို့ ထင်သလဲ”

“ဘာမှမဖြစ်ပါဘူးကွာ၊ မင်းက တော်တော်အေးတဲ့ကောင်၊ စကားလည်း သိပ်မပြောဘူး၊ ငါလည်း ဒီလိုပဲ၊ သိပ်စကားမပြောချင်ဘူး၊ စကားပြောရင် အမှားပါတတ်လွန်းလို့”

‘အင်း’ ဟု ကလင်းကော့က ချက်ချင်းဖြေသည်။

“တခုခုတော့ လုပ်မှပဲ၊ ပထမ ရှာရှာကို သတ်ရမယ်’ ဟု တယောက်တည်း တွေးနေသည်။

သို့ရာတွင် နောက်ထပ် ဆက်၍မတွေးချင်။

“ကျွန်တော်တို့ ဘယ်သွားမလဲ”

“ရုံးကို သွားမယ်လေကွာ”

“ကျွန်တော် မလိုက်ချင်ဘူးဗျာ”

ကလင်းကော့က ပြတ်ပြတ်သားသား ပြောလိုက်၏။ မယ်နီကော့သည် သူ့နှုတ်ခမ်းမွေးများကို ကုတ်သည်။ ပန်းကန်ပြားများကို ဘေးသို့ဖယ်လိုက်ပြီး စားပွဲပေါ်သို့ တံတောင်ဆစ်ထောက်လိုက်ကာ

“ငါတို့အလုပ်လည်း လုပ်ရတာ တနေ့တခြား ခက်လာပြီ၊ အရင်တုန်းကလို မလွယ်တော့ဘူး၊ လူတွေက ပုန်ကန်ကုန်ကြပြီ၊ ဒါပေမဲ့ တကယ့် သူပုန်ဟာ ဘယ်သူလဲဆိုတာ သိဖို့မလွယ်ဘူး၊ မင်း ရှာနိုင်ရင် ရှာကြည့်”

“အဲဒါတွေကိုတော့ ကျွန်တော် မသိဘူး၊ ကျွန်တော်သိတာကတော့ ဒီ ညစ်ပတ်စုတ်ပွဲ့တဲ့ လုပ်ငန်းကြီး ကို ဘယ်သူကြိုးကိုင်နေသလဲဆိုတာပဲ သိတယ်”

“ရှာရှာလို့ ပြောချင်တာလား”

မယ်နီကော့က အဝတ်အစားများကိုဝတ်နေသည်။

“ဟုတ်တယ်”

“မင်း ငါနဲ့အတူနေရင် မင်းပစ္စည်းတွေ ဒီနေ့ပြောင်းခဲ့ကွာ”

“ပြောင်းတာပေါ့”

“ဒီနေ့ည ဒီမှာအိပ်မယ် မဟုတ်လား”

“အိပ်တာပေါ့”

မယ်နီကော့ ထွက်သွားသည့်အခါတွင် ကလင်းကော့သည် ခုတင်ပေါ်မှ ခုန်ဆင်းကာ ပတ်ဝန်းကျင်ကို ကြောက်လန့်တကြား ကြည့်မိသည်။ တခုခုကိုလည်း သင်္ကာမကင်း ဖြစ်လာသည်။

‘ငါ့ကို အပြင်က သော့ခတ်သွားပြီး ငါ့အကြောင်းကို ရှာရှာကို သွားပြောရင် ဘယ့်နှယ်လုပ်မလဲ။ ငါ့ကိုလာဖမ်းတော့မှာပဲ’ ဟုဆိုကာ တံခါးဆီသို့ ပြေးလာပြီး တံခါးကို စမ်းကြည့်သည်။ တံခါးကို သော့ခတ်ထားခြင်းမရှိ။ ‘မင်း လူတိုင်းကိုမယုံနဲ့၊ လူတိုင်းကိုယုံလို့မဖြစ်ဘူး’ ဟု သူတယောက်တည်း ပြောနေသည်။

ကလင်းကော့သည် စားပွဲဘေးတွင် အချိန်အတော်ကြာမျှ မလှုပ်မယှက် ထိုင်နေသည်။ သူ့ကိုယ်သူ အန္တရာယ် တစုံတရာ မဖြစ်စေဘဲ ရန်သူကို ထောင်ချောက်ဖြင့် ဖမ်းရန် နည်းလမ်းများကို စဉ်းစား ကြည့်သည်။ နောက်ဆုံးတွင် အကြံတခုရသည်။ ရှာရှာကို ရုံးမှခေါ်ထုတ်လာမည်နှင့်အတူ လမ်းလျှောက်လိုက်လာအောင်လုပ်မည်။ လမ်းလျှောက်လာတုန်း လူအုပ်ကြီးနှင့်တွေ့လျှင် ‘ဟောဒီမှာ စုံထောက်၊ စုံထောက် ဝိုင်းရိုက်ကြပါ၊ ဝိုင်းရိုက်ကြပါ’ ဟု အော်မည်။ ထိုအခါ ဇာရူဗင်နှင့် ဆံပင်ကောက်ကောက် လူငယ်ကို ဝိုင်းရိုက်ကြသလို လူအုပ်ကြီးက သူ့ကို ဝိုင်းရိုက်ကြလိမ့်မည်။ အကယ်၍ လူအုပ်ကြီးက မရိုက်ခဲ့လျှင် သူကစ၍ ရှာရှာကို ရိုက်ပြမည်။ ဇာရူဗင်က သေနတ်နှင့် စပစ်သလို သူကလည်း ရှာရှာကို စ၍ပစ်မည်။

ကလင်းကော့သည် အားရှိလာသည်။ သတ္တိကောင်းလာသည်။ ထို့ကြောင့် အိမ်ကထွက်ရန် ခပ်သုတ်သုတ်ပြင်သည်။

‘ဒီအချိန်ဆိုရင် ရှာရှာကို ဘယ်သွားရှာရမလဲ’ ဟု တွေးသည်။ ကုတ်အင်္ကျီကိုဝတ်လိုက်သည့်အခါတွင် မယ်နီကော့ ထည့်ပေးလိုက်သည့် ခြောက်လုံးပြူးကို စမ်းမိသဖြင့် ကလင်းကော့ ဝမ်းသာသွားသည်။ သူ့ပိုင်းဖြတ်မှုသည် ခိုင်မာသွားကာ လမ်းမသို့ ရင်ကော့၍ လျှောက်လာခဲ့သည်။

လုံခြုံရေးဌာနနှင့် နီးလာလေလေ သူ့သတ္တိများသည် တဖြည်းဖြည်း အရည်ပျော်ကျသွားလေလေ ဖြစ်လာသည်။ ခွန်အားတို့မရှိတော့။ လမ်းဆုံးသည်နှင့် ပြာမွဲမွဲ အဆောက်အအုံကြီးကို တန်းမြင် လိုက်ရသည်။

အဆောက်အအုံကြီးကိုမြင်တော့ ဇာရူဗင်ကို အမှတ်ရလာသည်။ ဇာရူဗင်ကို သူ ပုလင်းနှင့် ရိုက်ခဲ့ သည်။ သူ တောင်းပန်ချင်သည်။ သို့ရာတွင် ဇာရူဗင် မရှိတော့။

သို့ရာတွင် ဇာရူဗင်၏အလောင်းတော့ ရှိလိမ့်ဦးမည်။ ဇာရူဗင်ကို သူစော်ကားခဲ့ဖူးသည်။ ဇာရူဗင်၏ အလောင်းကိုတော့ သွားကြည့်ဖို့ကောင်းသည်။ သူ့အသုဘကိုတော့ လိုက်ပို့ဖို့ကောင်းသည်။ သို့ရာတွင် ဇာရူဗင် ဘယ်မှာနည်း၊ ဇာရူဗင်၏ အလောင်းကို ဘယ်မှာလိုက်ရှာရမည်နည်း။

ဇာရူဗင်အကြောင်းကိုတွေးရင်း သူ့ဘဝအကြောင်းကိုလည်း ကလင်းကော့ တွေးမိပြန်သည်။ သည်အလုပ်ကို သူ မလုပ်ချင်တော့။ မည်သည့်နေရာသို့ သူထွက်ပြေးရမည်နည်း။ သူတို့နှင့်ဝေးရာသို့ ရောက်အောင် မည်သို့ပြေးရမည်နည်း။ သူ့အတွက် ထွက်ပေါက် ဘယ်မှာနည်း။

သည်နေ့တွင် သူ ရှာရှာကိုသတ်မည်။ ဤသည်မှာ သူ့ပိုင်းဖြတ်ချက်ဖြစ်သည်။ ထိုပိုင်းဖြတ်ချက်ကို ယနေ့ အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အလုပ်မလုပ်မီ ဇာရူဗင်၏အလောင်းကိုလည်း တွေ့အောင်ရှာလိုက်ချင်သေးသည်။

ကလင်းကော့သည် မြင်းရထားတစီးဖြင့် မြို့ပေါ်ကပုလိပ်ဌာနမျိုးစုံသို့ အရောက်သွားကာ ဇာရူဗင် အကြောင်းကို စုံစမ်းသည်။ မည်သည့်နေရာတွင်မှ ရှာမတွေ့။ အလောင်းရှိသည့်နေရာကို သိရသည့် အခါတွင်မူ သွားကြည့်ဖို့ အချိန်မရှိတော့။ ကလင်းကော့သည် အိမ်သို့ပြန်လာခဲ့သည်။ နေ့တနေ့ ချောချောမောမော ကုန်လွန်သွားသည့်အတွက်လည်း ကျိတ်၍ ကျေနပ်လာသည်။

ထိုနေ့ညက အခန်းသို့ မယ်နီကော့ ပြန်မလာ။ ကလင်းကော့သည် တတ်နိုင်သမျှ လှုပ်ရှားခြင်း မရှိအောင် သတိဖြင့်နေသည်။ သူလှုပ်လျှင် ခုတင်တဖက်စွန်းက ကန့်လန့်ကာက လိုက်လှုပ်သည်။ ခုတင်ကြီးကလည်း ညည်းတွားသည့်နှယ် တကျွီကျွီမြည်သည်။ စိုစွတ်သည့်အနံ့တခုက မျက်နှာပေါ် သို့ ဖြတ်သန်းသွားသည်။ တိတ်ဆိတ်သည့် အမှောင်ထုထဲတွင် ကြွက်စုတ်တချို့က တဝုန်းဝုန်း ပြေးနေကြသည်။

သူတို့အသံသည် ရှာရှာနှင့် ဇာရူဗင်အကြောင်းကို တွေးနေသည့် ကလင်းကော့၏ အတွေးမျှင်မျှင် ကလေးများကို ပြတ်တောက်သွားစေသည်။ သူ့မျက်စိထဲတွင် အသေကောင်တွေချည်း မြင်နေသည်။ ပတ်ဝန်းကျင်တခုလုံးသည် ဟာလာဟင်းလင်းဖြစ်နေသည်။ ထိုဟာလာဟင်းလင်း ဖြစ်မှုသည် သူ၏ ဟာလာဟင်းလင်း ဖြစ်နေသော ဝိညာဉ်နှင့် ရောနှောပေါင်းစပ်သွားသည်ဟု ထင်ရ သည်။

နောက်တနေ့ မနက်စောစောတွင် ကလင်းကော့သည် ဝင်းကြီးတဝင်းထဲရှိ အမိုးတွင် လက်ဝါးကပ် တိုင်ကြီးတခု ထူထားသော ဝါကြန့်ကြန့်တဲတလုံးရှေ့တွင် ရပ်နေသည်။ ခါးကုန်းကုန်းနှင့် အစောင့် က တံခါးကိုဖွင့်ပေးရင်း

"အလောင်းနှစ်လောင်းတော့ ရှိတယ်ကွ၊ တလောင်းကတော့ အမည်နာမ သိရပြီ၊ နောက်တလောင်း ကတော့ ဘယ်သူဘယ်ဝါ မသိရသေးဘူး၊ အဲဒီအလောင်းကိုတော့ ချက်ချင်းမြှုပ်ရမှာပဲ"

ဇာရူဗင်၏ ဒေါသထွက်နေသောမျက်နှာကို ကလင်းကော့ မြင်ယောင်လာသည်။ နဂိုအတိုင်း ဘာရုပ်မှ မပျက်။ အသားအရောင် ပြာမွဲမွဲဖြစ်သည်ကလွဲလျှင် နဂိုအတိုင်းပင်ဖြစ်သည်။ အမာရွတ်နားက သေနတ်ဒဏ်ရာကို ဆေးကြောပြီးပြီ။ ဒဏ်ရာက အနက်ရောင်ဖြစ်သွားသည်။ တောင့်တင်းနေသည့် ခန္ဓာကိုယ်ကိုလည်း သန့်စင်ပြီးပြီ။ သူ့ကိုယ်တွင် ဘာအဝတ်အစားမှမရှိ။ ကိုယ်လုံးတီးဖြစ်နေသည်။ မျက်နှာသည် အထက်သို့မော့ကာ လက်နှစ်ဖက်သည် ရင်ဘတ်ပေါ်တွင် ယှက်လျက်သားရှိသည်။ ကြိုးတချောင်းကို စန့်ချထားသလို သူ့ကိုယ်သည် စန့်နေသည်။ 'ကဲ နောက်ထပ် ဘာလုပ်ချင်သေးသလဲ' ဟု မေးနေသည့်နှယ် ရှိသည်။

သူ့အလောင်းဘေးတွင် ကြေမွနေသည့် အခြားအလောင်းတလောင်း ရှိသေးသည်။ ဖူးဖူးရောင်ရောင် ညိုမည်းသည့် ဒဏ်ရာဒဏ်ချက်တွေ ပြည့်နေသည်။ သူ့မျက်နှာကို ပန်းပွင့်တွေ ဖုံးထားသည်။ ပန်းပွင့် ဖြူဖြူပြာပြာများ အောက်မှ ထိုးထွက်နေသည့် ဦးခေါင်းခွံဖြူဖြူကြီးကို ကလင်းကော့မြင်ရသည်။ ဆံပင်များသည် သွေးနှင့်ကပ်ကာ ချပ်ခဲကြီးဖြစ်နေသည်။ စုတ်ပြတ်နေသည့် နားရွက်တဖက်ကို လည်း မြင်ရသည်။

"အဲဒီ အလောင်းကိုတော့မသိဘူး၊ ခေါင်းတို့ မျက်နှာတို့မှ မရှိတော့ဘဲ၊ ဘယ်လွယ်တော့မလဲ။ ဒါပေမဲ့ အဲဒီအလောင်းက ပိုင်ရှင်ရှိတယ်၊ မနေ့က နှစ်ယောက်လာပြီး ပန်းခွေတွေလာချသွားတယ်၊ မျက်နှာ ကိုလည်း ပန်းတွေနဲ့ ဖုံးပေးသွားတယ်၊ ကျန်တဲ့တယောက်ကိုတော့ ငါလည်း မသိဘူးကွ"

"ကျွန်တော် သိပါတယ်၊ အဲဒီလူက ဇာရူဗင်တဲ့၊ လုံခြုံရေးဌာနမှာ အလုပ်လုပ်တယ်"

ကလင်းကော့က ပြတ်သားစွာ ပြောလိုက်သည်။

အစောင့်အဘိုးကြီးက သူ့ကိုကြည့်ပြီး ခေါင်းယမ်းသည်။

"မဟုတ်ပါဘူး သူ မဟုတ်ပါဘူး၊ ပုလိပ်ကလည်း ဇာရူဗင်လို့ပြောတာပဲ၊ ဒါနဲ့

တို့ဌာနက လုံခြုံရေးဌာန ကို စုံစမ်းကြည့်တော့ မဟုတ်ဘူးတဲ့၊ လူမှားလို့ ဖြစ်လိမ့်မယ်တဲ့”

“ဟုတ်ပါတယ်၊ ကျွန်တော် သိပါတယ်”

ကလင်းကော့က အခိုင်အမာပြောသည်။ ဇာရူဗင်အတွက်လည်း မခံချင် ဖြစ်မိသည်။

“ဒါတော့ တို့လည်းမသိဘူး။ လုံခြုံရေးဌာနကတော့ အဲဒီနာမည်နဲ့လူကို သူတို့မသိဘူးတဲ့၊ သူတို့ဌာန မှာ ဒီနာမည်နဲ့ လူမျိုးလည်း မရှိဘူးတဲ့”

“မဟုတ်ဘူး၊ ဒါ ညာပြောတာ”

ကလင်းကော့သည် မကျေမနပ်ဖြစ်နေသည်။ ထိုအခိုက် လူရွယ်နှစ်ယောက် ဝင်လာကာ အစောင့်ကို မေးနေသည်။

“အမည်မသိတဲ့ အလောင်းက ဘယ်အလောင်းလဲ”

“အဲဒါပဲ”

အစောင့်က ဇာရူဗင်၏အလောင်းကို လက်ညှိုးထိုးပြသည်။

‘မင်းမြင်တယ် မဟုတ်လား’ ဟု ကလင်းကော့ကို လှမ်းပြောသည်။

ကလင်းကော့သည် တဲအပြင်သို့ထွက်လာကာ ငွေတစ်စကို အစောင့်လက်ထဲသို့ ထိုးထည့်လိုက် သည်။

“သေချာပါတယ်၊ အဲဒါ ဇာရူဗင်ရဲ့ အလောင်းပါ”

အစောင့်က ပခုံးကိုတွန့်ပြလိုက်ရင်း

“ဒါတော့ ငါလည်း မပြောတတ်တော့ဘူးကွဲ့၊ တကယ်သာ သူ့အလောင်း မှန်ရင်တော့ တခြားလူတွေ ကလည်း မှတ်မိမှာပေါ့၊ မနေ့က ဒီကို စုံထောက်တယောက် လာသွားသေးတာပဲ။ သူတို့လူ တယောက် အသတ်ခံရလို့တဲ့၊ သူကလည်း မင်းပြောတဲ့သူကို မမှတ်မိဘူး၊ မှတ်မိတယ်ဆိုရင် ဟုတ်တယ်လို့ ပြောမှာပေါ့”

“ဘယ်စုံထောက်လဲ”

“ခပ်တောင့်တောင့်၊ ခပ်ဝဝ၊ ထိပ်ပြောင်ပြောင်နဲ့ပဲ၊ စကားပြောရင် ခပ်တိုးတိုးပြောတတ်တယ်”

ဆိုလိုဗျော့ဖြစ်ရမယ်ဟု ကလင်းကော့ တွက်လိုက်သည်။ ကလင်းကော့သည် အကြမ်းလုပ်ထားသည့် ခေါင်းတလုံးထဲသို့ ဇာရူဗင်အလောင်းထည့်နေသည်ကို ကြည့်နေသည်။

"မဆံ့ဘူးဗျ"

လူရွယ်တယောက်က ပြောသည်။

"ခြေထောက်ကို ကွေးထည့်မှပေါ့ကွ"

"ခြေထောက်ခေါက်ထားရင် ခေါင်းအဖုံးပိတ်လို့ ဘယ်ရမလဲ"

"ဒါဖြင့် တစောင်းထည့်ကွာ"

"ဟေ့ အသေကောင်ဆိုပြီး ထင်တိုင်းလည်း မလုပ်ကြပါနဲ့ကွာ၊ ကောင်းကောင်းမွန်မွန် လုပ်ကြပါ"

အစောင့်အဘိုးကြီးက လှမ်းပြောသည်။

အလောင်းကို ခေါင်းမှမထားသည့် လူရွယ်တယောက်က နှာခေါင်းကို ရှုံ့လိုက်ရင်း

"အဘရေ၊ ဒီအလောင်းက စုံထောက်မဟုတ်လား"

"အလောင်းဖြစ်တော့ ဂုဏ်ပုဒ်တွေ မရှိတော့ပါဘူးကွာ၊ အလောင်းဟာ အလောင်းပေါ့"

အစောင့်အဘိုးကြီးက တရားသံဖြင့်ပြောရင်း သူတို့ဆီသို့ လျှောက်လာသည်။ သူတို့အားလုံး တိတ်ဆိတ်သွားကာ အလောင်းကို အခေါင်းကျဉ်းကျဉ်းလေးထဲသို့ မဆံ့မပြဲ သွင်းနေကြသည်။

"သွားကွာ ခေါင်းတလုံးယူခဲ့၊ ဘယ့်နှယ် အတင်းသွင်းနေလို့ ဖြစ်မလဲ"

အစောင့်အဘိုးကြီးက အော်လိုက်သည်။

'မထူးပါဘူးဗျာ' ဟု တယောက်ကပြောသည်။ အခြားတယောက်က 'အသက်ရှိတုန်းကဆိုရင် တော်တော်ဝမယ့်လူ"

ဇာရူဗင်အတွက် ကလင်းကော့ စိတ်မကောင်း။ သူသည် စိတ်ပျက်ပျက်ဖြင့် ဝင်းထဲမှ ထွက်လာခဲ့ သည်။

"ဒီကောင်လာမေးပုံက တော်တော်ထူးဆန်းတယ်ကွာ၊ သေတဲ့လူကို သူ

သိတယ်တဲ့၊ သူ့ကြောင့် သေရတာများလားမှမသိတာ”

အစောင့်အဘိုးကြီးပြောနေသံကို ကလင်းကော့ ကြားလိုက်ရသည်။

“သူလည်း စုံထောက်ဖြစ်ချင်ဖြစ်မှာပေါ့ဗျ”

လူရွယ်နှစ်ယောက်က တပြိုင်နက်တည်းလိုလို ပြောလိုက်သည်။

“စုံထောက်ဟုတ်တော့ကော ဘာဖြစ်သလဲ၊ ဂရုစိုက်လို့”

ကလင်းကော့သည် ဖြတ်လာသည့် ရထားတစီးပေါ်သို့ခုန်တက်ကာ ခပ်မြန်မြန် မောင်းခိုင်းလိုက် သည်။

“ဘယ်ကိုမောင်းရမှာလဲ ဆရာလေး”

ကလင်းကော့သည် အတန်ကြာ စဉ်းစားလိုက်ပြီး

‘တည့်တည့်မောင်းဗျာ’ ဟုပြောသည်။

စိတ်မကောင်းစရာ အတွေးများသည် သူ့ဦးနှောက်ကိုလာ၍ ထုရိုက်နေကြသည်။

“ဇာရူဗင်ကို ခွေးသေတကောင်မြှုပ်သလို မြှုပ်ကြမယ်၊ ငါ့ကိုလည်း ဒီလိုပဲမြှုပ်ကြမှာပဲ”

လမ်းမကြီးသည် သူ့ဆီသို့ ပြေးလာသည်ဟု ထင်ရ၏။ အိမ်များသည် ယိမ်းထိုးလှုပ်ရှားနေကြ၏။ ပြတင်းပေါက်များသည် ပြောင်လက်နေကြသည်။ လူတွေက စကားတွေ ကျယ်လောင်စွာပြောကာ လျှောက်နေကြသည်။ အစစ်အမှန်အရာဟူ၍ ဘာမျှမရှိ။

“ရှာရှာကိုသတ်မယ်၊ ခုသွားပြီး ဒီကောင်ကို သေနတ်နဲ့ပစ်သတ်မယ်”

ရထားမှဆင်းပြီး ရှာရှာ မကြာခဏလာတတ်သည့် ပျော်ပွဲစားရုံတခုထဲသို့ ဝင်လာခဲ့သည်။ စုံထောက် တွေ စုလေ့ရှိသည့် အခန်းတံခါးရှေ့တွင်ရပ်လိုက်သည်။

“တွေ့တွေ့ချင်း ဘာမပြောညာမပြော ပစ်ချလိုက်ရမယ်”

သူ့ဘာသာသူ ပြောနေသည်။ တုန်ယင်နေသောလက်များဖြင့် တံခါးကို အသာအယာ ခေါက်လိုက် သည်။ အိတ်ထဲက ခြောက်လုံးပြူးကိုကိုင်ရင်း အပေါက်ဝတွင် ငူငူကြီး ရပ်နေသည်။

“ဘယ်သူလဲ”

"ကျုပ်ပါ"

တံခါးသည် ဟလာ၏။ တံခါးကြားမှ ဆိုလိုဖျော့၏ နှာခေါင်းနီနီနှင့် မျက်လုံးများကို မြင်လိုက်ရသည်။ သူက တအံ့တသြဖြင့်

"ဟေ့ ဘယ်လိုလဲ၊ မင်းအသတ်ခံရတယ်လို့ သတင်းဖြစ်နေတာ"

"ဟင့်အင်း မခံရပါဘူး"

ကလင်းကော့က မျက်နှာထားဖြင့်ပြောလိုက်ရင်း ကုတ်အင်္ကျီကို ချွတ်လိုက်သည်။

"ဟုတ်လား၊ တံခါးပိတ်လိုက်လေကွာ၊ မင်းနဲ့ မယ်နီကော့နဲ့ အတူတူလို့ ပြောနေကြလို့"

ဆိုလိုဖျော့သည် ဝက်ပေါင်ခြောက်တဖဲ့ကို ဝါးနေ၏။ ဝါးရင်း စကားပြောနေသဖြင့် သူ့စကားလုံးများ သည် မသဲမကွဲ ဖြစ်နေကြ၏။

"ဒါဖြင့် မင်းနဲ့ မယ်နီကော့နဲ့ အတူတူရှိတယ်ဆိုတာ မဟုတ်ဘူးပေါ့"

"ဘာလို့ မဟုတ်ရမှာလဲ"

"မသိဘူးလေ၊ ခု မင်းတွေ့ရတော့ ဘာမှမဖြစ်ဘဲ၊ မယ်နီကော့ကတော့ ရုပ်တောင်မနည်း ဖမ်းယူရ တယ်၊ မနေ့က ငါတွေ့ခဲ့တာ"

"ဘယ်မှာလဲ"

ဆိုလိုဖျော့က ဆေးရုံတရုံ၏အမည်ကို ပြောသည်။ ထိုဆေးရုံမှ ကလင်းကော့ ယခုပင် ပြန်လာခြင်း ဖြစ်သည်။

"သူက ဘာဖြစ်လို့လဲ"

"ပြောကြတာကတော့ ကော့ဆက်မြင်းတပ်သားတယောက်က သူ့ခေါင်းကို ဓားလွယ်နဲ့ရိုက်လို့တဲ့၊ မြင်းနဲ့လည်း တက်နင်းတယ်တဲ့၊ ဘယ်လိုကနေ ဘယ်လိုဖြစ်တယ်ဆိုတာတော့ ငါလည်း ကောင်းကောင်းမသိဘူး၊ လူကတော့ ခုထိ သတိလုံးလုံး မရသေးဘူး၊ ဆရာဝန်တွေကပြောတော့ သတိပြန်ရတော့မှာ မဟုတ်ဘူးတဲ့"

ဆိုလိုဖျော့က အစိမ်းရောင်အရက်တွေကို ဖန်ခွက်ထဲသို့ လောင်းထည့်နေသည်။ မီးရောင်တွင် ဖန်ခွက်ကို မြှောက်ကြည့်လိုက်ပြီးနောက် တကျိုက်တည်း မော့ချလိုက်၏။

"ခင်ဗျားကော ဘယ်သွားပုန်းနေတာလဲ"

"ငါ မပုန်းပါဘူး"

အပြင်ဘက်မှာ ပန်းကန်တချပ် ကျသံကိုကြားရသည်။ ကုတ်အင်္ကျီအိတ်ထဲတွင် သေနတ်ကျန်ရစ် သည်ကို သတိရသဖြင့် ကလင်းကော့သည် ထိုင်ရာမှထလိုက်၏။

"ရှာရှာကတော့ မင်းကို အကြီးအကျယ် ဒေါပွနေလေရဲ့"

ကလင်းကော့မျက်စိထဲတွင် နှင်းထုတွေထဲက လဝန်းနီနီကြီးကို မြင်ယောင်လာသည်။ ရှာရှာ၏ အသံစူးစူးနှင့် ဝါထိန်၍ အရိုးငေါငေါထွက်နေသော လက်ချောင်းများကို မြင်ယောင်လာသည်။

"ဒီကို သူ မလာဘူးလား"

"မသိဘူး"

ဆိုလိုဗျော့၏ မျက်နှာသည်ပြောင်နေ၏။ ဆိုလိုဗျော့သည် တခုခုကို ကျေနပ်နေပုံရသည်။ ခါတိုင်း ကဲ့သို့ မဟုတ်ဘဲ မကြာခဏ ပြုံးတတ်သည်။ သူ့အသံသည် အထက်လူကြီးတယောက်၏ အသံမျိုးဖြင့် ချိုသာနေသည်။ ကလင်းကော့သည် သူ့ကိုကြည့်၍ စိတ်မချမ်းမသာဖြစ်လျက်ရှိ၏။

စိတ်ထဲတွင် အစီအစဉ်မကျသည့် အတွေးများသည် တခုပြီးတခု ပေါ်လျက်ရှိ၏။ 'မင်းတို့အားလုံး လူဆိုးတွေချည်းပဲ၊ မယ်နီကော့အတွက် စိတ်မကောင်းဘူး၊ ဆိုလိုဗျော့ဆိုတဲ့လူက ဘာဖြစ်လို့ ဇာရူဗင် ရဲ့အလောင်းကို သိတယ်လို့ မပြောချင်ရတာလဲ၊ ဘာဖြစ်လို့လဲ' ဟု တွေးနေသည်။

"ဒါဖြင့် ခင်ဗျား ဇာရူဗင်ရဲ့အလောင်းကို ကြည့်ခဲ့တယ်ပေါ့"

"ဘယ်သူ့အလောင်း"

"ခင်ဗျား သိပါတယ်"

"အင်း ဟုတ်တယ်၊ ငါမြင်ခဲ့တယ်"

"ဒါဖြင့် ခင်ဗျားနဲ့သိတဲ့လူရဲ့ အလောင်းပါလို့ ဘာဖြစ်လို့ မပြောခဲ့တာလဲ"

ကလင်းကော့က ခပ်ထန်ထန်မေးလိုက်သည်။ ဆိုလိုဗျော့က သူ့ခေါင်းပြောင်ကြီးကို ကုတ်လိုက် သည်။ ပြီးမှ လှောင်သလိုလို အံ့ဩသလိုလိုဖြင့်

"မင်း ဘာပြောလိုက်တယ်"

ကလင်းကော့က ချိုချိုသာသာဖြင့် မေးခွန်းကို ထပ်မေးသည်။

"ဒါ မင်းနဲ့မဆိုင်ပါဘူး ငါ့လူရယ်၊ ငါက ဒီကိစ္စမျိုးမှာ ခပ်ရှင်းရှင်းနေချင်တယ်၊ ဝင်မရှုပ်ချင်ဘူး၊ မင်း ဒီလောက်တောင် ထူတဲ့ အ,တဲ့အတွက်တော့ မင်းကို ငါ သနားလိုက်ပါရဲ့၊ ဒီမှာ ငါပြောမယ် နားထောင်၊ စုံထောက်လုပ်တဲ့လူဆိုတာ ဒီလောက် မတုံးရဘူး၊ တုံးတဲ့ ငတုံးတွေကို တို့မသိဘူး၊ နားမလည်ဘူး၊ အသိမှတ်မပြုဘူး၊ မလိုချင်ဘူး၊ အဲဒါ မင်း မသေမချင်း မြဲမြဲမှတ်ထား၊ ငါပြောတာကို သံမှိုနှက်သလို စွဲထားပြီး မင်းပါးစပ်ကို မြဲမြဲစေ့ထား"

ဆိုလိုဗျော့၏ မျက်လုံးနှစ်လုံးသည် ငွေပြားနှစ်ပြားလို ပြောင်လက်နေကြသည်။ သူ့အသံသည် ရက်စက်သည့်အသံ၊ မကောင်းမှုကို ကျူးလွန်တော့မည့်အသံမျိုး ဖြစ်သည်။ တုတ်တိုသည့် လက်ညှိုးကို ထောင်ပြပြီး နှုတ်ခမ်းမည်းမည်းကြီးများကို စူထားသည်။ သို့ရာတွင် သူ့အမူအရာသည် ကြောက်စရာမကောင်း။

"ဒီကောင်တွေအားလုံး ဒီပုတ်ထဲက ဒီပဲချည်းပဲ၊ အတူတူချည်းပဲ၊ ဒင်းတို့အားလုံးကို"

ကလင်းကော့သည် ကုတ်အင်္ကျီကို ချိတ်ထားရာကနေ တဟုန်ထိုး ထပြေးကာ အိတ်ထဲမှ ခြောက်လုံးပြူးကို နှိုက်ယူလိုက်သည်။ ဆိုလိုဗျော့ကို ချိန်လိုက်ပြီးနောက်

"ကဲကွာ၊ သေပေတော့"

ဆိုလိုဗျော့သည် ထိုင်ရာမှထကာ အောက်သို့ လှဲချလိုက်၏။ လက်တဖက်ဖြင့် စားပွဲခြေထောက်ကို ကောက်ကိုင်ထားပြီး အခြားတဖက်ဖြင့် ကိုယ်ကို ဆန့်တန်းကာ ရှေ့သို့ တိုးလာသည်။

"ဗျို့လူ၊ ကျုပ်အနား မကပ်နဲ့နော်၊ ကျုပ်ကို မထိနဲ့"

ကလင်းကော့သည် သေနတ်မောင်းကို တအား ဆွဲဖြုတ်လိုက်သည်။ မောင်းဖြုတ်ရသည့်အတွက် သူ့တကိုယ်လုံး အေးစက်သွားသည်ဟု ထင်လိုက်ရ၏။ သူ့ခေါင်းမှ ဆံပင်များသည် ထောင်ထလာကြ သည်။

"မလုပ်နဲ့လေ၊ ငါ မနက်ဖြန် လက်ထပ်တော့မယ်ကွ၊ နောက်ကို ငါ ဒီ အလုပ်ကို"

သူရဲဘောကြောင်သည့် စကားလုံးများသည် လေထဲတွင် ပျံ့ဝဲလျက်ရှိ၏။

နှုတ်ခမ်းမှဆီများသည် မေးပေါ်သို့ စီးကျလာကြသည်။ ရင်ဘတ်တွင် ဆွဲထားသည့် လက်သုတ်ပဝါသည် တုန်လျက်ရှိ၏။

သေနတ်က တချက်မျှထွက်မလာ။ ကလင်းကော့၏ လက်ချောင်းများသည် နာကျင်လာကြသည်။ အကြောက်သည် တကိုယ်လုံးကို ဖုံးလွှမ်းသွား၏။ အသက်ကိုပင်လျှင် မည်သို့ရှုရမည်ကို မသိတော့။

"ငါ မင်းကို ပိုက်ဆံပေးပါ့မယ်ကွာ၊ ဘယ်သူ့ကိုမှလည်း မပြောပါဘူး"

ကလင်းကော့သည် လက်ကိုမြှောက်၍ သေနတ်ဖြင့် ဆိုလိုဗျော့၏မျက်နှာကို လွှဲရိုက်ချလိုက်သည်။ ထို့နောက် ကုတ်အင်္ကျီကို ကောက်ကာ အပြင်သို့ တအား ပြေးထွက်လာခဲ့သည်။

"ဟော့ ဟော့"

အောာ်သံနှစ်ခွန်းကို ဆက်တိုက်ကြားလိုက်ရသည်။ အော်သံသည် သူ့ကုပ်ပိုးပေါ်တွင် မျှော့တွယ်သလို ကပ်လိုက်လာ၏။ ကလင်းကော့သည် ကြောက်ကြောက်ဖြင့် ခြေဦးတည့်ရာကို တအားပြေးလာခဲ့ သည်။ လူအုပ်တအုပ်သည် သူ့နောက်မှ တိတ်ဆိတ်စွာ လိုက်လာသည်ဟု ထင်ရသည်။ သူတို့ ခြေထောက်များသည် မြေကြီးကိုမထိဘဲ လိုက်လာကြသည်ဟု ထင်ရသည်။ လက်များဖြင့် သူ့ကို လှမ်းဆွဲနေသည်ဟု အောက်မေ့မိသည်။ သူတို့သည် သူနှင့်အတူ ပြေးလိုက်လာကာ သူ့ကိုနောက်ကြ သည်၊ ပြောင်ကြသည်။ ပေါ်သွားလိုက်၊ ပျောက်သွားလိုက်ဖြင့် ရှိနေကြသည်။ ကလင်းကော့သည် မြင်းရထားတွေကို တစင်းပြီးတစင်းခေါ်ကာ လျှောက်စီးသည်။ တစင်းပြီးတစင်းလျှောက်စီးသည်။ သို့တိုင်အောင် သူ့နောက်ကလူအုပ်သည် ထက်ကြပ်လိုက်လာဆဲ၊ လူအုပ်ကို မမြင်ရသည့်အတွက် ပို၍ ချောက်ချားဖွယ် ကောင်းနေသည်ဟု ထင်ရသည်။

နောက်တွင် သစ်ပင်တွေ၊ သစ်ကိုင်းကျိုးကျဲတွေကို မြင်ရသည့်အခါတွင် ကလင်းကော့သည် စိတ်သက်သာရာရသလို ဖြစ်သွား၏။ ထိုသစ်ကိုင်းများသည် သူ့ကို လှမ်းဆွဲနေသည်ဟု ထင်ရ၏။ သူသည် ချုံတခုထဲတိုးဝင်လိုက်ပြီးနောက် သစ်ပင်တွေကြားထဲသို့ လျှောက်သွားနေသည်။ သစ်ပင် တွေ သူ့ကိုယ်လုံးကို ကာကွယ်ပေးစေရန် လက်နှစ်ဖက်ဖြင့် ချုံများကို နောက်ပြန်ဆွဲစေ့ပစ်ခဲ့သည်။ ထို့နောက် လျှိုကလေးတခုထဲသို့ ဆင်းလာခဲ့သည်။ လျှိုထဲက သဲမြေအေးအေးပေါ်တွင် ထိုင်ချလိုက် သည်။ နောက်ပြန်လာကာ လျှိုရိုးကလေးအတိုင်း လိုက်လာခဲ့သည်။ ချွေးတွေထွက်လျက် အသက် ပြင်းပြင်းရှုလျက်၊ အကြောက်ဖြင့် မူးယစ်လျက်။ ခဏကြာလျှောက်မိတော့ သစ်ပင်တွေကြားထဲက အပေါက်တပေါက်ကိုမြင်ရသည်။ နားကိုစွင့်ပြီးနောက် ရှေ့သို့ တိတ်တဆိတ်တိုးလာပြီး ချောင်းကြည့် လိုက်သည်။ သူ့ရှေ့တွင်

မီးရထားသံလမ်းတလမ်းကို မြင်ရသည်။ သံလမ်းတဖက် တောင်ကုန်းကလေးတခုပေါ်တွင် အမိုးဖြူဖြူနှင့် အိမ်ကလေးတအိမ်ကို လှမ်းမြင်ရသည်။ အိမ်အမိုးသည် သစ်ကိုင်းတွေကြားမှ တပိုင်းတစ ပေါ်နေသည်။

ကလင်းကော့သည် လျှိုရိုးထဲသို့ ပြန်ဆင်းလာကာ ချုံပိုထူသည့်နေရာ သစ်ပင်ပိုထူသည့်နေရာသို့ ပြန်လျှောက်လာခဲ့သည်။

“ငါ့ကိုဖမ်းကြတော့မယ်၊ ငါ့ကိုဖမ်းကြတော့မှာ သေချာတယ်”

သူ့တကိုယ်လုံး အေးစက်သွားအောင် စိမ့်၍ကြောက်လာသည်။

တိုးတိတ်သည့်အသံတသံသည် သစ်ပင်တွေကြားထဲက ဖြတ်လျှောက်လာ၏။ ထိုအသံကြောင့် သစ်ကိုင်းများ၊ သစ်ရွက်များသည် လှုပ်ကျန်ရစ်ခဲ့ကြသည်။ ထိုအသံသည် ဆည်းဆာချိန် လျှိုရိုးထဲ တွင် ဖြတ်သွား၏။ ချောင်းကလေးထဲက ရေခဲငါးပါးပါးကလေးများသည် သူ့ခြေထောက်အောက်တွင် ကွဲကျန်ရစ်ခဲ့သည်။

ကလင်းကော့သည် ချောင်းရိုးအစပ်တွင်ထိုင်ကာ ရေခဲတဆုပ်ကို ကောက်ဝါးလိုက်သည်။ ထို့နောက် မတ်စောက်သည့် လျှိုရိုးကမ်းပါးများကို ကုတ်ကတ်တွယ်တက်လာသည်။ သူ့အောက်ခံဘောင်းဘီကို ချွတ်လိုက်သည်။ ခါးပတ်ကိုလည်း ချွတ်လိုက်သည်။ ခါးပတ်နှင့် အောက်ခံဘောင်းဘီကို ပူးချည်ပြီး သစ်ကိုင်းများကို မော့ကြည့်သည်။

‘ကုတ်အင်္ကျီကိုတော့ ချွတ်လို့မဖြစ်ဘူး၊ လေးရင် မြန်မြန်ကိစ္စပြီးတာပေါ့’ ဟု တွေးနေသည်။

သူသည် ခပ်သွက်သွက် လုပ်နေ၏။ သူ့လက်ချောင်းများသည် တုန်လျက်ရှိ၏။ လည်ပင်းကို အကာအကွယ် ယူလိုသကဲ့သို့ သူ့ပခုံးသည် အလိုလို မြင့်တက်လာ၏။ ကြောက်စရာ အတွေးတခု သည် သူ့ခေါင်းကို လာ၍ ထိုးနှက်လျက်ရှိ၏။

“အချိန်သိပ်မရှိတော့ဘူး၊ တော်တော်ကြာ သူတို့လိုက်လာရင်”

ရထားတစင်း ဖြတ်သွားသည်။ သစ်ပင်များသည် မကျေနပ်သည့်နှယ် တရှဲရှဲမြည်ကာ မြေကြီးသည် တုန်သွား၏။ အဖြူရောင်အငွေ့များသည် သစ်ပင်များကြားထဲတွင် အပ်ချည်မျှင်သွယ်သလို ကွေ့ကောက်နေကြ၏။ စာဝတီးများသည် ထပျံသွားကြကာ တကျွိကျွိ မြည်နေကြ၏။ မည်းမှောင် သည့် သစ်ကိုင်းတွေကြားထဲတွင် သူတို့ကိုယ်သည် ပြောင်လက်နေကြသည်။ သူတို့လှုပ်ရှားသံ ကြောင့် တုန်ယင်၍ ဆိုင်းနေကြသည့် ကလင်းကော့

လက်များသည် မြန်လာကြ၏။

ကလင်းကော့သည် သူ့ခါးပတ်ဖြင့် ကြိုးကွင်းတခုလုပ်သည်။ သစ်ကိုင်းတကိုင်းပေါ်သို့ ပစ်တင် လိုက်ပြီး ဆွဲကြည့်သည်။ သေချာပြီ၊ ခိုင်ပြီ။ ထို့နောက် သူ့လည်ပင်းကိုစွပ်ရန်အတွက် အောက်ခံ ဘောင်းဘီဖြင့် ကြိုးကွင်းတကွင်းလုပ်သည်။ အားလုံး အဆင်သင့်ဖြစ်သည့်အခါတွင် သက်ပြင်းကြီး တချက်ကို ချလိုက်သည်။

"ဘုရားရှိခိုးဦးမှ"

သို့ရာတွင် ပါးစပ်က တလုံးမျှထွက်မလာ။ ကလင်းကော့သည် စက္ကန့်အတန်ကြာမျှ တွေနေသည်။

"ရာယစ်ဇာပြောတာ မှန်သားပဲ၊ ငါ့ရုပ်က ကိုယ့်ကိုယ်ကိုယ် သတ်သေမယ့် ရုပ်မျိုးတဲ့"

သူ့စကားများကို အမှတ်ရရင်း ကြိုးကွင်းကို လည်ပင်းတွင် စွပ်လိုက်သည်။ ကလင်းကော့သည် ရသမျှ ဘုရားစာကိုရွတ်ပြီး နောက်ခြေထောက်ကို မြောက်သွားအောင် ခုန်လိုက်သည်။ နားရွက်များ မှာ တင်းကျပ်သည့် ဝေဒနာကို ခံစားလိုက်ရသည်။ ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်။ ထို့နောက် မြေကြီးပေါ်သို့ ဘုတ်ခနဲ ပြန်ကျလာသည်။ သူ့ကိုယ်သည် မြေမာနှင့် ဆောင့်မိပြီး နှစ်ပတ်သုံးပတ် လိမ့်သွား၏။ လက်မောင်းများက သစ်ပင်မြစ်များကို သွားထိပြီး၊ ခေါင်းက ပင်စည်နှင့် သွားဆောင့် သည်။ သူသည် သတိလစ်သွားသည်။

သတိပြန်ရသည့်အခါတွင် သူသည် လျှိုရိုးထဲတွင် ထိုင်လျက်ရှိသည်ကို တွေ့ရသည်။ စုတ်ပြဲသွား သည့် အောက်ခံဘောင်းဘီသည် သူ့ရင်ဘတ်ပေါ်တွင် တွဲလောင်းဖြစ်လျက်ရှိ၏။ ဘောင်းဘီကလည်း စုတ်ပြဲနေပြီ။ ပွန်းပဲ့သွေးထွက်လျက်ရှိသည့် ဒူးသည် ဘောင်းဘီစုတ်ကြားမှ ထွက်နေ၏။ သူ့တကိုယ်လုံးလည်း နာကျင်နေသည်။ လည်ပင်းက အနာဆုံးဖြစ်သည်။ သူ့တကိုယ်လုံးသည်လည်း အေးစက်နေသည်။ ကလင်းကော့ အားယူကာ ကမ်းပါးစောက်ကို မော့ကြည့်သည်။ သစ်ကိုင်း တကိုင်းအောက်တွင် တွဲလောင်းကျနေသော သူ့ခါးပတ်ကို မြင်ရသည်။ ခါးပတ်ဖျားသည် မြွေတကောင်လို အောက်သို့ တွဲလောင်းကျကာ သူ့ကို လက်ယပ်ခေါ်နေသည်ဟု ထင်ရ၏။

"ဘာမှ စွမ်းစွမ်းတမံ မရှိပါလား။ ကိုယ့်ကိုယ်ကိုယ် သတ်သေတာတောင်မှ ချောချောမောမော ဖြစ်အောင် မလုပ်တတ်ပါကလား။ လောကကြီးမှာ ငါလုပ်တတ်တာ ဘာများရှိသေးလို့လဲ"

အားငယ်သည့်စိတ်၊ စိတ်ပျက်သည့်၊ ခံပြင်းသည့်စိတ်များသည် သူ့ရင်ထဲတွင် အလျှိုလျှို ပေါ်လာကြ သည်။ မျက်ရည်တွေ စီးကျလာ၏။ ပက်လက်လှန်ရင်း သစ်ကိုင်းတွေကြားမှ မြင်ရသည့် ကောင်းကင် ကြီးကို ငေးကြည့်နေသည်။

ကလင်းကော့သည် ကုတ်အင်္ကျီကိုခြုံကာ အတန်ကြာ လှဲနေသည်။ နာလည်း နာလှပြီ၊ ချမ်းလည်း ချမ်းလှပြီ။ မတွေးဘဲနှင့် အဓိပ္ပာယ်ကင်းမဲ့သည့် သူ့ဘဝသည် မီးခိုးကွင်းများလို တခုပြီးတခု အတွေးထဲ ပေါ်လာကြသည်။ မျှော်လင့်ချက်ဆို၍ တစက်မျှမရှိ။

တောအုပ်တဖက် မီးရထားသံလမ်းတွင် မီးရထားတွေ တစင်းပြီးတစင်း ဖြတ်သွားနေကြသည်။ တောအုပ်တဝိုက်တွင် တဝေါဝေါအသံတွေ ဆူနေသည်။ မီးခိုးလုံးတွေ တက်လာသည်။ တခါတရံတွင် မီးရောင်လက်လက်ကို မြင်လိုက်ရသည်။ မီးရထားခေါင်းတွဲမှ မီးရောင်တန်းသည် သစ်ပင်ထိပ်ဖျား များအတိုင်း ရွေ့သွားသည်။ တစုံတခုကို စမ်းသပ်ရှာနေသလို ထင်ရ၏။ ထို့နောက် မီးတန်းသည် ယမ်းခါသွားကာ ပျောက်ကွယ်သွားသည်။

သူ့ကို လူတွေမြင်သွားသဖြင့် ကလင်းကော့သည် အနိုင်နိုင် အားယူ၍ ထကာ သူတို့နောက်က ထလိုက်လာသည်။ တောအုပ်ထဲက တလင်းပြင် တနေရာတွင် ရပ်လိုက်ပြီး သစ်ပင်တပင်ကို မှီ၍ ထိုင်လိုက်သည်။ အဝေးမြို့ဘက်ဆီက အုတ်အုတ်ကျက်ကျက် အသံများကို နားထောင်နေသည်။ ညနေရောက်ပြီ၊ ကောင်းကင်သည် မှုန်မှိုင်းစပြုလာ၏။ မြို့ဘက်မှ မီးရောင် လက်လက်ကလေးများ ကို မြင်ရသည်။

အဝေးမှ တဝေါဝေါမြည်သံတခုကို ကြားရသည်။ မီးရထားသံလမ်းများသည် တကျွီကျွီ မြည်လာကြ ၏။ ရထားတစင်း လာနေပြီ။ ရထား မီးနီကြီးများသည် ဆည်းဆာတွင် မိုတ်ချည်လင်းချည် ဖြစ်လျက် ရှိ၏။ အမှောင်သည် ရထားနောက်မှ ကပ်လိုက်လာသည်။ ပို၍မှောင်လာပြီး ပို၍ မှိုင်းလာသည်။ ကလင်းကော့သည် မီးရထားသံလမ်းဆီသို့ မြန်နိုင်သမျှ မြန်မြန်လျှောက်လာသည်။ ရထားလမ်းသို့ ရောက်သည့်အခါတွင် ဒူးထောက်ပြီး ကန့်လန့်ဖြတ်၍ လှဲချလိုက်သည်။ ခေါင်းကို သံလမ်းတဖက် ပေါ်တွင် တင်ပြီး ကျောကို မီးရထားဘက် ကျောပေးထားလိုက်သည်။ ကုတ်အင်္ကျီကိုလည်း ခေါင်းတွင် တင်းတင်းပတ်ထားလိုက်သည်။

သံလမ်းကို ခေါင်းနှင့်ထိထားရသည်က အရသာရှိသလိုလို။ သူ့လည်ပင်းက နာကျင်သည့် ဝေဒနာကို သက်သာစေသည်။ သို့ရာတွင် ခဏကြာတော့ မီးရထားသံလမ်းသည် ပို၍မြည်လာကာ ပို၍ တုန်ခါ လာသည်။

မီးရထားသံလမ်းမှအသံသည် သူ့ကိုယ်ထဲသို့ ဝင်သွားကာ တကိုယ်လုံး မြည်ဟည်းလာ သည်ဟု ထင်ရသည်။ မြေကြီးသည်လည်း တုန်ဟည်းလာကာ သူ့ကိုယ်အောက်တွင် ရွေ့လျားနေ သည်ဟု ထင်ရ၏။ သူ့ကို တွန်းထုတ်ပစ်နေသည်ဟု ထင်ရ၏။

ရထားက တဖြည်းဖြည်း နီးလာနေပြီ။ ရထားဘီးသံကြီးတွေ၊ တွဲဆက်များက မြည်သံကြီးတွေက နားကွဲမတတ် ဆူညံနေသည်။ တရှူးရှူး မှုတ်သံကြီးတွေကြောင့် ကလင်းကော့ လန့်လာသည်။ သူ့ကိုယ်တွင်းက အရာအားလုံးသည် လှုပ်ယမ်းကုန်ခါနေသည်ဟု ထင်ရသည်။ သူ့ကို မြေကြီးပေါ်မှ တွန်းထုတ်နေသည်ဟု ထင်ရသည်။

အချိန်မရှိတော့။ မစောင့်နိုင်တော့။ ကလင်းကော့သည် ထရပ်ကာ မီးရထားသံလမ်းအတိုင်း စွတ်ပြေး သည်။ စူးရှကွဲအက်သည့် အသံကြီးဖြင့် 'ကြောက်ပါပြီဗျ၊ ခင်ဗျားတို့ ခိုင်းတာကို လုပ်ပါတော့မယ်ဗျ' ဟု အော်လာသည်။

မီးရောင်နီနီများသည် မီးရထားသံလမ်းများပေါ်သို့ ပြေးလိုက်လာသည်။ တဖြည်းဖြည်းနှင့် ကလင်းကော့ကို မီးစပြုလာသည်။ မီးရောင်များသည် သံလမ်းများပေါ်တွင် ပို၍ ရဲလာသည်၊ ပို၍ တောက်လာသည်။ ရဲနေသည့် သံချောင်းနှစ်ချောင်းသည် သူ့ဘေးမှ ညှပ်လိုက်လာကြကာ သူသွားရမည့်လမ်းကို ပြနေကြသကဲ့သို့ ရှိ၏။

"နောက် လုပ်ပါတော့မယ်ဗျ"

ကလင်းကော့သည် လက်ကို ဝှေ့ယမ်း၍ အော်သည်။ သူ့ကို တစုံတရာက ဝင်တိုက်လိုက်သည်။ ရဲနေသည့် သံချောင်းနှစ်ချောင်းကြားက ဇလီဖားတုံးပေါ်သို့ ကန့်လန့်ဖြတ် လဲကျသွားသည်။ ဆူညံ၍ ကြောက်ဖွယ်ကောင်းသည့် သံဘီးကြီးများ၏အသံသည် အားနည်းဖျော့တော့သည့် သူ့အော်သံများကို ဖုံးလွှမ်းသွားလေသတည်း။

မြသန်းတင့်

၁-၄-၇၈

(၁၁:၀၀ နာရီ)

Whisper Of Words